
စာရေးဆရာစုံ
နိုင်ငံရေး ကဗျာစုံ

# ထီပါဝီကျိုး

by Zulu (MMCP)

ခွေးအိပ်တောင် ကရင်လိုခေါ်တော့ ထီပါဝီကျိုး၊ ဒီအကြောင်းကို တိုတ်ပွဲမှာ ပါဝင်ခဲ့တဲ့ သူငယ်ချင်းတစ်ယောက်ကို ဖုန်းဆက်ပြီး မေးလိုက်ခြင်းဖြစ်ပါတယ်၊ သူကိုယ်တိုင် ရေး နိုင်ရင်တော့ပိုကောင်းတယ်ပေါ့။ မန်ဘာများ သိခြင်သည်ဆိုတော့ ပြန်လည်ဝေ ငှခြင်းသာ။ ဘယ်သူကိုမှ ထိခိုက်စေသော ရည်ရွယ်ချက် မရှိပါ။ တကယ်တော့ ကမ္ဘာမှာ စစ်ပွဲတွေ မရှိရင် ပိုကောင်းမှာပါ။ ခုဟာက တပြည်တည်းသား အခြင်းခြင်းတွေ တိုက်နေရတာ။

အောက်မှာ ရေးထားခြင်းက အကြမ်းဖြင်းလောက်ပါဘဲ၊

၁၉၈၉ ခု နှစ်မတိုင်မီ လက်နက်ကိုင် အတိုက်အခံ တွေမှာ အင်အား အများဆုံးဟာ ဗကပပါ၊ ၈၉ ခု ဗကပ မှာ အတွင်း အာဏာသိမ်း( ဗကပ ပြိုကွဲသွားတာဟာ အများစုဖြစ်တဲ့ ဝများကနေပြီး ပေါ်လစ်ဗျူရိုများကို ဖယ်ရှားလိုက် (ဗိုလ်ကျော်ဇောအပါအဝင်)ခြင်းက ဖြစ်တာပါ၊ စစ်တပ်က တိုက်လိုက်လို့မဟုတ်ပါ၊ အဲ့ဒီ ပြိုကွဲသွားတဲ့အထဲမှာ ဝ၊ ကိုးကန်းနဲ့ ကချင်တချို့ဟာ အပစ်အခတ်အရပ် အဖွဲ့တွေအဖြစ် တည်ရှိနေကြပါတယ်၊ ဘယ်လောက်တောင် အင်အားများလည်းဆို လက်ရှိ ဝ အင်းအားကိုဘဲကြည့်ပါ)

ဗကပ ပြိုကွဲပြီး သူကိုရင်ဆိုင်ထားတဲ့ တပ်များဟာ ကရင်ပြည်နယ်ကို အလုံး အရင်းနဲ့ဝင်လာတော့တာပါဘဲ။ ဒီလိုနဲ့ ကေအင်န်ယူရဲ့ အမာခံစခန်းတွေဖြစ်တဲ့ မယ်သဝေါ၊ (သူက စစ်တပ်က ရတယ်၊ ကရင်က ပြန်သိမ်း၊ စစ်တပ်ကပြန်ရ)၊ မယ်လ၊ မော်ပိုးကေ၊ ဖလူး၊ ဝမ်ခဟောင်း တွေကျကုန်တာပါဘဲ။ နောက်ဆုံးကျန်တာက အင်အားစုများ ဌာနချုပ်ဖြစ်တဲ့ မာနာပလောနဲ့၊ ဝမ်ခသစ်ပါဘဲ။

အောက်က မြေပုံကိုကြည့်ပါ။ လေ့တောင့်ကွက်ထဲက အဝိုင်းနေရာက အနီရောင်ဟာ ထီပါဝီကျိုးနေရာလို ဆိုရပါမယ်။ သူငယ်ခြင်းပြောတဲ့အတိုင်း ခန့်မှန်းခြေ၊ အပြာရောင်နေရာက မာနာပလောပေါ့။

# Karen Districts




©Karen Human Rights Group (KHRG), 2005

Scale: 1 cm to 22 km
1 in. to 35 miles

ထီပါဝိကျိုးကို ပွိုင့် ၄၄၄၄ လို့ခေါ်ပါတယ်။ ထီပါဝီကျိုးကို တက်သိမ်းရခြင်းအကြောင်းကတော့ မြေပုံအရ တကယ့်ကို ဗျူဟာမြောက်သလိုဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီတောင်ကုန်းကို ရရင် သူပုန်ဌာနချုပ် မာနပလောကို ရ နိုင်ပြီလို့ တွက်လို့ရပါတယ်။ မြေပုံထဲမှာ မာနပလောဟာ မြစ်ဆုံ သံလွင်နဲ့ သောင်ရင်း (မိုးအေးမြစ်) ကြားထဲမှာ ရှိပါတယ်။

အဲ့လိုတွက်လိုက်တာ ဗိုလ်ချုပ်မောင်လှရဲ့ အမှားလိုဖြစ်သွားရပါတယ်။ ထီပါးဝီကျိုးကို ရရင် မြစ်ဆုံကို စိုးမိုး နိုင်ပြီ၊ လက်နက်ကြီးတွေနဲ့ ခြိမ်းခြောက် နိုင်ပြီ၊လမ်းကြောင်းတွေကို ဖြတ်တောက် နိုင်ပြီ လို့တွက်ပါတယ်။ အဲ့ဒီအချိန်မှာ တပြိုင်နက်တည်း မယ်ညောခီး၊ နော်တ ကနေပြီလည်း စစ်တပ်က တက်ပါတယ်။ မြေပုံထဲမှာ မယ်သဝေါမှာ စစ်တပ်က ထိုင်ထားပြီမို့ ထီပါဝီကျိုးသာ ရရင် မာနာပလောရဲ့ အခြေအနေဟာ သိပ်မသေခြာတော့ပါဘူး။

တိုက်ပွဲမှာ အားလုံး ဖတ်ဖူး၊ ကြားဖူးတဲ့အတိုင်း အကျ အဆုံးတော်တော်များပါတယ်။ အဲ့ဒီတောင်ကုန်းကို စစ်တပ်က အရင်သိမ်းပြီးသားပါ။ ပြီးမှ သူတို့ ပြန်ဆင်ပြီးမှ အင်အားစု တပ်တွေ ပြန်ယူ။ အဲ့ဒီအခါကျမှ စစ်တပ်က ပြန်သိမ်းဖို့တက်တာနဲ့ တိုက်ပွဲများ ပြင်းထန်လာတော့တာပါဘဲ။ စစ်တပ်ဘက်က အကျအဆုံးတော်တော်များပါတယ်။ အပေါ်စီးကနေ ကတုတ်တွေ လုပ်ထားတဲ့ နေရာကို ခဲရာခဲဆစ် တက်ရတော့ ဒီလောက် အကျအဆုံးများရတာပါ။ ကမ္ဘာ ကျော်တိုက်ပွဲ နော်မန်ဒီကမ်းခြေကို ပြန်ရိုက်ထားတဲ့ The longest Day, Saving Private Ryan တွေကိုကြည့်ပါ။ ဟိုက အပေါ်စီး၊ အကာအကွယ်အထဲကနေ ပစ်နေတာ။ ဒါပေမဲ့ ဒီ ထီပါဝီကျိုးခံစစ်ဟာ အဲ့ဒီလို ကတုတ် တွေ၊ နေရာတွေ၊ လက်နက် တွေ မကောင်းပေမဲ့ အပေါ်စီးက နေရာထားတာ တပန်းသာတာပါ။ အဲ့ဒီ ခံစစ်မှာ ပါခဲ့တာက ကေအင်န်ယူ တပ်ရင်းတွေနဲ့ ကျောင်းသားရင်း207, 208, 209, 210 နဲ့ NLD လွတ်မြောက်နယ်မြေ က လူငယ် အချို့ တို့ဘဲဖြစ်ကြပါတယ်။ ဗျူဟာမှူးတွေ အနေနဲ့က ကေအင်န်ယူက ဗိုလ်မှူးကြီးလောဝါဒီ (သူက ပြင်သစ်မှာ စစ်သင်တန်းတက်ခဲ့သူ)၊ ဗိုလ်မှူးရောဘတ်ဇံ (ဥက္ကဋ္ဌမန်းဘဇံသား၊ ယခု အမေရိကရောက်)၊ ဗိုလ်မှူးကျော်နီ (ယခု တပ်မဟာ ၇ ဗိုလ်ထိန်မောင်နေရာဝင်လာသူ) နဲ့ ကျောင်းသားဘက် က စစ်ရေး အတွင်းရေးမှူး ကိုလှ ဌေး၊ စစ်ဦးစီးအရာရှိချုပ် ကိုထွန်းဦး (RIT ကျောင်းသား) ၊တွေဖြစ်ကြပါတယ်။ (သူတို့ထဲက တချို့တွေရဲ့ အကြောင်း တစေ့တစောင်းကို ဆက်ဖေါ်ပြပါ့မယ်)။ ထီပါဝီကျိုးခံစစ်မှူးကတော့ ကေအင်န်ယူက ဗိုလ်မှူးကြီး ဝေါထယ် (ကေအင်န်ယူအတွင်း ဘာသာရေး အထိကရုဏ် အကွဲအပြဲတွင် ပါဝင်ပါတ်သတ်ခဲ့သူ။ ယခု ဩစတေးသျ ပါတ်သ်တွင်နေထိုင်နေသူ)တို့ဖြစ်ပါတယ်။

မဇ္ဈိမက ရွှေအိမ်စည် (ကိုငြိမ်းဝေ) ရေးထားတဲ့ အထဲက ကောက် နုတ်ပြရင် စစ်တပ်ရဲ့ ဗျူဟာက ဗိုလ်မှူးကြီးသောင်းဝေ၊ ယခု ရန်ကုန်မြို့တော် စည်ပင်သာသယာ ကော်မီတီ အဖွဲ့ဝင် က ကတိုင်တိမှာထိုင်ပြီး၊ လက်အောက်ခံတပ်ရင်းတစ်ရင်းဖြစ်တဲ့ ခလရ ၇၆ မှ ဒုဗိုလ်မှူးကြီးအောင်ကြည်၊ ဗိုလ်မှူး ချုပ်အောင်ကြည်နဲ့ ယခု ဒေါ်စုနဲ့ ဆက်သွယ်ရေး ဝန်ကြီး အဖြစ်တာဝန်ပေးသူက ဒေါ်မဲရွာမှာ စခန်းထိုင်တယ်လို့ဆိုပါတယ်။ သူငယ်ချင်းက ဖုန်းထဲမှာပြောတော့ အများသား။ ယွန်း၊ စလင်း၊ ရန်ကုန်၊ မုတ္တမ၊ မုံသမိ၊ စုံနေတာပါဘဲ။ (နောက်မှ ပြင်ဆင်ဖြည့်ဆွက်ပေးပါ့မယ်)

စစ်တပ်ဘက်နေ အထိအခိုက် အကျအဆုံးများ ့ရခြင်း အကြောင်းအရာကတော့ လူလှိုင်းတွေ သုံးပြီး တက်တာပါ။ တလကြမ်းတက်တာပါ။ ခရာတွေမှုတ် အတင်းတက်ခိုင်း၊ အကာအကွယ်မဲ့နဲ့ပေါ့။ လက်နက်ကြီးက အတော်ကို သုံး နိုင်တာပါ။ တရုတ်ပြည်က ဒေါ်လာ ဘီလီယန် ချီဝယ်ထားတဲ့ လက်နက်များ ( ၁၂၀ မမ မော်တာ၊ ၇၆ ပေါင်ဒါ အမြောက်၊ ၈၂ မမ မော်တာ။ ပိုင့် ၅ လေယဉ်ပစ် စက်သေတန်ကြီးတွေ (ရမ်ဘိုကားထဲမှာ တွေ့ဖူးကြမှာပါ၊ လေယဉ်ပစ် စက်အမြောက်ကို လူကို ပစ်တယ်ဆိုတော့)တွေ ပြီး လေကြောင်းကနေ လည်း ဗုံးတွေကျဲတာပါဘဲ။ လက်တကမ်းအကွာအထိ တိုက်ပွဲတွေဖြစ်ကြပါတယ်။ တချို့ပြောပြချက်အရ ရဲဘော်အချို့ဟာ သေနတ်မပါ လက်ပစ်ဗုံး တစ်ဖက်တစ်လုံး ကိုင်ပြီး တက်လာတာဆိုဘဲ။ မျက်လုံးများက ကြောင်တောင်တောင်၊ စိတ်ကြွဆေးများ တိုက် ခံခဲ့ရတယ်လို့ဆိုပါတယ်။ ဖွဲကောင်းကောင်းနဲ့ တက်ကြပါတယ်။ ညဘက်ရောက်ရင် တွားသွားပြီး အသံမကြားရအောင် ဖြည်းဖြည်းခြင်းတက်ပါတယ်။ တနာရီအတွင်း တလံ၊ ၂လံဘဲ ရအောင်တက်ကြတယ်ပြောပါတယ်။

အထိအခိုက် အကျအဆုံးက ထောင်ချီပါတယ်။ အလောင်းတွေရဲ့ ပုတ်ပွနေတဲ့ အနံ့က မွန်နေတာပါဘဲ။ ကတုတ်တဲကနေ အလောင်းတွေကို တွေ့နေရပါတယ်။ အလောင်းတွေအနံ့က ပုတ်ပွပွ၊ စားရတဲ့ ထမင်းက ခပ်မာမာ၊ ဟင်းက ငါးပိထောင်းဆိုတော့ အဲ့ဒိက လူတွေဘဝကို မျက်စိထဲမှာဘဲမြင်ကြည့်။

လူအင်အား၊ လက်နက် အင်အားက စစ်တပ်ကို လုံးဝမယှဉ် နိုင်တာပါ။ ဒါပေမဲ့ စိတ်ဓါတ်အရတော့ ဒီဘက်ကသာပါတယ်။ အဲ့ဒိတုံးက ဒီဘက်က တိုက်ပွဲဖြစ်ရင် မဖွားရင် တွေသုံးကြပါတယ်။ တခြားတော့မဟုတ်ပါ။ ဒိုက်နမိုက် တွေကို ရုပ်ရှင်ထဲမှာ အတိုင်း စနက်တံ မီး ရှို့ပြီး ပစ်ရလို့ပါ၊ လက်နက်အခြေအနေက အဲ့လို ယှဉ်လို့မရလို့ပါ။ အဲ့ဒိတော့ တိုက်ပွဲတွေ စဖြစ်ရင် အဲ့ဒါကို မီးရှို့ဖို့အတွက် ဆေးလိပ်တွေ သောက်ရပါတယ်။ သတ်မှတ် အချိန်တိုအတွင်းမှာ ပေါက် နိုင်ဖို့အတွက် စံနက်တံကို တိုတိုဘဲထားပါတယ်။ အဲ့ဒိတော့ မဖွားရင်လို့ နာမည်ပေးလိုက်တာပါ။ အဲ ဆေးလိပ် မသောက်တတ်သူများကတော့ ဂတ်စ်မီးခြစ်ချစ်ပြီး လုပ်လိုက်တာ လက်မှာဘဲပေါက်၊ နောက်တော့ သူလည်း မဖွားရင်ဖြစ်၊ ဒီဘက်က အားကိုတာက လက်နက်ငယ်များ၊ ပွိုင့် ၅ စက်အမြောက်၊ စက်လတ်၊အာပီဂျေတွေဘဲ ဖြစ်ပါတယ်။

တခါတခါ တက်လာတာ စည်းရိုးကျော်ကျွံဝင်လာပြီး အနောက်ပြန်လှည့်ပြီး ပစ်ရတာတွေရှိရပါတယ်တဲ့။ သူတပ်ကို ကိုယ်က ဝိုင်း၊ အဲ့ဒိ ဝိုင်းထားတဲ့ တပ်ကို သူတို့ကပြန်ဝိုင်း၊ အဲ ဝိုင်းထားတဲ့ဟာကို တခါပြန်ဝိုင်းနဲ့ ရှုပ်ရှက်ခက်နေတာပါဘဲ။

တခါတော့ စစ်တပ်ဘက်ကနေ ထိပ်တိုက်ကနေ အရောင်ပြပြီး နောက်ကနေ ဝင်ပိုင်းပါတယ်။ တောင်ကြောက အလွန်ရှည်တော့ အားလုံးကို မပိတ် နိုင်ပါဘူး။ အဲ့ဒါ အမောင်များနဲ့တွေ့ပြီး အကုန်သွားကုန်ပါတယ်။ ပြေးလာတဲ့ ပေါ်တာတွေ၊ လက်နက်ချလာတဲ့သူတွေ၊ ဖမ်းမိတဲ့သူတွေလည်း အများပါ။

တခါ စစ်သားလေး တစ်ယောက် က လက်နက်ချဖို့ ထွက်ပြေးလာပါတယ်။ အဲသူတွေ့တဲ့သူက ထမင်းလာပို့ပြီး လက်နက်ကြီး ကျည်တခု ပြင်ဖို့အတွက် အနောက်ကို ပြန်မဲ့လူတစ်ယောက်၊ ပုခုံးမှာ လက်နက်ကြီး ကျည်ကိုထမ်းလို့ပေါ့။ စစ်သားလေးက ပြေးလာပြီး အစ်ကို အစ်ကို ကျနော် လက်နက်ချမလို့၊ အဲသကောင့်သား ဒုက္ခ ရောက်သွားတယ်၊ သူမှာက ဘာလက်နက်မှ မရှိ၊ ဒီထမ်းထားတဲ့ဟာကြီးကလည်း ဘာမှ လုပ်လို့မရ၊ ဟိုမှာ ကသေနတ်နဲ့၊ တော်ကြာ ပစ်လိုက်မှ ဖြင့်၊ ဒါနဲ့ အေးချခြင်ရင်လည်း မြန်မြန်ချလေကွာပေါ့၊ တော်သေးတာပေါ့ တဖက်က ဘာမှ မလုပ်သွားတာ။ ဒီလိုနဲ့ လက်နက်ချတဲ့သူတွေ၊ ဖမ်းမိတဲ့သူတွေလည်း မနည်းပါဘူး။

ခုနက ကိုလူဖြူပြောသလို ဆိုက်ဝါး တွေ သုံးကြပါတယ်။ တပ်တွေကို ပြောထားတယ်၊ မာနယ်ပလောမှာ ဈေးဆိုင်တွေ၊ နိုက်ကလပ်တွေ အများကြီးဘဲ။ မင်းတို့ အဲ့ဒိကို ရောက်ရင် ရတာတွေယူ။ ထင်လည်း ထင်စရာပါ၊ သူပုန်အင်အားစုများ ဌာနချုပ်၊ နာမည်ကြီးဆိုတော့။ ဒါပေမဲ့ မာနာပလော ဆိုတာ ဘာလဲ၊ မာနယ်ပလော မကျခင် ကလေးကို ရိုက်ထားတဲ့ youtube က တင်ထားတဲ့ ဗွီဒီယိုလေးကို တင်ပေးပါ့မယ်။ ဒါနဲ့ ဗိုလ်ကြီးအပါဝင် အချို့ကို မိတော့ သူတို့ကပြောတယ်၊ ကျနော်တို့ကို မာနာပလော ကိုလိုက်ပြပါ၊ ကြည့်ခြင်လို့တဲ့။ တကယ်တော့ မာနာပလောဆိုတာက။

ဆိုက်ဝါးကို ဟိုဘက်ကော၊ ဒီဘက်ပါသုံးပါတယ်။ တခါ တိုက်ပွဲတွေ အကြီးအကျယ်ဖြစ်၊ အရမ်းကပ်တော့ နောက်က လူ၊ ပစ္စည်းတွေ ရွှေ့ဖို့ လုပ်နေရတဲ့ အချိန်မှာ သတင်းဝင်လာတယ်၊ ဒီဘက်ကို ရဲဘော် နှစ်ယောက် ပြေးလာတယ်။ လာပြောတဲ့သူက သူငယ်ခြင်း အရင်ခေါက်ခေါက်၊ ယုံတာပေါ့လေ၊ အဲ့ဒိတော့ သွားရင်းလာရင်း နဲ့ တွေ့စမ်းပါပေါ့လေ။ တစ်ယောက်မှ မတွေ့ပါဘူး။ တိုက်ပွဲပြီး အေးအေးဆေးဆေး ဖြစ်သွားတဲ့အထိ အဲ့ဒိ နှစ်ယောက်ကို မတွေ့ဘူးလိုက်ဘူး။ ဘယ်တွေ့ဘူးပါ့မလဲ။ တကယ်မှ မဟုတ်တာ။ ဆိုက်ဝါး။

ဒီလိုနဲ့ တိုက်ပွဲ အကြီးအကျယ်ဖြစ်ပြီး ၂လလောက်အကြာမှာ အကျအဆုံးများစွာနဲ့ တောင်ကုန်းကို သိမ်း နိုင်ခဲ့ပါတယ်။ နောက်ဆုံးတောင်ကုန်းပေါ်ကနေ ဆင်းပြေးရတဲ့သူက အမောင်တစ်ယောက်နဲ့ ကေအင်န်ယူရဲ့နာမည်ကြီး ကွန်မန်ဒို အဖွဲ့ Dity Dozen (တော်တော်များများ ကျကုန်ပါပြီ) က ဗိုလ်ဒေး၊ သူနဲ့တွေ့စဉ်အခါက ပြောပြချက်၊ သူက အဲ့ဒီတကွက်ဘဲ ပြောပြခဲ့လိုပါ။ ဆင်းပြေးရမယ်ပေါ့၊ ကြည့်လိုက်တော့ ကျန်ခဲ့တဲ့ အမောင်ကလည်း ထိထားတယ်၊ အဲ့ဒီတော့ သူကမေးတယ်၊ ညီလေး မင်ဖြစ် ပါ့မလား၊ ဖြစ်တယ် အစ်ကို ကျနော် ခွေးလို၊ ဝက် လိုလဲ ဆင်းတက်တယ်၊ အဲ့ဒီတော့ သူကလည်း သေနတ်ကြီးကို တရွက်တိုက်ဆွဲပြေး၊ ဟို မောင်ကလည်း ဖင်နဲ့ တရွတ်တိုက်ပြီး ဆင်း၊ အဲ သေနတ်ကို တရွတ်တိုက်ပြီး တောင်ပေါ်ကနေ ဆင်းပြေးရတဲ့ ဆိုတော့ ဘာသေနတ်လည်း၊ အဲ ခုနကပြောတဲ့ ပွိုင့် ၅ စက်သေနတ်ကြီးမိုပါ။ တော်သေးတာပေါ့၊ အဆင်းမိုလို၊ အဲ အောက်လည်းရောက်ရော ပြောင်းက သုံးစား မရတော့ပါဘူးတဲ့။

ဒီလိုနဲ့ ထီပါဝီကျိုးကို အရင်း အနှီးကြီးစွာနဲ့ အောင်မြင်စွာ သိမ်းပိုက် နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်မောင်လှတွက်ထားသလို မာနယ်ပလောကို မချိမ်းခြောက် နိုင်ခဲ့ပါဘူး။ ထီပါဝီကျိုးကို ရပေမဲ့ ရှေ့မှာ မြစ်မင်းသံလွင်နဲ့ တောင်တွေ ရှိနေတုန်းပါ။ သူတို့ တွက်တဲ့ ဗျူဟာ မှားသွားတယ်လို ပြောရမလိုဖြစ်ပါတယ်။ ဒီဘက်ကို ရောက်လာတဲ့ ဦးခင်ညွန့် ရဲ့ သူငယ်ခြင်း G1 ကြီး ပြောတာက သူက ဒီလောက် ထီပါဝီကျိုးကို အရေးမထားဘူး၊ သူပြောတဲ့ တနေရာ၊ သူငယ်ခြင်းလည်းပြောပြတယ်၊ တခြား စစ်ကြောင်းလမ်း မာနပလောကို ကာထားတဲ့ တောင်ကြောကို ရရင် မာနာပလောဟာ သိပ်မသေခြာတော့ပါဘူး။

တိုက်ပွဲမှာ အမြတ်တခုဒီဘက်က ရလိုက်တာက စစ်တပ်ဘက်မှ ၈၄ တလက်ကို ရလိုက်ခြင်းဖြစ်ပါတယ်။ သူက ဆွီဒင်ထုတ်၊ antik tank ပါ။ ယခင် တိုက်ပွဲတွေမှာ သူရဲ့ကျည်တွေ အမြောက်အများရပေမဲ့ သေနတ်ကိုတော့ မရလိုက်ပါ၊သူက တကယ့်ဗျူဟာ မြောက်လက်နက်ပါ၊ ကျည်အမျိုးမျိုး ရှိပါတယ်၊ ဖုတ်ဖြို၊မီးခိုး၊ လေကွဲပါ။ သူက ကတုတ်တွေကို အရင်ပစ်တယ်။ ကတုတ်ထဲက နေ မခံ နိုင်လို အပြင်ထွက်လာ ရင် မီးခိုးဗုံးနဲ့ ကွယ်အောင်လုပ်၊ ပြီးမှ လေကွဲတွေနဲ့ပစ်၊ လက်နက်တွေက မြေနဲ့၊ အရာဝတ္တုနဲ့ထိမှ ကွဲတာ၊ သူက လေထဲကနေ အောက်ကို စင်တာ ဆိုတော့။ စစ်တပ်ဘက်ကလည်း ကြွေးကြော်တယ်။ ဒီကောင်က အောက်က ကွတ်တောင် မလွတ်ဘူးတဲ့။ ပေါက်ကွဲတဲ့ အသံက အရင် ကြား ရပြီး ကျည်ရိုက်တဲ့ အသံက နောက်မှ လာတယ်လို့ဆိုပါတယ်။

အဲ့ဒီတော့ ဒီဘက် က အသဲအသန်လိုက်နေတာပါ။ ပြီးတော့ သူပုန်ကို ဘယ်သူမှ တရားဝင် လက်နက် မရောင်းပါ၊ မထောက်ပံ့ပါ၊ မှောင်ခိုးဈေးကွက်ကနေဝယ်ရတာပါ၊ တခြား လက်နက်တွေ ရှိပေမဲ့လဲ ၈၄ တလက်မှ မရှိသေးပါ၊အဲ့ဒီ အချိန်ထိ။ အကယ်၍ ၈၄ တစ်လက်ကိုဘဲရ၊ မှောင်ခို ဈေးကွက်ကနေ နောက်အလတ်တွေ ဝယ်လို့ရပါပြီ။ ပြီး ဘယ်နေရာမှာ သုံးသုံး အဲ့ဒီ ရထားတဲ့ တစ်လက်ကို ဘဲသုံးနေတာဆိုပြီး အလီဘိုင်ပြလို့ရပါတယ်။

ဒီဘက်က အကြောက်ဆုံးက ၁၂၀ မမ လည်း မဟုတ်ပါ၊ အဲ့ဒီ ၈၄ နဲ့ ကာဘိုင်သမားများသာ ဖြစ်ပါတယ်။ ၈၄ အသံကြားတာနဲ့ ဒီဘက်ကလည်း ရှိတဲ့နေရာကို ရှိတဲ့ အကြီး အသေးတွေနဲ့ ကြွေးတာပါဘဲ။ အဲနောက်တော့ ကာဘိုင်သမား။ စစ်တပ်ဘက်က ကာဘိုင်ကိုင်တဲ့ အကြပ်၊ အကြပ်ကြီး တွေဟာ စနိုက်ပါတွေပါ၊ ဖန်းလိုဆိုတာနဲ့ တစ်ယောက်တော့ သွားရှာပါပြီ။ ဒီဘက်ကို ရောက်လာတဲ့ တပ်ကြပ်ကြီး ဟောင်းတစ်ယောက်က သူတပ်ထဲမှာ ရှိနေစဉ် မျက်စိကို အဝတ်နဲ့စည်းပြီး အသံထွက်တဲ့နေရာကို မှန်အောင်ပစ် နိုင်ဖို့ အထိ လေ့ကျင့်ခဲ့ရတယ်လို ဆိုပါတယ်။
အဲ့ဒီတော့ ၈၄ ကို အသေအလဲ လိုခြင်တာပါဘဲ။ နဂိုကတည်းကလည်း ကြွေးကြော်ထားတယ်။ ၈၄ ရရင် 4WD နဲ့ ဆုငွေဆုချမယ်လို့။ တကယ်လည်း လုပ်ပေးခဲ့ပါတယ်။

(မှတ်ချက် အခုလို ရေးသားရခြင်းဟာ မိမိကြားမိသမျှ၊ ပါဝင်ခဲ့သူများရဲ့ပြောပြချက်ကို၊ ပြန်လည် ဝေငှခြင်းသာ၊ ပါဝင်ခဲ့သူများ ရေး ပြီး ပိုပြည့်စုံအောင်ကျိုးစားပေးပါ့မယ်၊ သိပ်တော့မလွယ်ပါ၊အဓိကကတော့ တပြည်တည်းသားခြင်းတွေ တိုက်နေရတဲ့ စစ်ကို သင်ခန်းစာ ယူ နိုင်ဖို့ပါ။ နောက်မှ ဒီပြည်တွင်းစစ်ကြောင့် အိမ်နီးနားခြင်း နိုင်ငံတွေက ဘယ်လို အမြတ်ထုတ်သလဲ၊ ဘယ်သူတွေ စတေးရလည်း၊ ဘယ်သူတွေ ကြီးပွားသွားသလဲ ဆိုတာကို သုံးသပ်ရေး ပြပါ့မယ်)။

ဒီအောက်က ပြည်တွင်းစစ်ဆိုတဲ့ ဒီဗွီဒီက ရထားတဲ့ သီချင်းလေး၊ ကျနော်ခံစား ရပါတယ်။ ကျူးပစ်တွေလည်း ခံစား နိုင်မှပါ။

http://www.youtube.com/watch?v=gPOuk...feature=relate

အောက်ပုံက ထီပါဝီကျိုးနားမှာ ရိုက်ထားတဲ့ ကျောင်းသား တစ်ဖွဲ့တစ်ဖွဲ့ပုံဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ပြက္ခဒိန်ကနေ ကူးယူထားတာပါ။ တစ်ပုံက ဝက်ဆိုက်ထဲကတွေ့ထားတဲ့ ပုံပါ။


All Burma Students Democratic Front (Student Army)



Caputed Burmese Soldiers from Sleeping Dog Mountain
- copyright Richard Humphries

ထီပါဝီကျိုး ကျပြီး မကြာပါဘူး၊ ထိုးစစ်တွေကို ရပ်လိုက်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ မယ်ညောခီး၊ နော်တ
တိုဘက်မှာ လည်း တက်လို့မရပါ။ စစ်တပ်ဖက်က အကျအဆုံးများလာတယ်၊ စိတ်ဓါတ်တွေကျလာတယ်၊ တချို့
ဒီဘက်ကလူတွေနဲ့ စက်ထဲမှ စကားတွေပြောပြီး ရင်းနှီးလာတယ်။ တပ်ဖွဲ့လိုက်
လာပူးပေါင်းမယ်ဆိုတာတွေဖြစ်လာပါတယ်။ စက်ထဲကနေမှလည်း တဖက်နဲ့ တဖက် ချနေတာ ယောက်ဖရေ
လုပ်ပါဦး ချဲန်ပါတ်လေး ငါ နှစ်ရာဘိုးလောက်ထိုးထားလို့၊ လုပ်ပါဦး ဖထီးရေ ကမာ ဆရာ (ကတ်ဆတ်လေ :
ဖွင့်ပေးပါဦး စသဖြင့်ပေါ့လေ။ တခါမှာတော့ စစ်တပ်ဘက်က တပ်ဖွဲ့အလိုက် ဝင်လာမလို့လုပ်တာ ဒီဘက်က
မှားပစ်လိုက်တာ တချို့ ကျကုန်ပါတယ်။ ဒါနဲ့ စက်ထဲကနေပြန်ပြီး မင်းတို့ဘာလို့အဲ့လို လုပ်လိုက်တာလည်း
ငါတို့က ဝင်လာတာ၊ စသဖြင့် ဖြစ်လာပါတယ်။ တချို့တွေလည်း တစ်ယောက်စ နှစ်ယောက်စ ထွက်ပြေးကုန်တယ်။





ထွက်ပြေးလာတာနဲ့ပတ်သတ်လို့လေ၊ တခါ သံလွင်ထဲမှာ ဘဲ ဆယ်ကျော်သက် နှစ်ယောက်ဟာ ဝါးလုံးကို အကူပြုပြီး မျောလာပြီး ကျောင်းသားများ ဆီရောက်လာပါတယ်။ သူတို့က ပြောတာ ပေါ်တာပြေးတွေပေါ့၊ ကောင်းကောင်း မွန်မွန် ကုပေးပါတယ်။ အဲ မကြာပါဘူး သူတို့မှုဟန် တမျိုးဖြစ်လာတယ်။ သွားတာ၊ လာတာ၊ လှုပ်ရှားတာ စစ်သားနဲ့တူလာတယ်။ ကျောင်းသားတွေ အလေးပြုတန်းစီ နားရောက်တိုင်း သူတို့ဟန်က သိသာလာတယ်။ ဒါနဲ့ နောက်ဆုံး သူတို့ကို ခေါ်စစ်တော့ ထွက်ပြေးလာတဲ့ စစ်သားလေး နှစ်ယောက်၊ ဒီဘက်က သတ်မှာ စိုးလို့ သူတို့ ပေါ်တာပြေးဆိုပြီး လိမ်တာပါတဲ့။ ဒါနဲ့ သူတို့ ဘယ်လို ဆန္ဒ ရှိလည်းပေါ့။ သူတို့က ဒီဘက်မှာ ဘဲ ဆက်နေခြင်တယ်ပြောတာ နဲ့ ဗဟိုတပ်ထဲမှာ ဘဲထားပေးလိုက်ပါတယ်။

ဒီလိုနဲ့ ဌာနချုပ် မာနပလော ကိုသိမ်းပိုက်ဖို့ လာတဲ့ စစ်ဆင်ရေးဟာ နှစ်ဖက် အထိအခိုက်များစွာနဲ့ ရပ်တန့်သွားပါတယ်။ ဒီလိုနဲ့ နောင် ၂ နှစ်အကြာမှာ မာနာပလောဟာ တိုက်ပွဲတွေ အရင်ကလောက် ပြင်းပြင်းထန်ထန် မဖြစ်ဘဲနဲ့ သိမ်းပိုက်လိုက် နိုင်ပါတယ်။ ကိုလူဖြူပြောသလို စိတ်ဓါတ်စစ်ဆင်ရေးမှာ ဒီလောက် နှစ်ပေါင်း ၄၀ ကျော် တည်ထောင်ထားခဲ့တဲ့ အရင် အနီးအင်အားဟာ ဆုံးရှုံးခဲ့ရပါတယ်။ အောက်မှာ ဗွီဒီယိုလင့်။ အဲ့ဒီ ဗွီဒီယိုကိုကြည့်ရင် မာနာပလောဟာ ပြောခဲ့သလို ဈေးဆိုင်တွေ၊ နိုက်ကလပ်တွေရှိပါသလား။ မာနပလော မကျခင် အားလုံးဟာ မြေလှန်စံနစ်ကို သုံးသွားပါတယ်။ အားလုံးဟာ ကိုယ်နဲ့ သက်ဆိုင်ရာ အဆောက်အဦးမှန်သမျှ မီးရှို့ပြီး မှ ဆုတ်ရတာပါ။

http://www.youtube.com/watch?v=lZ8IHt2hEag

မာနပလော ကျရခြင်း

မာနာပလော ကျရခြင်းဟာ အဖွဲ့အတွင်းရဲ့ကွဲလွဲမှုကြောင့်ဖြစ်ပါတယ်။ ကေအင်န်ယူအတွင်းမှာ ခရစ်ယာန် နဲ့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ကွဲလဲချက်ပါ။ ထိပ်ပိုင်းရှိနေသူအများဆုံးဟာ ခရစ်ယာန်ဘာသာဝင်များဖြစ်ပါတယ်။ ဒီလိုနဲ့ ဒီအက်ကြောင်းကြီးဟာ တနေ့တခြား ကြီးထွားလာပါတယ်။ ဒီလိုနဲ့ မြစ်ဆုံ သံလွင်နဲ၊ သောင်ရင်း မြစ်ဆုံရာ အရပ်မှာ ဘုရားတည်မလို့ မြိုင်ကြီးငူဆရာတော် ဦးသုမနက စပါတယ်။ ဗဟိုက ကန့်ကွက်ပါတယ်။ အဲ့ဒီနေရာဟာ စစ်ရေးအရ တကယ့် အရေးပါတဲ့နေရာဖြစ်ပြီး စစ်စခန်းများထိုင်ထားပါတယ်။ ဒီလိုနဲ့ ပြသနာများဟာ တနေ့ထက်တနေ့ကြီးထွားလာပါတယ်။

နောက်ဆုံး ကေအင်န်ယူ ဗုဒ္ဓဘာသာဝင် တပ်ဖွဲ့ဝင်များဟာ မြိုင်ကြီးငူဆရာတော်ရဲ့ ဦးဆောင်မှုနဲ့ စစ်အစိုးရနဲ့ သွားရောက်ပူးပေါင်းပြီး မာနာပလောကို ချီတက်လာတော့တာပါဘဲ။ ကိုယ့်အတွင်းက လူပါလာတော့ မလွယ်ပေါက်တွေကို အားလုံး သိထားပြီ။ ဒါ့အပြင် မာနာပလောကို ကာကွယ်တဲ့ ကွန်မန်ဒို သုံးပုံ နှစ်ပုံဟာ ဗုဒ္ဓ ဒီကေဘီအေထဲရောက်သွားတယ်။ တကယ်လို့ သူတို့ မပါရင် လွယ်လွယ်နဲ့ သိမ်းလို့ရမှာ မဟုတ်ပါဘူး။ အဲ့လိုဖြစ်ရတာ ဗိုလ်ချုပ်မြ ကိုင်တွယ်ပုံ မနိုင်လို့ဆိုပြီး နောက် ဗဟိုကော်မီတီ အစည်းအဝေးမှာ သူ ဥက္ကဌ ရာထူးကနေ ဆင်းပေးလိုက်ရပါတယ်။ မာနပလောကို ပုံမှန် အတိုင်း စစ်တပ်က တိုက်ရင် ဘယ်လောက်ထိ အကျအဆုံးများစွာ ရှိမလဲကို ၁၉၉၆ တွင် စစ်ထောက်လှန်းရေးမှ ဗိုလ်မှူးကြီး စန်းပွင်း နှင့် ကျော်သိန်း ရောက်လာပြီး ဗိုလ်ချုပ်မြ နှင့်တွေ့စဉ် သူတို့ရဲ့ ပြောပြချက်ကို စောဘိုမြ၊ ကျနော် တင်ပြလိုသည့် ကျနော့ ဖြတ်သန်းမှု အစစ်အမှန် မှ ကောက် နုတ်တင်ပြရရင်
၁၉၉၆ ခု နှစ်အတွင်း ကျနော် ရန်သူ စစ်ဗိုလ် နှင့်တွေ့ဆုံခဲ့ရာတွင် (ရန်သူ နှင့်တွေ့ဆုံဆွေးနွေးရေး စင်တချိန်ဖြစ်သည်။)ရန်သူ စစ်ထောက်လှန်းရေး ဗိုလ်စန်းပွင့်နှင့် ကျော်သိန်းတို့သည် ကျနော်တို့ကို မဲတွင် လှို့ဝှက်စွာ လာရောက်တွေ့ဆုံခဲ့သည်။ မာနာပလောဟာ ဒီကေဘီအေ အကူအညီ မရရင် တိုက်ဖို့မလွယ်ပါ။ရန်သူ စစ်ဗိုလ်က ၁၉၉၂ မာနာပလော ရှရှီးရေး ခွေးအိပ်တောင် တိုက်ပွဲတွင် ၄င်းတို့ သေဆုံးသည့် စစ်သားများအလောင်းကို တစ်ယောက်ပြီး တစ်ယောက် တန်းစီလိုက်ပါက မာနာပလောက စလျင် မော်လမြိုင်ထိ ရောက်သွား နိုင်သည်၊ ရန်သူ အသေအပြောက်မနည်းပါ၊ ဒီကေဘီအေ အကူအညီမရရင် မာနာပလောအား ရရန် မလွယ်ကြောင်းဝန်ခံသွားပါသည်။


အောက်က နှစ်ပုံကို နှိုင်းယှဉ်ကြည့်ပါ။ ထိုင်းဘက်ကမ်းကနေ ရိုက်ထားတာပါ။ ရိုက်ခဲ့တဲ့သူက ယခု ပြည်ပ အင်တာနက် မီဒီယာတွေမှာ စာရေးနေတဲ့ တစ်ယောက်ပါ။ ပြီးမှ သူရိုက်ခဲ့တဲ့ပုံများကို စာစောင်တစ်ခုက နေပြီး ဖေါ်ပြလိုက်တာပါတဲ့။ သူတောင် မသိလိုက်ပါဘူး။ သူနဲ့ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က တွေ့စဉ် ပြောပြချက်။ အဲ့ဒီအချိန်မှာ သူတို့ ထိုင်းဘက်ကမ်းကနေ ပစ္စည်းတွေ သယ်နေတာပါ။ အဲ့ဒီ စာသား နှစ်ခု ကွဲသွားတာဟာ နာရီပိုင်းဘဲ ခြားပါတယ်။





အနှစ်ချုပ် ရရင်တော့ ဒီလောက် အသက်၊သွေးချွေး တွေနဲ့ ကာကွယ်ခဲ့တာဟာ နောက်ဆုံးတော့ ဘာမဟုတ်တဲ့ ဘေးဘက်က သွေးထိုးမှုကြောင့် အခြင်းခြင်း ပြန်ချရတဲ့အထိတွေဖြစ်။ ပြဿနာကို နည်းလမ်း မှန်ကန်စွာ မကိုင်တွယ်တတ်ရင် နောက်ဆုံးတော့ ဆုံးရှုံးမှုများစွာနဲ့ ကြုံရတာပါဘဲ။ သခ်ၤန်းစာ ယူ နိုင်ဖို့ပါ။

မာနာပလော ကျပြီး နောက်ဆုံး ကျန်ခဲ့တဲ့ ကေအင်န်ယူတို့ရဲ့ အမာ ခံစစ်စခန်းကတော့ ကော့မူးရာ၊ ဝမ်ခ သစ်စခန်းပါဘဲ။ ဝမ်ခသစ်စခန်းဟာ ခံတပ်စခန်းနဲ့ အကောက်ခွန်စခန်းဖြစ်ပါတယ်။ အောက်က ပုံကိုကြည့်ပါ။ ဒီဝမ်ခသစ်စခန်းဟာ အိုမီဂါပုံစံမှာ ရှိနေပါတယ်။ ဘေး နှစ်ဖက်မှာ ဝန်းရံထားတာက သောင်းရင်းမြစ် (မိုးအေးမြစ်) ဖြစ်ပြီး ထိုင်း ပိုင်နက်ပါ၊ အဲ့ဒီတော့ မြန်မာ ပိုင်နက်ထဲကနေ ဝင်လာနိုင်တာ ရှေက ဂ ငယ်ပုံစံအပွင့်ကကျဉ်းတဲ့နေရာပါဘဲ။


Burma
SLORC forces
Kar Lu Hill
Cap Blue Hill
Killing Ground
Moei River
Thailand
Thailand
150 m
Frontline bunkers
Kawmoora
Karen stronghold
1500 meters









ဒီစခန်းသိမ်းဖို့အတွက်လည်း ဗမာ့တပ်မတော်မှ အသက်တွေ အကြိမ်ကြိမ်ပေးခဲ့ပေမဲ့လည်း မရ ခဲ့ပါဘူး။ ဒါပေမဲ့ နောက်ဆုံးမှာ တော့ ရှစ်ပတ်အကြာ အပြင်းအထန် တိုက်ပွဲဖြစ်ပြီး အင်အားမမျှတာနဲ့ ကေအင်န်ယူရဲ့ အမာခံစခန်းဟာ ကျခဲ့ရပါတယ်။

အဲ့ဒီ ဝမ်ခသစ်စခန်းဟာ အားလုံးပုံမှာ တွေ့တဲ့အတိုင်း တိုက်ဖို့ သိပ်မလွယ်ပါဘူး။ ဝင်လာ နိုင်စရာက သတ်ကွင်းကနေဘဲဝင်လာလို့ရပါတယ်။ ဗမာ့တပ်မတော်ကလည်း နည်းအမျိုးမျိုး ဖွဲ့ကောင်းကောင်းနဲ့ တိုက်ခဲ့ပါတယ်။ ညဘက်မှာ ခြံစည်းရိုးတွေ ဖြတ်ဝင်တယ်၊ မြေအောက်ကနေ လိုဏ်ဂေါင်းတူးတယ်၊ စစ်ထောက်လှန်းရေးတွေက ကုန်သည်အယောင်ဆောင် ခြေလှန်းနဲ့ တပ်စခန်း ဘယ်နေရာထိ အကွာအဝေး ရှိတယ်ထိ တိုင်း အဲ့လောက်ထိ လုပ်ခဲ့ပါတယ်။ ပြီးတော့ သူကို ကာကွယ်ပေးထားတာ နောက်တခု ရှိသေးတယ်၊ ဝါးရုံတွေပါတဲ့။ အဲ့ဒီမှာ မြစ်တချောင်း ချိုးရင် သေဒါဏ်ဆိုပြီး တောင် အမိန့်ထုတ်ထားပါသတဲ့။ ဘာလို့လည်းဆိုတော့ ဝါးရုံတွေထူတာ ပွိုင့် ၅ စက်သေနတ်တောင် မပေါက်ပါဘူး။ ပိုင့် ၅ ကျည်ထိရင် လူလည်း ထက်ပိုင်းပြတ်ပါတယ်။ သစ်ပင်လည်း ထက်ပိုင်းပြတ်တာပါဘဲ။ သူက လေယဉ်ပစ် စက်အမြောက် ကိုး။

လိုင်ခေါင်းတူးတော့ ဒီဘက်က အာရ်ပီဂျီနဲ့ ပစ်ချ၊ အဲ့ဒီ စခန်းမှာ အများဆုံး သုံးတာက တိုက်ပွဲမှာ ရထားတဲ့ အဲ့ဒီခေတ်က ဂျီ ၃–၄ တွေပါဘဲ။ ခံစစ်သေဆိုတော့ သေနတ်လေးလေးတွေ ကိုသုံးလည် ကိတ်စမရှိ။ အဲ့ဒီမှာ ကတုတ်တွေကလည်း ကျွန်းလုံးတွေနဲ့ အခိုင်အမာ ဆောက်ထားတာပါ။ ပြီးတပ်ဘက် ကနေပစ်လို့ရှိရင်လည်း အတော်ကို သတိထားပြီး ပစ်ရတာပါ။ ကျည်က ထိုင်း နိုင်ငံထဲကို ကျ နိုင်တာပေါ့။ ကျနော် မြို့ထဲမှာ နေကတည်းက ကြားဘူးတာက အဲ့ဒီ ခံတပ်ကို ပစ်ရင် နဲနဲ ဆွေပစ်ရတယ်။ ကျည် ထိုင်းထဲမဝင်ဖို့။ အဲ ကျည် နဲနဲ ဝင်တာနဲ့ ထိုင်း နိုင်ငံဘက်ကနေ ရဟတ်ယဉ်နဲ့တက်ပြီး အမျိုးသမီးက မြန်မာလို လူကြီးမင်းတို့ ဗမာ့တပ်မတော်မှ ပစ်တဲ့ ကျည်များဟာ ကျမတို့ ထိုင်းနိုင်ငံ ပိုင်နက်ထဲကို ကျလာပါတယ်။ နည်းမှန်မှန် ဂိုက်မှန်မှန်နဲ့ ပစ်ပေးပါဆိုပြီး အော်ပါတယ်။ တပ်ဘက်ကလူတွေ ဒီလိုဖြစ်တော့ ဘာမှလည်း လုပ်လို့မရ၊ အံကြိတ် မျက်ရည်ကျရတယ်ပေါ့။ ဒိဝမ်ခ စခန်းကို ဦးစီးတဲ့သူက ဗိုလ်မှူးထောလှ ဖြစ်ပါတယ်။

အဲ့ဒီ အထဲမှာလည်း လဖက်ရည်ဆိုင်တို့ ဘာတို့ ရှိပါတယ်။ တိုက်ပွဲတွေများလာတော့ မနေ့တနေ့ကမှ ရောက်လာတဲ့ ကျောင်းသားများတောင် အတွေ့အကြုံရလာပါတယ်။ တိုက်ပွဲဖြစ်လို့ ရှေ့ပွိုင့်မှာ မရှိရင် လဖက်ရည်ဆိုင်မှာထိုင်နေ၊ လက်နက်ကြီး အသံကို နားထောင်ပြီး ဒီကျည်က ဘယ်ကို ကျ နိုင်မယ်ဆိုတာကို သိနေပါပြီ။ အဲသူတို့ ခံတပ်အတွင်းမှာ လဖက်ရည်ဖိုး ရှာခြင်ရင် နည်းလမ်းတခုရှိတယ်ခင်ဗျ။ ဂျီ ၃–၄ တလက်ကိုယူ၊ ကျည်ဆံခွံထွက်ပေါက်နားမှာ ဆာလာအိတ်တခုကိုခံ၊ အပျဉ်းပြေ တစ်ဘောက် နှစ်ပေါက်လောက်ဆွဲလိုက်တော့ ကျည်ခွံတွေ ထွက်လာတာပေါ့၊ အဲ့ဒီ ကျည်ခွံတွေကို ထိုင်းဘက်ကမ်းသွားရောင်း၊ လဖက်ရည်ဖိုးရ။ တိုက်ပွဲပြီးလို့ ရှိရင် တပ်ဘက်က အကုန် မဆုတ်ပါဘူး။ တချို့တော့စပ်ထဲမှာဘဲ ပုန်းနေခဲ့ပါတယ်။ ဒီဘက်ကလည်း ရန်သူတော့အေးသွားပြီ၊ ပြင်းတာနဲ့ ကတုတ်ပေါ် ယောင်လို့ မတက် လိုက်ပါနဲ့။ ကာဘိုင်က ဖန်းကနဲနေပြီး တယောက်တော့ ကားကနဲနေတာပါဘဲ။

## ရောဘတ်ဇံ ထုခြေလွှာတင်ခံရခြင်း

တခါ ဗိုလ်မှူးရောဘတ်ဇံ ကအဲ့ဒီမှာ commander တာဝန်ကျနေတုံး ထုခြေလွှာ အတင်ခံရပါတယ်။ သူက စောဘိုမြအရင် ဥက္ကဋ္ဌဖြစ်လာတဲ့ မန်းဘဇံရဲ့သားဖြစ်ပြီး ရန်ကုန်တက္ကသိုလ်မှာ ပညာသင်ခဲ့သူပါ။ ကလောင်နာမည် အမျိုးမျိုးနဲ့လည်း စာရေးပါတယ်။ ကျောင်းသားများနဲ့လည်း ရင်း နှီးပါတယ်။ တညမှာ တပ်ဘက်က တက်လာတာကို သူက ညကြည့် night vision နဲ့တွေ့နေပါတယ်။ အားလုံးကို စက်ထဲကနေ အားလုံးအော်တိုဖွင့်၊ အသင့်အနေအထား၊ ခြံစည်းရိုး နှစ်ထပ် ကျော်ထိပေးဝင်၊ တတိယစည်းရိုးကိုလည်းရောက်တော့ မီးဆလိုက်တွေဖွင့်၊ အားလုံး အော်တိုပစ်တာပါဘဲ။ အဲ့ဒီပွဲမှာတပ်ဘက်က တော်တော်ထိပါတယ်။ အကျအဆုံးများပါတယ်။ သံဆိုးကြိုး ထောင်ချောက်တွေကြားမှာ ညဘက်ကြီး အပစ်ခံရတယ်ဆိုတော့၊ တကယ်လို တတိယ စည်းရိုးပေါက်ရင်တော့ စစ်ရဲ့ထုံးစံအတိုင်း ခံစစ်ရိုးပေါက်သွားရင် တပ်စခန်း အခြေအနေက ကျဖို့ အခြေအနေ တော်တော်များသွားပါပြီ။ တိုက်ပွဲ နိုင်ပေမဲ့လည်း ဒုတိယစည်းရိုးထိ ပေးဝင်တဲ့အတွက် ထုခြေခံရတာပါ။ အဲ့ဒီလို တိုက်ပွဲတွေဖြစ်ရင် ထိုင်းနိုင်ငံဘက်မှာ အလောင်းအစားလုပ်ပါတယ်။ ဘယ်သူက နိုင်မယ်ပေါ့။

## ဝမ်ခဟောင်းမှာ ညီအစ်ကိုတွေ တွေ့ကြတယ်

၈၉ ခု နှစ်လောက်က ဖြစ်မယ်ထင်ပါတယ်။ ဝမ်ခဟောင်းမှာ ထိုင်နေတဲ့ ကျောင်းသားများထဲမှာ ဆရာဝန်တစ်ယောက် (ကျနော် နာမည် မဖေါ်ပြခြင်ပါ) ရှိပါတယ်။ သူ့ဇတ်လမ်းလေးက သူ အိမ်ထောင်ပြုထားတာက ပိုးကရင် အမျိုးသမီးပါ။ သူနာပြုတစ်ယောက်ပေါ့။ သူ့အဖေဘက်ကလည်း ပြောထားတယ်၊ ငါ့သား အိမ်ထောင်ပြုရင် ကြိုက်တာယူ၊ ကရင်တော့ မယူနဲ့၊ အကြောင်းက မြစ်ဝ ကျွန်းပေါ်ဘက်မှာ သူ့အဖေရွာကို အေကင်န်ဒီအိုက ဝင်သတ်သွားလို့။ မိန်းမ ဘက်ကလည်း သူ့သမီးကို ကြိုက်တာယူ၊ ဗမာတော့ မယူနဲ့၊ အကြောင်းက သူတို့ ရွာကို တပ်မ ၄၄ က ဝင်ရောက်ဖျက်ဆီး သတ်ဖြတ်သွားလို့။ ကျနော် လူမျိုးရေးမုန်းတီးမှုတွေ မဖြစ်သင့်ဘူးဆိုတာ ထောက်ပြလိုက်တာပါ။

သူတို့ဝမ်ခဟောင်းမှာ ထိုင်နေတုံး စစ်တပ်ဘက်က စစ်ဆင်ရေး လုပ်လာပါတယ်။ အဲ့ဒီအထဲမှာ သူ့ညီအရင်းက ဗိုလ်ကြီးပါ။ အထက်က အစ်ကို အဲ့ဒီမှာ ရှိတာ နဲ့ညီကို တမင်သက်သက် ပို့လိုက်တာပါ။ သူ့ညီက စစ်တပ်ထဲကို ဘယ်လို ဝင်သွားလဲဆိုတော့ ရန်ကုန်မှာ ကျောင်းတက်နေစဉ် ပျောက်သွားပါတယ်။ ဒုတိယ နှစ်ဖြစ်မယ်ထင်တယ်။ ပြီး စစ်သားစုဆောင်းရေးမှာ ပညာအရည်အခြင်း ကိုးတန်းဆိုပြီး တပ်သားသွားလျှောက်တာပါ။ အစ်ကို ဖြစ်သူက စစ်သားစုဆောင်းရေးမှာ ဆေး စစ်ဖို့ ရောက်လာတဲ့ အချိန်မှာ ဖိုင်တစ်ခုကိုတွေ့တော့ မသင်ကာတော့ဘူး။ အဲ့ဒီတော့ တပ်ကြပ်ကြီးကို ဒီဖိုင်ပိုင်ရှင်ဟာ သူ့ညီ ဖြစ် နိုင်ကြောင်း၊ တက္က သိုလ်ကျောင်းသားပါလို့ ပြောလိုက်ပါတယ်။ တပ်ကြပ်ကြီးကလည်း ဒီကလေးတော့ ငါလုပ်လိုက်ရင် သေတော့မှာဘဲ၊ ပြောတော့ ကိုးတန်း။ ဒီလိုနဲ့ စစ်ထဲကို ဝင်ခြင်လို့ အတန်းလိမ် ဝင်လာတဲ့သူဟာ ဗိုလ်ကြီး ဖြစ်လာတော့ပါဘဲ။

ဒီလိုနဲ့ ညီအစ်ကို နှစ်ယောက်တွေ့ကြတာပေါ့။ နောက်ဆုံးတော့ ဝမ်ခဟောင်း ကျသွားပါတယ်။ အဲ့ဒီမှာ အမှတ်တရ ဖြစ်သွားတာက တိုက်ပွဲ မဖြစ်မီ ကျောင်းသား နှစ်ယောက်က သူ့ကို အလယ်မှာ ထားပြီး တဖက်တချက်ကနေ အစ်ကိုကြီး လက်နက်ချပါ၊ညီလေး အစ်ကိုကြီး မချ နိုင်ဘူး စသဖြင့် နောက်နေကြတာ သူ တော်တော် စိတ်တိုသွားပါတယ်။ အဲ့ဒီ တိုက်ပွဲမှာ သူ့ကို အဲ့လို နောက်ခဲ့တဲ့သူ နှစ်ယောက်စလုံး ကျသွားပါတယ်။ ပြီး ညီဖြစ်သူလည်း ရာထူး တက်သွားပါတယ်။ ဩော် ပြည်တွင်းစစ်မှာ သွေးရင်း ညီအစ်ကိုခြင်း၊ ထမင်းဝိုင် အတူ အတူ ထိုင်ခဲ့ရသူများဟာ ရန်သူတွေ ဖြစ်သွားရပါတယ်။

## ဘာဖာ ဖုံ

ဝမ်ခဟောင်း ကျသွားတဲ့ အကြောင်းတခုကတော့ စစ်တပ်ဘက်ကနေ ထိုင်းပိုင်နက်ထဲကနေ ဝင်လာလို့ပါဘဲ။ ထိုင်းဘက်ကနေ တရားဝင်ပေးဝင်လိုက်တာပါ။ ဒီဘက်က မသိလိုက်ပါဘူး။ တပ်ဘက်က ညဘက်ကတည်းက ထိုင်း ပိုင်နက် ရွာထဲ ရောက်နေပြီ။

ထိုင်းမြန်မာ နယ်စပ်မှာ ကေအင်န်ယူရဲ့ အမာခံ ခံတပ်စခန်းတွေ ဖြစ်တဲ့ မယ်သဝေါ၊ မော်ဖိုးကေ၊ မယ်လ၊ ဖလူး တွေဟာ အတော်ကောင်းတဲ့ ခံတပ်စခန်းတွေဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်း ထိုင်းမြန်မာ နယ်စပ်မှာ လက်နက်ကိုင် လူမျိုးစု သူပုန် အဖွဲ့တွေ မနည်းပါဘူး။ အဲ့ဒီ သူပုန် အဖွဲ့အစည်းများကို ထိုင်းက ဘာဖာ ဖုံ အဖြစ် အသုံးချထားပါတယ်။ ဒီအင်အားစုတွေ နယ်စပ်မှာ တန်းစီ ထိုင်ထားတော့ ထိုင်း ရဲ့ အမြဲတန်းတပ်ဖွဲ့တွေဟာ ဗမာ့တပ်မတော်ကို ထိပ်တိုက် ရင်ဆိုင်ဖို့အတွက် အင်အား အများစုနဲ့ လာစခန်းထိုင်စရာ အကြောင်း မရှိပါဘူး။ အိပ်ကြက်ခြင်း ခွပ်နေတာကို ဘေးက နေ ကြည့်ဖို့ပါဘဲ။

မဲသဝေါကတော့ ၈၈ မှာ စစ်တပ်ဘက်က သိမ်း နိုင်လိုက်ပါတယ်။ ဒီအကြောင်း ဝါဒဖြန့်ရိုက်ထားတဲ့ ရုပ်သံဇတ်လမ်း (ရန်အောင်၊ မေသန်းနု၊ ဘိုမြင့်ရှိန်၊ သိုက်စိုး) တို့ပါဝင် သရုပ်ဆောင်ထားတာကို ၈၈၈၈ အရေးအခင်း မဖြစ်တင်လေးတင် မြန်မာ ရုပ်မြင်သံကြားမှ ပြသွားပါတယ်။ အဲ့ဒီ စစ်တပ် ထိုင်ထားတာကို ကေအင်န်ယူက အောက်တိုဘာ ၁၂ ရက် ၈၈မှာ ပြန်သိမ်းပါတယ်။

## ၈၄ တွေ ၁၂၀ မမ တွေသုံးပြီ

ကရင်နယ်မြေအတွင်းကို ထိုးစစ်တွေ ဆင်ခဲ့တာ များပေမဲ့လည်း ၈၈ မတိုင်ခင်အထိ စစ်တပ်ဘက်မှ ၁၂၀ တွေ မသုံးခဲ့ပါဘူး။ ၈၉ ဗကပ ပြိုကွဲ၊ တပ်တွေ ဆင်းလာပြီး တလကြမ်းထိုးစစ်ဆင်တဲ့ အချိန်မှာ အများဆုံး စတင်သုံးလာပါတယ်။ အရင်တုံးက အဲ့ဒီ နယ်စပ်စခန်းတွေကို စစ်တပ်က ထိုးစစ်ဆင်လာတဲ့အခါ ကေအင်န်ယူတို့က ထိုင်းစစ်တပ်ကို ငွေပေးပြီး စစ်တပ်ဘက်ကို ၁၂၀ မမ နဲ့ပစ်ခိုင်းခဲ့တယ်လို့ ဆိုပါတယ်။ ဟိုက ငွေရတော့ ပစ်။ အမြတ်ထွက်။ ဒီဘက်က သဘောကျ။ ၁၂၀ မမတွေ နဲ့ ၈၄ လောင်ချာတွေရဲ့ အစွမ်းထက်တဲ့ ဒဏ်ကို ပထမဆုံး စခံလိုက်ရတာကတော့ မယ်သဝေါဖြစ်ပါတယ်။ ဘန်ကာတွေပေါ်ကို ကျည်တွေကျကွဲ၊ တခါတည်း လူတွေဟာ မြေမြုပ်ပြီးသားပါဘဲ။ ဒီလိုနဲ့ မယ်သဝေါဟာ ဒီဇင်ဘာလ ၂၁ ၈၈မှာ ကျသွားပါတယ်။ အဲ့ဒီတုန်းက လဖက်ရည်သောက်လို့ ကျကျ သောက်ခြင်ရင် မယ်သဝေါလို့ဆိုကြတယ်။

## ထိုင်းတွေ အမြတ်ထွက်

ခုနကပြောသလို ထိုင်းတွေက နယ်စပ် တော်လှန်ရေး အင်အားစုများကို ဘာဖာဖုံအဖြစ် အသုံးချပါတယ်။ ကေအင်န်ယူတို့ရဲ့ ရပ်တည်ရေးဟာ သစ်ခုတ်တဲ့ဝင်ငွေ၊ မှောင်ခို အကောက် အခွန်တို့ကနေရပါတယ်။ အဲ့ဒီတော့ သစ်များကို ထိုင်းက ဈေးပေါပေါနဲ့ ရပါတယ်။ အဲ့ဒီတုံးက သစ်တော တာဝန်ခံက ယခု အလင်းဝင်သွားတဲ့ ဖဒို အောင်ဆန်းဖြစ်ပါတယ်။ အဲ့လိုဆိုတော့ သူက ကေအင်န်ယူမှာ အချမ်းသာဆုံးပါ။ ပြီး ထိုင်းထဲကို မြန်မာဘက်ကနေ ကျွဲနွားတွေ မှောင်ခိုလမ်းကနေဝင်တာပေါ့။ အဲ့ဒီတုံးက နယ်စပ်ကုန်သွယ်ရေးတွေ တရားဝင်မဟုတ်သေးတော့ မှောင်ခို အကောက်ခွန်ဂိတ်တို့ရဲ့ ဝင်ငွေကို မှန်းဆ ကြည့် နိုင်ပါတယ်။ သိတဲ့ အတိုင်း သူပုန်ကို ဘယ်သူကမှ တရားဝင် လက်နက်မရောင်းပါဘူး။ အဲ့ဒီတော့ မှောင်ခိုဈေးကွက်ကနေ ဝယ်ရတာပေါ့။ သုံးတဲ့ လက်နက်တွေဟာ ဗီယက်နမ်စစ်လက်ကျန်၊ ကမ်ဘောဒီးယားစစ် လက်ကျန်တွေပါ။ အဲ့ဒါတွေဟာ ကမ်ဘောဒီးယားနယ်စပ်မှာ အလကား နီးပါးလောက်ဈေးရှိပါတယ်။ ဒါပေမဲ့ ဘယ်လိုသယ်မလဲ။ အဲ့ဒီလို လက်နက် တွေကို အစုလိုက် အပြုံလိုက် သယ်လာ နိုင်တာဟာ ဘယ်သူတွေဖြစ်မလဲ။ ပြီးတော ဒီလို အလကားလောက်ရလာတဲ့ ပစ္စည်းတွေဟာ နယ်စပ်ရောက်တဲ့ အချိန်မှာ ဈေး မတန်တဆ တက်သွားပါတယ်။

အဲ့ဒီ အမာခံ ခံစစ်သေစခန်းကြီးများ ကျတဲ့ အထဲမှာ မယ်လဖြစ်မယ်ထင်ပါတယ်။ ကျသွားတာက တခြားတော့မဟုတ်ဘူး။ စစ်တပ်ဘက်က တက်သိမ်းတဲ့ အချိန် ခရစ်စမတ်လား၊ နှစ်သစ်ကူးလား မသိဘူး။ ပွဲလုပ်နေတဲ့ အချိန်မှာ အဲ့ဒီက စခန်းမှူးက ပွဲမှာ ဘောလုံး ဒိုင်လူကြီး သွားလုပ်နေပါတယ်တဲ့။ အဲ့ဒီအချိန်မှာ စစ်တပ်က လည်း တက်ရော အဓိက အမိန့်ပေးမဲ့သူမရှိ။ စစ်တပ်ဘက်က သိနေပါတယ်။ အဲ့ဒီ ခရစ်စမတ်၊ နှစ်သစ်ကူး တို့မှာ ဒီဘက်က ပွဲတွေရှိနေတယ်ဆိုတာ။

ဖလူး စခန်းကျတော့ အဲ့ဒီအချိန်မှာ ကျောင်းသား နှစ်ယောက်က ဖုတ်ထဲမှာ အိပ်ပျော်နေပါတယ်။ တိုက်ပွဲက ဖြစ်နေကြမို့တော့ သူတို့အတွက် သိပ်မဆန်းပါဘူး။ ဖြစ်ရိုးဖြစ်နေကျ။ စခန်း ကျတာ မသိလိုက်ပါဘူးတဲ့။ ဖလူးစခန်းက တော်တော်ကြီးတယ်ပြောပါတယ်။ အုတ်ဖုတ် ကြီးဘဲ လေးရာကျော်ပါတယ်။ ဒီလောက် ဂတုတ်တွေ များနေတော့ စစ်တပ်ဘက်ကလည်း အကုန် မရှင်း နိုင်သေးပါဘူး။ အဲ မနက် မိုးလင်းလို ကြည့်လိုက်တော့ ငါတို့လူတွေများလား ဟား မဟုတ်တော့ ဘူးဆိုတာနဲ့ ပစ်ပြီး ထွက်ပြေးလာရပါတယ်တဲ့။

တခါတခါ အရမ်း အိပ်ခြင်ရင် ဘယ်လိုဘဲ ဘေးပတ်ဝန်းကျင် ဆူညံနေ လူက ထခြင်ပေမဲ့ ထလို့မရတတ်ပါဘူး။ တခါတော့ ကေအင်န်ယူက စစ်စခန်း တစ်ခုကို ဝင်သိမ်းပါတယ်။ စခန်းသိမ်း တိုက်ပွဲတွေဟာ အာရုဏ်တက်မှာ ဖြစ်ပါတယ်။ လူအများ အိပ်မောကျချိန်ဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာ စစ်တပ်ဘက် က ရဲဘော်လေး တစ်ယောက်က ကင်းလဲအပြီး ပြန်အအိပ်၊ တိုက်ပွဲဖြစ်စ ဖြစ်ပါတယ်။ သူ အိပ်နေရင်းနဲ့ အားလုံး သိနေတယ်။ ဒါပေမဲ့ သူဘယ်လိုမှ ထလို့ မရပါဘူးတဲ့။ နောက်ဆုံး စခန်းလဲကျ သူကို မိသွားပါတယ်။

ကွာတာပေါ့ဗျာ၊ ဟိုဘက်ကော၊ ဒီဘက်ပါ အဲ့လို ဖားတပိုင်း ငါးတပိုင်းတွေ ဝတ်ကြ၊ ဖြစ်သလို ဝတ်ကြတာတွေရှိပါတယ်။ မာ နပလော ကျခါနီး ကေအင်န်ယူဘက်မှာ တော်တော် လက်နက် ကုန်နေပါပြီ။ ဗျူဟာမှူး လော်ဝါဒီက လက်နက် ထပ်တောင်းပါတယ်။ မထုတ်ပေးပါဘူး။ အဲ့ဒီ အချိန်မှာ လော်ဝါဒီရဲ့ ကျောင်းသားဘက်က ကိုမောင်ဒီတို့ (သူတိုက သောက်ဖော်သောက်ဖက်တွေလည်းဖြစ်) တပတ်လုံး မအိပ်ဘဲ လော်ဝါဒီက လက်နက်ကြီးတွေ နဲ့ ဝင်လာ နိုင်သမျှ လမ်းကြောင်းတွေကို ပစ်နေပါတယ်။ အဲ့ဒီအကြောင်းကို အဲ့ဒီအချိန်က ထုတ်တဲ့ နေ့စဉ် သတင်းစာတွေမှာ ရေးတဲ့ ကေအင်န်ယူဘာလဲ၊ ဘယ်လဲမှာ ရေးထားပါတယ်။ နောက်ပိုင်း စာအုပ်ပါထုတ်ပါတယ်။ ဒါပေမဲ့ လံကြုတ်တွေက အများ ကြီးပါ။ နောက်ဆုံး မာနာပလော ကျခင်နီးလေးတင်မှာ ဗိုလ်ချုပ် မြ အိမ်နောက်ဘက်မှာ ရှိတဲ့ လက်နက် တိုက် နှစ်လုံးမှာ လက်နက် အပြည့်ပါဘဲ။ ဒါပေမဲ့ ဘာမှ လုပ်လို မရတော့ပါဘူး။ လော်ဝါဒီ စိတ်တော်တော် တိုသွားတယ်ပြောပါတယ်။

ခုနက လက်နက်တွေ အကြောင်းပြောတိုင်း ထုံးစံပေါ့ဗျာ၊ ကျနော်တို့ရှေ့ဘိုးဘွားတွေက အင်္ဂလိပ်ခေတ်က ဘယ်လို၊ နင်တို့ ငါတို့ ဂျပန်ခေတ်မှာ ဘယ်လိုနေခဲ့ရတာ စသဖြင့်ပေါ့ဗျာ။ သူတိုက အမြဲပြောလေ့ရှိတယ် သူတို့ တုန်းက ရိုင်ဖယ်ကျည် ခြောက်တောင့်ထဲနဲ့ တမိုးလုံး လှည့်ပတ်တိုက်ခဲ့ရတာပေါ့။

တခါက ကျောင်းသားတွေက လက်နက်သွားတောင်းတော့ မထုတ်ပေးခြင်ဘူးပေါ့။ အဲဒီအချိန်မှာ အမောင်များက ဗိုလ်ချုပ်မောင်မောင်ကို ဘယ်လို ပြောလည်းဆိုတော့ အဖိုးသိလား နောက်အနှစ် နှစ်ဆယ် ကျရင် လေ နောက်တက်လာတဲ့ အငယ်တွေက ဘယ်လို လက်နက်လာ တောင်းမလဲဆိုတော့ ဒီနေ့စစ်တိုကဖို့ F 16 ကဘယ်နှစ်စီး၊ ပိုင့်လော့က ဘယ်နှစ်ယောက် တင့်ကားက ဘယ် နှစ်စီး အဲ့လို လာတောင်းမှာ ပေါ့၊ အဲ့ဒီ အချိန်မှာ ကျနော်တိုက ကျနော်တို့ တုံးက အေကေကျည် သုံးရာလောက်နဲ့ တမိုးတွင်းလုံး လှည့်တိုက်ခဲ့ရတယ်လို ကျနော်တို့ ပြောလို မရတော့ဘူး လည်းဆိုတော့ ဗိုလ်မောင်မောင်က အေးကွာ မင်းတို့လိုခြင်ရင်လည်းထုတ်ပေးပါ့မယ်၊ မင်းတို့ဒီလောက်ကြာကြာထက်ထိတော့ ဆက်တိုက်နေအုံမှာလားလို မေးပါတယ်တဲ့။ ကေအင်န်ယူဘက် ထွင်တာတွေလည်း ရှိပါတယ်။ အာရ်ပီဂျေသီးတွေအစား ဗြဝမမ အသီးတွေနဲ့ ထည့်ပစ်၊ ဒါလည်း ပေါက်တာပါဘဲ။

သုံးပန်းပေါ်လစီ

ကျနော် ဘာကို သွားအမှတ်ရလည်းဆိုတော့ တွန်ဟန့်စ်ရိုက်တဲ့ Band of Brothers က ဇာတ်ဝင်ခန်းတစ်ခန်း၊ နော်မန်ဒီကို သိမ်းပြီး သူတို့ မဟာ မိတ် တပ်တွေ တက်လာတော့ ဂျာမန် သုံးပန်း အချို့ကို ဖမ်းထားတာပေါ့၊ တနေရာမှာ ဂျာမန်တစ်ယောက်ကို အမေရိကန် တစ်ယောက်က အင်္ဂလိပ်စကား မတတ်ဘူး ထင်ပြီး သွားပြောပါတယ်။ အဲ့ဒီအချိန်မှာ ဂျာမန်စစ်သားက အေးအေးဆေးဆေး ဆေးလိပ်သောက်နေတာ။ ပြီးသူက အင်္ဂလိပ်လိုလည်း နားလည်နေတယ်၊ အမေရိကန်က စကားပြောပြီး ပြန်အထွက် သေနတ်သံကြားလိုက်ရတယ်၊ ခုနက ဆေးလိပ်သောက်နေတဲ့ ဂျာမန်စစ်သားကို ရှင်းလိုက်တာ။ အဲ့ဒီအချိန်မှာ ဒီနိုင်ငံကြီးတွေဟာ Geneva Convention ကို လက်မှတ်ထိုးထားပြီးပါပြီး။ Prison of War (POW) တွေကို စာချုပ်နဲ့ အညီ ကျင့်သုံးရမှာပါ၊ ဒါပေမဲ့ အဲ့ဒီအချိန်မှာ ရှင်းပစ်လိုက်တယ်၊ အမေရိကန်တွေရိုက်တဲ့ကား၊ သူတို့ စည်းဖေါက်တာကို ပြလိုက်တယ်၊ အဲ့ဒီ စစ်သုံးပန်းကို ရှင်းလိုက်ရတာက ရှင်းပါတယ်။ တိုက်ပွဲဖြစ်နေတဲ့အချိန်၊ ရှေ့ကိုဆက်တက်ရမယ်။ ရှေ့ဖက်ကလည်း ရန်သူကလာနေတယ်၊ ဒီသုံးပန်းကိုလည်း နောက်ပြန်ဖို့ဖို့မလွယ်ဘူး၊ သူကိုလည်း ဘယ်သူကမှ မကြည့် နိုင်ဘူး၊ သူအားမတန်လို့သာ လက်နက်ချတာ၊ ယုံရတာ မဟုတ်ဘူး၊ အဲ့ဒီတော့ ရှင်းပစ်လိုက်တာ။

အဲ့လို နိုင်ငံကြီးတွေတောင် စစ်သုံးပန်းဥပဒေကို မလိုက်နာတာဗျာ၊ ခု အီရတ်မှာ ဘာတွေဖြစ်နေလဲ။ အဲ့လို နိုင်ငံကြီးတွေကတောင် မလိုက်နာတာဗျာ၊ ကျနော်တို့ဖြစ်နေတာက ပြည်တွင်းစစ်၊ အဲ စစ်အစိုးရက ပြည်တွင်းစစ်လို့ သတ်မှတ်ထားတာ မဟုတ်ဘူး၊ နောက်ဆုံး သူပုန်လို့တောင် သတ်မှတ်ထားတာ မဟုတ်ဘူး၊ သောင်းကျန်းသူ အဖျက်သမား ဆိုတော့ ဗျာ ဘယ်လို ဂျီနီဗာ ကွန်ဗင်းရှင်းက ရှိပါ့မလဲဗျာ။ အဲ့ဒီတော့ အစ်ကိုရယ် ကျားသနားမှ နွားချမ်းသာရမဲ့ကိန်းပါ။ တကယ်လို့ တပ်မတော်က ဂျီနီဗာ ကွန်ဗင်းရှင်း အတိုင်းသာ အတတ် နိုင်ဆုံး လိုက်နာ နိုင်ရင် ပထမအနေနဲ့ ရွာတွေ ပျက်၊ IDP တွေ ဒီလောက်များစရာ အကြောင်းမရှိပါဘူး။ ဂျီနီဗာ ကွန်ဗင်းရှင်း မပေါ်ခင်ကတည်းက ရှိတဲ့ စစ်မှာ မသတ်အပ်တဲ့ အရာတွေ ရဟန်း၊ မိန်းမ ကလေး တဲ့။ ဂျီနီဗာကွန်ဗင်းရှင်းက ဒီထက်ကျယ်ပြန့်ပြီး အသေးစိတ် နိုင်တာပေါ့။ ကျနော်တို့ဆီမှာ တော့ အနက်ရောင်နယ်မြေမှာ တွေ့တာတွေအားလုံးဟာ သောင်းကျန်းသူ အဖျက်သမားဆိုတော့ အင်း တွေးသာကြည့်တော့ဗျာ။ အဲ့ဒီတော့ သုံးပန်းပေါ်လစီဟာ ခုနက ပြောသလို ကျားသနားမှာ နွားချမ်းသာရမဲ့ ဥပဒေပါဗျာ။ ကျောင်းသားတွေကို တိုက်ပွဲမှာ အဖမ်းခံရပြီး ဘယ်သူတွေ အသတ်ခံရတယ်ဆိုတာကို သူ့ဝက်ဆိုက်ရဲ့ ကျဆုံးစာရင်းမှာ တက်ကြည့်ရင်သိပါတယ်။ တချို့တွေဆို လည်လှီးသတ်လိုက်တာဗျ။ အဲ တပ်ကြပ် နဲ့ တပ်ကြပ်ကြီးဟောင်း တွေ ကိုဖမ်းမိတော့ သစ္စာဖေါက်တွေ ဆိုပြီး ရက်ရက်စက်စက် ရင်ကိုခွဲပြီး သတ်လိုက်တဲ့ဟာကို။ တခါက တခြားတပ်ရင်းက နှစ်ယောက် ကိုမိတယ်၊ ဗျူဟာက မေးတယ်၊ ကျနော်တို့ တပ်ရင်းက ဆို အပြတ်ရှင်းလိုက်တဲ့၊ အဲ့ဒီတပ်ရင်းကဆို ခေါ်လာခဲ့တဲ့။ ကျနော်တို့ တပ်ရင်းဆော်ထားလို့ သူတို့နာထားတာ။ အဲ့ဒီတော့ စစ်တပ်ရဲ့ သုံးပန်းပေါ်လစီက က ကျားသနားမှာ နွားချမ်းသာရမှာပါ။

အောက်မှာ ဓါတ်ပုံ တချို့ကို တင်ပေးလိုက်ပါတယ်။












Following the burning of the land by the SLORC,



ပထမပုံက မြစ်ဆုံနားမှာပါ၊ မာနပလောကို ကာတဲ့ တောင်ကုန်းပေါ့၊ ရှေ့မှာ စီးနေတာက သောင်ရင်းမြစ်၊ ညာဘက်က မြန်မာ ပိုင်နက် ဖြစ်ပြီး တောင်ဘက်က ထိုင်းပါ၊ တွေ့နေရတဲ့ စက်သေနတ်ကြီးကတော့ ပွိုင့် ၅ စက်သေနတ်ကြီးပါ။ ဒုတိယကတော့ ည တိုက်ပွဲဖြစ်စဉ် ရိုက်ထားတာပါ။ အေကေ ကနေ မီးပွားတွေ ဖွာထွက်နေတာ။ တတိယပုံကတော့ နှစ်ဖက် အကျ အဆုံးပုံတွေပါ။ အလောင်းတွေဟာ မြင်မကောင်း ရှုမကောင်းပါဘဲ။ ခံစစ်မှာ ရှိတဲ့သူတွေ ဘယ်လို ထမင်းစားရလဲဆိုတာ တွေးသာကြည့်။ တတိယပုံကတော့ သစ်တော ဖြစ်ခဲ့တဲ့နေရာတွေ စစ်ကြောင့် ဘယ်လို ပြောင်းလဲသွားသလဲ။ တတိယပုံကတော့ မွန်ဒေသမှာ ရိုက်ထားတဲ့ ပုံပါ။

သုံ့ပန်ပေါ်လစီနဲ့ ပါတ်သက်လို့။ ဒီဘက်က မိရင် ပြန်လွတ်ပေးတာတွေရှိသလို တချို့အနည်းငယ်တော့ အရှင်းခံရတယ်လို့ ဆိုပါတယ်။ အမိကတော့ လက်စားခြေခြင်း သံသရာပေါ့ဗျာ။ တချို့တွေဆိုရင် သဲခြေကို အရက်နဲ့စိမ်သောက်ကြတယ်လို့ကြားဘူးတယ်။ ကျနော်ရောက်တဲ့ခဲ့တဲ့နေရာမှာပေါ့။ ဒီဘက်က မိထားတဲ့ စစ်သားတစ်ယောက်ကို ဆေးရုံမှာ ဆေးကုပေးထားတယ်။ အဲ့ဒါကို လူတစ်ယောက်က ဆေးရုံထဲဝင်လာပြီး သူ့ကိုခေါ်ပြီး သတ် လိုက်ပါတယ်တဲ့။ လူကြီးတွေက သူ့ကို အပြစ်တင်ပေမဲ့ ဘာမှတော့ အရေးမယူပါဘူး။ ဒါပေမဲ့ဝတ်ဆိုတာ ဘဝ မကူးပါဘူး။ အဲ့ဒီလူလည်း တနေ့ သစ်ပင်ပေါ်တက်၊ ကြက်တူရွေး ၃ တက် နှိုက်နေတုံး အပင်ပေါ်က ပြုတ်ကျပြီး အသေဆိုးနဲ့ သေတာပါဘဲ။

ကျနော် ကြည့်ခဲ့ရတဲ့ မှတ်တမ်းတင် ဗွီဒီယိုလေးတစ်ခု။ ကချင်ဘက်မှာ စစ်ကြောင်း တစ်ခုကို ခြုံခိုတိုက်လိုက်တာ။ မှတ်တမ်း အရဆိုရင် ကချင်ပြည် ကောင်ဆာမှာ ၁၄၀ လောက်ရှိတဲ့ စစ်ကြောင်းကို ခြုံခိုတိုက်လိုက်တာ။ ဒီဇင်ဘာ ၁၃ ရက် ၁၉၈၈ မှာ ပါ။ အဲ့ဒီပွဲမှာ စစ်တပ်ဘက်က ၁၀၆ ယောက်သေ၊ ၁၇ ဒဏ်ရာ၊ ၁၅ ယောက်ကို အရှင်ဖမ်းမိတာလို့ ဆိုပါတယ်။ ဖမ်းမိတဲ့ အထဲမှာ ဗိုလ်မှူးတစ်ယောက်ပါတယ်ဗျ။ စစ်ကြောင်းမှူးဖြစ်မယ်ထင်တယ်။ သူတို့ ကေအိုင်အေ တပ်တွေ ပြန်လာတော့ အဲ့ဒီ ဖမ်းမိ တဲ့သူတွေကို ကြိုးတုပ်ပြီး ခေါ်လာတာ။ စိတ်မချမ်းသာစရာပါဗျာ။ ဗိုလ်မှူး ဖြစ်တဲ့သူက ခြေကိုထိထားတယ်။ သူ့ကိုတော့ ကေအိုင်အေ ရဲဘော်တွေကဘဲ ထမ်းခေါ်လာတာ။ သူ့ကို ကြိုးတုတ်ထားတာ သူမသိရှာဘူး။ နောက်တန်းမှာ အခမ်းအနားနဲ့ကြိုတော့ သူတို့ကိုရေတိုက်တာ သူက ထ အသောက်အလုပ်မှာ သူ့ကို ကြိုးချည်ထားမှန်းသိတာ။ သူစကားပြောတာ အေးအေးဆေးဆေးဘဲ။ သူတို့ကို ကောင်းကောင်း ပြုစုပြီး အားလုံးကို ပြန်လွှတ်လိုက်ပါတယ်။ ဗိုလ်မှူးဖြစ်တဲ့သူကိုတော့ မြင်းနဲ့တောင် ပြန်လွှတ်လိုက်သေး။ သူတို့က အလစ်ခံလိုက်ရတာ။ ညဘက်ကြီး၊ ခြုံခို တိုက်ခံရတာ။ မီးမောင်းတွေနဲ့ အထိုးခံရပြီး အပြစ် ခံရတယ်ဆိုတော့လည်း။ အဲ့ဒီ အချိန်က သူတို့ကို လာတွေ့တာ ဗိုလ်ချုပ်ဇော်ခေါင်ပါ။ နောက်ပိုင်း အဲ့ဒီ ဗိုလ်မှူးလည်း နောက်တန်း ပြန်ရောက်ပြီး ပျောက်သွားတယ်လို့ ပြောတယ်။

စစ်အစိုးရဘက် က ပြည်တွင်း စစ်လို့တောင် မသတ်မှတ်ဘူး ဆိုတော့ prisoner exchange တွေ ဘာတွေ ဘယ်လိုလုပ်လို့ရမလည်း။ တခါ ဒီဘက်က တိုက်ပွဲမှာ ဗိုလ်ကြီး ဖြစ်တဲ့သူ ကအစ မိတော့ ဘန်ကောက် မြန်မာ စစ်သံရုံးကို ချဉ်းကပ်ပြီးစစ်သုံးပန်း ပြန်လည် လွှဲအပ်ပေးမယ် ပြောတာ သူတို့ က သူတို့ဆီမှာ စစ်သုံးပန်ဆိုတာ မရှိဘူးလို့ညင်းလိုက်ပါတယ်။ အဲ့လိုဆိုတော့ တပ်မတော်သား အခြင်းခြင်းတွေ သစ္စာ စောင့်သိကြရဲ့လား။ ကျနော်တို့ရထားခဲ့တဲ့သူတွေကိုတော့ သူတို့ ဆန္ဒ အရ ပြန်ခြင်တဲ့သူကို ပြန်ပို့ပြီး တချို့တွေကတော့ ဒီဘက်မှာ နေခဲ့ပါတယ်။ အဲ့ဒါတွေက ဓါတ်ပုံတွေ နှင့်တကွ ရှိပါတယ်။ တပ်တွင်းမှာလည်း အရာရှိငယ်၊လတ် မိသားစုတွေ အတွင်းမှာလည်း မနာလို ဝန်တိုမှုတွေ၊ ယှဉ်ပြိုင်မှုတွေရှိတယ်ဆိုတာ အဲ့ဒီမှာ သိတာ။ အဲ့ဒီ ဗိုလ်ကို သူ့အိမ်ဆီစာရေးခြင်ရေးခိုင်းတာ သူက ဘာပြောလဲဆိုတော့ သူအယ်လို ဖြစ်နေတာ သိရင် သူ့မိသားစုလည်း ဝမ်းနဲရ ဒါ့အပြင် ဘေးဘက်က ကြိတ်ပြီး ဝမ်းသာနေတဲ့သူတွေလည်း ရှိနေ နိုင်ပါတယ်တဲ့။ သူက လူကောင်းပါ။ ဆေးလိပ်၊ အရက်တောင် မသောက်တဲ့သူ။ မိဘကို လုပ်ကျွေးနေတဲ့သူ။ အဲရဲဘော်တွေကိုလည်း မေးကြည့်တယ်။ အဲ့ဒီဗိုလ်က မင်းတို့ကို ဘယ်လို ဆက်ဆံလည်း ဆိုတော့ သူတို့က ကောင်းကောင်း မွှန်မွှန် အေးအေးဆေးဆေးပါဘဲတဲ့။ အဲ ထမင်းကြော် မကြက်လို့ သူ့ရဲဘော်ကို လက်သီး နဲ့ထိုးတဲ့ ဗိုလ်တော့ မရလိုက်ဘူး။ သူတို့ပြန်လွှတ်ပြီး ကုန်သည်နဲ့ စာတွေ ဘာတွေ ရေးလာပါတယ်။

ABSDF ၄ ကြိမ်မြောက်ညီလာခံမှာ Geneva Convention ကို အဖွဲ့အတွင်း အတည်ပြုဖို့ ဆွေး နွေးကြတယ်။ ဗဟိုကော်မီတီ တချို့က ခြပြတာ၊ ဒါပေမဲ့ လက်တွေ့ တိုက်ပွဲဝင်နေတဲ့ တပ်မှူးပိုင်းတွေက အဲ့ဒီအတိုင်း အတိအကျ လိုက်လုပ်ရင် အခက်အခဲတွေ ရှိတယ်ပေါ့။ ဥပမာပေါ့၊ တပ်ဘက်က ပေါ်တာတွေကို ရှေ့ကတက်ခိုင်းတယ်၊ မိုင်းရှင်းကရိယာ အဖြစ်သုံးတယ်၊ အဲဒီ အချိန်မှာ ဘယ်လိုလုပ်မလဲ၊ တိုက်ပွဲဖြစ်ရင်တော့ အဲ့ဒီ ပေါ်တာတွေကတော့ crossfire ထဲမှာမိမှာဘဲ။ အဲဒီ မူကြမ်းကို အတည်ပြုခဲ့လား ကျနော် မမှတ်မိတော့ဘူး။

ကျနော့ အနေနဲ့ မြင်တာက လက်နက်ကိုင်ပြီး တဖက်နဲ့ တဖက် တိုက်နေကြတဲ့ အချိန်မှာ ရန်သူတွေပေါ့ဗျာ။ လက်နက် မရှိတော့ ဘဲ ကိုယ့်လက်ထဲကို ရောက်လာတဲ့ အချိန်မှာတော့ ရန်သူဆိုပေမဲ့ အန္တရယ်မရှိတော့ပါဘူး။ ခုနကလို နိုင်ငံတကာ ဥပဒေ တွေမကျင့် သုံး နိုင်ရင်တောင် လူသားဆိုတဲ့ လူသား ဝါဒအနေနဲ့ ကျင့်သုံးသင့်တာပေါ့နော်။ တခါ ကျနော်တို့ ရဲဘော်တစ်ယောက် သူ့ရွာအနီးမှာ ဘဲကျသွားတယ်။ သေတဲ့သူက ဘာမှ မလုပ်နိုင်တော့ဘူးပေါ့နော်။ အဲ့ဒါကို စစ်တပ်က သူ့ခေါင်းကိုဖြတ်၊ ရွာ ထိပ်မှာ ချိတ်ထားလိုက်တယ်။ သူ့အမေဟာလေ သူ့သားခေါင်းကို မြင်ပြီး မေ့သွားပါတယ်။

နောက်ဆုံး အနေနဲ့ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံ၊ အခြင်းခြင်း ကြားထဲမှာ ပြောခဲ့၊သိခဲ့တာတွေ ကို ကျူးပစ်များကို ဝေငှ ခြင်ပါတယ်၊ ဝမ်းနည်းစရာ၊ ရီစရာ၊ သခ်န်းစာ ယူစရာတွေပါ။ အတတ် နိုင်ဆုံး အတိုခြုံးပြီး ပြောပါ့မယ်။

၈၈ စစ်တပ်က အာဏာသိမ်းပြီး ကျောင်းသားတွေ အများစု နယ်စပ်ဘက်ကို ထွက်ပြေးကြပါတယ်။ အများဆုံးရောက်တာက ကရင်၊မွန် နဲ့ ကချင်နယ်မြေတွေပေါ့။ အန္တိ ယနယ်စပ်ဘက်ကို အနည်းငယ် ရောက်ကြပါတယ်။ ထွက်ပြေးကြတဲ့ အထဲမှာ လူတန်းစားပေါင်းစုံပါပါတယ်၊ တပ်မတော်သား ဟောင်းများနဲ့ အလုပ်သမား လယ်သမား လူတန်းစား ပေါင်းစုံးပါဘဲ။

ကျောင်းသားတွေ လက်နက် ဘာလို ကိုင်ခဲ့ရလည်း။ ရှင်းပါတယ်၊ အာဏာရှင်ကြီးက ဒါးဒါးခြင်း လုံလုံခြင်း ဆိုပြီး နိုင်ငံခေါင်းဆောင်တစ်ယောက်က အဆင့်မရှိ စိန်ခေါ်လိုပါဘဲ။ ဒါကြောင့် လက်မောင်းတံဆိပ်မှာ ဒါးနဲ့ လုံ ကိုထည့်ထားတာပါ။

ကောလော ဟာလု တွေက စုံလိုပါဘဲဗျာ။ကျောင်းသား တပ်ရင်း သုံးရင်းဖွဲ့ပြီးပြီ၊ ထိုင်း နိုင်ငံထဲမှာ သင်တန်းတက်ရမယ်၊ လေထီးတွေနဲ့ လက်နက်တွေ ချပေးမယ်၊ တောင်ပေါ်တွေမှာ အသံလွှင့်ရုံတွေကို ဆောက်ပေးမယ်ပေါ့။ ဘာတခုမှ မဟုတ်ပါဘူး။

အဲ တောတောင်တွေရဲ့ဒဏ်ကိုခံရတာ တခါမှ တောထဲ မရောက်ဘူးတဲ့ ကျနော်တိုလို မြို့မှာ ကြီးခဲ့တဲ့သူတွေ။ ကျနော် တခါက ရေးခဲ့တယ်လေ၊ ချောင်းထဲကလူတွေကိုကြည့်ပြီး ဒီလူတွေ ညစ်ပတ်လိုက်တာလို့၊ မကြာပါဘူး ကိုယ်သောက်ရမဲ့၊ သုံးရမဲ့ ရေတွေဖြစ်နေတယ်ဆိုတာ။ ထားပေါတော့။ ဒါတွေရေးနေရင် ပြီးမှာ မဟုတ်ပါဘူး။ တချို့ ရက်ပိုင်းနဲ့ဘဲခံပြီး ပြန်ကြပါတယ်။ တချို့လမ်းမှာ လာရင်း စစ်တပ်က မိလို သေတယ်။ ကျနော်တောင် ကံကောင်းလို့။ ပြန်ကြတဲ့ အထဲမှာ တနှစ်က မှ ဆုံးသွားတဲ့ နိုင်ငံကျော် အဆိုတော် တစ်ယောက်ပါပါတယ်။ ပြန်တဲ့သူတွေကို အပြစ်မမြင်ပါဘူး။ အားလုံး ကိုယ့်အသိစိတ်ဓါတ်နဲ့ စစ်အာဏာရှင်ကို တော်လှန်ဖို့လာတာ၊ မခံ နိုင်လို ပြန်တာ ဘယ်သူကိုမှ မထိခိုက်ရင်ပြီးတာပါဘဲ။

ဒီလိုနဲ့ တပ်တွေကို ဖွဲ့ကြတယ်။ ကိုယ့်ဖာသာကိုယ်ဖွဲ့တာပါ။ လူမျိုးစု နယ်မြေတွေမှာ နေပေမဲ့ လွတ်လွတ် လပ်လပ် နဲ့ဖွဲ့တာပါ။ ဘယ်သူမှ လာဖွဲ့ပေးတာ မဟုတ်ပါဘူး။ ဖွဲ့တော့ အခက်အခဲပေါင်းစုံနဲ့ပေါ့။ တပ်ဆိုပေမဲ့ တသွေး တမံ တမိန့်လုပ်လိုမှ မရ။ ကိုယ့် အသိစိတ်ဓါတ်နဲ့ စစ်အာဏာရှင်ကို တော်လှန်ဖို့ လာတာ။ ဒီမိုကရေစီ ရရှိဖို့ဆိုတော့ ဒီမိုကရေစီ ရှိတယ်လေ။ အဲဒီတော့ ဒီနေ့ ခေါင်းဆောင် တစ်ယောက်တင်လိုက်တယ်။ မကြိုက်ရင် အဲ့ဒီ ခေါင်းဆောင် ဆင်း၊ နောက်တစ်ယောက်တက်။

စစ်သင်တန်း

ဒီလိုနဲ့ စစ်သင်တန်းတွေစကြတယ်။ အဲ့ဒီမှာ ကျနော်တိုရဲ့ပထမရန်သူက စစ်အာဏာရှင် မဟုတ်ဘူး။ ငှက်ဖျားဗျ။ အဲ့ဒီမှာ ငှက်ဖျားကတော်တော်ဆိုး၊ ပထမ ဆန် နှစ်အိတ် လောက် မ နိုင်တဲ့သူ လည်း သွားတာဘဲ။ ကျနော်လည်း အိပ်ယာထဲမှာ။ ကျနော့ကို ဂီလာန ဥက္ကဌ လို နာမည်ပေးတယ်။ ခရီးထွက်စကဆို တောင်ပေါ်ကို ခြေလှန်း ဆယ်လှမ်း လောက်လှန်းပြီးရင်တခါနား၊ ဆက်မတက် နိုင်လို့။ သွားရင်းနဲ့ တိုက်ပွဲဖြစ်နေပါလားဆိုတာ သိလိုက်တယ်။ ဘယ်ဟုတ်ပါ့မလဲ နမေအ ဘနအေ ကို ပြန်ကြားနေတာ။

ဆေးဝါးတွေရတော့လည်း အခြင်းခြင်း ဆေးကုကြတယ်။ ဆရာဝန်တွေ၊ ဆေးကျောင်းသားတွေ ပါပေမဲ့လည်း အကုန်လုံးကို မကြည့် နိုင်ဘူးလေ။ တနေ့ သူငယ်ခြင်း တစ်ယောက်က ပြောတယ်။ အား မရှိလို B12 ထိုးခြင်တယ်တဲ့၊ တစ်ယောက်က B12 တော့ မရှိဘူး။ B6 နှစ်လုံး ထိုးရင် B12 ဖြစ်တယ်ဆိုပြီး ထိုးပေးလိုက်တယ်။ စားရတာကလည်း ငှက်ပျောတောလည်းပြုန်း။ တချို့ ချိုချဉ်လေး တစ်လုံးရလို မနက်တစ်ငုံ၊ ပြန်ထုတ် ညနေ တငုံ ငုံ။ ဒါတွေပြောလည်း ပြော မဆုံးပေါင် တောသုံးတောင်၊ အဲစစ် သင်တန်းပေးတဲ့သူများ က တခြား တော့ မဟုတ်ဘူး၊ တချိန်က တပ်မတော်မှာ စစ်မှုထမ်းခဲ့တဲ့သူတွေ။ တပ်မတော်ရဲ့ အဆိုအရ သစ္စာဖေါက်တွေပေါ့။

လက်နက်စကိုင်ပြီ

ဒီလိုနဲ့ သင်တန်းတွေပြီးလို လက်နက်တွေ စကိုင်တယ်။ လူမျိုးစုတွေမပေးရင် ကျနော်တို့က ဘာမှ မရတာ။ ကျနော်တို့ စိုက်နိုင်တာက လူရယ်၊ စိတ်ဓါတ်ရယ်။ အိမ်ရှင် အဖွဲ့တွေကလည်း အားလုံးကို မယုံသေး၊ ဟုတ်တယ်လေ၊ ဒီလို ပောကနဲ ရာနဲ့ ထောင်နဲ့ ချီတဲ့ အထဲမှာ လူက ပေါင်းစုံ။ တချို့ တွေ အတွင်းထဲဝင်ခွဲပြီး လူတော်တော်များများ ပြန်ထုတ်သွား နိုင်တယ်။ ပြီး အဲဒီအချိန်က ထုတ်တဲ့ မြက်ခင်းသစ်မှာ စာပြန်ရေး။ လွဲတာတွေလည်း အများကြီးပါ။ ဒီလိုနဲ့ လူမျိုးစုတွေ စောင့်ကြည့်တာလည်း ပါတာပေါ့လေ။

တိုက်ပွဲတွေ စဖြစ်

တိုက်ပွဲတွေ စဖြစ်တော့ တချို့ရဲဘော်လေးတွေ သေနတ်မှာ ကျည် တစ်ပေါက်တည်းပါတယ်။ အဲ့ဒါကို ဘောက်တိုနဲ့ ဘောက်ရှည် တစ်ပေါက် လည်းပေးပါဆိုတာတောင်မရ။ တချို့ စက်လတ်ဆိုရင် တစ်ယောက်က ကျည်ဆံထမ်း၊ တစ်ယောက်က သေနတ်ထမ်း။ အဲ တိုက်ပွဲတွေ စဖြစ်တော့ လူမျိုးစုတွေ အထင်မသေးရဲတော့ဘူး။ သတ္တိ ရှိတဲ့ အကြောင်းကို သိသွားတယ်။ တချို့တွေကလည်း အရမ်း –င်ချွတ်ပြီး ကျည်လာနေတဲ့ဘက်ကို –င်ကုန်းပြပြီးအော်၊ ငါ့–င်ကိုမှန်အောင်ပစ်။ အဲ ရှုပ်ထိသွားလေရဲ့။

လူတိုင်းစေ့ လက်နက်မရဘူး။ တခါ ကျနော်တို့ဆီက ရဲဘော် နှစ်ယောက် သေနတ်ကို စည်းကမ်း မရှိ လမ်းမှာ ဟိုပစ် ဒီပစ်လုပ်လို လက်နက်တွေ ပြန်သိမ်းသွားတယ်။ ကျနော်တို့ကလည်း ရဲဘော်တွေကို ပြန်အားပေးရတယ်။ မင်းတို့ကို ဒီထက်ကောင်းတာတွေ ထုတ်ပေးမှာ မို့လို့။ အဲ တနေ့တော တိုက်ပွဲဖြစ်တော့ ပစ်စရာ သေနတ်က မရှိ။ ဒါပေမဲ့ အမောင်တချို့က စိတ်ဓါတ်မကျပါဘူး။ နယ်စပ်တွေမှာ တိုက်ပွဲဖြစ်တယ်ဆိုတာ မဆန်းပါဘူး။ အဲ့ဒီတော့ ရဲဘော်တွေက တောင်ခြေမှာ သွားစောင့်နေ၊ မကြာပါဘူး တောင်ပေါ်ကနေ လူမျိုးစု ရဲဘော်တချို့ ပြန်ပြေးဆင်းလာတယ်။ မခံနိုင်တော့လို့။ အဲ့ဒီ ပြေးဆင်းလာတဲ့သူဆီက သေနတ်နဲ့ အီကွေ့မင့်ကိုယူ၊ တောင်ပေါ်ပြန်တက်။
ကျနော်တို့ဆီက ရှမ်းကလေး တစ်ယောက်၊ အဲ့လိုရောက်သွားတော့ လူမျိုးစု ဗိုလ်မှူးကမေးတယ်၊ ဟော့ကောင် မင်းမှာ သေနတ်ပါလိုလား ၊ ဟားပါတာပေါ့ဆိုပြီးပြေးတက်သွား၊ ဟိုရောက်တော့ ပြန်ပြေးလာတဲ့သူဆီက သေနတ်ယူ၊ ပြန်ပစ်၊ တကြိမ်မှာ အော်လိုက်တယ်၊ လက်ပစ်ဗုံးဆိုပြီး တဖက်ကို ပစ်လိုက်တယ်၊ ဒါပေမဲ့ သူလက်ပစ်ဗုံးက မကွဲဘူး။ ဒါနဲ့ တခြားရဲဘော်က မေးတယ်၊ အိုက်နင့်လက်ပစ်ဗုံက မကွဲပါလားဆိုတော့၊ ကျောက်ခဲလေတဲ့။ အဲ့လိုနဲ့ တိုက်ရည် ခိုက်ရည် ကောင်းလာပါတယ်။

မြေပိုင်ရင် စစ် နိုင်

ဒီဘက်က အသာစီးတွေရတဲ့ အချက်ကတော့ စိတ်ဓါတ်နဲ့ မြေ ပိုင်တာပါ၊ မြေပိုင်ရင် စစ် နိုင်တဲ့ဆိုတဲ့ စကား ရှိပါတယ်။ နောက်ပြီး လူမျိုးစုတွေက ငယ်ငယ်ကတည်းက တောတောင်နဲ့ရင်း နှီးလာတာ၊ ပြီး တူမီး (ရှေးထိုးသေနတ်)ကို ငယ်ငယ် ကတည်းက ကိုင်လာတာ။ တောလိုက်ရင်းနဲ့ နယ်မြေရဲ့ အထာကို အလွတ်ရနေပြီ။ မြေပုံမလိုဘူး။ လူကြီး တစ်ယောက်က သူတုံးက ဆိုရင် အရေး ကြီးတဲ့ နေရာ အချို့ကို မျက်စိမှိတ်ပြီးတောင် သွားတတ်တယ်တဲ့။

လူမျိုးစု ဗိုလ်မှူးတစ်ယောက်၊ ခပ်ငယ်ငယ်ပါဘဲ။ စာတလုံးမှ မတတ်ဘူး။ ဒါပေမဲ့ နာမည်ကြီး။ သူနဲ့ တိုက်ပွဲဖြစ်လိုက်တိုင်း လက်နက်က ရစမြဲ၊ စာတစ်လုံးမှ သာမတတ်တာ၊ သူ့ရဲ့ နည်းဗျူဟာ၊ ရဲဘော်ကို ထိန်းကျောင်း အုပ်ချုပ်တာဟာ တကယ့် ဗိုလ်သင်းတန်း ဆင်း အတိုင်းဘဲ။ တဖက်က သူ့နာမည်းကို ကြားတာနဲ့လန့်။ စစ်ကြောင်း သုံးလေးကြောင်းနဲ့ လိုက်ပိတ်။ သူ သူ့ပုန်ဖြစ်လာတာ တခြားတော့ မဟုတ်ဘူး။ သူ့နွားပျောက်လို လိုက်ရှာတာ စစ်တပ်က သူ့ကို ဖမ်းပြီး ကြိုးတုတ် ဆောက်ထိုးဆွဲ ရိုက်လိုက်လို့။ ကျနော် ဘာကို သွား သတိရလည်းဆိုတော့ ဗီယက်နမ်စစ်မှာ အမေရိကန် ဗိုလ်ချုပ်တစ်ယောက်က ဗီယက်နမ် ဗိုလ်ချုပ် တစ်ယောက် ကို မေးပါတယ်။ ခင်ဗျား ဒီလောက် တိုက်ရည် ခိုက်ရည် ကောင်းတာ ဘယ် စစ်တက္ကသိုလ်က သင်ခဲ့လည်းဆိုတော့ ဗီယက်နမ် ဗိုလ်ချုပ်က လယ်ကွင်းတွေထဲ လက်ညိုးထိုးပြလိုက်ပါတယ်။

ယုံကြည်မှု ရလာခြင်း နှင့် သောက်ရမ်းလေးများ

ဒီလိုနဲ့ တွဲတိုက်ရင်းနဲ့ အတွေ့အကြုံတွေရလာပြီး ယုံကြည်မှု တွေရလာပါတယ်။ ချီးကျူးခြင်းများ ခံလာရပါတယ်။ တခါ ကျနော်တို့ဆီက ရဲဘော်လေး တစ်ယောက် ကို လူမျိုးစု စစ်သင်တန်းမှာဘဲ သင်တန်းပေးတက်ပြီး စခန်းသိမ်း တိုက်ပွဲ တက်ခိုင်းပါတယ်။ သူကိုင်တာက အာရ်ပီဂျေ၊ စတီးပြောင်း လေးလေးကြီး၊ တက်တာ ဖိနပ်မပါဘူး။ အဲ့ဒီ အလုံး ၁၅ လုံးလောက်ပစ်တော့ ပြောင်းတောင်ပွတယ်။ သူအဲ့လို ပစ်နေတဲ့အချိန်မှာ သူကျောကုန်းပေါ် ခဲတလုံး ကျလာတော့ သူက အော်တယ်။ ဘယ်ကောင်ငါ့ကို ခဲနဲ့ပစ်လဲလို့ ဆိုပြီး အဲ့ဒီ ပစ်တဲ့ ခဲကို အိတ်ထဲထည့်ထားလိုက်တယ်။ တခြားရဲဘော် တစ်ဦးက နင့်ကို ပစ်တဲ့ ခဲငါ့ကို ပြစမ်းဆိုတော့ အာလားလား ၇၉ ကျည်ဖြစ်နေတယ်။ အဲ့ဒါ ၇၉ ဆိုတော့မှ သူလက်က လွတ်ချလိုက်တယ်။ ကြည့် သူပစ်တဲ့နေရာနဲ့ တဖက် လူတွေနဲ့ ဘယ်လောက်နီးနေတယ်ဆိုတာကို။ (မှတ်ချက် ၇၉ မှာ သူ သတ်မှတ်ချက် အကွာအဝေး မရောက်လျှင်မကွဲပါ)။ အဲ့လိုနဲ့ နောက်ပြန်ရောက်တော့ သူ သွေးတွေအန် ထမင်းမစား နိုင် ဖြစ်တော့တာပါဘဲ။ အဲ နေကောင်းလို ရှားရှားပါးပါး ကြက်သား ဟင်း ချက်ကျွေးတာ နမြောလို့ဆိုပြီး အိမ်သာ မတက်ဘူး။ နောက်ပိုင်း မနဲ တောင်းပန်ရပါတယ်။
(ဒီမှာ သန်းကောင်ကျော်ပြီမို့ ကျနော် အပြီး မရေး နိုင်သေးပါ၊ အောက်ကလောက်နဲ့ရေးပြီး ဆက်ဖက်ခြင်ရင်တော့ ကျိုးစားပေးပါ့မယ်)

ကျနော် ဆက် ရေးခြင်တာကတော့ ဒီလို စာသင်ခန်းကထွက်လာတဲ့ ကျောင်းသားတွေ ဆိုပေမဲ့လည်း ဘဝ ရဲ့ အလှည့်အပြောင်းမှာ မိမိရဲ့ ကြိုးစားအားထုတ်မှု၊ ဇွဲရှိမှု၊ သင်ယူမှု တို့ကနေ တိုးတက်ပြောင်လဲတယ်ဆိုတဲ့ အချက်ပါဘဲ။

သူက အာရ်အိုင်တီကျောင်းသားပါ၊ ကျောင်းသားရဲ့ စစ်ဦးစီးချုပ် ရာထူကိုယူထားတယ်။ သူကို ကိုထွန်းဦးလို့အများက ခေါ်ကြတယ်၊ (ကျနော်တို့မှာ တာဝန်သာ ရှိပါတယ်၊ ရာထူးဆိုတာ မရှိပါဘူး၊ ရားထူးက တာဝန်အမည်ပါဘဲ)။ တချို့မဟာမိတ်များက ချစ် စနိုးနဲ့ ဗိုလ်ချုပ်လို့ခေါ်ကြတယ်။ သူ့ရဲ့ ကြိုးစားအားထုတ်သင်ယူမှုတို့ကြောင့် သူဟာ ကြွမ်းကြင်တဲ့သူတစ်ယောက်ဖြစ်လာပါတယ်။

ဒီနေရာမှာ မာနာပလော ကျတဲ့ အချိန်နဲ့ပါတ်သက်လို့၊ သူ့ရဲ့ လုပ်ဆောင်ချက်၊ ကျောင်းသားတွေရဲ့ လုပ်ဆောင်ချက်ကို နှစ်လေးဆယ်ကျော် စစ်တိုက်လာတဲ့ သူတွေတောင် သြှဲသြစေတဲ့ အချက်ပါ၊မာနာပလော ကျခါးနီးလေးတင်ပေါ့။ တပ်မတော်နဲ့ ဒီကေဘီအေ တပ်တွေ အားလုံး လမ်းကြောင်းတွေကို ပိတ်ထားနိုင်ပါပြီ။ ကျောင်သား ဌာနချုပ် ဒေါင်းဝွင်နဲ့ မာနာပလောတို့ဟာ စည်ပိုင်းထဲက ငါးပေါ့။

တညတော့ အိပ်နေတဲ့ လူတွေ အကုန်လုံးကိုနှိုး၊ မိန်းမနဲ့ ဖက်အိပ်နေတဲ့ အကောင်တွေအားလုံးကိုလည်း ခေါ်လာ၊ တန်းစီခိုင်းပြီး သူဘယ်အချိန်ထဲက ဆွဲနေတဲ့အစီအစဉ်လဲ မသိဘူး။ ချပြတယ်။ ဘယ်မှာ တပ်တွေ ဘယ်လို ရှိတယ်၊ ဘယ်လမ်းကြောင်းက သွား၊ ဘယ်လိုလုပ်၊ ဘယ်လိုပြန်လာ။ ဒီလိုနဲ့ ဖာပွန်ကို အလစ် ဝင်ပစ် နိုင်လိုက်ပါတယ်။ ဟိုဘက်မှာ ရှေ့တန်းနဲ့ နောက်တန်းနဲ့ ဆဲ၊ ကေအင်န်ယူလည်း တော်တော် သြှဲသြသွားတယ်။ ဒါနဲ့ ဂုဏ်ပြုတဲ့အနေနဲ့ ၇၅ ပေးမယ်ပေ့ါ။ ဒီလိုနဲ့ ၇၅ သွားအယူ အပြန်မှာ လှေမှောက်ပြီး ဆုံးခဲ့ပါတယ်။ သူရေမကူးတတ်၊ ဒီလှေနစ်တဲ့ အကြောင်းကို ကေအင်န်ယူ ဘယ်လဲဘာလဲမှာ ဖတ် နိုင်ပါတယ်။ သူမသွားခင် ရဲဘော်တချို့က အသက်ကယ် အကျီဝတ်သွားရန်ပြောပေမဲ့ သူက တခြားသူတွေမဝတ်တော သူဝတ်ရင်မသင့်တော်ကြောင်းပြန်ပြောပါတယ်။ဒီလိုနဲ့ သူဆုံးတဲ့သတင်းလည်း သိရော ကေအင်န်ယူက အဲ့ဒီ သူတို့လှေ တိုက်ခဲ့တဲ့ မြစ်ထဲက သစ်ငုတ်ကို မိုင်းနဲ့ ခွဲရှင်းခိုင်း၊ ပစ် သူ့အလောင်းကို ရှာပြီး အာဇာနည်းဂုံးမှာ မြှုပ်ခိုင်းပါတယ်။ အဲ့ဒီတော့ တချို့တွေဟာ ခုနက ပြောခဲ့တဲ့ ဗီယက်နမ်ကြီးလိုပါဘဲ။ အတွေ့အကြုံ လေ့လာမှုကနေ တတ်မြောက်သွားတာပါဘဲ။

ဗိုလ်ချုပ်ထွန်းဦး ဂေါက်သွား(ရှုးသွား)ပြီ

ဒီနေရာမှာ အနည်းငယ် ရေးခြင်တာကတော့ ကျနော်တို့ဆီမှာ ခုနက ပြောသလို တာဝန်သာရှိပြီး ရာထူး ရာခံမမည်ပါဘူး။ တာဝန်ချိန်မှာ တော့ တာဝန် အလိုက် လေးစား နာခံပြီး ကျန်တဲ့ အချိန်မှာတော့ အားလုံးဟာ သူငယ်ခြင်း၊ ညီအစ်ကို ရင်းတွေလို စကြ နောက်ကြ အတူတူ သောက်စားကြပါဘဲ။ ဟိုး အကြီး ဆုံးက နေ အငယ်ဆုံးအထိ။ ပြီး တစ်ယောက်နဲ့ တစ်ယောက်ကြပ်ကြတယ်။

ပေါက်စ၊ သူက ရိုးရိုးသာမန်ရဲဘော်ပါဘဲ။ သံချောင်း သိပ်ရိုးသိပ်အတယ်။ ပေါက်စက ကြေပ်ကောင်။ တနေ့ ပေါက်စက သံချောင်းကို ဟေ့ကောင်သံချောင်း၊ မင်းသိလား၊ ဒို ဗိုလ်ချုပ်ထွန်းဦး ငှက်ဖျားပိုး ဦးနှောက်ထဲရောက်ပြီး ဂေါက်သွားပြီ၊ အခု မြင်းကြီး တစ်ကောင်နဲ့ ရှောက်သွားနေတယ်။ အဲ့ဒါမင်းသတိထား လိုပြောပြီးထွက်သွားလိုက်လေရဲ့။

အဲ မကြာပါဘူး။ ကိုထွန်းဦးရောက်လာပါတယ်။ မိုးရွာရွာထဲမှာ၊ သေနတ်ကြီးလွယ်၊ မြင်းကို လက်ကကိုင်၊ တဖက်က သူ ရှားရှားပါးပါး ရထားတဲ့ ဖိနပ်လေးပေသွားမိုဆိုးလို့မစီးဘဲနဲ့ ကိုင်လာပြီး ဗွက်တောထဲကနေ မီးဖိုချောင် ရှေ့ရောက်လာ၊ ဒါကို သံချောင်းက တွေ့သွားတယ်၊ သံချောင်းကတွေးတယ်။ ဟ ရှုးနေတဲ့သူ ဝင်လာရင်အခက်၊ သေနတ်ကြီးနဲ့၊ ဟိုက မီးဖိုချောင်ရှေ့အရောက် သံချောင်းက အသံကုန်၊ လက်ညိုးထိုးပြီး သွား၊ အခုထွက်သွားလိုအော်လိုက်လေရဲ့။ သူလည်း သိလိုက်ပြီး ဒီကောင့်ကို တကောင်ကောင် ကြပ်သွားပြီ၊ အဲ့ဒီတော့ မီးဖိုချောင်ထဲမဝင်ဘဲ ဆက်ထွက်လာခဲ့၊ ဘယ်ကောင်ကြပ်သွားပါလိမ့်။ ညရောက်တော့ သိလိုက်ပြီ၊ သကောင့်သား ပေါက်စ၊ တွေ့ပြီ၊ ဟေ့ကောင်လာခဲ့၊ မင်းမဟုတ်လား ကြပ်လိုက်တာ၊ မင်းကို ငါးချက် ဖြောတင်မယ်။ ပေါက်စ– ငါးချက်တော့ များတယ်၊ သုံးချက်ဘဲ လုပ်ပါ၊ နောက်ဆုံး လေးချက်နဲ့ ဈေးတည့်သွားတယ်။

မြင်းခွာ တခုကြောင့် တိုင်းပြည်တခုလုံးဆုံးရ

ဒီတခါပြောခြင်တာကတော့ အသေးအဖွဲလို ယူဆရတဲ့အရာဟာ အဆုံးမှာ ကြီးမာတဲ့ ဆုံးရှုံးမှုကြီးကို ရတတ်တယ်ဆိုတာပါဘဲ။ ဖတ်ဖူးတဲ့ စာထဲမှာ မြင်းခွာလေး တခု ပြုတ်ခဲ့တာကို သိပ် အရေးမကြီးဘူးလို့ ယူဆခဲ့တာ နောက်ဆုံး တိုင်းပြည်တစ်ခုလုံး ဆုံ ရှုံးခဲ့ရတယ်ဆိုတာပါဘဲ။

ဖြစ်ပျက်ခဲ့ပုံက ဒီလိုပါ။ တခါ ကျနော်တို့ ကျောင်းသားတပ်ရင်း စစ်ကြောင်းနဲ့ လူမျိုးစု မဟာမိတ်စစ်ကြောင်းတွေ အတွင်းကိုဝင်ပြီး လှုပ်ရှားနေချိန်ပေါ့။ အဲ့ဒီနေ့က မြို့ထဲကိုဝင် ဈေးတွေပါတွေ ဝင်ဝယ်တယ်။ အဲ့ဒီဘက်မှာ သူပုန်မြို့ထဲကို ဝင်တယ်ဆိုတာ အထူး အဆန်းမဟုတ်ဘူးလေ။ ဒါပေမဲ့ သူတို့ မြို့ထဲကို ဝင် တဲ့ အချိန်မှာ စစ်တပ်က ဗိုလ်က အရပ်သား ဝတ်နဲ့ လာပြီး ထောက်လှန်းနေတာကို မသိလိုက်ဘူး။

ဒါနဲ့ စစ်ကြောင်းဆက်ချီပြီး ရွာတရွာမှာ နားတယ်။ အဲ့ဒီ ရွာရောက်တော့ ရန်သူ သတင်းက အေးအေး ဆေးဆေး ဘဲဆိုတော့ ရွာထဲက အိမ်တွေပေါ်မှာဘဲ အိပ်ကျဖို့ ဆုံးဖြတ်ကြပါတယ်။ စစ်ကြောင်းမှူးက လူမျိုးစုက ဗိုလ်ပေါ့။ ဒီလိုနဲ့ ရွာထိပ်မှာ ကင်းထိုးပြီး အိမ်တွေမှာ အိပ်ကြတာပေါ့။ ညရောက်တော့ ရွာသား တစ်ယောက်က လာပြီး သတင်းပေးတယ်။ စစ်တပ်က စစ်ကြောင်းတစ်ခု ဒီဘက်ကို လာနေပြီဆိုတာ။ အဲ့ဒီ သတင်းကို ကျောင်းသား စစ်ကြောင်းမှူး ဆီကို သတင်းပေးလိုက်တယ်။ ကျောင်းသား စစ်ကြောင်းမှူးက စစ်ကြောင်းမှူး လည်း ပင်ပန်းလို့ အိပ်နေတယ်ဆိုတော့ အားနာလို့ဆိုပြီး မနိူးတော့ပါဘူး။ ဒါသူ့ရဲ့ မဟာ အမှားပေ့ါ။

ညရောက်တော့ စစ်တပ်က ရွာထဲကို ဝင်တယ်။ ကင်းက လက်နှိပ်ဓါတ်မီးနဲ့ အချက်ပြပြီး ကင်း က ဘယ်မှာ ရှိနေတာကို သိပြီး ကင်းကို ရှောင် နိုင်ခဲ့တယ်။ စခန်းချ အိပ်နေတဲ့ အိမ်တွေအောက်မှာ အသင့်နေရာယူပြီး ဝိုင်းထားပြီးပြီ။ အဲကံကောင်းခြင်တော့ ကျောင်းသား တစ်ယောက်က နိုးလာပြီး ကြည့်လိုက်တော့ ကိုယ့်လူပေါ့။ သူမြင်လိုက်တာက စစ်တပ်ဘက်က တပ်ကြပ်ကြီး တစ်ယောက် သူတို့ကို တက်ချောင်းတာ။ ဒါပေမဲ့ သူကြည့်လိုက်တော့ ကိုယ့်လူ မဟုတ်ဘူး။ ဒါနဲ့ တပ်မှူးတွေကို အကြောင်းကြားလိုက်တယ်။ တပ်မှူးတွေကလည်း အိပ်နေတာက ထ၊ အဲ့ဒီအချိန်မှာ ခုနက တပ်ကြပ်ကြီး ပြန်တက်လာတာ မြင်တာနဲ့ ပစ်ချလိုက်ရော တိုတ်ပွဲ

စတာပါဘဲ။ ဟိုက အသင့် ဝိုင်းထားပြီဆိုတော့ အိမ်တွေကို တလကြမ်း ဆွဲတော့တာပါဘဲ။ ပစ်လိုက်တဲ့ ကျည်တွေဟာ တန်းဆောင်တိုင် မီးထွန်းပွဲ ထွန်းထားသလိုပါဘဲတဲ့။ အဲကိုလူ၊ သူ့လူတွေနဲ့လည်းရောကုန်တော့တာပါဘဲ။ ကျောင်းသား ရဲဘော်တစ်ဦးက စစ်တပ်နားရောက်သွားတယ်။ သူကိုင်တာက M16 နဲ့ဆောင်းထားတာက တောဆောင်း။ အဲ စစ်တပ်က တပ်ကြပ်ကြီးက သူ့ပုခုံးကို ကိုင်ပြီး ဟိုဘက်မှာ ငါတို့လူတွေရှိတယ်နော်လို့ပြောပါတယ်။ တော်သေးတယ်။ သူ့သေနတ်ပြောင်းဝဘက်ကို မတွေ့သွားလို့။ သူလည်း တိတ်တိတ်လေး ထွက်လာခဲ့တယ်။ တဖက်ကလည်းအော်တယ်။ ဟေ့ ကိုယ့်တပ်စိတ်နဲ့ ကိုနေရာချထားတာ၊ ဘာတွေ ဖြစ်နေတာလည်းပေါ့။ အဲလူမျိုးစု ဖက်ကတစ်ယောက်က စစ်တပ်ဘက်က စက်လက်ပစ်နေတဲ့ကြားကို ခုန်ဝင်ပြီး စက်လတ်သမားကို မပစ်နဲ့ အဲ့ဒီဘက်မှာ ငါတို့လူတွေရှိတယ်လို့အော်တယ်။ အဲ ကြည့်လိုက်တော့ ကိုယ့်လူ မဟုတ်ဘူး။ ဒါနဲ့ ပြန်ထွက်ပြေး။ ရှုပ်ရှက်ခက်နေတာပါဘဲ။

အိမ်တွေကို အော်တိုဆွဲတော့ ရွာသားတွေပါထိတယ်။ ရွာသားတစ်ယောက်က သူ့ကလေးထိသွားပြီလို့ ပြတယ်။ ကျည်က ရှေ့ခေါင်းက ဝင်ပြီး နောက် ကနေထွက်သွားတာ။ အဲ့ဒီညမှာ ဘဲ ကျနော်တို့ တပ်ရင်းဘက်က အကြီးမားဆုံး ဆုံးရှုံးမှုကြီး ကိုရလိုက်တယ်။ တညတည်း နဲ့ သုံးယောက် ကျသွားတယ်။ ဒါဟာ ဖြစ်ခဲ့သမျှထဲမှာ အကြီးမားဆုံးလို့ ဆိုရပါမယ်။ အဲ့ဒီထဲမှာ တစ်ယောက်က မသေသေးပါဘူးတဲ့။ အဲ့ဒါကို စစ်တပ်က မသေမခြင်း ဘိနပ်နဲ့ ကန်ပြီး သတ်လိုက်တယ်လို့ နောက်မှ ရွာသားရဲ့ပြောပြချက်အရ သိရပါတယ်။ အဲ့ဒီထဲမှာ ပိုပြီး ဝမ်းနည်းဖို့ ကောင်းတာက ကျသွားတဲ့တစ်ယောက်ဆို အဲ့လို မဖြစ်ခင် သူ့ရွာကို အရင် ဝင်ခဲ့တယ်။ သူ့ အဖေအမေ မိသားစု တွေအားလုံးကို တွေ့ခဲ့တယ်။ သူက ပြောခဲ့တယ်။ ခု ငါ့မိသားစုကို ငါပြန်တွေ့ရပြီ။ ငါသေရင် သေပျော်ပါပြီတဲ့။ ရဲဘော်တစ်ယောက်ပြောပြခဲ့ဘူးတယ်။ ကျနော်တို့ နေတာက လယ်ျာတောင်ကျွန်း စကားထွန်းတယ်တဲ့။ စကားကို အရမ်း မပြောရဘူးတဲ့။ သူသား ကျသွားတဲ့ သတင်းကို ကြားရတော့ သူ့ အမေဟာ လိုက်လာပါတယ်။ သူ့သားမြေပုံပေါ်မှာဘဲ သူလဲကျသွားရှာပါတယ်။ တကယ့်ဝမ်းနဲ့စရာတွေပေါ့နော်။ အားလုံးကို စမ်းစစ်လိုက်တော့ ခုနက ကျောင်းသား စစ်ကြောင်းမှူ ပေါ့ရော့မှူ ကြောင့်လိုဘဲ ပြောရမှာပေါ့။ ရန်သူ စစ်ကြောင်းလာနေတယ် ဆိုတာကို ပေါ့ပေါ့ဘဲတွေးခဲ့တယ်။ အဲ့ဒါကိုလည်း ပင်မ စစ်ကြောင်းမှူးကို အကြောင်းမကြားခဲ့ဘူး။ သိပ် အရေး မကြီးဘူးလို့ ထင်ထားခဲ့တဲ့ အရာတွေဟာ အဆုံးမှာ ကြီးမားတဲ့ ဆုံးရှုံး မှုတွေ ဖြစ်တတ်ပါတယ်။ ကျနော့ ဘကြီး ပြောခဲ့တဲ့ စကားလေးကို ကျနော် တခါ တခါ ပြန်သတိရတယ်။ သူပြောခဲ့ တာ minor minor ကနေ major ဖြစ်လာတတ်တယ်တဲ့။ ဒီကနေ မန်ဘာတွေ ဘဝမှာ သခ်န်းစာ ယူ နိုင်လိမ်မယ်လို့ ယုံကြည်ပါတယ်။

## <u>The End</u>

# ယမမင်းဥယျာဉ်သို့ အလည်ရောက်ခြင်း

## ဂါမဏိ



ILLUSTRATION: HARN LAY

# ယမမင်းဥယျာဉ်သို့ အလည်ရောက်ခြင်း

## ၁။ ရှေ့ဆက်တွဲမှတ်တမ်းများ

ကိုဝင်းနိုင်ဦး ရေးတဲ့ "လူငယ်တဦးရဲ့ မှတ်တမ်းမဲ့မှတ်တမ်းများ" ကိုဖတ်ရတဲ့အခါ ကျနော့်စိတ်ထဲမှာ သူ့လိုပဲ တချိန်က မှတ်တမ်း မတင်ခဲ့ရတဲ့ မှတ်တမ်းတွေကို ဖော်ထုတ်ဝေမျှချင်စိတ် ပေါ်လာခဲ့ပါတယ်။ ကျနော် မျှဝေချင်တဲ့မှတ်တမ်းတွေက ၈ လေးလုံးမတိုင်ခင် "မဆလ" စစ်အုပ်စုရဲ့ အကျဉ်းစခန်းတွေမှာ ကြုံခဲ့ရတာတွေဖြစ်လို့ အခုခေတ်စားလာတဲ့ အသစ်ထွင်အင်္ဂလိပ်ဝေါဟာနဲ့ ပြောရရင် **Prequel** (ပရီ ကွယ်လ်)၊ ဗမာလိုဆိုရင်တော့ ရှေ့ဆက်တွဲမှတ်တမ်း လို့ ပြောရမယ် ထင်ပါတယ်။

တကယ်ကတော့ ကိုဝင်းနိုင်ဦးမှတ်တမ်းများရဲ့ ပရီကွယ်လ်ရှေ့ဆက်တွဲအခန်းတွေကို နိုင်ငံရေးအကျဉ်းသားဟောင်း အတော်များ များကလဲ ဖော်ထုတ်ခဲ့ကြပြီးဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက် စစ်တပ် အာဏာသိမ်းတဲ့နေ့ကစပြီး၈ လေးလုံးအရေးအခင်း ကာလအထိ၊ တဖန် ၈ လေးလုံးကာလကနေ ဒီကနေ့အထိ၊ ကျောင်းသားတွေအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ ထောင်နဲ့သောင်းနဲ့ချီပြီး စစ်အစိုးရအဆက်ဆက်ရဲ့ အကျဉ်း ထောင်တွေထဲရောက်ရ၊ ချုပ်နှောင်ခံရ၊ နှိပ်စက်ညင်းပန်းခံခဲ့ရတယ်။ ကမ္ဘာပေါ်မှာ ဗမာပြည်ဟာ ကျောင်း သားတွေ အများဆုံး အသတ်ခံရ တဲ့တိုင်းပြည်၊ အများဆုံး အဖမ်းခံရတဲ့တိုင်းပြည် လို့ပြောရင် ရနိုင်ပါတယ်။

၈ လေးလုံးမတိုင်မီ ရှေ့ဆက်တွဲမှတ်တမ်းတွေကို ကိုအောင်စောဦး (မြိုင်းရာပြည့်၊ ယခု**NLD-LA**)၊ ကိုမောင်မောင်တိတ် (ဦးသန့် အရေးအခင်း၊ ယခု **ABSDF**)၊ ကိုဌေးအောင် (၇၅ ဂျွန်အရေးအခင်း)၊ ကိုခင်မောင်စိုး (၇၅ ဂျွန်အရေးအခင်း၊ ယခု**RFA**)၊ ကိုအေးဝင်း (မြိုင်းရာ ပြည့်၊ ယခု လမင်းတရာ **LA**) တို့က ဖော်ထုတ်ရေးသားခဲ့ကြဖူးတယ်။ ဒီ့အပြင် ယခု**RFA** သတင်းထောက် ဦးတင့်ဇော်၊ ကိုအောင်ထက် ခေါ် ဖိုးသံချောင်း (ကျွန်းပြန်၊ ယခု ဗကပ)၊ ကိုစိုးချစ် (ကျွန်းပြန်၊ ယခု ဗကပ)၊ ယခု **KNU** မှ ဖဒိုမန်းငြိမ်းမောင်၊ ကွယ်လွန်သွားတဲ့ **CRDB** ဦးတင်မောင်ဝင်း၊ ယခု **PLF** ဥက္ကဋ္ဌ ဦးအေးဆောင်၊ သတင်းစာဆရာကြီး ကြေးမုံဦးသောင်း ခေါ် အောင်ဗလ နဲ့တခြားနိုင်ငံရေးအကျဉ်းသား ဟောင်းတချို့ကလဲ သူတို့ဖြတ်သန်းခဲ့ဖူးတဲ့ ယမမင်းဥယျာဉ်ရဲ့ ရုပ်ပုံလွှာမြင်ကွင်းတွေကို အသီးသီးဖော်ထုတ်တင်ပြပြီးမှတ်တမ်းမဲ့မှတ်တမ်း တင်ခဲ့ကြတယ်။ အခုမှတ်တမ်းကလဲ ယမမင်းဥယျာဉ်တော်ကြီးထဲ အလည်ရောက်ခဲ့စဉ်က ရခြင်းတကွက်၊ သို့မဟုတ် ဇာတ်ဝင်ခန်းတခန်းကို မိတ်ဆက်တင်ပြသွားမှာဖြစ်ပါတယ်။ စာပေလွတ်လပ်ခွင့် အပါအဝင် ဒီမိုကရေစီအခွင့်အရေးတွေ အပြည့်အဝရတဲ့အခါကျရင်တော့ ယမမင်း ဥယျဉ်ကြီးရဲ့ ရုပ်ပုံကားချပ်အပြည့်အစုံကို တွေ့မြင်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။

ယခုမှတ်တမ်းကို စနစ်တကျသုသေသနလုပ်ပြီးအချက်အလက်တွေ ပြန်လှန်စစ်ဆေးဖို့ အခြေအနေမပေးတာကြောင့် ဒီဆောင်းပါးမှာ အချက်အလက်တွေ လွဲမှားတာ၊ ကြွင်းကျန်တာရှိရင် စာရေးသူ ကျနော့်တာဝန်သာ ဖြစ်ပါတယ်။ ဒီ့အပြင် တချိန်က ထောင်တွင်းအနေ အထားတွေကို ဖြတ်သန်းခဲ့စဉ်တုံးကအတိုင်း ပီပီပြင်ပြင် ကွက်ကွက်ကွင်းကွင်း ခံစားစေချင်တာကြောင့် တချို့စကားအသုံးအနှုန်းတွေ ကြမ်း တမ်းရိုင်းပြသလို ဖြစ်သွားရင်လဲ နားလည်ခွင့်လွှတ်ပေးကြဖို့ ကြိုတင်မေတ္တာရပ်ခံပါတယ်။

## ၂။ ရေသောက်မြစ်

၁၉၇၅ ခု နှစ်လယ်လောက်မှာ အင်းစိန်ထောင်ထဲ ထိန်းသိမ်းခံထားရတဲ့ ကျောင်းသားဦးရေဟာ ၃၀၀ ကျော်ရှိနေပါတယ်။ အဲဒီထဲ မှာ ၇၄ ဒီဇင်ဘာ ဦးသန့် အရေးအခင်းက ကျောင်းသား ၆၀ ခန့်နဲ့ ၁၉၇၅ ဂျွန် (အလုပ်သမား အရေးအခင်း နှစ်ပါတ်လည်) ရွှေတိဂုံ အရေးအ ခင်း ကျောင်းသား ၂၈၀ ခန့်ပါဝင်ပါတယ်။ တခြား နိုင်ငံရေးအကျဉ်းသားတွေထဲမှာ ဦးသန့်အရေးအခင်းတုံးက ဖမ်းဆီးထောင်ချခံရတဲ့ သံဃာ တော် ၁၀ ပါးခန့် ရှိပါတယ်။ ၇၄ မေ–ဂျွန် အလုပ်သမား အရေးအခင်းတွေက ၂၀–၃၀ လောက်ရှိပါတယ်။ ဦးသန့်အရေးအခင်းမှာ စဖမ်းတုန်းက ကျောင်းသားနဲ့ အရပ်သားဦးရေ ၁၀၀၀၀ လောက် အဖမ်းခံခဲ့ရပြီးသံဃာတော်နဲ့ သီလရှင်တွေ အပါး ၅၀၀ လောက်ပါခဲ့ပေမယ့် ၇၅ နှစ်လယ်လောက်မှာတော့ ပြန်မလွှတ်ဘဲ နောက်ဆုံးကျန်တာ ခုနပြောသလို ကျောင်းသား ၆၀ လောက်နဲ့ သံဃာ ၁၀ ပါးလောက်ပဲ ဖြစ်ပါ တယ်။ ဦးသန့်အရေးအခင်းဟာ မန္တလေးမှာလဲ ဖြစ်ခဲ့တယ်။ မန္တလေး ကျောင်းသားတွေကတော့ မန္တလေးထောင်မှာဘဲ ထိန်းသိမ်းခံခဲ့ရတယ်။

ဦးသန့်အရးအခင်း မဖြစ်မီ ၇၄ ခုနှစ်ထဲမှာ ကမာရွတ်ဂါတ်တဲ မီးရှို့မှုဖြစ်ပြီးတက္ကသိုလ်ကျောင်းသားတွေနဲ့ ကမာရွတ်လှည်းတန်းက အရပ်သားလူငယ်တွေ အဖမ်းခံရသေးတယ်။ အဲဒီအရေးအခင်းကတော့ တက္ကသိုလ်ကျောင်းသားတဦးကို ခါးပိုက်နှိုက် ဆိုပြီးစစ်အာဏာ ရှင်ဒေါက်တိုင် မဆလ ပုလိပ်တွေက သူတို့အကျင့်အတိုင်း ဖမ်းပြီးမတရားနှိပ်စက်တာကို ကျောင်းသားတွေ မခံမရပ်နိုင်ဖြစ်ရာကနေ ကမာရွတ် ရဲစခန်းကို ကျောင်းသားတွေနဲ့ လူထုတွေက ဝိုင်းဆော်ထည့် မီးရှို့ပစ်လိုက်တဲ့ အမှုဖြစ်ပါတယ်။ ၇၅ ခုနှစ်လယ်မှာတော့ ဒီအမှုကနောက်ဆုံးကျန်နေပြီး တရားရုံးထွက်နေရတာ ကမာရွတ်က လူငယ်တဦးပဲ ရှိတယ်။ ခံဝန်ချုပ်နဲ့ ပြန်လွှတ်ပေးထားတဲ့ ကျောင်းသား ၃ ယောက်ကိုတော့ ၇၆ မြိုင်းရာပြည့် အရေးအခင်းဖြစ်ပြီးနောက်ပိုင်းမှာ ပြန်လည် ဖမ်းဆီးထောင်ချခဲ့တယ်။

၇၅ ဂျွန် (ရွှေတိဂုံ) အရေးအခင်းမဖြစ်ခင် မေလကုန်ပိုင်းလောက်မှာ ပညာရေးတက္ကသိုလ်ကျောင်းသားတွေရဲ့ နိုင်ငံတော်ကောင်စီရုံး ခဲပေါက်မှု(ခေါ်) ဝင်ဒီမီယာ ခဲပေါက်မှုအရေးအခင်းတခု ဖြစ်ခဲ့သေးတယ်။ အဲဒါကတော့ ပညာရေးတက္ကသိုလ် ကျောင်းသားတွေ မြို့ထဲကနေ ကျောင်းကို ညဘက် အပြန်မှာ ဟံသာဝတီအဝိုင်းရှိ နိုင်ငံတော်ကောင်စီရုံး ဂိတ်စောင့်စစ်တပ်က မိုက်မိုက်ရိုင်းရိုင်း ရန်စစော်ကားပြီး ပြဿနာရှာ ရိုက်နှက်လို့ ကျောင်းသားတွေ မကျေမနပ်ဖြစ်ရာကနေ အဆောင်မှာလူပြန်စု နိုင်ငံတော်ကောင်စီရုံး ဂိတ်တံခါးနဲ့ကင်းတဲကို ခဲနဲ့ဝိုင်းထုတဲ့ အမှုဖြစ်ပါတယ်။ အဲဒီကိစ္စကြောင့် နောက်ပိုင်းမှာ ပညာရေးတက္ကသိုလ် ကျောင်းသား ၁၀ ယောက်ကျော်ကို ဖမ်းဆီးထောင်ချခဲ့ရာမှာ အများစု ဟာ ရွှေတိဂုံ အရေးအခင်းမှာလဲ အမှုတွဲပါကြတယ်။

၇၅ ဂျွန် အရေးအခင်းဟာ ၇၄ မေဂျွန် အလုပ်သမား အရေးအခင်းရဲ့ နှစ်ပါတ်လည်အဖြစ် လှုပ်ရှားတာဖြစ်တဲ့အတွက် ကျောင်း သားသပိတ်သာမက အလုပ်သမားသပိတ်တွေလဲပါတဲ့ အထွေထွေသပိတ်ကြီး ဖြစ်ဖို့ ရည်ရွယ်ဦးတည်ခဲ့တာ ဖြစ်တယ်။ အဲဒီမှာ ကျောင်းသား သပိတ်က အစပိုင်းမှာ

ဘွဲ့နှင်းသဘင်ခန်းမ၊ နောက်ပိုင်းမှာ ရွှေတိဂုံဘုရားကို သပိတ်စခန်းဖွင့်ခဲ့ပြီးနောက်ဆုံး ရွှေတိဂုံဘုရားပေါ်မှာပဲ ဖြိုခွဲ ဖမ်းဆီးခံခဲ့ရလို့ ရွှေတိဂုံအရေးအခင်းလို့လဲ ခေါ်ဝေါ်ခဲ့ကြတယ်။ အလုပ်သမားတွေကတော့ မိမိတို့ စက်ရုံအလုပ်ရုံတွေအလိုက် သပိတ်စခန်း တွေ ဖွင့်ခဲ့ကြပြီးအဲဒီကနေပဲ ဖြိုခွဲဖမ်းဆီးခံကြရတယ်။ ၇၄ အလုပ်သမား အရေးအခင်းလောက် စက်ရုံအလုပ်ရုံပါဝင်မှုမများခဲ့ဘဲ မှတ်မိသ လောက် အင်းစိန် မီးရထားစက်ခေါင်းအလုပ်ရုံ၊ ဘီပီအိုင် ဆေးဝါးလုပ်ငန်းစကရုံ၊ ရွာမသံမဏိစကရုံ၊ အလုံသစ်စက်တွေနဲ့ မီးခြစ်စက် တို့ပါခဲ့ ကြတယ်။ ၇၅ ဇွန်အရေးအခင်းဟာ ရန်ကုန်တွင်သာမက မန္တလေးတက္ကသိုလ်၊ မကွေးကောလိပ်နဲ့ မော်လမြိုင်ကောလိပ် တို့မှာလဲ ဖြစ်ခဲ့တယ်။

၇၆ မတ်လနဲ့ ဇူလိုင်လတွေမှာ မှိုင်းရာပြည့် အရေးအခင်းအမှုနဲ့ ကျောင်းသား ၁၀၀ နဲ့ ၂၀၀ ကြား အင်းစိန်ထောင်ထဲ ထပ်ဝင်လာ တယ်။ ၇၆ မှိုင်းရာပြည့် မဖြစ်ခင်လေးမှာဘဲ ရန်ကုန်တက္ကသိုလ်ဝင်းထဲ အရေးအခင်းငယ်တခု ဖြစ်ခဲ့သေးတယ်။ ကျောင်းလခနဲ့ အဆောင်လခ တွေတိုးတာကို အကြောင်းရှုပြုပြီး ကျောင်းသားတချို့က သပိတ်မှောက်ဖို့ ကြိုးစားခဲ့ကြတယ်။ သူတို့က ကျောင်းဝင်းထဲ တညလောက် အဆောင်တွေရှေ့ ကြွေးကြော်သံအော် လူစုပေမဲ့ ကျောင်းသားအများစုကြီးက မှိုင်းရာပြည့်အတွက် စီစဉ်ပြင်ဆင်ထားပြီးဖြစ်လို့ အဲဒီ လှုပ်ရှား မှုမှာ မပါဝင်ကြဘဲ သပိတ်ဖြစ်ရေး ကြိုးပမ်းလှုပ်ရှားမှုမအောင်မြင်ခဲ့ပါဘူး။ ဒါပေမယ့် နောက်ပိုင်းမှာ စစ်အစိုးရက ဒီလှုပ်ရှားမှုကို ခေါင်းဆောင် တယ်လို့ စွပ်စွဲပြီးကိုမြင့်လှိုင် (ဆေး ၁၊ အင်းတော်၊ ယခုအမေရိကန်နိုင်ငံ)၊ ကိုသာဒွန်းအောင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်၊ ကျောက်တော်၊ ရခိုင်အမျိုးသား)၊ ကိုစောသိန်းမောင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ တောင်ကုတ်၊ ရခိုင်အမျိုးသား) နဲ့ ကိုနေဒွန်းအောင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ပျဉ်းမနား) တို့ ၄ ယောက်ကို မှိုင်းရာပြည့် အမှုပါတွဲပြီး ထောင်ချခဲ့တယ်။ ၁၉၇၆ ခု မှိုင်းရာပြည့် မှာ ရန်ကုန်နဲ့ အင်းစိန်မှာသာမက မန္တလေး၊ တောင်ကြီး၊ မကွေး၊ ပုသိမ်မြို့တွေမှာလဲ ကျောင်းသားလှုပ်ရှားမှုတွေ ဖြစ်ခဲ့သေးတယ်။ ပုသိမ်မှာ မတ်လ ဒုတိယပတ်အတွင်း အဆောင်ကြေး ကျပ် ၁၂၀ ကိစ္စနဲ့ ပတ်သက်ပြီး လှုပ်ရှားမှုတခု ဖြစ်ခဲ့တယ်။ ဆရာနဲ့ကျောင်းသား ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အဆင်ပြေသွားကြတယ်။ ဒါပေမဲ့ မတ် ၂၃ ရက် ရန်ကုန်မှာ မှိုင်းရာပြည့် အရေးအခင်း ဖြစ်ပွားပြီးတဲ့နောက် ပုသိမ်ကောလိပ်က လှုပ်ရှားမှုမှာပါဝင်တဲ့ ကျောင်းသားတွေကို နိုင်ငံရေးနဲ့ ဆက်နွယ်တယ်ဆိုပြီးပုသိမ်ထောင်မှာပဲ ထောင် ၂ နှစ်၊ ၃ နှစ်စီ ချလိုက်တယ်။ ပါဝင်သူတွေကတော့ မှတ်မိသလောက် ကိုစိုးထိုက် (မြောင်းမြ၊ ကဗျာဆရာစိုးအိမ်၊ နဝတ ခေတ် ထောင်ထပ်ကျ၊ ယခုကျူရှင်ဆရာ)၊ ကိုထွန်းဝေ (မြောင်းမြ၊ ကဗျာဆရာစိုးသစ်၊ နဝတခေတ် ထောင်ထပ်ကျ၊ ယခုကျူရှင်ဆရာ)၊ ကိုဝင်းမြင့် (မြောင်းမြ၊ ကဗျာဆရာမြေနု)၊ ကိုခင်မောင်စိုး (မြောင်းမြ)၊ ကိုတင့်ရှိန် (မြောင်းမြ)၊ ကိုဝင်းမြင့် (မြောင်းမြ)၊ ကိုစိန်ဝင်းမောင် (ပေါင်းတည်)၊ ကိုသန်းဝင်း (ပုသိမ်၊ ကဗျာဆရာ အောင်ဝေး) တို့ဖြစ်ကြတယ်။ ကျောင်းသားမဟုတ်တဲ့ အရပ်သား၊ သို့မဟုတ် ဝန်ထမ်းဖြစ်ပါစေ ကျောင်းသားအရေးအခင်းနဲ့ ထောင်ကျလာသူအားလုံးကို ထောင်ထဲမှာ ကျောင်းသားလို့ဘဲ သတ်မှတ်ခေါ်ဝေါ် ကြတယ်။

၇၆ နှစ်လယ်လောက်မှာ ဗိုလ်ကျော်ဇောတောခိုမှုမြီးမောင်းစာစောင် ထုတ်ဝေမှုတို့နဲ့ ပတ်သက်ပြီး ကျောင်းသား၊ ဝန်ထမ်း၊ စစ်သားနဲ့ အရပ်သားတွေ ၂၀ ကျော်၊ ၃၀ လောက် ထောင်ကျလာတယ်။ ၁၉၇၈ ခု နှစ်လယ်မှာ စက်မှုတက္ကသိုလ် သပိတ်မှောက်ဖို့ ကြိုးစား တာ မအောင်မမြင်ဖြစ်ပြီး ကျောင်းသားတွေ၊ ကျောင်းပြီးထားတဲ့ ကျောင်းသားဟောင်းတွေနဲ့ ဗကပယူဂျီ လို့စွပ်စွဲခံရသူတွေ ထောင်ထဲ ရောက်လာတယ်။

အခုမှတ်တမ်းမှာ အရေးအခင်းကာလ လှုပ်ရှားမှုတွေနဲ့ အဖမ်းခံရခါစ စစ်ကြောရေးကာလ နှိပ်စက်ညှဉ်းပမ်းမှုတွေ ပါဝင်မှာမဟုတ် ပါဘူး။ ထောင်ဒဏ် ချမှတ်ခံရပြီးနောက်ပိုင်း ထောင်တွင်းအဖြစ်အပျက်တွေကိုသာ အဓိကမှတ်တမ်းတင်မှာ ဖြစ်ပါတယ်။ ကျောင်းသားသပိတ် တွေအကြောင်း အဲဒီတုံးက ဦးစီးဦးဆောင်ခဲ့သူတွေ ပြန်ရေးတာ ပိုပြည့်စုံမှန်ကန်ပါလိမ့်မယ်။ ထူးခြားချက်အနေနဲ့ကတော့ ဦးသန့်အရေး အခင်းမှာ အဖမ်းခံရတဲ့ ကျောင်းသားတွေကို နိုင်ငံရေးပုဒ်မတွေသာမက ရာဇဝတ်မှုပုဒ်မတွေပါ အမျိုးမျိုးတပ်ပြီး စုစုပေါင်းပုဒ်မ ၅၀ ကျော်နဲ့ ထောင်ချခဲ့သလို ၇၅ ဇွန်အရေးအခင်းမှာလဲ အလားတူဘဲ ခိုးမှုအပါအဝင် ပုဒ်မမျိုးစုံ ၁၀ ခုလောက်နဲ့ ထောင်ချခဲ့တယ်။ ဒါပေမယ့် ဦးသန့် အရေးအခင်းမှာ ဖမ်းဆီးထောင်ချခံရတဲ့ သံဃာတော်တွေဟာ အခုနဝတနဲအဖခေတ်လိုမဟုတ်ဘဲ သင်္ကန်းရုံခွင့်၊ အာရုဏ်ဆွမ်းဘုန်းပေးခွင့်၊ ဝိနည်း နဲ့အညီနေခွင့်တွေ ရခဲ့ကြတယ်။

## ၃။ ပဏာမအခင်းအကျင်း

၁၉၇၅ ခုနှစ်လယ်မှာ နိုင်ငံရေးအကျဉ်းသားတွေကို အင်းစိန်ထောင်ထဲက နှစ်ထပ်အိပ်ဆောင်ကြီးတွေ ဖြစ်တဲ့ အဆောင် ၃၊ ၄ နဲ့ ၅ တို့မှာ သီးသန့်ထားပါတယ်။ သီးသန့်ဆိုတာက နိုင်ငံရေးအကျဉ်းသားတွေချည်း သီးသန့်နေရပြီး ရိုးရိုးရာဇဝတ်အကျဉ်းသားတွေနဲ့ ရောမ ထားတာကို ဆိုလိုတာဖြစ်ပါတယ်။ အဆောင်ကြီး သုံးဆောင်အပြင် စစ်ကြောရေးကာလမှာနဲ့ တခြားထူးခြားတဲ့ အခြေအနေတွေမှာ နိုင်ငံရေး အကျဉ်းသားတွေထားတဲ့ တိုက်တွေကတော့ အဓိကအားဖြင့် ၄ တိုက် (၄ ရှည် ၁၈ ခန်း၊ ၄ တို ၁၂ ခန်း) နဲ့ ၅ တိုက် (၂၂ ခန်း) တို့ဖြစ်ပါတယ်။ ၆ တိုက်ကတော့ နိုင်ငံရေး အကျဉ်းသားတွေအတွက် ပြစ်ဒဏ်တိုက်ဖြစ်ပြီး၁၀ ခန်း ရှိပါတယ်။ အမှောင်တိုက်၊ သို့မဟုတ် အလုံတိုက်လို့လဲ ခေါ်တယ်။ တိုက်သစ် (အခန်း ၁၀ ခန်း) ကတော့ အင်းစိန်ထောင်ထဲက စစ်ထောက်လှမ်းရေး ရုံးဝင်းအတွင်းမှာရှိပြီး အရေးကြီး နိုင်ငံရေး အကျဉ်းသားတွေ၊ စီးပွားရေးလုပ်ငန်းရှင်ကြီး အကျဉ်းသားတွေနဲ့ တခြားအရေးကြီးအကျဉ်းသားတွေကို စစ်ကြောရေး လုပ်စဉ်၊ ဒါမှမဟုတ် တခြားအကြောင်းတခုခုအရ ကာလတခု ထားတဲ့တိုက် ဖြစ်ပါတယ်။

၁ တိုက်၊ ၂ တိုက် (ရင်ကွဲတိုက်) နဲ့ ၃ တိုက်ကတော့ လိုအပ်ရင်လိုအပ်သလို နိုင်ငံရေးအကျဉ်းသားတွေ ထားတတ်ပေမဲ့ ယေဘူယျ အားဖြင့် ၁ တိုက် (၁၀ ခန်း) မှာ မိန်းမလျာ (အခြောက်တွေ၊ ထိုစဉ်ကအခေါ်အဝေါ်အရမတ်တွေ) ထားတတ်ပြီး၊ ၃ တိုက် (၁၀ ခန်း) က တော့ စောစောပိုင်းတုံးက "ညမီး" လို့ခေါ်တဲ့ ညဘက်မှာ တထောင်လုံးအတွက် ထမင်းချက်ဖိုကြီးဆင်းရတဲ့ ရာဇဝတ်အကျဉ်းသားတွေ ထားပြီး နောက်ပိုင်းမှာတော့ ငွေထိုးနိုင်တဲ့ ရာဇဝတ်အကျဉ်းသား သူဌေးကြီးတွေ အထူးအခွင့်အရေးအပြည့်နဲ့ထားတဲ့ ပိုက်ဆံတိုက်ဖြစ်သွားပါတယ်။ ၂ တိုက် ခေါ် ရင်ကွဲတိုက် (အခန်း ၆၀) ကတော့ ကြိုးတိုက်အဖြစ်လဲသုံး၊ ရာဇဝတ်အကျဉ်းသားတွေအတွက် ပြစ်ဒဏ်တိုက်အဖြစ်လဲ လိုရင်သုံး၊ နိုင်ငံရေးအကျဉ်းသားတွေ တခြား တိုက်တွေမှာထားဖို့ နေရာမရှိရင်လဲသုံး နဲ့ စွယ်စုံသုံး ဖြစ်ပါတယ်။ ထောင်ဆေးရုံဝင်းထဲမှာ လက်ပါးတိုက် (ခေါ်) အနူတိုက် (၁၀ ခန်း) လဲရှိသေးတယ်။ အဲဒီမှာတော့ အကျဉ်းသားတွေထဲက ကိုယ်ရေပြားရောဂါသည်တွေနဲ့ ရူးသွားသူတွေ ထားတတ် ပါတယ်။ ၆ တိုက်နဲ့ တိုက်သစ်ကလွဲပြီး ကျန်တဲ့တိုက်တွေနဲ့ အိပ်ဆောင်ကြီးတွေဟာ အင်္ဂလိပ်ကိုလိုနီခေတ်က ဆောက်ခဲ့တာ ဖြစ်ပါတယ်။

၆ တိုက်မှာ ပြတင်းပေါက်ငယ်လေး တခုကလွဲပြီး အလုံပိတ်ထားတယ်။ သစ်သားတံခါးနှစ်ထပ်နဲ့ ပိတ်ထားလို့ အလင်းရောင် အပြည့်အဝမရသလို ရင်ကွဲတိုက်ကလဲ ပြတင်းပေါက်ငယ်လေး တခုသာပျံပြီး အလုံပိတ်မထားပေမယ့် သံတိုင်တံခါးက တိုက်အတွင်းအလယ်လမ်း ဘက်လှည့်ထားလို့ အလင်းရောင် အပြည့်အဝမရနိုင်ဘဲ အမြဲတမ်း ခပ်မှောင်မှောင် ဖြစ်နေပါတယ်။ ကျန်တဲ့တိုက်တွေကတော့ အခန်းတံခါးတွေကို တိုက်ရှေ့ဝင်းဘက် လှည့်ထားလို့ လင်းလင်းချင်းချင်း ရှိပါတယ်။ ဒါပေမယ့် ၂ တိုက်နဲ့ ၄ တိုက်ဟာ မိုးမလုံဘဲ မိုးရာသီမှာ မိုးရေတွေ စိမ့်ဝင်စီးကျနေတတ်ပြီးတနှစ်ပတ်လုံး စိုစိုထိုင်းထိုင်း ဖြစ်နေလေ့ရှိတယ်။ တိုက်သစ်ကတော့ အခန်းထဲမှာပဲ ရေချိုးခန်း၊ အိမ်သာခန်းတွေ ရှိတဲ့ အပြင် တိုက်ရှေ့ မြေကွက်လပ်လေးနဲ့ပါ သီးသန့်တွဲထားပေးလို့ တိုက်တွေထဲမှာ အဆင့်အမြင့်ဆုံးလို့ ပြောနိုင်ပေမဲ့ လူမတွေ့ရဘဲ အမြဲပိတ်လှောင်ခံထားရတယ်။

အင်းစိန်ထောင်ဘေးက တွဲဘက်ထောင် (ယခု သီးသန့်ထောင် လို့ခေါ်ပါတယ်) မှာလဲ အဓိကအားဖြင့် နိုင်ငံရေးအကျဉ်းသားတွေ ထားတတ်ပါတယ်။ အဲဒီမှာ နှစ်ထပ် အိပ်ဆောင် နှစ်ဆောင် (ထောင်မကြီးက အိပ်ဆောင်တွေထက် ငယ်တယ်)၊ တထပ်အိပ်ဆောင် တဆောင်၊ အဆောင်ငယ်တလုံးနဲ့ တိုက်တတိုက် (၁၀ ခန်း)ရှိပါတယ်။ လုံးချင်းအိမ်လေးတွေလဲ သုံးလုံးလောက်ရှိတယ်။ ဗိုလ်ကြီးအုံးကျော်မြင့်တို့အမှုတုန်းက ဗိုလ်ကြီးအုံးကျော်မြင့်ဟာ တွဲဘက်တိုက်မှာနေခဲ့ရပြီးဗိုလ်ချုပ်ကြီးတင်ဦး (ယခု **NLD** ဒုဥက္ကဋ္ဌ) ကတော့ တွဲဘက်ထောင် လုံးချင်း အိမ်လေးတလုံးမှာ နေခဲ့ရတယ်။ အမျိုးသမီး နိုင်ငံရေးအကျဉ်းသားတွေ နေရတဲ့အဆောင်နဲ့ တိုက်တွေကိုတော့ ကောင်းကောင်းမသိပါ။ ထောင်မကြီးထဲက ၆ ဆောင်နဲ့ ဂျွန်ဦးစောအဖွဲ့အတွက် ဆောက်တယ်လို့ဆိုတဲ့ ၇ ဆောင်မှာ ထားတယ်ဆိုတာလောက်ဘဲ ယေဘူယျ သိရပါတယ်။ အဲဒီတုံးက အထိန်းသိမ်းခံ ကျောင်းသူတွေဖြစ်တဲ့ ဦးသန့်အရေးအခင်းက ဒွေးဒွေးဝင်း (အထက)၊ ရွှေတိဂုံအရေးအခင်းက နန်းခင်ထွေးမြင့် (စီးပွားရေးတက္ကသိုလ်၊ ဖါးအံ၊ ယခု **NLD** လွှတ်တော်ကိုယ်စားလှယ်)၊ နန်းရွှက်နု (စီးပွားရေးတက္ကသိုလ်၊ ယခု **SSA**–တောင်ပိုင်း ပြောခွင့်ရပုဂ္ဂိုလ်) နဲ့ တည်မြဲဖဆပလ ဝန်ကြီးဟောင်းဦးဗဆွေ ရဲ့ သမီးသုံးယောက်၊ တပ်မဟာမှူး ဟောင်း ကာနယ်ကြည်ဝင်းရဲ့ သမီးနှစ်ယောက်၊ ဦးသန့်ရွှေတိဂုံ နှစ်မှုတွဲက မစုစုမာ (အလကကျောင်းသူ)၊ အပါအဝင် တခြား ရွှေတိဂုံအရေးအခင်း ကျောင်းသူများ၊ ၇၅ ဇွန်အလုပ်သမားသပိတ် နှစ်ပတ် လည်လှုပ်ရှားမှုက ဘီပီအိုင်စက်ရုံအလုပ်သမ ၃ ယောက်နဲ့ **PDP** က တင်မာလာ တို့ရှိကြတယ်။ ရွှေတိဂုံအရေးအခင်းကျောင်းသူတွေ အများ ဆုံးဖြစ်ပါတယ်။ ဦးသန့်အရေးအခင်းတုံးက ကျောင်းသူတွေ အဖမ်းခံရတာများပေမဲ့ ၃–၄ လအကြာမှာ ဒွေးဒွေးဝင်းကလွဲလို့ အားလုံးပြန် လွှတ်သွားခဲ့ပါတယ်။ မိုင်းရာပြည့်က မလှမြိုင် (အထကကျောင်းသူ၊ ကိုတင်မောင်ဦး၏ညီမ၊ ချင်းအမျိုးသမီး) နဲ့ အင်းစိန် ဂျီတီအိုင်ကျောင်းသူ မသက် (ခုံဖိနပ်စိန်) တို့ကိုတော့ ပြစ်ဒဏ်စီရင်ချက်ချပြီးနောက် သာယာဝတီထောင်ကို ပို့လိုက်တယ်။

နိုင်ငံရေးအကျဉ်းသားတွေကို သီးသန့်ထားတယ် ဆိုပေမယ့် တချို့ကျတော့လဲ ရာဇဝတ်အကျဉ်းသားဆောင်မှာ ထားတာတွေ လဲရှိတယ်။ ၁၉၇၅ နှစ်ကုန်ပိုင်းလောက်မှာ မဆလပါတီဌာနချုပ်က စာရေးဝန်ထမ်း ကိုသောင်းဦး ဆိုသူ ခေါင်းဆောင်တဲ့ အလံနီနွယ်တချို့ လျှို့ဝှက်နိုင်ငံရေးပါတီ ထောင်တဲ့အမှု၊ ကိုထွန်းအောင်ကျော် (ခေါ်) ဘဲဖြူ (ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ **ABSDF** ရဲ့ပထမဆုံးဥက္ကဋ္ဌ) ခေါင်း ဆောင်တဲ့ ဖောက်ခွဲရေးသင်တန်းဆင်း ကျောင်းသားအလုပ်သမားအဖွဲ့တို့အမှုနဲ့ ၁၉၇၆ ခုမှာ ခိုင်မိုးလင်း **ALP** အဖွဲ့ချင်းပြည်နယ်ထဲ တိုက်ပွဲဖြစ် ဖမ်းမိလာတဲ့အမှုတွေမှာကျတော့ တရားရုံးက စီရင်ချက်ချပြီးတာနဲ့ အများစုကို ရာဇဝတ်အကျဉ်းသားဆောင်ကို ပို့လိုက်တယ်။ ဒါကြောင့် ထောင်တွင်း နိုင်ငံရေးလှုပ်ရှားမှုပင်မရေစီးကြောင်းထဲ မပါနိုင် ခဲ့ကြပါ။ ၁၇၁ နဲ့ ထောင်ချထားတဲ့ တချို့သော ကွန်မြူနစ် ပါတီလူတွေ၊ လူတွေလဲ ရာဇဝတ်ဆောင်မှာဘဲ ထားတာရှိသလို တချို့ကျတော့လဲ နိုင်ငံရေး အကျဉ်းသား သီးသန့်အဆောင် မှာ ထားတယ်။

နိုင်ငံရေးအကျဉ်းသားတွေ သီးသန့်ထားတဲ့အဆောင်မှာ နိုင်ငံရေးအကျဉ်းသားမဟုတ်တဲ့ တိုင်ဝမ် ငါးခိုးသင်္ဘောသားတွေ၊ ထိုင်းငါးခိုး သင်္ဘောသားတွေ ထားတာလဲ ရှိတယ်။ အဆောင်တွေနဲ့ တိုက်တွေက နိုင်ငံရေးအကျဉ်းသားတွေ ထမင်းကျွေး၊ မိလ္လာချ၊ ရေချိုးထုတ် စတဲ့ ဝေယျာဝစ္စတွေ လုပ်ပေးဖို့ လုံချည်ပြာဝတ် နှစ်ကြီးရာဇဝတ် အကျဉ်းသားတွေ (အများစုကလူသတ်မှု) ကို နိုင်ငံရေးအကျဉ်းသား အဆောင်မှာ အခန်းတခန်း ထားပေးထားတယ်။ အဲဒါတွေကလွဲရင် နိုင်ငံရေးအကျဉ်းသားနဲ့ ရာဇဝတ်အကျဉ်းသားတွေ ရောမထားပါ။

အဲဒီတုံးက နိုင်ငံရေးအကျဉ်းသားတွေ စားရတာက လုံးတီးဆန်ထမင်း၊ မနက်ပိုင်း ကုလားပဲဟင်းရည်ကျဲ နဲ့ငပိစိမ်းစားကြော်၊ ညနေပိုင်း ဟင်းရွက်ပြုတ်ဟင်းရည်နဲ့ ငပိစိမ်းစားကြော်တို့ ဖြစ်ပြီး ချက်ပြုတ်ရာမှာပါတဲ့ ရေပေါ်ဆီဟာ အကျဉ်းသားတွေဆီ ရောက်မလာတတ်ပါဘူး။ ငပိကြော် ဆိုတာကလဲ ဆီပူလိုမ့်အဆင့် လောက်ပဲဖြစ်တယ်။ တပတ်မှာတနပ် အသားဟင်း ကျွေးတယ်။ ကိုက်မရတဲ့ အသားတုံး၊ သို့မဟုတ် အသားမပါတဲ့ ဝက်ဆီတုံးပြုတ်၊ သို့မဟုတ် ငါးကြော်၊ သို့မဟုတ် ဘဲဥပြုတ်နှစ်လုံး ရတယ်။ တိုက်တွေမှာ ကျွေးတဲ့ ပဲဟင်းက ပိုပျစ်လေ့ရှိတယ်။ ဟင်းရွက်ပြုတ်ကိုတော့ အမှိုက်ပြုတ် လို့ခေါ်တာ ပိုသင့်တော်မယ်ထင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ မြက်ပင်တွေ၊ အမျိုးအမည်မသိ အပင် တွေသာမက ဖိနပ်သဲကြိုးတို့၊ တီကောင်တို့၊ ပိုးဟပ်တို့လဲ မကြာခဏပါလာတတ်လို့ဖြစ်ပါတယ်။ တပတ်တခါ တနင်္ဂနွေနေ့ မှာ ရေနွေးကြမ်း မတ်ခွက်တခွက် သောက်ရတယ်။ နိုင်ငံရေးအကျဉ်း သားနဲ့ ရာဇဝတ်အကျဉ်းသားတွေ ရိက္ခာနှုန်း အတူတူဖြစ်ပါတယ်။ ထိုစဉ်အခါက နှစ်စဉ်နှစ်တိုင်း အစ်နေ့မှာ အပြင်က အစ္စလာမ်ဘာသာရေးအဖွဲ့ အစည်းတွေက တထောင်လုံးကို ဆီနှစ်ပြီး နူးအိနေတဲ့ အမဲနှပ်ဟင်းကျွေးတယ်။ ဗုဒ္ဓဘာသာ နေ့ကြီးရက်ကြီးတွေမှာတော့ ဘယ်ဗုဒ္ဓဘာသာအဖွဲ့အစည်း၊ ဘယ်လူပုဂ္ဂိုလ်ကမှ တထောင်လုံးကို အလှူပေးကျွေးမွေးတာမတွေ့ခဲ့ဖူးပါ။ တနှစ်မှာတော့ ခရီယာန်အဖွဲ့တဖွဲ့က ခရစ္စမတ်နေ့မှာ တထောင်လုံးကို ကွေကာအုတ် တကြိမ်တိုက်ဖူးတယ်။

ထောင်ဆေးရုံတက်နေတဲ့ အကျဉ်းသားတွေကိုတော့ ဆန်ဖြူထမင်းနဲ့အသားဟင်း နေ့စဉ်ကျွေးတယ်။ ဆေးရုံမတက်ရပေမဲ့ ဆေးမှူး ဝါဒါက နို့စား၊ ဆန်ပြုတ်စား ခါတ်စာ သတ်မှတ်ပေးရင် နွားနို့နဲ့သကြား၊ ဆန်ပြုတ်နဲ့သကြားရတယ်။ အိပ်ဆောင်တွေမှာ နိုင်ငံရေးအကျဉ်းသားတဦးကို ခြင်ထောင် တလုံး၊ အုန်းဆံမွှေ့ယာတခု၊ အိပ်ရာခင်း တထည်၊ ဂွမ်းစောင် တ ထည် ထုတ်ပေးပြီး မျက်နှာသုတ်ပုဝါငယ် တထည်၊ မျက်နှာသုတ်ပုဝါအကြီး၊ သို့မဟုတ် ရေလဲပိုင်း တထည်နဲ့ ထောင်ပုံစံ အင်္ကျီ–လုံချည်အဖြူ တွေကတော့ တနှစ်တခါ ရတယ်။ တပတ်တခါ လက်နှစ်ဆစ် လောက်ရှိတဲ့ ပျော့ပြဲပြဲ တို့ဟူးတုံး ဆပ်ပြာကြမ်း၊ သို့မဟုတ် ဆင်ချေးတုံး ဆပ်ပြာ ကြမ်း တခဲနဲ့ ဆံပင်လိမ်းဖို့ဆိုပြီးအုန်းဆီ ပင်နယ်စလင် တပုလင်းစာ ထုတ်ပေးတယ်။ ဒါဟာ ၁၉၇၅ ခု တုန်းကအခြေအနေသာ ဖြစ်ပါတယ်။

အင်းစိန်ထောင်မကြီးထဲက အိပ်ဆောင်တွေမှာ တထပ်ကို အခန်းကြီး ၄ ခန်း၊ တဆောင်ကို ၈ ခန်းရှိတယ်။ အခန်းကြီးတခန်းမှာ နိုင်ငံရေး အကျဉ်းသား ၂၀ ကနေ ၄၀ လောက်အထိ ထားတယ်။ ရာဇဝတ်အကျဉ်းသားဆောင်တွေမှာတော့ အခန်းကြီးတခန်းကို လူ ၂၀၀ က နေ ၃၀၀ လောက် အထိ ထားတယ်။ နိုင်ငံရေး အကျဉ်းသားဆောင်တွေမှာ အပေါ်ထပ်အခန်းကြီးတချို့ကို အခန်းငယ်တွေအဖြစ် ကန့်ထားပြီး အကျဉ်းသားတယောက်ကနေ ၁၀ ယောက်အထိ ထားတတ်တယ်။ အောက်ထပ်မှာ သံမန်တလင်းခင်းပေါ် ကုတင်လေးတွေနဲ့ အိပ်ရပြီး အပေါ်ထပ်မှာတော့ သစ်သားကြမ်းပြင်ပေါ်မှာဘဲ

အိပ်ရတယ်။ တိုက်တွေမှာတော့ သံမန်တံလင်းခင်းဖြစ်ပြီးတခန်းကို ၄–၅ ယောက်က ကြမ်းနဲ့ အိပ်ရတယ်။ အစောပိုင်းတုန်းက ၅ တိုက်မှာ သစ်သားကြမ်းခင်းဖြစ်ပြီး ၄ တိုက်မှာ သစ်သားကွပ်ပျစ်လေး တခုရှိတယ်။ ဦးသန့် အရေးအခင်း တုန်းကတော့ ဖမ်းလာတဲ့လူ တအားများလို့ ပုံမှန်အားဖြင့် လူ ၃–၄ ယောက်ဘဲ ထားလေ့ရှိတဲ့ တိုက်ခန်းတွေမှာ လူ ၂၀–၂၅ လောက်ထိထည့် ခဲ့တယ်။

နိုင်ငံရေးအကျဉ်းသားဆောင်တွေမှာ သတင်းစာဖတ်ခွင့်ရတယ်။ ရေဒီယိုနားထောင်ခွင့် တော့မရှိပါ။ ရာဇဝတ်အကျဉ်းသားဆောင် တွေမှာတော့ ရေဒီယိုနားထောင်ခွင့် တချို့ရကြတယ်။ မဆလ စစ်အစိုးရရဲ့ တိုက်ရိုက်ချုပ်ကိုင်မှုအောက်မှာ ထုတ်ဝေတဲ့ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာကိုတောင် ထောင်အာဏာပိုင်တွေက ထပ်မံစီစစ် ဆင်ဆာလုပ် ဖြတ်တောက်ပြီးမှ အကျဉ်းသားတွေကို ပေးဖတ်တာဖြစ်တယ်။ အဓိကဆင်ဆာလုပ်တဲ့ သတင်းတွေကတော့ ပြည်တွင်းက ထောင်ဖောက်ပြေးမှု၊ အချုပ်ဖောက်ပြေးမှုသတင်းတွေ၊ နိုင်ငံတကာက ထောင်ဖောက်ပြေးမှု၊ ထောင်ဆူမှုနဲ့ ထောင်တွင်းတိုက်ပွဲ သတင်းတွေဖြစ်တယ်။ ထောင်အာဏာပိုင်တွေ ခွင့်ပြုတဲ့ ဘာသာရေးစာအုပ်တွေပဲ ဖတ်ခွင့် ရှိတယ်။ မဂ္ဂဇင်းတွေ၊ ဝတ္ထုတွေနဲ့ တခြားစာအုပ်တွေကိုတော့ ယေဘူယျအားဖြင့် ဖတ်ခွင့်မရှိပေမဲ့ တခါတလေ နားလည်မှုနဲ့ သွင်းခွင့်ရတဲ့အခါ ရလိုက်၊ မရတဲ့အခါ မရလိုက်နဲ့ ပုံမှန်မရှိပါ။ တရားဝင်သွင်းခွင့်တော့ လုံးဝမရှိပါ။ တိုက်တွေမှာတော့ သတင်းစာတောင် ဖတ်ခွင့်မရှိပါ။

ရာဇဝတ်အကျဉ်းသားဆောင်တွေမှာ မနက် ၇ နာရီ ၈ နာရီအဆောင်ဖွင့်ချိန်ကစပြီး ညနေ ၄ နာရီ ၅ နာရီ အဆောင်ပိတ်ချိန် အထိ အခန်းတံခါးတွေဖွင့်ထားပြီး အဆောင်ဝင်းထဲ သွားလာလှုပ်ရှားခွင့်ရှိသော်လဲ နိုင်ငံရေးအကျဉ်းသားဆောင်တွေမှာတော့ တရက်ကို ရေချိုးချိန် နာရီဝက် ၄၅ မိနစ်လောက်ဘဲ အခန်းအပြင်ထွက်ခွင့်ရတယ်။ ရေချိုးချရာမှာလဲ တခန်းပြီးမှတခန်း ချပေးတာဖြစ်တယ်။ အဲဒီအချိန်မျိုးမှာ တခန်းနဲ့တခန်း အဆက်အသွယ် ခိုးလုပ်ရတာဖြစ်တယ်။ အဆောင်ပိတ်ထားချိန်မှာလဲ ဘေးချင်းကပ်ရက်အခန်းကတဆင့် တခြားအခန်း တွေကို တဆင့်ပြီးတဆင့် ဆက်သွယ်ကြရတယ်။ ဒီနည်းနဲ့ တိုက်တွေမှာရော အဆောင်တွေမှာပါ ကြားအခန်းတွေ အများကြီးခြားတဲ့ ဟိုဘက် အစွန်ခန်းနဲ့ ဒီဘက်အစွန်အခန်း စစ်တုရင် ကစားတာတောင် လုပ်ကြတယ်။ တဲ့ဘက်ထောင်မှာတော့ မနက်ကနေ ညနေအထိ အဆောင်ဖွင့်ထားပေးတယ်။ နိုင်ငံရေးအကျဉ်းသားဆောင်တွေမှာ ရေလွတ်လွတ် လပ်လပ် ချိုးလို့ရပေမယ့် ရာဇဝတ်အကျဉ်းသားဆောင်တွေမှာတော့ ပုံစံနဲ့ချိုးရတယ်။ ပုံစံဆိုတာက ဂျီးမတွန်းခင် ဆပ်ပြာမတိုက်ခင် ပန်းကန်ပြားနဲ့ ၄ ခွက်၊ ဂျီးတွန်းပြီးဆပ်ပြာတိုက်ပြီး ၄ ခွက် ပေါင်း ၈ ခွက်ပဲ ချိုးရတယ်။ နွေရာသီမှာ ရေရှားလို့ဆိုပြီး ၆ ခွက်ပဲချိုးခိုင်းတာလဲရှိတယ်။ ရေချိုးရာမှာ ကြီးကြပ်သူ ရေကန်ဗိုလ်ယာက ခပ်တခွက်လို့ အမိန့်ပေးမှ ခပ်ချိုးရတာဖြစ်တယ်။ အမိန့်မပေးဘဲ ခပ်ချိုးမိရင် အရိုက်ခံရတယ်။ ခွက်ရေ ကန့်သတ်ထားရုံမက ပန်ကန်ပြားနဲ့ခပ်ချိုးရလို့ ရေသိပ်မပါဘဲ လူပေါ် နည်းနည်းသာ ရောက်တဲ့အတွက် ထောင်ထဲ ပွေး၊ ဝဲ၊ ယားနာတွေ အထူးပေါ်များလှတယ်။ တိုက်ပိတ်ခံရသူတွေဟာလဲ တပတ် ၁၀ ရက်၊ တချို့ဆိုတလကျော် ကြာမှတခါ ရေချိုးရလို့ ယားနာတွေပေါက်ကြတယ်။

နိုင်ငံရေးဆောင်တွေမှာ ရေဝဝ ချိုးလို့ရသလို အိမ်သာလဲ အသင့်အတင့် လွတ်လပ်လုံခြုံစွာ တက်လို့ရတယ်။ ရာဇဝတ်ဆောင် တွေမှာတော့အိမ်သာ လွတ်လွတ်လပ်လပ် တက်ချင်ရင် အိမ်သာဗိုလ်ယာကို လာဘ်ထိုးရတယ်။ (ထောင်တွင်းအသပြာက ဆေးလိပ်ဖြစ်တယ်။) ဆေးလိပ်မပေးနိုင်ရင်တော့ တိရိစ္ဆာန်တွေလို အကာအရံမရှိ၊ အမိုးမရှိ လူမြင်ကွင်း တွင်းပက်လက်ကြီးကို ကုန်းဘောင် ထိုးထားတဲ့အပေါ် တက်ပြီးနောက်ဖေးသွားရတယ်။ လူပီသစွာ အိမ်သာသွားခွင့် ဆိုတာ နိုင်ငံတကာ လူ့အခွင့်အရေးပညာရှင်တွေတောင် အရေးတယူ ထည့်စဉ်းစားမိကြမယ် မထင်ပါဘူး။ နိုင်ငံရေးဆောင်မှာရော ရာဇဝတ်ဆောင်မှာပါ ချမှတ်ထားတဲ့ ရှုးကြောင်ကြောင် စည်းကမ်းချက်တခုက “ချီးပါရင် သေးမ ပေါက်ရ” ဆိုတဲ့စည်းကမ်းပဲ ဖြစ်ပါတယ်။ ဆီးကို စဉ့်အိုးကြီးတလုံးထဲ သပ်သပ် ပေါက်ထည့်ရင်ထည့်၊ ဒါမှမဟုတ် နောက်ဖေးသွားစဉ်မှာ နို့ဆီ ခွက်လေး တလုံး ကိုင်ပြီး ပေါက်ထည့်ရတယ်။ အဲဒီဆီးအိုးတွေနဲ့ ထောင်တွင်းစိုက်ခင်းတွေကို လောင်းကြတယ်။

ရာဇဝတ်ဆောင်တွေမှာ မနက်အိပ်ရာထရင် ကမ္ဘာမကြေသီချင်း မဆိုမနေရ အော်ဆိုရတယ်။ မနက်အိပ်ရာထနဲ့ ညအိပ်ရာဝင်မှာ ဘုရားရှိခိုး မလုပ်မနေရ အော်ရှိခိုးရတယ်။ မနက်အိပ်ယာထ အဆောင်ဖွင့်ချိန်နဲ့ ညနေအဆောင်ပိတ်ချိန် လူစစ်တန်းစီရာမှာ ပုံစံအပြည့်ထိုင် ပေးရတယ်။ နိုင်ငံရေး ဆောင်တွေမှာတော့ အဲဒီလို သီချင်းဆိုရတာနဲ့ ဘုရားရှိခိုးရတာတွေ မရှိပါ။ တန်းစီလူစစ်ရာမှာလဲ သဘောလောက်ပဲ ထိုင်ပေးရ တယ်။

ထောင်ဝင်စာကတော့ ထောင်ကျပြီးတဲ့၊ သို့မဟုတ် စစ်ကြောရေးကာလ လုံးဝပြီးသွားတဲ့ နိုင်ငံရေး အကျဉ်းသားတွေက နှစ်ပတ်တခါ ဝါဒါတွေရှေ့မှောက် ၁၅ မိနစ်တွေ့ခွင့်ရပြီး ရာဇဝတ်အကျဉ်းသားတွေကတော့ တပတ်တခါ တွေ့ခွင့်ရတယ်။ ထောင်ဝင်စာတွေ့ရာမှာသံဇကာ နှစ်ထပ်ခြားထားတဲ့ အခန်းထဲ သံဇကာရဲ့ ဟိုဘက်နဲ့ဒီဘက် စကားပြောရတာ ဖြစ်တယ်။ ထောင်ဝင်စာ ပစ္စည်းတွေကိုတော့ ထောင်ထဲ သွင်းခွင့်မရှိတဲ့ ပစ္စည်းတွေ (ဥပမာစာအုပ်စာတမ်း၊ လက်နက်စသည်) ပါမပါ ဝါဒါတွေကစီစစ်ပြီးမှ အကျဉ်းသားတွေဆီ ရောက်လာတယ်။ ယေဘူယျအားဖြင့် နိုင်ငံရေး အကျဉ်းသားတွေရဲ့ ထောင်ဝင်စာပစ္စည်းတွေကို ထောင်ဝါဒါတွေကမခိုးရဲ၊ မိုက်ကြေးမခွဲရဲဘဲ ရာဇဝတ်အကျဉ်းသားတွေ ရဲ့ ထောင်ဝင်စာပစ္စည်းတွေကိုတော့ ဝါဒါတွေကရော၊ ဝါဒါလက်ကိုင်ဒုတ် ရာဇဝတ်အကျဉ်းသား ဒေါက်တိုင်တွေကပါပုံမှန်ခိုးကြ၊ မိုက်ကြေး ခွဲကြတယ်။

အထက်မှာ နိုင်ငံရေးအကျဉ်းသားတွေ နေရထိုင်ရပုံ ရေးပြတာဟာ အခု နဝတ၊ နအဖခေတ် ထောင်တွင်းအခြေအနေတွေနဲ့ နှိုင်းယှဉ် ကြည့်ဖို့ ရေးတာဖြစ်တဲ့အပြင် ရှေ့မှာရေးမဲ့ အဖြစ်အပျက်တွေနဲ့ အနည်းနဲ့အများ ဆက်စပ်နေလို့လဲ ဖြစ်ပါတယ်။ စစ်အစိုးရအဆက် ဆက်ဟာ နိုင်ငံ ရေးအကျဉ်းသား ဆိုတဲ့သတ်မှတ်ချက်ကို ပယ်ဖျက်ပစ်ဖို့ တောက်လျှောက် ကြိုးစားအားထုတ်ခဲ့တာ ဖြစ်တယ်။ အင်္ဂလိပ်ကိုလိုနီခေတ်နဲ့ ဦးနု (ဖဆပလ) ခေတ်တွေ တုန်းကရှိခဲ့တဲ့ ဘီကလပ်၊ စီကလပ် အကျဉ်းသားအဆင့် သတ်မှတ်ချက်တွေကို မဆလ စစ်အစိုးရ တက်စက ပယ်ဖျက်ခဲ့ပြီးပေမဲ့ ဒါလောက်နဲ့ မကျေနပ်သေးပါဘူး။ ရာဇဝတ်အကျဉ်းသားတွေနဲ့ လုံးဝ တတန်းတစားထဲ ဖြစ်သွားအောင် အုုမဲ ကြံစည် လုံးပမ်းနေတာဖြစ်တယ်။ နိုင်ငံရေးအကျဉ်းသားတွေ စိတ်ဓါတ်အရ ဦးကျိုးသွားပြီးခန္ဓာကိုယ်အရ လုံးပါးပါး ချိန့်သွားအောင် အမြဲရည်ရွယ် လုပ်ဆောင်နေတာ ဖြစ်တယ်။ ဒါ့ကြောင့် ကျနော်တို့ဟာ အဓိကအားဖြင့် ဒီအကြံအစည်ကို တိုက်ဖျက်ရိုက်ချိုးရေး အခြေခံနဲ့ ထောင် တွင်းတိုက်ပွဲတွေ ဆင်နွှဲခဲ့ရတယ်။ တနည်းအားဖြင့် ပြောရရင် ဒီမှတ်တမ်းဟာ ၁၉၇၄ ခုကနေ ၁၉၈၀ ခုအထိ ယမမင်းဥယျဉ်တော်ထဲက အထူး ညှော်ခံဖျော်ဖြေပွဲတွေ၊ သို့မဟုတ် ယမမင်းနဲ့စီးချင်းထိုးပွဲတွေ အကြောင်းပဲ ဖြစ်ပါတယ်။

## ၄။ ဖြစ်ရပ် ၇၅

၁၉၇၅ ခု ဂျူလိုင်လလယ်မှာအင်းစိန်ထောင်မကြီးအဆောင် ၃၊ ၄ နဲ့ ၅ က အသက် ၂၀ အောက်ကျောင်းသားလူငယ်တွေကို ရွေးခေါ် ထုတ်ပြီး တဲ့ဘက်ထောင်ကို ပို့လိုက်ပါတယ်။ ဒီကျောင်းသားလေးတွေဟာ ၇၅ ဇွန် ရွှေတိဂုံအရေးအခင်းမှာ ဖမ်းဆီးထောင်ချခံရတာဖြစ်ပြီး အ ရေးအတွက်

၁၂၀ ကျော်ရှိတယ်။ အဲဒီအထဲမှာ အငယ်ဆုံးကျောင်းသားတွေက အသက် ၁၄ နှစ်သားတွေဖြစ်ပြီး ပညာအားဖြင့် ၆ တန်းကျောင်း သား တွေ ဖြစ်တယ်။ မောင်မောင်မြင့်၊ မျိုးမြင့်၊ မြင့်သန်း၊ မျိုးလွင် (**ABSDF** မှပြည်ပထွက်)၊ မင်းအောင် (ခေါ်) ဂိုရယ်လေး၊ မောင်ကြည် တို့ဟာ အငယ်ဆုံး ကျောင်းသား တွေဖြစ်တယ်။ ၈ တန်းကျောင်းသား အယောက် ၄၀ နီးပါးနဲ့ ကျန်တာ ၇ တန်း၊ ၉ တန်းနဲ့ ၁၀ တန်း ကျောင်း သားတွေ ဖြစ်ပါတယ်။ အသက် ၁၈ နှစ် မပြည့်သေးတာ အများစုဖြစ်ပြီး ၁၆ နှစ် မပြည့်သေးတာ တဝက်နီးပါးရှိတယ်။ တက္ကသိုလ်၊ ကောလိပ် ကျောင်းသားတွေကတော့ ၁၀ ယောက်မပြည့်ပါဘူး။ ၁၄ နှစ်သား ၆ တန်းကျောင်းသား အပါအဝင် ၁၆ နှစ် မပြည့်သေးတဲ့ ကျောင်းသားလေး တွေကိုလဲ အနည်းဆုံး ထောင်ဒဏ် လေးနှစ်ချပြီးအင်းစိန်ထောင်ထဲ ထည့်ထားတာဖြစ်တယ်။

ဒီကျောင်းသားတွေကို တွဲဖက်ထောင် အဆောင် ၂ မှာထားပါတယ်။ အဆောင်မှူးက အကြပ်အဆင့်ရှိ ဝါဒါ တင်လတ် ဖြစ်တယ်။ ကျောင်းသား လေးတွေ တွဲဘက်ထောင် ရောက်စမှာတော့ ထောင်အာဏာပိုင်တွေက ဒီလိုမိန့်ခွန်းခြွေပါတယ်။ "မင်းတို့ဟာ အခုဒီနေရာမှာ ကျောင်းသားမဟုတ်ဘူး။ နိုင်ငံရေးအကျဉ်းသား မဟုတ်ဘူး။ မင်းတို့ဟာ ထောင်ကျရဲဘက်တွေပဲဖြစ်တယ်။ ပြစ်မှုကြွေး ချွေးဖြင့်ဆပ်မည်ဆိုတာ ရဲဘက်တွေရဲ့ ဆောင်ပုဒ်ပဲ။ နိုင်ငံတော်ပေါ်တင်နေတဲ့ မင်းတို့ရဲ့အပြစ်ကြွေးတွေကို ချွေးထွက်အောင် အလုပ်လုပ်ပြီး ဆပ်ရမယ်။ မင်းတို့လို ကောင်မျိုးတွေ နားလည်မဲ့စကားနဲ့ ရှင်းရှင်းပြောရရင်တော့ မင်းတို့ဟာ ထစ်နွယ်ရစ်နေတဲ့ကောင်တွေပဲ။ အဲဒီနွယ်ကို ဘယ်လိုလုပ်မလဲ။" ("ခါးနဲ့ ခုတ်ဖြတ်ပစ်မယ်" လို့ပြောတဲ့ ကျောင်းသားလေး တယောက် ထုတ်ရိုက်ခံရတယ်။) "ချွေးဒီးဒီးကျအောင် လုပ်အားပေးပြီး ဖြတ်ရမှာ ကွ။ ဒါကြောင့် ခိုင်းတာလုပ်ကြ၊ အေးအေးနေကြ၊ ဒါဘဲ" တဲ့။

အဲဒီပေါ်လစီအတိုင်း အသက်၂၀ အောက်ကျောင်းသားတွေကို တွဲဘက်ထောင်မှာ ပုံစံအပြည့်ကိုင်ပြီး အလုပ်ကြမ်း ရက်ရက်စက်စက်ခိုင်း ပါတယ်။ အရွယ်နဲ့မမျှအောင် တောင်ယာအလုပ်တွေ ပင်ပန်းဆင်းရဲစွာ လုပ်ရတယ်။ ထမင်းဟင်းလဲ မဝတဝဘဲ စားရတယ်။ ရေ ကောင်းကောင်းမချိုးရ၊ ကျန်းမာရေး စောင့်ရှောက်ကုသမှုမရှိ။ ၂၄ နာရီအပြည့် တင်းကြပ်တဲ့ပုံစံနဲ့ နေရတယ်။ အပြစ်မရှိ အပြစ်ရှာပြီး ရိုက်နှက်ညှဉ်းပန်းမှုအမျိုးမျိုး နေ့စဉ်နဲ့ အမျှခံရတယ်။

ကျောင်းသားလေးတွေထဲက 'အကျဉ်းသားအရာရှိ' ဆိုတဲ့ ကျောင်းသား ၇ ယောက်ကို ထောင်အာဏာပိုင်တွေက ရွေးချယ်ခန့်အပ်ပြီး ကျောင်း သားချင်း ပြန်အုပ်ချုပ်ခိုင်းတယ်။ ဖိနှိပ်ညှဉ်းပန်း ရိုက်နှက်ခိုင်းတယ်။ အဲဒီ အကျဉ်းသားအရာရှိ ၇ ယောက်ကတော့ အပေါ်ထပ်တန်း စီး (အခန်းလူကြီး) တယောက်နဲ့ စာရေးတယောက်၊ အောက်ထပ်တန်းစီးတယောက်နဲ့ စာရေးတယောက်၊ ရေကန်ဗိုလ်တယောက်၊ ထမင်းထိုးတယောက်၊ သန့်ရှင်းရေး တယောက်တို့ဖြစ်တယ်။ သူတို့ဟာ အခွင့်ထူးခံတွေဖြစ်ပြီး တခြားကျောင်းသားတွေကို ရိုက်ခွင့်၊ ထိုးခွင့်၊ အပြစ်ပေးခွင့် ရှိတယ်။ ထောင်အာဏာပိုင်တွေဟာ သူတို့ကို ဒီဖိနှိပ်ရေးအာဏာတွေ မဖြစ်မနေ ကျင့်သုံးခိုင်းတယ်။ ကျောင်းသားချင်းမဖိနှိပ်၊ မရိုက်နှက်တဲ့ အရာရှိတွေကို ရာထူးဖြုတ်ပစ်ပြီး အာဏာပိုင် အလိုကျ လုပ်မယ့်လူနဲ့ အစားထိုးခန့်တယ်။ ကျောင်းသားတွေထဲက ထောင်အာဏာ ပိုင်တွေရဲ့ ဒေါက်တိုင်ဖြစ်လာအောင် အခွင့်ထူးတွေနဲ့ ဆွဲဆောင် တဲ့နည်း၊ ညှဉ်းပန်းနှိပ်စက်မှုဒဏ် ကြောက်စေတဲ့နည်း၊ လျှော့ရက်များများရပြီး မြန်မြန်လွတ်မယ်လို့ မျှော်လင့်ချက်ပေး စည်းရုံးတဲ့နည်းတွေ အသုံးပြု လူမွေးတာဖြစ်တယ်။ ဒီ ၇ ယောက်ဟာ အလုပ်ကြမ်းမလုပ်ရ၊ ပုံစံကင်းလွတ်ခွင့်ရ၊ ရေဝဝချိုးရ၊ ထမင်းဟင်းဝဝနဲ့ ကောင်းကောင်း (ပဲဟင်းပြစ်ပြစ်၊ ရေပေါ် ဆီများများ၊ ငပိကြော်ဆီရွှဲရွှဲ၊ ငြုပ်သီးတောင့်ပါ) စိတ်ကြိုက် စားခွင့်ရတယ်။ သူတို့ဟာ သံမန်တလင်းပေါ် စားခွင့်ရပြီး ကျန်ကျောင်းသားတွေကတော့ မြေကြီးပေါ် မှာဘဲစားရတယ်။ အာဏာပိုင်တွေဟာ သွေးခွဲအုပ်ချုပ်ရေးစနစ် **(Divide and Rule)** ကိုပြောင်အကျဆုံး ကျင့်သုံးတာဘဲ ဖြစ်တယ်။

ကျောင်းသားလေးတွေကို တွဲဘက်ထောင်ဝင်းထဲမှာ တောင်ယာလုပ်ဖို့ ဘုတ် ၁၀ ဘုတ် (အလုပ်ဆိုင်း) ခွဲပြီး ကျောင်းသားတွေထဲက ဘုတ်ကိုင် တွေ ထပ်ရွေးပြီးခန့်ထားတယ်။ ဒါပေမယ့် ကျောင်းသားဘုတ်ကိုင်တွေဟာ စောစောက အကျဉ်းသားအရာရှိတွေလောက် အာဏာမရှိ၊ အခွင့်ထူးမရပါ။ တောင်ယာအလုပ်ကို ကြီးကြပ်ဖို့၊ တနည်းအားဖြင့် တောင်ယာလုပ်နေရတဲ့ ကျောင်းသားတွေကို စိတ်ကြိုက်ရိုက်နှက် ညှဉ်းပန်းဖို့ အာဏာ အပြည့် ပေး ထားခံရတာက တွဲဘက်ထောင်ထဲက ရာဇဝတ်အကျဉ်းသား ဘုတ်ကိုင်တွေဖြစ်တယ်။ သူတို့ကို ထောင်အာဏာပိုင်တွေက ကျောင်းသားတွေကို များများနှိပ်စက်ရင် ဆုမှတ်ရက် (လျှော့ရက်) များများရမယ်လို့ မက်လုံးပေးပြီး အပြင်းထန်ဆုံး ဖိနှိပ်ရက်စက်ခိုင်းတာ ဖြစ်တယ်။ ဒါကြောင့် ကျောင်းသား လေးတွေဟာ ပင်ပန်းတကြီး အလုပ်လုပ်ရရုံမက ကျောင်းသားချင်းဖြစ်တဲ့ အကျဉ်းသားအရာရှိတွေ၊ ရာဇဝတ်အကျဉ်းသား တောင်ယာဘုတ်ကိုင်တွေ၊ ထောင်ဝါဒါတွေရဲ့ ရိုက်နှက်၊ ထိုးကြိတ်၊ ဆဲဆို စော်ကားမှုတွေကို မတန်တဆခံရတယ်။ အကြောင်းအမျိုးမျိုးပြ ရိုက်နှက်ထိုးကြိတ်တာ အမြဲလိုလိုခံနေရတယ်။

ကျောင်းသားလေးတွေဟာ ရေကိုပုံစံနဲ့ချိုးရပြီး အဝတ်လဲ ကောင်းကောင်းမလျှော်ရလို့ ဝဲတွေကိုင်းနေအောင် ပေါက်နေကြတယ်။ ရေရှားလို့ မဟုတ်ဘဲ တမင်တကာ ဖိနှိပ်တဲ့အနေနဲ့ လုပ်တာဖြစ်တယ်။ သတ်မှတ်ထားတဲ့ ခွက်ရေထက် ပိုချိုးမိသူ၊ ရေကန်ဗိုလ်က "ခပ်တခွက်" လို့အမိန့်မပေးခင် ခပ်ချိုးမိသူတွေကို ရေကန်ဗိုလ်၊ သို့မဟုတ် တန်းစီးကရိုက်တယ်။ ထမင်းယူဖို့ ပန်းကန်ကိုင်ပြီးတန်းစီရာမှာ ၂ ယောက်တတွဲ မဖြစ်တာ၊ ထမင်းဆွဲနှေးတာ၊ မြန်တာ၊ ထမင်းစားကြာတာတွေကို ထမင်းဆွဲထမင်းထိုးဗိုလ်က ရိုက်ရတယ်။ ထမင်းစားရင်း မြေကြီးပေါ် ထမင်းလုံးကျရင် လျှာနဲ့ပြန်လျက်ယူရတယ်။ ကျောင်းသားဆိုတာ ထမင်းစားပွဲနဲ့ ကုလားထိုင်နဲ့ အဆင့်အတန်းမြင့်မြင့် ထမင်းစား တတ်တယ်ဆိုပြီးခြေတချောင်းထောက် ဒူးကွေးရပ် မထောက်တဲ့ ခြေထောက်က ထောက်ထားတဲ့ဘက်ကဒူးပေါ်ချိတ်တင် ထမင်းပန်းကန်ကို ပေါင်ပေါ်တင်ပြီးစားရတယ်။

ပေါင်းနှုတ်ရာမှာ လက်နဲ့ဘဲနှုတ်ရပြီးပေါက်ပြား၊ ဓါး စတာတွေ သုံးခွင့်မရှိပါ။ လက်ချောင်းတွေကြား ဝဲပေါက်နေလို့ တောင်ယာ ပေါင်းနှုတ်ရာမှာ လက်တဘက်ထဲနဲ့နှုတ်ရင် ရာဇဝတ်အကျဉ်းသား တုတ်ကိုင်က ဒါလောက်ပျင်းရသလားကွဆိုပြီး ရိုက်နှက်ထိုးကြိတ်တယ်။ အဲဒီဘုတ်ကိုင်တွေထဲမှာ အဆိုးဆုံးက ဖိုးတုတ်ဆိုသူဖြစ်တယ်။ ဖိုးတုတ်ဟာ ရုပ်ရှင်မင်းသမီး သင်းသင်းလဲ့ ရဲ့မောင်၊ ရုပ်ရှင်မင်းသား ရွှေဘ ရဲ့ ယောက်ဖဖြစ်တယ်။ အငယ်ဆုံး ကျောင်းသားဖြစ်တဲ့ မောင်မောင်မြင့် ဟာ လက်မှာဝဲတွေပေါက်နေလို့ လက်တဖက်တည်းနဲ့ မြက်နှုတ်မိတာ ကို ဖိုးတုတ်ကဆွဲထိုးခဲ့တယ်။ အသက် ၁၅ နှစ်သာရှိသေးတဲ့ အလကကျောင်းသား နေမင်းဇဆွေ (ဖဆပလဝန်ကြီးဟောင်း ဦးဇဆွေရဲ့သား) ဟာလဲ ဝဲပေါက်ပြီးလက်တဖက်တည်းနဲ့ အလုပ်လုပ်တဲ့အတွက် ဖိုးတုတ်က "မင်း လားကွ၊ ဝန်ကြီးသား" ဆိုပြီးရက်ရက်စက်စက် ထိုးကြိတ် ခဲ့တယ်။

ကျောင်းသားလေးတွေထဲက အသက်နည်းနည်းပိုကြီးသူ၊ လူကောင်ထွားသူတွေက ပေါက်တူးပေါက်ပြီး အသက်ငယ်သူတွေက မြက်နှုတ်တာနဲ့ သေးလောင်းတာ လုပ်ရတယ်။ သေးလောင်းတာမှာ ကိုင်းမပါတဲ့ နို့ဆီခွက်နဲ့ ခပ်လောင်းရတယ်။ နို့ဆီခွက်ကို ကိုင်းတပ်ပြုပြင် ခွင့်မရှိ၊ ကိုင်းပါတဲ့ခွက် သုံးခွင့်မရှိပါ။ တောင်ယာလုပ်ရာမှာ လူနားလဲ ပေါက်ပြားမနားရ ဆိုပြီးခိုင်းတယ်။ မနက် ၇ နာရီ အလုပ်စဝင်ပြီးနေ့ လည် ၁၁ နာရီက ၁၂ နာရီ ထမင်းစားနားတယ်။ ၁၂ နာရီက ညနေ ၄ နာရီ၊ တခါတလေ ၅ နာရီထိ လုပ်ရတယ်။ ကျောင်းသားလေးတွေကို ရိုက်နှက်ထိုးကြိတ်နှိပ်စက်ရာမှာ အဆိုး ဆုံး အကြမ်းဆုံးက ရာဇဝတ်သား ဘုတ်ကိုင်တွေဖြစ်ပြီး ကျောင်းသားချင်းဖြစ်တဲ့ တန်းစီး တွေနဲ့ ထောင် အမှုထမ်းဝါဒါတွေကလဲ အဲဒီဘုတ်ကိုင်တွေ

ရဲ့နောက်မှာ အများကြီးပြတ်ကျန်မနေပါဘူး။ ရေရေလည်လည် တွယ်တာပါပဲ။

အထက‌ကျောင်းသား လူမော် (ဘောက်ထော်) ဟာ အလုပ်ပင်ပန်းမှုဒဏ်၊ အနေအစား ဆင်းရကြမ်းတမ်းမှုဒဏ်နဲ့ ကျန်းမာရေးအရ ဥပက္ခာပြုခံရမှုတွေကြောင့် ကိုယ်တပိုင်းသေသွားခဲ့တယ်။ တန်းစီးအပါအဝင် ကျောင်းသားတွေက အတိုက်အခံပြုတောင်းဆိုလို့ နောက်ဆုံးမှာ ဆေးရုံတင်လိုက်ရတယ်။ ကံကောင်းထောက်မစွာပဲ ဆေးရုံမှာ ၁၅ ရက်လောက်ကြာပြီး ပြန်ကောင်းသွားခဲ့တယ်။ အဲဒီ တန်းစီးကျောင်းသားကိုတော့ အဲဒီကိစ္စကြောင့်ရယ်၊ ကျောင်းသားချင်းညှာပြီး သိပ်မရိုက်မနှက်မထိုးကြိတ်တာကြောင့်ရယ် တန်းစီးရာထူးက ဖြုတ်ပစ်လိုက်တယ်။

မနက် ၆ နာရီ အိပ်ရာထချိန် ဆိုပေမယ့် တန်းစီး၊ သို့မဟုတ် ဝါဒါသဘောအတိုင်း မနက် ၄ နာရီကထဲက အားလုံးကို ထခိုင်းပြီး ပုံစံထိုင်ခိုင်းထားတာမျိုးလဲရှိတယ်။ ၆ နာရီ အဆောင်ဖွင့် ဝါဒါလူစစ်ပြီးချိန်အထိ ၁ နာရီ ၂ နာရီကြာအောင် ပုံစံထိုင်နေရတာ ဖြစ်တယ်။ ညဖက် မှာလဲ ၉ နာရီ အိပ်ချိန်ဆိုပေမယ့် တန်းစီး၊ သို့မဟုတ် ဝါဒါရဲ့သဘောအတိုင်း ည ၈ နာရီမှာ အိပ်ခိုင်းလဲ အိပ်နေရတယ်။ လုံးဝစကားသံ မထွက်ရ၊ ထွက်ရင်အရိုက်ခံရတယ်။ ပုံစံထိုင်တာမညီလို့၊ အိပ်ယာသိမ်းတာ မသပ်ရပ်လို့၊ အလုပ်သွားတန်းစီ၊ ထမင်းယူတန်းစီရာမှာ မညီလို့ဆိုပြီး အမျိုးမျိုးရမယ်ရှာ ရိုက်တာကို တန်းစီးတွေကရော၊ ဝါဒါတွေကပါ ဖောဖောသီသီ ကျင့်သုံးကြတယ်။ အငယ်ဆုံးကျောင်းသားတယောက် ဖြစ်တဲ့ မြင့်သန်းဟာ အဆောင်ပြတင်းပေါက်ကနေ တံတွေးထွေးရာမှာ ပြတင်းပေါက်အခြေမှာ ပြန်ကျနေတာကို အပြစ်လိုက်ရှာနေတဲ့ ဝါဒါက တွေ့သွားပြီး လျှာနဲ့ပြန်လျက်ခိုင်းခံရတယ်။ အိမ်သာသွားရာမှာလဲ ဆီးအိုးအပြင်ဘက် ဆီးတစက်ကျရင် တချက်ရိုက်တယ်။ မစင်အိုးထဲ ဆီးသွားရင်လဲ ရိုက်တယ်။ ဘာမှအပြစ်ပေးစရာ မတွေ့တဲ့အခါ ထောင်ဝါဒါတွေဟာ အပြင်းပြေနှိပ်စက်တဲ့အနေနဲ့ ကျောင်းသားလေးတယောက်ကို **(Masturbation)** လုပ်ခိုင်းပြီးသုတ်ရည်ကို ပြန်လျက်ခိုင်းတာမျိုးလဲ ရှိဖူးတယ်။ တောင်ယာလုပ်ရင်း တချို့ဝါဒါတွေ၊ ရာဇဝတ်သားဘုတ် ကိုင်တွေက လိင်ပိုင်းဆိုင်ရာအရ မဟုတ်တရုတ်လုပ်ခိုင်းတာတွေလဲရှိတယ်။ အမေရိကန်တွေ အီရတ်မှာလုပ်တာက အများကြီးနောက်ကျပြီး အများကြီး အဆင့်နိမ့်ပါသေးတယ်။

ကျောင်းသားလေးတွေစိုက်တဲ့ တောင်ယာသီးနှံတွေကို ကျောင်းသားလေးတွေ စားသုံးခွင့်မရပါဘူး။ ပုံစံဟင်းထဲ ထည့်ချက်တာ လဲမရှိပါ။ တကြိမ်မှာ တောင်ယာထဲက သီးနှံတွေ ယူစားလို့ဆိုပြီးအကျဉ်းသားအရာရှိတွေကလွဲလို့ တဆောင်လုံးကျောင်းသားတွေ အင်္ကျီချွတ် ပုဆိုးခါးတောင်းကျိုက်နဲ့ နေ့ခင်း ၁၂ နာရီ ကနေ နေ့လည် ၃ နာရီထိ မြေကြီးပေါ် တင်ပလ္လင်ခွေပုံစံထိုင် နေလှန်းခံရတယ်။ တခါမှာတော့ ဆီးစဥ့်အိုးထဲ ငှက်ပျောသီးတလုံးကျနေတာကို ဝါဒါက သေးအိုးထဲချီးပါတယ်လို့ စွပ်စွဲပြီးတထပ်လုံးကကျောင်းသားတွေကို မော်တော်ဆိုင် ကယ်စီးခိုင်း၊ ဒီနောက် ဆီးအိုးထဲ တယောက်ပြီးတယောက် လက်နဲ့နှိုက်ခိုင်းတယ်။ တခါက အဆောင်ဝင်းထဲ ခဲတံတချောင်း မြေကြီးပေါ် ကျနေတာ အာဏာပိုင်တွေတွေ့သွားလို့ တဆောင်လုံးက ကျောင်းသားတွေကို အဆောင်တခုလုံးပတ်ပြီး လေးဘက်ထောက်သွား ခဲတံကိုပါးစပ်မှာကိုက်ပြီး တယောက်ကနေတယောက် ပါးစပ်ဆင့်ကမ်း (လက်ဆင့်ကမ်း မဟုတ်ပါ) ခိုင်းတယ်။ ခဲတံ ပါးစပ်ထဲမရောက်သေး၊ ဒါမှမဟုတ် ရောက်ပြီးသွားတဲ့သူတွေက ခွေးဟောင်သံ ခွေးအူသံတွေ အော်ပေးနေရတယ်။ ကျောင်းသားငယ်တွေဟာ ပြင်းပြင်းထန်ထန် ရိုက်နှက်ထိုးကြိတ် ခံရ တာတွေအပြင်၊ မော်တော်ဆိုင်ကယ်စီးခိုင်းတာ၊ လေယာဉ်ပျံစီးခိုင်းတာ၊ ဖားခုန်ခိုင်းတာ၊ ကျောက်စရစ်ခဲပေါ် ဒူးထောက်ခိုင်းတာနဲ့ ရေချိုးခွင့်ပိတ်တာ စသဖြင့် အပြစ်ဒဏ်တွေ ပေးခံရတယ်။ ဆိုင်ကယ်စီးတယ်ဆိုတာ ဒူးကွေးခါးကိုင်း လက်ရှေ့ဆန့်ပြီးပါးစပ်ကလဲ ဆိုင်ကယ်သံအော်ရတယ်။ လေယဥ်စီးတာက ခြေထောက် တချောင်းတည်းပေါ်ရပ်၊ ခါးကိုရေပြင်ညီကိုင်း၊ လက်နှစ်ဘက်ကို ဘေးဆန့်ထားရ တယ်။ ဖားခုန်ကတော့ လေးဘက်ထောက် ခြေနှစ်ချောင်းကို အစွမ်းကုန်မြှောက် မြှောက်ပြီးရှေ့ကိုခုန်သွားရတယ်။ တခါက ကျောင်းသားလေး တယောက်ဟာ ဝါဒါရှေ့မှာ အမှတ်တမဲ့လေချွန်မိလို့ အပြစ် ပေးတဲ့အနေနဲ့ ရေအိုးအလွတ်တလုံးထဲ "ပြည့်" တဲ့အထိ လေချွန်ထည့်ခိုင်း ခံရ တယ်။

တွဲဘက်ထောင်ရောက် ကျောင်းသားတွေအပေါ် သာမန်ထောင်စည်းကမ်းတွေအပြင် အထူးထပ်ဆောင်းစည်းကမ်းတွေ တမင်တကာ ချမှတ်ထားတာတွေကတော့

| | |
|---|---|
| ၁။ သီချင်းမဆိုရ | ၂။ လေမချွန်ရ |
| ၃။ လက်ခုပ်မတီးရ | ၄။ ဝိုင်းဖွဲ့မကခုန်ရ |
| ၅။ သုံးယောက်ထက်ပိုမစုဝေးရ | ၆။ ကျားထိုးခြင်း၊ စစ်တုရင်ထိုးခြင်းမလုပ်ရ |
| ၇ ။ ဒိုက်မထိုးရ၊ အားကစားလေ့ကျင့်ခန်းမလုပ်ရ | |

စတဲ့စည်းကမ်းတွေဖြစ်ပါတယ်။

ဒါ့အပြင် အဆောင်အပြင် ထွက်တဲ့အခါနဲ့ အဆောင်ထဲ ပြန်ဝင်တဲ့အခါ အမြဲတမ်း နှစ်ယောက်လက်တွဲပြီးသွားလာရတယ်။ နှစ် ယောက်လက်တွဲမသွားရင် တန်းစီးနဲ့ ဝါဒါက ရိုက်တယ်။ ပုံစံအဝတ်အစားပဲ ဝတ်ရတယ်။ အိမ်ကပါလာတဲ့ အဝတ်အစား လုံးဝမဝတ်ရ၊ ထောင်ဝင်စာ တွေ့ရာမှာလဲ ပုံစံအင်္ကျီ ပုံစံလုံချည်နဲ့ပဲ သွားတွေ့ရတယ်။ အရင်ကတော့ ကျောင်းသားအားလုံးဟာ ထောင်ဝင်စာတွေ့ရာ မှာ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ ဂုဏ်ပုဒ်ကို ဖော်တဲ့အနေနဲ့ အိမ်ကပါလာတဲ့ အဝတ်အစားတွေကို တတ်နိုင်သရွေ့ သစ်သစ်လွင်လွင်ဝတ်ပြီးတိုက်ပုံအင်္ကျီအမြဲဝတ်ကာ ထောင်ဝင်စာ သွားတွေ့တတ်ကြတယ်။ ဒါကို ထောင်အာဏာပိုင်တွေက မလိုလားပဲ နိုင်ငံရေးအကျဉ်းသား အဆင့်ဖျက်ပြီးရာဇဝတ်အကျဉ်းသားနဲ့ တတန်းတည်းဖြစ်အောင် ထောင်ပုံစံအဝတ်အစားနဲ့ပဲ ထောင်ဝင်စာတွေ့ခိုင်းတာ ဖြစ်တယ်။ အထက် ပါစည်းကမ်းတွေ ဖောက်ဖျက်ရင် ရိုက်နှက်ထိုးကြိတ်ခံရရုံမက စောစောကပြောတဲ့ အပြစ်ပေးနည်း တမျိုးမျိုးကိုလဲ ခံရတယ်။ ဒီစည်းကမ်းချက် တွေရဲ့ အနှစ်သာရကတော့ ကျောင်းသားတွေအားလုံး တက်ကြွလန်းဆန်းမှုဟူသမျှ ချိုးနှိမ်ပပျောက်စေပြီးစိတ်ဓာတ်ကျ ဦးကျိုးစေဖို့ ရည်ရွယ်တာဖြစ်တယ်။ ဒီလိုတင်းကြပ်တဲ့ စည်းကမ်းတွေ၊ ပုံစံတွေကြားမှာ ကျောင်းသားလေးတွေဟာ ဘယ်လိုမှလူးလွန့်မရအောင် ကျီးလန့်စာစား နေရတယ်။ ပုံစံမပီလို့၊ စည်းကမ်းချိုးဖောက်လို့ ဆိုပြီးတယောက်မဟုတ်တယောက် အရိုက်မခံရတဲ့ရက်၊ အထိုးမခံရတဲ့ရက် မရှိပါ။ ကြိမ်လုံး၊ မျဉ်းလုံး၊ သားရေပြား၊ စစ်ခါးပတ်တို့ နားတဲ့ရက်မရှိ။ တောင်ယာအလုပ် တပတ်မှာတနင်္ဂနွေတရက် နားပေးပေမဲ့ ပုံစံကတော့မနားပါဘူး။

ထောင်အာဏာပိုင်တွေဆီက အခွင့်အရေးမျှော်ကိုး၊ အာဏာယစ်မူးပြီးမျက်နှာသာရအောင် အနေချောင်အောင် ကိုယ့်ကျောင်း သားအချင်းချင်းပေါ် ရက်ရက်စက်စက် ဖိနှိပ်ပြသူတွေ၊ လျှော့ရက်များများရပြီးထောင်က မြန်မြန်လွတ်မယ်ဆိုတဲ့ မက်လုံးကို အဟုတ်မှတ်ပြီးအာဏာပိုင်တွေရဲ့ ဒေါက်တိုင်လုပ်၊ အင်ဖော်မာ သတင်းပေးလုပ်တဲ့ သစ္စာဖေါက်ကျောင်းသားတွေကို ကျန်တဲ့ကျောင်းသားလေးတွေက "ထွက်ရှော" လို့ ကင်ပွန်းတပ်ကြတယ်။ ဆိုလိုတာက ထောင်ကထွက်တဲ့အခါ ရှောပစ်မယ်လို့ တေးထားတာဖြစ်တယ်။ ဒါပေမယ့် ထွက်ရှော ထဲက တချို့လဲ နောက်ပိုင်းမှာ ကျောင်းသားထုဘက်

ပြန်ရောက်လာပြီးထောင်တွင်းတိုက်ပွဲတွေမှာ တက်တက်ကြွကြွ ပါဝင်လာတာရှိသလို ၈ လေးလုံး အရေးအခင်းမှာ ပြည်သူ့ဘက်က ပါလာတာရှိတယ်။

အသက် ၂၀ အောက်ကျောင်းသားလေးတွေကို တွဲဘက်ထောင်ပို့တာဟာ မဆလ စစ်အာဏာရှင်တွေရဲ့ နိုင်ငံရေးအကျဉ်းသား အဆင့်အတန်း လုံးဝပယ်ဖျက်ရေး၊ ပုံစံကိုင်ကျွန်ဇာတ်သွင်းရေး ပေါ်လစီကို ပထမအဆင့် စမ်းသပ်အကောင်အထည်ဖော်တာပဲ ဖြစ်တယ်။ စိတ်ဓာတ်အရ ဦးကျိုးသွားပြီးခန္ဓာကိုယ်အရ လုံးပါးပါး ချိနဲ့သွားရေးကို ရည်ရွယ်ချက်ရှိရှိ ကြံစည်တာဖြစ်တယ်။ အဲသလို ညီငယ်ကျောင်းသား ရဲဘော်တွေကို တွဲဘက်ထောင်မှာ ထောင်အာဏာပိုင်တွေက စနစ်တကျပေါ်လစီချပြီးပုံစံကိုင် အလုပ်ကြမ်းခိုင်း နှိပ်စက်နေတဲ့သတင်းတွေဟာ တဖြည်းဖြည်းနဲ့ အင်းစိန်ထောင်မကြီးမှာကျန်ခဲ့တဲ့ အသက် ၂၀ အထက် နောင်တော်ကျောင်းသားကြီးတွေဆီ ပြန်ရောက်လာတယ်။ တခါတရံကျောင်းသားလေးတွေနဲ့ ထောင်ဝင်စာ အတူတူတွေ့ရတဲ့အခါ ရင်နင့်စရာရုပ်သွင်နဲ့ နာကျည်းခံပြင်းစရာ သတင်းတွေ ရလာတယ်။ ဒါကြောင့် အသက် ၂၀ အထက် ကျောင်းသားကြီးတွေဟာ ရှေ့ရေးကို အချင်းချင်း လျှို့ဝှက်တိုင်ပင် ဆွေးနွေးထားကြတယ်။

အသက် ၂၀ အောက်ကျောင်းသားလေးတွေကို ပုံစံကိုင် အလုပ်ကြမ်းခိုင်းပြီးစမ်းသပ်တာ တလလောက် ကြာသွားတဲ့အခါမှာ တော့ ထောင်အာဏာပိုင်တွေဟာ စိတ်ချရလောက်ပြီ လို့တွက်ပြီးအသက် ၂၀ အထက်ကျောင်းသားကြီးတွေဘက် ဦးလှည့်လာပါတယ်။ ၁၉၇၅ –သဂုတ်လ ထဲမှာ ၃ ဆောင်မှာ ရှိတဲ့ ဦးသန့်အရေးအခင်း ကျောင်းသား ၅၀ ကျော်နဲ့ ရွှေတိဂုံ ကျောင်းသား ၁၅ ယောက်လောက်ကို တွဲဘက်ထောင် အဆောင် ၁ ပို့ပြီးပုံစံကိုင် အလုပ်ကြမ်း စခိုင်းပါတယ်။ နောက်တနေ့မှာတော့ ၄ ဆောင်နဲ့ ၅ ဆောင်က ရွှေတိဂုံအရေးအ ခင်း ကျောင်းသား ၇၀ ကျော်၊ ဝင်ဒါမီယာခဲပေါက်မှုကျောင်းသား ၁၀ ယောက်ကျော်နဲ့ ဦးသန့်အရေးအခင်းကျောင်းသား ၅ ယောက်လောက် ကို တွဲဘက်ထောင် ၁ ဆောင်ကို ထပ်ပို့ပြီးအရင်ရောက်သူတွေကို အောက်ထပ်၊ နောက်ရောက်သူတွေကို အပေါ်ထပ်မှာ ထားတယ်။

အင်းစိန်ထောင်မကြီး ၄ ဆောင်နဲ့ ၅ ဆောင်ကိုတော့ မဆလခေတ်မှာ အထူးတိုးတက် များပြားလာနေတဲ့ ရာဇဝတ်အကျဉ်းသား တွေထားဖို့ ရာဇဝတ်အကျဉ်းသား အချုပ်ဆောင်တွေအဖြစ် ပြောင်းလဲပစ်လိုက်ပြီးနိုင်ငံရေးအကျဉ်းသားတွေကို ၃ ဆောင်တဆောင်ထဲမှာဘဲ စုထားလိုက်တယ်။

ကျောင်းသားကြီးတွေ တွဲဘက်ထောင်ကို လူစုံရောက်ပြီမို့ တိုက်ပွဲတိုက်ဖို့ လျှို့ဝှက်စီစဉ် ကြပါတော့တယ်။ နောက်တနေ့မနက် တောင်ယာအလုပ်ဆင်းချိန်မှာ တိုက်ပွဲစဖို့ သတ်မှတ်လိုက်တယ်။ တိုက်ပွဲမစခင် အတောအတွင်း ဝါဒါတွေရဲ့ ပုံစံကိုင်မှု၊ အပြစ်ရှာ ရိုက်နှက်ဆဲ ဆို စော်ကားမှုတွေကို တတ်နိုင်သမျှ စိတ်ထိန်းပြီးသည်းခံကြရတယ်။ နောက်တနေ့မနက်ဖြစ်တဲ့ ၁၉၇၅ ခု –သဂုတ်လ ၈ ရက်နေ့ မနက်မှာ ၁ ဆောင်က ကျောင်းသားကြီးတွေအားလုံးကို အဆောင်ရှေ့မှာ တန်းစီခိုင်းပြီး၊ အလုပ်ဆင်းဖို့ အဆောင်ဝင်းအပြင်ဖက် တောင်ယာတွေဆီ ထွက် ခိုင်းတဲ့အခါ ရှေ့ဆုံးကတန်းစီနေတဲ့ ကိုသက်တင် (စီးပွားရေးတက္ကသိုလ်၊ ဝမ်းတွင်း)၊ ကိုခင်မော် (ခေါ်) မော်ကြီး (ဆေး ၁၊ စာရေးဆရာ မောင် စည်သူ၏သား၊ ယခု ူသျု ဗည်နူနျ) နဲ့ ကျောင်းသားတန်းစီးအဖြစ် ခန့်ထားခံရသူ ကိုခင်မောင်လင်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ ကျောင်းသား ဟောင်း) တို့ကစပြီး “မလုပ်ဘူးကွ” လို့အော်လိုက်လို့ ကျန်ကျောင်းသားအားလုံးကလဲ “အလုပ်ကြမ်းမလုပ်ဘူးကွ” “ပုံစံအလိုမရှိ” စသဖြင့် ကြွေးကြော်အော်ဟစ်ကြပြီးအဆောင်ထဲပြန်ဝင်လာခဲ့ကြတယ်။

ဒီအခါမှာ အလုပ်ဆင်းခိုင်းတဲ့ အဆောင်မှူးဝါဒါတွေလဲ ကြောက်အားလန့်အားနဲ့ ထွက်ပြေးသွားကြပြီးတထောင်လုံး ရုတ်ရုတ် သဲသဲ ဖြစ်သွားတယ်။ ခဏကြာတော့ ထောင်ဝါဒါတွေဟာ သံချေးတက်နေတဲ့ ရိုင်ဖယ်အစုတ်တွေ ဂလောက်ဂလက်လုပ်ရင်း ကျောင်းသားကြီး တွေရှိရာ အဆောင် ၁ ဆီပြေးလာကြပြီးအဆောင်ဘေးပတ်လည်နဲ့ အပေါ်ထပ်ဗာယာလမ်းအတိုင်း ပတ်ပတ်လည်နေရာယူ ဝိုင်းထားလိုက်ကြ တယ်။ တွဲဘက်ထောင် ဗိုးဝပေါ်က နေဝင်းစစ်တပ်ကလဲ ၁ ဆောင်ဘက်ကို ဂျီဖိုးနဲ့ချိန်ထားတယ်။ ကျောင်းသားအားလုံးကတော့ အဆောင် ထဲမှာ ကိုယ့်နေရာကိုယ် အေးဆေးတည့်ငြိမ်စွာနဲ့ ထိုင်နေကြတယ်။ ထောင်မှာတွဲဘက်ထားတဲ့ စစ်ထောက်လှမ်းရေးက တပ်ကြပ်ကြီးအဆင့်ရှိ တင်မောင် က မအေနမတွေ မိုးမွှန်အောင်ဆဲဆိုရင်း ရိုင်ဖယ်ကိုင်ဝါဒါတွေ၊ နံပါတ်ဒုတ်ကိုင်ဝါဒါတွေ ခြံရံပြီး၁ ဆောင်အပေါ်ထပ် အခန်းထဲဝင် ျခိမ်းခြောက် ကြိမ်းမောင်းတယ်။ ကျောင်းသားတယောက်ကို ဆွဲထုတ်မယ်အလုပ်မှာ ကျန်တဲ့ကျောင်းသားအားလုံး ဝုန်းကနဲထရပ်လိုက်ပြီးရှေ့ကိုတက်လာလို့ မဆွဲရဲတော့ဘူး။ “မင်းတို့အားလုံးကို ပစ်သတပြီးမှ ငါက နိုင်ငံတော်အလံအုပ် အသေခံမှာကွ” လို့ပြောလိုက်သေးတယ်။ ဒေါသစိတ်၊ ရှက်စိတ်တွေမွှန်နေလို့ အရူးတပိုင်းနဲ့ ဘာတွေလျှောက်ပြောနေမှန်း မသိ။ ကျောင်းသားတွေဟာ သူ့ကိုလုံးဝဂရုမစိုက်ဘဲ အေး ဆေးပဲနေပြတော့ ရှက်ရှက်နဲ့ ပြန်ဆင်းသွားတယ်။ ျခိမ်းခြောက်လို့မရမှန်း သိသွားတဲ့အခါ တွဲဘက်ထောင်ပိုင်အဖြစ် တွဲဘက်ထားတဲ့ စစ် ထောက်လှမ်းရေးက အရာခံဗိုလ်အဆင့်ရှိ လှရွှေ ရောက်လာပြီးအချိုသတ်တယ်။ ခေါင်းဆောင်တွေ သူ့ဆီလာပြီးလိုလားချက်တွေ ပြေပြေ လည်လည် ဆွေးနွေးညှိနိုင်းဖို့ခေါ်တယ်။ ကျောင်းသားတွေက ခေါင်းဆောင်မရှိဘူး လို့ပြောတဲ့အခါ ကိုယ်စားလှယ်ရွေးပြီးလာဆွေးနွေးဖို့ ပြောတာကိုတော့ ကျောင်းသားတွေက လက်ခံလိုက်တယ်။ တဆောင်လုံးက ကျောင်းသားအားလုံး ညှိနှိုင်းတိုင်ပင်ပြီးတိုက်ပွဲဝင်တာဖြစ်ပေမဲ့ အပေါ်ထပ်ကျောင်းသားတွေရောကပြီးမှ အခုလိုပြဿနာ ပေါ်တာကြောင့် အာဏာပိုင်တွေဟာ အပေါ်ထပ်ကျောင်းသားတွေကို အမိကမဲနေ တယ်။

ထောက်လှမ်းရေးနဲ့ ဝါဒါတွေ ပြန်သွားတဲ့အခါ ကျောင်းသားတွေ တိုင်ပင်ဆွေးနွေးကြပြီးအပေါ်ထပ်က ကိုယ်စားလှယ် ၅ ယောက် ရွေးလိုက်တယ်။ ၄င်းတို့ကတော့ ဦးသန့်အရေးအခင်းက ကိုသက်တင် (စီးပွားရေးတက္ကသိုလ်၊ ဝမ်းတွင်း)၊ ဦးသန့်ရွှေတိဂုံ နှစ်မှုတွဲက ကိုခင် မောင်လင်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ ကျောင်းသားဟောင်း)၊ ၇၅ ရွှေတိဂုံအရေးအခင်းက ကိုဗြေးအောင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံဥပဒေ၊ သံလျင်၊ ယခု ကယန်းပြည်သစ်)၊ ကိုအေးအောင် (ဆေး၁၊ ရန်ကုန်) နဲ့ ကိုနေဝင်းအောင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ ကျောင်းသားဟောင်း) တို့ဖြစ်ကြတယ်။

တောင်းဆိုချက်တွေကတော့ မိမိတို့ဟာ ရာဇဝတ်အကျဉ်းသားတွေ မဟုတ်တဲ့အတွက် နေထိုင်စားသောက်မှုမှာ ပုံစံ ပယ်ဖျက်ရေး၊ အလုပ်ကြမ်း မလုပ်ရရေး၊ ကျန်းမာရေး စောင့်ရှောက်မှုရရှိရေး၊ အားကစား လုပ်ခွင့်ရရေး၊ စာအုပ်စာတမ်း သွင်းခွင့်ရရေး စတာတွေဖြစ်တယ်။ ကိုယ်စားလှယ် ၅ ယောက်ဟာ တွဲဘက်ထောင်ဗိုးဝ ရုံးခန်းမှာ ထောင်အာဏာပိုင်တွေနဲ့ ဆွေးနွေးကြတယ်။ ထောင်အာဏာပိုင် တွေဘက်က တွဲဘက်ထောင်ပိုင် တာဝန်ယူထားတဲ့ စစ်ထောက်လှမ်းရေးက အရာခံဗိုလ်အဆင့်ရှိ လှရွှေ နဲ့ အကျဉ်းဦးစီးဒုညွှန်မှူး စစ်ထောက်လှမ်းရေးက ဗိုလ်ကြီးအဆင့်ရှိ အမည်မမှတ်မိ တယောက်တို့ဖြစ်တယ်။ ကျောင်းသားကိုယ်စားလှယ်များက မိမိတို့ဟာ တသမိ ခမေမငနမ များသာဖြစ် ကြောင်း၊ ကျောင်းသားထုရဲ့လိုလားချက်တွေကို တဆင့်လာ တင်ပြပေးသူတွေသာဖြစ်ကြောင်း စကားပလ္လင်ခံပြီးနောက် တောင်းဆိုချက်တွေကို တချက်ချင်းတင်ပြီးအပြန်အလှန် ဆွေးနွေးကြတယ်။ အမိကကျတဲ့ အချက်အားလုံးလိုလို ထောင်အာဏာပိုင်တွေက လိုက်လျောပေးပြီးတချို့ကိုတော့ ထောင်အာဏာပိုင်တွေ သိက္ခာဆည်ရာရောက်အောင် ကျောင်းသားတွေဘက်က နည်းနည်းပါးပါးလျှော့ပေးလိုက်တယ်။ ဥပမာ၊ မနက်ဘက် ကမ္ဘာမကြေ သီချင်းဆိုရတာ၊ ဘုရာရှိခိုးရတာတွေကိုတော့

လုပ်ချင်တဲ့သူကလုပ်၊ မလုပ်ချင်တဲ့သူကျ ငိမ့်ငိမ်လေးနေပေး ဆိုတာမျိုးဖြစ်ပါတယ်။

ဦးသန့်အရေးအခင်းမှာ ၇၄ ဒီဇင်ဘာ ၁၁ ရက်ည ရန်ကုန်တက္ကသိုလ်ဝင်းကို စစ်တပ်နဲ့ပုလိပ်တွေ ဝင်စီးတဲ့အခါ မျက်ရည်ယိုဗုံးတွေ တထိန်းထိန်းပစ်နေတဲ့ကြားက ကျောင်းသူ ကျောင်းသားတွေဟာ တယောက်နဲ့တယောက် လက်ချင်းချိတ်၊ ဦးသန့်အုတ်ဂူကို ဝိုင်းပတ်ကာပြီးကမ္ဘာမကြေ အမျိုးသားသီချင်းကို ဆိုခဲ့ကြတယ်။ ၇၅ ဂျွန် ရွှေတိဂုံအရေးအခင်း ကျောင်းသားတွေဟာလဲ သပိတ်စခန်းကနေ အင်းစိန်ထောင် ဖမ်းခေါ်လာစဉ်တုန်းက ထောင်ပူးဝအရောက် အချုပ်ကားတွေပေါ်ကမဆင်းခင် ကမ္ဘာမကြေ သီချင်းကို အားလုံးသံပြိုင်ဆို၊ သီချင်းဆုံးမှ ကားပေါ်ကဆင်းပြီးထောင်ထဲဝင်ခဲ့ကြသူတွေဖြစ်တယ်။ ဘာသာရေးနဲ့ ပတ်သက်လို့ ခရစ်ယာန်နဲ့ မူဆလင် အနည်းအကျဉ်း ပါတာကလွဲရင် ကျန်တဲ့ကျောင်းသားအားလုံး ဗုဒ္ဓဘာသာဝင်တွေဖြစ်ပြီးဘာသာရေးကိုင်းရှိုင်းသူတွေလဲ အတော်များတယ်။ ဒါပေမဲ့ ထောင်ထဲမှာ အာဏာပိုင် တွေက ဘယ်အချိန် ဘယ်နှစ်နာရီတိတိမှာ ကမ္ဘာမကြေသီချင်း၊ ဘယ်နှစ်နာရီတိတိမှာ ဘုရားရှိခိုး အားလုံးမဆိုမနေရ၊ လိပ်ခေါင်းထွက်အောင် အော်ဆိုရမယ်၊ မလိုက်နာရင်ရိုက်မယ်၊ တိုက်ပိတ်မယ်ဆိုပြီးပုံစံကိုင်တာကိုတော့ ဘာသာရေးအကိုင်းရှိုင်းဆုံး ကျောင်းသားကတောင် မခံချင်ပါ။ ဒါကြောင့် ထောင်ပုံစံအဖြစ် ကမ္ဘာမကြေ ဆိုရတာနဲ့ ဘုရားရှိခိုးရတာကို ကျောင်းသားတွေက ဆန့်ကျင်တာ ဖြစ်ပါ တယ်။

အဲသလို ကျောင်းသားကိုယ်စားလှယ်တွေနဲ့ ထောင်အာဏာပိုင်တွေ ထောင်ပူးဝရုံးခန်းထဲ ဆွေးနွေးနေကြစဉ် တယ်လီဖုန်းမြည်လာ ပြီးလာဆွေးနွေးတဲ့ ကိုယ်စားလှယ်တွေ နာမည်စာရင်းတောင်းတယ်။ ဘယ်ကဆက်တယ် မသိပါ။

တောင်းဆိုချက်တွေထဲမှာ မိမိဆန္ဒအလျောက် ကျန်းမာရေးအတွက်၊ သို့မဟုတ် ဝါသနာအရ၊ သို့မဟုတ် စားသောက်ရေးအဆင် ပြေဖို့ တောင်ယာလုပ်ချင်တဲ့သူ ကိုယ့်အစီအစဉ်နဲ့ကိုယ် လုပ်ခွင့်ရှိဖို့နဲ့၊ ထွက်တဲ့သီးနှံကို စိုက်ပျိုးလုပ်ကိုင်သူက အပြည့်အဝ ခံစားခွင့်ရဖို့လဲ ပါ တယ်။ ဒါဟာ ကျောင်းသားတွေ အလုပ်ကြမ်းကိုဆန့်ကျင်တာ လက်ကြောမတင်းလို့ မဟုတ်ဘူးဆိုတာ ပြဖို့ဖြစ်သလို အာဏာပိုင်တွေ ဘက် ကလဲ ကျောင်းသားတွေ အလုပ်ကြမ်း လုံးဝမလုပ်ဘဲ နေတာမဟုတ်ပါဘူး လို့သူတို့အထက်ကို အရှက်ပြေ သိက္ခာဆည်ပြရာ ရောက် အောင် လို့လဲ ဖြစ်ပါတယ်။ ဒီတောင်ယာ အလုပ်ကြမ်းကိစ္စ ဆွေးနွေးကြတဲ့အခါမှာ ကျောင်းသားတွေကို ဒိုက်ထိုးခွင့်တောင် မပေးခဲ့တဲ့ ထောင် အာ ဏာပိုင်တွေက တောင်ယာလုပ်ခိုင်းတာဟာ ကိုယ်လက်လှုပ်ရှား ကျန်းမာရေး အထောက်အကူဖြစ်ဖို့ခိုင်းတာပါဆိုပြီးမဟာဂရုဏာရှင်လေ သံနဲ့ ပြောလိုက်သေးတယ်။

အသက် ၂၀ အောက် ကျောင်းသားလေးတွေအတွက်လဲ ထည့်သွင်းတောင်းဆိုပေမဲ့ ထောင်အာဏာပိုင်တွေက ကိုယ့်အတွက် သာ ကိုယ်တာဝန်ယူဖို့နဲ့ သူတို့မကျေနပ်ရင် သူတို့ပြောလိမ့်မပေ့ါ၊ သူတို့ကျေနပ်လို့ လုပ်နေတာပေ့ါလို့ ပြောတဲ့အတွက်ကြောင့် တကြောင်း၊ ကျောင်းသားကြီးတွေ ရှေ့ကတိုက်ပွဲဆင်ပြီးရင် သိတ်မကြာခင်မှာ ကျောင်းသားငယ်တွေလဲ နောက်ကလိုက်ပြီးတိုက်ပွဲ တိုက်လာလိမ့်မယ် ဆိုတာ သေချာပေါက်ယုံကြည် မျှော်လင့်ထားပြီးအဲဒီအခါကျမှ ပိုထိထိရောက်ရောက်ကူနိုင်မှာဖြစ်လို့ တကြောင်း တို့ကြောင့် ကျောင်းသား လေးတွေအတွက် အခွင့်အရေးတောင်းဆိုချက်ကို သိတ်မတွန်းတော့ဘဲ အဆောင်ကိုပြန်ခဲ့ကြတယ်။

နောက် ၂ ရက်အကြာ တနင်္ဂနွေနေ့ ထောင်ဝင်စာ တွေ့ရတဲ့အခါ တွဲဘက်ထောင် ၁ ဆောင်ကျောင်းသားကြီးတွေနဲ့ ၂ ဆောင် ကျောင်းသားငယ်တွေ အတူရောတွေ့ရတော့ ကျောင်းသားငယ်တွေထဲက စိတ်ချယုံကြည်ရတဲ့၊ ဦးဆောင်နိုင်စွမ်းရှိတဲ့ ကျောင်းသားငယ်တွေနဲ့ တိုက်ပွဲကိစ္စ စီစဉ်ညှိနှိုင်းမှုတွေ လုပ်လို့ရလိုက်တယ်။ အဲဒီကျောင်းသားငယ်တွေဟာလဲ ကျောင်းသားကြီးတွေ တိုက်ပွဲပြီးကတဲက သူတို့အ ဆောင်ထဲ လျှို့ဝှက်စည်းရုံး လှုပ်ရှားနေခဲ့ကြတယ်။ ထွက်ရှောအုပ်စုရဲ့ သတင်းပေး လက်ထောက်ချ မခံရအောင် ညအိပ်ချိန်ကျမှ ကိုယ်နဲ့ အိပ်ရာချင်းကပ်ရက် ကျောင်းသားကနေ တဆင့်ပြီးတဆင့် တိုးတိတ်သိုသိပ်စွာနဲ့ ဆွေးနွေးစည်းရုံးရတာ ဖြစ်တယ်။ ထွက်ရှောအုပ်စုကတော့ လျှော့ရက်များများရပြီးထောင်ကမြန်မြန်လွတ်ဖို့ ထောင်အာဏာပိုင်တွေအလိုကျ ဘာမဆိုလုပ်ဖို့ အသင့်ရှိသူတွေဖြစ်တယ်။ ဒ့ါအပြင် ကျောင်းသားလေးတွေဟာ ထွက်ရှောအုပ်စု မရိပ်မိအောင် တောင်ယာလုပ်ရင်းနဲ့ ကျောင်းသားကြီးတွေနေတဲ့ အဆောင်ဝင်းနား မသိမသာ ချဉ်းကပ်လာပြီးကျောင်းသားကြီးတွေနဲ့ လျှို့ဝှက်ညှိနှိုင်းတာလဲ လုပ်ကြတယ်။

နောက်တနေ့ –သဂုတ်လ ၁၁ ရက်နေ့မှာတော့ စီစဉ်ထားတဲ့အတိုင်း ကျောင်းသားလေးတွေဟာ တောင်ယာလုပ်နေရင်း မိုးရွာလာ တဲ့အခါ မလုပ်နိုင်တော့ဘူးကွ လို့အော်ဟစ်ကြွေးကြော်ကြပြီးကျောင်းသားကြီးတွေရှိရာ ၁ ဆောင်ထဲ ပြေးဝင်ခိုလှုံလာကြတယ်။ တလကြာ အတင်းကြပ်ဆုံး ပုံစံကိုင် ကျွန်ဇာတ်သွင်းထားတာကနေ အရဲစွန့်ဖောက်ထွက်ရတာဖြစ်လို့ တချို့ကျောင်းသားလေးတွေဟာ ကြောက်စိတ်၊ နာကျည်းဝမ်းနည်းစိတ်၊ မျှော်လင့်အားကိုးစိတ်နဲ့ ဝမ်းသာပျော်ရွှင်စိတ်တွေ အမျိုးမျိုးပေါင်းဆုံပြီးစိတ်လှုပ်ရှားမှုကြီးမားပြင်းထန်ကာ တုန်တုန် ရီရီနဲ့ မျက်ရည်ကျငိုကြွေးကြတာကို ကျောင်းသားကြီးတွေက နှစ်သိမ့်အားပေးခဲ့ရတယ်။ ကျောင်းသားလေးတွေဟာ ဒီ တလကြာ ပုံစံကိုင် အလုပ်ကြမ်း ခိုင်းခံရတာကို တကမ္ဘာလောက် ကြာခဲ့တယ်လို့ထင်မိကြတယ်။

ဒီလို မလွဲမသွေဖြစ်လာမယ့်အရေးကို အာဏာပိုင်တွေကလဲ မျှော်လင့်ထားပြီးဖြစ်နေတော့ သိပ်မကြာခင်မှာဘဲ အာဏာပိုင်တွေ လိုက်လာပြီးကျောင်းသားလေးတွေရဲ့ လိုလားချက်တွေကို ကျောင်းသားခေါင်းဆောင်တွေက ရုံးခန်းမှာ လာဆွေးနွေးဖို့နဲ့ ကိုယ့်အဆောင် ကိုယ်ပြန်ကြဖို့ ပြောလာတယ်။ ကျောင်းသားလေးတွေက ခေါင်းဆောင်မရှိဘူး လို့ပြောတော့ ကိုယ်စားလှယ်ရွေးဖို့ ပြောတယ်။ ဒါနဲ့ ကျောင်း သားလေးတွေဟာ ၂ ဆောင်မှာ ပြန်လည်စုရုံး စည်းဝေးကြပြီးအပေါ်ထပ်ကိုယ်စားလှယ် ၂ ယောက်၊ အောက်ထပ်ကိုယ်စားလှယ် ၂ ယောက် ပေါင်း ၄ ယောက်ရွေးလိုက်တယ်။ ဒီနောက် တွဲဘက်ထောင်ပူးဝ ရုံးခန်းမှာ တွဲဘက်ထောင်ပိုင် တာဝန်ယူထားသူ စစ်ထောက်လှမ်းရေး အရာခံ ဗိုလ်အဆင့်ရှိ လူရွှေ နဲ့သွားဆွေးနွေးကြတယ်။ ကျောင်းသားလေးတွေရဲ့ ကိုယ်စားလှယ်တွေကတော့ ကိုစိုးဝင်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ယခုဂျပန် နိုင်ငံ ရောဝဏ် ဂျာနယ်)၊ ကိုသန်းနိုင် (ပညာရေးတက္ကသိုလ်၊ ဖားအံ၊ မွန်အမျိုးသား၊ ဂ လေးလုံးနောက်ပိုင်း ဒေါ်)၊ ကိုထွန်းမြင့်ဝင်း (ရန်ကုန် ဝိဇ္ဇာသိပ္ပံ၊ သစ်တော၊ မုံရွာ) နဲ့ သာကေတမှ အထကကျောင်းသားတဦးတို့ဖြစ်ပြီးအားလုံး ရွှေတိဂုံအရေးအခင်းကဖြစ်တယ်။ ဆွေးနွေးပွဲကို ၁ ဆောင်က ကျောင်းသားကြီး ကိုယ်စားလှယ်တွေလဲ တက်ရတယ်။

ကျောင်းသားလေးတွေ ဆွေးနွေးတောင်းဆိုတဲ့ အချက်တွေကတော့ အလုပ်ကြမ်းမလုပ်ရရေးနဲ့ ပုံစံပယ်ဖျက်ရေး၊ ဆေးမှူးမှန်မှန် ပြခွင့်ရရေး၊ ထမင်းဟင်း ဝဝစားခွင့်ရရေး၊ ရေဝဝချိုးခွင့်ရရေး၊ ရေနွေးရရေး၊ ဖွန်းနဲ့ပုဂံ အလုံအလောက်ရရေး၊ စာအုပ်စာတမ်းသွင်းခွင့်ရရေး၊ အားကစား လှုပ်ရှားခွင့်ရရေး စတာတွေဖြစ်တယ်။ ထောင်အာဏာပိုင်တွေအနေနဲ့ ဒါတွေကို ရှောင်လွဲဟန့်တားလို့ မရနိုင်တော့တာ မျှော် လင့်တွက်ဆပြီးဖြစ်နေတော့ သိတ်အကြိတ်အနယ် မဆွေးနွေးလိုက်ရဘဲ တောင်းဆိုချက်အားလုံးလုံးလိုလို လိုက်လျောလိုက်တယ်။ စာအုပ်စာ တမ်းသွင်းခွင့်ကတော့ တရားဝင်ခွင့်ပြုလို့

မရနိုင်လို့ နားလည်မှုနဲ့ ခွင့်ပြုပေးမယ်လို့ ပြောတယ်။

ဒီလိုနဲ့ အသက် ၂၀ အောက်ကျောင်းသားငယ်တွေကို ပုံစံကိုင်အလုပ်ကြမ်းခိုင်းပြီးအညွန့်ချိုးတဲ့ စီမံကိန်းဟာလဲ နိဂုံးချုပ် အဆုံးသတ်သွားတယ်။ ၁၉၇၅ ခု –သဂုတ် ထောင်တွင်းတိုက်ပွဲတွေဟာ ၁၉၇၄ဧပြီ ကာလထိန်းသိမ်းခံကျောင်းသားတွေရဲ့ ပထမဆုံးနဲ့ အအောင်မြင်ဆုံး အမငုန ဖြစ်ခဲ့တယ်။ ရန်သူဟာ မထင်မှတ်ဘဲ လုံးဝအလစ်အငိုက်မိသွားပြီးကျောင်းသားတွေရဲ့ ကြံ့ခိုင်တဲ့ ညီညွတ်မှုအင်အားကို တုန်လှုပ်သွားကာ အရှုံးပေးခဲ့ရတယ်။ ဒီတိုက်ပွဲဟာ ၁၉၇၅ ခုနှစ် ကျောင်းသားများအပါအဝင် နိုင်ငံရေးအကျဉ်းသားများနဲ့ ပတ် သက်တဲ့ စစ်အစိုးရ ထောင်အာဏာပိုင်တွေရဲ့ စီမံကိန်းကို ရိုက်ချိုးပစ်လိုက်နိုင်တဲ့ အဓိက ပွဲဦးထွက်တိုက်ပွဲကြီးဖြစ်သွားတယ်။

တိုက်ပွဲတွေပြီးလို့ နောက် ၂ ပတ် အကြာမှာတော့ အာဏာပိုင်တွေနဲ့ သွားဆွေးနွေးတဲ့ ၁ ဆောင်အပေါ်ထပ်က ကျောင်းသားကြီး များရဲ့ ကိုယ်စားလှယ် ၅ ယောက်၊ ၂ ဆောင်က ကျောင်းသားလေးများရဲ့ ကိုယ်စားလှယ် ၄ ယောက်အပြင် အမာခံလို့ယူဆော်သူတွေလို့ အာ ဏာပိုင်တွေယူဆတဲ့ တခြားကျောင်းသားကြီး ၂ ယောက် စုစုပေါင်း ၁၁ ယောက်ကို တိုက်ပိတ်လိုက်တယ်။ ဒီ ၁၁ ယောက်ကို တိုက်ပိတ်ရာမှာ အဆောင်ထဲဝင် ခေါ်ထုတ်သွားတာမျိုး မလုပ်ရဲဘဲ၊ မလိမ့်တပတ်နဲ့ ထောင်ဝင်စာသွားတွေ့အပြီးထောင်ဝင်စာခန်းကပြန်အထွက်မှာ စောင် အုပ်၊ ကားပေါ်တက်ခိုင်း၊ ထောင်မကြီး ဗူးဝကနေ တိုက်ဝင်းပေါက်ထိ ကားနဲ့တင်ခေါ်သွားပြီးဖ တိုက်နဲ့ ၄ တိုက်မှာ တိုက်ပိတ်လိုက်တာဖြစ် တယ်။ ဒီလိုတိုက်ပိတ်လိုက်တာကို တွဲဘက်ထောင်မှာ ကျန်ခဲ့တဲ့ကျောင်းသားတွေ သိတဲ့အခါ ညနေအဆောင်ပိတ်ချိန် အဆောင်ထဲပြန်မဝင်ဘဲ နေပြီးတိုက်ပိတ်ခံကျောင်းသားတွေ ပြန်လွှတ်ပေးဖို့ ဆန္ဒပြကြတယ်။ ဒါပေမယ့် ရထားပြီးသား အဓိကအခွင့်အရေးတွေ ထိခိုက်မှုမရှိတဲ့ အခြေ အနေအောက်မှာ ပြန်လွှတ်ရေး အဓိကမထားဖို့နဲ့ ကျောင်းသားတို့ရဲ့ အစဉ်အလာအတိုင်း တဗိုလ်ကျ တဗိုလ်တက်စနစ် ကျင့်သုံးသွားဖို့ ကျောင်းသားအများစုက သဘောထားရှိကြတယ်။ ဒါ့အပြင် ကိုယ်စားလှယ်တွေ တိုက်ပိတ်ခံလိုက်ရပေမဲ့ ၇ ရက်ဂျူလိုင် အခမ်းအနားလုပ်မှုနဲ့ တလခန့် တိုက်ပိတ်ခံထားရတဲ့ ရွှေတိဂုံအရေးအခင်းက ကိုမြင့်ဆွေ (စက်မှုတက္ကသိုလ်၊ မုံရွာဆြားလင်းကြီး)၊ ကိုမြင့်အောင်ကြည် ခေါ် မောင် မြေဝါ (စက်မှုတက္ကသိုလ်၊ တန့်ဆည်)၊ ကိုသန်းနိုင် (ကောင်စီစာရေး၊ ရန်ကုန် ၁၉၈၉ မှ ယနေ့ထိ နအဖ ထောင်ကျနေဆဲ ပုဂံသန်းနိုင်) အစရှိသူတွေ အဲဒီနေ့မှာပဲ တိုက်ကလွှတ်ပြီးတွဲဘက်ထောင်ရောက်လာကြလို့ ဆန္ဒပြပွဲ ရုပ်သိမ်းလိုက်ပြီးအဆောင်ထဲ ပြန်ဝင်ကြတယ်။ တွဲဘက်ထောင် –သဂုတ်အမငုန တွေကြောင့် ရလာတဲ့ အခွင့်အရေးတွေလဲ တခုမှ အရုပ်သိမ်းမခံရပါ။

တိုက်ပိတ်ခံရတဲ့ ကိုယ်စားလှယ်တွေနေရာမှာ ကိုယ်စားလှယ်သစ်တွေ ထပ်ရွေးကောက်ကြတယ်။ ကျောင်းသားတွေဟာ မိမိတို့ ကိုယ်စားလှယ် မိမိတို့ရွေးပြီးကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်တခု ထောင်ထဲကျင့်သုံးနေတာကို အာဏာပိုင်တွေက မတတ်သာဘဲ ခွင့်ပြုထား ရတယ်။ တကယ့်တကယ်တော့ ထောင်ထုံးစံအရ အကျဉ်းသားအချင်းချင်း အုပ်ချုပ်ဖို့ အခန်းလူကြီး၊ တန်းစီး၊ ဗါယာ၊ ဘုတ်ကိုင်တွေကို ထောင် အာဏာပိုင်တွေကသာ ရွေးချယ်ခန့်အပ်တာဝန်ပေးရိုးဖြစ်ပေမဲ့ အခုတော့ အဲသလိုလုပ်လို့မရ ဖြစ်နေတယ်။

တိုက်ပိတ်ခံရတဲ့ ၁၁ ယောက်ဟာ ဖ တိုက်နဲ့ ၄ တိုက်မှာ ၃ လနီးပါးတိုက် ပိတ်ခံရပြီးနောက် ၈ ယောက်က အင်းစိန်ထောင်မကြီး ၃ ဆောင်ကိုရောက်သွားတယ်။ ကိုခင်မောင်လင်း၊ ကိုစိုးဝင်းနဲ့ ကိုသန်းနိုင်တို့ကတော့ နောက်ထပ်၃လကျော်မှ တိုက်ကလွှတ်ပြီး၃ ဆောင်ရောက် သွားတယ်။ တယောက်မှ တွဲဘက်ထောင်ပြန်မပို့ပါ။

၇၅ –သဂုတ် တွဲဘက်ထောင်တိုက်ပွဲတွေရဲ့ အောင်မြင်မှုအရှိန်အဟုန်ကြောင့် အင်းစိန်ထောင်မကြီး ၃ ဆောင်မှာရော တွဲဘက် ထောင်မှာပါ ကျောင်းသားတွေအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေဟာ နိုင်ငံရေးဆွေးနွေးပွဲတွေ၊ လေ့လာရေးတွေ လွတ်လွတ်လပ်လပ်နဲ့ ပုံမှန် လုပ်နိုင်ကြတယ်။ အင်္ဂလိပ်စာ လေ့လာရေးလဲ အတော်လုပ်ကြတယ်။ ဒါ့အပြင် သစ်သား၊ ပလပ်စတစ် (သွားတိုက်တံလက်ကိုင်ရိုး)၊ ပိုက်ဆံ အကြွေစေ့တွေနဲ့ ပန်းပုရုပ်လုပ်တာ၊ တံဆိပ်တွေ၊ ဒီဇိုင်းတွေလုပ်တာ၊ ကြိုးပုတီးလုပ်တာ စတဲ့ ထောင်တွင်းလက်မှုပညာတွေလဲ လေ့လာ သင်ယူပြီးခွပ်ဒေါင်းရုပ်၊ ငြိမ်းချမ်းရေးဂျိုးငှက်ရုပ်၊ ဘုရားရုပ်စတာတွေ ဒီဇိုင်းအမျိုးမျိုး ထွင်းထုလုပ်ပြီးမိဘဆွေမျိုးတွေဆီ အမှတ်တရပြန်ပို့ကြ တယ်။ တချို့လဲ ဝါသနာအလျောက်နဲ့ စားရေးသောက်ရေး ပိုအဆင်ပြေဖို့ သီးနှံ တွေစိုက်ကြတယ်။ အားကစားလှုပ်ရှားမှုတွေ၊ ကိုယ်ခံပညာ သင်တန်းတွေလုပ်ကြတယ်။ ထောင်ဝင်စာထည့်ပေးလာတဲ့ ပလပ်စတစ်အိတ်တွေအားလုံး စုစည်းဆေးကြောပြီးဝါဒါတွေကတဆင့် အပြင်က ပလပ်စတစ်ဝယ်သမားထံ ပြန်ရောင်း၊ ရတဲ့ငွေနဲ့ ဘောလုံး၊ ခြင်းလုံး၊ ဘော်လီဘောတို့ ဝယ်ကစားကြတယ်။ တခါတရံမှာလဲ ဝါဒါမိသားစုတွေ လာရောင်းတဲ့ မုန့်တွေ၊ အကြော်တွေဝယ်ပြီးအားလုံးဝိုင်းစားကြတယ်။ လက်ရေးကဗျာစာအုပ်တွေ၊ မဂ္ဂဇင်းတွေထုတ်ပြီးလှည့်ဖတ်ကြတယ်။ နိုင်ငံရေးစာအုပ်တွေ အပါအဝင် စာအုပ်စာတမ်းအမျိုးမျိုးလဲ သွင်းနိုင်ခဲ့တယ်။

ထောင်ထဲမှာ အဓိကထား လုပ်တာတခုက နေ့ကြီးရက်ကြီး အခမ်းအနားတွေပါဘဲ။ အထူးသဖြင့် စစ်အာဏာရှင်တွေ လက်ချက် ကြောင့် ပြည်သူတွေ သွေးမြေကျခဲ့ရတဲ့ ရက်တွေကို အထိမ်းအမှတ် မပျက်မကွက်လုပ်ကြတယ်။ အဲဒီနေ့ရက်တွေကတော့ (၁၉၆၂) ဂျူလိုင် ၇ ရက်၊ (၁၉၆၇) –သဂုတ် ၁၃ ရက် စစ်တွေဆန်လုပွဲ (ဒီအထိမ်းအမှတ်က ရွှေတိဂုံအရေးအခင်းမှာ အုံနဲ့ကျင်းနဲ့ ပါဝင်ဆင်နွှဲပြီးအဖမ်းခံရတဲ့ ရခိုင် ကျောင်းသားတွေရဲ့ မိတ်ဆက်ပေးမှုကနေ ကျန်တဲ့ကျောင်းသားတွေ သိလာပြီးအထိမ်းအမှတ် လုပ်တာဖြစ်တယ်)၊ (၁၉၅၀) –သဂုတ် ၁၂ ရက် စောဘဦးကြီး ကျဆုံးတဲ့ရက် (ဒီရက်ကတော့ ၁၉၇၆ ခုထဲမှာ၂၄ က ဆရာစောအော်လင်းဒို (ပညာရေးတက္ကသိုလ်၊ ယခု –သစ–တးလျ) ထောင်ထဲရောက် လာတော့ ကျောင်းသားတွေ ကရင့်တော်လှန်သမိုင်းသိလာပြီးအထိမ်းအမှတ်လုပ်တာဖြစ်တယ်)၊ (၁၉၇၄) ဂျွန် ၆ ရက် အလုပ်သမားသတ်ပွဲ၊ (၁၉၇၄) ဒီဇင်ဘာ ၁၁ ရက် ဦးသန့်အရေးအခင်း ကျောင်းသားပြည်သူသတ်ပွဲတို့ကို အဓိကလုပ်ကြတယ်။ ဒါ့ပြင် (၁၉၆၈) စက်တင်ဘာ ၂၄ ရက် သခင်သန်းထွန်း ကျဆုံးတဲ့နေ့၊ ၁၉၇၅ မတ်လ ၁၅ ရက် သခင်ဇင်သြခင်ချစ် ကျဆုံးတဲ့နေ့တွေလဲ အထိမ်း အမှတ်ပြုကြတယ်။ အဓိကအားဖြင့် စစ်အာဏာရှင်တွေရဲ့ ရက်စက်ယုတ်မာမှုကိုအမြဲသတိရပြီးနာကျည်းစိတ်ထက်သန်နေအောင် အဲသလို နေ့မျိုးတွေ အထိမ်းအမှတ်လုပ်တာဖြစ်တယ်။ ဒါကြောင့် ဇန္နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့၊ ဖေဖေါ်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့၊ မတ် ၂၇ ရက် တော်လှန်ရေးနေ့၊ ဇူလိုင် ၁၉ ရက် အာဇာနည်နေ့တွေတော့ ထောင်ထဲမှာ ကျောင်းသားတွေ အခမ်းအနား လုပ်လေ့လုပ်ထမရှိပါ။ အထိမ်းအမှတ်လုပ်ရာမှာတော့ အခြေအနေပေးရင်ပေးသလို အလံအလေးပြုတာ၊ ကျဆုံးသူတွေကို အလေးပြုတာ၊ တိုက်ပွဲဝင်သီချင်းဆိုတာ၊ ကဗျာရွတ်တာတွေလုပ်ကြပြီးကျောင်းသားအတော်များများဟာ တရက်၊ သို့မဟုတ် တနပ် ထမင်းမစားဘဲ နေတာမျိုးလဲလုပ်ကြတယ်။ ထောင်ထဲမှာ ကိုယ်က အထက်စီးရနေချိန်မှာတော့ အခမ်းအနားတွေကို ဖြောင်ပေါ်တင်ကြီးလုပ်ပြီးခွပ်ဒေါင်းအလံ၊ တူတံဇင်အလံတွေထောင်၊ ကျောင်းသားသမဂ္ဂသီချင်း၊ အင်တာနေရှင်နယ်သီချင်းတွေ အစအဆုံး အော်ဆိုကြ၊ အလှည့်ကျကဗျာရွတ်၊ တော်လှန်ရေးသီချင်းတွေ အလှည့် ကျဆို နဲ့ တကယ့် လွတ်မြောက်ဒေသလိုလို လုပ်တာဖြစ်တယ်။ ထောင်ထဲမှာ ကိုယ်ခံနေရတဲ့အချိန်မျိုးကျတော့

ဒီလိုနေ့ကြီးရက်ကြီးတွေကို လျှို့ဝှက်သိုသိပ်စွာနဲ့ ရိုက်နှက်ခံ၊ တိုက်ပိတ်ခံ စွန့်စားလုပ်ကြရတယ်။

လက်ဝဲကျောင်းသားတွေနဲ့ လက်ဝဲ နိုင်ငံရေးအကျဉ်းသားတွေကတော့ စောစောကပြောတဲ့ ရက်တွေအပြင် မတ်လ ၂၈ ရက် ဗကပ တော်လှန်ရေးနေ့၊ ဩဂုတ် ၁၅ ရက် ဗကပ မွေးနေ့၊ မေ ၁ ရက် ကမ္ဘာ့အလုပ်သမားနေ့၊ နိုဝင်ဘာ ၇ ရက် မဟာအောက်တိုဘာ တော်လှန်ရေး နေ့တွေလဲ အခမ်းအနား လုပ်ကြတယ်။ အဲဒီကာလတွေတုန်းက ဗမာပြည်မှာ မဆလ ကလွဲပြီးတရားဝင်ပါတီစုံစနစ် မရှိသေးဘဲ မဆလ စစ်အာဏာရှင်စနစ်ကို ခိုင်ခိုင်မာမာ စွဲစွဲမြဲမြဲ၊ အားကောင်းကောင်းနဲ့ ဆန့်ကျင်တိုက်နေတာ ဗကပ တဖွဲ့ဘဲရှိနေတော့ သဘာဝကျစွာဘဲ ကျောင်းသားတွေ အပါအဝင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ အများစုဟာ လက်ဝဲယိမ်းကြတာ၊ ဒါမှမဟုတ် ထောင်ထဲရောကပြီးနောက် လက်ဝဲ ယိမ်းသွားတာ မဆန်းပါဘူး။ ဒါကြောင့် ကွန်မြူနစ်၊ ကြွက်စုတ်နဲ့ 'ညင်းသီး ဖိုးဘီးယား (ဆ္ဍသဘင) ရှိတဲ့စိတ်ဝေဒနာရှင်တွေ အဲဒီအချိန်တုံးက သာ ထောင်ထဲရောက်လာရင် သွက်သွက်ခါအောင် ရှူးသွားနိုင်ပါတယ်။ ထောင်ထဲမှာ ကြွက်စုတ်ကြွက်ပဲ့တွေကလဲ ဘာပေါသလဲမမေးနဲ့။ 'ညင်းသီးလို အနံ့ဆိုးတဲ့ ဂျပိုးတွေကလဲ များမှများ။

ကျောင်းသားတွေ၊ နိုင်ငံရေးအကျဉ်းသားတွေ တန်ခိုးထွားနေချိန်ဆိုရင် အုတ်နံရံ၄ ဘက်ကြား၊ သံတိုင်တွေရဲ့နောက် ရောက်နေတာ ကလွဲလို့ တခြားနိုင်ငံရေးကိစ္စတွေ လုပ်ချင်တာလုပ်လို့ရတယ်။ အထက်တနေရာမှာ ပြောခဲ့သလို ထောင်ပြင်ပ စစ်အစိုးရ အုပ်ချုပ်ရာဒေသမှာ လုပ်ခွင့်မရတာတွေ ထောင်ထဲမှာ လုပ်လို့ရတယ်။ အဲသလို အခြေအနေမျိုးမှာဆိုရင် ထောင်ဝါဒါ၊ ထောင်မှူးတွေကလဲ ကျောင်းသားတွေ အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို ရိုရိုကျိုးကျိုးဆက်ဆံတယ်။ စာရေးခွင့်မရှိတဲ့ ထောင်ထဲမှာ စာစောင်စာတမ်းတွေ ရေးဖြန့်နေတာ သိ လဲ ဘာမှမပြောကြဘူး။ ထောင်ထုံးစံအရ တလာကြီး၊ တလာလေး စီလို့ တွေ့သွားလဲ နဝတနြေအဖ ခေတ်လို ရုံးတင်ပြီးထောင်ထပ်ချ နှစ် ထပ်တိုးတာမရှိပါ။ အကျဉ်းထောင်ရဲ့ အဆောက်အဦ၊ ပစ္စည်းကိရိယာတွေ ဖျက်ဆီးနေတာတွေ့လဲ မျက်နှာလွှဲသွားတယ်။ ကျောင်းသားတွေ ကလဲ ရန်သူ့ပစ္စည်းဆို အခွင့်အရေးရရင်ရသလို ဖျက်ဆီးရမယ်။ ရန်သူ့ပစ္စည်း များများပျက်ဆီးလေ ကောင်းလေ ဆိုတဲ့ခံယူချက် ထားကြ တယ်။ ထောင်စည်းကမ်းနဲ့ဆန့်ကျင်တဲ့ ကရာတေးသင်တန်း၊ သိုင်း၊ လက်ဝှေ့ သင်တန်းတွေ ပေးတာတွေ့လဲ အာဏာပိုင်တွေက ဘာမှမပြော ကြတော့ဘူး။ ရန်သူ့စည်းကမ်းကို တတ်နိုင်သလောက် ချိုးဖောက်ရမယ် ဆိုတဲ့ခံယူချက်ကိုလဲ ကျောင်းသားတွေ ခံယူကြတယ်။ ကျန်းမာရေး နဲနဲမကောင်းလိုက်နဲ့၊ ညနက်သန်းခေါင် ဝါဒါကိုအသံကုန်အော်ခေါ် ပြီးဆေးမှူး အကြောင်းကြားခိုင်းတယ်၊ ဆေးရုံတက်ခွင့် တောင်းတယ်။ နို့စား၊ ဆန်ပြုတ်စား မရရအောင် တောင်းတယ်။ ဒါပေမဲ့ ထောင်ရဲ့ ဆေးကုသစောင့်ရှောက်မှုစနစ်နဲ့ အရည်အချင်း အင်မတန် ညံ့ဖျင်း စုတ်ချာတာကြောင့် ထောင်ထဲမှာ ကျန်းမာရေးပြဿနာဟာ အမြဲတမ်းပဲ ပူညံ့ပူညံ ဂူးဝါးဂူးဝါးနဲ့ ပြီးနေရတယ်။

၁၉၇၅ ခု အကုန်ပိုင်းလောက်မှာ ကျောင်းသားလေးများနေတဲ့ တွဲဘက်ထောင် ၂ ဆောင်မှာ ပထမဆုံးကိုယ်စားလှယ် ၄ ယောက် တိုက်ပိတ်ခံရပြီးနောက်ထပ်ရွေးကောက် တင်မြှောက်ထားတဲ့ ကျောင်းသားကိုယ်စားလှယ် ၁၀ ယောက်ကို ထောင်အာဏာပိုင်တွေက ဆွေးနွေးစရာရှိတယ်လို့ပြော ခေါ်ထုတ်သွားပြီးနောက် ထောင်မကြီးမှာ ဖ တိုက်ပိတ်လိုက်တယ်။ အဲဒီ ကျောင်းသားကိုယ်စားလှယ်တွေဟာ ၂ ဆောင်မှာရှိတဲ့ အသက် ၂၀ အောက်ကျောင်းသားလေးတွေကို ကောင်းကောင်း စည်းရုံးအုပ်ချုပ်နိုင်ပြီးကျောင်းသားလေးတွေရဲ့ အခွင့်အ ရေးတွေ အပြည့်အဝရအောင် ဦးဆောင်လှုပ်ရှားနေတာဖြစ်လို့ ကျောင်းသားလေးတွေပေါ် ဩဇာကြီးတဲ့အတွက် အာဏာပိုင်တွေ မျက်စိဆံပင် မွေးစူးစရာ ဖြစ်နေတယ်။ ဒါကြောင့် သူတို့မရှိရင် ကျောင်းသားလေးတွေ ငြိမ်လိမ့်မယ်လို့တွက်ပြီးတိုက်ပိတ်လိုက်တာဖြစ်တယ်။ အဲဒီ ကိုယ် စားလှယ် ၁၀ ယောက်ကတော့ ၁။ ကိုစောနိုင် (စက်မှုတက္ကသိုလ်၊ မာန်အောင်၊ ရခိုင်အမျိုးသား)၊ ၂။ ကိုအောင်သန်းမြင့် (စီးပွားရေး တက္ကသိုလ်၊ တောင်ဥက္ကလာ၊ ယခု ကလလတ)၊ ၃။ ကိုဝင်းဆွေ (အထကကျောင်းသား၊ ပါရမီ၊ ယခု ရွှေလီ)၊ ၄။ ကိုမိုးမြင့် (အထကကျောင်း သား၊ ၈ လေးလုံးနောက်ပိုင်း ပြည်သူ့တိုးတက်ရေးပါတီ)၊ ၅။ ကိုခင်ဇော်လင်း (အလကကျောင်းသား၊ ဗကပသို့တောခိုကျဆုံး၊ ဆရာမောင် သော်က၏တူ)၊ ၆။ ကိုတင်ရွှေ (ခေါ်) ဆမ်ဆန် (ယခု ဗြိတိသျှဘောင်သစ်၊ အမေရိကန်နိုင်ငံ)၊ ၇။ ကိုလူမော် (အထကကျောင်းသား၊ ဘောက်ထော်)၊ ၈။ ကိုကျော်ထူး (အလကကျောင်းသား၊ စမ်းချောင်း)၊ ၉။ ကိုစံနု (အရပ်သား၊ ရခိုင်အမျိုးသား)၊ ၁၀။ ကိုမောင်ဝင်း (အထက ကျောင်းသား) တို့ဖြစ်ပြီးအားလုံး ရွှေတိဂုံအရေးအခင်းက ဖြစ်ပါတယ်။

၂ ဆောင်က ကျောင်းသားတွေဟာ မိမိတို့ရဲ့ 'တိယမြှောက် ကိုယ်စားလှယ်တွေကို တိုက်ပိတ်လိုက်ပြန်ပြီဆိုတာ သိရတဲ့အခါ အင်မတန် မခံမရပ်နိုင်ဖြစ်ပြီးအဆောင်ဝင်းထဲမှာ အော်ဟစ်ဆန္ဒပြကြတယ်။ ညနေအဆောင်ပိတ်ချိန်မှာ အဆောင်ထဲ ပြန်မဝင်ဘဲနေကြလို့ အခြေအနေတွေ တင်းမာလာတယ်။ အာဏာပိုင်တွေက ထောင်ဥပဒေအရ အဆောင်ထဲပြန်မဝင်ရင် ပစ်မယ်ဆိုပြီးထောင်ဗူးပေါ်က စစ်တပ်ကို ၂ ဆောင်ဘက် ဂျီဖိုး၊ ဂျီသရီးတွေနဲ့ အသင့်ချိန်ထားခိုင်းတယ်။ ကျောင်းသားလေးတွေထဲက ၈ တန်းကျောင်းသား ကိုမင်းအောင် (ခေါ်) ဂိုရှယ်လေး (တောင်ဥက္ကလာ) ဟာ အင်္ကျီကြယ်သီးတွေဖြုတ် ရင်ဖွင့်ပြီးထောင်ဗူးဝဘက်လှည့် ရင်ကော့ရင်း "မင်းတို့သတ္တိရှိရင် ပစ်လိုက်ကွ" လို့အော်ဟစ်စိန်ခေါ်ခဲ့တယ်။ နောက်ဆုံးမှာတော့ ၁ ဆောင်က ကျောင်းသားကြီးတွေ လာရောက်ဖြောင်းဖျပြီးတင်းမာမှုလျော့သွားအောင် လုပ်ပေးနိုင် ခဲ့တယ်။ ကျောင်းသားလေးတွေလဲ အဆောင်ထဲ ပြန်ဝင်ကြတယ်။

နောက်တနေ့မနက်မှာ ကိုယ်စားလှယ်တွေ တိုက်ပိတ်ခံရတဲ့အကြောင်းဟာ ထွက်ရှောတွေချွန်လို့ ဆိုပြီးကျောင်းသားလေးတွေက ထွက်ရှောအုပ်စုကို ဝိုင်းထိုးကြလို့ အာဏာပိုင်တွေက ထွက်ရှောအုပ်စုကို ၂ ဆောင်မှာမထားဘဲ တွဲဘက်ထောင်ထဲမှာပဲ အဆောင်ပြောင်း ထားပေးလိုက်တယ်။

၁ ဆောင်က ကျောင်းသားကြီးတွေ ဆွေးနွေးတိုင်ပင်ပြီး၂ ဆောင်ကျောင်းသားလေးတွေ အစွန်းမရောက်စေဖို့နဲ့ အာဏာပိုင်တွေရဲ့ ထောင်ချောက်ထဲ မကျရောက်စေဖို့ ကျောင်းသားကြီးတချို့ ၂ ဆောင် ပြောင်းနေပြီးထိန်းဖို့စဉ်းစားကြတယ်။ ဒါကြောင့် ထောင်အာဏာပိုင် တွေကို တင်ပြတဲ့အခါ သူတို့ကလဲသဘောတူလို့ ၁ ဆောင်က ကျောင်းသားကြီးတချို့ ၂ ဆောင်ပြောင်း၊ ၂ ဆောင်က ကျောင်းသားလေး တချို့ ၁ ဆောင်ပြောင်းပြီးရောမွှေလိုက်တယ်။ ဒါကြောင့် ကျောင်းသားလေးတွေအတွက် နိုင်ငံရေးအရ ပိုကောင်းတဲ့အခြေအနေ ရလာခဲ့ တယ်။

တိုက်ပိတ်ခံရတဲ့ ကိုယ်စားလှယ်ကျောင်းသား ၁၀ ယောက်ကို ၆ တိုက်ပိတ်လိုကပြီးမှ တခန်းနဲ့တခန်း လှမ်းစကားပြောလို့ဆိုပြီးအားလုံးကိုထုတ်ရိုက်တယ်။ ကျောင်းသားတယောက်ဖြစ်တဲ့ ကိုဝင်းဆွေက "ထူး၏၏၏မခြားနား" လို့သီချင်းအော်ဆိုလိုက်တာကို သီချင်းဆိုလို့၊ စကားပြောလို့ဆိုပြီးထုတ်ရိုက်တာဖြစ်ပါတယ်။ တိုက်တာဝန်ခံအဖြစ် တွဲဘက်ထားတဲ့ စစ်ထောက်လှမ်းရေးက တပ်ကြပ်ကြီးအဆင့်ရှိ သိန်းမြိုင် ဦးစီးပြီးထောင်ဝါဒါတွေ၊ အပြာဝတ်တွေနဲ့ ဝိုင်းဝန်းရိုက်နှက် ထိုးကြိတ်ကြတာဖြစ်တယ်။ "ဒါထောင်ကွ၊

မင်းအမေလင်အိမ်မဟုတ်ဘူး၊ မင်းတို့ အားလုံးကိုသတပြီးမှ ငါကြိုးစင်တက်မယ်ကွ" လို့ရူးကြောင်မူးကြောင်လဲ ပြောလိုက်သေးတယ်။ အရိုက်ခံဏာနားစဉ် ကျောင်းသားလေး ၁၀ ယောက်ဟာ စောင်အုပ်ထားရက်နဲ့ ဆောင့်ကြောင့်ထိုင်နေရင်း သူတို့ထဲကတယောက်ဖြစ်တဲ့ ကိုကျော်ထူးက ရှေ့ဘက်မြေကြီးပေါ် မိမိတို့ကို ရိုက်တဲ့ သားရေပြားမှာ "စိန်ဗိုလ်တင့်" လို့စာလုံးထွင်းထားတာ တွေ့ရတယ်။ အဲဒီသားရေပြားကိုအသာဆွဲယူပြီးစောင့်ခုံတွေအောက်ကနေ တယောကပြီးတယောက် လက်ဆင့်ကမ်းကြည့်ကြတယ်။ အတန်ငယ်ကြာတဲ့အခါမှာတော့ ဝါဒါတွေဟာ သားရေပြားပျောက်လို့ ပူညံပူညံ တွေဖြစ်ပြီးကျောင်းသား ၁၀ ယောက်လုံး စောင့်ခုံတွေ ဖွင့်ရှာတဲ့အခါ သားရေပြား ပြန်တွေ့သွားလို့ သားရေပြား ခိုးဖွက်ထားရမလား ဆိုပြီးထပ်ရိုက်ပြန်တယ်။ (တိုက်မှာရှိတဲ့ သားရေပြားတွေမှာ "စိန်ဗိုလ်တင့်" အပြင် "စိန်စတင်း၊" "တို့လိပ်ကြီးလက်သံ" နဲ့ "နာဗိုဂျင်" လို့နာမယ်ပေးထားတဲ့ သားရေပြားတွေလဲ ရှိသေးတယ်)။

ရောက်ခါစရက်ပိုင်းမှာ တနေ့သုံးခါလောက် ထုတ်ရိုက် သို့မဟုတ် ဝင်ရိုက်ခံရတယ်။ ကျောင်းသားလေး ၁၀ ယောက်ဟာ ၆ တိုက် ပိတ်ခံနေရစဉ် ၆ တိုက်မျက်နှာကြက်တွေခွာပြီးတခန်းနဲ့တခန်း ခိုးသွား၊ ထောင်ဝင်စာ ရိက္ခာပစ္စည်းတွေ ဝေမျှစား လုပ်ကြတယ်။ ဒါပေမယ့် ၆ တိုက်ကထွက်တဲ့အထိ ဒီလို တခန်းနဲ့တခန်း ကူးသန်းနေတာကို ဝါဒတွေမသိလိုက်ကြပါဘူး။ ဒီ ၁၀ ယောက်ကို ၆ တိုက်မှာ ၁၀ ရက်လောက် ၄ တိုက်မှာ နောက်ထပ်တလလောက်ထားပြီးမှ ထောင်မကြီး ၃ ဆောင်ကို ပို့လိုက်တယ်။

## ၅။ ဖြစ်ရပ် ၇၆

၁၉၇၅ ခု –သဂုတ်လကစပြီးထောင်တွင်းကျောင်းသားများရဲ့ စည်းလုံးညီညွတ်မှု၊ တက်ကြွပြတ်သားမှုတို့နဲ့ ပုံစံကိုင်အလုပ်ခိုင်း ကျွန်ဇာတ်သွင်းရေး စီမံကိန်းကို ရိုက်ချိုးလိုက်နိုင်ပြီးတဲ့နောက် ကျောင်းသားတွေဟာ တွဲဘက်ထောင်နဲ့ အင်းစိန်ထောင်မကြီး ၃ ဆောင်တို့မှာ ခေါင်းမော့ရင်ကော့ပြီးနိုင်ငံရေးဂုဏ်သိက္ခာ မြင့်မြင့်မားမားနဲ့ မင်းမူနေခဲ့ကြတာ ၁၉၇၆ ခု မတ်လအထိ ဖြစ်ပါတယ်။ အာဏာပိုင်တွေဟာ မတတ်သာလို့ လက်လျှော့လိုက်ရပေမဲ့ နိုင်ငံရေးအကျဉ်းသား အဆင့်အတန်းဖျက်သိမ်းရေးကို အမြဲကြံစည်နေတယ်။ နိုင်ငံရေး အကျဉ်းသား တွေ စိတ်ဓာတ်အရ ဦးကျိုးသွားပြီးရုပ်ခန္ဓာအရ ချွတ်ခြုံကျသွားအောင် အမြဲစဉ်းစား ရည်မှန်းနေတယ်။

၁၉၇၆ ခု မတ်လမှာ မှိုင်းရာပြည့်အရေးအခင်းဖြစ်ပြီးအင်းစိန်ထောင်ထဲကို ကျောင်းသားတွေ တဖွဲဖွဲဝင်ရောက်လာပြန်တယ်။ ထောင်ထဲမှာ ကျောင်းသားအပါအဝင် နိုင်ငံရေးအကျဉ်းသားဦးရေ တဆင့်တိုးများလာတဲ့အခါ မဆလစစ်အစိုးရရဲ့ ထောင်အာဏာပိုင်တွေဟာ နိုင်ငံရေးအကျဉ်းသား အဆင့်ဖျက်သိမ်းရေး ဦးချိုးရေးပေါ်လစီကို တခါ ပြန်ပွဲထုတ်လာပြန်တယ်။

အခုတခေါက် ထောင်အာဏာပိုင်တွေရဲ့ ခြေလှမ်းက ကျောင်းသားတွေရဲ့ အားနည်းချက်တခုကို အခွင့်ကောင်းယူ အမြတ်ထုတ်ဖို့ စီစဉ်ထားတယ်။ အကြောင်းပြချက် ကောင်းကောင်းနဲ့ ကျောင်းသားတွေရဲ့ နိုင်ငံရေးအကျဉ်းသားဘဝကို ပယ်ဖျက်ဖို့ရည်ရွယ်တာ ဖြစ်ပါတယ်။ အဲဒီအချိန်တုံးက တွဲဘက်ထောင်ထဲရှိ ကျောင်းသားတွေထဲ နိုင်ငံရေးလောကမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်း နိုင်ငံရေးအယူအဆ အသွေး အရောင် ကွဲလွဲမှုတွေရှိနေတယ်။ အဲဒီကွဲလွဲမှုတွေကို ထောင်အာဏာပိုင်တွေက အသုံးချ မီးထိုးပေးပြီးကျောင်းသားချင်း ရိုက်ပွဲဖြစ်အောင် မြှောက်ပေးတယ်။

အဲသလိုနဲ့ ၁၉၇၆ ခု မတ်လကုန်ပိုင်း ညတည အားလုံးအိပ်ပျော်နေစဉ် အနည်းစုကျောင်းသားတွေက အများစုကျောင်းသား တွေကို အလစ်အငိုက်ယူ ရိုက်ပွဲဖြစ်သွားတယ်။ အာဏာပိုင်တွေရဲ့ အကြံအစည်ကို ကြိုတင်သတင်း ရထားပြီးဖြစ်တဲ့ အများစုကျောင်းသား တွေဘက်က ကွဲပြဲဒါဏ်ရာရခဲ့ပေမဲ့ ပြန်မရိုက်ဘဲ သည်းခံစိတ်ထိန်းခဲ့တယ်။ ပြန်ရိုက်ချင်နေတဲ့ ကျောင်းသားလေးတွေကိုလဲ အာဏာပိုင်တွေရဲ့ ဆင်ကွက်ထဲမဝင်မိစေဖို့ လုံးဝထိန်းချုပ်နိုင်ခဲ့တယ်။ ဒါပေမဲ့ ကျွန်ဇါတ်သွင်းရေး စီမံကိန်း အကောင်အထည်ဖေါ်ဖို့ ပိုင်းဖြတ်ထားပြီးဖြစ်တဲ့ အာဏာပိုင်တွေအဖို့တော့ ဒီတဖက်သတ်ရိုက်ပွဲကိုပဲ ကျောင်းသားချင်း ရောမရိုက်ပွဲကြီးအဖြစ် စွပ်စွဲပြီးအခင်းဖြစ်တဲ့ တွဲဘက်ထောင် ၁ ဆောင်မှာရှိတဲ့ ကျောင်းသားအားလုံး ၁၀၀ ကျော်ကို ဝါဒါအင်အား ၂၀၀ ကျော်နဲ့ ညတွင်းချင်း ဝိုင်းဖမ်းပြီးအင်းစိန် ထောင်မကြီး ၁ တိုက်မှာ တိုက်ပိတ်လိုက်တယ်။ ၄၊ ၅၊ ၆ တိုက်တွေမှာ မှိုင်းရာပြည့်ကျောင်းသားတွေ ရောက်နေလို့ ၁ တိုက်မှာ ပိတ်ရတာ ဖြစ်တယ်။ ရိုက်တဲ့ကျောင်း သားတွေကိုတော့ ၄ တိုက်အရှည်ဘက်၊ ခေါင်းကွဲတဲ့ကျောင်းသားတွေကိုတော့ ၄ တိုက်အတိုဘက်မှာ တိုက်ပိတ် လိုက်တယ်။ ရိုက်တဲ့ကျောင်း သားတွေကို ရက်၂၀ လောက် ၄ တိုက်မှာ ထားပြီးနောက် ၃ ဆောင်ကိုပို့လိုက်တယ်။

နောက်နှစ်ရက်လောက်မှာတော့ ကျန်ခဲ့တဲ့ တွဲဘက်ထောင် ၂ ဆောင်က ကျောင်းသားတွေဆီ အာဏာပိုင်တွေလာပြီးပုံစံ စကိုင် ပါတယ်။ ကျောင်းသားတွေက ဆန့်ကျင်ပြီးကြွေးကြော်သံတွေအော်ကြတယ်။ ကြွေးကြော်သံတွေထဲမှာ "လုပ်ရဲတာ ကျောင်းသားကွ၊ ခံရဲတာ ကျောင်းသားကွ" လို့ပါတော့ ဝါဒါတွေက "ခံရဲတဲ့ကောင်တွေ ခံစမ်း" ဆိုပြီးအသင့်စုစည်းထားတဲ့ ဝါဒါ ၂၀၀ ကျော် ၃၀၀ လောက်က ရိုက်နှက်ပြီး၇၅ ယောက်စလုံးကို ထောင်မကြီး ၂ တိုက် (ရင်ကွဲတိုက်) ကိုပို့ တိုက်ပိတ်လိုက်တယ်။ တွဲဘက်ထောင်ကနေ ထောင်မကြီး ၂ တိုက်ထိ လမ်းတလျှောက်လုံး ဝါဒါတွေနဲ့ ရာဇဝတ်အကျဉ်းသားဒေါက်တိုင်တွေက အပြင်းအထန်ရိုက်နှက်ရင်း ခေါ်သွားတာဖြစ်ပါတယ်။ ဒီတိုက် ပွဲကိုဦးဆောင်တာ ဦးသန့်အရေးအခင်းက ကိုကျော်စိုး (ရန်ကုန် ဝိဇ္ဇာသိပ္ပံ၊ ပဲခူးသြဂ္ဂလ၊ ယခု စိတ်တိုင်းကျလဖက်ရည်ဆိုင်) နဲ့ ဦးကျော်လင်း (ဗဟိုတရားရုံးရှေ့နေ) တို့ဖြစ်ကြတယ်။

တွဲဘက်ထောင်ကနေ တိုက်ပိတ်ခံရတဲ့ ကျောင်းသားအားလုံးကို တိုက်ထဲမှာပုံစံကိုင်ပါတယ်။ ကျောင်းသားတချို့ကို ရွေးထုတ်ပြီးအလုပ်ကြမ်းထုတ်ခိုင်းပါတယ်။ ထောင်ထဲမှာ အပင်ပန်းဆုံးအလုပ်တခုဖြစ်တဲ့ ညမီး ဖိုကြီးဆင်းအလုပ် လုပ်ရတယ်။ ညမီးအလုပ်ဟာ ဆန်အိတ် ပဲအိတ်တွေ၊ ငပိအိတ်ဆားအိတ်တွေ ထမ်းပေးရတာဖြစ်လို့ အင်မတန်ပင်ပန်းရုံမက လေးလံလှတဲ့ ဆန်အိတ်ပဲအိတ်တွေကို မီးဖိုပေါ်က ရေနွေး ပွက်ပွက်ဆူနေတဲ့ ပေါင်းအိုးကြီးတွေထဲ လောင်းထည့်ရတာဖြစ်တဲ့အတွက် အန္တရာယ်လဲ ကြီးလှပါတယ်။ တမင်သက်သက်ချိုးတဲ့အနေနဲ့လဲ ဒီဘက်ကအိတ် ဟိုဘက်ထမ်းပို့ရ၊ ဟိုဘက်ကအိတ် ဒီဘက်သယ်ပေးရ၊ ရေထမ်းပေးရနဲ့ ညစပြီးခိုင်းသေးတယ်။ ငပိအိတ်ဆားအိတ် ထမ်းရ တဲ့အခါ ပင်ပန်းတာအပြင် ဆားပေါက်တဲ့ဒဏ်ပါ ခံရတယ်။ ရေလဲ ပုံစံဘဲချိုးရတော့ အင်မတန်အခံရဆိုးလှတယ်။ ညဘက်ဖြစ်တော့ လက်ပါးစေ ရာဇဝတ်သားတွေက ယောကျ်ားချင်းမဖွယ်မရာ ဝိုင်းလုပ်မလိုလို့နဲ့ ခြိမ်းခြောက်တာလဲရှိသေးတယ်။ ဒ့ါအပြင် ထောင်တွင်းမိန်းလမ်းမကြီးမှာ "ချစ်ကိုကို" လို့နာမယ်ပေးထားတဲ့

လမ်းကြိတ်သံဒလိမ့်တုံးကြီးကို ၂ ယောက်တတွဲ ဆွဲခိုင်းတယ်။ အခုလို ညမီးအခိုင်းခံရတဲ့ ကျောင်းသားတွေ ကတော့ ပထမညမှာ ဦးသန့်အရေးအခင်းက ကိုဇော်ငြိမ်းလတ် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ စာရေးဆရာ ပျဉ်းမနားခင်မောင်ထွေး ၏သား)၊ ရွှေတိဂုံ အရေးအခင်းက ကိုအောင်ကျော်ဦး (အထကကျောင်းသား၊ ယခု မြို့တော်သတင်းစာ) တို့ဖြစ်ပြီးနောက်ညတွေမှာတော့ ဦးသန့် အရေးအခင်း က ကိုတင်စိုး (ခေါ်) ချူတေး (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ မြောက်ဥက္ကလာ)၊ ကိုသန်းလွင် (စက်မှုတက္ကသိုလ်)၊ ကိုစိုင်းသိုက်နန်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ)၊ ရွှေတိဂုံအရေးအခင်းက ကိုဦးလှစော (စက်မှုတက္ကသိုလ်၊ ရခိုင်အမျိုးသား၊ ကဗျာဆရာ ခိုင်အောင်) နဲ့ တွဲဘက်ထောင်မှာ အရိုက်ခံရတဲ့ ကိုတင်အောင် (ရန်ကုန် ဝိဇ္ဇာသိပ္ပံ–ဥပဒေ၊ နမ့်စန်၊ ပလောင်အမျိုးသား) တို့ကိုပါ ထုတ်ခိုင်းလာတယ်။ ထိပ်သီးလို့ အာဏာပိုင်တွေယူဆတဲ့ ကျောင်းသားတွေကို အလုပ်ကြမ်းစခိုင်းပြီးမှ တခြားကျောင်းသားတွေကို ကိုင်မယ်လို့စီစဉ်ထားပုံရတယ်။ ညမီးစခိုင်းပြီးတတိယညမှာ ကျောင်းသားတွေ ခုလိုပင်ပန်းတကြီး ဆားအိတ်ပဲအိတ်တွေ ထမ်းနေတာကို အကျဉ်းဦးစီးညွှန်မှူး ဗိုလ်မှူးအဆင့်ရှိ တင်အုံး၊ ‘ထောင်ပိုင် အဆင့်ရှိ မောင်ကြည် တို့လာကြည့်ပြီးကျောင်းသားတွေရှေ့ ခါးထောက်ရပ်ရင်း “ဒါ နိုင်ငံရေးအကျဉ်းသားတွေတဲ့လားကွ၊ ဟား ဟား” လို့ လှောင်ပြောင်သရော် စော်ကားကြတယ်။ ဒီအခါမှာ ကျောင်းသားတွေဟာ ထမ်းထားတဲ့ ဆန်အိတ်ပဲအိတ်တွေ ပစ်ချပြီး“မလုပ်ဘူးကွ” လို့အော်ဟစ်ဆန္ဒပြတဲ့အခါ ဝါဒါတွေက ဝိုင်းဝန်းရိုက်နှက်ပြီးတိုက်ထဲပြန်သွင်းလိုက်တယ်။ နောက်တနေ့ (ဧပြီ ?၁၃) ကစပြီး၁ တိုက်နဲ့ ၂ တိုက်က ကျောင်းသားတွေဟာ အစာငတ်ခံတိုက်ပွဲဝင်ကြတော့တယ်။

အဲဒီအချိန်လောက်မှာပဲ အင်းစိန်ထောင်မကြီး ၃ ဆောင်ကကျောင်းသားတွေဟာ ရန်သူရဲ့ကျွန်ဇာတ်သွင်းရေး၊ နိုင်ငံရေးအကျဉ်းသားအဆင့်အတန်း ဖျက်သိမ်းရေးစီမံကိန်း စနေပြီဆိုတာ သတင်းအစအနတွေ ရလာတယ်။ တွဲဘက်ထောင်က ကျောင်းသားတွေရဲ့ အဖြစ်အ ပျက်နဲ့ နောက်ဆုံးအခြေအနေတွေကို အသေးစိတ်တိတိကျကျ မသိရပေမဲ့ အခြေအနေဆိုးတွေ တွေ့ကြုံနေပြီ၊ ထောင်အာဏာပိုင်တွေရဲ့ တဆင့်တိုးဖိနှိပ်ရေး ခြေလှမ်းတွေ စနေပြီ ဆိုတာလောက်ကိုတော့ အပြင်ဘက် မိဘဆွေမျိုးတွေဆီကတဆင့်ရော၊ ထောင်ထဲက စိတ်ကောင်း ရှိတဲ့ ရင်းနှီးတဲ့ ဝါဒါတွေဆီကတဆင့်ရော သတင်းတစတစရလာတယ်။ ထောင်အာဏာပိုင် အဝန်းအဝိုင်းနဲ့နီးစပ်တဲ့ မိဘဆွေမျိုးတွေ၊ မိမိတို့စည်းရုံးထားတဲ့ ဝါဒါတွေက ၃ ဆောင်ကျောင်းသားတွေကို ကြိုတင်သတိပေးမှုတွေ လုပ်လာတယ်။ ၃ ဆောင်မှာရှိတဲ့ ကျောင်းသားတွေ အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကိုလဲ မကြာခင် ပုံစံကိုင် အလုပ်ကြမ်း ခိုင်းတော့မယ် ဆိုတာ ခိုင်ခိုင်လုံလုံ သိလာရတဲ့အခါ ၃ ဆောင် ကျောင်းသားတွေနဲ့ တခြားနိုင်ငံရေးအကျဉ်းသားတွေဟာ ရန်သူ့အစီအစဉ်ကို ရင်ဆိုင်ဖို့ အချင်းချင်း ဆွေးနွေးညှိနှိုင်းမှုတွေ လျှို့ဝှက်လုပ်ကြ တယ်။

၁၉၇၆ ခု ဧပြီလဆန်းကာလ ၃ ဆောင်မှာရှိတဲ့ နိုင်ငံရေးအကျဉ်းသားတွေကတော့ အောက်ထပ်အခန်းကြီး ၅ နဲ့ ၆ မှာ ၇၄ မေဂျွန် အလုပ်သမားအရေးအခင်းက အလုပ်သမားတွေကို ထားတယ်။ သမိုင်းချည်စက်၊ အုတ်ကျင်းဂုန်နီစက်ရုံ၊ ဆင်မလိုက်သင်္ဘောကျင်းနဲ့ တခြား စက်ရုံအလုပ်ရုံဌာနတချို့က အလုပ်သမားတွေဖြစ်ပြီးတရားရုံးထုတ် အမှုရင်ဆိုင်နေရဆဲ အချုပ်ကာလဖြစ်တယ်။ (၇၅ ဂျွန်အရေးအခင်းက အဖမ်းခံရတဲ့ အလုပ်သမားတွေကတော့ စစ်ခုံရုံးက စီရင်ချက်ချ

:::::ကထဲက ရာဇဝတ်ဆောင်တွေ ပို့ခံရတယ်။) ဒါ့အပြင် ၅ ခန်းနဲ့ ၆ ခန်းမှာ ကျောင်းသား ၃ ယောက်စီလဲရှိတယ်။ ၅ ခန်းမှာ ယခင်တွဲဘက်ထောင် ၁ ဆောင် ကျောင်းသားကိုယ်စားလှယ် ဦးသန့်ရွှေတိဂုံ နှစ်မှုတွဲ ကိုခင်မောင်လင်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ ကျောင်းသားဟောင်း)၊ ရွှေတိဂုံအရေးအခင်းက ကိုစိန်ရွှေမိုး (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ရခိုင်အမျိုးသား) နဲ့ကိုဌေး အောင် (ခေါ်) မော်တာ (ကျောင်းဆရာ) တို့ဖြစ်တယ်။ ၆ ခန်းမှာတော့ ရွှေတိဂုံအရေးအခင်းက ယခင်တွဲဘက်ထောင် ၂ ဆောင် ကျောင်းသား ကိုယ်စားလှယ်တွေဖြစ်တဲ့ကိုစိုးဝင်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ယခုဂျပန်နိုင်ငံ ရောဝဏ်ဂျာနယ်)၊ ကိုသန်းနိုင် (ပညာရေးတက္ကသိုလ်၊ ဖားအံ၊ မွန်အမျိုး သား) နဲ့ ရွှေတိဂုံအရေးခင်းမှာပါလာတဲ့ ❀ လက်နက်ချ ကာတွန်းဆရာတဦးတို့ရှိကြပြီးကမာရွတ်ဂါတ်တဲမီးရှို့မှုနဲ့ ထောင်ကျနေတဲ့ ကမာရွတ်လှည်းတန်းက လမ်းသရဲခေါင်းဆောင် ကိုရွှေသီး လဲရှိတယ်။

၇ ခန်းမှာတော့ ကျောင်းသား ၂၈ ယောက်ရှိတယ်။ ဦးသန့်အရေးအခင်းက ၂ ယောက်၊ ဝင်ဒါမီယာခဲပေါက်မှုမှာ ယောက်နဲ့ ကျန် တာအားလုံး ရွှေတိဂုံအရေးအခင်းကဖြစ်ပြီးဆေးတက္ကသိုလ် ၂ ကျောင်းသား အများစုဖြစ်တယ်။ အဲဒီ ၂၈ ယောက်ထဲမှာ တွဲဘက်ထောင်၊အမငုန ကြောင့် တိုက်ပိတ်ခံခဲ့ရတဲ့ ကျောင်းသားကိုယ်စားလှယ် တွေလဲပါတယ်။ ၇ ခန်းဟာ ၃ ဆောင်မှာ အမာဆုံး၊ အစွာဆုံး အကျဉ်းသား တွေအဖြစ် ထောင်အာဏာပိုင်တွေက သတ်မှတ်ထားသလို အာဏာပိုင်တွေကို ပူညံ့ပူညံ့အလုပ်ဆုံး အခွင့်အရေးတွေ အတောင်းဆုံး အတိုက် ဆုံးနဲ့

ထောင်စည်းကမ်းတွေ အချိုးဖောက်ဆုံး ကျောင်းသားတွေအဖြစ် အာဏာပိုင်တွေရဲ့ မျက်မုန်းအကျိုးခံရဆုံး နိုင်ငံရေး အကျဉ်းသားတွေ ဖြစ်နေတယ်။

၈ ခန်းမှာတော့ နှစ်ကြီးရာဇဝတ်အကျဉ်းသား လုံချည်ပြာဝတ်တွေ ထားတယ်။ ၃ ဆောင်အပေါ်ထပ်မှာတော့ အခန်းကြီး ၂ ခန်းနဲ့ အခန်းငယ်လေးတွေရှိတယ်။ ၄ ခန်းမှာ ရွှေတိဂုံအရေးအခင်း ကျောင်းသားတွေနဲ့၊ ဒီအရေးအခင်းနဲ့ ဆက်စပ်တဲ့ နိုင်ငံရေးအကျဉ်းသား တွေထားတယ်။ မှတ်မိသလောက်ကတော့ ကိုသိန်းတန် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ)၊ ကိုမျိုးနိုင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ပြည်)၊ ကိုခင်မောင်စိုး (စီးပွားရေး တက္ကသိုလ်၊ ယခု ဥဒပ)၊ ကိုစိုးဝင်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ စမ်းချောင်း)၊ ကိုစံရွှေမောင် (သမိုင်းချည်စက် အလုပ်သမား၊ ရခိုင်အမျိုးသား၊ ယခု နအဖထောင်ကျဆဲ)၊ ကိုအောင်ရွှေ (သမိုင်းချည်စက် အလုပ်သမား၊ ရခိုင်အမျိုးသား)၊ ဒေါက်တာစံရွှေမောင် (ရခိုင်အမျိုးသား)၊ ကိုသိန်းလှ (ကျွန်းပြန်၊ ရခိုင်အမျိုး သား၊ ဗကပသို့ တောခို၊ ကျဆုံးပြီးနောက် ရန်သူက ခေါင်းဖြတ်ယူသွားခံရ) စသည်တို့ဖြစ်တယ်။ ကိုစိုးဝင်းကလွဲပြီးကျန်တဲ့လူတွေဟာ ၁၉၇၆ ခုနှစ်ထဲမှာ ပြန်လွှတ်သွားကြတယ်။

၃ ခန်းမှာတော့ ဗကပ လို့ခေါ်တဲ့ အကျဉ်းသားတွေ ထားတယ်။ လူမျိုးအားဖြင့် ဝ၊ ဂျိန်းဖေါ၊ ပလောင်၊ ကိုးကန့်၊ ရှမ်းနဲ့ ယူနန် တရုတ်အမျိုးသားတွေဖြစ်တယ်။ ဗကပလို့ခေါ်ပေမဲ့ တကယ့်ဗကပရဲဘော်က အနည်းစုသာဖြစ်ပြီးအများစုကတော့ သာမန်ရွာသားတွေ ဖြစ်ပါ တယ်။ စစ်မြေပြင်တိုက်ပွဲတွင်း ဖမ်းမိလာတာမဟုတ်ဘဲ တရုတ်နယ်စပ်နဲ့နီးတဲ့ ကျေးရွာတွေနဲ့ တောတောင်တွေထဲမှာ မသင်္ကာတဲ့ လက်နက်မဲ့ လူတွေကို ရှောက်ဖမ်းထားတာဖြစ်တယ်။ အဲဒီထဲပါတဲ့ ဗကပရဲဘော်တွေကတော့ လက်နက်မဲ့အရပ်ဝတ်နဲ့ သွားရင်းလာရင်း နေဝင်းတပ်နဲ့ တိုးပြီးအဖမ်းခံရတာဖြစ်တယ်။ ဒီဗကပအားလုံးကို လူဝင်မှုကြီးကြပ်ရေးဥပဒေနဲ့ ထောင်ဒဏ် ၂ နှစ်စီချထားတယ်။ ၁၇၁၁ နဲ့မချပါ။ ၁၉၈၉၊ ၉၀၊ ၉၁၊ ၉၂ ခုနှစ်တွေမှာ အဖမ်းခံရသူတွေဖြစ်ပြီးထောင်ဒဏ် ၂ နှစ်စေ့သွားပေမဲ့ ပြန်မလွှတ်ဘဲ ထောင်ထဲမှာ ဆက်ထည့်ထားခံနေရသူတွေ ဖြစ်တယ်။ နဂိုက ဗမာစကားလုံးဝမတတ်ပေမဲ့ ၁၉၇၅၊ ၇၆ ခုမှာတော့ ဗမာလို အတော်တတ်နေပြီဖြစ်ပါတယ်။ အနည်းစုဖြစ်တဲ့ ဗကပတပ်သား လုပ်ဖူးသူ၊ သို့မဟုတ် ဗကပ ပြည်သူ့စစ်လုပ်ဖူးသူတချို့နဲ့ ယူနန်ပြည်နယ် ကျေးလက်ဘုံအဖွဲ့ဝင်တွေ (ကျွဲပျောက်၊ နွားပျောက်ရှာရင်း နယ်စပ် ကျော်ဝင်လာမိလို့ အဖမ်းခံရသူတွေ) ကတော့ လူတန်းစားတိုက်ပွဲတို့၊ ဆိုရှယ်နယ်ချဲ့တို့၊ စည်းကမ်း ၃ ရပ်သြဝါဒ ၈ ချက်တို့ နည်းနည်းပါးပါး သိကြတယ်။ ယေဘူယျပြောရရင်တော့ တောင်ပေါ်သား လယ်သမား၊ ယာသမားတွေပီပီ ရိုးရိုးဖြောင့်ဖြောင့် နေတတ်ကြပြီးဘယ်ကမှ ထောင် ဝင်စာမလာနိုင်လို့ အတော့်ကို အခက်အခဲရှိကြတယ်။ တချို့က ကိုယ့်ဟာကိုယ် ထောင်တွင်း တောင်ယာ အလုပ်တွေလုပ်ပြီးစားသောက်ရေး ဖြေရှင်းကြရတယ်။ တခြား နိုင်ငံရေးအကျဉ်းသားတွေကိုလဲ တတ်နိုင်သမျှ ကူညီကြသလို နိုင်ငံရေးအကျဉ်းသားတွေကလဲ သူတို့ကို ပြန်လှန်ကူ ညီကြတယ်။ ထောင်ဆွေးဆွေး လူဆွေးဆွေး နေ နေရတာ ၈ လေးလုံးကာလ ထောင်ခါမှ လွတ်သွားပုံရတယ်။

သူတို့လိုအလားတူ ထောင်ဆွေးဆွေး လူဆွေးဆွေး နေရတဲ့ နောက်အကျဉ်းသားအုပ်စုတခုကတော့ မူဂျာဟစ် တွေပဲဖြစ်ပါတယ်။ ၁၉၅၀ ခုနှစ်များအစောပိုင်း ဦးနုဖဆပလ အစိုးရ လက်ထက်က ဘူးသီးတောင် မောင်းတောဘက်က ဖမ်းလာတဲ့ ဘင်္ဂါလီမူဆလင်သူပုန်တွေနဲ့ နောက်တန်းအိမ်ထောင်စုတွေ၊ သူတို့ကိုထောက်ခံတဲ့ ကုလားရွာသားတွေဟာလဲ ၁၇၁၁ နဲ့ဆွဲထားတာလား၊ လဝက ဥပဒေနဲ့ ဆွဲထားတာ လားတော့မသိပါ။ သေချာတာကတော့ တသက်တကျွန်း အပြစ်ဒဏ်မဟုတ်ဘဲ ယောကျာ်း မိန်းမ ခလေးအားလုံး ၁၉၅၀ ခုနှစ်များ အစပိုင်းကနေ ၁၉၇၅၊ ၇၆ ထိ ထောင်ထဲနေ နေရတာဖြစ်ပြီး၈ လေးလုံးကာလ ထောင်ခါမှ လွတ်ပုံရတယ်။ ဒီမူဂျာဟစ် ကုလားအကျဉ်းသား တွေကတော့ ထောင်ထဲမှာ မိသားစုလိုက် နှစ်ရှည်လများနေရင်း နောက်ထပ် သားသမီး မြေးမြစ်တွေ ပွားစီးလာပြီးဒါဝင် ရဲ့ တော်သူနေ မတော်သူသေ တရားအတိုင်း တရွေ့ရွေ့ဖြစ်ပေါ်ပြောင်းလဲလို့ ထောင်တွင်းစီးပွားရေး လုပ်ငန်းရှင်ကြီးတွေ ဖြစ်လာကြတယ်။ ဒီ မူဂျာတွေကို နိုင်ငံရေးအကျဉ်းသားဆောင်မှာမထားဘဲ ရာဇဝတ်အကျဉ်းသားဆောင် (၁ ဆောင် တိုးချဲ့ ၃ မှာ )မှာပဲ ထားတယ်။

အခု နအဖ ခေတ်မှာတော့ ထောင်ဆွေးဆွေး လူဆွေးဆွေး နေရတာ ဗကပယူဂျီ၊ မင်းကိုနိုင်၊ ဦးဝင်းတင်၊ ဦးထွေးမြင့် နဲ့၈၈ ပဲခူးရိုးမထိုးဖောက်ရေးအဖွဲ့ တို့ဖြစ်ပုံပါပဲ။ ၈၈ မြစ်ဝကျွန်းပေါ် ထိုးဖေါက်ရေးအဖွဲ့ကတော့ အဲသလောက် ကံမကောင်းပါ။ ၈၈ ပဲခူးရိုးမ ထိုးဖောက်ရေးအဖွဲ့နဲ့ ခိုင်မျိုးလင်း ဗ္ဗ ရခိုင်ပြည် ထိုးဖောက်ရေးအဖွဲ့တွေ လှုပ်ရှားထိုးဖောက်ခဲ့တုန်းက မဆလ စစ်အစိုးရမှာသုံ့ပန်းပေါ်လစီ တစုံတရာ ရှိသေးတယ်။ ဒါကြောင့် စစ်မြေပြင်မှာ အရှင်ဖမ်းမိတဲ့၈၈ နဲ့ ဗ္ဗ တွေထောင်ထဲ ရောက်လာကြတာဖြစ်ပါတယ်။၈၈ မြစ်ဝကျွန်းပေါ်ထိုးဖောက်ရေးအဖွဲ့ လှုပ်ရှားတဲ့အချိန်ကျတော့ နဝတစစ်အစိုးရမှာ သုံ့ပန်းပေါ်လစီမရှိတော့ပါ။ ဒါကြောင့် စစ်မြေပြင်မှာ အရှင် ဖမ်းမိတဲ့၊ သို့မဟုတ် ‘ဏ်ရာနဲ့ဖမ်းမိတဲ့၈၈တွေ၊ လက်နက်ချသူတွေအားလုံးဟာ လက်စတုန်း “လေလျှော့” ခံရတဲ့အတွက် ထောင် ကျလာသူ တယောက်မှမရှိပါ။ အလားတူ ဗ္ဗ ကျောင်းသားတပ်မတော် အပါအဝင် တောခိုကျောင်းသားတွေ အပေါ်မှာလဲ နဝတ နြအဖ ကစစ်မြေပြင်သုံ့ပန်းပေါ်လစီ မထားပါဘူး။ ဒါကြောင့် စစ်မြေပြင်မှာဖမ်းမိပြီးထောင်ထဲရောက်လာတဲ့ ကျောင်းသားမရှိပါ။ ဗ္ဗ တပ်ရင်း ၂၁၀ တပ်ရင်းမှူး ရဲဘော် ဆန်းလင်း ဟာ ဒီ “**မ**သုံ့ပန်းပေါ်လစီ” အရ အသတ်ခံခဲ့ရတာဖြစ်တယ်။ တကယ်တော့ သူ့ဒဏ်ရာက သေလောက်တဲ့ ‘ဏ်ရာမဟုတ်ပါ။

၃ ဆောင်အပေါ်ထပ် အခန်းလေးတွေမှာတော့ ကျောင်းသားတချို့နဲ့ နိုင်ငံရေးအကျဉ်းသား လူကြီးတချို့ထားတယ်။ တွဲဘက် ထောင် ၂ ဆောင်က ကျောင်းသားလေးတွေရဲ့ ကိုယ်စားလှယ် ၁၀ ယောက်ကို တခန်းထားတယ်။ ဦးသန့်အရေးအခင်းနဲ့ အဖမ်းခံရတဲ့ ကိုတင်စိုး (ရန်ကုန်ဝိဇ္ဇာသိပ‘၊ ဂွမြို့၊ ရခိုင်အမျိုးသား)၊ ကိုသန်းလွင် (စက်မှုတက္ကသိုလ်)၊ ဒေါက်တာထွန်းကျော်ငြိမ်း နဲ့ ကိုဘိုဘိုကျော်ငြိမ်း ညီအကိုနှစ်ယောက် (တည်မြဲဖဆပလ ဦးကျော်ငြိမ်းရဲ့သားများ)၊ သခင်ချန်ထွန်းသား ရှေ့နေဦးရဲထွန်း တို့ကတခန်းနေရတယ်။ ဗဟို ကော်မတီဝင် ဦးထွေးမြင့် (ယခု ဒီမိုကရေစီပါတီ တည်ထောင်ပြီးထောင်ကျနေဆဲ) က တဦးတည်း တခန်းနေရတယ်။ ါအပြင် တခြားအခန်း ငယ်တွေမှာ ဖောက်ခွဲရေးသမားကိုတင်ဝင်း ကိုကျော်ဝင်း (ရန်ကုန် ဆူးလေဘုရားလမ်း ယိုးဒယားစတိုး)၊ မူဆလင် နိုင်ငံရေးသမား သူဌေး ဦးထွန်းမြင့်ကြူ (ရာဇဝတ်မှုနဲ့ အမှုဆင်ဖမ်းခံရသူ)၊ အာဇာနည်ကုန်းမှာ လိုဏ်ခေါင်းတူးပြီးဗုံးခွဲဖို့ကြံတယ်ဆိုတဲ့ အိုင်စီအက်စ်ဟောင်း ဦးစောဟန်၊ ရွှေတိဂုံအရေးအခင်းမှာပါဝင်ပြီးအဖမ်းခံရတဲ့ အငြိမ်းစားဗိုလ်ကြီး အောင်သန်းတင်၊ ၈ မိုင်က စီးပွားရေးသမား ဦးသန်းဝင်း စသူတို့ရှိကြတယ်။

မဆလ စစ်အစိုးရလက်ထက်မှာ တနေ့တခြား တိုးများလာနေတဲ့ ရာဇဝတ်အကျဉ်းသားတွေ ထားဖို့နေရာကလဲ အလွန်တရာမှ လိုပြီးရင်း လိုရင်း ဖြစ်လာနေတော့ နိုင်ငံရေးအကျဉ်းသားတွေကို သီးသန့်တဆောင်မထားတော့ဘဲ ရာဇဝတ်အကျဉ်းသားတွေနဲ့ လုံးဝတတန်း တည်း ရောထားလိုက်ခြင်းဖြင့် ရာဇဝတ်အကျဉ်းသားတွေထားဖို့ နေရာလဲရ၊ နိုင်ငံရေးအကျဉ်းသားတွေကိုလဲ တခါတည်းပုံစံကိုင် ကျွန်ဇာတ် သွင်းဖို့ တချက်ခုတ် နှစ်ချက်ပြတ် စဉ်းစားပြီးစီမံကိန်းချတာဖြစ်တယ်။ စီမံကိန်းမစခင်မှာ တထောင်လုံးကို တလာကြီး စီသေးတယ်။

၁၉၇၆ ခု ဧပြီလဆန်းပိုင်းမှာ ထောင်အာဏာပိုင်တွေဟာ ပထမခြေလှမ်းအဖြစ် ဗကပတွေကို ၃ ဆောင်က

ခေါ်ထုတ်သွားပြီးရာဇဝတ်အကျဉ်းသားဆောင်တွေ ပို့လိုက်တယ်။ နောက်ရက်အနည်းငယ်အကြာမှာ ဒုတိယခြေလှမ်းအဖြစ် နိုင်ငံရေးအကျဉ်းသား ၃ ယောက် ကိုရွေးထုတ်ပြီးရာဇဝတ်ဆောင်ပို့ပြန်တယ်။ အဲဒီ ၃ ယောက်ကတော့ ၇၄ ကမာရွတ်ဂါတ်တဲ မီးရှို့မှုက ကိုရွှေသီး၊ ရန်ကုန် ၈ မိုင်က ဦးသန်းဝင်းနဲ့ ဗကပ က ကိုကျော်ဝင်းတို့ဖြစ်တယ်။ ဦးသန်းဝင်းဟာ နိုင်ငံရေးသမားမဟုတ်ဘဲ စီးပွားရေးသမားသက်သက်သာ ဖြစ်ပေမဲ့ ၈ မိုင် ကုန်းမြင့်သာယာမှာရှိတဲ့ သူ့တိုက်အိမ်နဲ့ခြံဝင်းကို မဆလစစ်အစိုးရက မျက်စိကျလို့ ဗကပ နဲ့ဆက်သွယ်တယ်ဆိုပြီးစွပ်စွဲ အမှုဆင် လူကို ထောင်ချ၊ တိုက်အိမ်နဲ့ခြံဝင်းကို နိုင်ငံပိုင်သိမ်းပစ်လိုက်တာ ဖြစ်တာဖြစ်တယ်။ ဦးသန်းဝင်းရဲ့ တိုက်အိမ်နဲ့ခြံဝင်းက အခု ပျားဂေဟာ ဆိုတဲ့ဟာ ဖြစ်နေပါတယ်။

အဲဒီ ၃ ယောက်ကို ရာဇဝတ်ဆောင်ပို့ပြီးနောက်တရက်မှာတော့ တတိယအဆင့်အဖြစ် ဦးသန့်အရေးအခင်း ကျောင်းသား ၃ ယောက်ကို ထောင်အာဏာပိုင်တွေက ရွေးထုတ်လိုက်တယ်။ သူတို့ကတော့ ကိုတင်စိုး (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ဂွမြို့၊ ရခိုင်အမျိုးသား)၊ ကိုသန်းလွင် (စက်မှုတက္ကသိုလ်) နဲ့ ကိုသန်းဆွေ ခေါ် စာရေးဆရာ့ ငြိမ်းဝေသစ် (ခန္တီး၊ နာဂအမျိုးသား) တို့ဖြစ်တယ်။ ကိုသန်းဆွေက ၇ ခန်းကဖြစ်ပြီးကျန်နှစ်ယောက်က အပေါ်ထပ် အခန်းငယ်တခုကဖြစ်တယ်။ ၃ ယောက်စလုံးဟာ ရန်သူ့ပေါ်လစီ တိုက်ဖျက်ရေးအတွက် ၃ ဆောင်က ကျောင်းသားတွေ လျှို့ဝှက်ကြိုတင် ညှိနှိုင်းထားတဲ့ အတွင်းစည်းထဲကဖြစ်တယ်။

သူတို့ ၃ ယောက်ကို ခေါ်ထုတ်သွားတာ ၁၉၇၆ ဧပြီ ၁၀ ရက် စနေနေ့ မနက် ၉ နာရီလောက်မှာဖြစ်တယ်။ သူတို့ဟာ ဟန်မပျက် အေးအေးဆေးဆေးဘဲ မိမိပစ္စည်းထုပ်ကိုယ်စီဆွဲပြီးဝါဒါခေါ်ရာလိုက်သွားခဲ့တယ်။ ၃ ဆောင်ထိပ်က အဆောင်ရုံးခန်းမှာ ခဏနားပြီး၃ ဆောင် ဝင်းတံခါးပေါက်ကနေ ခေါ်ထုတ်သွားတာ ၁ ဆောင်ဝင်းတံခါးကို ရောက်လာတယ်။ အဲဒီရောက်တော့ ပါလာတဲ့ဝါဒါကို မေးလိုက်တယ်။ ကျနော်တို့ကို ဘယ်ပို့မှာလဲ။ မင်းတို့ကို ၁ ဆောင်မှာထားမယ်။ ဒါဆိုရင် ကျနော်တို့မနေနိုင်ဘူး လို့ ပြောလဲပြော၊ တခါတည်း ပစ္စည်း ထုပ်ပစ်ချပြီးနောက်လှည့်ပြေးတယ်။ ဒီလိုထင်မထားတဲ့ အစောင့်လိုက် ဝါဒါ ၂ ယောက်ဟာ ပထမ ကြောင်ကြည့်နေတယ်။ ပြန်လှည့်ပြေးလာ သူတွေဟာ သော့ခတ်မထား၊ အတွင်းဘက်က မင်းတုံးထိုးမထားဘဲ၊ စေ့ရုံစေ့ထားတဲ့ ၃ ဆောင်ဝင်းတံခါးကို ဝုန်းကနဲ တွန်းဖွင့်ပြီးကြောင် ကြည့်နေတဲ့ ၃ ဆောင်ရုံးခန်းက ထောင်မှူးနဲ့ ဝါဒါတွေရှေ့က ဖြတ်ပြေးကာ ၃ ဆောင်အောက်ထပ် ဗဟိုလမ်းအတိုင်း ပြေးဝင်လာတယ်။ သူတို့ ၃ ယောက်ထဲက ကိုသန်းလွင် ကိုတော့ ၃ ဆောင်ဝင်းထဲမရောက်ခင် မိန်းဂျေးရှေ့မှာပဲ ပြန်ဖမ်းမိသွားပြီးနောက် ရိုက်နှက်ထိုးကြိတ်ပြီးဖ တိုက်ပိတ်လိုက်တယ်။ ဒီနောက်မှာတော့ အထက်မှာဖော်ပြခဲ့သလို ညမီးဖိုကြီးဆင်း အလုပ်ကြမ်းထုတ်ခိုင်းခဲ့တယ်။ ကိုတင်စိုးနဲ့ ကိုသန်းဆွေ တို့ကတော့ အဆောင်ထဲပြေးဝင်လာရင်း ၅ ခန်းနဲ့ ၆ ခန်းက နိုင်ငံရေး အကျဉ်းသားတွေကို ရန်သူရဲ့ပုံစံကိုင် အလုပ်ခိုင်း ကျွန်ဇာတ်သွင်း ရေးပေါ်လစီကို လက်မခံကြောင်း ပြောဆိုအကြောင်းကြားခဲ့တယ်။ ၆ ခန်းထဲက ကျောင်းသား ၃ ယောက်က အခန်းတံခါး ဖွင့်ခိုင်းလို့ သော့ခတ် မထားတဲ့ အခန်းတံခါးကို မင်းတုံးဆွဲဖွင့်ပေးလိုက်တဲ့အခါ ရွှေတိဂုံအရေးအခင်းက ဖြစ်ကြတဲ့ ကိုစိုးဝင်း၊ ကိုသန်းနိုင်နဲ့ ဗကပ လက်နက်ချ ကာတွန်းဆရာတို့ ၃ ယောက်ဟာ ၆ ခန်းထဲက ပြေးထွက်လာပြီးကိုတင်စိုးတို့နဲ့အတူ ၇ ခန်းတံခါးမင်းတုန်းတွေ ဆွဲဖွင့်ဝင်လာကြတယ်။ (အဲဒီ နောက်ပိုင်းမှာ အဆောင်ဝင်းတံခါးတွေ၊ အခန်းတံခါးတွေကို နေ့ဘက်မှာလဲ မင်းတုန်းထိုး သော့ခတ်တာတွေ ကာလတခုဖြစ်သွား ခဲ့တယ်။)

သူတို့ ၅ ယောက် ၇ ခန်းထဲဝင်လာပြီးမကြာခင်အတွင်းမှာ ထောင်ဝါဒါတွေ လိုက်လာကြပြီးအဲဒီ ၅ ယောက်ကို အပြင်ပြန်ထွက်ဖို့ ခေါ်တယ်။ ဒါပေမဲ့ အဲဒီ ၅ ယောက်အပါအဝင် ၇ ခန်းထဲက ကျောင်းသားတွေအားလုံးက ကြိုညှိထားတဲ့အတိုင်း အခုချိန်ကစပြီးဒီအခန်းထဲက ဘယ်ကျောင်းသားမှ အပြင်ခေါ်ထွက်ခံမယ် မဟုတ်ကြောင်း၊ အခုကိစ္စဟာ ကျောင်းသားအားလုံးအပေါ် အစီအစဉ်ရှိရှိ ယုတ်မာတာဖြစ် ကြောင်း၊ ဒါကြောင့် ကျောင်းသားတွေအနေနဲ့ ရာဇဝတ်ဆောင်ပို့ အလုပ်ခိုင်း၊ ပုံစံကိုင်တာ လုံးဝလက်မခံကြောင်း၊ ဒီအတွက် မိမိကိုယ်မိမိ ကာကွယ်တဲ့အနေနဲ့ ၇ ခန်းထဲမှာပဲ ကျောင်းသားအားလုံး တစုတစည်းထဲနေမှာ ဖြစ်တဲ့အကြောင်းတွေ ဝိုင်းပြောကြတော့ ဝါဒါ တွေပြန်သွား ကြတယ်။ ဒီနောက်မှာတော့ ထောင်မှူးနဲ့ ၃ ဆောင်မှာတွဲဘက်ထားတဲ့ စစ်ထောက်လှမ်းရေး တပ်ကြပ်ကြီးအဆင့်ရှိ လှရွှေ ထပ်ရောက်လာပြီးစောစောကအတိုင်း ကျောင်းသား ၅ ယောက်ကို တောင်းပြန်တယ်။ ဒါပေမဲ့ ကျောင်းသားအားလုံးက တညီထဲ လုံးဝမပေးနိုင်ကြောင်းနဲ့ ကျောင်းသားတွေ လိုလားချက်ကို ထောင်ပိုင်နဲ့ တရားဝင် ဆွေးနွေးလိုကြောင်း ပြတ်ပြတ်သားသား ပြောလိုက်တဲ့အခါ အာဏာပိုင်တွေ ဘာကိုမှ ရေရေရာရာ အာမမခံဘဲ ပြန်ခေါက်သွားကြတယ်။

ချက်ခြင်းပဲ ၇ ခန်းကျောင်းသားတွေဟာ အစည်းအဝေးထိုင်ကြပြီးတိုက်ပွဲပုံစံ၊ တောင်းဆိုချက်တွေနဲ့ ကြွေးကြော်သံတွေ အသေး စိတ် ဆွေးနွေးဆုံးဖြတ်ကြတယ်။ တောင်းဆိုချက်တွေအဖြစ် နိုင်ငံရေးအကျဉ်းသားများ သီးသန့်နေရရေး၊ အလုပ်မခိုင်းရေး၊ ပုံစံမကိုင်ရေး၊ စာအုပ်စာတမ်းသွင်းခွင့်နဲ့ စာရေးခွင့်ရရေး၊ နေ့ဖက် အဆောင်တံခါး ဖွင့်ထားပေးရေး၊ ကျန်းမာရေး စောင့်ရှောက်မှုတိုးတက်ရေးနဲ့ အဆောင် အုပ်ချုပ်ရေးအတွက် ထောင်အာဏာပိုင်များနဲ့ နိုင်ငံရေးအကျဉ်းသား ကိုယ်စားလှယ်တွေရဲ့ ပူးတွဲကော်မတီဖွဲ့ အုပ်ချုပ်ရေး စတာတွေဖြစ်ပြီးပုံစံမကိုင်၊ အလုပ်မခိုင်းရေးနဲ့ သီးသန့်နေရာရရေးတို့ကို လုံးဝမလျှော့တမ်း တောင်းဆိုဖို့ဖြစ်ပြီးကျန်တောင်းဆိုချက်တွေကိုတော့ အလျှော့ အတင်းလုပ်နိုင်တဲ့ တောင်းဆိုချက်တွေအဖြစ် သတ်မှတ်လိုက်တယ်။ တိုက်ပွဲပုံစံအဖြစ် တိုက်ပွဲဝင်သူတွေ ၃ ဆောင်မှာ ဆက်ရှိနေမယ်ဆိုရင် လက်ရှိအာဏာဖီဆန်မှုသဏ္ဍာန်ကို ဆက်လက်၊ သို့မဟုတ် တိုးချဲ့ကျင့်သုံးသွားရန်၊ အာဏာဖီဆန်သူတွေကို တိုက်ပိတ်တာ လုပ်လာရင် ရောက်တဲ့နေရာမှာ အစာတော်ခံတိုက်ပွဲ ဆင်နွှဲရန်၊ ဖြိုခွဲရာမှာ အေးအေးဆေးဆေး မဖြိုခွဲဘဲ အကြမ်းဖက် ဖြိုခွဲရင် ပြန်လည်ပြီးအကြမ်းဖက် ခုခံရန် ဆိုတဲ့တိုက်ပွဲပုံစံကို ၇ ခန်းကျောင်းသား အများစုကြီးက သဘောတူဆုံးဖြတ်လိုက်တယ်။ ကျောင်းသားတွေကို အ”မ္မဖြိုခွဲမှုဖြစ်လာပါက ကြွေးကြော်သံများအော်ဖို့ဖြစ်ပြီးကြွေးကြော်သံတွေအဖြစ် “သပိတ် သပိတ် မြှောက် မှောက်” “ကျောင်းသားမထိနဲ့ မီးပွင့်သွားမယ်” “အလုပ်သမားမထိနဲ့ မီးပွင့်သွားမယ်” “အကျဉ်းသားအခွင့်အရေး ချက်ချင်းပေး ချက်ချင်းပေး” “မတရားဖိနှိပ်မှုအလိုမရှိ အလိုမရှိ” “အရေးတော်ပုံ အောင်ရမည် အောင်ရမည်” လို့သတ်မှတ်ဆုံးဖြတ်လိုက်ကြတယ်။ “မီးဒုတ် မီးဒုတ် ရှို့ ရှို့” ကိုတော့ ထောင်ကိုမီးရှို့ ခိုင်းသလို ဖြစ်နေမစိုးလို့ဆိုပြီးကြွေးကြော်သံထဲက ဖြုတ်ထားလိုက်တယ်။ ရာဇဝတ်အကျဉ်းသားတွေကိုလဲ စည်းရုံးတဲ့အနေနဲ့ “နိုင်ငံရေး အကျဉ်းသား အခွင့်အရေး ချက်ခြင်းပေး” လို့မကြွေးကြော်ဘဲ ယေဘူယျသဘောဆောင်တဲ့ “အကျဉ်းသားအခွင့်အရေး ချက်ခြင်းပေး” လို့ကြွေးကြော်တာဖြစ်ပါ တယ်။

ဒီလိုစည်းဝေးဆုံးဖြတ်ပြီးနောက် လက်ဝဲ လက်ယာမခွဲဘဲ စည်းလုံးနိုင်သမျှ အင်အားစုတွေ စည်းလုံးညီညွတ်ပြီးဘုံရန်သူ တိုက်ဖို့ အတွက် ၃ ဆောင်တဆောင်လုံးက ကျောင်းသားတွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေဆီ အစည်းအဝေးဆုံးဖြတ်ချက်တွေ စာရေးပို့တယ်။ ထောင် ထဲမှာတရားဝင်စာရေးခွင့် မရှိပေမဲ့ တရားမဝင် လျှို့ဝှက်ကြံဖန် စာရေးဆက်သွယ်ကြတာဖြစ်တယ်။ စာထဲမှာ ပုံစံကိုင်အလုပ်ကြမ်းခိုင်းရေးနဲ့ နိုင်ငံရေးအကျဉ်းသား အဆောင်ဖျက်သိမ်းရေး ပေါ်လစီကို ဆန့်ကျင်တဲ့တိုက်ပွဲ စပြီဖြစ်တဲ့အကြောင်းနဲ့ အားလုံးလက်တွဲပါဝင်ကြဖို့၊ အစည်းအဝေး ဆုံးဖြတ်ချက်တွေကို လိုအပ်တာ ပြင်ဆင်ဖြည့်စွက်ကြဖို့နဲ့ အကြံဉာဏ်တွေပေးကြဖို့ ပန်ကြားဖိတ်ခေါ်ထားတယ်။ အဲဒီအခါမှာ အခန်း တိုင်းက

ကန့်ကွက်သူမရှိ၊ စာတလုံးတပိုဒ်မပြင်ဘဲ သဘောတူလက်ခံကြတယ်။ ဒါပေမဲ့ ၅ ခန်းနဲ့ ၆ ခန်းက ၇၄ မေဂျာ် အလုပ်သမားတွေက တော့ သူတို့အနေနဲ့ ရုံးထုတ်ဆဲ အချုပ်ကာလသာ ဖြစ်နေသေးလို့ ဒီတိုက်ပွဲကို စိတ်ဓာတ်အားဖြင့် ထောက်ခံပေမဲ့ ကာယကံမြောက် ပါဝင်နိုင် မှာ မဟုတ်တာကို ခွင့်လွှတ်ဖို့ အကြောင်းပြန်ကြားလာလို့ ကျောင်းသားတွေက နားလည်မှုပေးခဲ့တယ်။ အဲဒီ အလုပ်သမားတွေထဲက ဗကပ ယူဂျီ လို့ဆိုတဲ့ အလုပ်သမားခေါင်းဆောင် နှစ်ယောက် သုံးယောက်ကတော့ အကြမ်းဖက်ခုခံရေး အယူအဆကို ဆန့်ကျင်ကြတယ်။ (အဲဒီ ဗကပယူဂျီ ဆိုတဲ့ အလုပ်သမားခေါင်းဆောင်တွေဟာ နောက်ပိုင်းမှာ ပြောင်အတိအလင်း၊ ရန်သူ့ အင်ဖော်မာ သတင်းပေးတွေ ဖြစ်သွားကြ တယ်။) အလားတူဘဲ အပေါ်ထပ် ၄ ခန်းက ၁၀ကြ ကျောင်းသားတွေကလဲ အချုပ်ကာလမှာရှိနေသေးလို့ တိုက်ပွဲထဲ အကန့်အသတ်နဲ့သာ ပါဝင်နိုင်မဲ့အကြောင်း ပြန်ကြားလာတယ်။ ၅ ခန်းကကျောင်းသား ၃ ယောက်၊ အပေါ်ထပ်က ကျောင်းသားလေး ၁၀ ယောက်၊ ဖဆပလ ဦးကျော်ငြိမ်းရဲ့သား ၂ ယောက်နဲ့ ဦးထွေးမြင့်နဲ့ ကိုတင်ဝင်းတို့ကတော့ တိုက်ပွဲမှာ ရာနှုန်းပြည့်ပါဝင်မဲ့အကြောင်း ပြန်ကြားလာတယ်။

တိုက်ပွဲအတွက် နိုင်ငံရေးအရနဲ့ အင်အားစုဖွဲ့မှုအရ ပြင်ဆင်တာနဲ့ တပြိုင်ထဲမှာ အခိုင်အမာ လက်တွေ့ပိုင်းအရလဲ ပြင်ဆင်ကြ ပါတယ်။ အလစ်အငိုက်ဖြိုခွဲ တိုက်ပိတ်မခံရအောင် ၂၄ နာရီ ကင်းစောင့်စနစ် ကျင့်သုံးကြတယ်။ အခန်းအရှေ့ အဆောင်ဝင်းဘက် တယောက်၊ အခန်းအပြင် ဗါယာလမ်းဘက်ကို တယောက်ကင်းချတယ်။ သူတို့ဟာ ကြည့်မှန်ဝိုင်းလေးတွေကတဆင့် အဆောင်အထက်ဖက်ရုံးခန်းနဲ့၊ အဆောင်ဝင်း အဝင်တံခါးဘက်က လှုပ်ရှားမှုကို စောင့်ကြည့်ရတာဖြစ်ပြီးကျောင်းသားအားလုံး တယောက်တနာရီ အလှည့်ကျ ကင်းစောင့် ရတယ်။ ထောင်အာဏာပိုင်တွေက အစာဖြတ် ရေဖြတ်လုပ်မှာ ကာကွယ်နိုင်ဖို့ရော၊ မျက်ရည်ယိုဗုံးပစ်ရင်လဲ ပုဝါရေဆွတ်ပြီးနှာခေါင်းနဲ့ ပါးစပ် အုပ်ထားနိုင်ဖို့ရော အခန်းထဲမှာရှိတဲ့ စဉ့်အိုးကြီးတွေ၊ ရေအိုး၊ ရေပုလင်းတွေအားလုံး ရေအပြည့်ဖြည့်ထားတယ်။ ဒီအတောအတွင်းမှာ ခါတိုင်းလို ပုံမှန်ထမင်းထိုး၊ ရေချိုးချတာတွေ လုပ်နေတော့ ထမင်းတွေပိုယူပြီးထမင်းခြောက်လုပ်၊ ရေတွေပိုထမ်းပြီးလှောင်တာလဲလုပ်ကြ တယ်။ ရေချိုးချနေစဉ် အဖြိုခွဲမခံရအောင် ကိုယ့်ဟာကိုယ် နှစ်သုတ်ခွဲပြီးချိုးတယ်။ တသုတ်ရေချိုးနေတုံး တသုတ်က အခန်းတံခါးပေါက်နား အသင့်စုစည်း နေရာယူထားတယ်။ အရေးအကြောင်းဖြစ်လာရင် အားလုံးအခန်းထဲ ချက်ချင်း စုနိုင်အောင်ဖြစ်တယ်။ ရန်သူကိုရင်ဆိုင်ဖို့ ၃ ဆောင် ၇ ခန်းထဲမှာ ကျောင်းသားတွေ စုစုစည်းစည်းရှိနေခြင်းဟာ ကိုယ့်အတွက် အခွင့်အသာဆုံးဖြစ်တယ်လို့ ကျောင်းသားတွေက ယူဆ ထားတယ်။

နောက်တနေ့ဟာ ဧပြီ ၁၁ ရက် တနင်္ဂနွေနေ့ဖြစ်တယ်။ ၇ ခန်းကျောင်းသားတွေကို ထောင်ဝင်စာတွေ့ဖို့ လာခေါ်တာကို ကျောင်း သားအားလုံးက တညီတည်းငြင်းဆန်လိုက်တယ်။ တွဲဘက်ထောင်တိုက်ပွဲအပြီးကျောင်းသားကိုယ်စားလှယ်တွေကို မလိမ့်တပါတ်နဲ့ ထောင် ဝင်စာတွေ့အပြီးမှာ တိုက်ပိတ်ခံရဘူးလို့ အဲသလိုမျိုး ဖြိုခွဲမခံရအောင် ထောင်ဝင်စာ ထွက်မတွေ့တာလဲဖြစ်၊ အာဏာဖီဆန်တာလဲ ဖြစ်ပါ တယ်။ ဒါပေမဲ့ တခြားအခန်းတွေက ကျောင်းသားတွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေကတော့ အဓိကတိုက်ပွဲနေရာက အင်အားစု မဟုတ်လို့ ထောင်ဝင်စာ ထွက်တွေ့နိုင်ကြတယ်။ အဲဒီနေ့က ထောင်ဝင်စာတွေ့ရာမှာ ထောင်ဗူးဝသွားရာ လမ်းတလျှောက် ဘေးဝဲယာ တဘက်စီမှာ ဝါဒါတွေ တန်းစီချထားပြီးထောင်ဝင်စာတွေ့နေချိန်မှာလဲ ဝါဒါနှစ်ယောက်က ဘေးမှာကပ်ထိုင်ပြီးနားထောင်နေတယ်။ ထောင်တွင်းက တိုက်ပွဲ သတင်းတွေ အပြင်ကိုမပြန့်အောင်တားတယ်။ ဒါပေမဲ့ ဦးထွေးမြင့် အပါအဝင် နိုင်ငံရေးအကျဉ်းသား လူကြီးပိုင်းတချို့နဲ့ ကျောင်းသားတချို့ ကတော့ ၇ ခန်းကျောင်းသားတွေ ကြိုတင်ညှိနှိုင်း အကူအညီတောင်းထားတဲ့အတိုင်း ထောင်အပြင်က မိဘဆွေမျိုးတွေ၊ ပြည်သူလူထုနဲ့ သတင်းရပ်ကွက်တွေဆီ ထောင်တွင်းက ဖိနှိပ်မှုအခြေအနေများနဲ့ ထောင်တွင်းတိုက်ပွဲသတင်းများ ပြန့်သွားအောင် လုပ်ပေးနိုင်ခဲ့တယ်။ အဲဒါ ကြောင့် ဧပြီ ၁၁ ရက် အင်းစိန်ထောင်တွင်းတိုက်ပွဲသတင်းဟာ ဘီဘီစီ အသံလွှင့်ချက်မှာ ပါနိုင်ခဲ့တယ်။

ဧပြီ ၁၁ ရက်နေ့အခြေအနေဟာ သိသာထင်ရှားစွာ တင်းမာနေတာကို တထောင်လုံးခံစားရသလို အပြင်က ထောင်ဝင်စာလာ တွေ့တဲ့ မိဘဆွေမျိုးတွေရော၊ တွေ့ခွင့်မရတဲ့ မိဘဆွေမျိုးတွေပါ သိမြင်ခံစားရတယ်။ ဒါကြောင့် စိုးရိမ်ပူပန်မှုတွေ အကြီးအကျယ် ဖြစ်ကြတယ်။ ၁ တိုက်နဲ့ ၂ တိုက်မှာ တိုက်ပိတ်ခံနေရတဲ့ ယခင်တွဲဘက်ထောင် ကျောင်းသားတွေလဲ တင်းမာမှုကို ခံစားကြုံတွေ့ရပေမဲ့ ဘာကြောင့်မှန်း မသိ ကြသေးပါ။

ရထားတဲ့ သတင်းအချက်အလက်တွေနဲ့ ထောင်တွင်း တင်းမာခက်ထန်မှုအခြေအနေတွေအရ ကြိုတင်စဉ်းစားထားတဲ့ တိုက်ပွဲပုံစံ ၃ ခုမှာ တတိယပုံစံကို မလွှဲမရှောင်သာရောက်ဖို့ အလားအလာ များနေတယ်ဆိုတာ ၇ ခန်းကျောင်းသားတွေ ခန့်မှန်းတွက်ချက်မိကြတယ်။ ၁၀ ရက်နေ့ကတည်းက အဆင့်မြင့် ထောင်အာဏာပိုင်တွေနဲ့ တရားဝင်ဆွေးနွေးချင်တဲ့အကြောင်း တောင်းဆိုခဲ့သော်လဲ ပခုံးမှာ အပွင့်တင် ထားသူ တယောက်မှပေါ်မလာခြင်းဟာ ထောင်အာဏာပိုင်တွေ သူတို့ရဲ့စီမံကိန်းကို မဖြစ်မနေဇွတ်တိုးဖို့ ဆုံးဖြတ်ထားတယ်ဆိုတာ ပေါ်လွင် နေတယ်။ တွဲဘက်ထောင်က ကျောင်းသားတွေကို မကြာသေးမီကမှ အ”မ္မဖြိုခွဲခဲ့တဲ့ အာဏာပိုင်တွေဟာ ၃ ဆောင်မှာလဲ အဲဒီ ထက်မလျော့ တဲ့နည်းလမ်းနဲ့ဘဲ ဖြေရှင်းဖြိုခွဲဖို့ ဆုံးဖြတ်လိုက်ပုံရတယ်။

ဒါကြောင့် ကျောင်းသားတွေဟာ ထောင်အာဏာပိုင်တွေရဲ့ အကြမ်းဖက်မှုကို အကြမ်းဖက်ခုခံဖို့ လက်တွေ့ရုပ်ဝတ္ထုပြင်ဆင်မှုတွေလုပ်ကြတော့တယ်။ ရုပ်ဝတ္ထုပြင်ဆင်မှုလို့ပြောရပေမဲ့ အုတ်နံရံ၄ ဘက်ကြား၊ သံတိုင်တွေနောက် အကျဉ်းချခံထားရတဲ့ ကျောင်းသား တွေမှာ ဘာမှလောက်လောက်လားလား ရုပ်ဝတ္ထုပြင်ဆင်နိုင်စရာ သိတ်မရှိပါ။ ဒါပေမဲ့ ကြက်ကလေး ငှက်ကလေးလို လည်စင်းခံမဲ့အစား ရုန်းရင်းကန်ရင်း တိုက်ရင်းခိုက်ရင်း အသေခံသွားမယ်။ သီပေါမင်း လင်မယားလို တယောက်လက်တယောက်တွဲပြီးလိုက်သွားမဲ့အစား ဆော် လို့ ရနိုင်သလောက် ဆော်သွားမယ် ဆိုတဲ့စိတ်ဓာတ်နဲ့ လုပ်ကြတာဖြစ်ပါတယ်။ စုဆောင်းပြင်ဆင်လို့ရတဲ့ လက်နက်တွေကတော့ အုတ်ခဲ ပိုင်းတွေ၊ ကျောက်ခဲတွေနဲ့ ပုလင်းခွံတွေ အဓိကဖြစ်တယ်။ ‘တ်ပိုင်းနဲ့ ဝါးရင်းဒုတ်တော့ နည်းနည်းဘဲရတယ်။ အုတ်ခဲကျိုးကို လွယ်အိတ်ထဲ ထည့်၊ အဝကိုကြိုးနဲ့စည်း ပိတ်ပြီးလွယ်ကြိုးကကိုင်လွှဲလိုက်ရင် အကောင်းစား အနီးကပ်တိုက်ခိုက်ရေးလက်နက် ဖြစ်လာတယ်။ ရေအပြည့် ဖြည့်ပြီးအဖုံးပိတ်ထားတဲ့ ပုလင်းတွေကတော့ အစွမ်းထက်တဲ့ အဝေးပစ်လက်နက်တွေဖြစ်တယ်။ ရာဇဝတ်အကျဉ်းသားဆောင်တွေမှာတော့ လက်လုပ်”ါး၊ မိုန်း၊ စူးချွန်၊ ရဲတင်း၊ ဂန်ဂျီ စတဲ့ လက်နက်တွေပေါတယ်။ ဝါရင့်ရာဇဝင်လူဆိုး အကျဉ်းသားတွေဆိုရင် အဲသလိုမျိုး လက်နက်တခုခု အမြဲဆောင်ထားတတ်တယ်။ ဒါပေမဲ့ ပင်ကိုယ်က အေးအေးချမ်းချမ်းနေတတ်တဲ့ ကျောင်းသားတွေမှာတော့ အဲသလို လက်နက်မျိုးတွေ ရှိမထားပါဘူး။

ညဘက်မှာတော့ ကျောင်းသားတွေဟာ ရှိသမျှအဝတ်အစားတွေ ထပ်ဝတ်ကြတယ်။ အများစုက ရာဘာဖိနပ်ကို လက်ဖျံကပ်ချည် ထားတယ်။ ခြင်ထောင်တွေအားလုံး ဖြုတ်ထားလိုက်ပြီးအခန်းတံခါးဝမှာ ခြင်ထောင်တလုံးကို ပိုက်ကွန်လို ကပ်ချည်ထားလိုက်တယ်။ နောက် တံခါးတပေါက်ကိုတော့ အပြင်က ဘယ်လိုမှဖွင့်မရအောင် အတွင်းက ကုတင်သံမှုခထောက်အကျိုးနဲ့ ကန့်လန့်ခံ အသေပိတ်ထားလိုက်တယ်။ ထောင်ဝါဒါတွေ အခန်းထဲဝင်ဖို့

တပေါက်ပဲ ထားပေးတာဖြစ်တယ်။ အဲဒီတပေါက်ကလဲ အထဲကနေ ဘယ်လိုမှ အသေပိတ်မရလို့ ထားတာ ဖြစ်ပါတယ်။

၁၉၇၆ ခု ဧပြီ ၁၁ ရက် ည ၁၂ နာရီထိုးခါနီးမှာ ကင်းတာဝန်ကျကျောင်းသားတွေက ထူးခြားမှုတွေ့လို့ ကျန်ကျောင်းသားအားလုံးကို လိုက်နိုးတယ်။ တခဏအတွင်းမှာဘဲ ၇ ခန်းကျောင်းသားအားလုံး အသင့်ဖြစ်နေပါပြီ။ အဲဒီအချိန်မှာ ၃ ဆောင်ဝင်းအတွင်း အဆောင်အရှေ့ ဘက်မှာ စစ်ယူနီဖောင်းဝတ် နေဝင်းစစ်သားတွေ လုံ့စွပ်ဖွင့် ဂျီသရီးသေနတ် အံကပ်ကိုင်ပြီးအဆောင်ဘက်မျက်နှာမူ နေရာယူလိုက်ကြတယ်။ ၃ ဆောင်ဝင်းအတွင်း အဆောင်အနောက်ဘက် ရေချိုးကန်တပိုက်မှာတော့ ထောင်ထဲရှိသမျှ အယ်လ်ဇေးရှင်း စစ်ခွေးတွေ ကိုယ်စီကိုင်ထားတဲ့ ဝါဒါတွေ အသင့်နေရာယူလိုက်တယ်။ အဲသလို ၂ ဘက်ညှပ် နေရာယူအပြီးမှာ ဗိုလ်ယာလမ်းအတိုင်း နံပါတ်ဒုတ်ကိုင်ဝါဒါတွေ ဝင်ချလာတယ်။ ၃ ဆောင်မှာ အဆောင်မှူးအဖြစ် တွဲဘက်တာဝန်ပေးထားတဲ့ စစ်ထောက်လှမ်းရေး တပ်ကြပ်ကြီးအဆင့်ရှိ လှရွှေ က “ပေ့ကောင်တွေ၊ လက်နက် ချ” လို့ သံတိုင်တွေ၊ အုတ်တံတိုင်းတွေ ပတ်လည်ဝိုင်းထားတဲ့ အထဲနေရတဲ့ ကျောင်းသားတွေကို အခန်းအပြင်ဘက်ကနေ လှမ်းအော်ရင်း အုတ်ခဲ■ပိုင်းနဲ့ အခန်းထဲလှမ်းပစ်တယ်။ ကျောင်းသားတွေက အခန်းတံခါးပေါက်ဝနားက ဝါဒါတွေကို ပြဿနာကိုအကြမ်းမဖက်ဘဲ အေးအေး ဆေးဆေး ဆွေးနွေးဖြေရှင်းဖို့ ပန်ကြားတယ်။ ဒါပေမဲ့ ဝါဒါတွေက လုံးဝဂရုမစိုက်တဲ့အပြင် အဲသလို ပြောနေတဲ့ ကျောင်းသားတွေကို ကြက် တူရွေးတန်းကြားကနေ နံပါတ်ဒုတ်နဲ့ လှမ်းရိုက် လှမ်းထိုးတယ်။ ဒီအခါမှာတော့ ကျောင်းသားတွေဟာ တိုက်ပွဲပုံစံ တဆင့်တက်ချိန်ရောက်ပြီ လို့ သတ်မှတ်လိုက်ပြီးကြွေးကြော်သံတွေ စတိုင်ကြတယ်။ ကြိုတင်သတ်မှတ်ထားတဲ့ ကြွေးကြော်သံတွေဟာ တခဏအတွင်း ၃ ဆောင်တ ဆောင်လုံး ကူးစက်ပြန့်နှံ့သွားတော့တယ်။ အောက်ထပ်အခန်း ၅၊ အပေါ်ထပ်အခန်း ၄ နဲ့ ၁၀ ယောက်ခန်းက ကျောင်းသားတွေသာမက ကိုထွန်းကျော်ငြိမ်း၊ ဘိုဘိုကျော်ငြိမ်း၊ ဦးထွေးမြင့်၊ ကိုတင်ဝင်းတို့ကလဲ ကြွေးကြော်သံတွေ လိုက်အော်ကြတယ်။ တိတ်ဆိတ်နေတဲ့ ညဘက်ဖြစ် လို့ ကြွေးကြော်သံတွေဟာ အင်းစိန်တထောင်လုံးကိုသာမက အင်းစိန်မြို့ထဲအထိ လွင့်ပျံ့သွားတယ်။

ကြွေးကြော်သံတွေ စအော်ပြီးမိနစ်ပိုင်းအတွင်း အခန်းတံခါးပွင့်သွားတယ်။ ဝါဒါတွေဟာ နံပါတ်ဒုတ်တရမ်းရမ်းနဲ့ ပြေးဝင်လာရာမှာ တံခါးပေါက်က ပိုက်ကွန်ထောင်ချောက် ဆင်ထားတဲ့ ခြင်ထောင်ထဲ လုံးထွေးနေတယ်။ ဒါပေမဲ့ ခဏအတွင်းမှာပဲ ခြင်ထောင်ကို အတင်းဆွဲဖြုတ်ပစ်လိုက်နိုင်ပြီးနောက်ထပ်ဝါဒါတွေ ဆဲဆိုကြိမ်းမောင်းရင်း ပြေးဝင်လာကြတယ်။ ကျောင်းသားတွေဟာ ကြွေးကြော်သံအော်နေရင်းနဲ့ ပုလင်းတွေ၊ အုတ်ခဲ■ပိုင်းတွေနဲ့ လှမ်းထုကြတယ်။ မမျှော်လင့်တဲ့ တိုက်ခိုက်မှုကြောင့် ဝါဒါတွေထိမှန်ကွဲပြဲပြီးပြန်ဆုတ်သွားကြရတယ်။ ဒါပေမဲ့ ချက်ချင်းလိုလို နောက်ကထောင်မှူးတွေ၊ အကြပ်တွေနဲ့ စစ်ထောက်လှမ်းရေးတွေက အတင်းမောင်းတက်လို့ ဝါဒါတွေ ဇွတ်တိုးဝင်လာပြန် တယ်။ ဒီတခါမှာတော့ အနီးကပ် လက်တကမ်းတိုက်ပွဲ ဖြစ်သွားပါပြီ။ ဝါဒါတွေရဲ့ နံပါတ်ဒုတ်နဲ့ ကျောင်းသားတွေရဲ့ ဝါးရင်းဒုတ်တွေ၊ အုတ်ခဲ■ပိုင်း ထည့်လွယ်အိတ် (ဝါ) လွှဲအိတ်တွေ အားပြိုင်ရင်ဆိုင်ကြတယ်။

ဧပြီ ၁၁ ရက်နေ့က နေ့ဂျူတီ ထောင်ဝါဒါတွေအားလုံး ည ၆ နာရီ ဂျူတီပြီးချိန်မှာ ခါတိုင်းလို အိမ်ပေးမပြန်ဘဲ ထောင်ထဲမှာ ဆက်နေခိုင်းပြီးအပြင်တာဝန်ကျ ဝါဒါတွေကိုပါ စတင်းဘိုင် (အသင့်ပြင် ဘပ) ခေါ်၊ ညနေ ၆ နာရီ ညဂျူတီ ဝင်လာတဲ့ ဝါဒါတွေနဲ့ပေါင်းပြီး၃ ဆောင် ၇ ခန်းက ကျောင်းသား ၃၂ ယောက်ကို ဝါဒါ အင်အား ၄၀၀ လောက်နဲ့ ဝင်ရိုက်တာဖြစ်တယ်။ ထောင်အာဏာပိုင်တွေဟာ ဝါဒါတွေကို ထောင်ပြင်ပေးမထွက်ပေမဲ့ အရက်ကို ပုံးလိုက်မှာ အရက်ကိုးမောင်းတိုက် ရဲဆေးတင်ပြီးမှ ကျောင်းသားတွေကို ဝင်ရိုက်ခိုင်းတာဖြစ်တယ်။ အိမ်ပြန်ချိန်မပြန်ရလို့ စိတ်တိုနေတဲ့ဝါဒါတွေ အရက်တဝကြီး ဖရီး (မနန) သောက်ပြီးမိုက်မိုက်ရိုင်းရိုင်း ရမ်းကားတော့တာဖြစ်တယ်။

“ငါတို့ဝါဒါတွေ သွေးမြေကျကုန်ပြီဟေ့။ ဒီကျောင်းသားတွေကို အသေသတ်ပစ်ကြ” လို့အော်ပြီးရိုက်တဲ့ဝါဒါက ရိုက်တယ်။ အင်အားအရေအတွက် အဆမတန်သာလွန်တဲ့ ဝါဒါတွေကို ကျောင်းသားတွေ ကြာကြာ ယှဉ်မရိုက်နိုင်ဘဲ တယောကပြီးတယောက် မှောက် သွားကြတော့တယ်။

ကျောင်းသားတချို့က အောင်မလေးဗျ၊ အမေရေ သေပါပြီ လို့မခံနိုင်ဘဲ အော်ကြတာရှိသလို အတော်များများကတော့ အံကြိတ်ခံ ကြတယ်။ အနည်းစု ၃၄ ယောက်ကတော့ ကုတင်အောက်ဝင်ပုန်းတာ၊ ဝါဒါတွေ၊ ထောင်မှူးတွေကို ခြေသလုံးဖက် ရှိခိုးတောင်းပန်ပြီးကျနော်တို့မပါဘူး လို့ အသနားခံတာရှိတယ်။ သူတို့ကတော့ နဂိုကတည်းက နိုင်ငံရေးစိတ်မဝင်စားဘဲ အပေါင်းအသင်းတွေကြောင့် ကျောင်း သား အရေးအခင်းထဲပါ ထောင်ကျလာတာဖြစ်တယ်။ တိုက်ပွဲတိုက်ဖို့ စည်းဝေးစဉ်ကလဲ အများစုဆုံးဖြတ်ချက်ဖြစ်နေလို့ လိုက်လုပ်ခဲ့ရပေမဲ့ တကယ့် စိတ်ရင်းကတော့ ဘာနိုင်ငံရေးမှဝင်မပါဘဲ အေးအေးနေလိုသူတွေဖြစ်တယ်။

လဲကျသွား၊ သတိလစ်သွားတဲ့ ကျောင်းသားတွေကို အခန်းထဲက ‘ရွှတ်တိုက် ဆွဲထုတ်သွားကြတယ်။ ကျောင်းသား ၃၂ ယောက် မှာ လုံးဝဒဏ်ရာမရတာ ၄ ယောက်ဘဲရှိပြီးကျန်ကျောင်းသားအားလုံး ကွဲပြဲကျိုးပဲ့ကြတယ်။ ကျောင်းသားတွေဟာ ကံကြီးလွန်းလို့ပဲလား၊ အသက်ပြင်းလို့ပဲလား မသိ အဆမတန်အင်အားနဲ့ အသကုန်ရိုက်တာ ဖြစ်ပေမဲ့ တယောက်မှတော့ မသေခဲ့ကြပါ။ ၇ ခန်းထဲက ဆွဲထုတ်သွား ရာမှာ ပထမတော့ ၅ ခန်းနဲ့ ၆ ခန်း ရှေ့ကဖြတ်ပြီးဗိုလ်ယာလမ်းအတိုင်း ရုံးခန်းဘက်ဆွဲသွားတယ်။ သေလုမျောပါး ‘ဏ်ရာအနာတရနဲ့ သွေးသံရဲရဲ ကျောင်းသားတွေ ခွေးသေကောင်ဆွဲသလို ဆွဲသွားတာတွေ့ရတဲ့ ၅ ခန်းနဲ့ ၆ ခန်းက အလုပ်သမားတွေနဲ့ ကျောင်းသားတွေဟာ မခံမရပ်နိုင်ဖြစ်ပြီးဒေါသတကြီးနဲ့ မိမိတို့အခန်းထဲကနေ ဗိုလ်ယာလမ်းကဝါဒါတွေကို လှမ်းအော်ဆဲကြတဲ့အပြင် ၅ ခန်းကကျောင်းသား ၃ ယောက်က ကြက်တူရွေးတန်းကြားကနေ ရရာပစ္စည်းတွေနဲ့ ဝါဒါတွေကို ကောက်ပေါက်လို့ နောက်ပိုင်းမှာ ‘ဏ်ရာရကျောင်းသားတွေကို ဗိုလ်ယာလမ်းအတိုင်း ဆွဲမထုတ်တော့ဘဲ အဆောင်တခြားဘက်ထိပ် ၈ ခန်းနဲ့တည့်တည့် တံခါးပေါက်ကနေ အပြင်ဆွဲထုတ်ပြီးလှေခါးရင်းမှာ ခဏပုံထားတယ်။ အဲသလိုဆွဲထုတ်နေစဉ်မှာ ၈ ခန်းမှာရှိတဲ့ ရာဇဝတ်အကျဉ်းသား လုံ့ချည်ပြာတွေထဲက ကျောင်းသားတွေနဲ့ ခင်မင်ပြီးစိတ်သ ဘောထားကောင်းတဲ့ ကရင်အမျိုးသား အကျဉ်းသားကြီး ဖထီး ဦးစိန်လှိုင် ဟာ ဝါဒါတွေက တယောက်မှ ထမကြည့်ရဘူး အမိန့်ပေးတာကို မနာခံဘဲ ကြက်တူရွေးတန်းကြားကနေ မျက်ရည် တွေတွေ စီးကျရင်း မြင်ကွင်းကိုကြည့်နေတယ်။

အုတ်လှေကားရင်း ခေတ္တပုံထားချိန်မှာ ဝါဒါတွေက ထပ်ပြီးရိုက်ကြ၊ ကန်ကြတယ်။ အဲဒီကတဆင့် တောင်ယာခင်းကြားကနေ ၃ ဆောင်ရုံးခန်းဘက် ခေါ်သွားတယ်။ ရုံးခန်းရှေ့ကွက်လပ်မှာ တခါဝိုင်းပြီးဖယ်တေတေပြန်တယ်။ နောက်တနေ့မနက် မိုးလင်းတော့ ဗိုလ်ယာလမ်း တလျှောက် သွေးစီးကြောင်းတွေ အတိုင်းသားမြင်ရတဲ့အခါ ၅ ခန်းနဲ့ ၆ ခန်းက ၇၄ မေဩန် အလုပ်သမားတွေ နာကျည်းဒေါသစိတ်နဲ့ ငိုကြ တယ်။

ကြွေးကြော်သံတွေ အော်နေချိန်နဲ့ အပြန်အလှန်ရိုက်နေကြချိန်မှာ ၃ ဆောင်နဲ့အနီးဆုံး ထောင်အုတ်ရိုးပေါ်ရှိတဲ့ ဖူး (ကင်းမျှော် စင်)ပေါ်က

မီးမောင်းကို အာဏာပိုင်တွေက ဖွင့်ထိုးခိုင်းပေမဲ့ စစ်အာဏာရှင်ခေတ်ရဲ့ လဘော်[သရေ] သရုပ်သကန်ပီသစွာ မီးမောင်းကြီး ပျက်နေလို့ ငရဲပွက်နေတဲ့ ၃ ဆောင်ကို မီးမောင်းထိုးမပေးလိုက်ရရှာဘူး။

အဲဒီညက အင်းစိန်ထောင်ရဲ့ အပြင်ဘက်မှာလဲ ဂျီသရီးကိုင် နေဝင်းစစ်သားတွေ ထောင်ကိုပတ်ပတ်လည်ဝိုင်းပြီးနေရာယူထားကြ တယ်။ အင်းစိန်မြို့နယ် မဆလပါတီယူနစ်ဥက္ကဋ္ဌ၊ ကောင်စီဥက္ကဋ္ဌနဲ့ တရားသူကြီးဥက္ကဋ္ဌတို့လဲ ထောင်ထဲလာပြီးလိုအပ်ရင်ပစ်မိန့်ပေးဖို့ အသင့် စောင့်နေခဲ့တယ်လို့ နောက်ပိုင်းမှာသိရတယ်။ မျက်ရည်ယိုဗုံးပစ်သေနတ်တွေလဲ ဝါဒါတချို့ကိုထုတ်ပေးထားပြီးအသင့်အနေအထား နဲ့စောင့် ခိုင်းထားတယ်။

၃ ဆောင်မှာ ကြွေးကြော်သံတွေအော်နေချိန်၊ ရိုက်နှက်နေချိန်မှာ ရာဇဝတ်အကျဉ်းသား ထောင်ကျဆောင်တွေဖြစ်တဲ့ ၁ ဆောင်နဲ့ ၂ ဆောင်မှာလဲ အကျဉ်းသားတချို့ ထောင်ထဖို့ကြံစည်ကြတယ်။ ဒါကို ထောင်အာဏာပိုင်တွေ ကြိုတင်တွက်ဆ ပြင်ဆင်ထားပြီးရာဇဝတ် ဆောင်တွေမှာလဲ ဝါဒါတွေ အသင့်ချထား အာဏာပိုင်ဒေါက်တိုင် အကျဉ်းသားတွေကိုလဲ စတင်းဘိုင်လုပ်ခိုင်းထားလို့ တထောင်လုံး ထောင်ထ ပွဲဖြစ်ရေးရည်ရွယ်ချက် မအောင်မြင်လိုက်ပါ။ ထဖို့ကြံတဲ့ အကျဉ်းသားတွေကို ဝါဒါတွေက ဒေါက်တိုင်အကျဉ်းသားအကူအညီနဲ့ လက်ဦးယူမှုဝိုင်းနှိမ်နင်းနိုင်ခဲ့တယ်။

၇ ခန်းကကျောင်းသားတွေဟာ ဝါဒါတွေနဲ့ အပြန်အလှန် ရိုက်နေကြရလို့ ကြွေးကြော်သံတွေ ဆက်မအော်နိုင်တော့တဲ့အချိန်မှာ ၃ ဆောင် တခြားအခန်းကျောင်းသားတွေက ကြွေးကြော်သံတွေ ဆက်အော်ကြတယ်။ အာဏာပိုင်တွေဟာ ၇ ခန်းကကျောင်းသားတွေပဲ မဲနေပြီးတခြားအခန်းက ကျောင်းသားတွေကိုတော့ ဝင်ရိုက်တာ၊ ဝင်ဖမ်းခေါ်တာ မလုပ်တဲ့အတွက် အချိန်အတော်ကြာကြာ ကြွေးကြော်သံတွေ ဆက် အော်နေနိုင်ခဲ့ကြတယ်။ ဒီကြွေးကြော်သံတွေကို ၁ တိုက်နဲ့ ၂ တိုက်ပိတ်ခံနေရတဲ့ ကျောင်းသားတွေ၊ ၄ တိုက်၅ တိုက်က ထောင်ထဲရောက်စ မှိုင်းရာပြည့်ကျောင်းသားတွေ ကြားတဲ့အခါ ထောင်တွင်းတိုက်ပွဲက ကြွေးကြော်သံလို့မထင်ဘဲ ထောင်အပြင်မှာ အရေးအခင်းတခု၊ သပိတ်တခု ဖြစ်ပြန်ပြီလို့ ထင်ကြတယ်။ နောက်တနေ့ကျမှပဲ ၃ ဆောင်က မိမိတို့ကျောင်းသားရဲဘော်တွေ သွေးမြေကျ တိုက်ပွဲဖြစ်တာကို ဝါဒါတွေနဲ့ ရာဇဝတ်အကျဉ်းသားတွေ ဆီကတဆင့် သိရပြီးရန်သူကို နာကျည်းစိတ်နဲ့ တိုက်ခိုက်စိတ်တွေ မြင့်တက်လာကြတယ်။

၃ ဆောင်ဖြေ့အမငုန မှာ ဝါဒါ ၁၇ ယောက်ဒဏ်ရာရတယ်လို့ သိရတယ်။ ထောင်ဆေးရုံမှာရှိတဲ့ အကျဉ်းသားလူနာတွေ အကုန် မောင်းချပြီးသူတို့ကိုတင်ကုပေးတယ်။ နောက်ပိုင်းမှာ အမှုထမ်းကောင်းတံဆိပ်နဲ့ ဆုငွေချီးမြှင့်ပြီးချွေးသိပ်ခဲ့တယ်လို့ ကြားရတယ်။ ညသန်း ခေါင်ကျော် အင်းစိန်ထောင်ထဲက ငရဲပွက်သံတွေကြားတဲ့အခါ ထောင်နံဘေး အိမ်ထောင်သည်လိုင်းမှာ ကိုယ့်လင်ယောကျ်ားဝါဒါတွေ ပြန်ချိန်တန် ပြန်ရောက်မလာသေးလို့ စိတ်ပူနေတဲ့ ဝါဒါဇနီးမယားတွေဟာ ခလေးတွေဆွဲရင်း ထောင်ဗူးဝပြေးလာပြီးငါ့လင်၊ ငါ့ယောကျ်ား သေကုန်ပါပြီလို့ ငိုယိုရင်း ထောင်မှူး၊ ထောင်ပိုင်နဲ့ မဆလစစ်အာဏာရှင်တွေကို ကျိန်ဆကြတယ်။ ဧပြီ ၁၁ ရက်တိုက်ပွဲမှာ ဝါဒါတွေဟာ နံပါတ် ုတ်ပဲပါပြီးကြိမ်ဒိုင်းတွေ ပါမလာတာကြောင့် ထိခိုက်ဒဏ်ရာ ရကုန်တာဖြစ်တယ်။ ဒီလောက်ထိ ပြန်ချလိမ့်မယ်လို့လဲ ထင်မထားတော့ ကြိမ် ဒိုင်းတွေ ယူမလာတာဖြစ်တယ်။ တကယ်ကတော့ အဓိကရုဏ်း ဖြိုခွဲရေးလို့ဆိုတဲ့ လူထုတိုက်ပွဲ ဖြိုခွဲရေးမှာ နံပါတ်ဒုတ်ရော၊ ိုင်းရော တွဲယူဖို့ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်ရှိပြီးသားပါ။ ဒီနောက်ပိုင်း ထောင်တွင်းတိုက်ပွဲ ဖြိုခွဲရာမှာတော့ နံပါတ်ဒုတ်အပြင် ကြိမ်ဒိုင်းတွေပါ ဆောင်လာ ကြတယ်။ (ဧပြီ ၁၁ ရက်နောက်ပိုင်းမှာ ထောင်ဝင်စာကနေ ပုလင်းသွင်းခွင့်လဲ ပိတ်လိုက်တယ်။)

၃ ဆောင် ၇ ခန်းကျောင်းသားတွေဟာ ၃ ဆောင်ရုံးခန်းကနေ တချို့လဲ 'ရွှတ်တိုက်ဆွဲခံ၊ တချို့လဲ ဘေးကဝါဒါ တွဲခေါ်လျက်နဲ့ အဆောင်ဝင်း အပြင်ဘက် မိန်းလမ်းမကြီးအတိုင်း မြောက်ဘက်ဗူးဝကိုဖြတ်ပြီးအလုပ်ကြီးဝင်းဘက် ခေါ်သွားတယ်။ အလုပ်ကြီးဝင်းမရောက်ခင် ညာဘက်ချိုးပြီးစစ်ခွေးဝင်းထဲဝင်သွားတယ်။ အဲဒီစစ်ခွေးဝင်းအတွင်း ထောင်နံရံနဲ့ အလုပ်ကြီးဝင်းတံတိုင်းကြားမှာရှိတဲ့ စစ်ခွေးတိုက်ထဲကို ထည့်လိုက်တယ်။ ၃ ဆောင်ကနေ စစ်ခွေးတိုက်သွားရာ လမ်းတလျှောက်မှာလဲ ဝါဒါတွေစီချထားပြီးလမ်းတလျှောက်မှာရော၊ ကျောင်းသား တွေမသွင်းခင် တိုက်ရှေ့မှာပါ စိတ်ရှိလက်ရှိ ထိုးကြိတ်ရိုက်နှက် ကန်ကျောက်ကြတယ်။

၃ ဆောင် ဧပြီ အမငုန မှာ ဝါဒါတွေနဲ့ရိုက်ပွဲ ဆင်နွှဲခဲ့ပြီးစစ်ခွေးတိုက် ပိတ်ခံရတဲ့ကျောင်းသား ၃၂ ယောက်ကတော့ ဦးသန့် အရေး အခင်းက ၁။ ကိုသက်တင် (စီးပွားရေးတက္ကသိုလ်၊ ဝမ်းတွင်း၊ ယခုကွယ်လွန်)၊ ၂။ ကိုတင်စိုး (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ဂွမြို့၊ ရခိုင်အမျိုးသား)၊ ၃။ ကိုသန်းဆွေ (ခေါ်) ူငိမ်းဝေသစ် (စာရေးဆရာ၊ ခန္တီး၊ နာဂအမျိုးသား)၊ ဝင်ဒါမီယာခဲပေါက်မှုက ၄။ ကိုအောင်ကိုကို (ပညာရေးတက္ကသိုလ်၊ ရေနံချောင်း)၊ ရွှေတိဂုံ အရေးအခင်းက ၅။ ကိုဝင်းလွင် (ဆေးတက္ကသိုလ် ၂၊ ပုလော၊ ယခုစိတ်တိုင်းကျ လဘက်ရည်ဆိုင်)၊ ၆။ ကိုသိန်းလွင် (ဆေး၂၊ ပဲခူး)၊ ၇။ ကိုအောင်နိုင် (ဆေး၂၊ မော်လမြိုင်၊ ယခု စိတ်တိုင်းကျလဖက်ရည်ဆိုင်)၊ ၈။ ကိုမြင့်သိန်း (ဆေး၂၊ ထားဝယ်၊ ၅၁ တည်ထောင်စဉ် လူမျိုးရေး–နိုင်ငံရေးအစွန်းရောက်သမားတချို့၏ လုပ်ကြံခံရ)၊ ၉။ ကိုသက်ဝင်းအောင် (ဆေး၂၊ ယခု အင်းစိန်ကျူရှင်ဆရာ ?နအဖ ထောင်ကျနေဆဲ)၊ ၁၀။ ကိုအောင်မိုးသူ (ခေါ်) အေးကြည် (ဆေး၂၊ မော်လမြိုင် ယခု စိတ်တိုင်းကျလဖက်ရည်ဆိုင်)၊ ၁၁။ ကိုအောင်ဇင် (ဆေး၂၊ မြောင်းမြ)၊ ၁၂။ ကိုမြင့်စိုး (ဆေး၂၊ ဟင်္သာတ)၊ ၁၃။ ကိုတင်မြင့် (ခေါ်) မာရှယ်(ဆေး၂၊ ပေါင်းတည်)၊ ၁၄။ ကိုသိန်းထွန်း (ဆေး၂၊ တောင်ငူ)၊ ၁၅။ ကိုကျော်အောင် (စီးပွားရေးတက္ကသိုလ်၊ ပုဇွန်တောင်)၊ ၁၆။ ကိုဗဟိန်းအောင် (စီးပွားရေးတက္ကသိုလ်၊ စာရေးဆရာ ဗန်းမော် တင်အောင်၏သား)၊ ၁၇။ ကိုဖုန်းမြင့် (စီးပွားရေးတက္ကသိုလ်၊ အင်းစိန်)၊ ၁၈။ ကိုသန်းနိုင် (ပညာရေးတက္ကသိုလ်၊ ဖားအံ၊ မွန်အမျိုးသား၊ ယခု ဒူဗိုင်း)၊ ၁၉။ ကိုစန်းလွင် (ပညာရေးတက္ကသိုလ်၊ လက်ပံတန်း)၊ ၂၀။ ကိုမောင်မောင်စိုး (ပညာရေးတက္ကသိုလ်၊ ဟင်္သာတ)၊ ၂၁။ ကိုဌေးအောင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ ဉပ္ပဒေ၊ သံလျှင်၊ ယခု ကယန်းပြည်သစ်)၊ ၂၂။ ကိုစိုးဝင်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ယခု ဂျပန်နိုင်ငံ ရောဝဏ်ဂျာနယ်)၊ ၂၃။ ကိုထွန်းမြင့်ဝင်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ သြစ်တော၊ မုံရွာ)၊ ၂၄။ ကိုခင်မောင်ဌေး (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ တောင်ဥက္ကလာ)၊ ၂၅။ ကိုအေးအောင် (ဆေး၁၊ ရန်ကုန်)၊ ၂၆။ ကိုထိန်ဝင်းအောင် (လုပ်သားကောလိပ်၊ ရေနံရုံးဝန်ထမ်း၊ မွန်အမျိုးသား၊ ယခု ကဗျာဆရာ ဗညားလင်း၊ အင်းစိန် နေဝန်းနှင်းဆီ စာပေ)၊ ၂၇။ ကိုထွန်းရီ (အလကကျောင်းသား၊ ရန်ကုန်)၊ ၂၈။ ကိုသောင်းစိန် (အငှားယဉ်မောင်း၊ ညောင်လေးပင်)၊ ၂၉။ ကိုနေဝင်းအောင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ ကျောင်းသားဟောင်း)၊ ၃၀။ သာကေတမှ အထကကျောင်းသားတဦး၊ ၃၁။ ကိုသန်းလွင် (ဈေးသည်၊ လေဟာပြင်ဈေး)၊ ၃၂။ ဗီ လက်နက်ချ ကာတွန်းဆရာတဦးတို့ဖြစ်ကြတယ်။

အဲဒီအထဲမှာ အင်မတန်ကို ရဲရဲရင့်ရင့် ရှုပ်ရှုပ်ချုံချုံနဲ့ လက်သံပြောင်ပြောင် တိုက်ခိုက်ခဲ့လို့ မှတ်တမ်းတင်ထိုက်သူတွေကတော့ ကိုသက်ဝင်းအောင်၊ ကိုသိန်းထွန်း၊ ကိုအောင်ကိုကို၊ ကိုစိုးဝင်းနဲ့ ကိုထွန်းရီတို့ပါပဲ။ ကိုအောင်ကိုကိုဟာ နိုင်ငံတော်ကောင်စီရုံး ခဲပေါက်မှုနဲ့ ထောင်ကျနေပေမဲ့ အဲဒီအရေးအခင်းမှာ လုံးဝပါဝင်ပတ်သက်မှုမရှိခဲ့ဘဲ မတရားဖမ်းဆီးခံရသူဖြစ်ပြီးနိုင်ငံရေးလဲစိတ်မပါဘဲ အင်မတန်ရိုးအေး စိတ်သဘောကောင်းသူတဦး ဖြစ်ပါတယ်။ ကိုစိုးဝင်းကတော့ ၁၉၇၄ ဇွန် အလုပ်သမားအရေးအခင်းမှာလဲ ပါဝင်ခဲ့ဖူးပြီးသမိုင်း ဘာတာ ရှေ့မှာ နေဝင်းတပ်ကပစ်လို့ လက်ကိုကျည်ဆံထိမှန် 'ဏ်ရာရခဲ့ဖူးတယ်။ အဲဒီတုံးက ရေကြည်အိုင်နဲ့ အင်းစိန်ထောင်မှာ စုစုပေါင်း ၃၄ လလောက် နေခဲ့ရပြီးမှ ပြန်လွတ်လာခဲ့တယ်။

စစ်ခွေးတိုက်နဲ့ ဖ တိုက်တို့ကို ၁၉၆၈ ခု ဂျေးအော်ပရေးရှင်း ခေါ် ထောင်တွင်းစစ်ဆင်ရေး ဆိုတဲ့ ကာလမှာ တည်ဆောက်ခဲ့တာ ဖြစ်တယ်။ ဂျေးအော်ပရေးရှင်း ဆိုတာ ကမ္ဘာပေါ်က ဘယ်ထောင်မှာမှ မကြားဖူးတဲ့ ဗမာပြည် စစ်အာဏာရှင်တွေရဲ့ အထူးစပယ်ရှယ် သမိုင်း ဝင် ရက်စက်မိုက်ရိုင်းမှုကြီး ဖြစ်ပါတယ်။ အဲဒီစစ်ဆင်ရေးဆိုတာဟာ ထောင်ထဲနှစ်ရှည်လများ အကျဉ်းကျခံနေရပြီးဖြစ်တဲ့ နိုင်ငံရေး အကျဉ်း သားတွေကို ခေါ်ထုတ်ပြီးဘာအကြောင်းမှမရှိ၊ ဘာထောင်တွင်းပြစ်မှုမှ မကျူးလွန်ရဘဲနဲ့ အသားလွတ်ကြီး မီးကုန်ယမ်းကုန် နှိပ်စက် ညှဉ်းဆဲ ရိုက်နှက်တဲ့ အော်ပရေးရှင်းကြီးဖြစ်ပါတယ်။ ထောင်ထဲမှာ ကိုယ့်ဟာကိုယ် အေးအေးနေ နေတဲ့ နိုင်ငံရေးအကျဉ်းသား ၁၀၀ ကျော် ၂၀၀ ခန့်ဟာ အလကားနေရင်း သေလုမျောပါးဖြစ်အောင် အပြင်းအထန် နှိပ်စက်ညှဉ်းပမ်း အရေးခံခဲ့ရတယ်။ အဲဒီအကြောင်းကို ဆရာ ဦးလှဖေ (ယခုဦးတင့်ဇော်မြ) ကိုယ်တွေ့ အသေးစိတ်ရေးခဲ့ဖူးပြီးဖြစ်ပါတယ်။

ဖ တိုက် (အမှောင်တိုက်၊ သို့မဟုတ် အလုံတိုက်) ကို အဲဒီ ၁၉၆၈ ခုကာလကစပြီးနိုင်ငံရေးအကျဉ်းသားတွေ တိုက်ပိတ်တဲ့ ပြစ်ဒဏ်တိုက်အဖြစ် တောက်လျှောက်သုံးခဲ့တယ်။ ခွေးတိုက်ကိုတော့ စဆောကပြီးခါစ ဂျေးအော်ပရေးရှင်းမှာ သုံးခဲ့သလားဆိုတာ ကောင်းကောင်းမသိပါ။ ဒါပေမဲ့ ၁၉၆၈ ခုကနေ ၁၉၇၆ ခုအထိ ထောင်လှူံခံရေး အယ်လ်ဖေးရှင်းခွေးတွေ သားဖောက်ဖို့၊ ဒါမှမဟုတ် မီးနေဖို့ နေရာအဖြစ်သာ တောက်လျှောက်သုံးခဲ့ပြီး၁၉၇၆ ဧပြီ ၁၁ ရက်နေ့မှာတော့ ခွေးတိုက်ထဲက စစ်ခွေးတွေကို ကမန်းကတန်းဖယ်ရှား၊ မလှမ်းမကမ်းမှာရှိတဲ့ နဂိုရှိရင်း ခွေးလှောင်အိမ်တွေမှာ ပြန်ထည့်လိုက်တယ်။ စစ်ခွေးတွေရဲ့ ချီးနံ့သေးနံ့တွေ၊ ခွေးမွှေးတွေနဲ့ ခွေးနံ့တွေ လှိုင်လှိုင်လွှမ်းထုံနေတဲ့ စစ်ခွေးတိုက်ကို ၃ ဆောင်က ‘ဏ်ရာရကျောင်းသားတွေ ၁၉၇၆ ခု ဧပြီ ၁၁ ရက်ည သန်းခေါင်ကျော်မှာ တယောကပြီးတယောက် ရောက်ရှိလာ ပါတယ်။

ကျောင်းသားတွေ စစ်ခွေးတိုက်အရောက် ဝါဒါတွေရဲ့ ထိုးကြိတ်ကန်ကျောက်ခံအပြီးမှာ အဝတ်အစားအားလုံးချွတ်ပြီးကိုယ်လုံးတီး အတိုင်း တိုက်ခန်းတွေထဲ ထည့်လိုက်တယ်။ အဲဒီတုံးက လျှပ်စစ်မီးမတပ်သေးလို့ မှောင်မဲနေတဲ့အခန်းတွေထဲ ဘာဆို ဘာမှမရှိဘဲ လုံးလုံး ပြောင်တလင်းဖြစ်ပါတယ်။ ဖျာမရှိ၊ ရေအိုးမရှိ၊ စောင်မရှိ၊ ဂန်ဖလားမရှိဖြစ်ပြီးကိုယ်တုံးလုံးနဲ့ ဒါဏ်ရာရကျောင်းသားတွေဟာ စစ်ခွေးတွေ နေသလိုမျိုး စစ်ခွေးတိုက်ထဲ နေရပါတယ်။ စစ်ခွေးတွေလိုပဲ အေးစက်စက် သံမန်တလင်းပေါ် သဘာဝအတိုင်း လဲလျောင်းအိပ်ရပါတယ်။ အခင်း ကြီးအခင်းလေးကို ခွေးတွေလို အခန်းထဲ ဒီအတိုင်းစွန့်ရတယ်။ စစ်ခွေးတိုက် ၁၀ ခန်းမှာ စတိုခန်းတခန်းချန်ပြီးကျန် ၉ ခန်းမှာ တခန်းကို ၃ ယောက်ကနေ ဖ ယောက်ထည့်ထားတယ်။

၁၂ ရက်နေ့ မနက်အာရုံတက်ခါနီးမှာ ထောင်ဆေးမှူးတွေ ရောက်လာပြီးဒါဏ်ရာတွေ ဆေးထည့်ပေးတယ်။ ထောင်ဆေးရုံမှာ ဒါဏ်ရာရဝါဒါတွေ အရင်ဆေးကုပေးပြီးမှ ခွေးတိုက်ကကျောင်းသားတွေဆီ လာကုပေးတာဖြစ်တယ်။ ကွဲပြဲနေတဲ့ဒဏ်ရာတွေ အစိမ်းချုပ်၊ ကျိုး နေတဲ့ အရိုးတွေ ကျောက်ပတ္တီး ကိုင်ပေးတယ်။ ‘ဏ်ရာရတဲ့ကျောင်းသားတိုင်း အနည်းဆုံး ခေါင်းမှာ ၅ ချက်တော့ ချုပ်ရတာချည်းဘဲဖြစ်တယ်။ တချို့လဲ နှာခေါင်းရိုးကျိုးတာ၊ နဖူးကွဲတာ၊ မျက်ခုံးကွဲတာ၊ သွားကျွတ်ထွက်သွားတာ တွေ့ရှိတယ်။ တချို့က လက်တဘက်တည်း ၂ နေရာ ကျိုး တယ်၊ တချို့က နံနိမ့်သွားတယ်။ နံရိုးအက်မအက်တော့ “ဓါတ်မှန်မရိုက်ရလို့ မသိနိုင်ပါ။ တချို့က ‘ဏ်ရာသွေးထွက်လွန်တာရှိတယ်။ တောင်ငူ က ဆေး(၂)ကျောင်းသား ကိုသိန်းထွန်းဟာ ခေါင်းပေါ်မှာ နားရွက်တဘက်ကနေ နောက်တဘက်ထိ ကြက်ခြေခတ်ပုံကွဲပြီးလက်လဲကျိုးလို့ ဒါဏ်ရာသွေးလွန်ပြီးသတိလစ်သွားခဲ့တယ်။ ဆေး(၁)ကျောင်းသား ကိုအေးအောင်လဲ သွေးလွန်ပြီး၂ နာရီလောက် သတိလစ်သွားခဲ့တယ်။ (ကိုအေးအောင်ဟာ နအဖလက်ထက် ၁၉၉၈ မေလတုန်းက သာယာဝတီထောင်တွင်း အစာငတ်ခံတိုက်ပွဲမှာ ထောင်အာဏာပိုင်တွေက ရိုက်သတ်လိုက်တဲ့ ကိုအောင်ကျော်မိုးရဲ့အကိုဖြစ်တယ်။) စီးပွားရေးတက္ကသိုလ် အနုပညာအသင်း အတွင်းရေးမှူး ကိုသက်တင် (ဝမ်းတွင်း) ဟာ ခေါင်းကွဲတာအပြင် လက်ညှိုးတချောင်း တဆစ်လောက် လုံးဝပြတ်ထွက်သွားတယ်။ တက္ကသိုလ်လဲ့လဲ့၊ တက္ကသိုလ်ဟန်မြမော်တို့နဲ့ တတွဲထဲ ဂီတအနုပညာ လိုက်စားခဲ့တဲ့ ကိုသက်တင်ဟာ ဂီတကို အင်မတန်ဝါသနာကြီးပြီးထူးလဲထူးချွန်သူဖြစ်တယ်။ အနုပညာသမား ဖြစ်ပေမဲ့ စစ်အာဏာရှင်တွေရဲ့ ရက်စက်ယုတ်မာမှုကို မခံနိုင်လို့ ထောင်တွင်းတိုက်ပွဲတွေမှာ ျုံးမထောက်ဘဲ ပါဝင်ခဲ့တယ်။ ဧပြီ ၁၁ တိုက်ပွဲမဖြစ်ခင် ၃ ဆောင် ၇ ခန်း မှာ မတ်လ ၂၃ ရက် သခင်ကိုယ်တော်မှိုင်း ရာပြည့်မွေးနေ့ အခမ်းအနားလုပ်တုံးက “ငြိမ်းချမ်းရေးဖခင်” သီချင်းကို ကိုသန်းဆွေ (ခေါ်)ငြိမ်းဝေသစ် နဲ့တွဲပြီးရေးစပ်သီကုံးခဲ့သူ၊ ကိုယ်တိုင်သီဆိုခဲ့သူ ဖြစ်တယ်။ အဲဒီသီချင်းဟာ ဒို့ ထုတ် “ဘဝတက္ကသိုလ်က နေဝန်းနီနီ” စီးရီးခွေထဲ ပါဝင်ခဲ့တယ်။

ဒါဏ်ရာတွေကုသရာမှာ ကျွမ်းကျင်မှုမရှိတဲ့ ဝါဒါဆေးမှူးတွေက စေတနာမပါဘဲ ပြီးပြီးရော ဖြစ်သလိုကုသွားလို့ ‘ဏ်ရာတွေဟာ တနှစ်ကျော်ကြာတဲ့အထိ ပြည်တရွှဲရွှဲနဲ့ ဖြစ်နေကြတာလဲရှိတယ်။ အရိုးကျိုးသွားတာတွေကိုလဲ စနစ်တကျ ပြန်ဆွဲမတည့်ဘဲ ကျောက် ပတ္တီးစည်းသွားလို့ အရိုးကောက်ကောက်ကြီး ဆက်သွားတာတွေများတယ်။ ‘ဏ်ရာတွေ နောက်ထပ် ဆေးကြော ဆေးထည့်တာနဲ့ ပင်နစ လင်ထိုးတာကို ၂ ရက်တခါ ၃ ရက်တခါ တပတ်လောက်လုပ်ပေးတယ်။

၁၁ ရက်နေ့ည စစ်ခွေးတိုက်ရောက်ပြီးမကြာခင် ထောင်ပိုင်ကြီးအဆင့်ရှိ မက္ကနား လာကြည့်တယ်။ သူက “တခြားထောင်တွေမှာ ထောင်ဆူတာ ငါတို့အပြတ်ကိုင်လို့ရခဲ့တယ်၊ မင်းတို့ကိုလဲ ငါတို့မမှုဘူး” လို့စိန်ခေါ် ကြိမ်းဝါးပြီးပြန်ထွက်သွားတယ်။ ကျောင်းသားတွေက တော့ အဖက်လုပ် စကားမပြောပါဘူး။

၁၂ ရက်နေ့အာရုဏ်တက် ဆေးမှူးတွေ ဆေးလာမကုခင် ကျောင်းသားတွေဟာ တခန်းနဲ့တခန်း တီးတိုးလှမ်းဆက်သွယ်ပြီးယခင် ဆွေးနွေးထားတဲ့ အစာငတ်ခံတိုက်ပွဲ ဆက်တိုက်ရေး၊ မတိုက်ရေး ဆွေးနွေးကြတယ်။ တချို့က အစာငတ်ခံတိုက်ပွဲ ဝင်လိုကြပေမဲ့၊ အများစုက အခုဖြစ်ခဲ့တဲ့ အဆင့်အမြင့်ဆုံး တိုက်ပွဲသဏ္ဍာန်ဖြစ်တဲ့ အကြမ်းဖက်ခုခံရေးတိုက်ပွဲရဲ့ အရှိန်အဟုန်ကို စောင့်ကြည့်ပြီးမှ ထပ်တိုက်သင့် မသင့် စဉ်းစားတာကောင်းမယ်လို့ သဘောထားပေးကြတဲ့အတွက် အစာငတ်ခံတိုက်ပွဲ ဆက်မတိုက်ဖြစ်တော့ပါ။

ဒီလိုနဲ့ ကျောင်းသားတွေဟာ သံတိုင်တွေနောက်မှာ တိရိစ္ဆာန်ရုံထဲက တိရိစ္ဆာန်တွေလို ကိုယ်လုံးတီးနဲ့ ဖျာမရှိ၊ စောင်မရှိ၊ ဂန်ဖလား မရှိ ၄ ရက်လောက် နေရတယ်။ တိရိစ္ဆာန်တွေလို နေ နေရတဲ့ ဒီ ၄၅ ရက်အတွင်းမှာ လုံးဝထမင်းမကျွေး၊ ရေမတိုက်ဘဲ၊ အစာဖြတ်၊ ရေဖြတ် ထားတယ်။ ထောင်ထဲမရောက်ခင် ကျောင်းသားဘဝက ဖတ်ခဲ့ဘူးတဲ့ အမေရိကန်နိုင်ငံထုတ် လိုက်ဖ် ျုင်န မဂ္ဂဇင်းထဲမှာ ၁၉၇၁ ခု နယူး ယောက်မြို့က အက်တီကာ ထောင်ထမှုကြီးကို နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး ရော့ကယ်ဖဲလား (နောင်မှာ ုသမ္မတ) ကိုယ်တိုင် ဦးစီးပြီးရက်ရက်စက်စက် သွေးချောင်းစီး နှိမ်နင်းခဲ့တဲ့အကြောင်း ကမ္ဘာကျော်သတင်းဓာတ်ပုံတွေထဲက လူမဲအများစုပါဝင်တဲ့ အကျဉ်းသား အုပ်လိုက်ကြီး ကိုယ်လုံးတီးနဲ့ ခေါင်းပေါ်လက်တင် ပုံစံရပ် တန်းစီနေရတာ၊ မှောက်အိပ်နေရတာ၊ ပုံစံထိုင်နေရတာတွေကို ပြန်အမှတ်ရမိတယ်။

ကျောင်းသားတွေဟာ ‘ဏ်ရာတွေ နာကျင်ကိုက်ခဲမှုအပြင် ထမင်းဆာ ရေငတ်တဲ့ဒဏ်ကိုပါ ကြံကြံခံခဲ့ကြတယ်။ တယောက်မှ မညီးခဲ့ ပါဘူး။

ရိုက်ပွဲဖြစ် စစ်ခွေးတိုက်ရောက်ပြီး ၂ ရက်အကြာမှာ သင်္ကြန်ကျပြီ ဖြစ်ပါတယ်။ စစ်ခွေးတိုက်ဟာ ထောင်အုတ်ရိုးနဲ့ အလွန်နီးကပ်စွာ တည်ရှိနေတာကြောင့် အင်းစိန်မြို့တွင်း ရေကစားမဏ္ဍာပ်တွေဆီက သင်္ကြန်သီချင်းသံတွေ၊ရေပက်ကစား ပျော်ရွှင်ကြသံတွေဟာ လေ်စပီကာ ကတဆင့် အုတ်ရိုးကိုကျော်ပြီးထောင်တွင်းသို့ လွင့်ပျံ့ဝင်ရောက်လာပါတယ်။ စစ်ခွေးတိုက်ထဲက ‘ဏ်ရာကိုယ်စီနဲ့ ကိုယ်လုံးတီး ကျောင်းသား တွေကတော့ ခွေးချီးခွေးသေးနံ့သာမက သွေးညှီနံ့နဲ့ လူချီးလူသေးနံ့တွေပါ လှိုင်နေပြီဖြစ်တဲ့တိုက်ထဲ ရေတစက်မှ မသောက်ရဘဲ ၇၆ သင်္ကြန် ကို ဖြတ်သန်းနေကြပါတယ်။ အဲဒီအချိန်မှာ ပျော်ပျော်နေတတ်တဲ့ ဆေး၂ ကျောင်းသား ကိုတင်မြင့် (ခေါ်) မာရှယ် (ပေါင်းတည်) က ရုပ်ရှင် မင်းသား ဝင်းဦး အသံမျိုးတုပြီးနှစ်သစ်နဲ့သင်္ကြန်ကျမလေ ဆိုပြီးသီချင်းထဆိုလို့ အားလုံးဝိုင်း လက်ခုပ်တီး –သဘာပေးကြတယ်။ (အဲဒီကာလ တုံးက မြန်မာ တို့၊ တူးပို့တူးပို့ တို့ ခေတ်မစားသေးပါ)။

ဧပြီ ၁၁ ရက်တိုက်ပွဲဖြစ်ပြီးနောက်တနေ့မှာ ၃ ဆောင်က သွေးစသွေးနတွေ အားလုံးပြောင်စင်အောင် အပြာဝတ်တွေက ဆေး ကြောရတယ်။ ဒီနောက် ဝါဒါတွေက အုတ်ခဲ■ပိုင်းတွေ၊ ကျောက်ခဲတွေ၊ ၂တြလက်မ္မတွေ စတဲ့လက်နက်တွေကို ထောင်တွင်း နေရာအနှံ့က ရှာဖွေ စုဆောင်းယူလာပြီး၃ ဆောင် ၇ ခန်းထဲပုံ “ါတ်ပုံရိုက်တယ်။ ကျောင်းသားတွေဟာ အကြမ်းဖက်ဖို့ ဒီလိုဒီလို ပြင်ဆင်စုဆောင်းထားတယ် ဆိုတဲ့ သဘောပါဘဲ။

၃ ဆောင်မှာ ကျန်ခဲ့တဲ့ ၅ ခန်းက ကျောင်းသား ၃ ယောက်၊ အပေါ်ထပ်က ကျောင်းသား ၁၀ ယောက်နဲ့ ဦးထွေးမြင့်၊ ကိုတင်ဝင်း၊ နဲ့ဦးကျော့်ငြိမ်းသားနှစ်ယောက်တို့ဟာ ကြိုတင်ညှိနှိုင်းထားတဲ့အတိုင်း အစာငတ်ခံတိုက်ပွဲ ဆက်ဝင်ကြတယ်။ ကျောင်းသားလေး ၁၀ ယောက် ထဲမှာ တယောက်က တိုက်ပွဲကထွက်သွားပြီး၉ ယောက်က ဆက်အစာငတ်ခံကြတယ်။ ၃ ရက်အကြာမှာ ကျောင်းသားလေးတွေရဲ့ ကိုယ်စား လှယ် ၃ ယောက်နဲ့ ထောင်အာဏာပိုင်တွေ ဆွေးနွေးပြီး၇ ခန်းကျောင်းသားတွေ ၃ ဆောင်ပြန်ပို့ဖို့ကိစ္စကလွဲလို့ ကျန်တောင်းဆိုချက်တွေ လိုက်လျောတဲ့အတွက် သပိတ်လှန်လိုက်တယ်။ အစာငတ်ခံသူ ၉ ယောက်ကို နို့နဲ့ဆန်ပြုတ် အရင်ကျွေးပြီးနောက်မှထမင်းကျွေးတယ်။

၅ ခန်းက ကိုခင်မောင်လင်း၊ ကိုစိန်ရွှေမိုး၊ ကိုဌေးအောင် (ခေါ်) မော်တာတို့ ၃ ယောက်နဲ့ အပေါ်ထပ်က ဦးထွေးမြင့်၊ ဒေါက်တာ ထွန်းကျော့်ငြိမ်း၊ ကိုဘိုဘိုကျော့်ငြိမ်းတို့ကိုတော့ အစာငတ်ခံတိုက်ပွဲဝင်ပြီး၃ ရက်အကြာမှာ ၃ ဆောင်ကနေ တွဲဘက်ထောင်ကိုပို့ပြီးတိုက်ပိတ် လိုက်တယ်။ တွဲဘက်တိုက်မှာ ဆက်ပြီးအစာငတ်ခံတိုက်ပွဲဝင်တော့ နောက် ၂ ရက်လောက်အကြာမှာ အာဏာပိုင်တွေက နိုင်ငံရေးအကျဉ်း သားတွေ သီးသန့်ထားရေး တောင်းဆိုချက်နဲ့တကွ တခြားတောင်းဆိုချက်တွေ လိုက်လျောလို့ အစာပြန်စားကြတယ်။ သူတို့ကိုလဲ အာဏာ ပိုင်တွေက ဆန်ပြုတ်အရင်ကျွေးပြီးမှ ထမင်းကျွေးတယ်။

ဵ ကိုတင်ဝင်းကိုတော့ ၆ တိုက် (?တိုက်သစ်) ပိတ်တယ်။ သူနဲ့ သူ့ဇနီး တင်မာလာတို့ဟာ မော်လမြိုင် လေယဉ်ကွင်းမှာ လေယဉ်အပိုင်စီးဖို့၊ သို့မဟုတ် ဖေါက်ခွဲဖို့ ကြံနေတုန်း အဖမ်းခံရတာဖြစ်တယ်။ ရန်သူကိုဆန့်ကျင်တဲ့စိတ်ဓာတ် ပြင်းထန်သူဖြစ်ပေမဲ့ တခြားနိုင် ငံရေးအကျဉ်းသားအများစုနဲ့ စည်းရုံးလက်တွဲတိုက်ဖို့ထက် တကိုယ်တော်သူရဲကောင်းဝါဒနဲ့ အမိကရပ်တည်လှုပ်ရှားသူဖြစ်ပြီးထောင်တွင်း ကာလရှေ့ပိုင်းမှာ တချိန်လုံးလိုလို တိုက်ပိတ်ခံနေရသူဖြစ်တယ်။ အဆောင်မှာနေရချိန် သိတ်မရှိပါ။ ၇၇ ခုနောက်ပိုင်း ထောင်တွင်းဖိနှိပ်မှုတအားပြင်းထန်လာပြီးအဲဒါကိုပြန်လှန်တိုက်ဖို့ အထူးခက်ခဲလာတဲ့အခါ အာဏာပိုင်တွေပေးတဲ့ တန်းစီးရာထူးယူပြီးနိုင်ငံရေးအကျဉ်းသား ချင်း အာဏာပိုင်အလိုကျ ဖိနှိပ်သူ ဖြစ်သွားတယ်လို့ တချို့နိုင်ငံရေးအကျဉ်းသားတွေကစွပ်စွဲပြီးအမြင်မကြည်လင်ကြပါ။ ၈ လေးလုံး အရေး အခင်းတုံးက သူ့ကို စစ်ကိုင်းမြို့ရဲစခန်းမှာ ချုပ်ထားတာကို မြို့လူထုကမကျေနပ်လို့ ရဲစခန်းဝိုင်းဆန္ဒပြရာကနေ စစ်ကိုင်းတိုင်း ကောင်စီဥက္ကဋ္ဌ အဆင့်ရှိ သူရဘွဲ့ရကျော်စွာ ဦးစီးပြီးစစ်ကိုင်းမြို့သူမြို့သား ၁၀၀ နီးပါးသေအောင် သွေးချောင်းစီးပစ်သတ် နှိမ်နင်းခဲ့တာဖြစ်တယ်။ ကိုတင်ဝင်း ရဲ့ဇနီး တင်မာလာကိုတော့ မတွေ့ဘူးခဲ့ပေမဲ့ ကိုတင်ဝင်းအပြောအရ သူမဟာလဲ စိတ်ဓာတ်ပြင်းထန်သူ ဖြစ်တယ်လို့ဆိုပါတယ်။ ကိုတင်ဝင်းက သူ့ဇနီးတင်မာလာကို ဗမာပြည်ရဲ့ လိုင်လာခါလက် လို့ညွှန်းပါတယ်။ လိုင်လာခါလက် ဆိုတာ ၁၉၇၀ ခုနှစ်များ အစပိုင်းလောက်က အစ္စရေးလေယာဉ်တွေ အပိုင်စီးပြန်ပေးဆွဲရာမှာနဲ့ ဖောက်ခွဲဖျက်ဆီးရာမှာခေါင်းဆောင်သူ နာမည်ကျော် ပါလက်စတိုင်းအမျိုးသမီးအကြမ်း ဖက်သမဖြစ်ပါတယ်။ ယေဘူယျအားဖြင့် ပြောရရင် ကိုတင်ဝင်းဟာ ဤနမမသမမဗျာ အကြမ်းဖက်ဝါဒကို သဘောကျတဲ့ တကိုယ်တော် ပေါ်ပြူလာသမားဖြစ်ပြီးတချိန်တည်းမှာ ခံယူချက် စွဲမြဲခိုင်မာမှုလဲမရှိဘူး လို့ တချို့နိုင်ငံရေးအကျဉ်းသားတွေက မြင်ကြပါတယ်။

တွဲဘက်တိုက်နဲ့ ၆ တိုက် ပိတ်ခံရသူတွေကို တလခန့်အကြာမှာ ၃ ဆောင်ပြန်ပို့လိုက်တယ်။ ၃ ဆောင်က ဧပြီ ၁၁ တိုက်ပွဲသတင်း ကြားပြီးနောက် ၁ တိုက်မှာ ပုံစံကိုင် အလုပ်ကြမ်းခိုင်းခံနေရတဲ့ ယခင်တွဲဘက်ထောင်ကျောင်းသားတွေကလဲ အစာငတ်ခံတိုက်ပွဲဝင်ပြီးကျွန်ဇာတ်သွင်းရေးပေါ်လစီကို ပြန်လှန်တိုက်ကြတယ်။ ရင်ကွဲတိုက်ကျောင်းသားတွေကတော့ အစာငတ်ခံတာမလုပ်ဘဲ ကျောင်းသားသီချင်း၊ သမဂ္ဂသီချင်းတွေ အော်ဆိုတာ၊ ကြွေးကြော်သံတွေအော်တာကို ညဘက် ၉ နာရီအိပ်ချိန်ကျော်လဲ ဆူညံအော်ဟစ်နေကြတာလိုမျိုး အာဏာဖီဆန်မှုတွေ အုံးအုံးကြွက်ကြွက်လုပ်ကြတယ်။ ကျောင်းသားတွေဟာ ကြိုးတိုက်ရောက် သေဒါဏ်ကျ မှိုင်းရာပြည့်ကျောင်းသား ခေါင်းဆောင် ကိုတင်မောင်ဦး နဲ့အဆက်အသွယ်ရပြီးသူ့ဆီက တန်ဖိုးမဖြတ်နိုင်တဲ့ စိတ်ဓာတ်ခွန်အားတွေရခဲ့ကြတယ်။ အစာငတ်ခံတိုက်ပွဲဝင်သူ တွေကို ၂ ရက်အကြာမှာ ထောင်အာဏာပိုင်တွေက ရေဖြတ်လိုက်တယ်။ ကျောင်းသားများက ကြံကြံခိုင်ဆက်တိုက်ကြတယ်။ တချို့က ရေပြန် (ဆီး) သောက်ကြလို့ သေးသောက်ရဲဘော် လို့ အချင်းချင်းနောက်ပြောင်ခေါ်တဲ့ ဝေါဟာရပေါ်လာတယ်။ ကိုဇော်ငြိမ်းလတ်၊ ကိုအောင်ကျော်ဦး တို့အပါအဝင် ကျောင်းသားတချို့ကို ၆ ရက်အကြာမှာ၊ ကျန်ကျောင်းသားအားလုံးကို ၁၀ ရက်အကြာမှာ ဝါဒါတွေနဲ့ လက်ကိုင်ဒုတ် ရာဇဝတ်သားတွေက တိုက်ခန်းတွေထဲကဆွဲထုတ်ပြီးအကြီးအကျယ် ဝိုင်းဝန်းရိုက်နှက်ကြတဲ့အတွက်ကြောင့်တကြောင်း၊ ရေငတ်ဒါဏ် အလူးအလဲခံနေရတဲ့ ကျောင်းသားငယ်လေးတွေကိုညှာပြီးအများစုသဘောထားကျလို့တကြောင်း၊ တညီတည်းသပိတ်လှန်လိုက်ပြီးအစာ ငတ်ခံတိုက်ပွဲ ပြီးဆုံးသွားခဲ့တယ်။ မတတ်သာလို့ အဖြိုခံရပေမဲ့ အရှုံးပေးပြီးသပိတ်လှန်တာမဟုတ်လို့ ဧပြီ ၁၁ ရက်နေ့ကစပြီးအရှူးမီးဝိုင်း ဖြစ်နေတဲ့ ထောင်အာဏာပိုင်တွေဟာ ကျောင်းသားတွေကို ၂ တိုက်မှာဘဲ လွတ်လွတ်လပ်လပ် ထားပေးခဲ့ရတယ်။

ထုံးစံအတိုင်း အာဏာပိုင်တွေဟာ အမာခံခေါင်းဆောင်ပိုင်းလို့ ယူဆရသူတွေကို သီးခြားခွဲထုတ်ပြီးတခြားတိုက်တွေကိုပို့တယ်။ ၇၅ ရွှေတိဂုံအရေးအခင်းက ကိုအောင်ထိုက် (ဆေး၂၊ မြို့လှ၊ ယခုရန်ကုန်စိတ်တိုင်းကျလက်ရည်ဆိုင်) နဲ့ ကိုချစ်ကြိုင် (ရန်ကုန်ဝိဇ္ဇာသိပ်၊ သံဖြူ ဇရပ်၊ မွန်အမျိုးသား) တို့ကို တွဲဘက်တိုက်ပို့ပြီးဦးသန့်အရေးအခင်းက ကိုကျော်စိုး (ရန်ကုန်ဝိဇ္ဇာသိပ်၊ ပဲခူးသင်္ကုလ၊ ယခင် ကျောင်းသား သမဂ္ဂ ခေါင်းဆောင် ကိုကိုးကျွန်းပြန် ဘဖူးညွှန့်၏ညီ၊ ယခု စိတ်တိုင်းကျစားသောက်ဆိုင်)၊ ကိုထွန်းထွန်း (ရန်ကုန်ဝိဇ္ဇာသိပ်၊ စာရေးဆရာ တောင်တွင်းကိုကိုကြီး၏သား၊

ဇကပသို့တောခို ကျဆုံး)၊ ကိုတင်စိုး (ခေါ်) ချူတေး (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ မြောက်ဥက္ကလာ)၊ ဦးကျော်လင်း (ဗဟိုတရားရုံးရှေ့နေ)၊ ကိုသန်းလွင် (စက်မှုတက္ကသိုလ်)၊ ကိုသန်းမြင့် (မော်တော်ပီကယ်ရဲ)၊ ဦးသန့်ရွှေတိဂုံနှစ်မှုတွဲက ကိုအေဖါရာဂျ် (ရန်ကုန် ဝိဇ္ဇာသိပ္ပံဥပဒေ၊ ကျောက်မဲ၊ ဂေါ်ရခါး အမျိုးသား)၊ ၇၅ ဂျွန် ရွှေတိဂုံအရေးအခင်းက ကိုမောင်ကျော်စော (တိမ္မေးကုတက္ကသိုလ်၊ ရခိုင် အမျိုးသား)၊ ကိုဘလိုင် (စက်မှုတက္ကသိုလ်၊ ရခိုင်အမျိုးသား)၊ ကိုအောင်တင်သိန်း (ရန်ကုန် ဝိဇ္ဇာသိပ္ပံဥပဒေ၊ သံတွဲ၊ ရခိုင်အမျိုးသား၊ ယခုရွှေလီ)၊ ကိုခင်ဝင်း (ခေါ်) ဘိုးတော်ခင်ဝင်း (ကျန်းမာရေးဌါနဝန်ထမ်း၊ ယခု နအဖ ထောင်ကျ နေဆဲ)၊ ကိုဥာဏ်အေး (စီးပွားရေးတက္ကသိုလ်၊ ယခုဦး မြိတ်မြို့နယ် ပြည်သူ့လွှတ်တော် အမတ်)၊ ကိုမိုးဝင်း (စီးပွားရေးတက္ကသိုလ်၊ ထောင်ထဲကျဆုံးသွားတဲ့ ပြည်သူ့ရဲဘော်အဖွဲ့မှ ဦးစိုးဝင်း၏သားဖြစ်ပြီး၄င်းကိုယ်တိုင်နှင့် ဖခင်၊ ဇနီးမဒုံ၊ ယောက္ခမ‌ဒေါ်ကြည်ကြည် (သခင်ဇင်)၊ တို့နဲ့အတူ နဝတထောင်ထပ်ကျခဲ့)၊ ကိုညီပု (ဝန်ထမ်း၊ ရခိုင်အမျိုးသား၊ ဗျူ အဖွဲ့ဝင် ဟောင်း)၊ ကိုမြင့်ဦး (ခေါ်) ဟာနစ် (အလကကျောင်းသား၊ မော်ကျွန်း)၊ ကိုမင်းအောင် (ခေါ်) ဂိုရှယ်လေး (အလကကျောင်းသား၊ တောင်ဥက္ကလာ)၊ ကိုမောင်မောင်မြင့် (အလကကျောင်းသား၊ လှိုင်) စသူများနဲ့ တွဲဘက်ထောင်မှာ တဖက်ကျောင်းသားတွေရိုက်လို့ ခေါင်းကွဲ သွားတဲ့ ရွှေတိဂုံအရေးအခင်းက ကိုတင်အောင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်ဥပဒေ၊ နမ့်စမ်၊ ပလောင်အမျိုးသား)၊ ကိုမြင့်ဆွေ (စက်မှုတက္ကသိုလ်၊ မုံရွာဆြားလင်းကြီး)၊ ကိုမြင့်အောင်ကြည် (ခေါ်) မောင်မြေဝါ (စက်မှုတက္ကသိုလ်၊ တန့်ဆည်)၊ ကိုဦးလှစော (စက်မှုတက္ကသိုလ်၊ စစ်တွေ၊ ရခိုင်အမျိုးသား၊ စာရေးဆရာကြဗျာဆရာ ခိုင်အောင်)၊ ကိုသန်းနိုင် (ကောင်စီစာရေး၊ ယခု နအဖထောင်ကျနေဆဲ ပုဂံသန်းနိုင်)၊ ကိုဟန်ရှိန်ဝင်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ရေစကြို)၊ ဝင်ဒါမီယာခဲပေါက်မှုက ကိုဖျူငြိမ်း (ပညာရေး တက္ကသိုလ်၊ ပဲခူး)၊ ဦးသန့်အရေး အခင်းက ဒေါ်လဖင်တင့်ဆွေ (ရန်ကုန်ဝိဇ္ဇာသိပ္ပံ ရေကူးလက်ရွေးစင်၊ ယခုကွယ်လွန်) တို့ကို ၄ တိုက်နဲ့ ၅ တိုက်တွေ ပို့လိုက်တယ်။ ကိုအောင်ထိုက်နဲ့ ကိုချစ်ကြိုင် ကိုလဲ နောက်ပိုင်းမှာ တွဲဘက်တိုက်ကနေ ၅ တိုက်နဲ့ ၄ တိုက်ကိုပို့လိုက်တယ်။

ကျန်ကျောင်းသားတွေကိုတော့ ၂ တိုက် (ရင်ကွဲတိုက်) မှာပဲ နောက်ထပ်တနှစ်လောက်ထားပြီးတချို့ကို တွဲဘက်ထောင်၊ တချို့ကို ၃ ဆောင်ပြန်ပို့လိုက်တယ်။ တချို့ကိုတော့ ၂ တိုက်မှာပဲ ဆက်ထားတယ်။ ၂ တိုက်မှာနေရပေမဲ့ တွဲဘက်ထောင်မှာနေစဉ်ကလို မနက်က ညနေထိ တိုက်ခန်းတံခါးတွေ ဖွင့်ပေးထားပြီးတိုက်ဝင်းထဲ လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားခွင့်ရတယ်။ အစောပိုင်းကာလ တရက်မှာ ကျောင်းသားတွေကို ရေချိုးချစဉ် ဝါဒါတယောက်က ကြိမ်လုံးနဲ့လိုက်ရိုက်တာကို မကျေနပ်လို့ ကျောင်းသားတွေက တွေ့ရာခဲ 'ုတ်တွေနဲ့ ဝိုင်းပေါက်လို့ ဝါဒါ 'ဏ်ရာအနာတရနဲ့ ထွက်ပြေးသွားရတယ်။ အဲဒီနောက်ပိုင်း ရင်ကွဲတိုက်ဝင်းထဲမှာ ပိုပြီးလွတ်လွတ်လပ်လပ် ဖြစ်လာတယ်။

မေ ၁၁ ရက်တိုက်ပွဲဟာ ထောင်အာဏာပိုင်တွေကို ကောင်းကောင်းကြီး တုန်လှုပ်သွားစေခဲ့တယ်။ နိုင်ငံရေးအကျဉ်းသားတွေ၊ အထူး သဖြင့် ကျောင်းသားတွေဆီက ဒီလိုတုံ့ပြန်မှုမျိုးကို သူတို့မျှော်လင့်မထားကြပါ။ အုတ်နံရံလေးဘက်ကြား သံတိုင်တွေနောက်က နုနုနယ်နယ် ပညာတတ်ကျောင်းသားတွေဟာ သူတို့လုပ်သမျှ ကြမ်းရမ်းသမျှ ခံရဖို့ဘဲရှိတယ်လို့ အပိုင်တွက်ထားတယ်။ ကိုယ့်ပခုံးထဲကကြက် ကိုယ်အေး အေးဆေးဆေး ရိုက်သတ် ချက်စားသလိုမျိုး တွက်ထားတယ်။ သူတို့အလွန်ဆုံးတွက်တာက ထောင်ဆူမှု၊ ထောင်ထမှုဖြစ်မှာ၊ အဲဒီ ကနေ ထောင်ပွင့်ထွက်တာ၊ ထောင်ဖောက်ထွက်တာမျိုး စာအုပ်ကြီးအတိုင်းဖြစ်လာရင် ပစ်ခတ်နှိမ်နင်းဖို့လောက်ပဲ စဉ်းစားထားတာဖြစ်တယ်။ သူတို့ ရဲ့ ပေါ်လစီတရပ်ကို ဦးတည်ချက်ထားပြီးအခုလောက်ပြင်းပြင်းထန်ထန် ဆန့်ကျင်တိုက်ခိုက်လိမ့်မယ်လို့ စဉ်းစားမထားကြဘူး။ သမရိုးကျ စဉ်းစားမှုအတိုင်း မိုးမပြိုဘူး၊ ပြိုခဲ့သည်ရှိသော် ဆိုတဲ့သဘောနဲ့ တရားသူကြီးဥက္ကဌတို့၊ ပါတီကောင်စီဥက္ကဌတို့ကို လုပ်ထုံးလုပ်နည်းအရ ထောင်ထဲအရုံသင့် ခေါ်ထားတာဖြစ်တယ်။ စာအုပ်ကြီးထဲ ပြဌာန်းထားသလို လုပ်တာဖြစ်တယ်။ အခုတော့ လက်နက်မဲ့ ထောင်ကျကျောင်း သားတွေက ရရာလက်နက်နဲ့ ပြန်ပြီးမီးကုန်ယမ်းကုန် အကြမ်းဖက်ခုခံလို့ ဝါဒါတွေခံလိုက်ရတာတွေ့တော့ သူတို့မျက်စိ သူတို့မယုံနိုင်အောင် ဖြစ်ပြီးခြောက်ခြားသွားခဲ့တယ်။ အောက်ခြေ ထောင်အမှုထမ်း ဝါဒါတွေနဲ့ သူတို့သားမယားတွေဟာလဲ ဝါဒါအလုပ်ဟာ နေဝင်းစစ်သား အလုပ်လို အသက်ဘေးနီးတဲ့အလုပ်လို့ တခါမှ မယူဆထားရာကနေ အခုလို အသက်အန္တရာယ် တကယ်ရင်း လုပ်ရတဲ့အခါ ဝါဒါလောကမှာ အကြီးအကျယ် လန့်ဖျပ်တုန်ခါသွားခဲ့တယ်။

ထောင်ထဲမှာ နဂိုကရှိတဲ့ ဦးသန့်နဲ့ ရွှေတိဂုံ ကျောင်းသားတွေရော တဖွဲဖွဲနဲ့ အသစ်ဝင်ရောက်လာတဲ့ မိုင်းရာပြည့် ကျောင်းသား တွေပါ ဒီလိုဦးမညွှတ် ူးမထောက်တဲ့ တိုက်ပွဲဝင်စိတ်ဓာတ် ဂယက်ရိုက်ခံရပြီးအားလုံးဟာ စိတ်ဓာတ်ခွန်အားတွေ မြင့်တက်လာခါ ယခင် ၁၉၇၅ ခု –သဂုတ်ကနေ ၁၉၇၆ ခုမတ်လအထိ ရခဲ့တဲ့ အသာစီးရမှုမျိုး ပြန်ရလာတယ်။ ကျောင်းသားတွေဟာ စင်ပေါ် ပြန်ရောက်လာခဲ့ တယ်။

စစ်အာဏာရှင်တွေရဲ့ ဖိနှိပ်ရေးယန္တရားထဲမှာ စစ်ထောက်လှမ်းရေးတွေနဲ့ ထောင်ဝါဒါတွေဟာ သူတပါးကို နှိပ်စက်ညှင်းပမ်းတဲ့ အလုပ်နဲ့ ရပ်တည် ထမင်းစားနေကြသူတွေဖြစ်တယ်။ ရဲနဲ့ တရားသူကြီးဆိုတာ ငိုစား ရယ်စား လို့ဆိုကြပေမဲ့ စစ်ထောက်လှမ်းရေး (ဝါ) လျှို့ဝှက်ပုလိပ် နဲ့ ထောင်ဝါဒါတွေကတော့ ငိုစားသက်သက်ပါပဲ။ အဲဒီအတွက် အာဏာရှင်တွေဟာ စိတ်ပညာဝေါဟာရနဲ့ ဆက်ဒစ်ဇင်၊ ဓိဗ္ဗာ လို့ခေါ်တဲ့ စိတ်ဝေဒနာ စရိုက်ရှိသူတွေကို စစ်ထောက်လှမ်းရေးတွေ၊ ထောင်ဝါဒါတွေအဖြစ် မလွဲမသွေစုစည်း တာဝန်ပေးထားရ တယ်။ စိတ်ရောဂါတမျိုး ဖြစ်တဲ့ ဆက်ဒစ်ဇင် ခံစားနေရသူ ဆက်ဒစ္စ်၊ ဓိဗ္ဗအ တွေဟာ သူများကို ရုပ်ပိုင်းအရ၊ စိတ်ပိုင်းအရ နာကျင်အောင် နှိပ်စက်ညှဉ်းပမ်းရမှ စားဝင်အိပ်ပျော်ပြီးစိတ်ချမ်းသာ ကိုယ်ကျန်းမာနိုင်သူတွေ၊ အဆုံးစွန်ပြောရရင် ကာမ အာသာဆန္ဒ ဖြေဖျောက် စွမ်း ဆောင်လို့ရသူတွေ ဖြစ်ကြတယ်။ စစ်အာဏာရှင်တွေဟာ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် သူတို့အာဏာ ထိန်းသိမ်းထားနိုင်ဖို့ ဒီလို ဆက်ဒစ္စ တွေကို ထောက်လှမ်းရေး၊ လျှို့ဝှက် ရဲနဲ့ ထောင်အမှုထမ်းတွေအဖြစ် စုဆောင်းမွေးမြူ တည်ဆောက်ရတယ်။ ရိုးရိုးရဲအဖွဲ့နဲ့ စစ်တပ်ထဲမှာလဲ ဆက်ဒစ္စ တွေ အတော်များများ ထည့်ထားပေမဲ့ နှိုင်းယှဉ်ချက်အားဖြင့် စစ်ထောက်လှမ်းရေး (လျှို့ဝှက်ပုလိပ်) နဲ့ ထောင်ဝါဒါတွေထဲမှာ အချိုးအစား ပိုများတယ်။ စစ်အာဏာရှင်တွေ ကိုယ်တိုင်ကလဲ အနည်းနဲ့အများ ဆက်ဒစ်ဇင် ဝေဒနာခံစားနေတဲ့ ဆက်ဒစ္စ တွေဖြစ်ကြတယ်။ ဟစ်တလာ နဲ့ အိုက်ခမန်း တို့ရဲ့ ဆက်ဒစ်ဇင် ဟာ ကမ္ဘာကျော်ပါဘဲ။ ၁၉၆၈ ခုက အင်းစိန်ထောင်တွင်း ဂျေးအော်ပရေးရှင်း ဟာ စစ်အာဏာရှင်ကြီးနေဝင်းရဲ့ ဆက်ဒစ်ဇင် စိတ်ရှုထမှုတခု ဖြစ်သလို နောက်ပိုင်းမှာ စိန်လွင်ရဲ့ ဆက်ဒစ်ဇင် လက်ရာတွေကိုလဲ ထောင်ထဲမှာ ရော၊ ၈ လေးလုံး အရေးအခင်းတွင်းမှာပါ တွေ့ရတယ်။ အရပ်ထဲက လူကောင်းသူကောင်းလေးတွေ မဆလနဲ့အဖ စစ်တပ်ထဲဝင်သွားရင် အကျင့်ပျက် သူခိုး၊ ''ါးပြ၊ ငမူး၊ ငရှူး၊ လူရမ်းကား၊ လူဆိုး လူမိုက် တွေအဖြစ် မဖြစ်မနေ ပုံစံသွင်းခံလိုက်ရသလိုပဲ စစ်ထောက်လှမ်းရေးယန္တရားနဲ့ အကျဉ်းထောင် အုပ်ချုပ်ရေးယန္တရားထဲ ဝင်သွားတဲ့ ပုံမှန်စိတ်ရှိသူတွေလဲ သူတပါးကိုညှင်းဆဲ နှိပ်စက်ကလူပြုရမှ ထမင်းစားချိုတဲ့၊ တနည်းအားဖြင့် အိပ် စား ကာမ အာသာဆန္ဒ ပြည့်ဝနိုင်တဲ့ မူမမှန်စိတ်ဝေဒနာရှင် ဆက်ဒစ္စတွေအဖြစ် တဖြေးဖြေး အသွင်ပြောင်းခံကြရတယ်။ စိတ်ပညာဝေါဟာရအရ ၍ာစမည ေအအေသည ေလို့ ခေါ်သလား မပြောတတ်ပါ။ ဒီလို ဆက်ဒစ်ဇင် ပုံစံသွင်းခံရပေမဲ့ တကယ်တော့ လူသားတွေသာဖြစ်ကြတဲ့ ထောင်ဝါဒါတွေ၊ စစ်ထောက်လှမ်းရေးတွေဟာ သူတို့လုပ်နေရတဲ့ လုံးဝလူမဆံတဲ့ လုပ်ရပ်တွေရဲ့

ဖိစီးမှုကိုမခံနိုင်တော့တဲ့အခါ သူတို့ကိုယ်တိုင်ရူးသွားတာတွေ၊ ကိုယ့်ကိုယ်ကိုယ်သတ်သေတာတွေ ဖြစ်ကုန်ကြတယ်။ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားတွေ ထောင်ထဲကျဆုံးတာ သမိုင်းမှာ အများဆုံးဖြစ် တဲ့၊ ရက်စက်မှုအပေါင်း သရဖူဆောင်းတဲ့ နဝတ–နအဖခေတ်မှာ ဝါဒါတွေ၊ ထောင်မှူးတွေ၊ ထောင်ပိုင်တွေနဲ့ စစ်ထောက်လှမ်းရေးတွေ ကိုယ့်ကိုယ်ကိုယ်သတ်သေမှု၊ လုံးဝစိတ်ဖေါက်ပြန်ရူးသွပ်သွားမှုတွေလဲ မကြုံစဘူးအောင် အများအပြားပေါ်လာတယ်။ နဝတ ဥက္ကဌအဆင့်ရှိတဲ့ စောမောင်ကိုယ်တိုင် ရူးသွားတာလဲ အားလုံးအသိဖြစ်ပါတယ်။

ဒီလိုနဲ့ စစ်အစိုးရအဆက်ဆက်ဟာ ထောင်တွင်းဖိနှိပ်ရေးပေါ်လစီတွေကို ဆက်ဒစ္စ တွေအားကိုးနဲ့ အမြဲအကောင်အထည်ဖော် လည်ပတ်နေပြီးဖိနှိပ်ရေးအဆင့်အတန်းကို့ စါမခိနေ လုပ်မြှင့်တင်ဖို့ မပြတ်ကြိုးစား အားထုတ်နေတယ်။

ဖြေတိုက်ပွဲအပြီးမှာ ထောင်တွင်းကကျောင်းသားတွေ အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေအပေါ် ဖိနှိပ်ရေးသံပါတ် ပြုတ်ထွက် သွားပြီးအခွင့်အရေးတွေ အရင်အတိုင်း၊ ဒါမှမဟုတ် တချို့နေရာတွေမှာ အရင်ထက်ပိုရလာတယ်။ ၃ ဆောင်မှာရော၊ စစ်ခွေးတိုက် အပါအဝင် တိုက်တွေမှာပါ ကျောင်းသားတွေဟာ အထက်စီးအနေအထား ပြန်ရောက်သွားပြီးနိုင်ငံရေးဂုဏ်သိက္ခာ မြင့်မြင့်မားမားနဲ့ ထောင်ထဲမှာ တန်ခိုး ထွားမင်းမူနိုင်ခဲ့ကြတယ်။ တွဲဘက်ထောင်မှာ ၇၆ မတ်လကုန်ပိုင်းက ကျောင်းသားတဖွဲ့က တခြားတဖွဲ့ကို ရိုက်ပွဲလုပ်လို့ သိက္ခာကျ နာမယ် ပျက်ခဲ့ရတာကိုလဲ ၇၆ ဖြေ ၁၁ တိုက်ပွဲမှာ ဝါဒါတွေနဲ့ ရိုက်ပွဲဆင်နွှဲပြီးဂုဏ်သိက္ခာပြန်ဆယ်နိုင်ခဲ့တယ်။

ဒါပေမဲ့ ဖြေ ၁၁ ရက်တိုက်ပွဲအပြီး၃ ဆောင်မှာ အရှုံးထွက်သွားတာ တခုရှိတယ်။ အရင်တုံးက အပြာဝတ်တွေ (နှစ်ကြီး ရာဇဝတ် အကျဉ်းသား) မိလ္လာချပေးတဲ့စနစ်ကနေ နိုင်ငံရေးအကျဉ်းသားတွေကိုယ်တိုင် မိလ္လာချရတဲ့စနစ်ဖြစ်သွားတာပါဘဲ။ ဒါဟာလဲ နိုင်ငံရေး အကျဉ်း သားတချို့ရဲ့ ပျော့ညံ့မှုကြောင့် ခံလိုက်ရတာဖြစ်သလို ထောင်အာဏာပိုင်တွေအတွက်တော့ ငါးမရလို့ ရေချိုးပြန်တဲ့အနေနဲ့ နိုင်ငံရေး အကျဉ်းသားတွေရဲ့ အခွင့်အရေးတခုကို ပယ်ဖျက်ပစ်လိုက်တာဖြစ်တယ်။ ဒီကိစ္စဟာ နောင်မှာ ၃ ဆောင်က ကျောင်းသားတွေနဲ့ ထောင် အာဏာပိုင်တွေကြား ပြဿနာဖြစ်စရာ၊ တိုက်ပွဲဖေါ်စရာ မီးပွားတစ အမြဲဖြစ်နေပါတော့တယ်။

ဖြေ ၁၁ ရက် ကျောင်းသားတွေ စစ်ခွေးတိုက်ရောက်ပြီး၄၅ ရက်အကြာမှာတော့ အဝတ်အစားတွေပြန်ရပြီးထမင်းနဲ့ရေလဲ ပြန်ရ၊ အိပ်စရာဖျာနဲ့ စောင်အပြင် ဂန်ဖလားတွေလဲ ထုတ်ပေးလာတယ်။ လျှပ်စစ်မီးလဲ တပ်ပေးလာတယ်။ အဝတ်အစားတွေကတော့ သွေးကွက် တွေပျောက်အောင် အပြာဝတ်တွေက လျှော်ဖွပြီးမှ လာပေးတာဖြစ်တယ်။ ရေ ရလို့ အရင်ဂန်ဖလားမရခင် အခန်းတွင်း သံမံတလင်းပေါ် ဒီအတိုင်းစွန့်ထားရတဲ့ ကျင်ကြီးကျင်ငယ်တွေလဲ ဆေးကြောသုတ်သင်နိုင်ခဲ့တယ်။ တပတ်လောက်အကြာမှာ အစောင့်အကြပ် ထူထဲစွာချပြီးအလုပ်ကြီးဝင်းထဲက ရေကန်မှာ တခန်းချင်း ရေချိုးချပေးတယ်။ နောက်ပိုင်းမှာတော့ အစောင့်တွေမများတော့ဘဲ တပတ်တခါ အလုပ်ကြီးဝင်းထဲ အလုပ်သိမ်းချိန် လူမရှိချိန်မှာ ၃၂ ယောက်စလုံး တပြိုင်ထဲရေချိုးခွင့်ရတယ်။ ဒီထက် နောက်ပိုင်းမှာတော့ အပြာဝတ်တွေက ရေများများထမ်း ပေးလို့ ခွေးတိုက်မှာပဲ နေ့တိုင်းရေချိုးနိုင်ခဲ့တယ်။

စစ်ခွေးတိုက်ရောက်ပြီးတပတ်လောက်မှာ တယောက်ချင်းခေါ်ထုတ်ပြီးတိုက်ဘေးကွက်လပ်မှာ "ဓါတ်ပုံရိုက်တယ်။ နောက် ၂ရက် ၃ ရက်လောက်မှာ စစ်ခွေးရုံးမှာ စစ်ကြောရေးလုပ်တယ်။ စစ်တဲ့သူတွေက ထောင်မှာတွဲဖက်ထားတဲ့ စစ်ထောက်လှမ်းရေးက တပ်ကြပ်ကြီးအဆင့် ရှိ သိန်းမြိုင်နဲ့ ထောင်မှူးတွေ ထောင်ကြပ်တွေဖြစ်တယ်။ ဒီစစ်ကြောရေးမှာ ကျောင်းသား ၁ ယောက် ၂ ယောက် လောက်ပဲ နှိပ်စက်ညှဉ်းပန်း ခံရတယ်။ အများစုကတော့ နှိပ်စက်မခံရပါ။ ခေါင်းဆောင် ဘယ်သူလဲဆိုတာကို အဓိကမေးတယ်။ ကျောင်းသားအားလုံးက ခေါင်းဆောင် မရှိဘူး၊ အားလုံးတိုင်ပင်ဆွေးနွေးပြီးလုပ်တာလို့ တသံတည်းပြန်ဖြေလို့ စစ်ကြောရေးဟာ အဲဒီလောက်နဲ့ ပြီးသွားခဲ့ပါတယ်။

စစ်ခွေးတိုက်ရောက်ကျောင်းသားတွေဟာ ၃ လနီးပါး ထောင်ဝင်စာတွေ့ခွင့် ပိတ်ခံရပြီးပါဆယ်ထုပ်ပဲ လက်ခံရတယ်။ ဒီလိုအပြင်က မိဘဆွေမျိုးတွေနဲ့ အဆက်အသွယ် ပြတ်သွားတဲ့အပြင် စစ်ခွေးတိုက်ဟာ ထောင်ရဲ့တခြားအဆောင်တွေ၊ တိုက်တွေနဲ့ အဆက်ပြတ်ကင်းကွာ ပြီး၊ တသီးတခြား တည်ရှိနေတာဖြစ်လို့တကြောင်း၊ အရင်က အကျဉ်းသားတွေ တခါမှမထားဘူးတဲ့ စစ်ခွေးတိုက်အကြောင်း ဘယ်အကျဉ်း သားမှ မကြားဘူး မသိဘူးသေးတာတကြောင်း တို့ကြောင့် စစ်ခွေးတိုက်ရောက် ကျောင်းသားတွေဟာ ထောင်ထဲမှာ သတင်းပျောက်နေပြီးဖြေ ၂အမငုန မှာ ကျောင်းသားတချို့ သေတယ်ဆိုတဲ့သတင်းတွေ တအားပျံ့နှံ့သွားခဲ့တယ်။ ၃ ဆောင်မှာကျန်တဲ့ ကျောင်းသားတွေနဲ့ တိုက် တွေက ကျောင်းသားတွေကြားထဲ ဖြေ ၁၁ တိုက်ပွဲမှာ ကျောင်းသား ၄ ယောက်ကျတယ်လို့ သတင်းတွေဖြစ်နေပြီးကျဆုံးကျောင်းသားတွေကို ဂုဏ်ပြုသီချင်းစပ်ဖို့ အချက်အလက်တွေ စုဆောင်းပြင်ဆင်တာတောင် လုပ်ခဲ့ကြသေးတယ်။ အပြင်က မိဘဆွေမျိုးတွေကလဲ ဆွမ်းသွတ် ရမလား၊ မသွတ်ရဘူးလား ဝေခွဲမရနဲ့ သောကတွေပွါး အပူမီးတွေခံစားနေခဲ့ရတယ်။ ၃ လကြာလို့ ထောင်ဝင်စာ ပြန်တွေ့ခွင့်ရမှ သတင်းမှန် ကို ထောင်တွင်းထောင်ပြင်က သိသွားကြတယ်။ ထောင်ဝင်စာ ပြန်တွေ့ရတဲ့အခါ ဒီ ၃ လအတွင်း အပြင်ကအမေတွေ သိသိသာသာကြီး ပိန်ချုံးကျသွားတာ တွေ့လိုက်ရတယ်။

ဖြေ ၁၁ တိုက်ပွဲဖြစ်ပြီးနောက် စစ်ခွေးတိုက်ရောက်ကျောင်းသားတွေဟာ ထောင်ဆူပူမှုနဲ့ တရားရုံးတင်ပြီးထောင်ထပ်ချမှာကို မျှော် လင့်တွက်ဆထားခဲ့ကြတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ တရားရုံးတင် ထောင်ထပ်ချတာ မရှိခဲ့ပါဘူး။ မဆလ ခေတ်မှာ နိုင်ငံရေးအကျဉ်းသား တွေ ထောင်တွင်းဥပဒေ ချိုးဖေါက်လို့ဆိုပြီးရုံးတင် ထောင်ထပ်ချတာ အင်မတန်ရှားပါတယ်။ ထောင်ထဲမှာ နိုင်ငံရေးစာစောင်တွေ ရေးသား ထုတ်ဝေတာ တွေ့ပေမဲ့လဲ တခါမှ ရုံးတင်ထောင်ချတာမရှိပါ။ အလွန်ဆုံး ၆ တိုက်ပိတ် ရိုက်နှက်တာပဲ များပါတယ်။ သံနှုခကျင်းခတ်တာ၊ ဒေါက် ခတ်တာတွေလဲ အတော်နဲပါတယ်။ ထောင်ကျပြီးသား နိုင်ငံရေးအကျဉ်းသားကို နောက်အမှုအတွက် ရုံးထုတ်ရာမှာတော့ သံနှုခကျင်းခတ် တတ်ပါတယ်။ ထောင်ပြောင်းပစ်တာလဲ ရှားပါတယ်။

စစ်ခွေးတိုက်မှာရှိနေစဉ် ၇၅ ရွှေတိဂုံအရေးအခင်းက ကိုဗဟိန်းအောင် (စီးပွားရေးတက္ကသိုလ်၊ စာရေးဆရာ ဗန်းမော်တင်အောင် ၏ သား) က "ဒေါင်းတမာန်" သီချင်းကိုရေးစပ်ခဲ့တယ်။ "၂ငိမ်းချမ်းရေးတိုက်ပွဲ" စီးရီးခွေမှာ ကိုမွန်းအောင် ပြန်ဆိုထားတဲ့ သီချင်းဖြစ်ပါတယ်။ မူလ စပ်တုန်းက စာသား အတော်ရှည်ပါတယ်။ ကိုမွန်းအောင်က အဲဒီသီချင်းရဲ့သံပြိုင်အပိုဒ်ကိုသာ ပြန်ဆိုထားတာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံရေး မပါဘဲ အကျဉ်းသားတယောက်ရဲ့ အိမ်လွမ်းစိတ် အိပ်မက်နဲ့ လက်တွေ့ဘဝကို ယှဉ်ပြထားတဲ့ "မြေနီလမ်းကလေး" ဆိုတဲ့ ကော်ပီသီချင်း တပုဒ်လဲ စပ်ခဲ့သေးတယ်။

၁၉၇၆ ဖြေ ၁၁ ရက် ထောင်တွင်း အကြမ်းဖက်ခုခံရေးတိုက်ပွဲဟာ နိုင်ငံရေးအကျဉ်းသားတွေကြားမှာလဲ ဂယက်အမျိုးမျိုး ဖြစ်ပေါ်စေ ခဲ့တယ်။ "ဒါဟာ "နရှင်ပေါက်စပညာတတ်တွေရဲ့ ဆင်ကန်းတောတိုး မိုက်ရူးရဲလုပ်ရပ်" "ကျောင်းသားတွေရဲ့ ဒေါသပေါက်ကွဲမှု" လို့တံဆိပ် ကပ် ရှုတ်ချတာတွေရှိတယ်။ "ထောင်တွင်းတိုက်ပွဲမှာ အကြမ်းမဖက်သင့်၊ ၂ငိမ်းချမ်းတဲ့နည်းနဲ့သာ တိုက်ရမယ်၊ အကြမ်းဖက်တာဟာ ဒေါသ

ပေါက်ကွဲတာဖြစ်တယ်၊ ဒေါသပေါက်ကွဲတာဟာ မှန်ကန်တဲ့တိုက်ပွဲ မဖြစ်စေဘူး'' လို့–သဝါဒပေးသူတွေလဲရှိတယ်။ တချို့ကတော့ ''ခင်ဗျား တို့လုပ်တာ သိပ်မှန်တယ်၊ မာက်စ်ပြောတဲ့ (ဋ္ဌသူနည်းအ့ အမကျိုန) အကြမ်းဖက်တိုက်ပွဲ ဆိုတာ အဲဒါဘဲ'' လို့အားရပါးရ အားပေးကြတယ်။ ''အဖိနှိပ်ခံလူတန်းစားက ဖိနှိပ်သူလူတန်းစားကို တိုက်ဖို့ နောက်ဆုံးအားကိုးရာ နည်းလမ်းဖြစ်တဲ့ ဋ္ဌသူနညခန (အကြမ်းပတမ်းနည်း) ဆိုတာ အဲသလိုအရှုခအနေမျိုးပဲ''လို့သဘောတရားအရ သုံးသပ်နိဂုံးချုပ်ပြတယ်။ ''အကြမ်းဖက်ရေး မဖက်ရေးဆိုတဲ့ တိုက်ပွဲသဏ္ဍာန်ဟာ ရန်သူက သတ်မှတ်ပြဌာန်းတာ ဖြစ်တယ်။ အဖိနှိပ်ခံလူတန်းစားဘက်က ကိုယ့်စိတ်ကြိုက် ရွေးချယ်နိုင်တာ မဟုတ်ဘူး။ ဖိနှိပ်သူလူတန်းစား ပေးလာတဲ့ အခင်းအကျင်းအတိုင်း ကိုယ့်တိုက်ပွဲသဏ္ဍာန်က လိုက်နင်းရတာဖြစ်တယ်'' လို့ ဖြေတိုက်ပွဲ ထောက်ခံသူတွေက သင်ခန်းစာထုတ်ပြကြတယ်။

တချို့ကတော့ ''ထောင်ဆိုတာ စစ်မြေပြင်မဟုတ်ဘူး၊ နိုင်ငံရေးသင်တန်းကျောင်း သာဖြစ်တယ်။ သခင်သန်းထွန်းတို့၊ သခင်နုတို့ ဟာ ထောင်ကို နိုင်ငံရေးသင်တန်း ပေးစရာနေရာအဖြစ်ပဲ သဘောထား ကျင့်သုံးခဲ့ကြတယ်။ ဒါကြောင့် ထောင်တွင်းတိုက်ပွဲတွေ၊ အထူးသဖြင့် အကြမ်းဖက်တိုက်ပွဲတွေ မလုပ်သင့်ဘူး'' လို့လှည့်ပြောကြတယ်။ တဘက်က ချေပသူတွေကလဲ ''ထောင်ဟာ နိုင်ငံရေးသင်တန်းကျောင်း ဆိုတာမှန်တယ်။ ဒါပေမဲ့ ခေတ်မီသင်တန်းကျောင်းဆိုတာ သဘောတရားသက်သက် သင်တာမဟုတ်ဘူး။ နိုင်ငံရေးသဘောတရားနဲ့ လက် တွေ့တိုက်ပွဲ ပေါင်းစပ်ပြီးသင်မှ တကယ့်သင်တန်းကျောင်းစစ်စစ်ဖြစ်မှာ'' လို့ပြန်ချေပကြတယ်။ တချို့က ''႑ နဲ့ ဗ မှာ ဗ က အဓိက ဖြစ်တယ်။ ဒါကြောင့် ထောင်ထဲမှာ႑ (ဌေူ အမငုန) ထောင်တွင်းတိုက်ပွဲ လုပ်ပြီးကိုယ့်အင်အား အလကားထိခိုက် ပြုန်းတီးမခံသင့်ဘူး။ ထောင်ကလွတ်တော့မှ ဗ (ဗမာနို အမကျိုန) လက်နက်ကိုင်တော်လှန်ရေး လုပ်ဖို့ အဓိကရည်ရွယ်ချက် ထားပြီးထောင်ထဲနေသွားရ မယ်'' လို့ဆင်ခြေပေးသူတွေလဲရှိတယ်။ ''ဗ အတွက်လိုအပ်တဲ့ စည်းရုံးပြင်ဆင်မှုအတွေ့အကြုံ၊ စိတ်ဓာတ်လေ့ကျင့်ရေး အတွေ့အကြုံ နဲ့ တိုက်ပွဲအတွေ့အကြုံ တွေကို ႑ တွေထဲမှာ စုဆောင်းလေ့ကျင့်သွားရမယ်'' လို့ထောက်ခံသူတွေက ပြန်လှန်ချေပကြတယ်။႑ မလုပ်ဘဲ ဗ အတွက်အဓိကရည်ရွယ်ပြီးကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းမွေးမြူရမယ်လို့ ပြောသူတွေဟာ ထောင်ထဲနေစဉ်ကာလ တလျှောက်လုံး ထောင် တွင်းတိုက်ပွဲတွေ တခုမှ မပါဝင်ခဲ့ဘဲ ကိုယ့်တဦးချင်းအနေချောင်ရေး၊ လျှော့ရက်များများရရေးကိုသာ လုံးပန်းခဲ့ကြသလို ထောင်ပြင်ရောက် တော့လဲ ဘယ် ဗ မှသွားတာမတွေ့ရပါဘူး။ဒြို သို့မဟုတ် တူခြားနိုင်ငံရေးပါတီတွေထဲဝင်ပြီးမြို့ပေါ်ဥပဒေတွင်းလှုပ်ရှားမှုထဲ ပါတာ တောင် မတွေ့ရပါဘူး။ ကိုယ်ကျိုးမစွန့်ရဲ၊ ရန်သူကိုအကြောက်ကြီးလို့ ဖတ်ဖူးမှတ်ဖူးသမျှကို အသုံးချဆင်ခြေပေးတာ သက်သက်ဖြစ်ပါတယ်။

ကျောင်းသားတွေကတော့ မာက်စ် ရဲ့ အကြမ်းဖက်တော်လှန်ရေး သဘောတရားကိုလဲ မဖတ်ဖူးပါဘူး။ အ''မ္မအင်အား သီအိုရီ လို့ခေါ်တဲ့ ဧသမခန ဤနသမပ ကိုလဲမကြားဖူးပါဘူး။႑႑ ဗ ပြဿနာတွေလဲ မသိပါဘူး။ သူတို့သိတာကတော့ စစ်အာဏာရှင်တွေကို ဘယ်နေရာရောက်ရောက် ႑းမထောက်ဘူးဆိုတာပဲ ဖြစ်ပါတယ်။

တခုထူးခြားတာက ဖြေ ၁၁ နဲ့ပတ်သက်ပြီးဆန့်ကျင်ဘက်လေသံတွေဟာ ကျောင်းသားမဟုတ်တဲ့ နိုင်ငံရေးအကျဉ်းသား အဝန်း အဝိုင်းက ထွက်ပေါ်လာတာများပြီးကျောင်းသားတွေ အားလုံးလိုလိုကတော့ ဖြေ တိုက်ပွဲကို ထောက်ခံကြ ဂုဏ်ယူအားကျကြပါတယ်။ ကျောင်းသားမဟုတ်တဲ့ နိုင်ငံရေးအကျဉ်းသား အဝန်းအဝိုင်းထဲမှာလဲ ဖြေတိုက်ပွဲကို ထောက်ခံကြသူတွေက များပါတယ်။ ကျောင်းသားအား လုံးလိုလိုက ထောက်ခံကြတယ်ဆိုပေမဲ့ ကျောင်းသားတွေထဲမှာလဲ အပျော့အမာ ဒီဂရီကွဲပြားမှုကြီးကြီးမားမားရှိတာ၊ အမျိုးမျိုးရှိတာတွေ ကို နောက်ပိုင်းမှာ တွေ့လာရပါတယ်။

ဖြေ ၁၁ တိုက်ပွဲဆန့်ကျင်သူတွေဟာ တိုက်ပွဲထဲကာယကံမြောက် ပါဝင်ဆင်နွှဲခဲ့တဲ့ ကျောင်းသားတွေ ရှေ့မှာတော့ တိုက်ပွဲမှား ကြောင်း တခါမှ တော့တော့ဆိုင်ဆိုင် မပြောရကြဘဲ ဘေးမှာသာ ဆရာကြီးလုပ်ပြီးဒီခလေးတွေကို ပညာပေးရအုံးမယ်၊ တည်ဆောက်ပေးရ အုံးမယ် စသဖြင့် နိုင်ငံရေးအကျဉ်းသား အများစု အထင်ကြီး ထောက်ခံမှုရအောင် ကြိုးစားနေတာဖြစ်တယ်။ ဒါပေမဲ့ ကျောင်းသားထု အပါအ ဝင် နိုင်ငံရေးအကျဉ်းသားထုနဲ့ ကင်းကွာသွားပြီးတချို့ဟာဆို နောက်ပိုင်းမှာ ထောင်အာဏာပိုင်တွေရဲ့ အင်ဖော်မာ သတင်းပေးအဆင့်အထိ လျှောကျသွားခဲ့တယ်။

စစ်ခွေးတိုက်မှာ ၅ လလောက်ကြာတော့ ကျောင်းသားတဝက်လောက်ကို ၃ ဆောင်ပြန်ပို့လိုက်တယ်။ ကျန်ကျောင်းသားတွေကို တော့ ၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ကျမှ ၄ တိုက်နဲ့ ၅ တိုက်ကို ခွ[redacted]ပို့လိုက်ပြီးစစ်ခွေးတိုက်ဟာ စစ်ခွေးတွေ သားဖေါက်ထိန်းသိမ်းရာ နေရာ ပြန်ဖြစ်သွားတယ်။

၁၉၇၆ ခုနှစ် –သဂုတ် ၁၀ နဲ့ ၁၁ ရက်တို့မှာ မှိုင်းရာပြည့် ကျောင်းသားတွေကို စစ်ခုံရုံးထုတ်၊ အကျဉ်းနည်းနဲ့စစ်ပြီးထောင်ဒဏ်တွေ စီရင်ခဲ့တယ်။ ကျောင်းသား ၁၃၀ ကျော် ၅ နှစ်မှ ၁၅ နှစ်အထိ ထောင်ဒဏ်တွေကျခံရပြီးရန်ကုန်ဝိဇ္ဇာသိပ' ကျောင်းသား ကိုတင်မောင်ဦး ဟာ ၁၉၇၆ ခု ဇွန်လထဲမှာ ကြိုးပေးသတ်ခံခဲ့ရတယ်။ ကျောင်းသားတွေဟာ စီရင်ချက်ချအပြီးစစ်ခုံရုံးကနေ အင်းစိန်ထောင်ပြန်အပို့ အချုပ်ကား ပေါ်မှာ ကျောင်းသားသမဂ္ဂသီချင်း၊ အင်တာနေရှင်နယ်သီချင်းတွေ သံပြိုင်ဆိုပြီးပြန်လို့ ထောင်ထဲပြန်ရောက်တဲ့အခါ တချို့ တခါတည်း ဖ တိုက် တန်းပိတ်ခံရတယ်။ ဖ တိုက်ပိတ်ခံရတဲ့အထဲမှာ ကိုတင်အေးကြူ ခေါ် မောင်မှိုင်းလွင် (အင်း၀) (စက်မှုတက္ကသိုလ်၊ တံတားဦး၊ ယခု အမျိုးသားနိုင်ငံရေး တပ်ပေါင်းစု (နဝတထောင်ထဲကျနေဆဲ)၊ ကိုဝင်းမြင့် (စက်မှုတက္ကသိုလ်၊ ယခု တေးရေး ဝင်းမင်းထွေး)၊ ကိုသန်းလင်း (စက်မှုတက္ကသိုလ်) တို့ပါဝင်ကြတယ်။

၁၉၇၆ ခု နှစ်လယ်လောက်မှာဘဲ ၇၄ မေဇွန် အရေးအခင်း အလုပ်သမားတွေကို အရပ်ဖက်တရားရုံးတင် အမှုစစ်တာပြီးသွားလို့ ထောင်ချလိုက်တယ်။ ထောင်ချပြီးနောက် အလုပ်ကြမ်းလုပ်ခိုင်းရာမှာ အလုပ်သမားတွေက နိုင်ငံရေးအကျဉ်းသားတွေဖြစ်တဲ့အတွက် အလုပ် ကြမ်းမလုပ်နိုင်ဘူးလို့ငြင်းဆန်တာကြောင့် အာဏာဖီဆန်သူအားလုံးကို ဖ တိုက်ပိတ်လိုက်တယ်။ တိုက်ထဲမှာ ဂန်ဖလား မပေးဘဲထားလို့ အခင်းကြီး အခင်းလေးကို တိုက်ကြမ်းခင်း သမံသလင်းပေါ်မှာပဲ စွန့်ရတယ်။ ရက်ကြာလာတဲ့အခါ အခန်းထဲ တအားနံစော်လာပြီးလောက် တွေကလဲ တခန်းလုံး ဖွေးဖွေးလှုပ် တရွရွသွားနေတယ်။ ဒါကြောင့် ညအိပ်ရင် တယောက်တလှည့် ကင်းစောင့်ပြီးအိပ်နေသူတွေပေါ် လောက်တွေ တက်မလာအောင် တားပေးရတယ်။ တချို့အလုပ်သမားတွေလဲ မခံနိုင်တော့ဘဲ အလုပ်လုပ်မယ်လို့ အာဏာပိုင်တွေကိုပြောပြီးတိုက်ထဲက ပြန်ထွက်သွားတယ်။ ဦးလှသိန်း (သမိုင်းချည်စက်)၊ ဦးတင်ဌွေ (သမိုင်းချည်စက်)၊ ကိုဝင်းထိန် (ဆင်မလိုက်သင်္ဘောကျင်း၊ ယခု ရွှေလီ)၊ ကိုကျော်စိန် (သမိုင်းချည်စက်) အပါအဝင် အလုပ်သမားတချို့ပဲ ကြံ့ကြံ့ခံကျန်နေတာ တလလောက်ကြာမှ ထောင်အာဏာပိုင်တွေ ဘက်က အလျှော့ပေးပြီးတချို့ ၃ ဆောင်၊ တချို့ ၄ တိုက် ပို့လိုက်တယ်။ သူတို့ဟာ ဖ တိုက်ကထွက်လာပြီးရေကောင်းကောင်းချိုးရ၊ ဆပ်ပြာ
ကောင်းကောင်းတိုက်ရ တာတောင် ၁၅ ရက် ရက် ၂၀ လောက်အထိ သူတို့ခန္ဓာကိုယ်တွေမှာ အနံ့တွေစွဲနေတယ်။ ဒါ့အပြင် လောက်ကိုက် ထားတဲ့ အနာတွေကလဲ ပွနေတယ်။ အဲဒီအတည်းကစပြီးနိုင်ငံရေးအကျဉ်းသားတွေကြားမှာ ''ချီးတိုက်'' ပိတ်တယ်ဆိုတဲ့ ဝေါဟာရသစ် ပေါ် လာတယ်။ ယခင်ရှိရင်းစွဲ တိုက်ကြီး (ဖ) တိုက်၊ တိုက်သစ်နဲ့ စစ်ခွေးတိုက်တွေအပြင် ''ချီးတိုက်'' ဆိုတဲ့ တိုက်အမျိုးအစားတခု ထပ်တိုးလာ ပါတယ်။

ဖြေ ၁၁ ရက်ညက ထောင်ပိုင်ကြီးအဆင့်ရှိ မက္ကနား ပြောသွားခဲ့တဲ့အတိုင်း ၁၉၇၆ ခုနှစ်ထဲ တူခြားထောင်တွေမှာ ထောင်ဆူမှု၊

ထောင်ထမှုအဆင့်ရောက်တဲ့ ထောင်တွင်းတိုက်ပွဲတွေ ဖြစ်ခဲ့ပါတယ်။ မန္တလေးထောင်၊ ပဲခူးထောင်၊ မော်လမြိုင်ထောင်တို့မှာ ထောင်ဆူမှုတွေ ဖြစ်ခဲ့တယ်လို့ သတင်းကြားရပေမဲ့ အတည်ပြုသတင်းတော့ မရခဲ့ပါ။ အတည်ပြုသတင်းရတဲ့ ထောင်ထမှုတွေကတော့ သာယာဝတီထောင် နဲ့ သရက်ထောင်တွေမှာ ဖြစ်ခဲ့ပါတယ်။ သာယာဝတီထောင်ထမှုမှာ နိုင်ငံရေးအကျဉ်းသားတွေနဲ့ ရာဇဝတ်အကျဉ်းသားတွေ လက်တွဲတိုက်ကြ တာ ထောင်အာဏာပိုင်တွေက ရန်ကုန်ကထောင်ဝါဒါ အင်အားဖြည့် စစ်ကူခေါ်ပြီးရက်ရက်စက်စက် အကြမ်းဖက်ဖြိုခွဲလို့ အကျဉ်းသား အမြောက်အမြား 'ဏ်ရာအပြင်းအထန် ရခဲ့ကြပါတယ်။ ထောင်ထမှုကို ခေါင်းဆောင်တဲ့ နိုင်ငံရေးသမားဟောင်း ရာဇဝတ်အကျဉ်းသား ၂ ယောက်ကိုတော့ ဝါဒါတွေက ရိုက်သတ်လိုက်တယ်။ ဝါဒါတွေထိခိုက်မှုမရှိခဲ့ပါ။

သရက်ထောင်ထမှုကတော့အဲဒီကာလ ထောင်တွင်းတိုက်ပွဲတွေထဲမှာ အောင်မြင်မှုအရှိဆုံးအဖြစ် သရဖူဆောင်းခဲ့တယ်။ မကွေးမြို့ မှာ ၁၉၇၅ ခု ဂျွန်လ အလုပ်သမားအရေးအခင်း နှစ်ပတ်လည် ကျောင်းသားသပိတ်မှောက်မှုကြောင့် သရက်ထောင်မှာ ထောင်ကျနေတဲ့ မကွေး ကောလိပ်ကျောင်းသားတွေ ခေါင်းဆောင်ပြီးတူခြားနိုင်ငံရေးအကျဉ်းသားတွေနဲ့ ရာဇဝတ်အကျဉ်းသားတွေကိုပါ စည်းရုံး တထောင်လုံးကို သိမ်းပိုက်နိုင်ခဲ့တယ်။ ထောင်ဝါဒါတွေနဲ့ ထောင်မှူးတချို့ကို "ါးစာခံတွေအဖြစ် ဖမ်းဆီးထားနိုင်ခဲ့တယ်။ ဒါကြောင့် ထောင်အာဏာပိုင်တွေဟာ မတတ်သာဘဲ အကျဉ်းသားတွေရဲ့ တောင်းဆိုချက်အားလုံးလိုလိုကို လိုက်လျော အလျှော့ပေးခဲ့ရတယ်။ ဒီလိုနဲ့ ထောင်ထမှုဟာ သွေးထွက် သံယိုမဖြစ်လိုက်ဘဲ အောင်မြင်ထမြောက်သွားခဲ့တယ်။ ထုံးစံအတိုင်း သရက်ထောင်တိုက်ပွဲဖြစ်ပြီး ၂ လလောက် အကြာမှာတော့ ခေါင်း ဆောင်ခဲ့တဲ့ ကိုတင်ဦး၊ ကိုစောလှချို အပါအဝင် မကွေးကောလိပ် ကျောင်းသား ၄ ဦး၊ ရာဇဝတ်အကျဉ်းသားတဦးတို့ကို မလိမ့်တပတ်နဲ့ ခေါ်ထုတ်၊ အင်းစိန်ထောင်ကိုပြောင်း ၄ တိုက်မှာ တိုက်ပိတ်လိုက်ပြီးတရားရုံးတင် ထောင်ထပ်ချတယ်။ မဆလ စစ်အစိုးရလက်ထက်မှာ ထောင်ကျပြီးသား နိုင်ငံရေးအကျဉ်းသားတွေ ထောင်ထပ်ချ နှစ်တိုးခံရတာနဲ့ ထောင်ပြောင်းခံရတာ ဒီတခါဘဲရှိတယ်လို့ ထင်ပါတယ်။

၁၉၇၆ ခု နှစ်ကုန်ပိုင်းမှာ စစ်ခုံရုံးနဲ့ထောင်ချထားတဲ့ ကျောင်းသားတွေအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို ချမှတ်ထားတဲ့ ပြစ် 'ဏ်အပေါ် "ပြင်ဆင်ချက်" တင်ဖို့ကိစ္စပေါ်လာတယ်။ စစ်ခုံရုံးတွေဟာ ရိုးရိုးအရပ်ဖက်တရားရုံးတွေလို အယူခံခွင့်မရှိဘဲ ပြင်ဆင်ချက် ဆိုတာပဲ တင်ခွင့်ရှိတယ်။ စစ်ခုံရုံးက စီရင်ချက်ချပြီးစမှာတခါ ပြင်ဆင်ချက်တင်ခိုင်းခဲ့ပြီးအခု 'ုတိယအကြိမ် ထပ်တင်ခိုင်းတာဖြစ်တယ်။ အဲဒီအခါ ကျောင်းသားတွေကြားထဲ ပြင်ဆင်ချက် တင်သင့် မတင်သင့် အငြင်းအခုံတွေ ပေါ်လာတယ်။ တချို့က "ပြင်ဆင်ချက်" ဆိုတာ အယူခံကိုပဲ နောက်ထပ်နာမည်တမျိုးနဲ့ ခေါ်တာဖြစ်တယ်။ စစ်အာဏာရှင်တွေဆီ ဘယ်တော့မှ အယူခံမတင်သင့်၊ အသနားမခံသင့်ဘူးလို့ ခံယူကြတယ်။ တချို့ကတော့ ပြင်ဆင်ချက်ဆိုတာ အယူခံတို့ အသနားခံလွှာတို့နဲ့ ဥပဒေကြောင်းအရ မတူဘူး။ ဒါကြောင့် ဥပဒေအရနဲ့ နိုင်ငံရေးအရ အပြစ်မရှိကြောင်း၊ မိမိတို့လုပ်ရပ် မှန်ကြောင်း ရှင်းလင်းချေပတာဖြစ်လို့ တင်သင့်တယ်လို့ ယူဆကြတယ်။ ဒီလိုနဲ့ ကျောင်းသား အများ အပြားအပါအဝင် နိုင်ငံရေးအကျဉ်းသား အတော်များများဟာ ပြင်ဆင်ချက်တင်ဘို့ ငြင်းဆန်ကြတယ်။ ဒီအခါမှာ အာဏာပိုင်တွေက ပြင်ဆင် ချက်မတင်သူအချို့ကို ၆ တိုက်ပိတ်လိုက်တယ်။ တပတ်ကျော်လောက် ၆ တိုက် ပိတပြီးနောက် ၄ တိုက် ၅ တိုက်မှာ ဆက်ပိတ်ထားတယ်။ ကျောင်းသားအချင်းချင်းကြားမှာတော့ ပြင်ဆင်ချက် တင်ရေး မတင်ရေးကိစ္စကြောင့်စိတ်ဝမ်းကွဲတာ၊ တင်းမာတာမရှိဘဲ တဦးချင်း လွတ်လပ်မှုလို့ ခံယူထားကြတယ်။ ပြင်ဆင်ချက်တင်တဲ့ ကျောင်းသားတွေရော မတင်တဲ့ကျောင်းသားတွေပါ ထောင်တွင်းတိုက်ပွဲတွေမှာ တလျှောက်လုံး တက်တက်ကြွကြွ လက်တွဲပါဝင်ကြတာပဲဖြစ်တယ်။ ကျောင်းသားတော်တော်များများ ပြင်ဆင်ချက်မတင်ပေမဲ့ ဒီပြင်ဆင်ချက်ဆိုတာကို အကျဉ်း သားကိုယ်တိုင် တိုက်ရိုက်မတင်ဘဲ အပြင်ကမိဘသားချင်းတွေ တင်လဲရတယ်ဆိုလို့ မတင်တဲ့ကျောင်းသားတွေရဲ့ မိဘသားချင်းတွေ အပြင်က နေ တင်ကြတာလဲရှိတယ်။ တချို့မိဘတွေလဲ တင်လို့ရမှန်း မသိနားမလည်လို့၊ ဒါမှမဟုတ် မဆက်စပ်တတ်လို့၊ ဒါမှမဟုတ် တင်ကို မတင်ချင် လို့ မတင်တာလဲရှိတယ်။ ၁၉၇၈ ခုထဲ ကျောင်းသားတချို့ကို စစ်အစိုးရက ပြန်လွှတ်ပေးရာမှာ ပြင်ဆင်ချက်တင်တာ၊ မတင်တာတွေနဲ့ မဆိုင် ဘဲ သူတို့လွှတ်ချင်သလို လွှတ်တာတွေ့ရတယ်။ ကိုယ်တိုင်ရော မိဘတွေပါ ပြင်ဆင်ချက်လုံးဝမတင်တဲ့ ကျောင်းသားတွေက ပြင်ဆင်ချက် တင် တဲ့ ကျောင်းသားတွေနဲ့အတူ စောစောစီးစီး လွှတ်လာတာရှိသလို ပြင်ဆင်ချက်တင်ပေမဲ့ မလွှတ်ဘဲ နှစ်အပြည့်နေရတဲ့ ကျောင်းသားတွေလဲ အများအပြား ဖြစ်တယ်။ ပြင်ဆင်ချက်တင်ဖို့ ဖိအားပေးချိမ်းခြောက်တာတွေဟာ ဘာမှ အဓိပ္ပါယ် မရှိတဲ့ ရူးတူးမူးတူးလုပ်ရပ် ဖြစ်သလို ပြင်ဆင်ချက်ဆိုတာကြီးကလဲ စစ်ခုံရုံးတွေရဲ့ အခန်းကဏ္ဍနဲ့အလားတူ ရူးကြောင်ကြောင် လဘော် (သရေ) အလုပ်ဆိုတာ ထင်ရှားသွားပါ တယ်။

## ၆။ ဖြစ်ရပ် ၇၇

၁၉၇၆ ခု ပြေတိုက်ပွဲတွေရဲ့ အောင်သီးအောင်နှံတွေကို ၁၉၇၇ ခု –သဂုတ် လဆန်းလောက်အထိသာ ခံစားခဲ့ရတယ်။ ဒီကာလ အတွင်း ဦးသန့်၊ ရွှေတိဂုံနဲ့ မှိုင်းရာပြည့် အရေးအခင်း ၃ ခုက ကျောင်းသားတွေဟာ တိုက်ပွဲငယ်တွေ၊ အာဏာဖီဆန်မှုလေးတွေ၊ ချိုးဖောက်မှုလေးတွေ ဆင်နွှဲပြီးအခွင့်အရေးတွေ တစတစ တိုးချဲ့တဲ့နည်းကို ကျင့်သုံးရပ်တည်ခဲ့ကြတယ်။

၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလ 'ုတိယပတ်ထဲ ၃ ဆောင်မှာ အစာငတ်ခံဆန္ဒပြမှုတခု ဖြစ်ပေါ်ခဲ့တယ်။ အကြောင်းကတော့ ထောင်ဆေး ရုံတက်နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေဟာ သူတို့ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ အပြည့်အဝ မရရှိကြဘဲ ဆရာဝန်ပေးတဲ့ ဆေးနဲ့ အစား အစာ (ဆေးရုံစား) တွေကို အကျဉ်းသားအရာရှိဆိုသူတွေက ဖြတ်စားလတ်စား လုပ်ကြတယ်။ ဒါကို နိုင်ငံရေးအကျဉ်းသားတွေက အာဏာပိုင် တွေထံ တင်ပြတောင်းဆိုရာမှာ အခြေအတင်စကားများကြပြီးထောင်မှာတွဲဖက်ထားတဲ့ စစ်ထောက်လှမ်းရေး တပ်ကြပ်ကြီးအဆင့်ရှိ လှရွှေ (ဝဝဖိုင့်ဖိုင့်ပုပု)က နိုင်ငံရေးအကျဉ်းသားတွေကို သူစီးထားတဲ့ ရော်ဘာကွင်းထိုးဖိနပ်နဲ့ ပါးတွေနားတွေ ရိုက်တယ်။ ဒီနောက်မှာ ဆေးရုံတက် နေတဲ့ နိုင်ငံရေးအကျဉ်းသားလူနာတွေကို ၆ တိုက်ပို့လိုက်တယ်။

၃ ဆောင်က မှိုင်းရာပြည့်ကျောင်းသား ကိုတင်လှ (စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာ) ဟာ ပန်းနာရင်ကြပ်ရောဂါကြောင့် ထောင်ဆေး ရုံတက်နေရတယ်။ ဆေးရုံမှာ အခင်းဖြစ်ပွားပြီးတဲ့နောက် စစ်ထောက်လှမ်းရေး လှရွှေ က ကိုတင်လှရဲ့မိဘများနဲ့ မကင်းရာမကင်းကြောင်းဖြစ် လို့ ဆေးရုံကအကြောင်းတွေ ဘယ်သူ့မှပြန်မပြောရဘူး ဆိုတဲ့ဝန်ခံချက်နဲ့ ၃ ဆောင်ကို ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ ပြန်ပို့လိုက်တယ်။ ကိုတင်လှဟာ ၃ ဆောင်အပေါ်ထပ် အခန်း ၂ (က) ကိုပြန်ရောက်လာတဲ့အခါ စစ်ထောက်လှမ်းရေးက ဖိအားပေးပေမဲ့ ကိုတင်လှက အခန်း ဖေါ်တွေကို

ဆေးရုံကအဖြစ်အပျက်အားလုံး ပြောပြတယ်။ နောက် နီးစပ်ရာအခန်းတွေကတဆင့် တဆောင်လုံးကို သတင်းပြန့်သွားတယ်။ နောက်တနေ့မနက် ရေချိုးအချမှာ ၃ ဆောင်မှာရှိတဲ့ နိုင်ငံရေးအကျဉ်းသား (ကျောင်းသား၊ အလုပ်သမားနဲ့ အုခား)တွေဟာ လျှို့ဝှက်ညှိနှိုင်း တိုင်ပင်ပြီးတခြားဖိနှိပ်ခံရတာတွေကလဲ များနေပြီဖြစ်လို့ တိုက်ပွဲတိုက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက် (အဲဒီနေ့ ဟာ အပြင်မှာ မဆလပါတီရဲ့ တတိယအကြိမ် ပါတီညီလာခံ စတင်ကျင်းပတဲ့နေ့ ဖြစ်တယ်။ မဆလ အတွင်းရေးမှူးအဖွဲ့ ထွန်းလင်း၊ သန်းစိန်၊ တင်ဝင်းညို၊ ကျော်ဇောတို့နဲ့ နေဝင်းအုပ်စုတို့ အာဏာပြိုင်ပွဲကာလ ဖြစ်တယ်) မှာတိုက်ပွဲစဝင်တယ်။

တောင်းဆိုချက်တွေက ဖ တိုက်ပိတ်ခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားလူနာတွေ မူလဆေးရုံပြန်ပို့ရေး၊ ဖိနပ်နဲ့ပါးရိုက်ခံရသူကို အာဏာပိုင်တွေက တောင်းပန်ရေး၊ နိုင်ငံရေးအကျဉ်းသားတွေကိုယ်တိုင် မိလ္လာချရတဲ့စနစ် ဖျက်သိမ်းရေး၊ ကျန်းမာရေးနဲ့ ဆေးရုံတက်အခွင့်အရေး အပြည့်အဝ ပြန်ရရေး၊ စာအုပ်စာတမ်း သွင်းခွင့်ရရေးစတဲ့ တောင်းဆိုချက်တွေအတွက် ကျောင်းသား ဖ၀ ခန့် အစာငတ်ခံတိုက်ပွဲ ဆင်နွှဲကြ တယ်။

တိုက်ပွဲစတဲ့နေ့ (၁၃□၂□၇၇) မှာ တချို့က ထောင်ဝင်စာတွေ့ရတဲ့နေ့ဖြစ်တယ်။ မနက်စာစားပြီးတဲ့ အချိန်ကစပြီးထောင်ဝင်စာ တွေ့ဖို့ ဆိုတဲ့အကြောင်းပြချက်နဲ့ အမည်ခေါ် ပြီးအာဏာပိုင်တွေက ခေါ်ထုတ်သွားတယ်။ ဒီနေရာမှာ တိုက်ပွဲစည်းကမ်းအရ ထောင်ဝင်စာ ထွက်မတွေ့ရေး၊ မတွေ့နိုင်ကြောင်း လက်မှတ်မထိုးရေး စတာတွေပါတယ်။ ဒါပေမဲ့ တကယ်တမ်း ထောင်ဝင်စာတွေ့ရမယ်ဆိုတော့ စည်းကမ်း အရ မတွေ့ဖို့ တားပေမဲ့ မူလကတိုက်ပွဲပါ ထိုသဘောတူထားသူများဟာ အကြောင်းအမျိုးမျိုးပြပြီး၊ ရောက်ရာအရပ်မှာ ဆက်တိုက်ပါမယ် ဆိုတဲ့ ဂတိတွေနဲ့ အာဏာပိုင်တွေခေါ်တဲ့နောက် လိုက်သွားကြတယ်။ သူတို့ဟာ အဆောင်ပြန်ရောက် မလာကြတော့ပါ။ နောက်ပိုင်းမှာ မူလ က စာရင်းပေးထားတဲ့ အကျဉ်းသား ၂၀၀ ကျော်ရှိတဲ့အနက် ၅၀ ကျော်လောက်ပဲ အစာငတ်ခံဆန္ဒပြဖို့ ကျန်ခဲ့တော့တယ်။

ညနေအိပ်ဆောင်ပိတ်ချိန် ၅း၃၀ ခန့်မှာ ၃ ဆောင်နဲ့ စစ်ကြောရေးဝင်းကြားက မိန်းလမ်းမကြီးမှာ ၅၅ ရိမ်းဂျားကား ၂ စီးနဲ့ စစ်ယူနီဖေါင်းဝတ် စစ်သားတွေ အပြည့်ရှိနေတယ်။ အဲဒီနေ့ညနေကစပြီးကျောင်းသားတွေဟာ ၃ သုတ်ခွဲပြီးအစာငတ်ခံဆန္ဒပြဖို့ စီစဉ်ကြ တယ်။ ပထမအသုတ် ဝင်ပြီး၂ ရက်အကြာမှာ ဒုတိယအသုတ်ဝင်ပြီးနောက် ၂ ရက်အကြာမှာ တတိယအသုတ်ဝင်ဖို့ စီစဉ်ခဲ့တယ်။ ညနေ အမှောင်ဝင်လာတဲ့အခါ အစာငတ် ခံ ဆန္ဒပြတဲ့သူတွေကို အဆောင်ကခေါ်ထုတ်သွားတယ်။ အဆောင်အပေါက်က ထွက်တာနဲ့တပြိုင်နက် တယောက်ချင်းကို စောင်နဲ့အုပ်လိုက်တယ်။ ပြီးတော့ ထောင်ဝါဒါ ၂ ယောက်က ဝဲယာညှပ်ပြီးခေါ်သွားတယ်။ ဒီနောက် အားလုံးကို ဖ တိုက်ပိတ်လိုက်တယ်။ တခန်းကို ၉ ယောက် ၁၀ ယောက်လောက် စုပိတ်ထားတယ်။

ည ၉း၀၀ လောက်မှာတော့ ဖ တိုက်ရှေ့မှာ ထောင်ဝါဒါတွေ၊ စကားပြောသံ၊ အရက်သောက်စားနေသံတွေ ကြားနေရတယ်။ ဖ တိုက်ရောက် ကျောင်းသားတွေကတော့ တခန်းထဲ ၁၀ ယောက်လောက် ကြပ်ကြပ်သပ်သပ်နေရလဲ စိတ်မပျက်ကြဘူး။ တိုက်ပွဲဝင်စိတ်ဓာတ်နဲ့ ကဗျာတွေရွတ်၊ တော်လှန်ရေးသီချင်းတွေဆိုပြီးနေကြတယ်။ မကြာခင်မှာပဲ အမည်လိုက်ခေါ်ထုတ်ပြီးကျောင်းသားတွေကို လူစုခွဲလိုက်တယ်။ တချို့ကိုစစ်ခွေးတိုက်၊ တချို့ကို ထောင်ဆေးရုံဝင်းထဲရှိတဲ့ လက်ပါးတိုက် ခေါ် အနူတိုက် ကိုပို့တယ်။ အားလုံးကို ရေဖြတ်ပစ်လိုက်တယ်။ လက်ပါးတိုက် ဆိုတာ ပုပ်ဟောင်နံစော်ပြီးအရိအရွဲတွေ ပေကျံနေတဲ့အပေါ် ထုံးမှုန့်တွေ ဟိုနည်းနည်း ဒီနည်းနည်း ဖြူးထားတယ်။ လက်ပါး တိုက် မှာမထားဖို့ ကျောင်းသားတွေတောင်းဆိုတာကို ထောင်အာဏာပိုင်တွေက လျစ်လျူရှုလို့ ကျောင်းသားတွေက ကြွေးကြော်သံတွေ အော်ကြတယ်။ ဒီအခါ ကြွေးကြော်သံတွေကို အခြားအကျဉ်းသားတွေ မကြားအောင် ထောင်ပူးဝပေါ်က လော်စပီကာနဲ့ ထောင်ဘက် လှည့်ပြီးသီချင်းတွေအကျယ်ကြီးဖွင့်တယ်။ ကျောင်းသားတွေက ကြွေးကြော်သံတွေတလှည့် တိုက်ပွဲဝင်သီချင်းတွေတလှည့် တောက်လျှောက် ကြွေးကြော်လိုက်၊ အော်ဆိုလိုက်လုပ်နေတော့ ညနေပိုင်းမှာ လက်ပါးတိုက်ရောက် ကျောင်းသားအားလုံးကို ၄ တိုက်နဲ့ ၅ တိုက် ပို့လိုက် တယ်။ စစ်ခွေးတိုက်ပို့တဲ့ ကျောင်းသားတွေကို တိုက်ထဲမပို့ခင် တိုက်ရှေ့အုတ်ရိုးတန်းကို မျက်နှာမူ ကိုယ်လုံးတည်းချွတ်ပြီးတလာစီတယ်။ ဆံပင်တွေကို ကပ်ကျေးနဲ့ကိုက်ဖြတ်ပစ်လိုက်တယ်။

အစာငတ်ခံ ဆန္ဒပြနေတဲ့ကာလအတွင်း ထောင်အမှုထမ်းတွေက ထမင်းပြန်စားဖို့ အမျိုးမျိုးလာချော့တယ်။ ခါတိုင်းကျွေးနေကျ ထက် ကောင်းတဲ့ဟင်းတွေနဲ့ လာကျွေးတယ်။ ဒါပေမဲ့ ရေတော့ လုံးဝမတိုက်ဘူး။ အစာငတ်ခံဆန္ဒပြလို့ ဖ ရက်ပြည့်တဲ့နေ့မှာ ထောင်မှူး ကြီးအဆင့်ရှိ မောင်ကြည်၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးအဆင့်ရှိ တင်အုံး၊ စစ်ထောက်လှမ်းရေးက တွဲဖက်ထားတဲ့ တပ်ကြပ်ကြီး အဆင့် ရှိ လှရွှေ၊ ဝါဒါအရာခံဗိုလ်အဆင့်ရှိ ထွန်းရှိန် တို့ စစ်ခွေးတိုက်ကိုလာပြီးညှိတယ်။ ကျောင်းသားတွေတောင်းတဲ့ တောင်းဆိုချက်ကို အာဏာပိုင် တွေက လိုက်လျောပေးပြီးဖြစ်ကြောင်း၊ အုခားနေရာက ကျောင်းသားတွေလဲ ထမင်းပြန်စားကြပြီးမူလနေရာ ပြန်ရောက်သွားကြကြောင်း ပြောပြလာတယ်။ ကျောင်းသားတွေက အစာငတ်ခံဆန္ဒပြသူတွေကို တိုက်ပွဲပြီးရင် ဆေးရုံတက်ခွင့်၊ ဆေးကုသခွင့်ပြုဖို့ တောင်းဆိုကြတယ်။ အာဏာပိုင်တွေက ခွင့်ပြုတဲ့အတွက် စစ်ခွေးတိုက်မှာရှိတဲ့ ကျောင်းသားအားလုံး သဘောတူညီမှုနဲ့ သပိတ်လှန်လိုက်တယ်။

သပိတ်လှနပြီးပြီးချင်း နွားနို့စစ်စစ် တခွက်တိုက်တယ်။ ခဏကြာတော့ ဆန်ပြုတ်တိုက်တယ်။ ညနေစောင်းမှာ စစ်ခွေးတိုက်က ကျောင်းသားတွေကို ဆေးရုံပို့မယ်ဆိုပြီးလာခေါ်ထုတ်တယ်။ ဖ ရက်အစာမစား၊ ရေမသောက်ဘဲနေရလို့ နုံးချိနေတဲ့ ကျောင်းသားတွေကို ဂျိုင်း နှစ်ဖက်က ‘ရွတ်တိုက်ဆွဲခေါ်၊ န ၂၀၀၀ ကားပေါ်ပစ်တင်ပြီးဆေးရုံဝင်းထဲမှာရှိတဲ့ လက်ပါးတိုက်ကို ပို့လိုက်တယ်။ ကျောင်းသားတွေက လက်ပါးတိုက်မှာမထားဖို့ ဆက်လက်ဆန္ဒပြ တောင်းဆိုတဲ့အတွက် နောက်တနေ့မှာ စစ်ခွေးတိုက်ကို ပြန်ပို့လိုက်တယ်။

အဲဒီတိုက်ပွဲအတွင်း ကျောင်းသားတွေဆိုတဲ့ သီချင်းတွေကတော့ မှတ်မိသလောက်□

ဒို့ရဲ့ဘော်များဟာအြခက်အခဲနဲ့တွေ့ရင်ြအောင်ြမင်မှုကိုကြည့်ရမယ်ြနေ့ရောင်ြခည်ကိုြမင်ရမယ်
ရဲစိတ်ထက်သန်စေရမယ်ဒို့ရဲ့စိတ်ထက်သန်စေရမယ်□

သံမဏိဌာန်ချအြသက်စွန့်ရန်မကြောက်အြခက်အခဲကျော်လွှားအြောင်ပွဲရအောင်ယူ□

ဖေါက်ြပန်ရေးသမားမှန်သမျှစြကူကျားချည်းဘဲသြူတို့အသွင်ကတော့ကြောက်စရာဘဲဒါပေမဲ့□
စင်စစ်မတော့အြထင်ကြီးလောက်စရာအြခင်အားရှိတာမဟုတ်ဘူးြမြရှည်အမြင်နဲ့ကြည့်ရင်□

တကယ်အင်အားတောင့်တာကဖြေါက်ပြန်ရေးသမားတွေမဟုတ်ပြည်သူတွေသာအမှန်ဖြစ်တယ်□

နောက်တပုဒ်ကတော့ ချောအိမာန်ရဲ့ အလံမလဲစတမ်း သီချင်းဖြစ်တယ်။

> အောင်တံခွန်လွှင့် ထူမည်ဖြဲ့သတ္တိတွေရဲရဲနီဖြက်စစ်ဘီလူးခွေးရူးဆီအြသေသတ်ကြဖို့ရင်ကော့ခီျလာပြီ□
> သေနတ်ကိုဆွဲတိုက်ကြမည်အြလံအလဲနိုင်အောင်ဘဲဖြဲ့နဲ့တိုက်ရမည်ြေသနတ်မရှိရင်ဒြါးနဲ့ခုတ်မည်
> ဒြါးမရှိရင်ဒြုတ်နဲ့ရိုက်မည်ဒြုတ်မရှိရင်လြက်သီးစာကျွေးမည်လြက်ပြုတ်ခဲ့ရင်ခြြေဖြင့်ကန်မည်ခြြေကိုချုပ်လဲ□
> ခြေါင်းရှိသေးရင်ခြေါင်းနဲ့ဝှေ့ရမည်□

စတဲ့သီချင်းများနဲ့ ဖြို့ ထုတ် "ဘဝတက္ကသိုလ်က နေဝန်းနီနီ" စီးရီးခွေမှာပါတဲ့ ကျောင်းသားသမဂ္ဂသီချင်းများဖြစ်ပါတယ်။

ဒီတိုက်ပွဲမှာ ပါဝင်သူတွေထဲက ၄ တိုက်နဲ့ ၅ တိုက်ပို့ခံရတဲ့ ကျောင်းသားတွေကတော့ ဦးသန့်အရေးအခင်းက ၁။ ကိုစံမင်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ယခု ပန်းချီဆရာ)၊ ၂။ ကိုသက်တင် (စီးပွားရေးတက္ကသိုလ်၊ ဝမ်းတွင်း)၊ ရွှေတိဂုံအရေးအခင်းက ၃။ ကိုခင်မော် (ခေါ်) မော်ကြီး (ဆေး၁၊ စာရေးဆရာ မောင်စည်သူ ၏သား၊ ယခု အမေရိကန်နိုင်ငံ လော့စ်အိမ်ဂျယ်လိ)၊ ၄။ ကိုစိုးဝင်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ယခု ဂျပန် နိုင်ငံ)၊ ၅။ ကိုသက်ဝင်းအောင် (ဆေး၂၊ ယခုအင်းစိန် ကျူရှင်ဆရာ)၊ ၆။ ကိုမြင့်သိန်း (ဆေး၂၊ ထားဝယ်၊ ဖြို့တည်ထောင်စတွင် လူမျိုးရေး–နိုင်ငံရေးအစွန်းရောက်ဝါဒီတချို့၏ သတ်ဖြတ်ခံရ)၊ ၇။ ကိုတင်မြင့် (ခေါ်) မာရှယ် (ဆေး၂၊ ပေါင်းတည်)၊ ၈။ ကိုဝင်းဆွေ (အထက ကျောင်းသား၊ ပါရမီ၊ ယခုရွှေလီ)၊ ၉။ ကိုစောနိုင် (စက်မှုတက္ကသိုလ်၊ ရခိုင်အမျိုးသား၊ မာန်အောင်)၊ ၁၀။ ကိုသိန်းလွင် (ဆေး၂၊ ပဲခူး)၊ ၁၁။ ကိုခင်ဇော်လင်း (အလကကျောင်းသား၊ ဗကပ သို့တောခိုကျဆုံး)၊ ၁၂။ ကိုစိန်ရွှေမိုး (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ရခိုင်အမျိုးသား)၊ ၁၃။ ကိုဒွေးအောင် (ခေါ်) မော်တာ (ကျောင်းဆရာ)၊ မိုင်းရာပြည့်အရေးအခင်းက ၁၄။ ကိုခင်မောင်လေး (စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာ၊ နအဖခေတ် ထောင်ထပ်ကျ)၊ ၁၅။ ကိုတင်ဝင်း (ခေါ်) ဘိုဇင်ကော့ (စီးပွားရေးတက္ကသိုလ်၊ ရေကြည်၊ ယခု မြစ် ကြီးနား)၊ ၁၆။ ကိုစောလှိုင် (ဝဩတက္ကသိုလ်၊ အင်းတော်၊ ယခုဒြို လွှတ်တော်အမတ်)၊ ၁၇။ ကိုခင်မောင်ညွန့် (စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်)၊ ၁၈။ ကိုမောင်မောင်သာမြတ် (ခေါ်) သန်းမြင့် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ကွမ်းခြံကုန်း)၊ ၁၉။ ကိုမင်းအောင် (စက်မှုတက္ကသိုလ်၊ ပေါင်းတည်၊ ယခုကွယ်လွန်)၊ ၂၀။ ကိုငြိမ်းဝင်း (စက်မှုတက္ကသိုလ်၊ ယခုအိန္ဒိယ)၊ ၂၁။ ကိုသိန်းသန်းဦး (မန္တလေးဝိဇ္ဇာသိပ္ပံ၊ ယခု အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု၊ နအဖခေတ် ထောင်ထပ်ကျ)၊ ၂၂။ ကိုမျိုးထွန်း (ခေါ်) ခွန်ဆိုင်း (ဆေး၁၊ ယခု သွေးသစ်လူငယ်အဖွဲ့ချုပ်၊ နအဖခေတ် ထောင်ထပ်ကျ)၊ ၂၃။ ကိုကျော်ကျော်ဦး (ဂျီတီအိုင်၊ ယခုစာရေးဆရာ ငြိမ်းအေးအိမ်)၊ ၂၄။ ကိုအောင်ကြည် (ဂျီတီအိုင်၊ ပျဉ်းမနား)၊ ၂၅။ ကိုသာဒွန်းအောင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ပေါက်တော၊ ရခိုင်အမျိုးသား)၊ ၂၆။ ကိုစောသိန်းမောင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ တောင်ကုတ်၊ ရခိုင်အမျိုးသား)၊ ၂၇။ ကိုတင်ဝင်းမောင် (အင်းစိန်)၊ ၂၈။ ကိုခင်မောင်ထွေး (ရန်ကုန် ဝဩ၊ သထုံ)၊ ၃၀။ ကိုမြတ်ကိုကို (ဂျီတီအိုင်၊ ဗိုလ်ချုပ်ကျော်ဇောတူ၊ ဗကပသို့တောခို ကျဆုံး)၊ ၃၁။ ကိုနေဒွန်းအောင် (ရန်ကုန် ဝဩ၊ ပျဉ်းမနား) နဲ့ အင်းစိန် ဂျီတီအိုင် ကပဲဖြစ်ကြတဲ့ ၃၂။ ကိုတင်ထူးလွင်၊ ၃၃။ မာမက်ရဇီ၊ ၃၄။ ကိုတင်ထွဋ် (ခေါ်) ဖိုးကောက် (အင်းစိန်)၊ ၃၅။ ကိုသောင်းညွန့် (ပြွန်တံဆာ)၊ ၃၆။ ကိုဉာဏ်ဝင်း (ခရမ်း)၊ ၃၇။ ကိုစိန်ဝင်း (ပဲနွယ်ကုန်း) တို့ပါဝင်ကြတယ်။ ၇၄ ခု ကမာရွတ် ဂါတ်တဲမီးရှို့မှုက ခံဝန်ချုပ်နဲ့ လွှတ်ထားရာကနေ ပြန်အဖမ်းခံရတဲ့ ၃၈။ ကိုမြင့်အောင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ) နဲ့ ၃၉။ ကိုခင်ရွှေ (ရန်ကုန် ဝိဇ္ဇာသိပ္ပံ)၊ ဦးသန့်အရေးအခင်းက ၄၀။ ဒေါက်တာ ထွန်းကျော်ငြိမ်း၊ ၄၁။ ကိုဘိုဘိုကျော်ငြိမ်းနဲ့ ၇၅ ဇွန်အရေးအခင်းက ၄၂။ ကိုဖေသိန်း ('လ သဘော်ကျင်းဝန်ထမ်း၊ ယခုဂျပန်)၊ ၄၃။ ကိုတင်လှ (မော်လမြိုင်) တို့လဲပါဝင်ကြတယ်။

စစ်ခွေးတိုက်မှာ နောက်ဆုံးကျန်ခဲ့သူတွေကတော့ ၇၅ ဇွန်အရေးအခင်းက ၁။ ကိုတင်ရွှေ (ခေါ်) ဆမ်ဆန် (အလကကျောင်းသား ရန်ကုန်၊ ယခု ဖြို့/လူ့ဘောင်သစ်)၊ ၂။ ကိုလှမော် (အထကကျောင်းသား၊ ဘောက်ထော်)၊ ၃။ကိုစံနု (အရပ်သား ရခိုင်အမျိုးသား)၊ ၄။ ကိုကျော်စိန် (၇၄ အလုပ်သမားအရေးအခင်း၊ သမိုင်းချည်စက်)၊ ၅။ ကိုမိုးမြင့် (အထကကျောင်းသား၊ ရေကျော်၊ ၈ လေးလုံးနောက်ပိုင်း ပြည်သူ့တိုးတက်ရေးပါတီ)၊ ၆။ ကိုအောင်သန်းမြင့် (၊ စီးပွားရေးတက္ကသိုလ်၊ တောင်ဥက္ကလာ၊ ယခုကလလတ)၊ ၇။ ကိုကျော်ထူး (အလက ကျောင်းသား၊ စမ်းချောင်း)၊ ၈။ ကိုခင်စိုး (အရပ်သား၊ သင်္ကန်းပရိက္ခရာဆိုင်၊ ဗဟန်း ၃ လမ်း)၊ ၉။ ကိုစိုးဝင်း (ခေါ်) ဖေဇော်ဂျီ (ရန်ကုန် ဝဩ တက္ကသိုလ်၊ စမ်းချောင်း)၊ မိုင်းရာပြည့်က ၁၀။ ကိုဝင်းထွန်း (ဝဩတက္ကသိုလ်၊ ယခုကွယ်လွန်)၊ ၁၁။ ကိုထွန်းအောင်ရွှေ (စက်မှုတက္ကသိုလ် ဖျာပုံ)၊ ၁၂။ ကိုမင်းထွန်းဝင်း (ဂျီတီအိုင်၊ အင်းစိန်)၊ ၁၃။ ကိုကျော်ဇေယျ (ရန်ကုန် ဝဩတက္ကသိုလ်၊ အင်းစိန်)၊ ၁၄။ ကိုတင်လှ (စီးပွားရေး တက္ကသိုလ်၊ မိတ္ထီလာ)၊ ၁၅။ ကိုစန်းလှိုင် (စက်မှုတက္ကသိုလ် မန္တလေး)၊ ၁၆။ ကိုခင်မောင်ချို (စက်မှုတက္ကသိုလ် မန္တလေး၊ ယခုကျူရှင်ဆရာ)၊ ၁၇။ ကိုအောင်စောဦး (သွားဆေးတက္ကသိုလ်၊ ပုသိမ်) တို့ဖြစ်ကြတယ်။

ဒီထဲက ၄ တိုက်နဲ့ ၅ တိုက်ကတချို့ကိုတော့ တိုက်မှာ နှစ်ပတ်လောက်ထားပြီး၃ ဆောင် ပြန်ပို့လိုက်တယ်။ တချို့လဲ တွဲဘက် ထောင်ရောက်သွားတယ်။ စစ်ခွေးတိုက်ပို့ထားခံရတဲ့ ၃ ဆောင်ကျောင်းသား ၁၈ ယောက်ကိုတော့ ၁၉၇၇ ခုနှစ် မေလဆန်းမှာ ၄ တိုက်တိုနဲ့ ၅ တိုက်ကိုခွ[redacted]ပို့လိုက်တယ်။ ရင်ကွဲတိုက်မှာရှိတဲ့ ကိုဇော်ငြိမ်းလတ်၊ ကိုအောင်ကျော်ဦး နဲ့ ရွှေတိဂုံအရေးအခင်းက ကိုစောရဲလှ (အလက ကျောင်းသား၊ ကရင်အမျိုးသား၊ အလုံခဝဲခြံ) တို့သုံးဦးကို ခပ်ဂေါက်ဂေါက်ကျောင်းသားတယောက်က အာဏာပိုင်တွေဆီမှာ "ဒီလူတွေ မိုးရာသီဆန္ဒပြပွဲ လုပ်ဖို့ကြံစည်နေတယ်" ဆိုပြီးသွားချွန်လို့ ခပ်ဂေါက်ဂေါက်အာဏာပိုင်တွေကလဲ သူတို့သုံးယောက်ကို ၂ တိုက်ကနေ ၅ တိုက်ပို့လိုက်တယ်။

၄ တိုက်နဲ့ ၅ တိုက်မှာရှိတဲ့ ကျောင်းသားများဟာ တိုက်တွေကို အဆောင်တွေနဲ့တန်းတူ အခွင့်အရေးတွေ၊ တချို့နေရာတွေမှာ အဆောင်ထက် ပိုတဲ့အခွင့်အရေးတွေ ရအောင် လုပ်ယူနိုင်ခဲ့တယ်။ တိုက်ထဲမှာ သတင်းစာဖတ်ခွင့်၊ စာအုပ်သွင်းခွင့်နဲ့ တိုက်ခန်းတံခါးတွေ မနက်ကနေညနေထိ ဖွင့်ထားပြီးတိုက်ဝင်းထဲ ကိုယ်လက်လှုပ်ရှားကစားခွင့်၊ လမ်းလျှောက်ခွင့်တွေ ရလာတယ်။ တိုက်ခန်းတွေထဲ တရားမဝင် မီးဖိုချက်ပြုတ်ခွင့်ကိုလဲ စည်းကမ်းချိုးဖောက်ရယူခဲ့တယ်။ ဒီအတွက် ၄ တိုက်နဲ့ ၅ တိုက်ကကြမ်းခင်းတွေ၊ ကွပ်ပျစ်တွေကို ချိုးဖဲ့ထင်းဆိုက်ပစ်လို့ နောက်ဆုံးမှာ အာဏာပိုင်တွေဟာ ၅ တိုက်ကို သံမံတလင်း ပြန်ခင်းရတယ်။ ညအိပ်တဲ့အခါ ကိုယ်အိပ်ချင်တဲ့အခန်း ဝင်အိပ်ခွင့်ရလာတယ်။ တံခါးတွေဖွင့်ထားလို့ တခန်းနဲ့တခန်း လွှတ်လပ်စွာဆက်သွယ်ခွင့် ရှိနေပေမဲ့ တခန်းနဲ့တခန်းကြားက အုတ်နံရံတွေကို သံချွန်နဲ့ဖောက်ပြီးတခန်းနဲ့တခန်း ညဘက် စာပေးစာယူ ရိက္ခာအပို့အယူတွေလုပ်ကြတယ်။ ၂ တိုက်ကကျောင်းသားတွေကတော့ တနေကုန် တိုက်ဝင်းထဲ လွှတ်လပ်စွာသွားလာခွင့် စောစောကတည်းက ရထားကြပြီးတရားမဝင် မီးဖိုချက်ပြုတ်ခွင့်ပါ ရယူထားနိုင်ခဲ့ကြတယ်။ ၃ ဆောင်မှာတော့ တိုက်တွေကကျောင်းသားတွေလို တနေကုန် အဆောင်ဝင်းထဲ

လွတ်လွတ်လပ်လပ်သွားလာခွင့် မရကြပေမဲ့ တရားမဝင် ချက်ပြုတ်ခွင့် အပါအ ဝင် အခွင့်အရေးအတော်များများ ရယူနိုင်ခဲ့တယ်။ တထောင်လုံးရှိ ကျောင်းသားများဟာ စာအုပ်စာတမ်းတွေ သွင်းခွင့်ဖတ်ခွင့်လဲရကြတယ်။ ၃ ဆောင်မှာတော့ ရန်သူ့သတင်းပေးအင်ဖော်မာတွေများလို့ တိုက်တွေနဲ့စာရင်နဲနဲတော့ ကျဉ်းကျပ်သလိုရှိပေမဲ့ ကျောင်းသားတွေပီပီ ရသင့်တဲ့ အနိမ့်ဆုံးအခွင့်အရေးတွေကိုတော့ ရအောင်ယူနိုင်ခဲ့တယ်။ အပေါ်ထပ်နေတဲ့ကျောင်းသားတွေဟာ မျက်နှာကြက်ပေါ်တက်ပြီးတခန်းနဲ့တခန်း ကူးသန်းသွားလာ ဆက်သွယ်တာတွေ ခိုးလုပ်ကြတယ်။

ဒီလိုနဲ့ကျောင်းသားတွေဟာ အဆောင်တွေမှာရော၊ တိုက်တွေမှာပါ နိုင်ငံရေးလေ့လာဆွေးနွေးမှုတွေ အင်္ဂလိပ်စာလေ့လာရေးနဲ့ စာပေအနုပညာလိုက်စားမှုတွေ ပိုပြီးအဆင်ပြေပြေ လုပ်နိုင်ခဲ့တယ်။ ကဗျာစာအုပ်တွေ၊ လက်ရေးမဂ္ဂဇင်းတွေ ထုတ်ကြတယ်။ မှိုင်းရာပြည့် အရေးအခင်းက ကိုခင်မောင်လေး (စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာ၊ နအဖခေတ်ထောင်ထပ်ကျ) က 'ဂုန်တာရာရဲ့ "မတ်လတော်လှန်ရေး" ကဗျာကို အခြေခံပြီး"မတ်လရနံ့" သီချင်းကို ၅ တိုက်မှာရေးစပ်ခဲ့တယ်။ အဲဒါဟာ ဖြိုး ထုတ် "ဘဝတက္ကသိုလ်က နေဝန်းနီနီ" စီးရီးခွေထဲပါတဲ့ သီချင်းဖြစ်ပါတယ်။ ကဗျာရွတ်ပွဲတွေမှာ ပွဲအတောင်းခံရဆုံး ကဗျာကတော့ ကဗျာဆရာ မောင်လေးအောင်ရဲ့ "ဒီဇင်ဘာ ၂၀ ရက်တမ်းချင်း သို့မဟုတ် ရဲဘော်ရဲ့ကဗျာ" ဖြစ်ပြီးအဲဒီကဗျာကို ကြက်သီးမွေးညင်းထလောက်အောင် ကဗျာရွတ်အကောင်းဆုံး ပုဂ္ဂိုလ် ကတော့ ကိုတင်အေးကြူ (ခေါ်) ကဗျာဆရာမောင်မှိုင်းလွင် (အင်း၀) (စက်မှုတက္ကသိုလ်၊ ယခု အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု၊ နအဖခေတ်ထောင်ကျနေဆဲ) နဲ့ ကိုအောင်စောဦး (သွားခြေးတက္ကသိုလ်၊ ယခုဒီ–ျူ၉) တို့ဖြစ်ပါတယ်။

၁၉၇၇ နှစ်ဆန်းလောက်မှာ ဖက်ဆစ်လက်ရုံး လူသတ်ကောင်ပါးကွက်သား စိန်လွင် ဟာ ပြည်ထဲရေးဝန်ကြီး ဖြစ်လာပြီးထောင်ထဲ မှာ နိုင်ငံရေးအကျဉ်းသား အဆင့်အတန်းသတ်မှတ်ချက် မဖြစ်ဖြစ်အောင်ဖျက်သိမ်းပစ်ဖို့ အကျဉ်းဦးစီးဌာနကို၊ အထူးသဖြင့် အင်းစိန်ထောင်ကို ညွှန်ကြားလာတယ်။ အင်းစိန်ထောင်ဗူးဝမှာ "တရားပျက်က တရက်ပြားမည်" ဆိုတဲ့ဆိုင်းဘုတ်ကြီး ပေါ်လာတယ်။

ဒီကာလမှာဘဲ မဆလခေတ်အတွင်း အဆမတန်တိုးများလာတဲ့ ရာဇဝတ်အကျဉ်းသားဦးရေ ဖြေရှင်းရေးဟာလဲ စစ်အစိုးရအတွက် အရေးတကြီးပြဿနာ ဖြစ်လာနေပါပြီ။ ဒါကြောင့် ရန်ကုန်မြန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ရေးစီမံကိန်း ဆိုတာကိုချမှတ်ပြီးရဲဘက် အမည်ခံအကျဉ်းသားတွေ ထောင်ကထုတ်ခိုင်းဖို့ စီစဉ်လာခဲ့သလို ထောင်တွေထဲမလဲ ရာဇဝတ်အကျဉ်းသားတွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေ ပြွတ်သိပ်ရောနှောပစ်ပြီးရာဇဝတ်အကျဉ်းသားတွေထားဖို့လဲ နေရာပိုထွက်၊ နိုင်ငံရေးအကျဉ်းသားတွေကိုလဲ ရာဇဝတ်သားတွေနဲ့ တတန်း တည်း အတူရောနှော ပုံစံကိုင်အလုပ်ခိုင်းပြီးဦးချိုးပစ်ဖို့ တချက်ခုတ်နှစ်ပြတ် ကြံစည်လာပြန်တယ်။ တိုက်တွေထဲမှာ ကျောင်းသားတွေကို အဆောင်အခွင့်အရေး ပေးထားရတာဟာ နောက်ဝင်လာမဲ့ နိုင်ငံရေးအကျဉ်းသားတွေ စစ်ကြောရေးကာလမှာထားဖို့နဲ့ ပုံစံကိုင်ဖို့အတွက် နေရာအခက်အခဲနဲ့ ကိုင်တွယ်မှုအခက်အခဲဖြစ်စေလို့ တိုက်တွေထဲ မင်းမူနေတဲ့ကျောင်းသားတွေကို ရှင်းထုတ်ပစ်ဖို့လဲ လိုအပ်နေပါပြီ။

ရဲဘက်စီမံကိန်း ဆိုတာနဲ့ပတ်သက်လို့ပြောရရင် ရဲဘက်ဆိုတာ ပညာရေးလောက က လူရည်ချွန်စီမံကိန်း၊ အလုပ်သမားလောက က စံပြလုပ်သားစီမံကိန်းတို့နဲ့ အလားတူပုံစံမျိုး ဖြစ်ပါတယ်။ ကွန်မြူနစ်ပျက်၊ အလံနီပျက်၊ ပမညတပျက် စတဲ့လက်ဝဲပျက်တွေက နေဝင်းဟာ ဗမာပြည်ရဲ့ ကက်စ်ထရို ဖြစ်တယ်၊ မဆလဟာ ဗမာပြည်မှာ တကယ်စစ်မှန်တဲ့ ဆိုရှယ်လစ်စနစ်ကြီး တည်ဆောက်နေပြီလို့ အမွှမ်းတင်ပြီးခွေးကတက်က နေရ နေရ အလုပ်အကျွေးပြုမယ်ဆိုကာ မဆလပါတီထဲ အလုအယက်ဝင် နေရာယူ၊ ဆိုရှယ်လစ်နိုင်ငံတွေမှာလုပ်တဲ့ပုံစံမျိုးတွေ ဗမာပြည်မှာလိုက်ပြီးလုပ်စားကြတဲ့ စီမံကိန်းတွေ ဖြစ် ပါတယ်။ ထောင်လောကမှာ အစောပိုင်းတချိန်တုံးက ရဲဘက်ဆိုတာ အင်မတန်အားကျ စရာ အခွင့်ထူးခံ စံပြအကျဉ်းသားတွေဖြစ်ခဲ့ပြီးတပြည်လုံးမှာမှ ရဲဘက်စခန်း ၂ ခု၊ ၃ ခု လောက်ဘဲရှိခဲ့တယ်။ အဲဒီတုန်းက ရဲဘက်လိုက်ခွင့်ရဖို့ အကျဉ်းသားတွေဟာ ထောင်အာဏာပိုင်တွေကို လာဘ်ထိုးရတယ်။ သူ့ထက်ငါ အလုအယက်လိုက်ချင်ကြတယ်။ အခု ၁၉၇၇ခု လောက် ရောက်တဲ့အခါ ရဲဘက်ဆိုတာ ကွန်မြူနစ်ပျက်တွေရဲ့ စိတ်ကူးယဉ်ဝါဒဖြန့်ပြကွက် အဖြစ်ကနေ ဖြောင်အတိအလင်း ဖက်ဆစ်ချွေးတပ်သား တွေအဖြစ် အဆင့်လျှောကျသွားပြီဖြစ်ပါတယ်။ မပြတ်တိုးပွားနေတဲ့ ရာဇဝတ်အကျဉ်းသားဦးရေ ပြဿနာဖြေရှင်းဖို့ ရဲဘက်စခန်းတွေကိုလဲ ဗမာပြည်အနှံ့ မိုးဦးကျမှိုပေါက်သလို တပြုံကြီး အများအပြားဖွင့်ခဲ့တယ်။ ဆိုးဝါးလှတဲ့ ထောင်တွင်းအရှုခအနေထက် အဆပေါင်းများစွာပိုဆိုးတဲ့ ဂူးလပ် (ဂူလေ) အလုပ်ကြမ်းစခန်းတွေမှာ သေလိုက်ကြတာတွေ၊ လူစဉ်မမှီ ကိုယ်ဝန္တဖြစ်သွားကြတာတွေ၊ သေကောင်ပေါင်းလဲ ရောဂါဘယရကြ တာတွေ သောက်သောက်လဲဖြစ်နေလို့ အခုအခါမှာ ရဲဘက်စခန်းမလိုက်ရဖို့ ထောင်အာဏာပိုင်တွေကို လာဘ်ထိုးရတဲ့ အခြေအနေ ဖြစ်လာပါတယ်။

ဘယ်လိုပဲလုပ်လုပ် ရာဇဝတ်အကျဉ်းသားတွေ 'ငါးကြမ်းပြည့်မြိပြည့်နေတဲ့ထောင်တွေကို ဝိတ်လျှော့ဖို့လုပ်တဲ့ ရန်ကုန်မြန္တလေး အမြန်လမ်းမကြီးစီမံကိန်း ဆိုတာကတော့ ဗမာပြည်မြေပုံပေါ်မှာ ရန်ကုန်နဲ့မန္တလေးကို ပေတံတချောင်းနဲ့ မျဉ်းဖြောင့်ဆွဲထည့်လိုက်ပြီးအဲဒီမျဉ်း ဖြောင့်အတိုင်း ၈ လမ်းသွားလမ်းမကြီး ဖောက်မယ်ဆိုတဲ့ ဧရာမ ကမ္ဘာ့အံ့ဖွယ် စီမံကိန်းကြီး ဖြစ်ပါတယ်။ ပဲခူးရိုးမအစပ် တောင်စွယ်တွေ၊ တောတွေကို ရဲဘက်ဆိုတဲ့ အကျဉ်းသားလုပ်အားသက်သက်နဲ့ ဖြတ်ဖေါက်မဲ့ ဒီစီမံကိန်းဟာ မဆလစစ်အစိုးရရဲ့ ဘဏ္ဍာရေးအခြေအနေနဲ့ နည်းပညာအဆင့်အတန်းအရ ဘယ်လိုမှမဖြစ်နိုင်တဲ့ လုပ်ငန်းဖြစ်ပြီးတကယ့်ရည်ရွယ်ချက်အစစ်အမှန်ကတော့ ထောင်တွေကိုဝိတ်လျှော့ဖို့ သက်သက်ပါဘဲ။ တောရှင်းမြေညှိရတာကို ရဲဘက်အကျဉ်းသားတွေ ထောင်နဲ့သောင်းနဲ့ချီပြီးသုံးခဲ့ရာမှာ ငှက်ဖျားဒဏ်၊ ပင်ပန်းဆင်းရဲမှုဒဏ်၊ အဟာရချို့တဲ့မှုဒဏ်တွေကြောင့် ရာနဲ့ထောင်နဲ့ချီပြီးသေကြတယ်။ ၈၈ ခု မဆလ ပြုတ်တဲ့အထိ လှည်းကူးနားမှာ ကျောက်ကြမ်းလမ်း တမိုင် တောင် မခင်းနိုင်သေးပါဘူး။ ဒါပေမဲ့ အခုနအဖခေတ်မှာတော့ အဲဒီတောရှင်း ငုတ်ထုတပြီးသား နေရာတွေကို ဗိုလ်ချုပ်များ ခွဲဝေယူပြီးနီးစပ်ရာ ဆွေမျိုးသားချင်း တပည့်ရောင်းရင်းတွေကို ကိုယ်ပိုင်ဂွံခံမြေအဖြစ်ခိုင်းစား၊ ငှါးစား၊ ရောင်းစားကြတယ်လို့ သိရပါတယ်။

၁၉၇၇ ခု ဇူလိုင်လကုန်ပိုင်းလောက်မှာ ၃ ဆောင်ကကျောင်းသားတွေရဲ့ သာမန်အခွင့်အရေး တောင်းဆိုလှုပ်ရှားမှုတခု ပြုလုပ်ခဲ့ ရာမှာ မိလ္လာမချရေး၊ စာဖတ်ခွင့်–ရေးခွင့်ရရေး၊ အခန်းတံခါးများ မနက်မှညအထိ ဖွင့်ထားပေးရေးတွေကို တောင်းဆိုပြီးအစာငတ်ခံတိုက်ပွဲ ဝင်ခဲ့ကြတယ်။ ဒီတိုက်ပွဲမှာ မှိုင်းရာပြည့်ကျောင်းသား ၂၀ ကျော် အစိတ်လောက်ပါဝင်ဆင်နွှဲခဲ့တယ်။ ခေါင်းဆောင်သူတွေက ကိုသန်းလင်း (စက်မှုတက္ကသိုလ်)၊ ကိုကျော်စိန်ဦး (ရန်ကုန် ဂျီတီအိုင်)၊ ကိုအေးဝင်း (ရန်ကုန် ဝိဇ္ဇာသိပ္ပံ၊ လမင်းတရာအေးဝင်း၊ ယခု လော့စ်အိန်ဂျယ်လိစ်)၊ ကိုဇော်သန်းစိန် (စက်မှုတက္ကသိုလ်)၊ ကိုစန္ဒာထူးမင်းဝင်း (ရန်ကုန် ဝိဇ္ဇာသိပ္ပံ)၊ ကိုဝင်းထွန်း (ရန်ကုန် ဝိဇ္ဇာသိပ္ပံ)၊ ကိုဋ္ဌေးဝင်း (ရန်ကုန် ဝိဇ္ဇာ–သိပ္ပံ၊ ယခု ဩစတြေးလျ)၊ ကိုတင်ထူးလွင် (ဂျီတီအိုင်) တို့ဖြစ်ပြီးဦးသန့်အရေးအခင်းက ကိုဇော်ငြိမ်းလတ် (ရန်ကုန် ဝိဇ္ဇာ၊ သိပ္ပံ)၊ ရွှေတိဂုံအရေး အခင်းက ကိုအောင်ကျော်ဦး (အထကကျောင်းသား) တို့က အစာငတ်မခံဘဲ အားပေးကူညီသူအဖြစ် ပါဝင်ခဲ့တယ်။ တိုက်ပွဲစတဲ့နေ့ ညနေပိုင်း မှာ အစာငတ်ခံသူတွေနဲ့ အားပေးကူညီသူအားလုံးကို စစ်ခွေးတိုက်ပို့

တိုက်ပိတ်လိုက်တယ်။ ရေမဖြတ်ပေမဲ့ အားပေးကူညီသူတွေကိုပါ ထမင်း မကျွေးဘဲထားတယ်။ သုံးရက်မြောက်နေ့လယ်မှာ ညွှန်မှူးဗိုလ် မှူး အဆင့်ရှိ တင်အုံး၊ ထောင်ပိုင်အဆင့်ရှိ မောင်ကြည်၊ စစ်ထောက်လှမ်းရေး တပ်ကြပ်ကြီးအဆင့်ရှိ သိန်းမြိုင် တို့ဦးစီးတဲ့ ထောင်ဝါဒါ ၄၀ ခန့်က စစ်ခွေးတိုက်ထဲဝင်၊ အင်အားအပြင်းအထန်သုံး ရိုက်နှက်အကြမ်းဖက် ဖြိုခွဲလိုက်လို့ သပိတ်လှန်လိုက်ပြီးအစာတော်ခံတိုက်ပွဲ ပြိုကွဲသွားတယ်။ နောက်တနေ့မှာ ကိုသန်းလင်းနဲ့ ကိုဇော်ငြိမ်းလတ်ကို အသားလွတ် အကြီးအကျယ် ထုတ်ရိုက်ပြန်တယ်။ ကွဲပြကျိုးပဲ့တာတွေကိုတော့ ဆေးလာထည့်ပေးတယ်။ စစ်ခွေးတိုက်မှာ အရက် ၂၀ လောက်ထား ပုံစံကိုင် ပြီးနောက် ၃ ဆောင်ပြန်ပို့လိုက်တယ်။ ဒီအတောအတွင်း ထောင်ဝင်စာ ပိတ်ထားတယ်။

အစာတော်ခံတိုက်ပွဲစပြီး၂ ရက်အကြာမှာ ရာဇဝတ်ဆောင်တွေက ရာဇဝတ်အကျဉ်းသားတွေကို ဆုမှတ်ရက် (လျှော့ရက်) များများပေးမယ်လို့ ဆွဲဆောင် မက်လုံးပေးပြီး၃ ဆောင်ထဲ အစုလိုက် အပြုံလိုက် ရွှေ့ပြောင်းထည့်သွင်း၊ နံပါတ်ဒုတ်နဲ့ကြိမ်ဒိုင်းကိုင် ဝါဒါတွေနဲ့ ပူးတွဲပြီးနိုင်ငံရေး အကျဉ်းသားတွေကို အပြင်းထန်ဆုံးပုံစံကိုင်ပွဲကြီး စခဲ့တယ်။ ၃ ဆောင်အခန်းကြီးတခန်းမှာ နိုင်ငံရေးအကျဉ်းသား ၁၅ ယောက် အယောက် ၂၀ လောက်ကို ရာဇဝတ်အကျဉ်းသား ၁၀၀–၁၅၀ လောက်နဲ့ညှပ်ပြီးရာဇဝတ်ဆောင်တွေမှာထက်ပိုဆိုးတဲ့ ပုံစံအပြည့် ကိုင်ခဲ့တယ်။ နာရီနဲ့ချီပြီးပုံစံအတိအကျ ထိုင်ခိုင်းတယ်။ နည်းနည်း လှုပ်တာနဲ့ အကြီးအကျယ်ဝိုင်းရိုက်ကြတယ်။ နိုင်ငံရေးအကျဉ်းသား ၂ ယောက်စကားပြောရင်ရိုက်တယ်။ စည်းကမ်းနည်းနည်းလေး ဖေါက်မိတာနဲ့ နင်းကန်ရိုက်နှက်ထိုးကြိတ်တယ်။ အရိုက်ခံရတဲ့အပြင် “ကျမ အောက်ကပါရှင့်” လို့ပါအော်ခိုင်းသေးတယ်။ နာမည်ခေါ်ရင် “ရှင်” လို့ထူးခိုင်းတယ်။ တချို့ကျောင်းသားတွေက သေအောင်ရိုက်ချင်ရိုက်၊ မအော်နိုင်ဘူး၊ မထူးနိုင်ဘူးလို့ ခပ်မာမာ အနာခံရပ်တည်လို့ ဝါဒါနဲ့ ရာဇဝတ်သားဒေါက်တိုင်တွေဘက်က ပြန်လျှော့သွားတာလဲရှိတယ်။ တချို့လဲမခံနိုင်လို့ အော်ပေးလိုက်ရတာတွေရှိတယ်။ အရင်လိုတန်းစီလူစစ်ရာမှာ သဘောလောက် ပုံစံထိုင်ရတာမဟုတ်တော့ဘဲ ‘ခါးတွေ လက်တွေဆန့်ထား၊ ရှေ့တည့်တည့်ကလွဲပြီးဘယ်မှမကြည့်နဲ့၊ ရှေ့ဖင်နောက် ဒူး တဖြောင့်တည်းထိုင်’ ဒ လို့ခိုင်းတဲ့အတိုင်း တသဝေမတိမ်းထိုင်ရတယ်။ ‘နားရွက်မခတ်နဲ့၊ အမြီးမလှုပ်နဲ့၊ လုံးဝငြိမ်လို့လည်း စော်ကားပြီး၊ နဲနဲလေးလှုပ်မိတာနဲ့ ရာဇဝတ်အကျဉ်းသားတွေ ဝိုင်းလာပြီးဆွမ်းကြီးလောင်းကြတယ်။ နံရိုးကျိုး နံနိမ့် ခေါင်းကွဲ လက်ကျိုးတဲ့ နိုင်ငံရေးအကျဉ်းသားတွေ အများအပြားပါဘဲ။ ၁၉၇၆ ဖေ ၁၁ တိုက်ပွဲမှာ လက်ညှိုးပြတ်သွားခဲ့တဲ့ စီးပွားရေးတက္ကသိုလ်က ကိုသက်တင် (ယခုကွယ်လွန်) ဟာ အခုတခါကျတော့ နံနိမ့်သွားခဲ့တယ်။ ဩဂုတ်သွေး စာစောင်ထုတ်ဝေမှုနဲ့ ထောင်ကျနေတဲ့ ကိုသန်းရွှေ (ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာပြဆရာ၊ ရခိုင်အမျိုးသား) ဟာ ၄ ဆောင် ၂ ခန်းမှာ ပုံစံ ထိုင်ခိုင်းတာကိုဖီဆန်လို့ ဝါဒါတွေနဲ့ ရာဇဝတ်သားတွေ ဝိုင်းရိုက်တာမှာ နံရိုးကျိုးပြီးနံရိုးစ အဆုတ်ကိုစူးလို့ ညဘက်မှာကျဆုံးသွားခဲ့တယ်။ ထမင်း ဟင်းတွေလဲ ပုံစံဖြစ်သွားပြီးမဝ တဝပဲ စားရတယ်။ ရေလဲ ပုံစံနဲ့ပဲချိုးရတော့တယ်။ တမျိုးမဟုတ်တမျိုး အကြောင်းရှာပြီးရက်ရက်စက်စက် ရိုက်နှက်ခံကြရတာမှာ အရိုက်လွတ်တဲ့ နိုင်ငံရေး အကျဉ်းသား တယောက်မှမရှိပါ။ ၁၉၇၅ ဂျူလိုင်ဩဂုတ်၊ ၁၉၇၆ မတ်–ဧပြီ တုန်းက ကျောင်း သားတွေကို ပုံစံကိုင်ခဲ့တာထက် အများကြီး ပိုပြင်းထန်ကြမ်းတမ်းပြီးစနစ်ကျတဲ့ ညှဉ်းပမ်းနှိပ်စက်မှုတွေဖြစ်ပါတယ်။ ကွဲပြကျိုးပဲ့တာတွေကို ဝတ်ကြေတန်းကြေ ဆေးကုပေးတယ်။ ရွှေတိဂုံအရေးအခင်းက ကိုအောင်ငွေလာ (ကြည့်မြင်တိုင်) နဲ့ အငြိမ်းစားဗိုလ်ကြီးအောင်သန်းတင် (အသက် ၆၀ ခန့်)၊ မီးမောင်းစာစောင်ထုတ်ဝေမှုက ကိုဗေဒါ (ခေါ်) ကိုမောင်မောင်အေး (ယခု နအဖထောင်ထပ်ကျ) တို့သုံးယောက်ကို အပြစ်ကြီးကြီးမားမားမရှိဘဲ ဒါမှမဟုတ် အာဏာပိုင် တွေကို ဆန့်ကျင်ရန်ကြံစည်တယ်လို့ အကြောင်းမရှိ အကြောင်းရှာပြီးတခြားနိုင်ငံရေး အကျဉ်းသားတွေအတွက် စံနမူနာပြဖြစ်အောင် ခြိမ်းချောက်တဲ့အနေနဲ့ အားလုံးရှေ့မှာ သေလုမျောပါးဖြစ်အောင် ရိုက်နှက်နှိပ်စက်ပြခဲ့တယ်။ ၃ ဆောင်ကို တလလုံးလုံး အပြင်းအထန်ပုံစံကိုင်ပြီးနောက်ပိုင်းမှာတော့ တဖြည်းဖြည်း အရှိန်လျှော့သွားတယ်။ ရာဇဝတ်သားတွေကို မနက်ကညနေအထိ အဆောင်ဖွင့်ထားပေးပေမဲ့ နိုင်ငံရေးအကျဉ်းသားတွေကတော့ တနေကုန် အခန်းထဲနေရတယ်။ ဒါကို ကျောင်းသားတွေက တစတစ ချိုးဖေါက်ပြီးအခွင့်အရေး တိုးချဲ့ယူရာက နောက်ပိုင်းမှာ နိုင်ငံရေးအကျဉ်းသားတွေ လဲ အဆောင်ဝင်းထဲ အတော်လေး လွတ်လွတ်လပ်လပ် သွားလာခွင့်တွေရလာတယ်။ ရာဇဝတ်အကျဉ်းသားတွေလို အဆောင်တဆောင်နဲ့ တဆောင် ကူးသန်းသွားလာခွင့်တော့ မရပါဘူး။

၃ ဆောင်မှာ ခုလိုပုံစံကိုင်ကျွန်ဇာတ်သွင်းရေးပေါ်လစီ ပြန်အကောင်အထည်ဖော်နေတဲ့သတင်းတွေဟာ တိုက်တွေမှာရှိတဲ့ ကျောင်း သားတွေဆီ တစတစနဲ့ရောက်လာတဲ့အခါ အဲဒါကိုတန်ပြန်ရင်ဆိုင်ဖို့ ဆွေးနွေးညှိနှိုင်းမှုတွေ စလုပ်ကြတယ်။ တွဲဘက်ထောင်က မိုးရာပြည့်၊ ရွှေတိဂုံနဲ့ ဦးသန့် အရေးအခင်း ကျောင်းသားတွေ၊ တခြားနိုင်ငံရေးအကျဉ်းသားတွေလဲ တိုက်ပွဲတိုက်ဖို့ ဆွေးနွေးပြင်ဆင်ကြတယ်။ ထောင်အာ ဏာပိုင်တွေဟာ ဖိနှိပ်ရေးစီမံကိန်းမစခင် ထုံးစံအတိုင်း တလောကြီး စီသေးတယ်။

၅ တိုက်နဲ့ ၄ တိုက်အတိုက ကျောင်းသားတွေနဲ့ တခြားနိုင်ငံရေးအကျဉ်းသားတွေဟာ ၁၉၇၇ ခု–သဂုတ်လ ၁၆ ရက်ကို ရက်သတ် မှတ်လိုက်ပြီး အစာတော်ခံတိုက်ပွဲတိုက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ၄ တိုက်အရှည်ကကျောင်းသားတွေကတော့ အကြောင်းကြောင်းကြောင့် တိုက်ပွဲမှာ မပါဝင်ကြဘူး။ ဒီပုံစံကိုင် ပေါ်လစီဟာ အနေးနဲ့အမြန် တိုက်ထဲကကျောင်းသားတွေနဲ့ တခြားနိုင်ငံရေးအကျဉ်းသားတွေဆီ ရောက် လာမှာဖြစ်လို့ ရာဇဝတ်ဆောင်တွေကို တကွဲတပြားအပို့မခံရခင် တစုတစည်းထဲရှိနေတုံး၊ ကိုယ်ကလက်ဦးအောင် စတိုက်ဖို့ ဆုံးဖြတ် လိုက် တာဖြစ်ပါတယ်။ အစာတော်ခံမဲ့ ကျောင်းသားနဲ့ နိုင်ငံရေးအကျဉ်းသားစာရင်း တောင်းလိုက်တဲ့အခါ ၅ တိုက်ကကျောင်းသားအပါအဝင် နိုင်ငံ ရေးအကျဉ်းသားအားလုံးနီးပါး ၈၀ ခန့်နဲ့ ၄ တိုက်အတိုက ကျောင်းသား ၃၀ ကျော်စာရင်းပေးကြတယ်။ အစာတော်ခံတိုက်ပွဲကို နောက် ဆုံးအချိန်အထိ အသက်စွန့်တိုက်မဲ့ အမာခံ ၄၀ လောက်လိုမယ်လို့ ခန့်မှန်းထားပြီး၅ ယောက် ၆ ယောက်လောက် အသက်စွန့်ရနိုင် တယ်လို့ တွက်ထားတယ်။ ၅ တိုက်ကကျောင်းသားတွေက ၄ သုတ်ခွဲပြီးတသုတ်နဲ့တသုတ် ၃ ရက်စီခြား အစာတော်ခံဖို့နဲ့ အစာတော်ခံ သူတွေကို ခွဲထုတ်တာ၊ နေရာရွှေ့တာလုပ်ရင်တော့ ရက်မခြားတော့ဘဲ တရက်ပြီးတရက် ဆက်တိုက်ဝင်ဖို့ ဆုံးဖြတ်ကြတယ်။ ၄ တိုက်အတိုက ကျောင်းသားတွေကတော့ အားလုံး တသုတ်ထဲစကြတယ်။ ထောင်တွင်းအတွေ့အကြုံအရ အစာတော်ခံတိုက်ပွဲဝင်ရင် ထောင်အာဏာပိုင်တွေ က သောက်ရေပါဖြတ်ပစ်တာ ကြုံခဲ့ဘူးလို့ အခုတိုက်ပွဲမှာ အစာတော်သာမက ရေတော်ဒဏ်ပါခံနိုင်ရည်ရှိဖို့ အားလုံး စိတ်ဓာတ်အရ ပြင်ဆင်ထား ကြတယ်။

ဒီတခါအစာတော်ခံဆန္ဒပြရာမှာ ကြိုတင်ကာကွယ်တဲ့အနေနဲ့ အိမ်တွေကို ထောင်ဝင်စာကတဆင့် ‌ ဝမ်းနှုတ်ဆေးတွေ ကြိုမှာထားတယ်။ အစာတော်မခံခင် ဝမ်းနှုတ်ထားလိုက်တဲ့အတွက် အူရှင်းသွားပြီးစမြင်းခံတာ ဗိုက်အောင့်တာတွေ မဖြစ်နိုင်တော့ပါ။ သတ်မှတ်ထားတဲ့ ရက်မှာ တောင်းဆိုချက်တွေကို စာရွက်တရွက်မှာရေးပြီးကျောင်းသားတွေအပါအဝင် တိုက်ပွဲဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လက်မှတ်ထိုး ပြီးထောင်ဝါဒါတွေလက်ထဲ ထည့်လိုက်တယ်။ တောင်းဆိုချက်တွေကတော့ အဓိကအားဖြင့် နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ပုံစံကိုင် အလုပ်ခိုင်းမှုဖျက်သိမ်းရေးနဲ့ နိုင်ငံရေးအကျဉ်းသား တွေ သီးသန့်ထားရေး၊ တိုက်ကကျောင်းသားတွေနဲ့ တခြားနိုင်ငံရေးအကျဉ်းသားတွေကို အဆောင်ပြန်ပို့ပေးရေးနဲ့ တခြားထုံးတမ်းစဉ်လာ တောင်းနေကျ အခွင့်အရေးတွေ ဖြစ်ပါတယ်။ တိုက်ပွဲစဝင်တဲ့ညမှာ ကျောင်းသားများဟာ တိုက်ပွဲဝင်သီချင်းတွေနဲ့ကဗျာတွေ တယောက်ပြီးတယောက် ဆိုကြ၊ ရွတ်ကြ

တယ်။

၅ တိုက်က ပထမအသုတ် အစာတော်ခံသူတွေကို တိုက်ပွဲစဝင်တဲ့ရက်မှာဘဲ ၆ တိုက်ပိတ်လိုက်ပြီးရေဖြတ်တယ်။ ပထမအသုတ် မှာပါသူတွေက ၇၅ ရွှေတိဂုံအရေးအခင်းက ကိုဦးလှစော (စက်မှုတက္ကသိုလ်၊ ယခု စာရေးဆရာ၊ ကဗျာဆရာ ခိုင်အောင်၊ စစ်တွေ)၊ ကိုသန်းနိုင် (ပညာရေး၊ ဖားအံ)၊ ကိုတင်အောင် (ရန်ကုန် ဝ/သ တက္ကသိုလ်ဥပဒေ၊ နမ့်စန်၊ ပလောင်အမျိုးသား)၊ ကိုခင်ဝင်း (ခေါ်) ဘိုးတော်ခင်ဝင်း (လုပ်သားကောလိပ်၊ ကျန်းမာရေးဌာန ဝန်ထမ်း၊ ယခု သွေးသစ်လူငယ်အဖွဲ့ချုပ်၊ နအဖ ထောင်ကျနေဆဲ)၊ ကိုဝင်းဆွေ (အထကကျောင်းသား၊ ပါရမီ၊ ယခု ရွှေလီ)၊ ကိုမြင့်ဦး (ခေါ်) ဟာနစ် (အထကကျောင်းသား၊ မော်လမြိုင်ကျွန်း)၊ ဦးသန့်အရေးအခင်းက ကိုထွန်းထွန်း (စာရေးဆရာ တောင်တွင်းကိုကိုကြီး၏သား၊ ဗကပသို့တောခို ကျဆုံး)၊ ကိုကျော်စိုး (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ပဲခူးသတ္တုလ)၊ မှိုင်းရာပြည့်အရေးအခင်းက ကိုမြင့်ဦး (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ရေနံချောင်း)၊ ကိုတင်ဝင်းမောင် (အင်းစိန်)၊ မီးမောင်းစာစောင်ထုတ်ဝေမှုက ကိုမြအေး (ကိုကိုးကျွန်းပြန်၊ လက်ပံတန်း၊ ယခု **NLD**)၊ ဗိုလ်ကျော်ဇောမိသားစု တောခိုရာမှာ ကားမောင်းပြီးလိုက်ပို့ပေးလို့ ထောင်ကျလာတဲ့ စက်မှုတက္ကသိုလ်ကျောင်းသား ကိုရဲဝင်း (ယခု ဩစတြေးလျ) တို့ဖြစ်ကြတယ်။ ကိုရဲဝင်းဟာ ယခင် ကျောင်းသားသမဂ္ဂ ခေါင်းဆောင် ကိုကိုးကျွန်းပြန် ကိုဉာဏ်ဝင်းနဲ့ ကိုတင်မောင်ဝင်းတို့ရဲ့ ညီဖြစ်ပါတယ်။ ကိုရဲဝင်းရဲ့ အစ်ကိုနှစ်ယောက်ဟာ ကျွန်းကပြန်ရောက်၊ ထောင်ကလွတ်ပြီးတဲ့နောက် ပဲခူးရိုးမဗကပထံ တောခိုခဲ့ကြတယ်။ ကိုကိုးကျွန်းကနေ မန်းအောင်ကြည် (**KNU** ကျဆုံး)၊ မန်းငြိမ်းမောင် (ယခု **KNU** ဗဟိုကော်မတီ) တို့နဲ့အတူ လှေတစင်းထဲထွက်ပြေး လာခဲ့ပြီးနောက် ပဲခူးရိုးမ ဗကပ ထံရောက်နေတဲ့ ဆရာအောင်ဝေ၊ တခြားတောခိုကျွန်းပြန်တဦးဖြစ်တဲ့ မန္တလေးတက္ကသိုလ် ကျောင်းသားသမဂ္ဂ ခေါင်းဆောင် ကိုအောင်ဘော် တို့နဲ့အတူ သူတို့ညီအကိုနှစ်ယောက်ဟာ ၁၉၇၄ ခုမှာ ရွှေကျင်နယ်အတွင်း လူမျိုးရေးနိုင်ငံရေး အစွန်းရောက် သမားတချို့ရဲ့ လှည့်ဖျားလုပ်ကြံ သတ်ဖြတ်ခြင်းခံရပြီးရေတိမ်နစ်ခဲ့ရတယ်။

ပထမအသုတ် တိုက်ပိတ်ခံရတဲ့အခါ ကျန်တဲ့ ၅ တိုက်ကျောင်းသားများနဲ့ တခြားနိုင်ငံရေးအကျဉ်းသားများက မူလစီစဉ်သလို ၃ ရက်စီမခြား တော့ဘဲ နောက်တနေ့ကစပြီးဆက်တိုက် အစာတော်ခံတိုက်ပွဲဝင်ကြတယ်။ နောက်အသုတ်တွေကိုတော့ ၆ တိုက်မပိတ်နိုင်တော့ဘဲ ၅ တိုက်မှာဘဲ အစာတော် မခံသေးသူတွေနဲ့ သီးခြားအခန်းခွဲထားတယ်။ အစာတော်ခံသူတွေကို အစာတော်မခံသေးသူတွေက ပြုစုကူညီခွင့်မရပါ။ ၄ တိုက်အတိုက် ကျောင်းသားတွေ ကတော့ အားလုံး သတ်မှတ်ရက်မှာစပြီးအစာတော်ခံကြတယ်။ အဲဒီမှာပါဝင်သူတွေက မှိုင်းရာပြည့်က ၁။ ကိုအောင်စောဦး (သွားကောလိပ်၊ ပုသိမ်၊ ယခု **NLD-LA**)၊ ၂။ ကိုကျော်ဇေယျ (ဝိဇ္ဇာသိပ္ပံတက္ကသိုလ်)၊ ၃။ ကိုမင်းထွန်းဝင်း (ဂျီတီအိုင်)၊ ၄။ ကိုခင်မောင်ချို (စက်မှုတက္ကသိုလ်၊ မန္တလေး၊ ယခု ကျူရှင်ဆရာ)၊ ၅။ ကိုစန်းလှိုင် (စက်မှုတက္ကသိုလ်၊ မန္တလေး)၊ ၆။ ကိုဝင်းထွန်း (ရန်ကုန် ဝိဇ္ဇာသိပ္ပံ၊ ယခုကွယ်လွန်)၊ ၇။ ကိုထွန်းအောင်ရွှေ (စက်မှုတက္ကသိုလ်၊ ဖျာပုံ) စသူတို့နဲ့ ရွှေတိဂုံအရေးအခင်းက ၈။ ကိုစိုးဝင်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ယခု ဂျပန်နိုင်ငံ ရောဝတီဂျာနယ်)၊ ၉။ ကိုကျော်အောင် (စီးပွားရေးတက္ကသိုလ်)၊ ၁၀။ ကိုမြင့်ဆွေ (စက်မှုတက္ကသိုလ်၊ မုံရွာ ဆားလင်းကြီး)၊ ၁၁။ ကိုမင်းအောင် (ခေါ်) ဂိုရှယ်လေး (အလကကျောင်းသား၊ တောင်ဥက္ကလာ)၊ ၁၂။ ကိုသန်းနိုင် (ကောင်စီစာရေး၊ ၊ယခု နအဖထောင်ကျနေဆဲ ပုဂံသန်းနိုင်)၊ ၁၃။ ကိုအောင်သန်းမြင့် (စီးပွားရေးတက္ကသိုလ်၊ ယခုကလလတ)၊ ၁၄။ ကိုဖုန်းမြင့် (ဝ/သတက္ကသိုလ်)၊ ၁၅။ ကိုအောင်တင်သိန်း (ဝ/သတက္ကသိုလ်၊ သံတွဲ၊ ရခိုင်အမျိုးသား၊ ယခုရွှေလီ)၊ ၁၆။ ကိုမိုးမြင့် (အထကကျောင်းသား၊ ယခုပြည်သူ့တိုးတက်ရေးပါတီ)၊ ၁၇။ ကိုတင်ရွှေ (ခေါ်) ဆမ်ဆန် (အလကကျောင်းသား၊ ယခုလူ့ဘောင်သစ်)၊ ၁၈။ ကိုကျော်စိန် (သမိုင်းချည် စက်၊ ၇၄ အလုပ်သမားသပိတ်) တို့ဖြစ်ကြတယ်။

စစ်အစိုးရထောင်တွေမှာ အစာတော်ခံတိုက်ပွဲဝင်တာကို ဖြိုခွဲတဲ့နည်းနှစ်နည်းရှိတယ်။ သမရိုးကျနည်းက အစာတော်ခံသူတွေရှေ့ ထမင်းဟင်းတွေ အနံ့တသင်းသင်း၊ ဆီတဝေ့ဝေ့နဲ့ လာချပေးပြီးဆွဲဆောင်တဲ့နည်းဖြစ်တယ်။ ဒါပေမဲ့ ပိုအသုံးများတဲ့နည်းကတော့ အစာတော်ခံ သူတွေကို သောက်ရေ ဖြတ်တာဖြစ်တယ်။ အခုတိုက်ပွဲမှာ အစာတော်ခံသူတချို့က မိမိတို့အဝတ်အစားတွေ ကြိုးနဲ့ချည်ပြီးတိုက်ခန်းအပြင် ဘက် မိုးရွာထဲလှမ်းပစ်၊ မိုးရေစွဲနစ် သွားတဲ့အခါ ကြိုးနဲ့ပြန်ဆွဲယူ၊ ရေညှစ်ထုတ်ပြီးသောက်ကြတယ်။ တချို့လဲရေပြေန် (ဆီး) သောက်ကြည့်ကြ တယ်။ တချို့ကတော့ ဒီအတိုင်းကြံ့ကြံ့ခံနေတယ်။ ရေပြေန်သောက်တဲ့နည်းက ရက်ကြာလာတဲ့အခါ အလွန်နံစော်လာပြီးအရသာလဲ အငင်ဆိုး လာတဲ့အတွက် ဆက်မသောက်နိုင်ကြတော့ပါ။

၅ တိုက်ကကျောင်းသားအများစုကြီးဟာ အစာတော်ခံ၊ အထူးသဖြင့် ရေငတ်ဒဏ် မခံနိုင်ကြဘဲ တိုက်ပွဲစပြီး၂-၃ ရက်လောက်အ ကြာမှာ တယောက်ပြီးတယောက် အရှုံးပေးနောက်ဆုတ်သွားကြတယ်။ သူတို့ဟာ ထောင်အာဏာပိုင်တွေဆီမှာ တိုက်ပွဲကထွက်ကြောင်း၊ ထောင်စည်းကမ်း အတိုင်း နေမဲ့အကြောင်း လက်မှတ်ထိုးရပြီးတိုက်ပွဲဆက်ဝင်သူတွေနဲ့ အခန်းခွဲထားခံရတယ်။

တပတ်လောက်အကြာမှာ အဝတ်တွေမိုးရေထဲခံပြီးရေသောက်တာ ထောင်ဝါဒါတွေတွေ့သွားလို့ အစာတော်ခံသူတွေကို အဝတ်အ စားအားလုံး ချွတ်ယူသွားပြီးကိုယ်တုံးလုံးထားတယ်။ ခြစ်ရာစောင်ပါ သိမ်းသွားလို့ အစာတော်ခံတိုက်ပွဲဝင်သူတွေဟာ မိုးအေးအေးမှာ ရေတစက်မသောက်ရဘဲ တိုက်ခန်း ထဲ ကိုယ်လုံးတီးအိပ်ရတယ်။ ၆ တိုက်ပိတ်ခံရတဲ့ ပထမအသုတ်အစာတော်ခံသူတွေနဲ့ ၄ တိုက်အတိုက် အစာတော် ခံသူအများစုဟာ ၁၀ ရက်တိုင်အောင် တောင့်ခံနေပေမဲ့ ကျန်အများစုကြီး အရှုံးပေးထွက်သွားပြီးမူလရည်မှန်းသလို အမာခံ ၄၀ လောက် မကျန်နိုင်တော့ဘူးဆိုတာ သဘောပေါက်လာလို့ အားလုံး သပိတ်လှန်လိုက်ရတယ်။ ၅ တိုက်မှာ ပထမအသုတ်က မဟုတ်ဘဲ နောက်ဆုံး အနည်းစု ကျန်တဲ့ထိတိုက်ပွဲဝင်သူတွေကတော့ မှိုင်းရာပြည့်က ကိုမျိုးထွန်း (ခေါ်) ခွန်ဆိုင်း (ဆေး ၁၊ ယခု သွေးသစ်လူငယ်အဖွဲ့ချုပ်၊ နအဖ ထောင်ထပ်ကျနေဆဲ)၊ ကိုငြိမ်းဝင်း (စက်မှုတက္ကသိုလ်၊ ယခု အိန္ဒိယ)၊ ကိုတင်အေးကြူ (ခေါ်) မောင်မှိုင်းလွင် (စက်မှုတက္ကသိုလ်၊ အင်း၀ တံတားဦး၊ ယခု အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု၊ နအဖ ထောင်ကျနေဆဲ)၊ ကိုကျော်ကျော်ဦး (ဂျီတီအိုင်၊ ယခု စာရေးဆရာ ငြိမ်းအေးအိမ်)၊ ရွှေတိဂုံအရေးအခင်းက ကိုအောင်ထိုက် (ဆေး ၂၊ မြို့လှ၊ ယခု ရန်ကုန်စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်)၊ ကိုဒေဗာရာ့ဂျ် (ရန်ကုန်ဝိဇ္ဇာသိပ္ပံဥပဒေ၊ ကျောက်မဲ၊ ဂေါ်ရခါးအမျိုးသား)၊ ကိုဖွေးအောင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံဥပဒေ၊ သံလျင် ယခု ကယန်းပြည်သစ်)၊ ကိုအေးအောင် (ဆေး၁၊ ရန်ကုန်)၊ စတဲ့သူတွေဖြစ်တယ်။ အစာတော်ခံသူတွေထဲနောက်ဆုံးကျန်သူက ကိုစိုးဝင်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ယခု ဂျပန်နိုင်ငံ) ဖြစ်ပြီးအစာတော်ခံ ၁၂ ရက်မြောက်မှာ ၄ တိုက်အတိုက်နေ ထမ်းစင်နဲ့ထမ်းထုတ်သွားပြီး၆ တိုက်ပိတ်လိုက်တယ်။ ကိုစိုးဝင်းနဲ့ ၆ တိုက် ပိတ်ခံထားရတဲ့ ၅ တိုက် ပထမသုတ် အစာတော်ခံသူတွေကို ကျန်ကျောင်းသားတွေ တိုက်ပွဲကထွက်တဲ့အကြောင်း လက်မှတ်ထိုးထားတဲ့ စာအုပ်ပြပြီးအာဏာပိုင် တွေကဆွဲဆောင်လို့ ဆက်တိုက်လဲမထူးတော့ဘူးဆိုပြီးစိတ်လျှော့လိုက်ကြတယ်။ ၁၀ ရက်ကြာအစာတော်ခံပြီးမြန်စားသူတွေကို လုံးတီး ထမင်းဘဲတခါတည်း တန်းကျွေးလို့ ဗိုက်နာဗိုက်အောင့်ဖြစ်ကြတယ်။ ကံကောင်းထောက်မစွာဘဲ ဒီထက်ဆိုးဆိုးဝါးဝါး ရောဂါဝေဒနာတွေတော့ မဖြစ် လိုက်ပါဘူး။ ဒီလိုနဲ့ ၁၉၇၇ ခုအောက်တိုဘာလ ကျွန်ဇာတ်သွင်းရေးပေါ်လစီတိုက်ဖျက်ရေး ၄ တိုက်နဲ့ ၅ တိုက် ကျောင်းသားများရဲ့ တိုက်ပွဲဟာ အရှုံးကြီးရှုံး သွားခဲ့ပါတော့တယ်။ အခြေအနေပိုဆိုးသွားရတာက အစာတော်ခံကျောင်းသားတွေဟာ ယခင် အစာတော်ခံတိုက်ပွဲတွေလို တညီထဲ ဝင်ဘော၊ အထူးသဖြင့်

တညီတည်းသပိတ်လှန်တာမျိုး မလုပ်ကြဘဲ တယောက်တပေါက် အရှုံးပေးသွားကြတာဟာ အာဏာပိုင်တွေအတွက် ပို အကွက်ဆိုက်သွားစေပါတယ်။

၄ တိုက်နဲ့ ၅ တိုက် အစာငတ်ခံတိုက်ပွဲ လုံးဝပြိုသွားပြီးနောက် ကျောင်းသားတွေအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို ရက်တချို့ တိုက်ထဲမှာဘဲ ဆက်ထားတယ်။ ၃–၄ ရက်အကြာမှာ ပဲဟင်းအသိုးတွေ ကျွေးတဲ့ကိစ္စနဲ့ပတ်သက်ပြီးကျောင်းသားတွေနဲ့ဝါဒါတွေ စကားများကြတယ်။ အဲဒီညနေမှာ ရွှေတိဂုံအရေးအခင်းက ကိုအောင်ထိုက် (ဆေး၂၊ မြို့လု၊ ယခု စိတ်တိုင်းကျစားသောက်ဆိုင်) ကို အရင် ဆုံးခေါ်ထုတ်သွားတယ်။ ဒီနောက်မှာ ၅ တိုက်မှာရှိတဲ့ ကျန်ကျောင်းသားတွေအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး တယောက်ပြီးတယောက် ၁၅ မိနစ်–မိနစ် ၂၀ လောက်ခြားပြီး ခေါ်ထုတ်တယ်။

ခေါ်ထုတ်ခံရသူတွေကို အပြင်မှာစောင်အုပ်လိုက်ပြီး ၆ တိုက်ပိတ်တယ်။ ၆ တိုက်ထဲရောက်တော့ အသင့်စုစည်းထားတဲ့ဝါဒါတွေ၊ စစ်ထောက်လှမ်းရေးတွေနဲ့ ရာဇဝတ်အကျဉ်းသားဒေါက်တိုင်တွေဝင်လာပြီးရေရေလည်လည်ဝိုင်းနှက်ကြတယ်။ ဝါဒါတွေနဲ့ ရာဇဝတ်အကျဉ်း သားတွေ ၁၀၀ လောက်ကို စုထားပြီးအသင့်စောင့်နေတာဖြစ်တယ်။ ၆ တိုက်တခန်းကို ကျောင်းသား ၄–၅ ယောက်ထည့်ပြီးဝါဒါတွေ၊ စစ်ထောက်လှမ်းရေးတွေနဲ့ ရာဇဝတ်သား ဒေါက်တိုင်တွေ တယောက်ညောင်းရင်တယောက် ဝိုင်းအုံ ဆွမ်းကြီးလောင်းကြတာဖြစ်တယ်။ နံပါတ် ဒုတ်မပါပေမဲ့ သားရေပြား၊ စစ်ခါးပတ်၊ ကြိမ်လုံးတွေနဲ့ လက်သီးတွေ၊ လက်ဝါးတွေ၊ စစ်ဖိနပ်တွေ ဖောဖောသီသီသုံးကြလို့ သွေးထွက်သံယို ဖူးယောင်ပေါက်ပြဲကုန်ကြတယ်။ အဲသလို အားရပါးရရိုက်နှိုက်ပြီးတဲ့အခါ ပုံစံအပြည့်စကိုင်ပါတယ်။ ဒါဏ်ရာတွေ ဆေးမထည့်ပေးပါ။ ၆ တိုက်တင်မက ကျန်တဲ့ ၄ တိုက်အရှည်၊ အတိုက် ကျောင်းသားတွေအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကိုလဲ ပုံစံကိုင်ပါတယ်။ ၄ တိုက်အတို ကိုဝင်ရိုက်ကြတော့ ပထမဆုံးအခန်းက နံပတ် ၁၉ ပါ။ အဲဒီအခန်းမှာ အစာငတ်ခံဆန္ဒပြတာ ၁၀ ရက်ကြာလို့ ကောင်းကောင်း နလံမထ နိုင်သေးတဲ့ ကိုတင်ရွှေ၊ ကိုကျော်စိန်၊ မောင်မောင်မြင့်နဲ့ ကိုအောင်စောဦးတို့ကို စစ်ထောက်လှမ်းရေး တပ်ကြပ်ကြီးအဆင့်ရှိ သိန်းမြိုင်နဲ့တစု ဝင်လာပြီးစစ်ဖိနပ်နဲ့ဆောင့်ကန်၊ လက်သီးနဲ့ထိုး၊ သားရေခါးပတ်၊ ကြိမ်လုံးစတာတွေနဲ့ ဝိုင်းသမကြတယ်။ ဒီနောက် ပုံစံကိုင်တယ်။ ၄ တိုက်၊ ၅ တိုက်၊ ၆ တိုက်မှာ အစာငတ်ခံဆန္ဒပြတဲ့နေ့ကစပြီး၃၇ ရက်ရေချိုးမပေးဘဲထားတယ်။ ၃၈ ရက်မြောက်နေ့မှာ တချို့ကိုစစ်ခွေးတိုက်ခေါ်သွားပြီးရေချိုးပေးတယ်။ အဲဒီနောက် ၄–၅–၆ တိုက်ကနိုင်ငံရေးအကျဉ်းသားအများစုကို ရာဇဝတ် ဆောင်(အချုပ် ၁–၂ ဆောင်) တွေကိုစစ်ခွေးတိုက်ပို့လိုက်တယ်။ တချိန်တည်းလောက်မှာ ၂ တိုက်က ဦးသန့်အရေးအခင်းနဲ့ ရွှေတိဂုံအရေးအခင်း ကျောင်းသားတွေ အားလုံးကို စစ်ခွေးတိုက်ပို့ပြီးဝါဒါ တွေ ရာဇဝတ်အကျဉ်းသားဒေါက်တိုင်တွေက ပယ်ပယ်နယ်နယ် ပုံစံကိုင်တယ်။ တပတ်လောက် အပြင်းထန်ဆုံး ပုံစံကိုင်ပြီးတဲ့နောက် ရာဇဝတ် ဆောင်တွေ ပို့လိုက်တယ်။

ရာဇဝတ်ဆောင်တွေမှာ အခန်းကြီးတခန်းကို ကျောင်းသား ၃–၄ ယောက်ထည့်ပြီးပုံစံပေးတယ်။ အလုပ်ကြမ်းတော့မခိုင်းပါ။ ထောင်အာဏာပိုင်တွေက အမာခံခေါင်းဆောင်လို့ ယူဆတဲ့ အနည်းစုကိုတော့ ၄ တိုက်နဲ့ ၅ တိုက်မှာ တယောက်တခန်း တနှစ်နီးပါးလောက် ဆက်လက်တိုက်ပိတ်ထားပြီးမှ ရာဇဝတ်ဆောင်တွေပို့လိုက်တယ်။ ယခင်က 'ဆူပူရေးကျောင်းသား' လို့ထောင်အာဏာပိုင်တွေက ခေါ်ဝေါ် သုံးနှုန်းခဲ့ရာက ယခုအခါမှာတော့ 'ထောင်ကျရဲဘက်' လို့ပြောင်းလဲခေါ်ဝေါ်လာတယ်။

၆ တိုက်ထဲ ဝိုင်းပြီးဆွမ်းကြီးလောင်းနေချိန်မှာ စစ်ထောက်လှမ်းရေးတွေနဲ့ ဝါဒါတွေပါးစပ်က စကားတခွန်းထွက်လာတယ်။ "မင်းတို့ ကျောင်းသားတွေဟာ တောထဲကသူပုန်ထက်ပိုဆိုးတယ်" တဲ့။ ဒါဟာ ဗမာပြည်စစ်အာဏာရှင်တွေရဲ့ သမိုင်းဖြစ်တယ်။ ၁၉၆၂ ခုကစပြီးစစ်အစိုးရအဆက်ဆက် တောက်လျှောက်ခံယူ ကျင့်သုံးခဲ့တဲ့ သဘောထားရပ်တည်ချက် ဖြစ်တယ်။ မဆလ၊ နဝတ၊ နအဖ စစ်အုပ်စုအားလုံး ဟာ ဒီခံယူချက်အတိုင်း တသမတ်ထဲ လှုပ်ရှားရပ်တည်ခဲ့တာ၊ လှုပ်ရှားရပ်တည်နေတာ၊ လှုပ်ရှားရပ်တည်နေအုံးမှာ ဖြစ်ပါတယ်။

ဒီအချိန်မှာဘဲ ရင်ကွဲတိုက်မှာ နောက်ဆုံးကျန်နေတဲ့ ဦးသန့်အရေးအခင်းနဲ့ ရွှေတိဂုံအရေးအခင်းကျောင်းသား ၂၅ ယောက်ကလဲ အထွေထွေပုံစံပေါ်လစီကိုတိုက်ဖျက်ဖို့နဲ့ ယခင်ရထားတဲ့ စာအုပ်စာတမ်းသွင်းခွင့်လို အခွင့်အရေးတွေ ဖျက်သိမ်းခံရတာပြန်ရဖို့ အစာငတ်ခံတိုက်ပွဲဝင်ကြတယ်။ ဦးသန့်အရေးအခင်းက ကိုသောင်းအေး (ရန်ကုန် ဝ/သ တက္ကသိုလ်၊ မအူပင်၊ ယခု **NLD**)၊ ကိုစလုင္ဒေ (ရန်ကုန် ဝ/သ တက္ကသိုလ်၊ ယခု **KNU** တပ်မဟာ ၂)၊ ကိုမြင့်ဟန် (ရန်ကုန်ဝ/သ တက္ကသိုလ်၊ ခရမ်း၊ ယခု စိတ်တိုင်းကျလဖက်ရည်ဆိုင်)၊ ကိုမောင်မောင်တိတ် (ရန်ကုန် ဝ/သ တက္ကသိုလ်၊ ယခု **ABSDF**)၊ ကိုစိုးညွှန့် (ရန်ကုန် ဝ/သ တက္ကသိုလ်၊ ယခု အမေရိကန်ပြည်)၊ ကိုသက်ဦး (အလက ကျောင်းသား)၊ ကိုအောင်ကို (ရန်ကုန်ဝ/သ၊ ယခု နယူးဇီလန်)၊ ၇၅ ၇၂နှစ်အရေးအခင်းက ကိုထွန်းသန်း (ဆေး ၂၊ မော်လမြိုင်)၊ ကိုသန်းထွဋ် (ဆေး ၂၊ ဟသ်ာတ)၊ ကိုစိုးအောင် (ဆေး ၂၊ ဟသ်ာတ)၊ ကိုကျော်ကျော် (အထကကျောင်းသား၊ မင်းဘူး၊ ယခု **ABSDF** ကိုလွမ်းဏီ)၊ ကိုမြင့်ထွန်း (ရန်ကုန်ဝသြ၊ ရေနံချောင်း၊ ယခုရွှေလီ)၊ ကိုမောင်မောင်လတ် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ရန်ကုန် ဘားလမ်း)၊ ကိုဝင်းအောင် (ရန်ကုန်ဝ/သ၊ တောင်သာ)၊ ကိုစိန်ဝင်း (စီးပွားရေးတက္ကသိုလ်)၊ လာလူး (အလကကျောင်းသား၊ ဗကပသို့တောခိုကျဆုံး) စတဲ့သူတွေ ပါဝင်တယ်။ အစာငတ်ခံတာ ၂ ရက်အရမှာ အားလုံးကိုခေါ်ထုတ်သွားပြီး စစ်ခွေးတိုက်ပိတ်လိုက်တယ်။ ခေါ်သွားရာလမ်းတလျှောက်လုံးနဲ့ အထူးသဖြင့် မိန်းဂျေးရှေ့မှာ အကြီးအကျယ်ဝိုင်းရိုက်တာခံရတယ်။ စစ်ခွေးတိုက်ထဲ နောက် ၇ ရက်ဆက်ထားရာမှာ လုံးဝအစာငတ်ရေငတ်ထားပြီးစောင်၊ ဖျာ၊ ဂန်ဖလား (နောက်ဖေးအိုး) မပေးဘဲထားတယ်။ ၇ ရက်ပြည့်တော့ အားလုံးကို ရာဇဝတ်အကျဉ်းသားအဆောင်ပို့ပြီးအပြတ်ပုံစံကိုင် ပါတော့တယ်။

မရှေ့မနှောင်းလောက်မှာဘဲ တွဲဘက်ထောင်မှာရှိတဲ့ ကျောင်းသားတွေအပါအဝင် နိုင်ငံရေးအကျဉ်းသား ၄၀ လောက်ကလဲ ပုံစံကိုင် ကျွန်ဇာတ်သွင်းရေးပေါ်လစီကို စတိုက်ကြတယ်။ ညနေအဆောင်ပိတ်ချိန်မှာ အဆောင်ထဲပြန်မဝင်ဘဲ အာဏာဖီဆန်ပြီးတောင်းဆိုချက်တွေကို အာဏာပိုင်တွေဆီ တင်လိုက်တယ်။ ဒီအခါမှာ ၃ ဆောင်ပုံစံစကိုင်ကတဲက စတင်းဘိုင်လုပ်ထားတဲ့ ဝါဒါ ၂၀၀ လောက်က ကြိမ်ဒိုင်းတွေကိုင်ပြီးနံပါတ်ဒုတ်တွေနဲ့ဝင်ရိုက်တယ်။ ကျောင်းသားတွေက ကြွေးကြော်သံတွေအော်ကြပေမဲ့ ပြန်လည်အကြမ်းဖက်ခုခံမှုမလုပ်ခဲ့ပါ။ ကျောင်းသားတွေ အပါအဝင် နိုင်ငံရေးအကျဉ်းသား အများအပြား ပြင်းပြင်းထန်ထန် ဒဏ်ရာအနာတရ ရခဲ့ကြတယ်။ အဲဒီနောက် တိုက်ပွဲဝင်သူတွေကို စစ်ခွေး တိုက်ပို့ပြီးပုံစံကိုင်ခဲ့တယ်။ အဲဒီတိုက်ပွဲမှာ မှိုင်းရာပြည့် အရေးအခင်းက ကိုဝင်းမြင့် (စက်မှုတက္ကသိုလ်၊ ယခုစာရေးဆရာ ဝင်းမင်းထွေး)၊ ကိုမြင့်လှိုင် (ဆေး–၁၊ အင်းတော်၊ ယခု အမေရိကန်နိုင်ငံ)၊ ကိုစောလှိုင် (စီးပွားရေးတက္ကသိုလ်၊ အင်းတော်၊ ယခု **NLD** လွှတ်တော်အမတ်)၊ ကိုကျော်မင်းမောင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ယခုပန်းချီဒီဇိုင်းဆရာ၊ အင်မတန်ဂယက်ထရိုက်ခတ်သွားခဲ့တဲ့ ၁၉၇၆ ရန်ကုန်ဝိဇ္ဇာသိပ္ပံ နှစ်လည်မဂ္ဂဇင်း မျက်နှာဖုံးပုံဆွဲသူ)၊ ၄င်းရဲ့အစ်ကို ကိုကျော်ဝင်းမောင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ကဗျာဆရာ)၊ ကိုသိန်းသန်းဦး (မန္တလေးဝိဇ္ဇာသိပ္ပံ၊ ယခု အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု၊ နအဖခေတ်ထောင်ထပ်ကျ)၊ ကိုသန်းရွှေ (ဂျီတီအိုင်၊ ချင်းအမျိုးသား)၊ ကိုအိုင်ဇင် (ဂျီတီအိုင်၊ ပုသိမ်)၊ ကိုထွန်းထွန်းဦး (ဂျီတီအိုင်၊ မော်လမြိုင်ကျွန်း)၊ ကိုခင်မောင်သန်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ–ဥပဒေ၊ မုံရွာ)၊ ကိုသန်းတင့်အောင် (စက်မှုတက္ကသိုလ်၊

ရွှေကူ)၊ ကိုစိုးဝင်း (စီးပွားရေးတက္ကသိုလ်၊ ငါးသိုင်းချောင်း)၊ ကိုကျော်မင်း (စက်မှုတက္ကသိုလ်၊ မန္တလေး)၊ အနီမောင် (ရန်ကုန် ဝ/သတက္ကသိုလ်၊ ကဗျာဆရာ)၊ ကမာရွတ်ဂါတ်တဲမီးရှို့မှုက ကိုမြင့်အောင် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ)၊ ကိုခင်ရွှေ (ရန်ကုန်ဝိဇ္ဇာသိပ္ပံ)၊ ဦးသန့်ရွှေတိဂုံ နှစ်မှုတွဲက ကိုခင်မောင်လင်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံကျောင်းသားဟောင်း)၊ ရွှေတိဂုံအရေးအခင်းက ကိုမြင့်အေး (ရန်ကုန်ဝိဇ္ဇာသိပ္ပံ)၊ ကိုကျော်ရင် (နိုင်ငံခြား ဘာသာသိပ္ပံ၊ မွန်အမျိုးသား)၊ မိုးဖြဲ (ခေါ်) ပေါက်စ (အလကကျောင်းသား) နဲ့ အသက် ၂၀အောက် ကျောင်းသားလေးတွေ အများအပြားပါဝင်ပြီးမီးမောင်းစာစောင်ထုတ်ဝေမှုနဲ့ ဗိုလ်ကျော်ဇောတောခိုဆက်စပ်မှုက ကိုစိန် (စစ်တောင်းစက္ကူစက် ပညာရှင်ဝန်ထမ်း၊ ကချင်ပြည်နယ် **ABSDF** အတွင်း အချင်းချင်းဖြုတ်ထုတ်သတ်ခံရသူ)၊ ကိုဇော် (ရေတပ်)၊ ကိုစိန်ဝင်း (ဆေးတပ်၊ ပြည်)၊ ကိုနေဝင်း (ကျန်းမာရေးဌာနဝန်ထမ်း) စသူတို့ပါဝင်ကြတယ်။ စစ်ခွေးတိုက်မှာ ပုံစံကိုင်ပြီးနောက် ရာဇဝတ်ဆောင်တွေဆီပို့လိုက်တယ်။ ကိုခင်မောင်လင်း နဲ့ကိုမြင့်လှိုင်ကိုတော့ ၅ တိုက်မှာ ၂ နှစ်ကျော်ဆက်ပြီးတိုက်ပိတ်ထားလိုက်တယ်။ ၃ ဆောင်၊ ၂ တိုက်၊ ၄ တိုက်၊ ၅ တိုက်နဲ့ တွဲဘက်ထောင်က တိုက်ပွဲဝင်သူတွေကို ထောင်ဝင်စာ တလလောက် ပိတ်လိုက်သေးတယ်။

ဒီ ၁၉၇၇ ခု –ဩဂုတ်လ တိုက်ပွဲတွေဟာ အင်မတန်တိုက်သင့်တဲ့၊ အရေးကြီးလှတဲ့ အဆုံးအဖြတ်တိုက်ပွဲတွေ ဖြစ်ပေမဲ့ ကျောင်းသား တွေဟာ ကိုယ့်အင်အားကိုယ် ပိုတွက်ခဲ့မိတာ အဓိကအားနည်းချက် ဖြစ်သွားတယ်။ ဒါ့အပြင် ၃ ဆောင်၊ ၄ တိုက် ၅ တိုက်နဲ့တွဲဘက်ထောင်က ကျောင်းသားနဲ့ နိုင်ငံရေးအကျဉ်းသားတွေဟာ ရန်သူကကိုယ့်ကို ဘာတခုမှ တိုက်ရိုက်လုပ်မလာခင် ကိုယ်ကအရင်စတိုက်တာဖြစ်လို့ ကျိုးကြောင်းဆီလျော်မှုပိုင်းမှာလဲ အားနည်းသွားတယ်။ အဓိကအမှားကတော့ ယခင်တိုက်ပွဲအရှိန်တွေနဲ့ မိမိတို့ကျောင်းသားတွေဟာ နိုင်ငံရေး စိတ်ဓာတ် မြင့်မားကြံ့ခိုင်တယ်လို့ ဆန္ဒစွဲကျကျ အကဲဖြတ်မိတာဘဲဖြစ်တယ်။ ကိုကိုးကျွန်းတိုက်ပွဲတွေအကြောင်း ကြားသိပြီးနောက် မိမိတို့လဲ ကိုကိုးကျွန်းရဲဘော်တွေလို တိုက်နိုင်တဲ့အဆင့်ရှိမယ်ဆိုပြီးအားကျစိတ်နဲ့ စိတ်ကူးယဉ်မှုပေါင်းကာ ကိုယ့်ကိုယ်ကိုပိုတွက်မိခဲ့တယ်။ တကယ်က တော့ ကိုယ်အသာစီးရနေတဲ့ အခြေအနေကောင်းမှာ အားလုံးလိုလို တက်ကြွနေကြပြီးဘာအခက်အခဲမှ ကြီးကြီးမားမားမတွေ့ရဘဲ လိုက်ပါမ ကြောင်းနေခဲ့ကြတာဖြစ်တယ်။ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး အခြေခံအားဖြင့် ရှိကြပေမဲ့ ရှေ့ပိုင်းမှာပြောခဲ့သလို အပျော့အမာ ဒီဂရီကွာခြားမှုအမျိုးအမျိုး ကြီးကြီးမားမားတွေ ရှိနေကြတာဖြစ်ပါတယ်။ တိုက်ပွဲဝင်သူအချင်းချင်း အဆက်ပြတ်သွားတဲ့ပြဿနာနဲ့ ရေဝတ်ဒါဏ် ခံနိုင်ရေးပြဿနာတွေကိုလဲ လက်တွေ့မှာ မကျော်လွှားနိုင်ခဲ့ပါဘူး။

လီနင်ပြောခဲ့ဖူးတဲ့ “သပိတ်သမားတိုင်း ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားမဟုတ်။ သပိတ်သမားနဲ့ ပရော်ဖက်ရှင်နယ် တော်မလှန်ရေးသမားကြားမှာ အရေးပါတဲ့ကွဲပြားမှုကြီးကြီးမားမားရှိတယ်။ သာမန်သပိတ်သမားတွေကို အမာခံထားပြီးရန်သူကို အောင်ပွဲရအောင် တိုက်လို့မရနိုင်ဘူး။ ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားတွေကဘဲ အမာခံလုပ်ပြီးသာမန်သပိတ်သမားတွေကို စည်းရုံးတိုက်ပွဲဝင်ရမယ်။ သာမန်သပိတ်သမားဆင့်ကနေ ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားအဆင့် ရောက်အောင် အရည် အချင်းအရရော၊ အရေအတွက်အရပါမြှင့်တင်ဖို့လိုတယ်” ဆိုတဲ့စကားတွေကို ဒီတိုက်ပွဲတွေအတွင်းမှာ လက်တွေ့ သိမြင်သဘောပေါက်ခဲ့ရတယ်။

ဒီလိုနဲ့ အင်းစိန်ထောင်ထဲမှာ တချိန်က ဘုန်းမီးနေလတောက်ပခဲ့တဲ့ ကျောင်းသားအင်ပါယာကြီး ကျဆုံးပြိုလဲ သွားခဲ့ပါတော့ တယ်။ ဒါပေမဲ့ ကျောင်းသား စစ်သည်တော်တွေ လုံးဝဦးကျိုးသွားတာမဟုတ်ဘူး ဆိုတာကိုတော့ ထောင်ကနောက်ဆုံးလွတ်တဲ့အချိန်ထိ တောက် လျှောက်တွေ့ရပါတယ်။ တဖက်မှာတော့ မဆလစစ်အုပ်စုရဲ့ နိုင်ငံရေးအကျဉ်းသား အဆင့်အတန်းဖျက်သိမ်းရေး ပုံစံကိုင်ကျွန်ဇာတ်သွင်းရေး ပေါ်လစီဟာ အတိုင်းအတာတခုထိ အောင်မြင်မှုရသွားတာ ဒီကနေ့ နအဖခေတ်တိုင်အောင် ဖြစ်သွားပါတော့တယ်။

မဆလ စစ်အစိုးရဟာ ၁၉၇၄–၇၅ ခုနှစ်တွေမှာ အကြပ်အတည်း အင်မတန်ကြီးခဲ့တယ်။ တနိုင်ငံလုံးလူဦးရေရဲ့ ၉၁ ရာခိုင်နှုန်း ကျော် ထောက်ခံအတည်ပြုတယ်ဆိုတဲ့ တပါတီအာဏာရှင်စနစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေချမှတ်ပြီး ၆ လအကြာ ၁၉၇၄ မေလ္လန်လ များမှာ ‘မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ရဲ့ အခြေခံအင်အားလို့ဆိုတဲ့ အလုပ်သမားတွေ တနိုင်ငံလုံးအနှံ့သပိတ်မှောက်ဆန္ဒပြကြတာကို စစ်အစိုးရက ရက်ရက်စက်စက် ပစ်သတ်ဖြိုခွင်းလိုက်ခြင်းအားဖြင့် မဆလရဲ့ ‘ဆိုရှယ်လစ်ဒီမိုကရေစီဒ လို့ဆိုတဲ့ မင်းသားခေါင်းစွပ် လုံးဝကျွတ်ကျသွား ပြီးနောက် မြို့ပေါ်လူထုအုံကြွမှုတွေ၊ ကျောင်းသားလှုပ်ရှားမှုတွေ ၆ လတခါ ပြင်းပြင်းထန်ထန်ပေါက်ကွဲလာခဲ့တယ်။ စစ်အစိုးရရဲ့ အခြေ အနေ အင်မတန်အကြပ်ဆိုက်ရာကနေ အခုလို လူထုအုံကြွလှုပ်ရှားမှုတွေ ပေါ်လာတာပါဘဲ။ ဒီလိုစီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အကြပ်အတည်းတွေနဲ့အတူ ရန်သူတွင်းပဋိပက္ခတွေလဲ ပြင်းထန်လာပြီး ဗိုလ်ကြီးအုန်းကျော်မြင့်တို့ရဲ့ နိုင်ငံတော်လုပ်ကြံမှု၊ မဆလပါတီယူနစ် ဥက္ကဋ္ဌဟောင်း မန်းငွေအောင်ရဲ့ နိုင်ငံတော်သစ္စာဖောက်မှု၊ မဆလပါတီယူနစ် ဥက္ကဋ္ဌဟောင်း ဦးထိန်လင်းရဲ့ ရခိုင်ပြည်ခွဲထွက်ရန် ကြံစည်မှုဆိုတာတွေ မဖုံးနိုင်မဖိနိုင်ပေါ်လာတယ်။ ဒီကာလဟာ ၁၉၆၂ ခုနဲ့ ၁၉၈၈ ကြား စစ်အာဏာရှင်တွေရဲ့ အကြပ်အဆိုက်ဆုံးကာလ ဖြစ်ခဲ့ပါ တယ်။

အဲသလိုစစ်အာဏာရှင်တွေရဲ့ အခြေအနေဆိုးကနေပြီး၁၉၇၆ ခုနောက်ပိုင်းမှာ ကယ်တင်ရှင်တွေ ပေါ်လာခဲ့တယ်။ စစ်အာဏာရှင်စနစ်ကို အသက်ဆက်ပေးခဲ့သူတွေကတော့ ဒီကနေ့ဗမာပြည်မှာ ဒီမိုကရေစီမကျင့်သုံးမချင်း စီးပွားရေးအကူအညီတွေ ဖြတ်တောက်ထားမယ်လို့ ပြောနေတဲ့ ကမ္ဘာ့ဘဏ်၊ (အနောက်) ဂျာမဏီနိုင်ငံ၊ ဂျပန်နိုင်ငံနဲ့ အိုပက်ခေါ် ရေနံရောင်းနိုင်ငံများအဖွဲ့ တို့ဖြစ်တယ်။ ဒီအဖွဲ့အစည်းတွေ၊ နိုင်ငံတွေရဲ့ စီးပွားရေးအကူအညီဟာ ဘက်ပေါင်းစုံ အကြပ်အတည်းဆိုက်နေတဲ့ မဆလစစ်အစိုးရကို အသက်ရှူပေါက်ရ စေခဲ့ပြီးနေဝင်း မဆလ အတွက် စီးပွားရေးအရသာမက နိုင်ငံရေးနဲ့ စိတ်ဓာတ်ရေးအရ အားပေးမှုပါ ဖြစ်စေခဲ့လို့ ၁၉၇၇ ခုကစပြီးစစ်အုပ်စုဟာ နလံပြန်ထ လာနိုင်ခဲ့တယ်။ တချိန်ထဲမှာ နိုင်ငံတကာ့အခြေအနေ အခင်းအကျင်းတွေလဲ အရင်နဲ့မတူတဲ့ အပြောင်းအလဲတွေဖြစ်လာပြီးကမ္ဘာ့ နိုင်ငံကြီးတွေ ပေါ်လစီအပြောင်းအလဲ ဖြစ်လာကြတယ်။

အဲဒါတွေနဲ့ဆက်စပ်ကြည့်ရင် ၁၉၇၇ –သဂုတ်လ ထောင်တွင်းတိုက်ပွဲတွေ ခွက်ခွက်လန်လန်အောင် ရှုံးသွားတာ နားလည်ယူလို့ ရနိုင်ပါတယ်။ ဒါ့အပြင် စိန်လွင်ရဲ့အနေအထားကို အလေးမထားတာ၊ သို့မဟုတ် လျှော့တွက်တာလဲ အကြောင်းတခု ပါနိုင်ပါတယ်။ (အဲဒီကာ လလောက်ကဘဲ မြောက်အိုင်ယာလန်မှာ အိုင်အာအေ အဖွဲ့ဝင် နိုင်ငံရေးအကျဉ်းသားတွေ အစာတော်ခံတိုက်ပွဲဝင်တာ မီဒီယာတွေကတဆင့် ကမ္ဘာမှာ ဟိုးလေးတကြော်ကြော်ဖြစ်ခဲ့သော်လဲ မာဂရက်သက်ချာက အင်မတန်ခေါင်းမာမာနဲ့ ရပ်ခဲ့လို့ အကျဉ်းသား ၈ ယောက် ကျဆုံးခံတိုက်ခဲ့ပေမဲ့ မအောင်မြင်ဘဲ တိုက်ပွဲရှုံးသွားတာဖြစ်ခဲ့တယ်။)

၁၉၇၇ ခုနှစ် –ဩဂုတ်–စက်တင်ဘာလတွေကစပြီးထောင်တွင်းမှာ ရန်သူ့ဖိနှိပ်မှုအင်မတန်ကြီးမားပြင်းထန်လာတဲ့အခါ ကျောင်းသား တချို့၊ နိုင်ငံရေးအကျဉ်းသားတချို့လဲ အာဏာပိုင်တွေထံ အင်ဖော်မာသတင်းပေးလုပ်ပြီးတဦးချင်းအနေချောင်ဖို့ အခွင့်အရေးရှာကြတာတွေ လဲရှိတယ်။ ၇၆ မှိုင်းရာပြည့်အရေးအခင်းမှာ ထူးခြားမှုတခုက တက္ကသိုလ်ပေါင်းစုံက လမ်းစဉ်လူငယ်ကျောင်းသားတွေပါဝင်ပြီးထောင်ကျကုန်တာ ဖြစ်ပါတယ်။ တကယ်ကတော့ သူတို့ပါဝင်တာဟာ ၈ လေးလုံးကာလတုန်းက လမ်းစဉ်လူငယ်တွေ၊ မဆလ ပါတီဝင်တွေ ပြည်သူ့ဘက် ရပ်တည်ပြီးပါဝင်တာမျိုး မဟုတ်ပါ။

ကျောင်းသားလှုပ်ရှားမှုကို ဝင်ရောက်အုပ်စီးပြီးမဆလအလိုကျ လမ်းကြောင်းပေါ် ရောက်အောင်ဆွဲယူဖို့ ရည်ရွယ်ချက်နဲ့ ပါဝင်ခြင်းသာဖြစ်ပါတယ်။ ဦးသန့်အရေးအခင်းနဲ့ ၇၅ ၇၆န် ရွှေတိဂုံအရေးအခင်းတုံးကလဲ ပါဝင်အုပ်စီးဖို့ ကြိုးစားခဲ့ပေမဲ့ ကျောင်းသားထုက လက်မခံဘဲ မောင်းထုတ်လို့ အားလုံး ပြန်ခေါက်သွားကြတယ်။ သူတို့က သီးခြားလက်ကမ်းစာစောင်တွေထုတ်ပြီးကျောင်း သားတွေကို ပုံမှားရိုက်စည်းရုံးတယ်။ သူတို့ထုတ်တဲ့ စာစောင်တွေမှာ လူရည်ချွန်တံဆိပ်လိုလို၊ လမ်းစဉ်လူငယ်တံဆိပ်လိုလိုထဲ ခွပ်ဒေါင်း ထည့် ထားတယ်။ ကျောင်းသားသပိတ်တခုလုံးကို အမျှားဆန္ဒအရဦးစီးနေတဲ့ နဃ ကိုအသိမပေးဘဲ အဲသလို စာစောင်တွေနဲ့ပိုစတာတွေ ထုတ်ဝေ ဖြန့်ချီတာလုပ်တယ်။ မိုင်းရာပြည့်အရေးအခင်းမှာတော့ ဦးသန့်၊ ရွှေတိဂုံတို့ထက်စာရင် ပိုပြီးအတွင်းကိုဝင်နိုင်ခဲ့ပေမဲ့ မိုင်းရာပြည့်မှာလဲ မှန်ကန်တဲ့ခေါင်းဆောင်မှုခိုင်ခိုင်မာမာရှိနေတော့ သူတို့ရည်မှန်းသလောက် အလုပ်ကလဲမဖြစ်၊ လုပ်ရင်း ကျွံဝင်သွားလို့ သူတို့အထက်ကလဲ မယုံတော့ဘဲ ထောင်ကျကုန်တဲ့အထိ အခြေအနေရောက်သွားတယ်။ သူတို့ထောင်ကျတာဟာ လုပ်ပိုင်ခွင့်ထက် ကျော်လုပ်လို့ဖြစ်တယ်လို့ နောက်ပိုင်းမှာ မဆလပါတီအတွင်းသတင်းတွေအရ သိရတယ်။ ဆိုလိုတာက မဆလပါတီနဲ့ လမ်းစဉ်လူငယ်ဗဟိုက တာဝန် ပေးထားတဲ့ ကျောင်းသားလှုပ်ရှားမှုကို အတွင်းဝင်ပူးသတ်ဖို့ လုပ်ပိုင်ခွင့်ထက်ကျော်ပြီး ကျောင်းသားအရေးအခင်းကို အားပေးအားမြှောက်ပြုရာရောက် သွားတယ်၊ ဦးသန့်နဲ့ရွှေတိဂုံတုံးကလို အလုပ်မဖြစ်ရင် ပြန်ဆုတ်တာမျိုး မလုပ်ရကောင်းလားလို့ မဆလအာဏာပိုင်တွေ အမျက်တော်ရှ ပြီးဖမ်းဆီး ထောင်ချပစ်တာဖြစ်တယ်။ သူတို့ထဲက နံပါတ် ၁ အဆင့်ရှိ လမ်းစဉ်လူငယ်ထိပ်သီးခေါင်းဆောင် စက် မှုတက္ကသိုလ် ကျောင်းသားတဦး ကတော့ ကိုယ်လွတ် ရုန်းသွားနိုင်ပြီးထောင်ထဲရောက်မလာခဲ့ပါ။

လမ်းစဉ်လူငယ် ကျောင်းသားအမျှားစုကြီးဟာ ထောင်ထဲရောကပြီးနောက် တကယ်ဘဲ စစ်အာဏာရှင်ဆန့်ကျင်ရေး၊ ပြည်သူ့ဘက် တော်သား ကျောင်းသားတွေဘက် ရိုးသားစွာကူးပြောင်းလာခဲ့ကြတယ်။ ထောင်တွင်းတိုက်ပွဲတွေမှာ တက်တက်ကြွကြွ ကိုယ်ကျိုးစွန့် အနစ်နာခံပြီးကျရာနေရာက ပါဝင်ကြတယ်။ ထောင်ကလွတပြီးနောက်လဲ စစ်အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုတွေကို ၈၈ မတိုင်မီမှာရော၊ ၈၈ နဲ့နောက် ပိုင်းမှာပါ ဆက်လုပ်ကြတယ်။ ဒါပေမဲ့အနည်းစု ၁ ယောက် ၂ ယောက်ကတော့ ထောင်ထဲရောက်ပြီး ၂ နှစ် ၃ နှစ်ကြာတဲ့အထိ မဆလဟာ မူကတော့ကောင်းပါတယ်၊ လူကမကောင်းလို့ပါ လို့ထင်နေ၊ ပြောနေသေးတယ်။ ဒ့ါအပြင် အဲဒီတုန်းက မဆလ စစ်အစိုးရ ထုတ်ပြန်ဝါဒဖြန့်တဲ့ ဖ၂ ခု မတ်လ ၂ ရက်နောက်ပိုင်း ဗမာပြည်မှာ တာတမံ ဘယ်နှစ်ခု၊ တံတားဘယ်နှစ်စင်း၊ ကားလမ်းဘယ်နှစ်မိုင်၊ စာသင်ကျောင်း ဘယ်ရွေ့ ဘယ်မျှ၊ ဆေး ရုံဆေးခန်းဘယ်နှစ်ခု အသစ်တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ တယ်လို့ ဝါဒဖြန့်တာတွေကို အဟုတ်ကြီးထင် အမွှမ်းတင်နေသေးတယ်။ အခုနအဖတွေ လေသံလွှင့်ဝါဒဖြန့်သလို အဲဒီတုံးက မဆလကလဲ ဗမာပြည်ကြီး မကြုံစဖူး တိုးတက်ဖွံ့ဖြိုးနေတယ်လို့ ပြောတာတွေကို ယုံကြည်နေဆဲ၊ မဆလဘက်ကရှေ့နေလိုက်နေဆဲ လုပ်လိုက်သေးတယ်။ (၇၄ အလုပ်သမား အရေး အခင်းနဲ့ ထောင်ထဲရောက်လာတဲ့ ဆိုရှယ်နီပျက် ရဲဘော်နီအောင်ကျော်၊ (ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန) ကလဲ ထောင်ထဲရှိစဉ် သတင်းစာထဲမှာ မဆလ က ကင်းကွာပါတီဝင်တွေ ပြန်မှတ်ပုံတင်ဆက်သွယ်ဖို့ ကြေညာတဲ့အခါ မဆလပါတီဝင် မှတ်ပုံပြန်တင်ဖို့ ထောင်မှူး ရုံးခန်းသွားပြောတဲ့အခါ ဝါဒါတွေက ဆဲလွှတ်၊ ဟားလွှတ်လိုက်တယ်။) ပြည်သူ့ဘက်ကို အတွေးအခေါ်မပြောင်းတဲ့ မိုင်းရာပြည့် လမ်းစဉ်လူငယ်ကျောင်းသားတွေထဲက ခေါင်းဆောင် ကျောင်းသားနှစ်ယောက်ဟာ ၁၉၇၇ နှောင်းပိုင်း ထောင်ထဲမှာ ပြင်းထန်လှတဲ့ ဖိနှိပ်ကွပ်ညှပ် မှုဒဏ်တွေက သက်သာကင်းလွတ်ခွင့်ရအောင် အာဏာပိုင် လက်ပါးစေ ရာဇဝတ်အကျဉ်းသား တန်းစီးရဲ့ တိတ်တိတ် ပုန်းမယားအဖြစ် မတ်ဖေါက်ခံ ဂျီပုန်းဘဝကို ကိုယ့်ဟာကိုယ် သက်ဆင်း သွားခဲ့တယ်။

## ၇။ ဖြစ်ရပ် ၇၈

ရာဇဝတ်ဆောင်ရောက်သွားတဲ့ ကျောင်းသားတွေဟာ ထမင်းစားချိန်ကအပ အခန်းထဲကမထွက်ရပါ။ ထောင်ပုံစံတွေကိုတော့ အကုန်လိုက်နာ ရတယ်။ ၁ ဆောင်ရောက်ကျောင်းသားတွေထဲက ကိုစိုးဝင်း (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ယခုဂျပန်နိုင်ငံ) ဟာ အိမ်သာတက်ရာမှာ အိမ်သာဗါယာကို ဆေးလိပ်မပေး ဘဲ အိမ်သာတက်လို့ အိမ်သာဗာယာကထိုးတာ ခံရတယ်။ ထမင်းစားချိန်ဖြစ်လို့ ကျန်တဲ့ကျောင်းသား တွေလဲ အဆောင်အပြင်မှာ ရှိနေတာနဲ့ကြုံတော့ အဲဒီမှာ ကျောင်းသားတွေနဲ့ ရာဇဝတ်သားဗါယာတွေ၊ တန်းစီးတွေ ထိုးကြ၊ ရိုက် ကြတယ်။ ဒီအခါမှာ ဝါဒါတွေက ဝင်ရိုက်တဲ့အခါ ဘေးကကြည့်နေတဲ့ တခြားရာဇဝတ်အကျဉ်းသားတွေပါ ထိကုန်ပြီးအကုန်လုံး ရှုပ်ယှက်ခတ် ရုန်းရင်း ဆန်ခတ် ဖြစ်သွားတယ်။ အဲဒီအဖြစ်အပျက်နောက်ပိုင်းမှာ ရာဇဝတ် ဆောင်ရောက်ကျောင်းသားတွေ အခွင့်အရေးနည်းနည်း တိုးရလာတယ်။ ထမင်းဝဝစားရ၊ ရေဝဝချိုးရပြီးအိမ်သာလွတ်လပ်စွာတက်ခွင့်၊ အဆောင်ဝင်း ထဲသွားလာခွင့်တွေ ရလာတယ်။ မြောင်းမြဘဆွေတို့လို ကျောင်းသားမဟုတ်သူ၊ ကျောင်းသားအမှု မဟုတ်သူတွေတောင် ရေချိုးချိန်မှာ ကျောင်းသား ကျောင်းသား လို့ပြောပြီးရေဝဝ ဝင်ချိုးကြတယ်။

ယခင်ကာလတွေတုံးက ပုံစုံကိုင်တဲ့အခါ အလုပ်ကြမ်းတွေနဲ့ တွဲကိုင်ခဲ့ပေမယ့် အခုတခေါက်တော့ ပုံစံကိုင်တာကိုသာ အဓိကထား ပြီးအလုပ် ကြမ်းခိုင်းဖို့ကိုတော့ အာဏာပိုင်တွေက အခြေအနေစောင့်ကြည့်နေသေးတဲ့ပုံပါဘဲ။ ကျောင်းသားတွေ၊ နိုင်ငံရေး အကျဉ်းသားတွေ ပုံစံကိုင်လို့ တော်တော့်ကို ကျိုးသွားမှဘဲ အလုပ်ကြမ်းခိုင်းဖို့ စိတ်ကူးပုံရတယ်။ ဒါပေမဲ့ အလုပ်ကြမ်းမခိုင်းသေးဘဲ ပုံစံကိုင်တဲ့အဆင့်မှာတင် သူတို့လိုချင်သလောက် ကျိုးသွား၊ ဝပ်သွားတဲ့အနေအထားကို မရောက်နိုင်ဘဲဖြစ်နေတယ်။ နိုင်ငံရေး အကျဉ်းသားတချို့ကိုတော့ ဘာယာ၊ ဘုတ်ကိုင်၊ ဆေးမှူး၊ စာရေး ရာထူးတွေပေးခဲ့ပေမဲ့ ၁၉၇၅ တွဲဘက်ထောင်မှာလို အချင်းချင်း မဖြစ်မနေဖိနှိပ်ညှဉ်းပမ်းခိုင်းတာမျိုးမရှိဘဲ အာဏာ ပိုင်တွေအနေနဲ့ အထက်ကို စာရင်းအပြတင်ပေးဖို့အတွက်ဘဲ ဖြစ်ပုံရပါတယ်။ လွတ်တဲ့အထိ အလုပ်ကြမ်းခိုင်းတာ မရှိခဲ့ပါဘူး။

၁၉၇၈ ခုနှစ်လယ်လောက်မှာ ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားတချို့ သပိတ်မှောက်ဖို့ကြိုးစားရာက မအောင်မြင်ဘဲ အဖမ်းခံရတယ်။ ဒ့ါအပြင် ဗကပ ယူဂျီတချို့နဲ့ မဆလပါတီညီလာခံမှာ နေဝင်းကို မဲနဲ့ဖြုတ်ဖို့ကြံစည်တဲ့ မဆလပါတီ အတွင်းရေးမှူးအဖွဲ့ ဂိုဏ်းသားတွေလဲ ဝင်လာကြတယ်။ ထောင်ထဲရောက် နိုင်ငံရေးအကျဉ်းသားတွေအပေါ် ထုံးစံဖြစ်သွားပြီးဖြစ်တဲ့ ပုံစံအပြည့်အဝ အကိုင်ခံရတယ်။ ဒါဟာ စစ်ထောက်လှမ်းရေးရဲ့ စစ်ကြော ရေးကာလ နှိပ်စက်ညှဉ်းပမ်းမှုတွေနဲ့မဆိုင်တဲ့၊ သီးခြားဖြစ်တဲ့ ထောင်ရဲ့ပုံစံကိုင် နှိပ်စက်ညှဉ်းပမ်းမှုတွေ အပြင်းအထန် ထပ်ဆင့်ခံရတာ ဖြစ်ပါတယ်။ မဆလပါတီ အတွင်းရေးမှူးအဖွဲ့ဝင်တွေလဲဖြစ်၊ ဝန်ကြီးတွေလဲဖြစ်တဲ့ ထွန်းလင်း၊ သန်းစိန်၊ ကျော်ဇော၊ တင်ဝင်းညို တို့ရဲ့ဂိုဏ်းသား ဗိုလ်မှူးကြီးအဆင့်၊ ဗိုလ်မှူးအဆင့်ရှိသူ တိုင်းဒေသပါတီကော်မတီဝင်အဆင့်၊ ပါတီယူနစ်ဥက္ကဋ္ဌအဆင့်ရှိသူတွေ အတော်များများဟာ တခါမှ မကြုံစဖူး၊ အိပ်မက်တောင်မမက်ဖူး တဲ့ ဒုက္ခတွေကြုံရတဲ့အခါ ယောက်ျားကြီးတန်မဲ့၊ စစ်ဗိုလ်ကြီးတန်မဲ့ ငိုကြတာ တွေ တွေ့ရတယ်။ အဲဒါတွေ့ရတော့ ကျောင်းသားတွေ ထောင်ထဲ စရောက်

ကာစက စစ်ထောက်လှမ်းရေးတွေနဲ့ ထောင်အာဏာပိုင်တွေ ဝင့်ကြွား ကြိမ်းဝါးခဲ့ဖူးတဲ့ စကားတခွန်းကို အမှတ် ရမိတယ်။ "ဖဆပလဝန်ကြီးဟောင်း ဦးကျော်ငြိမ်းတို့၊ ဦးဗဆွေတို့ကိုတောင် ကျိုးသွား၊ ဝပ်သွားအောင် ငါတို့ကိုင်ခဲ့တာကွ၊ မင်းတို့ ကျောင်းသားတွေကဘာမို့လဲ" ဆိုတဲ့စကားဖြစ်ပါတယ်။ ကျောင်းသားတွေဟာ ဖဆပလဝန်ကြီးဟောင်းတွေ၊ မဆလဝန်ကြီးဟောင်း တွေနဲ့ ဘာမှမဆိုင်ဘူးဆိုတာကို ၁၉၇၄ ကနေ ၁၉၈၀ အထိကာလ ဖြတ်သန်းခဲ့ပြီးနောက် စစ်ထောက်လှမ်းရေးတွေနဲ့ ထောင်အာဏာ ပိုင်တွေ ကောင်းကောင်း သဘောပေါက်သွားလောက်ပါပြီ။

၁၉၇၈ နှစ်ကုန်ခါနီးမှာ ရာဇဝတ်ဆောင်တွေမှာ နေ နေရတဲ့ကျောင်းသားတွေ အပါအဝင် နိုင်ငံရေးအကျဉ်းသား ၃၀ ကျော် ၄၀ လောက်က ထောင်အာဏာပိုင်တွေထံ အလုပ်ကြီးဆင်းခွင့်ပေးဖို့ တင်တယ်။ ဒီအခါမှာ အာဏာပိုင်တွေက အရင်တုံးက အလုပ်ကြမ်းခိုင်းတာကို သဲကြီးမဲကြီး ဆန့်ကျင်တဲ့သူတွေဟာ ဘယ်သူ့မှမခိုင်းရဘဲနဲ့ အလုပ်လုပ်မယ်ပြောတာ မရိုးသားဘူးလို့ ယူဆပြီးအလုပ်ဆင်းခွင့်တင်သူ အားလုံးကို တိုက်ပိတ်လိုက်တယ်။ သူတို့ကို ၂ တိုက် (ရင်ကွဲတိုက်) မှာထားပြီးသူ တို့ရဲ့ရည်ရွယ် ချက်အစစ်အမှန် ဘာလဲဆိုတာသိရအောင် စစ်တယ်။ စစ်တာမှ မကြားစဖူး ရက်ရက်စက်စက် နှိပ်စက်ညှဉ်းဆဲပြီး စစ်ကြောတာ ဖြစ်တယ်။ လုပ်ရိုးလုပ်စဉ် ရိုက်တာနက်တာတွေအပြင် ခေါင်းကို ပလပ်စတိတ်စွပ်ပြီးရေလောင်းတာ ရေစက်ချတာမျိုး၊ ခြေထောက်ကို ကြိုးချည် ဇောက်ထိုးဆွဲပြီးရေကန်ထဲနှစ်တာမျိုး စတဲ့ သာမန် အားဖြင့် ထောင်မှာ သုံးလေ့သုံးထမရှိတဲ့ နှိပ်စက်ညှဉ်းပမ်းရေး နည်းနာတွေသုံးပြီး အပြင်းအထန် စစ်ဆေးမေးမြန်းတာဖြစ်တယ်။

ထောင်အာဏာပိုင်တွေ ဒါလောက်ထိမသင်္ကာဖြစ်ပြီးပြင်းပြင်းထန်ထန် ကိုင်တွယ်ရခြင်းအကြောင်းကတော့ ၁၉၇၈ ခုနှစ်ဆန်း ပိုင်းမှာ ဗကပ မြစ်ဝကျွန်းပေါ်တိုင်းက ဖမ်းမိထောင်ကျနေတဲ့ မြို့နယ်ကော်မတီ ဗိုလ်သိန်းလွင်ဟာ တခြားရာဇဝတ်အကျဉ်းသားတွေနဲ့ ရဲတွေကိုပါ စည်းရုံးပြီးဒေးဒရဲအချုပ်ဖောက်ပြေးသွားရာမှာ ရဲနဲ့အချုပ်သား ၅၀ ကျော်နဲ့ လက်နက် ၃၀ ကျော်လောက်ပါသွားလို့ ဖြစ်ပါတယ်။ ဗိုလ်သိန်းလွင်ဟာ အချုပ်ဖောက်ပြေးပြီးနောက် မြစ်ဝကျွန်းပေါ်မှာ လက်နက်ကိုင်တော်လှန်ရေး ပြန်အခြေခံဖို့ကြိုးစားပေမဲ့ စစ်အစိုးရက တပ်အင်အားအမြောက်အများနဲ့ အကြီးအကျယ်ဝိုင်းဝန်းပိတ်ဆို့ ချေမှုန်းတဲ့အတွက် ရက် ၂၀ လောက်အကြာမှာ တိုက်ပွဲမှာ ကျဆုံးသွားခဲ့ တယ်။ အဲဒီတုံးက တိုက်ပွဲတွေအတွင်း မဆလရဲ့ ရောဝတီတိုင်း ဒေသပါတီကော်မတီ အဆင့်ရှိသူတယောက် ဒဏ်ရာရလို့ မင်္ဂလာဒုံစစ်ဆေးရုံကို ဟပ်စကီးနဲ့ပြန်ပို့ရသေးတယ်။ ဗိုလ်သိန်းလွင်ဟာ အင်မတန်စိတ်ဓါတ်ပြင်းထန် ခိုင်မာသူတဦးဖြစ်သလို စည်းရုံးရေးလဲကောင်း ကြံရည်ဖန်ရည်လဲ ထက်မြက်သူဖြစ်တယ်။ နောက်အမှုဆိုင်ဖို့ ဒေးဒရဲအချုပ်ကိုမပြောင်းရခင် အင်းစိန်ထောင်မှာ ထောင်ဒဏ်ကျခံနေရစဉ်ကတည်းက တထောင်လုံးအကျဉ်းသားတွေ စည်းရုံးပြီးထောင်ထပွဲလုပ်ဖို့၊ ထောင်ထပွဲဖြစ်နေချိန်မှာ အခွင့်ကောင်းယူပြီးထောင်ဖောက်ထွက်ဖို့ ကြံစည်ခဲ့ တယ်ဆိုတာ ထောင်အာဏာပိုင်တွေက ဗိုလ်သိန်းလွင်ကျပြီးမှ သိခဲ့ကြတယ်။ ဒ့ါအပြင် ဗိုလ်သိန်းလွင်ဟာ တောထဲကနေ စအဖမ်းခံရကတည်း က စိတ်ချရတဲ့လူယုံတွေကို မိမိကိုတရားရုံးထုတ်နိုင်တဲ့မြို့တွေက ရဲအဖွဲ့တွေထဲမှာနဲ့ ထောင်ဝါဒါထဲမှာ ဝင်လုပ်ခိုင်းထားခဲ့တယ်။ ဒါကြောင့် အာဏာပိုင်တွေဟာ ရဲတွေနဲ့ ဝါဒါတွေထဲ ဗိုလ်သိန်းလွင် မြှုပ်ထားတဲ့လူတွေကို ပြန်လိုက်ရှာဖော်ထုတ်ရတာ တော်တော်ခေါင်းခြောက်သွားခဲ့ တယ်။

အခုတခါ ကျောင်းသားတွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေဟာ ရာဇဝတ်အကျဉ်းသားတွေနဲ့ အတူတူအလုပ်လုပ်ရင်း ရာဇဝတ်အကျဉ်းသားတွေကိုစည်းရုံး ၊ လက်နက်ကရိယာအပါအဝင် အချက်အလက်တွေ လေ့လာပြင်ဆင်ပြီးထောင်ထပွဲ၊ ထောင်ဖောက်ပွဲလုပ်မှာကို အာဏာပိုင်တွေကတအားစိုးရိမ်ပြီးပြင်းပြင်းထန်ထန် တုံ့ပြန်ကိုင်တွယ်တာဖြစ်တယ်။ ဒီညှဉ်းပမ်းနှိပ်စက်မှုကြီးမှာ ခံရသူတွေထဲ ကိုသိန်းသန်းဦး (မန္တလေးဝိဇ္ဇာသိပ္ပံ၊ နအဖခေတ်ထောင်ထပ်ကျ၊ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု)၊ ကိုကျော်အောင် (စီးပွားရေးတက္ကသိုလ်၊ ပုဇွန်တောင်)၊ ကိုတင်အေးကြူ (ခေါ်) မောင်မှိုင်းလွင် (စက်မှုတက္ကသိုလ်၊ အင်းဝ၊ ယခုနအဖထောင် ထပ်ကျနေဆဲ၊ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု)၊ ကိုဝင်းမြင့် (စက်မှုတက္ကသိုလ်၊ ယခုတေးရေး ဝင်းမင်းထွေး)၊ ကိုမြင့်ဆွေ (စက်မှုတက္ကသိုလ်၊ ဆားလင်းကြီး)၊ ကိုသန်းနိုင် (ကောင်စီစာရေး၊ ယခုနအဖ ထောင်ထပ်ကျနေဆဲ ပုဂံသန်းနိုင်)၊ ကိုတင်စိုး (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ဂွ)၊ ကိုမြင့်ဟန် (ရန်ကုန်ဝိဇ္ဇာသိပ္ပံ၊ ခရမ်း၊ နဝတခေတ် ထောင်ထပ်ကျ၊ ယခု စိတ်တိုင်းကျလဖက်ရည်ဆိုင်)၊ ကိုသောင်းစိန် (အငှားယဉ်မောင်း၊ ညောင်လေးပင်)၊ မီးမောင်စာစောင်ထုတ်ဝေမှုမှ ကိုမြအေး (ကိုကိုးကျွန်းပြန်၊ လက်ပံတန်း၊ ယခု **NLD**၊ နအဖခေတ်ထောင်ထပ်ကျ)၊ ကိုစိန် (စစ်တောင်းစက္ကူစက်ပညာရှင်၊ ကချင်ပြည်နယ် **ABSDF** အတွင်း အချင်းချင်း ဖြုတ်ထုတ်သတ်ခံရသူ)၊ ကိုစိန်ဝင်း (ဆေးတပ်မှတပ်ကြပ်)၊ ကိုဗေဒါ (ခေါ်) မောင်မောင်အေး (နအဖခေတ်ထောင်ထပ်ကျ)၊ ကိုဘရွှေ (မှတ်တမ်း ရုံးမှ တပ်ကြပ်ကြီး)၊ ကိုနေဝင်း (ကျန်းမာရေးဌာနဝန်ထမ်း)၊ ၇၄ ဂျွန်အလုပ်သမား ဦးတင်ငွေ (ချည်မျှင်)၊ ဦးလှသိန်း (ချည်မျှင်)၊ ဦးကျော်စိန် (ချည်မျှင်)၊ ကိုဝင်းထိန် (ဆင်မလိုက်) စသူတွေနဲ့ ၇၅ ဂျွန်အလုပ်သမားတချို့ ပါဝင်ခဲ့တယ်။ ရန်သူရဲ့ နည်းအမျိုးမျိုးနဲ့ အပြင်းထန်ဆုံး ရက်စက်ညှဉ်းပမ်းမှုတွေကို ကြံ့ကြံ့ခံခဲ့ကြပြီးဒူးမထောက်ခဲ့ကြပါ။ ဒါကြောင့် ၂ လကျော် ၃ လလောက် တိုက်ပိတ်ပြီးနောက် အဆောင် ပြန်ပို့လိုက်ပြီးအဲဒီနောက်ပိုင်းမှာ ကျောင်းသားတွေ၊ အလုပ်သမားတွေနဲ့ တခြားနိုင်ငံရေးအကျဉ်းသားတွေကို အရင်လိုပုံစံအပြည့် တင်းတင်း ကြပ်ကြပ်ကိုင်တာ မရှိတော့ဘဲ ပိုပြီးလွတ်လပ်သက်သာစွာ နေခွင့်ရလာတယ်။ ကျောင်းသားတွေအပါအဝင် နိုင်ငံရေး အကျဉ်းသားတွေ တညီတညွတ်နဲ့ တထောင်လုံးကို စည်းရုံးပြီးထောင်ထမှုကြီးလုပ်ရင် ထောင်အာဏာပိုင်တွေအဖို့ မချောင်ဘူးဆိုတာသဘောပေါက်လို့ ပုံစံကိုင်ကျွန်ဇာတ်သွင်းရေးပေါ်လစီကို တထစ်ပြန်လျှော့လိုက်တာဖြစ်တယ်။

ဒီနောက်ပိုင်းမှာတော့ ကျောင်းသားတွေနဲ့ အလုပ်သမားတွေအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို ယမမင်းဉယျာဉ်ထဲမှာ အထူး ညှဉ်းခံဖျော်ဖြေပွဲတွေနဲ့ ပြုစုတာမရှိတော့ပါ။ နိုင်ငံရေးအကျဉ်းသားတွေအနေနဲ့ ရာဇဝတ်ဆောင်တွေမှာနေရင်းနဲ့ဘဲ ပုံမှန်နိုင်ငံရေး လေ့လာဆွေး နွေးမှုတွေ အတော်လုပ်နိုင်ပြီးစာဖတ်ခွင့်၊ စာအုပ်သွင်းခွင့်တွေရခဲ့တယ်။ အကြံအဖန်နဲ့ ရေဒီယို နားထောင်ခွင့်တောင်ရခဲ့တယ်။ တဖက်မှာလဲ စားဝတ်နေရေးကိစ္စ လုံးပမ်းရတာတွေရှိတယ်။ ကျောင်းသားအတော်များများဟာ နယ်ကကျောင်းသားတွေဖြစ်လို့ ထောင်ဝင်စာ ပုံမှန်မလာနိုင် တာတွေရှိသလို အလုပ်သမားတွေဟာဆိုရင်လဲ နဂိုကတည်းက ဆင်းရဲချို့တဲ့လှသူတွေဖြစ်လို့ ထောင်ဝင်စာအားနည်းကြတယ်။ (ထောင်ကျသွား တဲ့ ၇၄ ဂျွန် အလုပ်သမားကြီး တယောက်ရဲ့မိသားစုဟာ ဆင်းရကြပ်တည်းလွန်းလို့ သမီးဖြစ်သူက ခန္ဓာကိုယ်ရင်းပြီးမိသားစုကိုရှာကျွေးခဲ့ရတယ်။ အဲဒီအခါမှာ ပြည့်တန်ဆာ မှုနဲ့ အဖမ်းခံရပြီးအဖေနဲ့သမီး ထောင်ထဲမှာလာဆုံတဲ့ ရင်နာစရာ တကယ့်ဖြစ်ရပ်ရှိခဲ့တယ်။) တခြားနိုင်ငံ ရေးအကျဉ်းသားတွေလဲ စီးပွားရေးချို့တဲ့လို့ ထောင်ဝင်စာ ရိက္ခာပစ္စည်း အားနဲတာများပါတယ်။ ဒါကြောင့် နိုင်ငံရေးအကျဉ်းသားတွေဟာ ရာဇဝတ်ဆောင်မှာနေရင်း စီးပွားရေး လုပ်ရပါတယ်။ စီးပွားရေး ဆိုတာကတော့ ရေနွေးကြမ်းရောင်းတာနဲ့ ကာတွန်းစာအုပ်ငှားတဲ့ လုပ်ငန်းတွေ ဖြစ်တယ်။ အဲဒီကဝင်ငွေ (ဆေးလိပ်) နဲ့ တခြားလိုအပ်တဲ့ စားစရာသောက်စရာတွေ ပြန်ဝယ် (ဖလှယ်) ရတာဖြစ်တယ်။ ကျောင်းသားတွေ၊ နိုင်ငံရေးအကျဉ်းသားတွေရဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ် ထောင်ဝါဒါတွေနဲ့ ရာဇဝတ်သားဒေါက်တိုင်တွေ ဗိုလ်မကျ မိုက်ကြေးမခွဲရဲ၊ ခေါင်းပုံ မဖြတ်ရဲလို့ လုပ်ငန်းအနေနဲ့ အတော်လေးအောင်မြင်ပြီးထောင်ဝင်စာချို့တဲ့ တဲ့ နိုင်ငံရေး

အကျဉ်းသားတွေအတွက် အဆင်ပြေစေပါတယ်။ အဲဒီအလုပ်တွေလုပ်ရာမှာ ထောင်ဝင်စာအားရှိတဲ့ ကျောင်းသားတွေကပါ ထောင်ဝင်စာအားနဲတဲ့ အလုပ်သမားတွေ၊ နိုင်ငံရေးအကျဉ်းသား တွေနဲ့ ပေါင်းစုပြီးလုပ်ကြတာဖြစ်တယ်။ တကိုယ်ကောင်းမဆန်ကြပါ။

မှိုင်းရာပြည့်ကျောင်းသားတွေထဲက ကိုအောင်စောဦးဟာ သွားဆေးတက္ကသိုလ် တာတိုအပြေးလက်ရွေးစင်ဖြစ်ပြီးတက္ကသိုလ်များ ရန်ကုန်ပြေးခုန်ပစ်မှာ ဆုရခဲ့သူဖြစ်တယ်။ မှိုင်းရာပြည့်ကျောင်းသား ဒေါ်ပုံမှာနေတဲ့ ကိုလှဦး (လျှပ်စစ်ပညာ ညနေသင်တန်း) ဟာလဲ အပြေး ကောင်းသူဖြစ်ပါတယ်။ သူတို့ဟာ တခြားကျောင်းသားတွေ ဆေးလိပ်တို့၊ ရိက္ခာတို့ပြတ်တော့ အင်းစိန်ထောင်ထဲမှာ ရှိနေပါတယ်။

ရန်ကုန်နေကျောင်းသားလေးတွေကို လွှတ်ပေးလိုက်တဲ့အခါ ထောင်ဖူးဝမှာ လမ်းစရိတ်ပြား ၆၀ စီထုတ်ပေးတယ်။ ကျောင်းသား လေးတွေက အင်းစိန်ဈေးမှာ အကြော်ဝယ်စားပစ်လိုက်ပြီးအိမ်ပြန်ဖို့ဘတ်စ်ကားစီးတော့ စပယ်ယာကို ထောင်ကလွှတ်လာတဲ့ ကျောင်းသားများဖြစ်ကြောင်း၊ ကားခပေးစရာမရှိကြောင်း ပြောစီးပြီးပြန်ရတယ်။ ကားသမားတွေကလဲ ထောင်ကထွက်လာတာ သိသာလှတဲ့ ထောင်ပုံစံထွက်နေတဲ့ ကျောင်းသားလေးတွေ အုပ်လိုက်ကြီးကို နားလည်မှုရှိစွာနဲ့ လိုရာပို့ပေးခဲ့တယ်။ တခြားဘတ်စ်ကားစီးခရီးသည်တွေလဲ လှုပ်လှုပ်ရှားရှားဖြစ်ကုနပြီးသတင်းတွေပျံ့သွားတော့တယ်။ ဒါကြောင့် နောက်ပိုင်းမှာ ကျောင်းသားကြီးတွေလွှတ်ရာမှာတော့ ဖူးဝကနေ တိုက်ရိုက်မလွှတ်တော့ဘဲ ရန်ကုန်မြို့ပေါ်က မြို့နယ်ကောင်စီရုံးတွေအထိ ကားနဲ့လိုက်ပို့ပြီး အဲဒီကနေ ရပ်ကွက်ကောင်စီကတဆင့် မိဘဆွေ မျိုးလက်ထဲ အရောက်ထည့်တာ လုပ်လာတယ်။

ထောင်ကလွှတ်ဖို့ လူစစ်ရာမှာ ထောင်ဝင်နံပါတ် (ခေါ်) အကျဉ်းသားမှတ်ပုံတင်နံပါတ်ကို ပြောရတယ်။ ဒါပေမဲ့ ကျောင်းသားများက အဲဒီထောင်ဝင်နံပါတ်ကို မသိဘူး၊ မမှတ်မိလူ၊ ဒါမှမဟုတ် အသိအမှတ်မပြုလို့ မှတ်မထားဘူး ဆိုပြီးလုပ်ကြတယ်။ အကျဉ်းသားတယောက် ဟာ မိမိအမည်၊ အဖေ အမေ အမည်နဲ့တကွ ထောင်ဝင်နံပါတ်ကို ဘယ်အချိန်မေးမေး ပြောနိုင်ရမယ်ဆိုပြီးပုံစံ ကိုင်ထားတာကို ကျောင်းသား တွေက အခြေအနေပေးရင်ပေးသလို ဆန့်ကျင်နေခဲ့ကြတာဖြစ်တယ်။ ဒါကြောင့် လွှတ်ကာနီးမှာ ထောင်ဝင်နံပါတ်မသိဘူးဆိုလို့ အာဏာပိုင် တွေအလုပ်ရှုပ်ကုနပြီး လယ်ဂျာစာအုပ်အထူကြီးတွေ ပြန်လှန်ရှာရတယ်။ ဒ့ါအပြင် ထင်ရှားသောအမှတ်အသား၊ ဘာညာကွိကွတွေ စစ်ဆေး ကြည့်ရှုံအတည်ပြုပြီးတဲ့နောက် လက်ဖျံမှာ တံဆိပ်တုံးနဲ့တံဆိပ်ရိုက်တယ်။ အဲဒီတံဆိပ်ကို ထောင်ဖူးဝမှာပြမှ ထောင်ပြင်ထွက်လို့ရမှာ ဖြစ်တယ်။ ဒါပေမဲ့ ကျောင်းသားတချို့က ‘ငါတို့နွားမဟုတ်ဘူးကွ’ ဆိုပြီးတံဆိပ်ကို တံတွေးဆွတ်ဖျက်ပစ်လိုက်တယ်။ ဒါကြောင့် ထောင်ဖူးဝ ရောက်တော့ လက်ဖျံကတံဆိပ်မတွေ့လို့ ပြဿနာတက်ပြန်တယ်။ ကျောင်းသားတွေက တံဆိပ်မရှိလို့ မလွှတ်ဘဲ ထောင်ထဲဆက်ထားလဲ ရတယ်လို့ ဝါဒါတွေကိုပြောတော့ စကားများကြတယ်။ နောက်တော့ ထောင်မှူးတယောက်ရောက်လာပြီး ပေးထွက်လိုက်တယ်။ “မင်းတို့ဟာ နောက်ဆုံးလွှတ်တဲ့ အချိန်ထိ ငါတို့ကိုဒုက္ခပေးတာဘဲ” လို့ညည်းရှာတယ်။ ကျောင်းသားတွေ ထောင်ထဲ ၃-၄-၅ နှစ်ကြုံရတဲ့ ဒုက္ခတွေကိုတော့ အာဏာပိုင်တွေက ဒုက္ခလို့သတ်မှတ်ပုံမရပါ။ ထောင်ဥပဒေအရ လွှတ်မိန့်ကျပြီးသား လူတယောက်ကို နောက်ထပ်တရက် ပိုချုပ်ခွင့်မရှိတဲ့ အတွက် လက်ဖျံကတံဆိပ်ကိစ္စကို သူတို့တင်းမထားတာဖြစ်ပါတယ်။

၁၉၇၈ မှာ အတော်များများလွှတ်သွားပြီးနောက် ကျန်နေတဲ့ကျောင်းသားတွေထဲက ထောင်ဒဏ် ၅ နှစ်၊ ၆ နှစ်၊ ၇ နှစ် ကျသူတွေဟာ ပုံမှန်လျှော့ရက်တွေရှုပြီး ၁၉၇၈ နဲ့ ၁၉၈၀ ကြားမှာ လွှတ်လာကြတာလဲရှိတယ်။ ၁၉၈၀ ခု ပြေီးလမှာတော့ ဂိုဏ်းပေါင်းစုံ သံဃာ့ ညီညွတ်ရေး အထိမ်းအမှတ်ဆိုပြီး မဆလနိုင်ငံတော်ကောင်စီ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့် ၂/၈၀ နဲ့ ကျန်တဲ့ကျောင်းသားတွေ အပါအဝင် နိုင်ငံရေးအကျဉ်းသား အားလုံးလိုလို ပြန်လွှတ်လာကြတယ်။ ၇၄ ဇွန် အလုပ်သမားတွေကိုတော့ နိုင်ငံရေးအကျဉ်းသားသတ်မှတ်ချက်ထဲ အကျုံးမဝင်ဘူးဆိုပြီး မလွှတ်ဘဲ လျှော့ရက်သာရလို့ ဒီနောက်ပိုင်းကျမှ လွှတ်လာတယ်။ ထောင်ကလွှတ်လာတဲ့ ကျောင်းသားတွေဟာ ကျောင်းပြန်တက်ခွင့်မရဘဲ အားလုံးကျောင်းထုတ်ခံရတယ်။ တက္ကသိုလ်ကျောင်းသားတွေက စာပေးစာယူတက်ခွင့်၊ အခြေခံပညာကျောင်း သားတွေက အပြင်ကဖြေခွင့်ဘဲရတယ်။

၁၉၆၂ နဲ့ ၁၉၈၈ မတိုင်မီကြားမှာ အဆူပွက်အအုံကြွဆုံး ကာလဖြစ်တဲ့ ၇၄-၇၅-၇၆ တွေမှာ ကျောင်းသားတွေရာနဲ့ချီပြီး ထောင်ထဲ တသုတ်ပြီးတသုတ် ဝင်ခဲ့ကြတယ်။ ထိုစဉ်က ကျောင်းသားသပိတ်တွေမှာ ထုံးတမ်းစဉ်လာ ကြွေးကြော်သံတွေအပြင် “အမေကမွေး ထောင်ကကျွေး အင်းစိန်ထောင်ကြီး ထပ်ချဲ့ ထပ်ချဲ့ ရေကြည်အိုင်လဲ ထပ်ချဲ့ ထပ်ချဲ့” “ဂျီသရီးလေးနဲ့ပစ်တာလောက်တော့ ရီတာပေါ့ ရီတာပေါ့၊ ဂျီဖိုးလေးနဲ့ပစ်တာလောက်တော့ ရီတာပေါ့ ရီတာပေါ့” “နေဝင်းကြီးကိုဘယ်နှယ့်လုပ်မယ် ခုတ်မယ်ထစ်မယ် ပါးပါးလှီးမယ်” လို့ပါ ကြွေး ကြော်ပြီး ထောင်ထဲရဲရဲဝင်သွားခဲ့ကြတယ်။ ထောင်ထဲမှာ မဆလစစ်အာဏာရှင်စနစ်ကို ဒူးမထောက်စတမ်း ရဲရဲဆက်တိုက်ခဲ့ကြ တယ်။ ယမမင်းဥယျာဉ်ထဲမှာ ယမမင်းရဲ့ပြုစုညှဉ်းခံ မှုတွေ ခံစားခဲ့ကြတယ်။

အင်းစိန်ထောင်မှာ အကျဉ်းသားတယောက်ဟာ မိမိကိုထားတဲ့အကျဉ်းခန်းကနေ ထောင်နယ်နိမိတ်ရဲ့အပြင်ကို လုံးလုံးလျားလျား ရောက်ဖို့အတွက် တံခါးပေါက် ၉ ပေါက်၊ တံခါး ၉ ချပ်ကိုဖြတ်ရတယ် လို့ဆိုကြတယ်။ အင်္ဂလိပ်ကိုလိုနီသမားတွေ အင်းစိန်ထောင် စဆောက် တုန်းက လက်ပါးစေ ဗမာအမျိုးသား သစ္စာဖောက်တွေရဲ့ အကူအညီနဲ့ ‘အစီအရင်’ တွေလုပ်ခဲ့ရာမှာ တံခါး ၉ ထပ်ထားတာအပြင် ထောင်ဖူးဝက ကျားပါးစပ် လို့ခေါ်တဲ့ အကျဉ်းသားတွေ အဝင်အထွက်လုပ်ရတဲ့ လူတကိုယ်စာ တံခါးပေါက်ကျဉ်းကျဉ်းလေးအပေါ်မှာ မီးနေသည်ထမီနဲ့ ချည်နှောင်လိမ်းကျံတာတွေလဲ လုပ်ခဲ့တယ်လို့ အဆိုရှိပါတယ်။ ဘယ်လောက်မှန်မမှန်တော့ မသိပါ။ ဒါပေမဲ့ သေချာတာကတော့ စစ်အာဏာရှင် ဆန့်ကျင်ရေးမျိုးစေ့တွေကို ဘယ်တံခါး ၉ ချပ်၊ ဘယ်ကျားပါးစပ်ကမှ မဟန့်တား မချိုးနှိမ်နိုင်ခဲ့ဘဲ ထောင်တွင်းမှာ အညွန့်တလူလူထိုးထခဲ့သလို ထောင်အပြင်ဘက် ဗမာပြည်တနံတလျားကိုလဲ ပျံ့နှံ့သွားခဲ့ပါတယ်။ ၇၆ ခု မတ်လ ၂၃ ရက် မှိုင်းရာပြည့်တုန်းက သခင်ကိုယ်တော်မှိုင်းအုတ်ဂူရှေ့မှာ ထိုစဉ်ကကျောင်းသားခေါင်းဆောင် ကိုတင်အေးကြူ (စက်မှုတက္ကသိုလ်၊ ရန်ကုန် ယခုအမျိုးသားနိုင်ငံရေး တပ်ပေါင်းစု၊ နအဖထောင်ကျနေဆဲ) က “ဂျီသရီးတချက်ဖေါက်ရင် မီးဟုန်းဟုန်းတောက်စေရမယ်” လို့နိမိတ်ဖတ်ကြုံဝါးခဲ့တဲ့အတိုင်း ၈ လေးလုံးမှာ တကယ်ဖြစ်လာခဲ့ပါတော့တယ်။

မြင်ဂသိမ်းကြိုလာ

ဦးရှ

[redacted]



မတ်လ ၁၉၇၀
စောင်ရေ ၁၅၀၀၀
ဈေးနှုန်း ၇၅-ပြား

( နိုင်ငံရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် ၄၇၇ )

ဒေါ်ခင်စီ မေတ္တာမိုးပုံနှိပ်တိုက် (၀၁၄၈၀)၊ ၂၂ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း ရန်ကုန်မြို့က တာဝန်ခံပုံနှိပ်၍ ဦးကိုကိုလေး (ဗ-ပ-က) ပဒေသရာဇာစာပေ (၀၈၇၁)၊ ၂၇၊ မြို့သစ် ၁ လမ်း၊ ကျောက်မြောင်း ရန်ကုန်မြို့က ထုတ်ဝေသည်။

# ပါဝင်သော အကြောင်းအရာများ

(၁) ပြည်ပြေးကြီးဦးနုနှင့် ဒီမိုကရေစီ ဆိုရှယ်လစ် ၂၁ ဦး။
(၂) ဆိုရှယ်လစ် ဒီမိုကရေစီ ၁၁ ဦး။
(၃) မိုလျှံခွင့်ပေးထားသော ထိုင်းအစိုးရ၏ တာဝန်။
(၄) နယ်ခြစ်ခံကိစ်းများနှင့် ဦးနုတို့လူစု။
(၅) ထိုင်းနိုင်ငံ အတွင်းရေးများ။
(၆) တခါတုန်းက ဦးနုနှင့် ယနေ့ဦးနု။
(၇) ပြန်လမ်းမရှိတော့သော ပြည်ပြေးကြီးဦးနု။
(၈) ဆွပေးနေသူတွေကို သတိပြု။
(၉) ကိုယ့်ဘက်သား ကျောင်းသားအများစုကြီးကို စည်းရုံးရန်လိုပြီ။

## ပြည်ပြေးကြီးဦးနုနှင့် ဒီမိုကရေစီဆိုရှယ်လစ် ၂၀ ဦး

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီရဲ့ စတုတ္ထအကြိမ်မြောက် နှီးနှောဖလှယ်ပွဲမှာ ဗိုလ်ချုပ်ကြီးနေဝင်းက အမျိုးသားညီညွတ်ရေး အကြံပေးအဖွဲ့ကိစ္စကို ထည့်သွင်းပြောဆိုသွားတယ်။ တိုတိုနဲ့ လိုရင်းတွေပါပြီး ထိကျပြတ်သားတဲ့ စကားတွေဖြစ်ပါတယ်ဗျာ။

တော်လှန်ရေးကောင်စီက ခေါင်းဆောင်ပြီး တည်ဆောက်နေကြတဲ့ အမျိုးသားညီညွတ်ရေးမှာ သူတို့တတွေ ပါလိုပါကြောင်း၊ သူတို့တတွေ နိုင်ငံရေးသံဝေဂ ရလိုရကြောင်း၊ သူတို့တတွေထံမှ အကြံကောင်းဉာဏ်ကောင်းများ ရလိုရကြောင်း၊ ၃၃ ဦးသော ပုဂ္ဂိုလ်ကြီးများကို ဖိတ်ကြားပြီး အမျိုးသားညီညွတ်ရေးအကြံပေးအဖွဲ့ရယ်လို့ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တော်လှန်ရေးကောင်စီရဲ့ စေတနာကို ဦးနုရဲ့ တုံ့ပြန်မှုကဖြင့် ဆိုးဝါးလှပါပေတယ်။ ဦးနုဟာ အာဏာပြန်ရရေးနှင့် ပတ်သက်တဲ့ လောဘ၊ အာဏာမဲ့နေခြင်းကြောင့်ဖြစ်ပေါ်နေတဲ့ ဒေါသနှင့် ငါနှင့်ငါသာ အာဏာ

နှင့်ထိုက်တန်တယ်၊ ငါသာ လူထုက အာဏာအပ်နှင်းတယ်ဆိုတဲ့ ထင်မြင်ချက်ဖြင့် ဖိုးလွှမ်းနေတဲ့အတွက်၊ မြန်မာနိုင်ငံရဲ့ အခြေအနေအဝဝကိုသော်လည်းကောင်း၊ ယနေ့ကမ္ဘာရဲ့ အခြေအနေအရပ်ရပ်ကိုသော်လည်းကောင်း ယထာဘူတကျကျ မြင်နိုင်စွမ်းမရှိတော့ဘူး။ ဒါကြောင့် အမျိုးသားညီညွတ်ရေးပြဿနာကိုလည်း အလေးအနက် မစဉ်းစားဘူး။ အလုပ်သမား၊ တောင်သူလယ်သမားနှင့် လုပ်သားပြည်သူတို့ရဲ့ အကျိုးစီးပွားကိုလည်း မမှတည်ဘူး၊ သူ့လက်ထဲ အာဏာပြန်ရောက်ရင် ကိစ္စအဝဝ ပြီးရောလို့ သဘောထားကာ အာဏာပြန်အပ်ရန်သာ တောင်းဆိုလိုက်တယ်။ ဒီတောင်းဆိုချက်ကို အကြီးပေးအဖွဲ့ရဲ့ သက်တမ်း ဖြလ ပြည့်သည်အထိတောင် မစောင့်နိုင်ဘူး၊ ကြားဖြတ်အစီရင်ခံစာ အဖြစ်ဖြင့် တင်ပြ တောင်းဆိုခဲ့တယ်။ သူ့လက်ထဲ အချုပ်အခြာအာဏာပြန်ရောက်ပြီး သူကြိုက်သလို စီမံခန့်ခွဲနိုင်ရင် ဗိုလ်ချုပ်ကြီးနေဝင်းကို အမှုဆောင်သမ္မတအဖြစ်ဖြင့် ခန့်အပ်ပါမယ်လို့ နိုင်ငံရေးလာဘ်ထိုးလိုက်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ အဖြေကတော့ ရှင်းလင်းပြတ်သားလှပါတယ်။ သမ္မတလုပ်ချင်လို့ တော်လှန်ရေးလုပ်နေတာမဟုတ်ဘူး၊ တောင်သူလယ်သမားတွေနှင့် အလုပ်သမားတွေရဲ့ ဘဝလွတ်မြောက်ရေးကို ဖော်ဆောင်လိုလို့ တော်လှန်ရေး လုပ်နေတာပါ၊ ဦးနုရဲ့ အဆိုပြုချက်များဟာ တောင်သူလယ်သမားနှင့် အလုပ်သမားတွေရဲ့ ဘဝလွတ်မြောက်ရေးနှင့် ဝေးစေမည်သာဖြစ်တယ်။ ဘီးကို နောက်ပြန်လှည့်ခြင်းသာ ဖြစ်တယ်။

ဗိုလ်ချုပ်ကြီးနေဝင်းက ဒီမိုကရေစီဆိုရှယ်လစ်လို့ခေါ်တဲ့ ၂၁ ဦးကိုလဲ ပြတ်သားတဲ့ အဖြေပေးလိုက်ပါတယ်။ သူတို့ဟာ ဦးနုလောက်တော့ အရူးအမူးမဖြစ်ကြပါဘူး၊ ပြည်ပြေးကြီးဦးနုနောက်သို့တော့ လိုက်မသွားကြပါဘူး၊ သို့သော် အခြေခံအားဖြင့် အမြင်တူကြတယ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဝါဒနှင့် လမ်းစဉ်များတူကြတယ်။ သူတို့လဲပဲ တော်လှန်ရေးကောင်စီပေါ်မှာ အနုတ်လက္ခဏာလုံးလုံးဖြင့်သာ မြင်ကြတယ်။ ဘာတစ်ခုမျှ ကောင်းကွက်မမြင်ကြဘူး။ အရင်းရှင်စံနစ်ဟောင်းကို နောက်ကြောင်းပြန်လှည့်ပေးမည့် ပါလီမန်ဒီမိုကရေစီကို တောင်းဆိုကြတယ်။ ခြေလေးချောင်းထောက် စီးပွားရေးလို့ခေါ်တဲ့ ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍကို ယှဉ်တွဲပေါင်းစပ်နေစေလိုတဲ့ ဆိုရှယ်လစ်အတုကို ယုံကြည်

ခွဲလမ်းကြတယ်။ သူတို့ဟာ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒနှင့် ဆိုရှယ်လစ်တော်လှန်ရေးကို ဆန့်ကျင်ကြတယ်။ သူတို့ဟာ တောင်သူလယ်သမားနှင့် အလုပ်သမားလူတန်းစားတို့ရဲ့ ဘဝလွတ်မြောက်ရေးကိုသော်လည်းကောင်း၊ လူတန်းစားတိုက်ပွဲများကိုသော်လည်းကောင်း မျက်ကွယ်ပြုကြတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းက ဆိုရှယ်လစ်အစစ်ကိုသာ လိုချင်တယ်ဆိုပြီး သူတို့ရဲ့အဆိုပြုချက်များကို ပယ်ချလိုက်ပါတယ်။

## ဆိုရှယ်လစ်ဒီမိုကရေစီ ၁၁ ဦး

၃၃ ဦးအနက်မှ ဆိုရှယ်လစ်ဒီမိုကရေစီသမားများရယ်လို့ ထင်ရှားနေတဲ့ ၁၁ ဦးနှင့် ပတ်သက်လို့လဲ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့အဖြေဟာ ရှင်းလင်းပြတ်သားပါတယ်။

သူတို့တတွေက တော်လှန်ရေးကောင်စီရဲ့ လုပ်သားပြည်သူတို့ အကျိုးစီးပွားအတွက် ဆောင်ရွက်ချက်များနှင့် နိုင်ငံတော်အချုပ်အခြာအာဏာပိုင်မှုအတွက်၊ ကာကွယ်စောင့်ရှောက်ခြင်းများကို ထောက်ခံကြိုဆိုကြတယ်။ သူတို့တတွေဟာ ပါလီမန်ဒီမိုကရေစီကို ဆန့်ကျင်ပြီး ဆိုရှယ်လစ်ဒီမိုကရေစီကို ရှေ့ဆောင်ရှေ့ရွက်ပြုကြတယ်။ သူတို့ဟာ သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒနှင့် ဆိုရှယ်လစ်တော်လှန်ရေးကို ယုံကြည်ကြတယ်။ သူတို့ဟာ တောင်သူလယ်သမားနှင့် အလုပ်သမားလူတန်းစားများရဲ့ ဘဝလွတ်မြောက်ရေးများအတွက် ဆိုရှယ်လစ်စစ်စစ် လမ်းစဉ်များကို ယုံကြည်သက်ဝင်ကြတယ်။ ဒါကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် သူတို့တတွေဟာ များစွာနီးစပ်တယ်လို့ ပြောခြင်းဖြစ်ပါတယ်။ အချို့ ကွဲလွဲချက်ကလေးများရှိပါတယ်။ သို့သော် ဒါတွေကို အတူတွဲအလုပ်လုပ်ကြရင်း ညှိနှိုင်းဖြေရှင်းသွားလို့ ရတယ်လို့ဆိုပြီး သူတို့တတွေကို အလုပ်သမားနှင့် တောင်သူလယ်သမားများ အကျိုးစီးပွားကို အခြေခံပြီး အတူတွဲအလုပ်လုပ်သွားကြရအောင်လို့ ဖိတ်ကြားလိုက်ပါတယ်။ ဘယ်နေရာရမှလို့ သဘောမထားပဲ၊ ပါတီထဲဝင်လို့ဖြစ်စေ၊ ပါတီအပြင်မှဖြစ်စေ အလုပ်တူ လုပ်သွားဖို့ဖြစ်ပါတယ်။

ပါတီဥက္ကဋ္ဌကိုယ်တိုင်က ဒီလို လူသိနတ်ကြား ဖိတ်ခေါ်ထားပြီပဲ၊ နောက်ထပ် အဖိတ်အခေါ်စောင့်နေဖို့ မလိုတော့ပါဘူး။ ၁၁ ဦးတို့ဟာ ဒီအခြေအနေအရ

ကောင်းမယ်ထင်သလို ကိုယ့်ဘက်က ကိုယ်ဦးဆောင်ပြီး တော်လှန်ရေးလှုပ်ရှားမှုမှာ ပါဝင်ဆောင်ရွက်ကြဖို့ လိုပြီလို့ထင်ပါတယ်။ ကိုယ်ထင်မြင်ယူဆထားတဲ့ ပုံစံနဲ့ တပ်ပေါင်းစုကြီးတွေ၊ အမျိုးသားညီညွတ်ရေးအစိုးရကြီးတွေ ပေါ်အောင် စောင့်နေဖို့ မလိုပါဘူး၊ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး လုပ်သားပြည်သူ လှုပ်ရှားမှုကြီးထဲမှာ တနေရာရာက ပါဝင်နိုင်ရေးကိုသာ အဓိကထားသင့်ပါတယ်၊ ဒီနည်းဖြင့်သာ အမျိုးသားညီညွတ်ရေးကို ဝိုင်းဝန်းတည်ဆောက်သင့်ပါတယ်။

၃၃ ဦး အကြံပေးအဖွဲ့မှာ ဦးနုဟာ တသီးပုဂ္ဂလအဖြစ်ဖြင့်သာ ပါဝင်ရသော်လဲ ကျွန်တော်တို့နိုင်ငံမှာ ဦးနုက ကိုယ်စားပြုနေတဲ့ လူတွေရှိသေးတယ်။ သူတို့ဟာ ဦးနုနဲ့ အမြင်အယူအဆတူတယ်။ သူတင်ပြတဲ့ လုပ်ငန်းစဉ်ကို သဘောကျနေသူတွေ ရှိသေးတယ်။ ထိုနည်းငင်းပဲ၊ ၂၁ ဦးမှာလဲ အမြင်အယူအဆတူသူတွေ ရှိတယ်၊ ထောက်ခံသူတွေ ရှိတယ်၊ သူတို့အသီးသီးဟာ နိုင်ငံရေးသြဇာ ရှိသလောက် ရှိနေကြတယ်။ ကျွန်တော်တို့ဟာ ဦးနုနှင့် ၂၁ ရဲ့ အယူအဆတွေ၊ ဝါဒတွေ၊ လမ်းစဉ်တွေ၊ နိုင်ငံရေးသြဇာတွေကို ချေဖျက်ကြရမယ်။ လုပ်သားပြည်သူတို့က လုံးဝလက်မခံအောင် လုပ်ရမယ်။ သို့ကလို လုပ်ရာမှာ ၁၁ ဦးနှင့် သူတို့က ကိုယ်စားပြုနေသူများဟာ လမ်းစဉ်ပါတီရဲ့ စစ်မှန်သော မိတ်ဆွေများအဖြစ်ဖြင့် ရောက်ရှိနေရာလူထုကြားကနေပြီး ပူးပေါင်းဆောင်ရွက် သွားနိုင်ကြောင်းပါချာ။

ယနေ့ ၁၉၆၉ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့ထုတ် သတင်းစာများမှာ ထိုင်းနိုင်ငံက ခိုလှုံခွင့်ပေးထားတဲ့ ဦးနု၊ ဦးလော်ရဲ၊ ဗိုလ်ရန်နိုင်၊ ဗိုလ်လကျာ်၊ တီကလစ် စတဲ့ ပြည်ပြေးကြီးများရဲ့ ဓါတ်ပုံနှင့် ဦးနုလက်မှတ်ရေးထိုးပြီး ထုတ်ပြန်လိုက်တဲ့ မေတ္တာရပ်ခံစာ တစောင်ကို ဖေါ်ပြလိုက်ကြတယ်ဗျ။

ဦးနုတို့လူစုဟာ ထိုင်းနိုင်ငံမှာ ခိုလှုံခွင့်ရကြပြီးနောက် ဘာတွေလုပ်နေတယ်ဆိုတာ ပြည်ထောင်စု မြန်မာနိုင်ငံတဝှမ်းလုံးရှိ လုပ်သားပြည်သူအများ သိရှိနိုင်ကြရန် အရင်းအတိုင်း ဖေါ်ပြကြခြင်းဖြစ်ပါတယ်။ တော်လှန်ရေးအစိုးရဟာ လုပ်သားပြည်သူတို့ကို ယုံကြည်စိတ်ချရသော အစိုးရဖြစ်တဲ့အတိုင်း၊ လုံးဝ အစွန်းထင်ခြင်းကင်းသော အမှန်များ၊ တကယ့် အဖြစ်၊ တကယ့် အရှိများကို ပြည်သူတို့ရှေ့မှာ ချပြလေ့ရှိပါတယ်။ ဥပမာ ဦးနုကိစ္စကိုပဲ ကြည့်ပါ၊ ပြည်တွင်းညီညွတ်

ရေး အကြံပေးအဖွဲ့ဝင်အဖြစ်ဖြင့် သူတင်ပြတဲ့စာ လန်ဒန်မြို့ သတင်းစာကွန်ဖရင့်
မှာ သူထုတ်ပြန်တဲ့ကျေညာချက် စသည်များကို အရင်းအတိုင်း ဖေါ်ထုတ်တင်ပြ
ခဲ့ပါတယ်။ လုပ်သားပြည်သူတို့က ဟိုဘက်သည်ဘက် ချင့်ချိန်စဉ်းစားပြီး ကိုယ်
ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ကြရန်ဖြစ်ပါတယ်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို ဦးနုရောက်သွားလို့ ခိုလှုံခွင့်တောင်းချိန်က
စပြီး ထိုင်းအစိုးရဟာ လူလူချင်း စာနာထောက်ထားရမည့် သဘောအရ ခိုလှုံခွင့်
ပေးမည် ဖြစ်သော်လဲ မြန်မာနိုင်ငံ ထိုင်းနိုင်ငံ မိတ်ဆွေဖြစ်ဆက်ဆံရေး ဆုတ်ယုတ်
ပျက်ပြားစေမည့်အလုပ် တော်လှန်ရေးအစိုးရကို ရန်မူသော အလုပ်များ လုပ်ခွင့်
ပြုမည် မဟုတ်ကြောင်း အကြိမ်ကြိမ် လူသိနတ်ကြားသော်လည်းကောင်း၊ သံတမန်
ရေးရာ တိတ်ဆိတ်စွာဖြင့်လည်းကောင်း အာမခံခဲ့ပါတယ်။ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်
ကစ်တီကာချွန်၊ နိုင်ငံခြားရေးဝန်ကြီး သနတ်ခိုမန်နှင့် လမ်းပန်းဆက်သွယ်ရေးနှင့်
သယ်ယူပို့ဆောင်ရေးဝန်ကြီး မာရှယ်ဒါဝီတို့ရဲ့ နေ့စွဲအမျိုးမျိုးနှင့် ကျေညာချက်
များ သက်သေထင်ရှားရှိပါတယ်။ ဦးသွင်တို့လူစု ထိုင်းထဲဝင်ပြီး ခိုလှုံခွင့်တောင်း
စဉ်ကဆိုရင် ပြည်ပြေးကြီးများက မြန်မာအစိုးရ ပျက်စီးရာပျက်စီးကြောင်း မလုပ်နိုင်
အောင်၊ လွတ်လပ်စွာလှုပ်ရှားခွင့်မရအောင် နယ်စပ်နှင့်ဝေးသောတနေရာမှာ
ကန့်သတ်ထားမည်ဖြစ်ကြောင်း ထိုင်းအာဏာပိုင်တို့က ပြောဆိုကြတယ်။

ဦးနုနှင့်တကွ အခြား ပြည်ပြေးကြီးများကလဲ ထိုင်းအစိုးရရဲ့ ခိုလှုံခွင့်ပေးခြင်း
စည်းမျဉ်းဥပဒေများကို လိုက်နာမည့်အကြောင်း အာမခံခဲ့ကြတယ်လို့ ဆိုပါတယ်။

သို့သော် ယနေ့သတင်းစာများက ဖေါ်ထုတ်တင်ပြလိုက်တဲ့ ဦးနုတို့လူစု
ဓါတ်ပုံနှင့် ဦးနုမေတ္တာရပ်ခံချက်တို့ဟာ ခိုလှုံခွင့်ပေးခဲ့တဲ့ ထိုင်းအစိုးရကို ပြက်ရယ်
ပြုရာ ရောက်သွားပါတယ်။ လက်နဲ့ရေး ခြေနဲ့ဖျက်သလို ဖြစ်သွားပါတယ်။ ရှင်း
လင်းချက်အမျိုးမျိုးဖြင့် မြန်မာပြည်သူတွေနှင့် တော်လှန်ရေးအစိုးရကို နှစ်သိမ့်
စေခဲ့တဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး သနတ်ခိုမန်နှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး
မာရှယ်ဒါဝီ အစရှိသော ထိုင်းအာဏာပိုင်များကို သစ္စာမရှိ ကတိမတည်သူများ
ဖြစ်သွားစေပါတယ်။ ထိုင်းအစိုးရရဲ့ ခိုလှုံခွင့်ပေးခြင်း စည်းမျဉ်းဥပဒေများကို
လိုက်နာပါမယ်လို့ အာမခံထားတဲ့ ဦးနုတို့လူစုဟာ ဘယ်လိုလူစားတွေဖြစ်တယ်
ဆိုတာလဲ ထင်ရှားစေပါတယ်။

မြန်မာပြည်သူများနှင့် တော်လှန်ရေးအစိုးရတို့ဟာ ထိုင်းပြည်သူတို့နှင့် ဘုရင့်အစိုးရတို့ကို အိမ်နားနီးချင်း မိတ်ဆွေကောင်းများဖြစ်အောင် နည်းအမျိုးမျိုးနှင့် ကြိုးစားနေတယ်။ ယနေ့ ထိုင်းနိုင်ငံမှာ ခိုလှုံခွင့်ယူနေတဲ့ ဦးနုတို့လူစုရဲ့ လှုပ်ရှားမှုများဟာ ထိုသို့သော အိမ်နားနီးချင်း မိတ်ဆွေကောင်းဖြစ်ရေး အားထုတ်မှုများကို နှစ်နာဆုတ်ယုတ်စေတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံ လုပ်သားပြည်သူတို့နှင့် တော်လှန်ရေးအစိုးရတို့ရဲ့ မျက်စိရှေ့မှာ ထိုင်းနိုင်ငံနှင့် ထိုင်းဘုရင်အစိုးရတို့ရဲ့ သိက္ခာကျဆင်းစေတယ်။ ထိုင်းမြန်မာ နှစ်နိုင်ငံ ထာဝစဉ်မိတ်ဆွေဖြစ်ရေး၊ ထိုင်းဘုရင့် အစိုးရနှင့် တော်လှန်ရေး အစိုးရတို့ ချစ်ကြည်ရင်းနှီးရေးအကျိုးငှာ ဒီပြဿနာကို ဖြေရှင်းရန်ဟာ ထိုင်းအစိုးရရဲ့ တာဝန်ဖြစ်တယ်ဗျာ။

## နယ်ချဲ့စီမံကိန်းများနှင့် ဦးနုတို့လူစု

ထိုင်းအစိုးရဟာ ဦးနုတို့လူစုကို လူလူချင်းစာနာရမယ့်သဘောအရ ခိုလှုံခွင့်ပေးထားသော်လည်း နှစ်နိုင်ငံဆက်ဆံရေးကို ထိပါးရာထိပါးကြောင်း၊ တော်လှန်ရေးအစိုးရကို ပျက်စီးရာပျက်စီးကြောင်း လုပ်ခွင့်မပေးပါဘူးလို့ အာမခံထားသော်လည်း ဦးနုတို့လူစုကို ဘာကြောင့်ငြိမ်ငြိမ်နေအောင် ထိန်းမထားနိုင်သလဲ ။ ထိုင်းအစိုးကိုယ်တိုင်က အလိုတူအလိုပါဖြစ်ပြီး ပြောသမျိုး လုပ်သမျိုး စခန်းသွားနေသလား။ သို့မဟုတ် ထိုင်းအစိုးရထဲမှာကိုပဲ တချို့က ပြောထားသလို လုပ်လိုပြီး တချို့က ဘယ်သူဘာပြောပြော၊ သူတို့ကတော့ ဦးနုတို့လူစုကိုအားပေးပြီး တော်လှန်ရေးအစိုးရကို ရန်မူတဲ့အလုပ်လုပ်မယ်လို့ သဘောထားနေသလား။ သို့မဟုတ် ထိုင်းအစိုးရဟာ ထိုင်းနိုင်ငံထဲမှာ အခြေအနေအရပ်ရပ်ကို မထိန်းသိမ်းနိုင်၊ မအုပ်စီးနိုင် ဖြစ်နေသလား စသည်ဖြင့် စဉ်းစားစရာရှိနေတယ်ဗျာ။

ဒီပြဿနာကို စဉ်းစားရင် နယ်ချဲ့စီမံကိန်းများကို မှတည်မှဖြစ်မယ်။ အထူးသဖြင့် အရှေ့တောင်အာရှမှာ အမေရိကန် နယ်ချဲ့ဝါဒရဲ့ စီမံကိန်းများကိုမှတည်စဉ်းစားမှဖြစ်မယ်။

အရှေ့တောင်အာရှမှာ တခါတုန်းက လွှမ်းမိုးခဲ့တဲ့ အင်္ဂလိပ်နဲ့ ပြင်သစ်နယ်ချဲ့တွေရဲ့ ခေတ်ကတော့ ကုန်သွားပါပြီ။ ယခုအခါ သူတို့ခြေရာကိုနင်းပြီး အင်အားအလုံးအရင်း ပိုမိုကြီးမားစွာဖြင့် သူတို့ရဲ့ နယ်ချဲ့အမွေကို တိုးချဲ့လိုတဲ့ အမေရိကန်

နယ်ချဲ့စနစ် ရှေ့ဆောင်လျှပ်ရှားနေတယ်။ အမေရိကန်နယ်ချဲ့စနစ်နှင့် ဝေစုခွဲယူရန် ဂျပန်နယ်ချဲ့စနစ်က နောက်မှလိုက်နေတယ်။

အမေရိကန်နယ်ချဲ့စီမံကိန်းများကို ဗီယက်နမ်မှာ အထင်ရှားဆုံးတွေ့မြင်နိုင်တယ်။

အမေရိကန်နယ်ချဲ့အသိုင်းအဝိုင်းများဟာ တရုတ်ကွန်မြူနစ်အန္တရာယ်ကို လက်ညှိုးထိုးပြီး ဗီယက်နမ်တခုလုံးကို ကိုလိုနီစနစ်သစ်လက်အောက်သို့ သွတ်သွင်းရန်ကြိုးပမ်းခဲ့တယ်။ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး နည်းအမျိုးမျိုးနှင့် လွှမ်းမိုးရန်ကြိုးပမ်းခဲ့တယ်။ သို့သော် ဗီယက်နမ်ပြည်သူတွေက နယ်ချဲ့ကြီးစိုးလွှမ်းမိုးမှု စီမံကိန်းများကို လက်မခံပဲ ခုခံတော်လှန်နေကြတယ်။ မြောက်ဗီယက်နမ်က အမျိုးသားလွတ်မြောက်ရေးရပြီး ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးစနေတယ်။ တောင်ဗီယက်နမ် အမျိုးသားလွတ်မြောက်ရေးတပ်ဦးက တောင်ဗီယက်နမ်ပြည်သူတို့ရဲ့ အမျိုးသားလွတ်မြောက်ရေးစစ်ပွဲကို ဦးဆောင်နေတယ်။ မြောက်ဗီယက်နမ်နဲ့ တောင်ဗီယက်နမ်ပြည်သူလူထုဟာ ဗီယက်နမ်နယ်မြေအားလုံးမှာ အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေးအောင်မြင်ရန်၊ ညီညွတ်ပေါင်းစည်းရန်၊ ကျူးကျော်ရေးစစ်ကို ရပ်စဲစေပြီး ငြိမ်းချမ်းရေးတည်ဆောက်ရန် တိုက်ပွဲဝင်နေကြတယ်။

အမေရိကန်အစိုးရဟာ စစ်သား ၅ သိန်းကျော်ချပြီး ငွေအား၊ ပစ္စည်းအား၊ လူအင်အားပုံသြကာ တိုက်သော်လဲ စစ်အနိုင်မရရှိပဲဖြစ်နေတယ်။ ရန်းထွက်ရန် ခက်တဲ့ ရွှံ့ဗွက်ကြီးထဲ ကျနေသလိုပဲ။

အမေရိကန်ပြည်သူတွေဟာ တနေ့တခြားပိုမိုပြီး ဗီယက်နမ်စစ်ရဲ့ ညစ်ညမ်းမှု၊ မတရားမှု၊ မမှန်ကန်မှုများကို သဘောပေါက်လာကြတယ်။ အမေရိကန်ပြည်သူတွေဟာ စစ်ပမ်းလာကြတယ်။ ဒါကြောင့် အမေရိကန်ပြည်သူတွေဟာ တညီတညွတ်တည်း ဗီယက်နမ်စစ်ကို ရပ်စဲရန်၊ ဗီယက်နမ်မှ အမေရိကန်စစ်တပ်များကို ရုတ်သိမ်းရန် တောင်းဆိုကြတယ်။

အခြေအနေအရပ်ရပ်ရဲ့ အကြပ်ကိုင်မှုကြောင့် အမေရိကန်အစိုးရဟာ ဗီယက်နမ်မှ အမေရိကန်စစ်တပ်များကို ရုတ်သိမ်းရန် ရှောင်လွှဲမရတော့တာကို တွေ့နေရတယ်။ ဗီယက်နမ်မှသာမက ထိုင်းနိုင်ငံအပါအဝင် အရှေ့တောင်အာရှတခုလုံးမှ အမေရိကန်စစ်တပ်များကို ရုပ်သိမ်းရန် ရှောင်လွှဲမရတော့တာကိုလဲ တွေ့နေရ

တယ်ဗျာ။

သို့ကလို အခြေအနေအရပ်ရပ် အကြပ်ကိုင်မှုကြောင့် တောင်ဗီယက်နမ်မှ သာမက ထိုင်းနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသရှိ အမေရိကန်စစ်တပ်များကို ရုပ်သိမ်းရန် ရှောင်လွှဲလို့ ရတော့မည်မဟုတ်ဆိုတာကို တွေ့ရှိလာတော့ အမေရိကန်ဟာ ဗီယက်နမ်မှာ သေနင်္ဂဗျူဟာနှင့် နည်းဗျူဟာစီမံကိန်းများကို ပြောင်းလာတယ်။

နယ်ချဲ့စနစ်ဟာ အခြေမလှသော်လဲ အလိုအလျောက် အလျှော့ပေးရိုး ထုံးစံ မရှိဘူး။ မလွှဲမရှောင်သာလို့ အလျှော့ပေးရသော်လည်း ပုံသဏ္ဍာန်သစ်များ၊ အသွင်သစ်များရှာပြီး ခြေကုတ်ဆက်ယူထားလေ့ ထားရှိတယ်။

ဗီယက်နမ်စစ်ပွဲကို အပြင်းအထန်ဆန့်ကျင်နေကြတဲ့ ကမ္ဘာ့ကမ္ဘာသားတွေနှင့် အမေရိကန်ပြည်သူတွေကို အာရုံလွှဲပြောင်းပေးတဲ့အနေနဲ့ အမေရိကန်စစ်တပ်တွေကို တဆင့်ပြီးတဆင့် တရစ်ပြီးတရစ် ရုပ်သိမ်းသွားမယ်ဆိုတဲ့ အစီအစဉ်ကို ချမှတ်လိုက်တယ်။ ဗီယက်နမ်စစ်ပွဲကို ဗီယက်နမ်တွေသာ တိုက်စေမယ် ( Vietnamisation ) ဆိုတဲ့ စီမံကိန်းကို ဖေါ်ဆောင်နေတယ်။

တကယ်တော့ နစ်ကဆင်အစိုးရရဲ့ ဒီစီမံကိန်းဟာ အသစ်အဆန်းမဟုတ်ပါဘူး၊ ကွယ်လွန်သူ မစ္စတာ ဖေါ့စ်တာ ဒါးလက်စ်ရဲ့ "အာရှတိုက်သားများသည် အာရှတိုက်သားများကို တိုက်ကြပါစေ " ဆိုတဲ့ သေနင်္ဂဗျူဟာ မူဝါဒနဲ့ အတူတူပဲဖြစ်ပါတယ်။ လုံးဝလွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးတို့အတွက် ဦးတည်ချီတက်နေတဲ့ အာရှတိုက်သားတွေနှင့် အမေရိကန်ဆက်သား အာရှတိုက်သားတွေ တိုက်စေခြင်း၊ အမေရိကန်နယ်ချဲ့အသိုင်းအဝိုင်းများ တိုက်ချင်သော ကိုလိုနီစစ်ပွဲများကို အမေရိကန်အသက်အသေခံပြီး မတိုက်ရပဲ၊ အမေရိကန်ဘက်သား အာရှတိုက်သားများက အသက်အသေခံ တိုက်စေခြင်း ဖြစ်ပါတယ်။

စာဖတ်သူတို့ သတိရကြဖို့ကတော့ ယခု အမေရိကန်သမ္မတနစ်ကဆင်ဟာ မစ္စတာ ဖေါ့စ်တာ ဒါးလက်စ်နှင့် လုပ်ဖေါ်ကိုင်ဖက် ဖြစ်ခဲ့ပါတယ်။ မစ္စတာ နစ်ကဆင်က ဒုတိယသမ္မတဖြစ်ပြီး မစ္စတာ ဒါးလက်စ်က နိုင်ငံခြားရေးဝန်ကြီး ဖြစ်ခဲ့ပါတယ်။ ကြားနေရေးဝါဒဆိုတာ အကျင့်စာရိတ္တပျက်ပြားသူတို့ရဲ့ ဝါဒဖြစ်ပါတယ်လို့ သံပြိုင်အော်ခဲ့ဖူးပါတယ်။

ဗီယက်နမ်ကိစ္စမှာ အမေရိကန်စဝင်ခဲ့တုန်းက အာရှတိုက်သားတို့သည် အာရှတိုက်သားများကို တိုက်စေဆိုတဲ့ မူဝါဒကို ကိုင်စွဲပြီး ဝင်ခဲ့ခြင်းဖြစ်ပါတယ်။ အမေရိကန်ဟာ ဗီယက်နမ်တပည့်တွေကို မွေးခဲ့ပြီး အကူအညီအမျိုးမျိုးပေးခဲ့ပါတယ်။ တပည့်တွေအခြေမလှတော့ အမေရိကန်အရာရှိတွေကိုယ်တိုင် အကြံပေးအရာရှိများအမည်ဖြင့် စစ်မြေပြင် ဆင်းခဲ့ရတယ်။ ဒါနှင့်လဲ အခြေအနေကောင်းမလာတော့ အမေရိကန်လေတပ်တွေ၊ နောက် အမေရိကန်ရေတပ်တွေ၊ နောက်ဆုံးတော့ အမေရိကန်ကြည်းတပ်တွေ တလှမ်းပြီးတလှမ်း ကျံကျံသွားလိုက်တာ အမေရိကန်စစ်သား ၅ သိန်းကျော် ဗွက်ကြီးထဲရုန်းနေရတော့တဲ့အထိ ဖြစ်လာတယ်။ အခုအခြေမလှလို့ ဒုံရင်းပြန်ကြဦးမယ်၊ ဗီယက်နမ်စစ်ကို ဗီယက်နမ်တွေသာ တိုက်စေမယ်ဆိုပြီး ဘက်တော်သားတွေကို လက်နက်တပ်ဆင်ကာ ပုန်းပြောင်းပေးဖို့ ကြိုးစားနေတယ်။

တဖက်က အမေရိကန်စစ်တပ်တွေ ရုပ်သိမ်းတယ်။ တခြားတဖက်က ဘက်တော်သားတွေ၊ နောက်လိုက် လူယုံတော်တွေ တပည့်တပန်းတွေကို ရှာဖွေရတယ်။ ပြုစုပျိုးထောင်ရတယ်။ ကူညီပံ့ပိုးရတယ်။ ဒါကို ပြောင်လဲလုပ်တယ်၊ တိတ်တိတ်ပုန်းလဲလုပ်တယ်၊ နိုင်ငံခြားရေးရုံးက သံတမန်ရေးရာနှင့် တရားဝင်လဲလုပ်တယ်၊ စီအိုင်အေက လျှို့ဝှက်ရေးလုပ်ငန်းများနှင့် ဥပဒေပြင်ပမှလဲလုပ်တယ်၊ အမေရိကန်ပြည်ထောင်စုမှာ နိုင်ငံခြားရေးရုံးထက် ပင်တာဂွန် (စစ်ရုံးကြီး)က ပိုတန်ခိုးကြီးတယ်။ ပင်တာဂွန်ထက် စီအိုင်အေက ပိုတန်ခိုးကြီးတယ်လို့ ဆိုပါတယ်။ တောင်ဗီယက်နမ်မှာလဲ ဒီအဖွဲ့ကြီး ၃ ဖွဲ့ဟာ ဒီတန်ခိုးဝါစဉ်အတိုင်း စခန်းသွားနေကြောင်း တွေ့နိုင်ပါတယ်။ မကြာခင်က တောင်ဗီယက်နမ်မှာ တောင်ဗီယက်နမ် အစိုးရအမှုထမ်းတဦး သိုင်ကာပ်ချူရုန်ကို အမေရိကန် ဂရီးန်ဘားရက် ဗိုလ်ကြီးများက သတ်ပစ်ခဲ့တယ်။ လူသိနတ်ကြားဖြစ်၊ တရားရုံးရောက် နောက်ဆုံး တရားခံကို ကွင်းလုံးကျွတ် လွှတ်ပစ်ရတဲ့အထိဖြစ်ခဲ့တယ်။ ဒီအမှုမှာ တောင်ဗီယက်နမ်အစိုးရရော၊ အမေရိကန်သံရုံးရော၊ တောင်ဗီယက်နမ်မှာရှိတဲ့ အမေရိကန်စစ်တပ်များရဲ့ သေနာပတိပါ စီအိုင်အေသြဇာကို မလွန်ဆန်နိုင်ကြောင်း ထင်ရှားတယ်။

ထိုင်းနိုင်ငံမှာလဲ အမေရိကန် နိုင်ငံခြားရေးရုံး၊ ပင်တာဂွန်နှင့် စီအိုင်အေတို့ဟာ

ဒီတာန်ခိုး ဝါစဉ်အတိုင်း စခန်းသွားနေကြတယ်။

ထိုင်းနိုင်ငံမှာ ခိုလှုံနေတဲ့ ဦးနုတို့လူစုနှင့် ပတ်သက်ပြီး အမေရိကန်နိုင်ငံခြားရေးရုံးနှင့် ထိုင်းနိုင်ငံခြားရေးရုံးတို့ဟာ လက်ရှောင်နေကြမယ်လို့ ယုံကြည်နိုင်ပါတယ်။ သူတို့က ဦးနုတို့လူစုရဲ့ နိုင်ငံရေးလှုပ်ရှားမှုများကို ခွင့်မပြုပါဘူး၊ ထောက်ခံအားပေးခြင်း မရှိပါဘူး စသည်ဖြင့် အာမခံတာကိုလဲ လက်ခံမယ်ဆိုက လက်ခံနိုင်ပါတယ်။ သို့သော် စီအိုင်အေက လျှို့ဝှက်စွာ ဘာတွေလုပ်နေတယ်ဆိုတာကို ဘယ်သူမှ အသေအချာမသိနိုင်ပါဘူး၊ စီအိုင်အေက မြန်မာပြည်တွင်းရေးမှာ ဝင်မစွက်ပါဘူး၊ ဦးနုတို့ကို မကူညီပါဘူး၊ အားပေးထောက်ခံခြင်း မပြုပါဘူးလို့ အမေရိကန်အစိုးရကရော ထိုင်းအစိုးရကပါ အာမမခံနိုင်ကြပါဘူး၊ တကမ္ဘာလုံး အတွေ့အကြုံအရဆိုရင်တော့ စီအိုင်အေဟာ နိုင်ငံတကာ အတွင်းရေးတွေမှာ ဝင်ရောက်စွက်ဖက်နေကြောင်း၊ ရသည့်နေရာက တပည့်မွေးနေကြောင်း၊ လိုသောအခါ၊ အခွင့်သာသောအခါ၊ ထုတ်သုံးရန် သမ္မတလောင်းများ၊ ဝန်ကြီးချုပ်လောင်းများ၊ သေနာပတိလောင်းများ၊ ဝန်ကြီးလောင်းများကို အသင့်ဆောင်ထားကြောင်း မှတ်ယူနိုင်ပါတယ်။

ဦးနုဟာ အိန္ဒိယပြည်ကို ဆေးကုရန်နှင့် ဘုရားဖူးရန်ဆိုပြီး ထွက်သွားတယ်။

ဗုဒ္ဓဂါယာမှာ ဘုရားဖူးပြီးနောက် သူဟာ နိုင်ငံရေးကို စိတ်မဝင်စားတော့ကြောင်း၊ ဘုန်းကြီးဝတ်တော့မည်ဖြစ်ကြောင်း၊ သာသနာပြုလုပ်ငန်းများ လုပ်တော့မည်ဖြစ်ကြောင်း၊ စသည်ဖြင့် တကမ္ဘာလုံးသိအောင် သတင်းထုတ်ပြန်ခဲ့ပါတယ်။ မကြာခင် ဦးလောရုံလိုက်လာပြီး ဘန်ကောက်ကို ခေါ်သွားတော့တာပါပဲ။ ဘန်ကောက်ကနေ အင်္ဂလန်သွားပြီး သတင်းစာ ကွန်ဖရင့်လုပ်တယ်။ တော်လှန်ရေးအစိုးရဖြုတ်ချရေး၊ အာဏာသိမ်းရေး၊ အစီအစဉ်များကို တင်ပြလိုက်တယ်။ နောက် အမေရိကန်ပြည်ထောင်စုကို သွားပြီး သူ့အဖို့ လက်နက်ကိုင်ပုန်ကန်ရန်မှတပါး အခြားနည်းလမ်းမရှိတော့ကြောင်း၊ တပ်များဖွဲ့ပြီး လက်နက်တပ်ဆင်တော့မည်ဖြစ်ကြောင်း၊ အမေရိကန်ပြည်သူတွေက ငွေလှူကြစေလိုကြောင်း စသည်ဖြင့် သတင်းစာ၊ ရေဒီယို၊ တယ်လီဗေးရှင်းများမှ ပြောကြားခဲ့တယ်။

ဦးနု အမေရိကန်ပြည်ထောင်စုအတွင်းမှာ လှည့်လည်နေစဉ် အမေရိကန်အစိုးရ ခေါင်းဆောင်များနှင့် မတွေ့ရပါဘူး၊ နိုင်ငံခြားရေးရုံးမှလူများက သူ့ကို

လုံးဝရှောင်နေကြတယ်။ သို့သော် စီအိုင်အေနှင့် ဦးနုတို့ အဆက်အသွယ် မလုပ်ဖဲတော့ နေလိမ့်မယ်မဟုတ်ပါဘူး။ ဒါတွေကိုတော့ ထိပ်တန်းလျှို့ဝှက် လုပ်ထားကြမှာပါပဲ။

ဦးနု ရန်ပုံငွေကောက်ခံခြင်းနှင့် ပတ်သက်ပြီး ဒီလိုသတင်းရတယ်ဗျာ။ ဦးနုကိုယ်တိုင်က ဖေါ်ပြီး ပိတ်သွားတဲ့ သတင်းဖြစ်ပါတယ်။ ဆန်ဖရန်စစ္စကိုမြို့မှာ ဦးနုက ကျွေးမွေးဧည့်ခံပြီး သတင်းစာကွန်ဖရင့်တခု ကျင်းပတယ်။ သတင်းစာဆရာ ၄၇ ယောက် တက်တယ်။ အဲဒီမှာ ရန်ပုံငွေကောက်ခံတဲ့ကိစ္စကို မေးကြတော့ ဦးနုက ဖြေရှင်းပြပါတယ်။ ဦးနုအတွက် ရန်ပုံငွေကောက်ခံရေးကို ကင်းဆေပ်မြို့မှာ အခြေစိုက်တဲ့ ဒီမိုကရက်တစ်ဖရီးဒမ်းအဖွဲ့က ဦးစီးပြီးဆောင်ရွက်တယ်။ စုစုပေါင်း ဒေါ်လာ ၁,၄၆၀,၀၀၀ ကောက်ခံရရှိတယ်။ စာပေါင်း ၁၀၀၀ ကျော် ရရှိတဲ့အနက် ၃၀၀ က သူ့ကို လုံးဝထောက်ခံကြပြီး ၇၀၀ ကတော့ သူ့လုပ်ငန်းစဉ်ကို မထောက်ခံကြဘူးလို့ ဆိုပါတယ်၊ ဦးနုက ဒါတွေပြောပြပြီးနောက် သတင်းမပို့ကြရန် မေတ္တာရပ်ခံလိုက်လို့ သတင်းစာတွေထဲမှာတော့ မပါလာဘူးဗျာ။

ဆန်ဖရန်စစ္စကို သတင်းစာကွန်ဖရင့်မှာ ဦးနုက ကောက်ခံရရှိသော အလှူငွေ ဒေါ်လာ ၁,၄၆၀,၀၀၀ နှင့် ပတ်သက်ပြီး ရှင်းလင်းချက်အနည်းငယ် ပေးလိုက်သတဲ့ဗျ။ အမေရိကန်ပြည်သူတွေဟာ အနည်းဆုံး တဒေါ်လာစီနှင့် အများဆုံး ၂၅၀ ဒေါ်လာစီ ထည့်ဝင်ကြတယ်ဆိုပဲ။ အမှန်ကတော့ လုံးကာနဲ့ခဲကာနဲ့ ထည့်သွင်းသူတွေကို ဖုံးကွယ်ချင်လို့ ဒီရှင်းလင်းချက်ကို ပေးခြင်းဖြစ်ပါတယ်။ အမေရိကန် သန်းကြွယ်သူဌေးကြီးတွေဟာ ဒီလိုလူမျိုးကို မုန့်ဖိုးပေးဖို့ အသင့်စောင့်နေကြတယ်။ ပြီးတော့ ကမကထပြုတဲ့ ဒီမိုကရက်တစ် ဖရီးဒမ်းအသင်းဆိုတာ စီအိုင်အေလှုပ်ရှားမှုအမျိုးမျိုးအနက် တခုသော လှုပ်ရှားမှုရဲ့ မျက်နှာဖုံးဖြစ်တယ်လို့ လူသိများ ကျော်ကြားနေပါတယ်။ ဒေါ်လာ ၁,၄၆၀,၀၀၀ ဟာ ဘာမှမဖြစ်လောက်ပါဘူး။ ဦးနုရဲ့ အလျှုခံပန်ကြားချက်မှာ ပါတဲ့ ဒေါ်လာ ၄သန်း ဟာလဲ ဘာမှမဖြစ်လောက်ပါဘူးဗျာ။

ယခုနေအခါမှာ အမေရိကန်ပြည်သူတွေအနေနှင့်ဆိုရင် တောင်ဗီယက်နမ်မှာ ပါဝင်ပတ်သက်နေရခြင်းကို အဆုံးသတ်ချင်ကြတယ်။ နောက်ထပ် ဗီယက်နမ် အသစ်များကိုလဲ မလိုချင်ကြဘူး၊ တဒေါ်လာစီ သို့မဟုတ် ဒေါ်လာ ၂၅၀ စီ

ထည့်ဝင်ဖို့ နေနေသာသာ ဦးနုပြောဟောတာတွေကိုပင် နားမထောင်ကြပါဘူး၊ အမေရိကန်နယ်ချဲ့ အသိုင်းအဝိုင်း လက်တဆုပ်စာလောက်သာ ဦးနုကို စိတ်ဝင်စား နေကြတယ်ဗျာ။

## ထိုင်းနိုင်ငံအတွင်းရေးများ

ထိုင်းပြည်သူလူထုအများစုဟာ အမေရိကန်ဩဇာလွှမ်းမိုးခြင်းခံရပြီး နောက်လိုက်လုပ်နေရတဲ့ မိမိတို့နိုင်ငံရဲ့အဖြစ်သနစ်ကို မကျေမနပ်ဖြစ်နေကြပြီဗျ။ အိမ်နီးချင်းနိုင်ငံအများအပြားနဲ့ မသင့်မမြတ်ဖြစ်နေရခြင်းကိုလဲ စိတ်မချမ်းသာကြဘူး၊ အိမ်နီးချင်းနိုင်ငံတွေနှင့် သင့်မြတ်ပြီး လွတ်လွတ်လပ်လပ်ငြိမ်းငြိမ်းချမ်းချမ်း နေလိုကြတယ်။ မြန်မာနိုင်ငံရဲ့ မိတ်ကောင်းပီသတဲ့ မူဝါဒနဲ့ အပြုအမူများကို တနေ့တခြား နားလည်သဘောပေါက်လာကြတယ်။ ထိုင်း–မြန်မာချစ်ကြည်ရေးကို အခိုင်အမာ တည်ဆောက်လိုကြတယ်။

ထိုသို့သော ထိုင်းပြည်သူလူထုအများစုရဲ့ ထင်မြင်ချက်နှင့် ဆန္ဒများကို ကိုယ်စားပြုသောအားဖြင့် အချို့သော နိုင်ငံခေါင်းဆောင်များနှင့် သတင်းစာများက ဦးနုနှင့်တကွသော ပြည်ပြေးကြီးများကို ထိုင်းနိုင်ငံက ခိုလှုံခွင့်ပေးခြင်းနှင့် ပတ်သက်ပြီး ဝေဖန်ကန့်ကွက်စကား၊ သတိပေးစကားများ ပြောကြားခဲ့ကြ၊ ရေးခဲ့ကြတယ်။ ထိုင်းအစိုးရခေါင်းဆောင်ပိုင်းက မကြာခဏ ဦးနုတို့လူစုကို လူလူချင်းစာနာထောက်ထားရမည့်သဘောအရ ခိုလှုံခွင့်ပေးထားခြင်း ဖြစ်ပါတယ်၊ ဦးနုတို့လူစုကို ထိုင်း–မြန်မာဆက်ဆံရေး ပျက်ပြားစေမည့်၊ မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေမည့် နိုင်ငံရေးလှုပ်ရှားမှုများ လုပ်ခွင့်မပြုပါ စသည်ဖြင့် ပြောနေခြင်းဟာ မြန်မာပြည်သူတွေနှင့် တော်လှန်ရေးအစိုးရကို ရှင်းလင်းချက်ပေးခြင်း ဖြစ်ရုံမက ထိုင်းပြည်သူလူထုအများစုရဲ့ စိုးရိမ်ပူပန်မှုကို နှစ်သိမ့်ခြင်းလဲဖြစ်တယ်ဗျာ။

အမေရိကန်ဩဇာခံဖြစ်နေရတဲ့ဘဝ၊ စစ်အုပ်စုဝင်ဖြစ်နေရတဲ့ဘဝ၊ အိမ်နီးချင်းနိုင်ငံ အများအပြားနှင့် မသင့်မမြတ် ဖြစ်နေသည့်ဘဝကို မကျေနပ်တဲ့ နိုင်ငံရေးအင်အားစုတွေဟာ တနေ့ထက်တနေ့ ပွားများနေတယ်။ လက်နက်ကိုင်တော်လှန်နေတဲ့ နိုင်ငံရေးအင်အားစုကနေပြီး၊ အာဏာရပါတီ ( ဝန်ကြီးချုပ် ကစ်တီကာချွန်

တည်ထောင်ထားသော ပါတီ ) မှ အချို့ခေါင်းဆောင်များအထိ ပါဝင်နေတယ်။

အမေရိကန်တို့ဟာ ထိုင်းနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှ စစ်တပ်များကို မလွှဲမရှောင်သာ ရုပ်သိမ်းရတော့မယ်ဆိုတဲ့ အလားအလာ ကြီးထွားလာသည်နှင့် အမျှ၊ အာဏာရပါတီတွင်းမှာ တိုးတက်သောအပိုင်းက အားကောင်းလာတယ်။

အမေရိကန်စစ်တပ်တွေ ရုပ်သိမ်းရမည်၊ ရှေ့ဘယ်လို စခန်းသွားကြမည်လဲ။

တိုးတက်သောအပိုင်းက လွတ်လပ်သော ကြားနေနိုင်ငံ၊ အမေရိကန်ဩဇာကင်းရှင်းသည့်နိုင်ငံ၊ နိုင်ငံအားလုံးနှင့် ချစ်ကြည်စွာဆက်ဆံသောနိုင်ငံအဖြစ် စခန်းသွားကြရန် စိတ်အားထက်သန်နေကြတယ်။

ဖေါက်ပြန်တဲ့အပိုင်းကတော့ မလွှဲသာလို့ အမေရိကန်စစ်တပ်တွေကို ရုပ်သိမ်းသွားသော်လည်း အမေရိကန်နှင့် စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုအနှောင်အဖွဲ့များကို ခိုင်မာအောင်ဖွဲ့ထားရမယ်လို့ ယူဆကြတယ်။ အမေရိကန်အကူအညီအမျိုးမျိုးကို မှီခိုအားထားပြီး အမေရိကန်နောက်မှ မေးလိုက်ရန်ကိုပဲ စိတ်အားထက်သန်နေကြတယ်။

ထိုင်းနိုင်ငံ အာဏာရပါတီထဲမှာ နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေး၊ ဂိုဏ်းဂဏ အကွဲအပြားအမျိုးမျိုးဖြစ်ပေါ်နေခြင်းရဲ့ နောက်မှာ အထက်ဖေါ်ပြပါ နိုင်ငံရေးသဘောကွဲမှုကြီးက ချယ်လှယ်လွှမ်းမိုးနေတယ်။ လွန်ခဲ့တဲ့ ၃ လကျော်ကျော်တုန်းက ဘယ်လောက်ထိ ကွဲလွဲမှုကြီးကျယ်ခဲ့သလဲဆိုရင် နိုင်ငံတော်အစိုးရဘက်ဂျက်ကို ပါလီမန်က မပြဋ္ဌာန်းနိုင်သည်အထိ ဖြစ်တယ်။ ထိုင်းဘုရင်က တချက်လွှတ်အာဏာနှင့် လက်မှတ်ထိုးပြီး ပြဋ္ဌာန်းခဲ့ရတယ်။ ဒီကွဲလွဲမှုကို အာဏာရပါတီဟာ ယနေ့အထိ မဖြေရှင်းနိုင်သေးဘူး။

ထိုင်းနိုင်ငံရဲ့ အမေရိကန်အပေါ် မှီခိုမှုကလဲ ဘယ်လောက်ထိ ဆိုးဝါးသလဲဆိုရင် မကြာသေးမီက ထိုင်းနိုင်ငံမြောက်ပိုင်း တမြို့မှာ ပြည့်တန်ဆာမ ၅၀၀ လောက်ဟာ အမေရိကန်စစ်သားများ ထွက်ခွာသွားရင် အလုပ်လက်မဲ့ဖြစ်ကြရပါတော့မယ်ဆိုပြီး ဆန္ဒပြခဲ့ကြတယ်။ မနေ့တနေ့က သတင်းစာများမှာ ထိုင်းစီးပွားရေးပါရဂူတို့ဟာ အမေရိကန်စစ်တပ်များရုပ်သိမ်းသွားရင် ထိုင်းနိုင်ငံအနေနှင့် နှစ်စဉ် ဝင်ငွေအနည်းဆုံး ဒေါ်လာသန်း ၅၀၀ ဆုံးရှုံးမယ်လို့ တွက်ချက်ဖေါ်ပြ

ကြတယ်။ တချို့ကတော့ ဒေါ်လာ သန်း ၇၀၀ လို့ ခန့်မှန်းကြတယ်ဗျာ။

ဒီအခြေအနေကြားမှာ အမေရိကန်ဟာ တဖက်က အခြေအနေအရပ်ရပ် အကြပ်ကိုင်မှုကြောင့် မလွှဲမရှောင်သာပဲ၊ အမေရိကန်စစ်တပ်များ ရုပ်သိမ်းရေး အစီအစဉ်များကို လုပ်မယ်။ အခြားတဖက်က "အာရှတိုက်သားအချင်းချင်း တိုက်ကြစေ" "ထိုင်းအချင်းချင်း တိုက်ကြစေ" ဆိုတဲ့မူအရ ထိုင်းဖေါက်ပြန် ရေးအင်အားစုကို အားတိုက်ခွန်တိုက် ကူညီမယ်၊ တပည့်မွေးမယ်၊ လက်နက်တပ် ဆင်မယ်၊ ကျွေးမွေးပြုစုမယ်၊ ကြားနေရေး၊ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ တိုးတက် ရေးတို့ကို ရှေ့ဆောင် ရှေ့ရှုက်ပြုမယ့် နိုင်ငံရေးအင်အားစုတို့ကို တိုက်ခိုက်မယ်၊ ထိုင်းပြည်သူလူထုကို ဖိနှိပ်ချိုးနှိမ်မယ်။

တောင်ဗီယက်နမ်မှာလိုပဲ၊ ထိုင်းနိုင်ငံမှာ အမေရိကန်သံရုံး၊ အမေရိကန်စစ် ဌာနချုပ်နှင့် စီအိုင်အေတို့ဟာ ကိုယ့်လုပ်နည်းလုပ်ဟန်နှင့်ကိုယ်၊ ကိုယ့်တာဝန် ကိုယ်ထမ်းနေကြတယ်။ ကိုယ့်ပရိသတ်နှင့်ကိုယ်၊ ကိုယ့်အဝန်းအဝိုင်းနှင့် ကိုယ်၊ ကိုယ့်တပည့်နှင့်ကိုယ် စခန်းသွားနေကြတယ်။

ထိုင်းနိုင်ငံမှာ ခိုလှုံခွင့်ရနေကြတဲ့ ဦးနုတို့လူစုကို ထိုင်းအစိုးရအနေနှင့်တော့ ထိုင်းမြေမှာ ဆက်ဆံရေးပျက်ပြားစေမည့် တော်လှန်ရေးအစိုးရ ပျက်စီးရာပျက်စီး ကြောင်း ဖြစ်စေမည့် နိုင်ငံရေးလှုပ်ရှားမှုများကို လုပ်ခွင့်ပေးမယ် မဟုတ်ဘူးပဲ ဆိုပါတော့၊ အမေရိကန်နိုင်ငံခြားရေးဌာနနှင့် အမေရိကန်သံရုံးတို့ကလဲ ထိုလှုပ် ရှားမှုများကို အားပေးမယ် မဟုတ်ဘူးပဲ ဆိုပါတော့၊ သို့သော် အမေရိကန်စစ် ဌာနချုပ်နှင့် စီအိုင်အေတို့က ဦးနုတို့လူစုကို အားပေးရင်၊ ကူညီရင်၊ ထိုင်းအစိုးရ ရော အမေရိကန်အစိုးရပါ ဘာမှ တတ်နိုင်မယ် မဟုတ်ပါဘူး၊ ဘာကြောင့်လဲ ဆိုတော့ ပင်တာဂွန်နှင့် စီအိုင်အေတို့ကို အမေရိကန် စင်ပြိုင်အစိုးရတွေလို့ ခေါ်နေကြတယ် မဟုတ်ပါလားဗျာ။

၂၀–၁၂–၆၉၊ ၂၁–၁၂–၆၉ နှင့် ၂၂–၁၂–၆၉ နေ့စွဲနှင့် ဒီနေရာက ကျွန်တော် ရေးလိုက်တဲ့ဆောင်းပါးများမှာ နယ်ရဲ့စီမံကိန်းများနှင့် ဦးနုတို့လူစုအကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါတယ်။

အရှေ့တောင်အာရှဆိုင်ရာ နယ်ရဲ့စီမံကိန်းမှာ ဦးနုဟာ တနေရာယူပြီး အကောင်အထည်ဖေါ်နေတယ်။ ယနေ့ ဦးနုရဲ့ဆောင်ရွက်ချက်များဟာ နယ်ရဲ့နှင့်

ဖေါက်ပြန်ရေးအင်အားစုများကိုသာ ကျေးဇူးပြုနေပြီး ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ အချုပ်အခြာ အာဏာပိုင်မှုနှင့် လုပ်သားပြည်သူတို့ရဲ့ အကျိုးစီးပွားကို ဆုတ်ယုတ် ပျက်ပြားအောင်လုပ်နေတယ်။ ယနေ့ဦးနုဟာ နယ်ချဲ့တပည့်နောက်လိုက်ဖြစ်နေပြီး မြန်မာနိုင်ငံနှင့် လုပ်သားပြည်သူတို့ရဲ့ ရန်သူဖြစ်နေတယ်။ ယနေ့ဦးနုဟာ တခါ တုန်းက ဦးနုနှင့် လုံးဝခြားနားနေပြီဗျာ။

တချို့ကတော့ ပြောနေကြတယ်။ ဦးနုဟာ ယခုမကောင်းသလို ယခင်ကလဲ မကောင်းဘူး၊ ယခုဖေါက်ပြန်သလို ယခင်ကလဲ ဖေါက်ပြန်တယ် တဲ့။

ကျွန်တော်ကတော့ ဒီအယူအမြင်မျိုးကို လက်မခံဘူးဗျ၊ ဦးနုနှင့် ရင်းနှီးစွာ ဆက်ဆံခဲ့ဖူးတဲ့ ကိုယ်ပိုင်အတွေ့အကြုံနှင့် ကျနော်သဘောပေါက်ထားတဲ့ သဘော တရားရေး ဝါဒရေးခံယူချက်တို့နှင့် ချိန်ထိုးကြည့်လိုက်တိုင်း ဒီအယူအမြင်မျိုး မမှန်ပုံကို တွေ့နေရတယ်။

ဦးနုဟာ တခါတုန်းက ကောင်းခဲ့တယ်၊ ယနေ့ မကောင်းဘူး။ ဦးနုဟာ တခါတုန်းက တိုးတက်ခဲ့တယ်၊ ယနေ့ ဖေါက်ပြန်နေတယ်။ ဦးနုဟာ တခါတုန်းက နယ်ချဲ့ဆန့်ကျင်ရေးသမား၊ ယနေ့ နယ်ချဲ့တပည့်နောက်လိုက်။

အမှန်မှာတော့ ပုဂ္ဂိုလ်ရေးအရပြောရရင် ကျွန်တော်ဟာ ဦးနု၊ ဗိုလ်လက်ျာ၊ ဗိုလ်ရန်နိုင်တို့နှင့် လွန်စွာ ရင်းနှီးကျွမ်းဝင်ခဲ့တယ်။ ယနေ့ ကျွန်တော် ထောက်ခံ နေတဲ့ ဗိုလ်ချုပ်ကြီးနေဝင်းအပါအဝင် တော်လှန်ရေးကောင်စီဝင်များထက် များစွာ ပိုမို ရင်းနှီးကျွမ်းဝင်တယ်။ ဒါကြောင့် ဦးနုတို့လူစုကို ကျွန်တော် ဝေဖန်တိုက်ခိုက် ရင် နိုင်ငံရေး၊ သဘောတရားရေးအကြောင်းများကြောင့်သာ ဖြစ်တယ်၊ ပုဂ္ဂိုလ်ရေး အကြောင်း ဘာမှမပါဘူး။ ဦးနုတို့လူစုနှင့် ကျွန်တော်တို့အကြားမှာ ပုဂ္ဂိုလ်ရေး အာဃာတဆိုတာ ဘာမှ၊ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။

တခါတုန်းက ဦးနုကို ကျွန်တော်တို့က ကိုနု၊ ကိုကြီးနု၊ သခင်နု စသဖြင့် ခေါ်ကြတာဟာ အကြောင်းမဲ့မဟုတ်ပါဘူး၊ ချစ်ခင်လေးစားလို့ ရဲဘော်ရဲဘက်စိတ် ထားလို့၊ နိုင်ငံရေးတန်ဖိုးထားလို့ ဖြစ်ပါတယ်။

ဦးနုဟာ ကိုနု၊ သို့မဟုတ် ကိုကြီးနုဆိုတဲ့ ကျောင်းသားလူငယ် ခေါင်းဆောင် တယောက်အနေနှင့် နယ်ချဲ့ဆန့်ကျင်ရေး ကျောင်းသား လူငယ်အင်အားစုကို အကြီးအကျယ် အလုပ်အကျွေးပြုခဲ့တယ်။ သခင်နု ဆိုတဲ့ တို့ဗမာအစည်းအရုံး

ခေါင်းဆောင်တာယောက်အနေနှင့် အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုကြီးကို အထူး ကျေးဇူးပြုခဲ့တယ်။

ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် ဖဆပလဟာ ဦးနုကို ခေါင်းဆောင် တင်ပြီး၊ မထိန်းသိမ်းနိုင်ခဲ့ရင်၊ တိုင်းပြည်ဘယ်လိုဖြစ်မယ် ထင်ကြပါသလဲ။ ကွန်မြူနစ် အဖြူအနီတို့က ဖဆပလကို တောင်တိုက်နေချိန်၊ ဗိုလ်ချုပ်အောင်ဆန်း နှင့် ခေါင်းဆောင်အချို့ကို လုပ်ကြံသတ်ဖြတ်တဲ့ နယ်ချဲ့နှင့် လက်ပါးစေများ အားရှိနေတုန်းအချိန်။ ဒီအချိန်မှာ ဦးနုခေါင်းဆောင်မှုဖြင့် ဖဆပလ မညီညွတ်ခဲ့ ရင်၊ တနှစ်အတွင်း လွတ်လပ်ရေးရဖို့ လွယ်မယ်မဟုတ်ဘူး။

( တနှစ်အတွင်း လွတ်လပ်ရေးရမယ်ဆိုတဲ့ ဖဆပလ အဆိုကိုက ဦးနု ပြတ်သားစွာ ရှေ့ဆောင် ရှေ့ရှုက်ပြုတဲ့ အဆိုဖြစ်ပါတယ်။) လွတ်လပ်ရေးရပြီး နောက် ဘူးလောက်၊ ကင်းဘဲလ်၊ ဘောလ်ခွင် စတဲ့ ဗြိတိသျှသူလျှိုများ ကိုယ်တိုင် ပါဝင်ဦးစီးတဲ့ ဆာ ဒေါမန်စမစ် ဖွဲ့စည်းထားတဲ့ မြန်မာပြည်တောင်ကုန်းသားများ ကူညီယိုင်းပင်းရေးအသင်းက ထောက်ပံ့အားပေးနေတဲ့ ကရင်အမျိုးသားလှုပ်ရှားမှု များ၊ ကွန်မြူနစ် မြူနီ သူပုန်များ၊ ရဲဘော်ဖြူသူပုန်များ၊ ရောင်စုံသူပုန်များ ပေါ်လာ ခဲ့တယ်။ သူတလူ ငါတမင်းနှင့် အချင်းချင်း စစ်ခင်းနေကြတယ်။ ဒီအချိန်မှာ ဦးနုခေါင်းဆောင်မှုဖြင့် ဖဆပလဟာ ပြည်ထောင်စုမြန်မာနိုင်ငံ မပြိုကွဲအောင် ထိန်းသိမ်းထားနိုင်ခဲ့တယ်။ အင်းစိန်အထိ ရောက်နေတဲ့ သူပုန်များ နောက်ဆုတ် သွားကြရတယ်။

အဲ့ဒီအချိန်တုန်းက ဗိုလ်ချုပ်ကြီးနေဝင်းဦးစီးတဲ့ ဗမာ့တပ်မတော်ဟာ ဦးနု နောက်က မားမားမတ်မတ် ရပ်ခဲ့တာဟာ အကြောင်းမဲ့ မဟုတ်ဘူး၊ ဦးနုရဲ့ အခန်း ကဏ္ဍဟာ အမျိုးသား လွတ်လပ်ရေးတည်တံ့စေတဲ့ တိုးတက်တဲ့ အခန်းကဏ္ဍ ဖြစ်လို့ပဲ။

လွတ်လပ်ရေး တည်တံ့ခိုင်မြဲလာတဲ့အခါမှာ ဦးနုခေါင်းဆောင်တဲ့ ဖဆပလ အစိုးရဟာ စစ်အုပ်စု ဆန့်ကျင်ရေး၊ ကြားနေရေး ဝါဒကို ကျင့်သုံးလာတယ်။ အရင်းရှင်နိုင်ငံများနှင့်သာမက ဆိုရှယ်လစ်နိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဆက်သွယ်ရေး များကို ပြုလုပ်တယ်။ အာရှအာဖရိက နိုင်ငံတို့ရဲ့ ညီညွတ်ရေးကို အားပေးလာတယ်။ ငြိမ်းချမ်းစွာ အတူတကွနေထိုင်ရေးမူ ၅ချက်

ကို ပြဋ္ဌာန်းရာမှာ မြန်မာနိုင်ငံဟာ ပထမဆုံး နိုင်ငံ တနိုင်ငံဖြစ်လာတယ်။ အာရှ အာဖရိက နိုင်ငံတို့ရဲ့ ဘန်ဒေါင်းညီလာခံ အောင်မြင်ရန်၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ တက်ရောက်နိုင်ရေးအတွက် ဦးနုခေါင်းဆောင်မှုဖြင့် မြန်မာနိုင်ငံက အလွန်ကြိုးပမ်းခဲ့တယ်။

လွတ်လပ်သော မြန်မာနိုင်ငံဟာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တက်ကြွစွာ ဆောင်ရွက်သော စစ်အုပ်စုဆန့်ကျင်သော ကြားနေနိုင်ငံအဖြစ် သိကျွမ်းတက်လာခြင်းမှာ ဦးနုရဲ့ ကျေးဇူးမကင်းပါဘူး။

ဒါ့ကြောင့် ဦးနုဟာ တခါတုန်းက ကောင်းခဲ့တယ်။ နယ်ချဲ့ဆန့်ကျင်ရေး လုပ်ခဲ့တယ်။ တိုးတက်ခဲ့တယ်လို့ ကျွန်တော် ဆိုလိုက်ခြင်းဖြစ်ပါတယ်။

သို့သော် ကမ္ဘာမှာထင်ရှားတဲ့ တချို့သော ခေါင်းဆောင်များနည်းတူ ဦးနုဟာ တိုးတက်သော သမိုင်းကဏ္ဍမှ ဖယ်ခွာပြီး ဖေါက်ပြန်သော သမိုင်းကဏ္ဍသို့ ရောက်သွားတယ်။ သမိုင်းနှင့်အတူ အမြဲလိုက်တိုးတက်နေသော ခေါင်းဆောင်ရှိသလို သမိုင်းတိုးတက်မှုနှင့်အတူ မလိုက်နိုင်ပဲ လွင့်စင်ကျသွားတဲ့ ခေါင်းဆောင်များလဲရှိတာပဲ။ ဦးနုဟာ သမိုင်းနှင့်အတူ လိုက်မတိုးတက်ပဲ လွင့်စင်ကျသွားရုံမက သမိုင်းဘီးကို နောက်ပြန်လှည့်နိုင်ရန် ကြိုးစားနေတဲ့ ခေါင်းဆောင်ဖြစ်နေပါတယ်။

ဦးနုဟာ သူ့ဘာသာသူ လက်နဲ့ရေး ခြေနဲ့ဖျက်သလို ဖြစ်နေပါတယ်။ သူ့ရဲ့ တိုးတက်တဲ့ အတိတ်ကို သူ့ဘာသာ ပြန်ပြီး ချေဖျက်နေသလို ဖြစ်ပါတယ်။ ဦးနုနှင့် ခင်မင်ရင်းနှီးသူတယောက်အနေနှင့် ပြောရရင် နမြောကြေကွဲစရာကောင်းတဲ့ အဖြစ်အပျက်တရပ်ပါပဲ။

ဦးနုဟာ ဟိုယခင်တုန်းက နယ်ချဲ့ဆန့်ကျင်ရေးဘက်သား၊ ပြည်သူ့ဘက်သား၊ တိုးတက်သော ဦးနု ဖြစ်ခဲ့ပေမယ့်လို့ စင်းလုံးချော၊ ခြောက်ပြစ်ကင်း ဦးနုလို့ ကျွန်တော်မယူဆခဲ့ပါဘူး။ သူ့မှာ တွေဝေမှုတွေ၊ အားနည်းချက်တွေ၊ ချွတ်ယွင်းချက်တွေ ပါရှိတယ်။ သဘောတရားရေး၊ နိုင်ငံရေးမှာရော၊ ပုဂ္ဂိုလ်ရေးမှာပါ ဖြစ်တယ်။ သူနှင့် ပတ်သက်ရင် ကျွန်တော်ဟာ တိုးတက်သောအပိုင်း ထောက်ခံပြီး ဖေါက်ပြန်သော အပိုင်းကို ဆန့်ကျင်ခဲ့ပါတယ်။

တိုးတက်သောအပိုင်းကို ထောက်ခံပြီး ဖေါက်ပြန်သော အပိုင်းကို ဆန့်ကျင်ခြင်း အတိုက်အခံပြုခြင်းဟာ ဦးနုနှင့် ပတ်သက်သော ကျွန်တော်ချမှတ်ကျင့်သုံး

ခဲ့တဲ့ နိုင်ငံရေးနည်းဗျူဟာ ဖြစ်ပါတယ်။

ဦးနုဟာ အရင်းရှင်ပေါက်စ သာသာကလေးသာ ရှိသေးတဲ့ တိုးတက်ဖွံ့ဖြိုးခြင်းမရှိသေးတဲ့ ခေတ်မမှီတဲ့ မြန်မာတိုင်းရင်းသား အရင်းရှင်လူတန်းစားရဲ့ ကိုယ်စားလှယ် အစစ်အမှန်ဖြစ်တယ်လို့ ယူဆပါတယ်။

ဒီလူတန်းစားဟာ အခြေအနေကောင်းတဲ့အခါမှာ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများကို ထက်ထက်မြက်မြက်လုပ်တယ်။ အခြေအနေမလှတဲ့ အချိန်အခါမှာ နယ်ချဲ့ဖေါက်ပြန်ရေးအင်အား အပေးအယူလုပ်တယ်။ အခြေအနေ လှတယ် မလှဘူး ဆိုတာကလဲ သူ့လူတန်းစားအကျိုးအတွက် ဖြစ်တယ်၊ မဖြစ်ဘူး ဆိုတာကို မူတည်ပြီး ဆုံးဖြတ်ခြင်း ဖြစ်တယ်။ သူ့လူတန်းစား အကျိုး ဖြစ်မဖြစ် ဆိုတာကလဲ အနှစ်သာရအားဖြင့် တိုင်းရင်းသား အရင်းရှင် လူတန်းစား ခေါင်းဆောင်မှု ရမရ၊ အာဏာရမရ၊ အာဏာ ထိန်းနိုင်မထိန်းနိုင် စတဲ့ ပြဿနာတွေပေါ်မှာ တည်တယ်။ ပြည်သူလူထု ညီညွတ်ရေးကို အသုံးချပြီး တိုင်းရင်းသားအရင်းရှင်ခေါင်းဆောင်မှုကို ထူထောင်နိုင်မယ်။ တိုင်းရင်းသား အရင်းရှင်လူတန်းစား အာဏာ ရယူနိုင်မယ်။ တိုင်းရင်းသား အရင်းရှင်အာဏာကို ထိန်းသိမ်းထားနိုင်မယ်ဆိုရင် ပြည်သူလူထုညီညွတ်ရေးကို အားပေးအားမြှောက်လုပ်မယ်၊ သည်လိုမဟုတ်ဘူးဆိုရင်၊ သည်လိုမဖြစ်ဘူးထင်ရင် ပြည်သူလူထု ညီညွတ်ရေးကို ဖြိုခွဲမယ်။

ဒါဟာ ဦးနုရဲ့ လူတန်းစား နိုင်ငံရေး အနှစ်သာရပဲ။

ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် ပြည်သူလူထုဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးအတွက် ညီညွတ်နေတယ်။ ထို ညီညွတ်ရေးကို ထိန်းသိမ်းနိုင်သည်နှင့် အမျှ သူ့ခေါင်းဆောင်မှု တည်မြဲမယ်၊ တိုင်းရင်းသား အရင်းရှင်အာဏာ ရယူနိုင်မယ်၊ သို့မဟုတ် ရထားတဲ့ အာဏာကို ထိန်းသိမ်းထားနိုင်မယ်။ ဒါကြောင့် ဦးနုဟာ ထိုညီညွတ်ရေးကို ထိန်းသိမ်းရန်ကြိုးစားခြင်းဖြစ်တယ်။ တခါတုန်းက ဦးနုက ကွန်မြူနစ်ပါတီနှင့် ညီညွတ်ရေးအတွက် စေ့စပ်ဆွေးနွေးခြင်း၊ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော်တို့ရဲ့ ညီညွတ်ရေးကို အားပေးအားမြှောက်ပြုခြင်း၊ ပမညတနှင့် အလုပ်အတူတွဲလုပ်ရန် ကြိုးပမ်းခြင်း စသည်တို့ဟာ ဖေါ်ပြပါ ဦးနုရဲ့ လူတန်းစားနိုင်ငံရေး အနှစ်သာရ၊ တိုင်းရင်းသားအရင်းရှင် လူတန်း

စား အကျိုးစီးပွားများအတွက် ဖြစ်ပါတယ်။

သို့ကလို လက်ဝဲညီညွတ်ရေး၊ ကွန်မြူနစ်ပါတီနှင့် ညီညွတ်ရေး၊ ပမညတ နှင့် ညီညွတ်ရေး၊ စသည်တို့ကို ဦးနုဟာ အားပေးအားမြှောက် ရှေ့ဆောင်ရှေ့ရွက် ပြုခဲ့ပေမယ့် တခါမျှ ကွန်မြူနစ်ပါတီထဲဝင်ရန် မစဉ်းစားခဲ့ဖူးဘူး၊ ဒီနေရာမှာ သူဟာ ဗိုလ်ချုပ်အောင်ဆန်းနှင့် လည်းကောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းနှင့်လည်း ကောင်း လုံးဝခြားနားတယ်။ ဗိုလ်ချုပ်အောင်ဆန်းက တည်ထောင်စ ကွန်မြူနစ် ပါတီမှာ ခေါင်းဆောင်တယောက်ဖြစ်ခဲ့တယ်။ ဗိုလ်ချုပ်ကြီးနေဝင်းက ကွန်မြူနစ် ပါတီ ဝင်ခွင့်တောင်းလို့ ဝင်ခွင့်ရခဲ့ဖူးသူဖြစ်တယ်။ ဦးနုဟာ ကွန်မြူနစ်ဝါဒကို ဦးထိပ်ထက် ရွက်ဆောင်ရန် လက်မခံနိုင်ရုံမက၊ အခြေခံအားဖြင့် အမြဲတမ်း ဆန့်ကျင် နေသူ ဖြစ်တယ်။ သူ့ရဲ့ တိုင်းရင်းသားအရင်းရှင် လူတန်းစား ရပ်တည်မှုနှင့် လုံးဝ ကိုက်ညီတယ်။ သူဟာ တိုင်းရင်းသားအရင်းရှင်လူတန်းစားရဲ့ လောကအမြင် များ၊ အယူအဆများ၊ မူဝါဒများ၊ သဘောတရားရေး၊ နိုင်ငံရေးများကိုသာ ဦးထိပ် ထက် ရွက်ဆောင်ထားသူဖြစ်တယ်။

သို့သော် မြန်မာတိုင်းရင်းသားအရင်းရှင်လူတန်းစားဟာ မဖွံ့ဖြိုး မတိုးတက် သေးသော၊ ခေတ်မမှီသော အရင်းရှင်စနစ်ဖြစ်တဲ့အတိုင်း ခေတ်မမှီသော၊ ပဒေ သရာဇ်ဆန်သော လောကအမြင်တွေ၊ အတွေးအခေါ်တွေ၊ အယူအဆတွေနှင့် ပြည့်နှက်နေတယ်၊ ဦးနုဟာ တဖက်က စာပေဗိမာန်တည်ထောင်ပြီး သိပ္ပံပညာ ပြန့်ပွားရေး အားပေးတယ်။ အခြားတဖက်က ပဒေသရာဇ်အတွေးအခေါ်တွေ၊ အင်းအိုင်ခလဲ့လက်ဖွဲ့တွေ၊ နတ်ကိုးကွယ်မှုတွေ၊ ဂါထာမန္တရားတွေကို ပြန်လည် ထွန်းကားစေတယ်။ ဗုဒ္ဓသာသနာပြုရာမှာလည်း ခေတ်မှီအောင်၊ သိပ္ပံနည်းကျ အောင်၊ ချဉ်းကပ်အားပေးပြုစုခြင်းမဟုတ်၊ မိရိုးဖလာနည်းတွေကို အစိကထား တယ်။ ရှေးမင်းများက ထီးနန်းစည်းစိမ်အတွက် ဘာသာရေးကို အသုံးပြုခဲ့သလို သူလဲ နိုင်ငံရေးအကျိုးစီးပွားအတွက် အသုံးပြုတယ်။

ဦးနုဟာ တဖက်က မသင်မနေရပညာရေး၊ လူထုပညာရေး စသည်တို့ကို ယုံယုံကြည်ကြည်နှင့် အားပေးတယ်။ အခြားတဖက်ကတော့ လူထုကို မှိုင်းတိုက် တဲ့ ဝါဒဖြန့်မှုတွေ အများဆုံးလုပ်ခဲ့တယ်။

ဦးနု ပါလီမန်ဒီမိုကရေစီကို ဒီလောက် ယုံကြည်စွဲလမ်းနေခြင်းဟာ သူ့ရဲ့

လူထုကို မှိုင်းတိုက်နိုင်စွမ်းကို ယုံကြည်အားကိုးခြင်းကြောင့် ဖြစ်တယ်။ ပါလီမန် ဒီမိုကရေစီဖြင့် တိုင်းရင်းသားအရင်းရှင် လူတန်းစား ခေါင်းဆောင်မှုကို ထိန်းသိမ်း ထားနိုင်လိမ့်မယ်၊ တိုင်းရင်းသား အရင်းရှင်အာဏာ ခိုင်မြဲလိမ့်မယ်လို့ ယုံကြည် ခြင်းကြောင့် ဖြစ်တယ်။

ဦးနုဟာ မနေ့တနေ့ကအထိ အကြမ်းမဖက်ရေး၊ သွေးထွက်သံယိုမဖြစ်ရေး၊ အနုနည်းနှင့်တိုက်ပွဲဆင်ရေး စသည်များကို စွဲစွဲမြဲမြဲ ယုံကြည်ခဲ့တယ်။ ဂန္ဓီဝါဒ သမားကြီးလို့ သူ့ကိုယ်သူ သတ်မှတ်ထားတယ်။ ဗုဒ္ဓမြတ်စွာရဲ့ အရင်းဆုံးသော တပည့်သာဝကအဖြစ် ကျေညာထားတယ်။

နယ်ချဲ့ဆန့်ကျင်ရေး လွတ်မြောက်ရေး တိုက်ပွဲဝင်ကြစဉ်တုန်းက တို့ဗမာ အစည်းအရုံးနှင့် နောက်ထပ်ပေါက်ဖွားလာတဲ့ ပါတီအဖွဲ့အစည်းများဟာ အနု နည်း၊ အကြမ်းနည်း၊ ဥပဒေတွင်းနည်း၊ ဥပဒေပနည်း၊ လက်နက်မဲ့နည်း၊ လက်နက် ကိုင်နည်း စသည်ဖြင့် နည်းမျိုးစုံ ပြောဟောခဲ့ကြတယ်၊ ပြင်ဆင်ခဲ့ကြတယ်၊ နည်း မျိုးစုံ လုပ်ခဲ့ကြတယ်။ ဦးနုဟာ ဂရုတစိုက်ပဲ လက်နက်မဲ့နည်း၊ အနုနည်း စသည့် ဖက်မှာ နေခဲ့တယ်၊ ဆောင်ရွက်ခဲ့တယ်။ ဒါ့ကြောင့် အင်္ဂလိပ်ကို လက်နက်နှင့် တော်လှန်ခြင်း၊ ဂျပန်ကို လက်နက်နှင့် တော်လှန်ခြင်းများတွင် ဦးနု မပတ်သက် ခဲ့ဘူး၊ မပါခဲ့ဘူး။ တိုင်းပြည်လွတ်လပ်ပြီးတော့လဲ မနေ့တနေ့ကထိ လက်နက် ကိုင် အကြမ်းဖက်မှုကို ဆန့်ကျင်နေခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဒီနည်းဖြင့် တိုင်းရင်းသား အရင်းရှင် အာဏာရယူနိုင်မယ်၊ တိုင်းရင်းသားအရင်းရှင် အာဏာ တည်တံ့ ခိုင်မြဲမယ်ဆိုတာ ဦးနုကောင်းစွာ ယုံကြည်လို့ပဲ။

ဒါ့ကြောင့် သူဟာ ၁၉၅၈–၆၀ ခုနှစ်များ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ အိမ်စောင့် အစိုးရ ကာလတုန်းကလဲ အနုနည်း၊ လက်နက်မဲ့နည်းများကို ယုံကြည်ခဲ့တာပဲ။ သုံးခဲ့တာပဲ။

ခုတော့ သူဟာ ဂန္ဓီဝါဒကို လက်လွှတ်လိုက်ပြီး ဗုဒ္ဓမြတ်စွာရဲ့ အရင်းဆုံး သော တပည့်သာဝကအဖြစ်မှ ရပ်စဲလိုက်ပြီ။ အကြမ်းနည်းနှင့် အာဏာယူတော့ မယ်။ လက်နက်နှင့် ပုန်ကန်ထကြွပြီး တော်လှန်ရေးအစိုးရကို ရှင်းလင်း သုတ် သင်တော့မယ်လို့ ကျေညာနေပြီ။ နယ်ချဲ့နှင့် နယ်ချဲ့နောက်လိုက် ဖေါက်ပြန်ရေး အင်အားစုထဲမှ ငွေအလှူခံနေပြီ။ လက်နက်ရှာဖွေနေပြီ။

ဘာ့ကြောင့် သူ့အသက် ၆၀ ကျော်၊ မနေ့တနေ့ကအထိ သူယုံကြည်နေတဲ့ အကြမ်းမဖက် အနုသက်သက်နည်းများ၊ ဗုဒ္ဓဝါဒ၊ ဂန္ဒီဝါဒ များကို စွန့်လွှတ်လိုက်သလဲ။

ဘာ့ကြောင့် ဗြိတိသျှနယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်ကို တိုက်ရာမှာတောင် သုံးရန် သူမစဉ်းစားခဲ့တဲ့ အကြမ်းနည်း၊ လက်နက်နည်းများဖြင့် ကိုယ့်တိုင်းသားအချင်းချင်းကို တိုက်ဖို့ ကြံစည်ပြင်ဆင်နေသလဲ။

ဘာ့ကြောင့် တသက်လုံးဖုံးသမျှ ကုန်းတော့မှ ပေါ်သလဲ။

ဦးနုဟာ နိုင်ငံခြားအကူအညီယူပြီး လက်နက်ကိုင် တန်ပြန်တော်လှန်ရေးဖြင့် တော်လှန်ရေးကောင်စီ၊ တော်လှန်ရေးအစိုးရနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့ကို ဆန့်ကျင်တိုက်ခိုက်ရန် ပြဋ္ဌာန်းခဲ့ခြင်းဖြင့် ၎င်းတို့ကို ဗြိတိသျှနယ်ချဲ့သမား၊ ဖက်ဆစ်ဂျပန်နှင့် ၁၉၅၈–၆၀ ဗိုလ်ချုပ်ကြီးနေဝင်း အိမ်စောင့်အစိုးရတို့ထက် ပိုလို့ မလိုလား၊ ပိုလို့ မုန်းတီး၊ ပိုလို့ ဒေါသဖြစ်နေကြောင်း ထင်ရှားတယ်။ ဒါဟာ လူတန်းစားဉာဉ်က စကားပြောခြင်း ဖြစ်ပါတယ်။

တော်လှန်ရေးကောင်စီ၊ တော်လှန်ရေးအစိုးရနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့ဟာ မြန်မာနိုင်ငံမှာ တခါမှ မပေါ်ဖူးသေးတဲ့ နိုင်ငံရေးအဖွဲ့အစည်းမျိုး ဖြစ်တယ်။ သည့်ပြင်အဖွဲ့အစည်းတွေနဲ့ မနှိုင်းယှဉ်ပါနဲ့၊ ဒို့ဗမာအစည်းအရုံး၊ ဖဆပလ၊ ဆိုရှယ်လစ်ပါတီ၊ ပြည်သူ့ရဲဘော်အဖွဲ့၊ ကွန်မြူနစ်ပါတီ (ဖြူ–နီ) စတဲ့ လက်ဝဲအဖွဲ့အစည်းတွေ (ဝါ) ဆိုရှယ်လစ်ဝါဒကို ယုံကြည်သက်ဝင်ပါတယ်ဆိုတဲ့ အဖွဲ့အစည်းတွေနှင့် နှိုင်းယှဉ်ကြည့်စမ်းပါ။ တော်လှန်ရေးကောင်စီ၊ တော်လှန်ရေးအစိုးရနှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ တို့ဟာ ဆိုရှယ်လစ်ပန်းတိုင်နှင့် ပတ်သက်ပြီး အပြတ်သားဆုံးပဲ။ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးနှင့် ပတ်သက်ပြီး အတိကျဆုံးပဲ။ အလုပ်သမားနှင့် တောင်သူလယ်သမားကို အခြေခံမယ်ဆိုတဲ့ လူတန်းစားရပ်တည်မှုမှာ အခိုင်မာဆုံးပဲ။ လက်ဝဲ၊ လက်ျာ သွေဖီရေးတွေ အနည်းဆုံးပဲ။ မြေရှင် အရင်းရှင်စနစ်များကို ထိုးနှက်ရာမှာ အပြင်းထန်ဆုံးပဲ။ နိုင်ငံခြားနှင့် တိုင်းရင်းသားအရင်းရှင်လူတန်းစားများကို ဖြိုဖျက်ရာမှာ အထိရောက်ဆုံးပဲ။ ကျွန်တော့်အမြင်အရ ဒီကိစ္စတွေမှာ လွန်တာသာရှိမယ်၊ လိုတာမရှိဘူး၊ ဖြိုဖျက်ရေးအပိုင်းတွေက ရှေ့ရောက်ပြီး တည်ဆောက်ရေးအပိုင်းတွေက နောက်ကျနေလို့သာ

အဆင်မပြေမှုတွေ၊ ချွတ်ယွင်းချက်တွေ၊ ဟာကွက်တွေ ရှိနေတယ်။ သို့သော် တည်ဆောက်ရေး အပိုင်းများက အမှီလိုက်ရုံမက ကျော်တက်မည်မှာ မုချဖြစ် တယ်။ အရင်းရှင် မြေရှင်စနစ် လုံးဝကျဆုံးပြီး၊ ဆိုရှယ်လစ်စနစ် လုံးဝ အောင်မြင် မည်ဖြစ်တယ်။

အလုပ်သမား၊ တောင်သူလယ်သမားနှင့် အခြားသော လုပ်သားပြည်သူတို့ ရဲ့ ပြည်သူ့အာဏာကို အပြည့်အဝ မတည်ဆောက်နိုင်သေးသော်လည်း မြေရှင်၊ အရင်းရှင် လူတန်းစားများရဲ့ အာဏာကတော့ ကျဆုံးသွားပြီ။ တိုင်းရင်းသားအ ရင်းရှင်လူတန်းစား နိုင်ငံရေးခေါင်းဆောင်မှု ဘုံးဘုံးကြီး လဲပြိုခဲ့ပြီ။ လုပ်သား ပြည်သူတွေကြားမှာ အရင်းရှင်ပေါက်စများ တွင်ကျယ်ဆဲရှိခြင်း၊ အရင်းရှင်ပေါက်စ ညှီစော်၊ အလေ့အထ စရိုက်သဘာဝ အတွေးအခေါ်များ ရှင်သန်ဆဲဖြစ်လို့သာ အခက်အခဲတွေ၊ အဆင်မပြေမှုတွေ၊ ချွတ်ယွင်းချက်တွေ များပြားနေခြင်းဖြစ်တယ်။ ဆိုရှယ်လစ် ဒီမိုကရေစီ မအောင်သေးခြင်း ဖြစ်တယ်။ သို့သော် ခွဲကောင်းကောင်း နှင့် ရေရှည်တိုက်ပွဲ ဆင်နွှဲသွားကြရင် ဆိုရှယ်လစ်ဒီမိုကရေစီ မုချ အောင်မည်သာ ဖြစ်တယ်။

ဦးနုဟာ ဒီအဖြစ်သနစ်များကို ယထာဘူတကျတဲ့ သမိုင်းအမြင်နှင့် ကြည့် မြင်ရန် ငြင်းဆန်တယ်။ ဦးနုဟာ ၁၉၆၂ ခုနှစ်မှာစတဲ့ မြန်မာ့သမိုင်းသစ် ဖြစ်ပေါ် တိုးတက်မှုသစ်များကို မျက်ကွယ်ပြုထားတယ်။ တိုင်းရင်းသား အရင်းရှင် လူတန်း စားကိုယ်စားလှယ် ပီသပေတာပဲ။

ဦးနုဟာ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးရဲ့ အခြေခံအောင်မြင်မှုများကို ကြည့်မြင်ရန် ငြင်းဆန်တယ်၊ အဆင်မပြေမှုတွေ၊ ချွတ်ယွင်းချက်တွေ၊ ဟာကွက် တွေကိုသာ မှန်ဘီလူးနှင့် ပုံကြီးချဲ့ပြီးကြည့်တယ်။ ထို အဆင်မပြေမှုတွေ၊ ချို့ယွင်းချက်တွေ၊ ဟာကွက်တွေသာလျှင် ယခုနေ မြန်မာ့လူ့ဘောင် ဖြစ်ပေါ်တိုး တက်မှုရဲ့ လွှမ်းခြုံသော လက္ခဏာများဖြစ်လေဟန် ယူဆတယ်။ ကြည့်မြင်တယ်။ ပြောဆိုတယ်။ ဒါကြောင့် အလိုအလျောက် ဖြစ်ပေါ်နေတဲ့ ပရမ်းပတာ အဖြစ်အ ပျက်များကို ဟုတ်သည်ထက် အဆများစွာ ပုံကြီးချဲ့ပြီး အထင်ကြီးတယ်။ ဆည်း ကပ်ကိုးကွယ်တယ်။ သူမြင်နေတဲ့ လူထုမကျေနပ်မှုများကြောင့် တော်လှန်ရေး အစိုးရကို လက်သန်းနှင့် တို့လိုက်ရုံနှင့် ပြုတ်ကျတော့မယ်လို့ ထင်နေတယ်။

အခြေခံမကျတဲ့ လူထုမကျေနပ်မှုများကို အရင်းအနှီးလုပ်ပြီး တိုင်းရင်းသားအရင်းရှင် လူတန်းစားခေါင်းဆောင်မှုကို ပြန်ထူထောင်လိုတယ်။

တော်လှန်ရေးကောင်စီဟာ တောခိုကွန်မြူနစ်တွေကိုသာမက ဦးနုတို့လူစုကိုပါ ဆိုရှယ်လစ် ခေတ်ပြောင်း တော်လှန်ရေးဘက်ပါလာအောင် သိမ်းသွင်းလိုတယ်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ခေါင်းဆောင်မှုဖြင့် ဆိုရှယ်လစ်မြန်မာနိုင်ငံတည်ဆောက်ရေး မဟာလုပ်ငန်းကြီးမှာ ပါဝင်ကြရန် လိုလားတယ်။ ဒါကြောင့် ၃၃ ဦး အကြံပေးအဖွဲ့ကို ဖွဲ့ပေးခဲ့ခြင်း ဖြစ်တယ်။ ဦးနုတို့လူစုကို အလုပ်သမား တောင်သူလယ်သမား လူတန်းစားတို့အကျိုးကို ဆောင်ရွက်ရေးနှင့် ပတ်သက်လို့၊ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးနှင့် ပတ်သက်လို့ လုပ်သားပြည်သူတို့ ညီညွတ်ရေးနှင့် ပတ်သက်လို့ ကောင်းသောအကြံဉာဏ်များ ပေးနိုင်ရန် အပြုသဘောဝေဖန်ချက်များ လုပ်နိုင်ရန် အခွင့်အရေး ပေးခဲ့ခြင်း ဖြစ်တယ်။

ဦးနုဟာ သို့ကလို အခွင့်အရေးပေးခြင်းကို အလွဲသုံးစားလုပ်တယ်။ တောင်သူလယ်သမား၊ အလုပ်သမား လူတန်းစားများနှင့် အခြားသော လုပ်သားပြည်သူတို့ရဲ့ အရေးများကို လုံးဝထည့်မစဉ်းစားပဲ သူ့ကို အာဏာပြန်အပ်ပါလို့သာ တောင်းဆိုခဲ့တယ်။ သူက နိုင်ငံနှင့် လုပ်သားပြည်သူတို့ကံကြမ္မာကို ဖန်တီးသူအဖြစ်ဖြင့် အစစအရာရာကို စီမံခန့်ခွဲမည့် ခေါင်းဆောင်ကြီးအဖြစ်ဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းကို သမ္မတခန့်မယ်၊ အစိုးရအဖွဲ့ကို ဦးနုက ခန့်မယ်၊ ဥပဒေပြုအာဏာကို ဦးနုက ကြိုးကိုင်သွားမယ်ဆိုတဲ့ အစီအစဉ်များကိုသာ တင်ပြခဲ့တယ်။ လုပ်သားပြည်သူတို့အကျိုးကို လုံးဝထည့်မစဉ်းစားတဲ့ တိုင်းရင်းသားအရင်းရှင်လူတန်းစား အာဏာပြန်ရရေးကိုသာ စဉ်းစားထားတဲ့ တိုင်းရင်းသားအရင်းရှင်လူတန်းစား ခေါင်းဆောင်မှုကို ပြန်လည်ထူထောင်တဲ့ အဆိုပြုချက်များသာဖြစ်တယ်။

ဒါကလဲ ဦးနုရဲ့လူတန်းစားဉာဉ်က စကားပြောခြင်းပါပဲ။

ဦးနုဟာ တို့ဗမာအစည်းအရုံးခေတ်ကစပြီး ဖဆပလခေတ်တလျှောက်မှ ယနေ့အထိ မြန်မာ့တော်လှန်ရေးမှာ မြန်မာ့သမိုင်းဦးစီးပဲ့ကိုင်အဖြစ်ဖြင့် တိုင်းရင်းသားအရင်းရှင် လူတန်းစား ခေါင်းဆောင်မှုကို ထူထောင်သူ၊ ထိန်းသိမ်းသူ ပြန်လည်ရယူရန် ကြိုးစားသူ အစစ်ဖြစ်ပါတယ်။

ယခင်က သူ့အကြိမ်ကြိမ် အောင်ခဲ့တယ်။ ယခုတော့ ခဲလေသမျှ သဲရေကျ သွားပြီ။ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့ဟာ အလုပ်သမားလူတန်းစားခေါင်းဆောင်မှု၊ အလုပ်သမားလူတန်းစားနှင့် တောင်သူလယ်သမားလူတန်းစား မဟာမိတ်အဖွဲ့ရဲ့ ခေါင်းဆောင်မှုကို ရဲရဲဝံ့ဝံ့ထူထောင်နေသူများ ဖြစ်တယ်။ ထိန်းသိမ်းနေတဲ့ အဖွဲ့အစည်းတွေဖြစ်တယ်။ လုပ်သားပြည်သူတွေရဲ့ အာဏာပိုင်စနစ်ကို တည်ဆောက်နေတဲ့ အဖွဲ့အစည်းတွေဖြစ်တယ်။

ဒါကြောင့် တော်လှန်ရေးကောင်စီက ဦးနုအာဏာပြန်တောင်းခြင်းနှင့် အခြားအစီအစဉ်များကို ပယ်ချလိုက်တယ်။ သို့ကလို ပယ်ချလိုက်တဲ့အခါမှာ ဦးနုဟာ များစွာ ဒေါသပုန်ထသွားတယ်ဗျာ။ လူတန်းစားမဟာဒေါသပါပဲ။

ဦးနုကိုယ်နှိုက်ကလဲ ပကတိစိတ်အားဖြင့် ဒေါသကြီးသူဖြစ်တယ်။ ဗုဒ္ဓမြတ်စွာရဲ့ ကျေးဇူးကြောင့် ဒေါသကို တခါတခါ ချုပ်တည်းနိုင်ခဲ့တယ်။ ခုတော့ အာဏာနှင့် ပတ်သက်တဲ့ လောဘက ကြီးလွန်းလို့ ဒေါသကို မထိန်းနိုင်တော့ဘူး။ မောဟမီးကလဲ အကြီးအကျယ်တောက်လောင်နေတယ်။

ဦးနုဟာ မကြံအပ်မစည်ရာ ကြံစည်နေတော့တယ်။ အရင်းရှင်လူတန်းစား အာဏာပြန်ရရေးအတွက် ကိုယ်ပြည်တွင်းက လူများစုကြီးကို အားမကိုးနိုင်သူပီပီ နိုင်ငံရေးနိုးကြားသော၊ လူတန်းစားအသိမြင့်နေသော၊ စည်းရုံးထားသော အလုပ်သမားနှင့် တောင်သူလယ်သမား လူတန်းစားများရဲ့ ဆန့်ကျင်တိုက်ခိုက်ခြင်းခံနေရသူပီပီ နိုင်ငံခြားက မြေရှင်ပဒေသရာဇ်နှင့် နယ်ချဲ့အရင်းရှင်များ၊ ဖေါက်ပြန်ရေးအင်အားစုများရဲ့ အကူအညီကို အားကိုးပြီး တော်လှန်ရေးအစိုးရကို လက်နက်ကိုင်တိုက်ပွဲဝင်ရန် ပြင်ဆင်နေတယ်။ အမိမြန်မာနိုင်ငံနှင့် လုပ်သားပြည်သူတွေကို ရန်မူနေတယ်၊ သူဟာ လောဘ၊ ဒေါသ၊ မောဟ မီးတွေ လောင်မြိုက်ခြင်းခံနေရတဲ့အတွက် အနုနည်း၊ ဗုဒ္ဓနည်း၊ ဂန္ဒီနည်း စသည်များကို စွန့်ပယ်လိုက်တယ်။ လောဘ၊ ဒေါသ၊ မောဟအားကြီးပြီး အကြမ်းနည်းများကိုသုံးရန် ပြင်ဆင်နေတဲ့ ဦးနု၊ ပြည်သူလူထုအများစုကြီးကို ရန်မူနေတဲ့ဦးနုဟာ ဗုဒ္ဓမြတ်စွာရဲ့ အရင်းအဆုံးသော တပည့်သာဝက မဟုတ်တော့ဘူး၊ ကမ္ဘာ့ အဖေါက်ပြန်ဆုံးအင်အားစုတွေရဲ့ တပည့်သာဝကသာ ဖြစ်သွားပြီ။ ထိုဦးနု၊ အကြင်ဦးနု၊ ပြည်ပြေးကြီးဦးနုဟာ နိုင်ငံခြားသွားပြီး အမျိုးမျိုး ကြံမိကြံရာ ကြံပေမယ့် အမှန်တရားကိုတော့ ပြန်လမ်း

မရှိတော့ဘူး။ ဒါကြောင့် သူစွန့်ခွာသွားတဲ့ အမိမြန်မာပြည်ကို ပြန်လာမ်းမရှိတော့ ကြောင်းပါဗျာ။

## ဗွေမပေးနေသူတွေကို သတိပြု

အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ ရန်ကုန်မြို့မှာ စည်စည်ကားကားနှင့် အေးအေးချမ်းချမ်း ကျင်းပပြီးမြောက်သွားတာကို မလိုလားသူတွေ အများအပြား ရှိတယ်ဗျ။

တချို့ကတော့ တော်လှန်ရေးအစိုးရကို သိက္ခာချချင်လို့ မလိုလားဘူး။ တချို့ကတော့ မြန်မာနိုင်ငံ နာမည်ပျက်စေချင်လို့ မလိုလားဘူး။ တချို့ကတော့ အဖျက်လုပ်ငန်းမှာ ဝါသနာထုံနေလို့ မလိုလားဘူး။

ဟို ပင်လယ်ရပ်ခြား တိုင်းတပါးမှာနေပြီး နတ်မျက်စိ ရသယောင်ယောင် ဟိတ်ဟန်ပေးပြီး ကျွန်းဆွယ်အားကစားပွဲဟာ ရန်ကုန်မြို့မှာ ကျင်းပဖြစ်မှာ မဟုတ်ပါဘူးလို့ ကြိုတင် ဟောသူကဟော၊ မြန်မာနိုင်ငံ ပြည်သူလူထုကြားမှာ ကျွန်းဆွယ်ပွဲ လုပ်ဖြစ်မှာ မဟုတ်ဘူး။ မြေအောက်ရှုပ်သောင်းကျန်းသူတွေက အောင်ဆန်းကွင်းကို မိုင်းဗုံးထောင်ထားတယ်။ လူထုနှင့် စစ်တပ် ပဋိပက္ခဖြစ်ကြမယ် အစရှိသဖြင့် ကောလာဟလတွေ တီးတိုးဖြန့်သူကဖြန့်၊ ကျွန်းဆွယ်အားကစားပြိုင်ပွဲကျင်းပခြင်းဟာ တော်လှန်ရေးအစိုးရကို ဆန့်ကျင်နေတဲ့ ပြည်သူလူထုကို မွှိုင်းတိုက်နေခြင်းဖြစ်တယ်။ ပြည်သူလူထုရဲ့ အာရုံကို လမ်းလွှဲသို့ပို့ဆောင်နေခြင်းဖြစ်တယ် စသည်ဖြင့် စာရွက်စာတမ်း ကမ်းလှမ်းသူက ကမ်းလှမ်း၊ အဖျက်လုပ်ငန်းများကို တတ်နိုင်သလောက် လုပ်ခဲ့ကြတယ်။

သူတို့ကြိုတင်ဟောပြောသလို၊ သူတို့ကောလာဟလလွှင့်သလို၊ သူတို့ ဝါဒဖြန့်သလိုဖြစ်မလာပဲ အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကြီးကို အောင်မြင်စွာ ဖွင့်နိုင်ခဲ့တယ်။ လိုလားသူတွေ မျှော်လင့်ခန့်မှန်းထားသည်ထက်ပင် စည်းစနစ်ကျတယ်။ စည်းကမ်းရှိတယ်။ စည်စည်ကားကား ခမ်းခမ်းနားနားဖြစ်တယ်။ ပြည်သူလူထုတရပ်လုံးကို ရွှင်ပြုံးကြည်နူးစေတယ်။ အားကစားပြိုင်ပွဲများဟာလဲ အစီစဉ်အတိုင်းဖြစ်မြောက်နေတယ်။ ဒါ့ကြောင့် အမျိုးမျိုးသော အဖျက်

သမားများဟာ ဒေါသပုန်ထကြတယ်။ မနာလို မရှုစိမ့် လွန်စွာဖြစ်ကြတယ်။ တနည်းနည်းဖြင့် နောက်ယှက်ဖျက်စီးရန်၊ ဆူပူမှု ဆွပေးရန် အခါအခွင့်ကို "ကြောင်လက်သည်းဝှက်" စောင့်နေကြတယ်။ တက္ကသိုလ်နယ်မြေတဝိုက်မှာ ဝင်ထွက်သွားလာနိုင်၊ နေထိုင်လှုပ်ရှားနိုင်တဲ့ သူတို့ရဲ့ လက်ကိုင်တုတ်အချို့ကို အသုံးပြုကြတော့တယ်။

သိကြတဲ့အတိုင်း သူတို့ဟာ သမိုင်းကျောင်းဆောင်များအလယ်ဗဟို အားကစားရုံမှာ ဆူပူရေးစလုပ်ခဲ့ကြတယ်။ အပြင်လူတစုနှင့် ဆူပူရေးကျောင်းသားအချို့ ပူးပေါင်းပြီး အားကစားရုံစောင့်ကြပ်သူတွေကို ခဲနှင့်ပေါက်ကြတယ်။ အားကစားရုံကြီးကိုလဲ ခဲနှင့်ပေါက်ကြတယ်။ နောက် သမိုင်းကျောင်းဆောင်များက အသုံးပြုရမယ့် အသစ်စက်စက်ဆောက်ထားတဲ့ အားကစားရုံကြီးကို ဖျက်ဆီးရန် ကြိုးစားခဲ့ကြခြင်းဖြစ်တယ်။ မော်တော်ကားများကိုလဲ မီးရှို့ဖျက်ဆီးကြတယ်။

သမိုင်းကျောင်းဆောင်များအလယ် အားကစားရုံထဲမှာ ကျင်းပနေတဲ့ လက်ရွေ့ပွဲကို သမိုင်းကျောင်းဆောင်နေ ကျောင်းသားများ ကြည့်ချင်လျက် မကြည့်လိုက်ရခြင်း ဖြစ်မှာစိုးလို့ သူတို့အတွက် အခွင့်ထူးတရပ် အဖြစ်ဖြင့် သီးသန့်လက်မှတ်များ ထုတ်ရောင်းပြီးဖြစ်တယ်။ ဒါကြောင့် သူတို့ဟာ အပြင်လူတွေနှင့်ပေါင်းပြီး ခဲနှင့်ပေါက်လား၊ ဆူပူလား လုပ်ရန် ဘာအကြောင်းမှ မရှိဘူး။ သို့ပေမယ့် ကျောင်းသားအချို့ဟာ ဆူပူရေးမှာ ပါဝင်ခဲ့တယ်။ အချို့က ဆွပေးခြင်း ခံလိုက်ရတယ်။ သည့်ထက်ဆိုးတာက ဆူပူရေးကျောင်းသားတစုဟာ ဂိုဏ်းဖွဲ့ပြီး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်ဘက်ကို ချီတက်သွားကြတယ်။ ဘွဲ့နှင်းသဘင်ခန်းမမှာ ကျင်းပနေတဲ့ ဂျူဒိုပြိုင်ပွဲကို နောက်ယှက်ဖျက်စီးကြတယ်။ အားကစားနှင့် ကာယပညာအဖွဲ့က သုံးနေတဲ့ ကားများကို မီးရှို့ဖျက်ဆီးကြတယ်။ ဂျူဒိုပြိုင်ပွဲအတွက် ပြင်ဆင်ထားတဲ့ အမွှမ်းအမံနှင့် ပစ္စည်းကိရိယာများကို မီးရှို့ဖျက်ဆီးကြတယ်။

သူတို့တတွေဟာ နောက်တနေ့ညနေအထိ လူစုမခွဲပဲ သောင်းကျန်းချင်တိုင်း သောင်းကျန်းခဲ့ကြတယ်ဗျာ။

## ကိုယ့်တက်သား ကျောင်းသားအများစုကြီးကို စည်းရုံးရန်လိုပြီ

ဒီလို တက္ကသိုလ်နယ်မြေမှာ ရှုရှုပုပုလုပ်နေတဲ့ ကျောင်းသားထုဟာ အများဆုံးအချိန်မှာ ၅၀၀ လောက်ရှိပြီး၊ နောက်ဆုံးမှာ ၂၀၀ လောက်ထိ ကျန်ရစ်တယ်။ ( ဒီထဲမှာ အပြင်လူ ဘယ်နှစ်ယောက်ပါတယ်ဆိုတာ မသိရသေးဘူး) ရန်ကုန်မြို့ပေါ်မှာ တက္ကသိုလ်ကျောင်းသား ၂၀၀၀၀ လောက်ရှိတဲ့အနက် ရှုပ်ရေးမှာပါတဲ့ ကျောင်းသားထုဟာ အင်မတန်သေးငယ်တဲ့ အနည်းစုသာ ဖြစ်တယ်။ သူတို့ဟာ ၁၀ ဦး ကော်မတီဖွဲ့ထားပြီး ရှုပ်ရေးကို ခေါင်းဆောင်ခဲ့ကြတယ်။ သူတို့ဟာ ချက်ချင်း ကျောင်းသားသမဂ္ဂအလံကို လွှင့်ထူကြတယ်။ ပိုစတာ ကပ်ကြတယ်။ သူတို့ဟာ လူနည်းစုကလေးပင် ဖြစ်သော်လည်း စည်းရုံးထားတဲ့ ရှုပ်ရေး လူနည်းစုဖြစ်တယ်။ ဒါ့ကြောင့် ကြီးမားသော အန္တရာယ်ကို ပြုနိုင်ခဲ့တယ်။ အားကစားရုံက မှန်တွေ၊ မော်တော်ကားတွေ၊ အခြား ပစ္စည်းတွေ ပျက်စီးခြင်းထက် ကျွန်းဆွယ်အားကစားပြိုင်ပွဲကို အမဲစက်ထင်စေသည့်ထက် နာမည်ကောင်းရလာပြီဖြစ်တဲ့ တက္ကသိုလ်ကျောင်းသားထုရဲ့ ဂုဏ်သိက္ခာကို ထိပါးခြင်းက ပိုနစ်နာတယ်ဗျာ။ ယနေ့ တက္ကသိုလ်ကျောင်းသားများနှင့် အခြားကျောင်းသားများကို ပြည်သူလူထုက လိမ္မာတယ်လို့ ဝိုင်းချီးကျူးနေကြတယ်။ ဒီအချိန်မှာ "သမီးကလေး လိမ္မာလှတယ်ဆိုမှ ယောက်မြင်းစီးထွက် " ဆိုသလို ဖြစ်ခဲ့ရတယ်ဗျာ။

အကြီးဆုံးသော ဆုံးရှုံးမှုကတော့ ငြိမ်းချမ်းစွာပညာသင်ကြားရေး အခြေအနေ မရှိလို့ဆိုပြီး၊ ရန်ကုန်ရှိ တက္ကသိုလ်ကျောင်းများကို ပိတ်လိုက်ရခြင်းဖြစ်တယ်။ တက္ကသိုလ်ကျောင်းသား အများစုကြီးဟာ သင်္ချန်းစာကုန်အောင် သင်ယူဖို့ အားခဲနေကြတုန်း၊ လာတော့မည့် ပထမပိုင်း စာမေးပွဲအတွက် ပြင်ဆင်နေတုန်း ကျောင်းပိတ်လိုက်ရခြင်းဖြစ်လို့ ယူကျုံးမရဖြစ်ကြတယ်ဗျာ။

ဒီဖျက်ဆီးမှုဟာ လက်နက်ကိုင်သောင်းကျန်းသူတွေက ကျေးရွာမှုလာတန်းကျောင်းမှ လိုက်ဖျက်ခြင်းနှင့် တလိုင်းတည်းပဲ။ သို့သော် ဒီဖျက်ဆီးမှုကို တပြည်လုံးအတိုင်းအတာနှင့် ခံရခြင်း ဖြစ်တယ်။

ကျောင်းသားအများစုကြီးဟာ ဒီအထိဘာကြောင့် လူနည်းစု လက်တဆုပ်စာ

ရဲ့ နောက်ယှက်ဖျက်စီးမှုကို ခံနေရသလဲ။

အကြောင်းရင်းကတော့ သူတို့က စည်းရုံးထားတဲ့ ဖျက်ဆီးရေးသမားဂိုဏ်း ဖြစ်ပြီး ကိုယ်က မစည်းရုံးပဲထားတဲ့ လူများစုကြီး ဖြစ်နေသေးလို့ပါပဲ။

တက္ကသိုလ်ကျောင်းသားတွေကို အစစအရာရာ ခေါင်းဆောင်ရန် တက္ကသိုလ်ဆရာတွေရဲ့ လက်ထဲ လွှဲထားတယ်။ တက္ကသိုလ်ဆရာတွေဟာ ဒီတာဝန်ကို မထမ်းရွက်နိုင်ကြောင်း နေရာတကာမှာ တွေ့နေရတယ်။

တကယ်ကတော့ ဆရာတွေရဲ့ ခေါင်းဆောင်မှုလဲ ရှိရမယ်။ သို့သော် အခြေခံ အင်အားကတော့ ကျောင်းသားထုကိုစည်းရုံးခြင်းမှသာ ဖြစ်ပေါ်နိုင်တယ်။ ရောမကျောင်းသားထုကြီးဟာ အပြုဘက် အပြင်ဘက်၊ တည်ဆောက်ရေးဘက် ဖြစ်တယ်။ ရှုပ်ဖျက်ဆီးရေးကို ဆန့်ကျင်ကြတယ်။ ကျောင်းသားအများစုကြီးဟာ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးဖက်က ဖြစ်တယ်။ လက်ဝဲလက်ျာ ဖေါက် ပြန်ရေးအင်အားစု မှန်သမျှကို ဆန့်ကျင်ကြတယ်။ ရောမ အများစုကြီးဖြစ်သော၊ တိုးတက်သော ကျောင်းသားထုကို စည်းရုံးမယ်ဆိုရင် လွန်စွာသေးငယ်တဲ့ လူနည်းစုဖြစ်တဲ့ ရှုပ်ရေးကျောင်းသားတွေကို ချောင်ပိတ်ပိုင်းထားပြီး မလှုပ်မရှားနိုင်အောင် လုပ်နိုင်မယ်။ သူတို့ရဲ့ ရှုပ်ဖျက်ဆီးမှုတွေကို ပိတ်ပင်တားဆီးနိုင်မယ်။ ခုတလော တောရွာတွေမှာ သောင်းကျန်းမှုဆန့်ကျင်ရေးအဖွဲ့တွေက သောင်းကျန်း ကျေးရိုးတွေကို ဖေါ်ထုတ်ဖယ်ရှားသလို ကျောင်းသားထုတွင်းမှာ ရှိနေတဲ့ ရှုပ်ရေး ခေါင်းဆောင်တွေကို ဖေါ်ထုတ်ဖယ်ရှားနိုင်ကြမည် ဖြစ်ပါကြောင်းဗျာ။


လွမ်းကြပါတော့
FDN

# သခင်ဗသိန်းတင် (၁၉၁၄–၉၇)



## လွမ်းကြပါတော့ ရဲဘော်တို့ရေ

ရဲဘော်တို့ရေ

# လွှမ်းကြပါတော့

၁။

ရဲဘော်တို့
မိတ်ဆွေတို့
ပြည်သူလူထု အပေါင်းတို့
စိမ်းစိမ်းညို့ညို့ တောင်တန်းတွေကို ဖြတ်ကျော်
သံလွင်ပေါ်ကနေ ဧရာဝတီ
ဒုဌဝတီ၊ ချင်းတွင်း၊ စစ်တောင်း
မြစ်ရိုး၊ ချောင်းဖျား
ရှိုကြား၊ မြောင်းကြား
တောကြား၊ လယ်ကွင်း
အိမ်တွင်း၊ တဲတွင်း
ဆားကျင်း၊ သတ္တုတွင်း
မိုင်းတွင်းတွေထဲ
လူထုထဲအနှံ့
ဖြန့်ကျက်လိုက်တဲ့ အသံ
ထားဝယ်သံ သြသြကြီးနဲ့
ဥက္ကဋ္ဌကြီးရဲ့ အဖွင့်နှုတ်ခွန်း
ပဌမဆုံးသော
ပြည်သူတရပ်လုံးသို့ မိန့်ခွန်းဟာ
မြရာတောလယ် ကြွေခ
ကြယ်စင်မြများကို အလေးပြုရင်း
အရှင်းလင်းဆုံး ဖော်ပြ
အလယ်ရိုးမရဲ့ ဗဟိုချက်
ရှမ်းကုန်းပြင်မြင့်ဘက်က ဆက်ခံ
တော်လှန်တဲ့ သမိုင်းကြောင်း
သွေးသစ်လောင်း နှိုးဆော်

ရဲဘော်တို့
ကြိုးစင်ပေါ်မှာ ထောင်ထဲမှာ
တရားရုံးမှာ အချုပ်ဂါတ်ထဲမှာ
ဘယ်နေရာမှာ ဖြစ်ဖြစ်
ဘယ်နေရာ ရောက်ရောက်
ဘယ်တော့မှ ဒူးမထောက်ရဘူး
ဒူးမထောက်ရဘူး
ဒူးမထောက်ရဘူးတဲ့
ရင်ထဲကိုစူးဝင်
နားဆင်လိုက်ရ
ဘယ်တော့မှ မမေ့စရာ
ဒါ
ဥက္ကဋ္ဌကြီးရဲ့အသံ
ဒုတိယမ္ဘိကြားမိဖူးခြင်းပါ။

ပဌမဆုံးအကြိမ်က
ကျနော်အသက်က ဆယ့်သုံးလေးနှစ်
၁၉၆၇ ခုနှစ်
ဗမာပြည်မှာ ဆန်ပြဿနာ စပေါ်တဲ့နှစ်
တရုတ်ဗမာ အရေးအခင်းဖေါ်တဲ့နှစ်
ဗီကင်းအသံ လေလှိုင်းကြားက
ဥက္ကဋ္ဌကြီးရဲ့ စကားပြောသံ
သာမန်အလယ်တန်း ကျောင်းသားလေးအဖြစ်
လှစ်ကနဲ တဝက်တပြက်
လျပ်တပြက် ကြားဖူးတယ်။
၁၉၈၁
မင်းရန်အောင်ထိုးစစ် ပြီးတဲ့နောက်ပိုင်း

# လွှမ်းကြပါတော့

တတိုင်းပြည်လုံးသို့ ရှင်းပြချက်
ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ခဲ့ရတဲ့ ဇာတ်ကြောင်း
ပြည်သူအပေါင်းသို့ တင်ပြချက်
သမိုင်းစာမျက်နှာထက် တင်ထားရမယ့်
ဗမာပြည်မှာ –
ပါတီစုံဒီမိုကရေစီ ကျင့်သုံးရေး
ပြည်တွင်းစစ် ရပ်စဲရေး
အမျိုးသား သွေးစည်းညီညွတ်ရေး တောင်းဆိုသံ
အမိနိုင်ငံရဲ့ရှေ့ရေး မျှော်တွေးထောက်ရှု
လူထုအကျိုးစီပွားဘက်က
ထာဝရရပ်တည်ရင်း၊ ရှင်းလင်းမြွက်ဟ
ဥက္ကဋ္ဌကြီးရဲ့ စကားသံ ၊ပြည်သူ့အသံနားထောင်ရင်း
အမှောင်တွင်းကနေ ကြားရ
ဒါ တတိယအကြိမ်မြောက်ပါ။

၁၉၈၉
မုတ်သုန်မိုးက သည်းထန်းဆဲ
စစ်ဘီလူးသူရဲများရဲ့ ကောင်းမှုနဲ့
၈၈ ခုနှစ် အရေးတော်ပုံကြီးအတွင်း
ကွန်မြူနစ်ပါတီတွင်း ခေါင်းဆောင်ကြီးများရဲ့
လူထုလှုပ်ရှားမှု ဒီရေအပေါ် အကဲဖြတ်ချက်
လေးလေးနက်နက် ဆွေးနွေးနေဟန်
အပြန်အလှန် ပြောနေကြနေပုံတွေ
ဗီဒီယိုအခွေကနေ တဆင့်
ထုတ်လွှင့်ပြတာ ကြည့်ရရင်း
ကြယ်နီဦးထုပ်တဝင်းဝင်းနဲ့ ဥက္ကဋ္ဌ
ခပ်ဖွဖွပြုံးပြီးပြော

★

ရဲဘော်တို့ရေ

ကိုယ့်ကိုများပြောလိုက်သလားထင်ရ ...
ကျနော်တို့ ရဲဘော်တွေက
လက်ဝဲကျလိုက်တာ၊ မဆလထဲဝင်လုပ်နိုင်း
အလုပ်လုပ်နိုင်းရင်၊ မလုပ်ချင်ကြဘူးတဲ့
ရေရှည်အမြင်နဲ့ တော်လှန်ရေး
အလေးပေးဖွင့်ဟ
ဥက္ကဋ္ဌကြီးရဲ့စကားသံ
စတုတ္ထမှိုကြားဖူးတယ်။

ဥက္ကဋ္ဌကြီးကို ကျနော်ဟာ
တခါမှမတွေ့ဖူးပါ
ဒါပေမဲ့ သိနေတယ်
ဥက္ကဋ္ဌကြီးနဲ့ကျနော်ဟာ
တခါမှစကားမပြောဖူးပါ
ဒါပေမဲ့ကြားနေတယ်။

(၂)

သခင်ဗသိန်းတင်ဆိုတာ
တို့ဗမာအစည်းအရုံးဝင်
သခင်တယောက်အဖြစ်ကနေ
ဥရောပ တချွေကြီးရဲ့ဝိဉာဉ်ကို
သခင်အောင်ဆန်း၊ သခင်သန်းထွန်း
သခင်ဗဟိန်းတို့နဲ့အတူတူ
ဂုဏ်ယူစွာ ပူးကပ်
ကြီးမြတ်တဲ့ပါတီ
စတင်တည်ခဲ့တဲ့သူတွေထဲ

## လွှမ်းကြပါတော့

မျိုးစေ့ကြဲသူတယောက်အဖြစ် စာရင်းထိုး
မော်ကွန်းထိုးရမယ့် ပုဂ္ဂိုလ်တဦးပါ...

မြေအောက်ပါတီအဖြစ်
အကျစ်လစ်ဆုံး တည်ဆောက်
အပြောင်မြောက်ဆုံး ဖွဲ့စည်း
ဘုံခရီးကို ချီတက်ရင်း
ဆင်းရဲချိုငဲ့
ပစ္စည်းမဲ့တို့ရဲ့ အကျိုး
သယ်ပိုး ရှေ့ဆောင်
အမှောင်ထဲက ကြယ်နီ
အမိပြည်ရဲ့ လွတ်လပ်ရေး
နယ်ချဲ့ဆန့်ကျင်ရေးတာဝန်
ကြေကြေပြွန်ပြွန် ထမ်းခဲ့တယ်။

တကမ္ဘာလုံး
အုံးအုံးကြွက်ကြွက်ဖြစ်ရ
ဖက်ဆစ်ဝါဒ ခေါင်းထောင်
မာန်တစောင် စောင်နဲ့ပေါ်လာ
ချိန်ဘာလိန်တို့လေပြေထိုး
အရိုးအရင်းတွေ ချကျွေးပစ်
မြူးနစ်စာချုပ်တွေ ချုပ်နေစဉ်
ဒီမီထရော့ အစီရင်ခံစာ
ဗမာပြည်ကွန်မြူနစ်များနားလည်
နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင်ရာက
ဝင်လာတဲ့ဂျပန်ဖက်ဆစ်
ဘီလူးအသစ်တွေကိုလဲ မောင်ထုတ်ရေး

# လွှမ်းကြပါတော့

ဖက်ဆစ်တော်လှန်ရေးကြီးဆင်နွှဲ
ရဲရဲရင့်ရင့်သမိုင်းကြောင်း
သွေးနဲ့လောင်းပြီး ကမ္ဘည်းဆင်
ကြယ်ဖြူတပွင့် အလံနီကိုတင်တဲ့အခါ
သခင်ဗသိန်းတင်ဟာ
တိုင်း(၅)မှာ နိုင်ငံရေးမှူး
တပ်ဦးကပါခဲ့တဲ့
တကယ့် ခေါင်းဆောင်တဦးဖြစ်ခဲ့တယ်။

ဂျပန်ကို မောင်းထုတ်ပြီး
ဒုတိယကမ္ဘာစစ်ကြီးလဲပြီးသွား
ဆင်မလားရောက် မျက်နှာဖြူဟာ
စက္ကူဖြူစီမံကိန်းကို တကိုင်ကိုင်နဲ့
အမိနိုင်ငံအတွင်း ပြန်ရောက်
နောက်တခေါက် ကျွန်ပြုရန်
ကုလားဖန် အလီလီထိုး
အမျိုးမျိုးညစ်ပတ်
ကိုလိုနီဇာတ်ကို ဆက်ပြီးက
အမှောင်ညကြီး ရှည်ချိန်မှာ
အမိဗမာပြည်ရဲ့ မိုးသောက်ရေး
လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်
တူတံဇဉ်ကို လွှင့်ထူရင်း
အဝင်းပဆုံး ရွှန်းပြက်
လင်းလက်ခဲ့ကြတဲ့ ကြယ်နီတွေထဲ
သခင်ဗသိန်းတင်လဲ ပါခဲ့တယ်။

## လွှမ်းကြပါတော့

(၃)

လွတ်လပ်ရေးကြီး
ကျေညာအပြီး
အမျိုးသား သွေးစည်းညီညွတ်ရေး
ဟစ်ကြွေးရမယ့်အချိန်မှာ...
ကျောက်ကြီးပေါက် အရောက်တက်
လက်နက်ကိုင် တော်လှန်ရေး
ဟစ်ကြွေးပြီးဖေါ်ခဲ့ရ
ရိုးမကို သက်သေတင်
အာဏာရှင်တွေနဲ့ ပြိုင်းဆိုင်ရင်း
'ရန်ပုံခွင်း'နဲ့စခဲ့ရ
'သမိုင်းဇ'နဲ့ ကြယ်နီ
အစချီကတည်းက ပါဝင်
သခင်ဗသိန်းတင်ဆိုတာ ရာသက်ပန်တော်လှန်ရေးသမား
မားမားမတ်မတ် ပြခဲ့တယ်။
နောက်ပိုင်း
ဂန္ဓလရာဇ်တိုင်းဆီ ခရီးဖေါက်
အဝေးရောက်တာဝန်
ကြေပွန်အောင် ထမ်းဆောင်ရင်း
ပြတ်သားခြင်းနဲ့ ပျော့ပျောင်းမှု
စံပြုလောက်အောင် ပေါင်းစပ်
မြင့်မြတ်တဲ့ နာယကဂုဏ်
အပြည့်စုံဆုံး ခေါင်းဆောင်ကောင်း
ကွန်မြူနစ်ကောင်း စစ်စစ်ဖြစ်ခဲ့တယ်။

## လွှမ်းကြပါတော့

ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး
အရေးတော်ပုံကြီးတလျှောက်
မှတ်ကျောက်တင် အစမ်းသပ်ခံ
တူတံဇဉ်အလံကို မြဲမြဲဆုပ်
အုပ်စိုးသူအဆက်ဆက်နဲ့ ယှဉ်ပြိုင်
အမိနိုင်ငံအပေါ် ချစ်မြတ်နိုး
ကျွေ့ချီးပေါင်းများကို ကျော်ဖြတ်
ကြီးမြတ်တဲ့ တော်လှန်ရေးသမားပီသစွာ
ဂုဏ်ပြောင်စွာ အားထုတ်ရင်း
အလင်းတေးတွေ သီခဲ့တယ်။

သက်ရှိထင်ရှား
ရှိနေသား အချိန်မှာပဲ
လက်ထဲက တူတံဇဉ်အလံ
ခေါင်းဆောင်ကိုင်စွဲလာခဲ့တဲ့ တော်လှန်ရေးအလံ
ပါတီရဲ့အောင်အလံကို
မျိုးဆက်သစ်များထံ လက်ဆင့်ကမ်း
နည်းလမ်းတကျ အပ်နှံ
ဆက်ခံသူတွေကို အားပေးရင်း
ရင်တွင်းကလာတဲ့ စကားလုံးတွေနဲ့
နှလုံးသွေးတွေပါ စီးမျော
ဟောဒီလို ပြောခဲ့ရှာတယ်...
ရဲဘော်တို့ ... အခုအချိန်ဟာ
ပါတီရဲ့တော်လှန်ရေးအလံကို
မျိုးဆက်သစ်များထံ
အပ်နှံရမယ့် အချိန်ရောက်ပါပြီ။

# လွှမ်းကြပါတော့

(၄)

နှင်းတွေ...
ကြွေနေစဲ
မျက်ရည်ဝဲနေတဲ့ ကောင်းကင်
ရှိုက်သံဝင်နေတဲ့ ပန်းပွင့်
ရင်နင့်စဖွယ် မှိုင်းလျ
အေးလွန်လှတဲ့ ဆောင်းလည်ရက်
ရော်ရွက်တွေ ချွေနေတုန်း
မဆုံးနိုင်တဲ့ မြူလှိုင်းတွေ
တရိပ်ရိပ် ဝေနေတုန်း
နောက်ဆုံး ခွန်းဆက်တရား
မြွက်ဟထားပြီးသားမို့လား မပြောတတ်
နောက်ထပ်
နှုတ်ဆက်စကားလေးတောင် ထပ်မဆို
ရဲဘော်တွေအားလုံးကို ခွဲခွာ
ငြိမ်သက်စွာ အနားယူသွား
သေတမ်းစာလေးပဲ ထားခဲ့တယ်။

တပြည်လုံးသိတဲ့ ကြယ်နီ
ပါတီတခုလုံးရဲ့ ဥက္ကဋ္ဌ
ရတဲ့ခွင့်ပြုငွေလေးတောင် ကုန်အောင်မသုံး
အခြိုးခြံဆုံး နေထိုင်
အနိုင်မာဆုံး ရိုးသားမှုနှင့်
စံပြုလောက်အောင် ဖြူစင်

# လွှမ်းကြပါတော့

သူတော်စင်တယောက်လို စားသောက်ရင်း
ခေါင်းအုံးအောက်မှာ ချန်ပြီးသွား
ငွေသားယွမ်းငွေလေးက နှစ်ထောင်ငါးရာ
အသုံးအဆောင်ပစ္စည်းပစ္စယာလေးတွေက ခပ်နဲနဲ
အကျႌဗောင်းဘီးလေးတွေပဲ ကျန်ခဲ့တယ်။

ဥက္ကဋ္ဌကြီးရဲ့ ရုပ်ကလာပ်ပေါ်
ကြီးမြတ်တဲ့ တူတံဇဉ်အလံ
လွှမ်းရုံပြီး ဖုံးအုပ်
အရိုးကုပ်ဆုံး ဈာပန
ပကာသန တခုမှမပါ
ပြာချပြီး သင်္ဂြိုဟ်ရင်း
အံတင်း ဖြေဆည်ခဲ့ရတယ်...

အရိုးစ ပြာအိုးကို
ရိုကျိုးစွာ ဆောင်သယ်
မြစ်လယ်မှာ အသာမျှော
လိုက်မောစွာ ရှုငေးရင်း
တင်းထားရတဲ့ ပင့်သက်တွေ
မြောက်ပြန်လေးပေါ် သွန်ကျ
တစတစ...

ရေလည်ကြောမှာ
သဘော်နဲ့ သုံးပတ်ပတ်
သုံးထပ်သုံးကြိမ် အလေးပြုရင်း
ဖြေးဖြေးခြင်းလှည့်ကာ
အရိုးပြာအိုးငယ်ကို ဦးခိုက်

## လွှမ်းကြပါတော့

တိုက်ပွဲထဲက အာဇာနည်
ပြည်သူတွေရဲ့ သူရဲကောင်း
ခေါင်းဆောင်ကောင်းကြီးရဲ့ အရိုးပြာတွေဟာ
ရေစီးမှာ ပျော်ဝင်
မြစ်ပြင်ကနေ ပင်လယ်
ပင်လယ်ကနေ သမုဒ္ဒရာ
တရွေ့ရွေ့ဖြာဆင်း
အမိဗမာပြည်ရဲ့ အတွင်းဆီ
တနင်္သာရီ၊ ထားဝယ်၊ မြိတ်
ဇာတိရိပ် မွေးမြေအထိ
ရောက်ရှိပျံ့နှံ့နေပါစေ...

(၅)

ဝေချင်ပါလျက်
အဝေခက်ခဲ့ ဖိတ်စာ
လာချင်ပါစေလျက်
အလာခက်ခဲ့ ရဲဘော်
ခေါ်ချင်ပေလျက်
အခေါ်ခက်ခဲ့ မိတ်ဆွေ
ချွေချင်ပေလျက်
အချွေခက်ခဲ့ မိန့်ခွန်း
သွန်းထုချင်ပေလျက်
အသွန်းခက်ခဲ့ ရုပ်ထု
ပြုချင်ပေလျက်

အပြုခက်ခဲ့ အလေးနီ
စီချင်ပါလေလျက်
အစီခက်ခဲ့ စာတမ်း
ကမ်းချင်ပါလေလျက်
အကမ်းခက်ခဲ့ ယပ်တောင်
ဆောင်ချင်ပါလေလျက်
အဆောင်ခက်တဲ့ ရုပ်ကလာပ်
စပ်ချင်ပါလေလျက်
အစပ်ခက်ခဲ့ ကဗျာ
ချပါလေလျက်
အချခက်ခဲ့ လွှမ်းပန်းခွေ
မဝေနိုင်ခဲ့တဲ့ ဈာပန
ရှောင်သွေခဲ့ရတဲ့ ဈာပန
ဖြေဆည်ခဲ့ရတဲ့ ဈာပန
ခုမှ... ခုမှ...
**လွှမ်းကြပါတော့ ရဲဘော်တို့ရေ**
**လွှမ်းပါရစေတော့ ရဲဘော်တို့ရေ**
အမိမြေရဲ့ ဝေးရာမှာ
ကြွေသွားရှာတဲ့ ကြယ်နီ
'သခင်ဗသိန်းတင်' ဆိုတဲ့ ကြယ်နီကို
ကမ္ဘာတည်သရွေ့ မော်ကွန်းတင်ကြပါ။

၇ ၊ ၃ ၊ ၁၉၉၉

## အမျိုးသားရေးဝါဒနှင့် လူမျိုးစုံဝါဒ

အမျိုးသားရေးဝါဒသည် ကမ္ဘာ့ရွာကို ပျက်အောင်လုပ်နေသည်။ ယခင် ယူဂိုဆလားဗီးယားနိုင်ငံဟောင်းမှသည် ချီချင်းညာအထိ ပြိုကွဲအောင် လုပ်နေသည်ဟု နိုင်ငံစုံဝါဒသမားတို့ကပြောကြသည်။ လူမျိုးစုများ စုစည်းထားသည့် နိုင်ငံများသည် ပြိုလဲပျက်စီးနေကြသည်။ လူမျိုးစုခွဲထွက်ရေးဝါဒသည် အရှိန်ကောင်းနေသည် ။ ယင်းမှာ ဆင်းရဲမွဲတေသည့် အာဖရိကတိုက်တွင်သာမဟုတ်။ ချမ်းသာသည့် ဥရောပတိုက်နှင့် မြောက်အမေရိကတိုက်မှာပင်ရှိနေသည်။ ၂၄နာရီအတွင်း ကွန်ပျူတာဖြင့် အရောင်းအဝယ်လုပ်၍ အရင်းအနှီးများ တင်ပို့နေသည့် အင်တာနက်ခေတ်တွင် ထိုအချင်းအရာသည် မည်သို့ဖြစ်နိုင်စရာ ရှိပါသနည်း။

ကမ္ဘာ့ဝါဒ ပျံ့နှံ့ရေးသည် ကျွန်တော်တို့ခေတ်တွင် လွှမ်းမိုးတွင်ကျယ်နေသော ဝေါဟာရတစ်ခုဖြစ်၏။ ကျွန်တော်တို့၏အထင်

အမြင်သေးသည့် သဘောထား၌ လူမျိုးစုံဝါဒသည် ယဉ်ကျေးမှု ဟူသော အဓိပ္ပါယ်ထွက်နေပြီး အမျိုးသားရေးဝါဒသည် အရိုင်း အစိုင်း ဝါဒဟု အဓိပ္ပါယ်ထွက်နေသည်။

လူမျိုးစုံဝါဒသမားတို့အဖို့ အမျိုးသားရေးအုံကြွမှုများသည် နားမလည်နိုင်စရာကောင်းသော အရာများဖြစ်နေဟန်ရှိ၏။ အာဏာသည် နိုင်ငံတော်မှ လျှောကျသွားချိန်တွင် အချုပ်အခြာ အာဏာအတွက် အဘယ်ကြောင့် တိုက်ပွဲဝင်နေမည်နည်း။ စင်ကာပူ လိုမြို့ပြနိုင်ငံ၊ တောင်ပိုင်း တရုတ်ပြည်လိုဒေသ၊ မြောက်အမေရိက တိုက် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်စသည့်တိုက်လုံးဆိုင်ရာ ကုန်သွယ်မှုအစီအစဉ်တို့သည် နောက်ရာစုသစ်ကြီး၏ ကမ္ဘာ့ပုံစံသစ် အတွက် ဆောက်လုပ်မည့် အုတ်အစိုင်အခဲများ ဖြစ်ကြသည်။ အင်တာနက်လှိုင်းလုံးကို စီး၍ရပါလျက် ယဉ်ကျေးမှု အချုပ်အချာ တည်ရှိရေးကို အဘယ်ကြောင့် တိုက်ပွဲဝင်နေဦး မည်နည်း။ ကမ္ဘာ့စီးပွားရေး၏ ဆက်သွယ်ရေးဘာသာစကားအဖြစ် အင်္ဂလိပ် ဘာသာစကားရှိနေပါလျက် အငယ်စားဘာသာစကား ကလေးများ ထိန်းသိမ်းရေးအတွက် အဘယ်ကြောင့် တိုက်ပွဲဝင်နေရဦးမည်နည်း။ ယခုအချိန်သည် လူမျိုးစုံဝါဒသမားတို့အဖို့ အမျိုးသားရေးဝါဒ သမားတို့ကို အထင်သေးခြင်းမှ ရပ်တန့်ရန် အချိန်ရောက်လေပြီ။ နောက်လေယာဉ်တစ်စင်းကို စီးရန်ခပ်သုတ်သုတ် သွားနေကြသည့် နိုင်ငံတကာ ကုမ္ပဏီအုပ်ချုပ်ရေးမှူးများ အားလုံးသည် ချမ်းသာ၍ တည်ငြိမ်သော လူမျိုးနိုင်ငံများ၏ နိုင်ငံကူးလက်မှတ်များကို ကိုင်ဆောင်ထားကြမည်မှာ သေချာပါသည်။ သူတို့အဖို့မှာမူ လူမျိုးစုံ ဝါဒသမားဖြစ်ရန် ကုံလုံကြွယ်ဝကြပါပေ၏။ နိုင်ငံကူးလက်မှတ်

တစ်စောင်နှင့် အတူ အခွင့်အရေးသည် ပါလာတတ်ပါ၏။ အမျိုးသားရေးမာန်ကို ရှုတ်ချခြင်းမပြုမီ ချီချင်းညာလူမျိုးတို့ အကြောင်းကို ကျွန်တော်တို့ စဉ်းစားသင့်ပါသည်။ ချီချင်းညာတို့၏ မြို့တော်ရှိ သမ္မတနန်းတော်ကို ရုရှတင့်ကားများမှ အမြောက်ဖြင့် ထုရန်လူမျိုးစုံဝါဒသမားများ ဘာကြောင့် အလိုရှိ နေကြပါသနည်း။

ကမ္ဘာ့ဝါဒီတို့၏ ထိုဝေါဟာရကို သေသေချာချာစဉ်းစားကြည့်ပါလေ။ ကာလီဖိုးနီးယားပြည်နယ်သားသည် သူ၏အိမ်သုံးကွန်ပျူတာရှေ့တွင် ထိုင်ကာ တောင်ကိုရီးယားရှိ မိတ်ဆွေတစ်ဦးထံစာတစ်စောင်ရိုက်နေစဉ် အပြင်တွင်ရပ်ထားသော သူတို့ကားများကိုခိုးသွားမည်လားဟု နှစ်ယောက်စလုံးစိတ်တထင့်ထင့် ဖြစ်နေကြရသည်။ သူတို့၏ ကွန်ပျူတာအဆက်အသွယ်ကို လုံခြုံမှုရှိမရှိကိုမည်သူ အာမခံပါသနည်း။ ရဲ၊ တရားရုံးများ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ခေတ်သစ်လူမျိုးနိုင်ငံများ၏ ပုံမှန်အဆောက်အအုံများကအာမခံချက်ပေးနေပါသည်။ ထိုအဆောက်အအုံများမရှိလျှင်ကမ္ဘာ့ရွာသည် ပရမ်းပတာနေရာကြီးအဖြစ်သို့ ရွေ့လျားသွားပေလိမ့်မည်။ ခေတ်သစ်လူမျိုး-နိုင်ငံများအား ခေတ်မမီတော့ဟုဆိုကာ ကျော်လွှား ဖယ်ရှားသွား၍ မရနိုင်တော့ပါ။ ခေတ်သစ်လူမျိုးနိုင်ငံများကို ပို၍ ခိုင်မာတောင့်တင်းအောင် လုပ်ရမည်သာဖြစ်ပါသည်။ တတိယကမ္ဘာတွင် မျှသာမဟုတ်ပါ။ ယင်းမှာ အမျိုးသားရေးဝါဒ သမားတစ်ဦး၏ နားလည်ချက်ဖြစ်ပါသည်။

လူမျိုးစုံဝါဒသမားများမှာပင်လျှင် အောက်ခြေပင်မြစ်များရှိပါသည်။ ကျွန်တော်တို့၏ ဇာတိအရည်အသွေးသည် ကျွန်တော်တို့ကို ခွဲခြားထားသည့်သင်္ကေတ ကလေးများပေါ်တွင်မှီ၍တည်၍

နေပါသည်။ ထိုသင်္ကေတ ကလေးများကို (စိတ်ပညာရှင်)ဖရွိုက်က အသေးစားကွဲလွဲချက်ကလေးများကို ချစ်ခင်တွယ်တာသော နာစစ်ဆပ် ဝါဒဟု ခေါ်ခဲ့ပါသည်။ ထိုကွဲလွဲချက်ကလေးသည် အလွန့်အလွန် သေးငယ်ကောင်း သေးငယ်ပါလိမ့်မည်။ အကြောင်းမဟုတ်ပါ။ ထိုကွဲလွဲချက်ကလေးကိုပင် ကျွန်တော်တို့ ပင်ကိုယ်ဇာတိအရည် အသွေး၏ အမြုတေအဖြစ် သုံးနိုင်ပါသည်။ လူမျိုးစုံဝါဒသမားတို့က လီဗိုင်းဂျင်းအဝတ်အထည်များနှင့် ဘင်နက်တန် ကုန်ပစ္စည်းများ၊ မက်ဒေါ်နယ်ဟမ်ဘာဂါများနှင့် အိုင်ဘီအမ်စက်မှုသိပ္ပံပစ္စည်းများ ကြောင့် လူမျိုးများကြားတွင် တည်ရှိနေကြသော အသေးစားကွဲလွဲမှု ကလေးများသည် ပျောက်ကွယ်သွားလိမ့်မည်ဟု မျှော်လင့်နေ ကြပါသည်။ တကယ်ဖြစ်လာသည်မှာ ထိုသို့မဟုတ်။ လူများကပို၍ ကြီးမားသော ကွဲလွဲချက်များကို အတင်း ဖမ်းဆုပ်ထားကြခြင်း ဖြစ်ပါသည်။

ယူဂိုဆလားဗီးယားတွင် ဆန်းပြားပွေလီသော ဥရောပတိုက် သားများဖြင့် ပြည့်နေပါသည်။ သူတို့သည် မာစီးဒီးကားကြီးများကို မောင်းကာ ဆွစ်ဇာလန်စတိုင် အနားယူဂေဟာများကို ပိုင်ဆိုင်နေ ကြပါသည်။ အပြင်ပန်းအားဖြင့် ကြည့်လျှင် သူတို့ကိုခွဲခြား၍မရနိုင် ပါ။ အတွင်းသို့နိူက်ကြည့်လျှင် သူတို့သည်ခရိုအက်များ၊ ဆာ့ဘ်များ ဘော့စနီးယား မူဆလင်များဖြစ်နေသည်ကိုတွေ့ရပါသည်။ခေတ်မီ ရေးလုပ်ငန်းသည် ကျွန်တော်တို့၏ ကြီးမားသော တွယ်တာစွဲလန်း မှုများကို ခွာချမပစ်နိုင်ကြောင်း ယူဂိုဆလားဗီးယားများက ပြသနေပါ သည်။

အဖိနှိပ်ခံလူမျိုးများနှင့် လူမျိုးစုများက သူတို့ကိုယ်သူတို့

ကာကွယ်ခွင့်မရသေးသမျှ ကာလပတ်လုံး လုံခြုံရေးစိတ်ဓာတ်နှင့် အသိုက်အဝန်း စိတ်ဓာတ်သည် တည်ရှိဦးမည်သာ ဖြစ်ပါသည်။ ကမ္ဘာ့ပြောင်းလဲမှုသည် ကျွန်တော်တို့ကို နီးစပ်လာအောင်လုပ်ပေးခဲ့သည်မှာ မှန်ပါသည်။ သို့ရာတွင် ဤသို့နီးစပ်လာခြင်းကြောင့်ပင် ကျွန်တော်တို့သည် ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်သမိုင်းနှင့် ကိုယ်ဘာသာစကား စသည့်ကွဲလွဲချက်များကို ပို၍ ကာကွယ် ထိန်းသိမ်းလာခဲ့ကြပါသည်။ သို့မှ ကာကွယ်ထိန်းသိမ်းခြင်း မပြုနိုင်လျှင် လူအဖြစ်မှ လျှောကျသွားတော့မည်သာဖြစ်ပါသည်။ ၁၉၈၉ ခုနှစ်တွင် ဘောလ်တစ်ဒေသမှ လူမျိုးစုများ၊ ပိုလန်လူမျိုးစုများ၊ ချက်လူမျိုးများ လွတ်လပ်ရေးရလာသည့်အခါတွင် နိုင်ငံစုံဝါဒသမားများသည်မှန်ကန်စွာသြဘာပေးခဲ့ကြပါသည်။ ယင်းတို့မှာ အမျိုးသားရေးဝါဒ တော်လှန်ရေးသမားများဖြစ်ကြပါသည်။ ၁၇၇၆ခုနှစ်တွင် အမေရိကန်လူမျိုးများ၊ ၁၇၈၉ခုနှစ်တွင် ပြင်သစ်လူမျိုးများကို နှိုးဆွခဲ့သည့် လွတ်လပ်မှုနှင့် ဒီမိုကရေစီစသော မျှော်မှန်းချက်များကြောင့် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။

အမျိုးသားရေးဝါဒတွင် မှားနေသောအချက်မှာ ကိုယ့်အိမ်တွင် ကိုယ်အရှင်သခင်ဖြစ်ချင်သော ဆန္ဒမဟုတ်ပါ။ အိမ်ကိုအခြားသူများနှင့်အတူ ရောနှောမနေနိုင်ဟု ငြင်းဆန်နေသည့် ကိစ္စဖြစ်ပါသည်။ လူမျိုးတိုင်းတွင် ကိုယ်ပိုင်နိုင်ငံရှိရမည် ဆိုသည့်အမှားဖြစ်ပါသည်။ လူမျိုးသန့်စင်ရမည်၊ မျိုးမနှောရဆိုသည့် အမှားဖြစ်ပါသည်။ လူမျိုးစုံဝါဒသမားဖြစ်စေ၊ အမျိုးသားရေးဝါဒ သမားဖြစ်စေ၊ အရေပြားအောက်က သွေးထဲတွင် မျိုးနှောနေကြပါသည်။ ကျွန်တော်တို့၏ ဘိုးဘေးများသည် အတူဝိုင်းဖွဲ့၍ အိပ် ခဲ့ကြခြင်း

ဖြစ်ပါသည်။ တကယ်အမှန်ပြောရလျှင် ကမ္ဘာပေါ်တွင် သွေးမနှော သည့် လူမျိုးသန့်စင်မှုဆိုသည်မှာ မရှိနိုင်ပါ။ အကယ်၍ ကျွန်တော် တို့သည် ကျွန်တော်တို့နိုင်ငံကို ကျွန်တော်တို့လို မျိုးနှောသူများနှင့် ခွဲဝေ မနေနိုင်ပါ ဟုဆိုလျှင် မည်သို့သော ကံကြမ္မာမျိုးနှင့် တွေ့ရတတ်ကြောင်းကို ယူဂိုဆလားဗီးယားက ပြသနေပါသည်။

လူမျိုးစု ဝါဒ သမားများသည် အမျိုးသားရေးဝါဒသမားများ အား ဘီလူးသဘက်ကြီးတွေအဖြစ်မျိုးပြောနေခြင်းကို ရပ်တန့် သင့်ပါပြီ။ အမျိုးသားရေးဝါဒသမားများကလည်း မိမိတို့ လူမျိုးတွင် မိမိတို့ကိုယ်ပိုင်နိုင်ငံတော် ရှိရမည်ဆိုသည့်အစွဲကို ဖျောက်သင့်ကြ ပါပြီ။ ခွဲထွက်ရေးသမားတို့၏ စိန်ခေါ်မှုနှင့် ရင်ဆိုင်နေသည့် အခြေ ခိုင်နေသော နိုင်ငံများသည် အာဏာကို ဖြန့်ခွဲပေးဖို့ လိုပါသည်။ သို့မှသာလျှင် လူမျိုးစုများသည် ခွဲထွက်ခြင်းမပြုပဲ သူတို့၏ ယဉ်ကျေးမှုနှင့် ဘာသာစကားကို ကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်ပါသည်။ အမျိုးသားရေးဝါဒသမားတို့၏ စိန်ခေါ်မှုနှင့် ရင်ဆိုင် နေရသည့် ဒေသများသည် (တူရကီ၊ အီရတ်၊ အီရန်နှင့် ဆီးရီး ယားနယ်စပ်တစ်လျှောက်တွင် နေကြသော ကာ့ဒ်လူမျိုးစုများ ကဲ့သို့)နယ်စပ်တစ်လျှောက်တွင်ခွနေကြရသည့် လူမျိုးစုများအား ခွဲထွက် ခြင်းမပြုပဲနှင့် ကိုယ်ပိုင် အုပ်ချုပ်မှု ပုံသဏ္ဍာန်များ ရရှိနိုင်သည့် နည်းလမ်းများကို ရှာဖွေသင့်ကြပါသည်။

အနာဂတ်ကို လူမျိုးစုံဝါဒသမားများကလည်း မပိုင်ပါ။ အမျိုးသားရေးဝါဒသမားများကလည်း မပိုင်ပါ။ သူတို့ချစ်သော နေရာများတွင် တိုက်ပွဲဝင်ရန် အဆင်သင့်ရှိသော၊ သူတို့မရောက်

ဖူးသော နေရာများမှ သင်ခန်းစာယူရန် အဆင်သင့်ရှိသော လူမျိုးစုံဝါဒသမားများနှင့် လူမျိုးရေးဝါဒသမား နှစ်မျိုးစလုံးဖြစ်ရန် အဆင်သင့်ရှိသော လူထုများကသာ ပိုင်ပါသည်။

ရည်ညွှန်း။ Time, February 27, 1995 မှ Micheal Ignatieff ၏ The State of Belonging ကိုပြန်ဆိုသည်။

# နေ့အူရိနှိမှတ်တမ်း။

သံတော်ဆင့်သတင်းစာတိုက်မှ ပုံနှိပ်ထုတ်ဝေသည်။
( ၁၉၄၆ )

# ပြည်သူ့စည်းလုံးရေး

## ကြိုးပမ်းခဲ့ပုံ

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်တွင်မှုလက—

၁။ ဗမာ့တပ်မတော်၊
၂။ ဗမာပြည်ကွန်မြူနစ်ပါတီ။
၃။ ပြည်သူ့အရေးတော်ပုံအဖွဲ့။
၄။ လူငယ်များအစည်းအရုံး။
၅။ ရခိုင်အမျိုးသားအစည်းအရုံး။
၆။ မျိုးချစ်ပါတီ။
၇။ ကရင်အမျိုးသားအသင်းတို့ပါဝင်ခဲ့လေသည်။

မြန်မာပြည်ကို ဂျပန်ဖက်ဆစ်တို့ ကျွန်ဘဝမှလွတ်လပ်စေရန်၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်က ဦးဆောင်၍ဆောင်ရွက်ခဲ့ပေသည်။

ရန်ကုန်မြို့သည်၊ ဂျပန်တို့လက်ထဲမှ လွတ်မြောက်ပြီးသည့်နောက်၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်တွင် တာဝန်ပို၍လာခဲ့ပေသည်။

ဂျပန်ဖက်ဆစ်တို့အား ဆက်လက်တိုက်ခိုက်ရေးသာ

လျှင်မက၊ ပြိုကွဲနေသော တိုင်းပြည်ကို ပြန်လည်တည်ဆောင်ရန် တာဝန်ပိုသာပေတော့၏။

ဤတာဝန်ကြီးကို ထမ်းဆောင်ရန်။ ပြည်သူတို့ စည်းရုံးရေးသည် အချုပ်ဖြစ်ပြီပေတော့၏။ ဂျပန်ဖက်ဆစ်တို့အား တိုက်ခိုက်ရာတွင် ပါဝင်ရကောင်းမှု။ တိုင်းပြည်ပြန်လည်ထူထောင်ရေးတွင် မျိုးချစ်ပုဂ္ဂိုလ်ကြီးမှန်သမျှ ပါဝင်သောကြရန် အရေးကြီးပေ၏။

၄၅ ခု ဇွန်လ ၄ ရက်နေ့တွင်။ မြန်မာပြည် နိုင်ငံရေးခေါင်းဆောင်များ၏ အစည်းအဝေးတွင်။ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်က ဆောင်ရွက်ချက်ပလေသည်။

ရင်းအစည်း အဝေးတွင်။ သဘောတူဆုံးဖြတ်ကြသည့် အချက်များမှာ။

၁။ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကကောင်ပြုသောဝါဒနှင့်ဖေသာလောသယ် လုပ်ငန်းကို အတည်ပြုထောက်ခံသည်။

၂။ ဗမာ့တပ်မတော် နှင့်ဂျပန် တိုက်ခိုက်သူတို့အား။ အမြဲတန်း စစ်တပ်တခုအဖြစ် ပြန်လည်ဖွဲ့စည်းရန်တောင်းဆိုသည်။

၃။ တိုင်းပြည် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွင်။ တိုင်းသူပြည်သားအားလုံးတို့ညီညီညွတ်ညွတ် ပါဝင်ကြရန် တိုက်တွန်းနှိုးဆော်သည်။

အထက်ပါ အစည်းအဝေးဆုံးဖြတ်ချက်များကို ကာနယ်ဒ
အန္တံ့အပြားကြေညာခဲ့လေသည်။

ဇွန်လ ၁၅ ရက်နေ့တွင်။အာရှတိုက်တောင်ပိုင်း သေနာပတိချုပ် မောင့်ဘက်တင်သည်။ရန်ကုန်မြို့သို့ရောက်လာခဲ့လေသည်။ဇွန်လ ၂၀ရက်နေ့တွင်မြန်မာပြည်ဘုရင်ခံသည့် ရန်ကုန်မြစ်လေယာဉ်တွင်။ မြန်မာပြည် နိုင်ငံရေးခေါင်းဆောင်များကိုဖိတ်ခေါ်ပြီး၊မြန်မာပြည်နှင့်ပတ်သက်၍ ဗြိတိသျှအစိုးရတို့၏ကြံရွယ်ချက်များကိုဖွင့်ကြားလေသည်။

မြန်မာပြည်ဘုရင်ခံနှင့် နိုင်ငံရေးခေါင်းဆောင်ကြီးများ မတွေ့မီ။ ဇွန်လ ၁၈ ရက်နေ့တွင် အဖိတ်ခံရသည့် ခေါင်းဆောင်ကြီးများနှင့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဦးစီးအဖွဲ့ဝင်များပူးပေါင်း၍ အစည်းအဝေးတရပ်ကျင်းပလေသည်။

ထိုအစည်းအဝေးတွင် ဆုံးဖြတ်သည့်အချက်များမှာ။

(က) စစ်အုပ်ချုပ်ရေးကိုအမြန်ဆုံးရုပ်စဲရန်။

(ခ) စစ်အုပ်ချုပ်ရေး ရုပ်စဲသည်လျှင် ယာယီအမျိုးသားအစိုးရဖွဲ့စည်းရန်။

(ဂ) ယာယီ အမျိုးသားအစိုးရဖွဲ့ပြီး၍ တနှစ်အတွင်းတွင်။မြန်မာနိုင်ငံ အုပ်ချုပ်ရေး ရေးဆွဲမည့် အရွယ်ရောက်သူယောက်ျားတိုင်း၊ မိန်းမတိုင်းက ရွေးကောက် တင်မြှောက်သည့် တိုင်းပြုပြည်ပြု လွှတ်တော်ကြီးကို ခေါ်ရန်

ဟူသောအချက် ၃ ချက်ကို၊ မြန်မာပြည်ဘုရင်ခံအား ပြော ဆိုရန် အားလုံးသဘောတူကြလေသည်။

ဤကိစ္စများကို မြန်မာပြည်ဘုရင်ခံအား ပြန်ကြားရာ၌၊ ခေါင်းဆောင်ကြီး ဦးဘဘောက တာဝန်ယူ၍ ပြန်ကြားရန် သဘောတူကြလေသည်။

၂၀ ရက်နေ့တွင် ဘုရင်ခံနှင့် တွေ့ဆုံပြီးသည့်နောက်၊ ၂၃ ရက်နေ့တွင် ခေါင်းဆောင်ကြီးများအစည်းအဝေးကို တတိယအကြိမ်ခေါ်ကျင်းပပြန်သည်။

ရင်းအစည်းအဝေးတွင် ဘုရင်ခံနှင့် တဦးချင်းတွေ့ ဆုံသည့်အခါ၊ မည်ကဲ့သို့ပြောဆိုကြသည်ကို အများသိစေ ရန် ပြောဆိုကြသည်မှအပ၊ ဆုံးဖြတ်ချက် တစုံတရာကိုမျှ ချမှတ်ခြင်းမရှိခဲ့ပေ။

ဤအတောအတွင်း ကမ္ဘာ့အခြေအနေမှာ၊ တဟုန်ထိုး ပြောင်းလဲခဲ့ပေသည်။ ဆိုဗီယက်ယူနီယံသည် ဂျပန်ကိုစစ် ကြေညာခဲ့၏။ ၂ ရက်အတွင်း ဂျပန်သည် လက်နက်ချခဲ့ လေသည်။

ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းထက် ပြန်လည်ထူ ထောင်ရေး လုပ်ငန်းသည် ပိုမိုအရေးကြီး လာတော့၏။ ငြိမ်းချမ်းရေးကြောင့် ဖြစ်လာမည့် ပြဿနာတို့သည် ပိုမို များပြားလာတော့၏။

ပြဿနာအရပ်ရပ်တို့ကို၊ ပိုင်ပိုင်နိုင်နိုင်ဖြေရှင်းရန်မှာ၊ မြန်မာပြည်သူ ပြည်သားတို့၏ စည်းလုံးရေး အပေါ်တွင်

တည့်ပေ၏။ ပြည်သူတို့စည်းလုံးရေးပြဿနာမှာ၊ အထူး
အထိပ်ပြဿနာဖြစ်လာတော့၏။

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့
ချုပ်ဖွဲ့စည်းထားခြင်း၏ မူလအခြေခံမှာ ဖက်ဆစ်တိုက်
ဖျက်ရေးဖြစ်ခဲ့၏။ ဖက်ဆစ်ကျွန်ဘဝမှ လွှပ်လပ်လာသော၊
ပြန်လည်ထူထောင်ရေးကိုအခြေပြု၍ စည်းလုံးရေးမှာ ပိုမို
၍ အဓိကဖြစ်လာလေးနတော့၏။ ဖက်ဆစ်တိုက်ဖျက်ရေး
ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကိုပိုမိုခိုင်ခံ့ရန်ပိုမိုကျယ်
ပြန့်ရန်လိုလာတော့၏။

ခေါင်းဆောင်များ အစည်းအဝေးကျင်းပခြင်း၏ မူလ
အခြေခံမှာ၊ အစည်းအဝေးကျင်းပခြင်းသာဖြစ်၏။ ။တ
သံတည်းထွက်ရန်သာဖြစ်၏။ ။အစည်းအဝေးသဘော
ထက် အစည်းအရုံး သဘောဖြစ်ရန်လိုလာတော့၏။

သို့ဖြစ်၍။ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်
ရေးအဖွဲ့ချုပ်၏ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဩ
ဂုတ်လ ၈ ရက်နေ့ ၉ ရက်နေ့များတွင် ကျင်းပခဲ့လေသည်၊
ရင်းအစည်းအဝေးတွင်၊ ခေါင်းဆောင်များ၏ အစည်းအ
ဝေးကို ကျင်းပပြီး သကာလ "တကဲ့စည်းလုံးရေး" ကို
ဆောင်ရွက်ရန်မူကိုဆုံးဖြတ်ချက်ချလေသည်။

ဗမာ့တပ်မတော် ခေါင်းဆောင်အချက်များ၏အစည်း
အဝေးကို ဩဂုတ်လ ၁၀ ရက်။ ၁၁ ရက်။ ၁၂ ရက်နေ့
များတွင် ကျင်းပလေသည်၊ ရင်းအစည်းအဝေးက ပါတီ

သီးအသီး နိုင်ငံခေါင်းဆောင်အသီးသီးတို့သည်၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်အတွင်းသို့ ဝင်ရောက်လုပ်ကိုင်ပြီး၊ မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို တညီတညွတ်တည်းဆောင်ရွက်ကြရန် နှိုးဆော်သော ကျေညာချက် တရပ်ကို ထုတ်ပြန်ခဲ့လေသည်။

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့သည်လည်း၊ ဩဂုတ်လ ၁၂ ရက်နေ့ ၁၄ ရက်နေ့ ၁၅ ရက်နေ့များတွင် အစည်းအဝေးများကျင်းပခါ၊ "ပြည်သူ့စည်းလုံးရေး" ကိုနိုင်းပြင်းခဲ့လေသည်။

ထို့နောက်၊ နိုင်ငံခေါင်းဆောင်များ၏အစည်းအဝေးကို ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကဖိတ်ခေါ်၍၊ ဩဂုတ်လ ၁၆ ရက်နေ့ ၁၇ ရက်နေ့ ၁၈ ရက်နေ့များတွင် ကျင်းပခဲ့လေသည်။

ထိုအစည်းအဝေးသို့တက်ရောက်သူများမှာ၊

၁ ဗိုလ်အောင်ဆန်း၊ ၂ ဗိုလ်လက်ျာ၊ ၃ ဗိုလ်ဇေယျ၊ ၄ သခင်သန်းထွန်း၊ ၅ သခင်ဗဟိန်း၊ ၆ သခင်မြသွင်၊ ၇ ဦးဘဆွေ၊ ၈ ဦးကျော်ညိမ်း၊ ၉ သခင်ချစ်၊ ၁၀ သခင်ဝထင်၊ ၁၁ ဦးမြ{ဟသာဝတ}၊ ၁၂ ဦးဘအုံ၊ ၁၃ ဦးအေး၊ ၁၄ ဦးအောင်ဇံဝေ၊ ၁၅ ကသာက ဦးဘိုးမြ၊ ၁၆ ဦးကျော်ရင်၊ ၁၇ ဦးထွန်းဗိန်၊ ၁၈ ဦးချိန်ဒိုး၊ ၁၉

စောမြသိန်း။ ၂၀ ဆရာသာထုံ။ ၂၁ ဦးဘခိုင်။ ၂၂ ဦးဘချို။ ၂၃ ဦးချစ်မောင်။ ၂၄ ဦးဘဂျမ်း။ ၂၅ ဦးဘဖေ၊ ၂၆ ဦးသိန်းမောင်။ ၂၇ ဦးဆက်။ ၂၈ ဦးထွန်း။ ၂၉ ဦးဘိုးဗျော့။ ၃၀ ဦးမြ{ဗျော်ဘွယ်}။ ၃၁ ဦးဘဝင်း။ ၃၂ သခင်ညို။ ၃၃ သခင်လေးမောင်။ ၃၄ ဦးတင်{မြန်မာ့အလင်း}။ ၃၅ ဦးအုံးခင်{ဗမာ့ခေတ်}။ ၃၆ ဦးရဲညွန့်၊ ၃၇ မစ္စတာ နိုက်ကွားရေး။ ၃၈ မစ္စတာ ရာမန်။ ၃၉ မစ္စတာ ရာရှစ်။ ၄၀ ဦးသူတော်။ ၄၁ ဦးဘစိန်။ ၄၂ ဦးကြွင်မှိန်။ ၄၃ ဦးမျိုးချူ။ ၄၄ မစ္စတာ ဗီဗီရူး။ ၄၅ မစ္စတာ တောဘီဝမ်။ ၄၆ မစ္စတာ အောင်မျိုးတို့ဖြစ်ကြောင်း။

ယင်း အစည်းအဝေးတွင်။ ဗိုလ်ချုပ် အောင်ဆန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍။ သခင်သန်းထွန်းက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်လေသည်။

အစည်းအဝေး အဖွင့်တွင် ဗိုလ်ချုပ် အောင်ဆန်းက ဥက္ကဋ္ဌအဖြစ် မိန့်ခွန်းမြွက်ကြားသွားလေသည်။

ယင်းနောက်။

(က) ကမ္ဘာစစ်ကြီး ပြီးဆုံးခြင်းနှင့် ပတ်သက်၍ ဗမာပြည်၏ သဘောထား။

(ခ) ဗမာ့ တပ်မတော် နှင့် ပတ်သက်သော သဘောထား။

(ဂ) နိုင်ငံ အုပ်ချုပ်ရေး နှင့် ပတ်သက်သော သဘောထား။

(ဃ) နိုင်ငံလုံး စည်းလုံးရေးနှင့် ပတ်သက်၍ မည်
ကဲ့သို့ဆောင်ရွက်ရန်။

စသည်တို့ကို ဆွေးနွေးဆုံးဖြတ်ကြလေသည်။

ဤခေါင်းဆောင်များအစည်းအဝေးတွင် ဆုံးဖြတ်သည့်တို့ကို၊ ဩဂုတ်လ ၁၉ ရက်နေ့တွင်၊ ရန်ကုန်မြို့တွင် မြို့လုံးကျွတ်အစည်းအဝေးကျင်းပခါ၊ ကျေညာပြီး ထောက်ခံချက်ယူခဲ့လေသည်။

မြို့လုံးကျွတ်အစည်းအဝေးတွင်၊ ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌအဖြစ် မိန့်ခွန်းမြွက်ကြားလေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဥက္ကဋ္ဌမိန့်ခွန်းမှအပ၊ မြို့လုံးကျွတ်အစည်းအဝေးဆုံးဖြတ်ချက်များမှာ၊ ခေါင်းဆောင်များ အစည်းအဝေး၏ဆုံးဖြတ်ချက်များနှင့် မှ တမျိုးတည်းဖြစ်ပေသည်။

"ပြည်သူ့စည်းလုံးရေး" အတွက် ကြိုးပမ်းခဲ့ပုံတို့မှာ၊ ရာဇဝင်မော်ကွန်းတိုးသောက်သဖြင့်၊ သက်ဆိုင်ရာ ကျေညာချက် ဆုံးဖြတ်ချက်များနှင့်မိန့်ခွန်းများကို၊ပေါင်းရုံ၍ ပုံနှိပ်ထုတ်ဝေလိုက်ပေသည်။

အထွေထွေအတွင်းရေးမှူး။

## ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ဝါဒနှင့် လုပ်ငန်းအစီအစဉ်၊

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏ဝါဒနှင့် သဘောသဘာဆယ် လုပ်ငန်းအစီအစဉ်ကို သာမက။ နောင်မည်ကဲ့သို့ဆက်လက်၍စခန်းသွားမည်ကို အများပြည်သူတို့ ထင်လင်းစွာသိရှိကြပေရန်။ ဗဟိုဦးစီးအဖွဲ့က အောက်ပါကြေညာချက်ကို ထုတ်ပြန်လိုက်သည်။

ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်၏ အဓိကရည်ရွယ်ချက်မှာ မလွဲမသွေ အမြဲတစေပင် မြန်မာနိုင်ငံကိုအချုပ်အချယ်မရှိ လွတ်လပ်စွာ ဖန်တီးပျိုးထောင်နိုင်သော အခွင့်အာဏာ ရရှိရန်ဖြစ်၏။ ။ကွက်ကွက်ကွင်းကွင်း သိမြင်နိုင်သောစကားကိုသုံးရမည်ဆိုလျှင်၊ ယောက်ျား မိန်းမ မခြား၊ အရွယ်ရောက်သူ မြန်မာတိုင်းက ရွေးချယ် တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ် လွှတ်တော်ကြီးကသာလျှင်၊ မြန်မာနိုင်ငံ၏အုပ်ချုပ်ရေး စည်းမျဉ်းကို ရေးဆွဲတည်ထွင်လိုခြင်းဖြစ်၏။

မြန်မာအမျိုးသား တပ်မတော်နှင့် ပြောက်ကျား တပ်ခွဲများကို ရှေ့တန်းက မားမားမတ်မတ် စွမ်းအားအပ်၍။ ငါတို့ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်သည်။ အင်္ဂလိပ် အမေရိကန် ဆိုဗီယက် မဟာမိတ်ပြည်ထောင်ပေါင်းစုဘက်က တိုက်ခိုက်လျက် ရှိကြပေသည်။ အကြောင်းမှုကား ငါတို့

သည် ငါတို့၏ဝါဒ၌ စွဲစွဲထမ်းလမ်း ယုံကြည်မှုကြောင့်၎င်း။ ငါတို့၏ အသည်းတွေမှာ အခဲမကျေနိုင် လောက်အောင် နှမ်းတွေနှုံးတွေ အလူးလူး အခွေ့ခွေ့ တွေကြုံခံစားလိုက်ရ ခြင်းကြောင့်၎င်း။ ဖက်ဆစ်ဝါဒသည် လွတ်လပ်ရေး ငြိမ်းချမ်းရေး ကြီးပွားရေးတို့၏ရန်သူကြီးဟူ၍ မှန်းတည်းချက်ဆုတ် ရှု ရှုသည်သာမက။ ငါတို့သည် လွတ်လပ်သော ကမ္ဘာမြေတွင် လွတ်လပ်သော မြန်မာပြည် တည့်ထောင် လိုသော အာသာဆန္ဒရှိခြင်းကြောင့်ဖြစ်ပေသည်။

ထို့ဖြစ်ရကား။ ကမ္ဘာသောကတွင် ဂျပန် ဖက်ဆစ် ဈေးကျပျက်စီးသည့်တိုင်အောင် {ဝါ} ကျူးပင်ရှုတ် ကျူးရုတ်မချန်သည့်တိုင်အောင်။ ဤစစ်တွင်ငါတို့သည် အစွမ်းကုန်အားဖြည့်ကြမည်။ ငါတို့၏ လက်နက်ကိုင် တပ်သားများသည် ။ ငါတို့မြန်မာပြည်တွင်း၌သာ လိုအပ်သော ဖြင်ဆင်မှုကို ပြုလုပ်ပြီးသည့်နောက်။ မြန်မာပြည်ပတွင်သည်း ဖက်ဆစ်ဂျပန်ကို ခြေမှုန်းပြီးသည့်တိုင်အောင် ဆက်လက်တိုက်ခိုက်ကြမည်။ လက်နက်ကိုင် တပ်သားများအနက်တွင် တပ်မတော်တွင် အမြဲအမှုထမ်းလျက်ရှိသောမဟုတ်သူ။ ၎င်းတို့နှင့် ချန်းချင်းယှဉ်၍ သင်တန်းတို့ပမ်း တိုက်ခိုက်ကြသော ပြောက်ကျားတပ်ဖွဲ့ဟူသည်၍ ငါတို့၏ အင်အားပင်တည်း။ ။ငါတို့၏လက်နက်ကိုင် တပ်သားများသည်။ မဟာမိတ်တပ်များနှင့် နှစ်ကိုယ့် တစိတ် သဘောထား

ကာသ ၎င်းတို့၏စစ်အမိန့်ကိုနာခံပြီးလျှင် စစ်ဆင်မှု စစ်တိုက်မှုကိုပြုကြမည်၊

စစ်မြေပြင်ပေါ်တွင် အမှုထမ်းခြင်းကိုမပြုသော ငါတို့၏လက်နက်ကိုင်တပ်ခွဲများသည်မြန်မာနိုင်ငံတွင် ငြိမ်းချမ်းမှုအစစ်ကြီး ပြန်လည်ပေါ်ပေါက် တည်မြဲစေရန် မဟာမိတ်စစ်အုပ်ချုပ်ရေးအဖွဲ့ကို ပင်းပင်းကူညီကြမည်။

၎င်းပြင် ငါတို့မြန်မာနိုင်ငံကိုပြန်လည်ထူထောင်မှုတွင် မဟာမိတ်အုပ်ချုပ်ရေးအဖွဲ့နှင့် စိတ်ရောကိုယ်ပါပူးပေါင်းဆောင်ရွက်ရန် ငါတို့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးသည် အသင့်ရှိသည်သာမက၊ ထိထိရောက်ရောက်လည်း အလုပ်လုပ်မည်။ အထူးသဖြင့် မြန်မာနိုင်ငံကိုအစပြု၍ ဝတ်မွတ်ခေါင်းပါးသောဘေးနှင့်ရင်ဆိုင်တွေ့နေကြသည့် အိန္ဒိယနှင့် အချို့သော နိုင်ငံများလည်း မှီခိုစားသောက်နိုင်လောက်အောင် မြန်မာနိုင်ငံတွင် အစားအစာ စိုက်ပျိုးပေါ်ထွက်မှုအတွက် ငါတို့အဖွဲ့ချုပ်က သေသေလောဆယ်ဆယ်ပင် ရိုင်းပြင်းတော့မည်။

သို့ဖြစ်ခြင်းသော်လည်း ငါတို့မြန်မာနိုင်ငံ အုပ်ချုပ်ရေး စည်းမျဉ်းကို အထက်ကဖော်ပြသည့်စံနှုန်းအတိုင်း ပြည်သူ့ကိုယ်စားလှယ်လွှတ်တော်ကြီး က ငါတို့မြန်မာများ သဘောကျဖန်တည်နိုင်မှ၊ ငါတို့နိုင်ငံ ပြန်လည်ထူထောင်မှုနှင့် ဖက်ဆစ်ဂျပန်များကိုတိုက်ခိုက်ရန် နိုင်ငံတဝှမ်းလုံးတွင် အင်အားစုဆောင်းမှုလုပ်ငန်းကြီးများကို အမြန်ဆုံး

သောအချိန်အတွင်း ပြီးမြောက်နိုင်စေရန် အကောင်းဆုံးသောနည်းလမ်းမှာတခုသာရှိသည်။ ယင်းနည်းလမ်းမှာ ငါတို့မြန်မာနိုင်ငံတွင် ဒီမိုကရေစီဝါဒ {ဝါ} ပြည်သူ့ဆန္ဒအတိုင်းအုပ်ချုပ်ရေးဝါဒကို နှစ်သက်လိုလားသော တိုင်းသူပြည်သားတို့၏ ကိုယ်စားလည့် ခေါင်းဆောင်များ ပါဝင်သော အမျိုးသားအစိုးရအဖွဲ့ကို တည်ထောင်ခြင်းသာလျှင် ဖြစ်ပေသည်ဟု ငါတို့အဖွဲ့ချုပ်က ထင်မြင်သဘောရ၏။

ဤမျှအကျဉ်းချုပ်၍ ဖက်ဆက်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏ ဝါဒစည်းမျဉ်းကိုဘော်ပြလိုက်သည်။ ဤဝါဒစည်းမျဉ်းအတိုင်းဆောင်ရွက်ရာတွင် ငါတို့ကို မဟာမိတ်တပ်များက တတ်စွမ်းသမျှ ကူညီအားပေးလိမ့်မည်ဟုမြော်လင့်၏။ ။ထိုမြော်လင့်သည့်အတိုင်း ကူညီအားပေးမှသာလျှင် အရှေ့တသွားတွင် ငြိမ်းချမ်းမှု သာယာမှု ကြီးပွားစည်းကားမှုအတွက် ငါတို့ဆထက်တပိုးတိုးတက်၍ ဆောင်ရွက်နိုင်ကြပေလိမ့်မည်။

သန်းထွန်း။

၂၅-၅-၄၅။

အထွေထွေအတွင်းရေးမှူး။

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး

အဖွဲ့ချုပ်{မြန်မာနိုင်ငံ}။

### ဗမာ့တပ်မတော်

### ရှေ့ဂိုင်းဆော့ပ်အရာရှိကြီးများအစည်းအဝေးက ထုတ်ပြန်ကျေညာချက်၊

(၁၂-၈-၄၅)

ယခုအခါ ဂျပန်ဖက်ဆစ်များသည်။ ကျွန်ုပ်တို့တပ်မတော်နှင့် နိုင်ငံပေါင်းစုံ မဟာမိတ် တပ်မတော်များ ဝိုင်းဝန်းတိုက်ခိုက်သည်ကို ဖက်ပြိုင်ခြင်းငှါ မစွမ်းနိုင်တော့ဘဲ လက်နက်ချရန် စကားများပင် ကမ်းလှမ်းပြီးလေပြီ။

ကမ္ဘာ့စစ်ကြီးကား ပြီးတော့မည်။သို့ရာတွင် ကျွန်ုပ်တို့နိုင်ငံသူ နိုင်ငံသားများ၏အရေးကား မပြီးသေး။ ကျွန်ုပ်တို့နိုင်ငံ၏ အရေးတခုလုံးသည်။ ကျွန်ုပ်တို့ တပ်မတော်နှင့် လွတ်လပ်ရေး လိုချင်သူအားလုံး။ သက်စွန့်ကြိုးပမ်း ထမ်းဆောင်လာခဲ့ရသည်နှင့်အမျှ ထိရောက်စွာ အောင်မြင်ရန်အတွက်။ မြန်မာနိုင်ငံ၌ ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် တိုင်းသူပြည်သားအပေါင်းတို့သည်။ လူမျိုးမရွေး-ဘာသာမရွေး-တညီတညွတ်တည်း ဆက်လက် ဆောင်ရွက်ရန် အထူးလိုပေလည်။

ကျွန်ုပ်တို့တပ်မတော်သား အားလုံးသည်ငှင်း။ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် စွန့်စွန့်စားစား ဆောင်ရွက်ခဲ့သူအပေါင်းတို့သည်ငှင်း။ ဤမျှအပင်ပန်းခံ-အဆင်းရဲ အနစ်နာ အသေအကြေခံကာ။ ကြိုးပမ်း ဆောင်ရွက်ခဲ့သည့်

မှာ လက်တွေ့ရင်ဆိုင်ရသော လူတစ်ဦး၏ တွေ့ကြုံမှုကို သာဓကပြု၍၊ ကျွန်ုပ်တို့၏ ကိုယ်ရေးကိုယ်တာ တိုးတက်မှုကို သာဓကပြု၍၊ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် လုပ်ကိုင်ခဲ့ကြသည် မဟုတ်ပါ။ မြန်မာနိုင်ငံလူထုအပေါင်း လွတ်လပ်ရေးအတွက် ရည်ရွယ်ချက် လုပ်ကိုင်ခဲ့ကြသည့်အကြောင်းကို ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များ နှင့် နိုင်ငံသူ နိုင်ငံသား အပေါင်း တို့အား အသုံး ဝေးနက်စွာ ဖော်ပြ လိုက် ပေကြောင်း။

ထို့ကြောင့်-ကျွန်ုပ်တို့ တပ်မတော် ခေါင်းဆောင်အရာရှိကြီးများအ[illegible]အ[illegible] မြန်မာနိုင်ငံအတွင်း ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များ နှင့် တိုင်းသူပြည်သား အပေါင်း တို့သ[illegible] [illegible]

[illegible]

[illegible] လွတ်လပ်ရေးနှင့် မြန်မာပြည် သူတောင်ရေးလုပ်ငန်းအရပ်ရပ်ကို တညီတညွတ်တည်း ရှောင်ရှားဆိုင်ကြဉ်း အကျဉ်းမရှိဘဲ ဆောင်ရွက်ပြုရန် ဖြင်းထန်စွာ တိုက်တွန်း လိုက်ပါကြောင်း။

၁။ ဗိုလ်ချုပ်-အောင်ဆန်း။ စစ်သေနာပတိ။

၂။ ဗိုလ်မှူးကြီး-သခင်ချဲ။ ဒုတိယစစ်သေနာပတိ။

၃။ ဗိုလ်မှူးကြီး-ဇေယျ။ စစ်ဦးစီးမှူး။

၄။ ဗိုလ်မှူးကြီး-နေဝင်း။ ရှေ့တန်းစစ်ဌာနချုပ်မှူး။

၅။ ဗိုလ်မှူး-မောင်မောင်။ တိုင်းအမှတ်(၁)မှူး။
၆။ ဗိုလ်မှူး-အောင်ကြီး။ မြစ်ဝကျွန်းပေါ်တိုင်းမှူး။
၇။ ဗိုလ်မှူး-ကျော်ဇော။ တိုင်းအမှတ်(၄)မှူး။
၈။ ဗိုလ်မှူး-ရဲထွဋ်။ တိုင်းအမှတ်(၆)မှူး။
၉။ ဗိုလ်မှူး-အောင်။ တိုင်းအမှတ်(၇)မှူး။
၁၀။ ဗိုလ်ကြီး-အာဇ္ဇာပဂေး။ အထက် မြန်မာပြည်တိုင်းမှူး။

---

စာဒုတိယအကြိမ်မြောက်

နိုင်ငံခေါင်းဆောင်များ မစည်းအဝေးတွင်

ဦးနုနှင့် ဗိုလ်ချုပ်နေဝင်းတို့ ဆွေးနွေးမိကြပုံ။

[ ၁ ]

ကနေ့လူကြီးများအစည်းအဝေးခေါ်ရခြင်းအကြောင်းမှာ။ နိုင်ငံအတွင်း နိုင်ငံရေးညီညွတ်မှုကိုရှာရှ၍ ခေါ်ဆိုရခြင်းဖြစ်ပါတယ်။ အချင်ကလဲခေါ်ခဲ့တယ်။ မှုလကလဲရည်ရွယ်ခဲ့တယ်။ နိုင်ငံရေးညီညွတ်မှုဆိုတဲ့ အဓိပ္ပါယ်ဟာ ဘာလဲဆိုရင် အခုကျွန်တော်တို့ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကို တနိုင်ငံလုံးရဲ့ နည်းလမ်းတကျအတည်ပြုတဲ့အဖြစ်ကို [Formal Sanction.] အဖြစ်ရောက်အောင်လုပ်ပြီး ဒီအဖွဲ့ချုပ်ကြီးရဲ့ ဝါဒရည်ရွယ်ချက် စည်းမျဉ်းများအတိုင်း နိုင်ငံအတွက် ဖက်ဆစ်ဝါဒ

ကမ္ဘာကြီး တစ်ချိန် ပျက်သွားရေး မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့် ထူထောင်ရေး လုပ်ငန်းစဉ်များကို အများပြည်သူတို့ဆန္ဒနှင့်လျော်ညီစွာ တညီတညွတ်တည်း လုပ်ကိုင်ခြင်းကိုခံလိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်များအဖြစ် အောက်ပါအတိုင်း သတ်မှတ်ထားပါတယ်။

(က) ဖက်ဆစ်ဝါဒ- ကမ္ဘာတွင် လုံးဝ ပျောက်သည့်အထိဆောင်ရွက်ရန်။

(ခ) အတ္တလန်တိတ်ကျေညာချက်- တီဟီရန်ကျေညာချက်စသော ကျေညာချက်များအတိုင်း- ဗမာပြည်သူပြည်သားတို့သည် မိမိတို့ ကံကြမ္မာကို မိမိတို့ဘာသာဖန်တီးနိုင်ရန်။

(ဂ) ဗမာပြည်ကြီးကို ပြည်သူတို့ဆန္ဒအတိုင်း ပြန်လည်ထူထောင်ရန်။

(ဃ) ဗမာပြည်အတွင်းရှိ- တိုင်းရင်းသား လူမျိုးတိုင်း မိမိတို့ကံကြမ္မာကို မိမိတို့ဘာသာဖန်တီးနိုင်ပြီး အားလုံး၏သဘောနှင့် ညီညွတ်စွာ ထူထောင်သောနိုင်ငံတည်ထောင်ရန် စသည်တွေဟာ အဖွဲ့ ချုပ်ကြီးရဲ့ ရည်ရွယ် ချက်များ ဖြစ်ပါတယ်။

ဒီအဖွဲ့ချုပ်ကြီးရဲ့ရည်ရွယ်ချက်တွေရဲ့ သဘောတရား အကျယ်ကိုရှင်းပြပါအံ့မယ်။ အခု-ကမ္ဘာကြီးမှာ-လူတ

ဦးထဲကဖြစ်စေ(သို့မဟုတ်) လူတရကဖြစ်စေ။ နိုင်ငံ့ဘက်က သူပြုတာ-နိုင်ငံအတွင်းမှာရော- နိုင်ငံအပမှာရော-ဖက်ဆစ်ဝါဒဟာ ပြည်တွင်းလွတ်လပ်ရေး- ကမ္ဘာ့ လွတ်လပ်ရေး ငြိမ်းချမ်းရေးကိုဖျက်ဆီးခဲ့တယ်။ ဒီလိုဖက်ဆစ်ဝါဒဟာဆိုးသွမ်းတယ်ဆိုတာကို ကျွန်တော်တို့တိုင်းသူပြည်သားတွေကိုယ်တိုင်၊ အဲဒီဝါဒလက်ကိုင်ထားတဲ့ ဂျပန်အောက်မှာသုံးနှစ်သုံးမိုးလောက်နေခဲ့ရလို့ သက်တွေ့သိရှိခဲ့ပြီးတဲ့- အခုအခါ ပြည်တပြည်မှာ ဒီလိုဝါဒမျိုးရှိရင် သူတို့ဘာသာသူတို့ဖြစ်နေကြတာ ငါတို့နှင့်ဘာဆိုင်သလဲလို့- စောဒကတက်ချင်ကြတဲ့လူတွေရှိချင်ရှိနေမယ်၊ အဲဒီသလို စောဒကကို အဖြေကတော့ ဒီလိုတဲ့ အရင်က တချို့တိုင်းပြည်ကြီးတွေလူ တွေသဘောထားခဲ့ကြလို့ ဖက်ဆစ်ဝါဒသွမ်းရိုးတဲ့တိုင်းပြည်တွေက တဖြေးဖြေးနယ်ချဲ့ပြီး ရမ်းကားလာတဲ့အတွက်အခု စစ်ကြီးဖြစ်ခဲ့ရတာပဲ။ ဒီဖြစ်ခဲ့တဲ့စစ်ကြီးဟာလဲ ကျွန်တော်တို့နိုင်ငံပါ မကျန် မီးကူးခဲ့တာမဟုတ်ဘူးလား ဆိုတဲ့လက်တွေ့အဖြေကိုဘဲပေးရမှာပဲ၊ အခုခေတ်မှာစစ်ဟာတနိုင်ငံထဲမှာလဲမဖြစ်နိုင်ဘူး ဖြစ်ပြန်ရင်လဲစစ်မီးကူးတတ်တယ်၊ စစ်မီးကူးရင်-ကမ္ဘာတခုလုံးဒုက္ခ ရောက်တယ်၊ ဒါကြောင့် ငြိမ်းချမ်းရေးကို ကျွန်တော်တို့ဟာ အမြဲတမ်းရနိုင်သလောက်ရအောင် ကြိုးစားရမယ်၊ အခုအခါမှာ ငြိမ်းချမ်းရေးကို အဖျက်ဆီးဆုံးဝါဒဟာ ဖက်ဆစ်ဝါဒဖြစ်လို့ဒီဝါဒကမ္ဘာမှာ ဘယ်နေရာမှာဖြစ်ဖြစ် ရှိနေရင်စစ်ဖြစ်ဖို့

မှာမို့လို့ ဒီဝါဒပျောက်အောင်လုပ်ဘို့လိုတယ်၊ ဒီတွင်းထော ဆိုရင်မဟုတ်သေးဘူး၊ ဒီဝါဒမျိုးဟာ သူတို့ ပြည်မှာလဲ တိုင်းသူပြည်သားတွေကိုချုပ်ချယ်တယ်၊ကမ္ဘာမှာလဲ အပိ မတန်ရိုင်းစိုင်းသေးနုပ်တဲ့လူမျိုးရေး ဝါဒကိုလက်ကိုင်ထား ပြီး ပိုပြီးချုပ်ချယ်ဘို့ရည်ရွယ်ချက်ရှိတယ်၊ ကမ္ဘာမှာကမ္ဘာ့ လွတ်လပ်ရေးကို ထိခိုက်တယ်၊ကမ္ဘာ့လွတ်လပ်ရေးကိုထိ ခိုက်လို့ရှိရင် ကမ္ဘာ့လွတ်လပ်ရေးမရှိနိုင်တဲ့ဖြစ်သွားမယ်၊ ကမ္ဘာ့လွတ်လပ်ရေးမရှိနိုင်ရင် ဗမာ့လွတ်လပ်ရေး ဆိုတာ လဲမရှိနိုင်ဘူး အခု တချို့ကပြောကြမယ်၊ စစ်ကြီးဟာ ပြီး သွားပြီ၊ဖက်ဆစ်တွေလဲကျသွားပြီမဟုတ်လားလို့ မေးကြ မယ်၊အခုဖက်ဆစ်ဝါဒဟာ စစ်အားဖြင့်ရှုံးသွားပေမဲ့ ဒီ ဝါဒ သို့မဟုတ်) ဆင်တူရိုးမှားဝါဒလက်ကိုင်ထားတဲ့ လူ တွေ အဖွဲ့တွေနိုင်ငံတွေရှိသေးတယ်၊ဥပမာ စပိန်ပြည်နှင့် အာဂျင်ပြည်မှာ ဒီဝါဒမျိုးတွေကြွင်းကျန်တုန်းတဲ့၊ဒီဝါဒမျိုးကို အားပေးတဲ့နိုင်ငံပေါင်းများစွာမှာ တည်ရှိပြီး ပေါင်းစည်း ထားတဲ့ စီးပွားရေး အဖွဲ့အစည်းကြီး မျိုးတွေ (International trusts, Cartels Combines) တွေလဲ ရှိသေး တယ်၊ လက်အောက်ခံ တိုင်းနိုင်ငံတွေ အုပ်စိုးချင်တဲ့တိုင်း ပြည်တွေရှိသေးတယ်၊ဒါတွေရှိနေသမျှ ကမ္ဘာ့ငြိမ်းချမ်းရေး ဟာ မတည်မြဲနိုင်ဘူး၊ ကမ္ဘာ့ငြိမ်းချမ်းရေးဟာ ဖုံဖုပ် ဖုပ်ဖုပ်နှင့် နက်ဖြန် စစ်ပြန်ဖြစ်အုံးမယ်လား၊သဘက်ခါစစ် ဖြစ်အုံးမလားဆိုပြီး၊ကမ္ဘာ့မှာရှိတဲ့ ကျွန်တော်တို့ ပြည်သူ

ပြည်သားတွေနှင့် တခြားတိုင်းသူပြည်သားတွေဟာ အေး အေး ဆေးဆေးနေထိုင်ရကြမှာမဟုတ်ဘူး၊ ဒါကြောင့်ဖက်ဆစ်ဝါဒကမ္ဘာမှာ ပပျောက်ရေးကိုကျွန်တော်တို့ ရည်ရွယ်ချက်ထဲမှာထည့်ထားတယ်၊ ကမ္ဘာမှာ အဲဒီဝါဒမျိုးကိုတိုက်ဖျက်ခဲ့ လူတွေနှင့်အမြဲ ပူးပေါင်းပြီး အခွင့် အာဏာရတိုင်း သောင်းရှက်ဘို့ဘဲ၊

အထူးသဖြင့်—ကျွန်တော်တို့တိုင်းပြည်မှာ ဒီဝါဒမျိုးလုံးဝမရှိနိုင်အောင် လုပ်ရမယ်၊ အာဏာရှင်ဝါဒ၊ လူမျိုးအချင်းချင်းမုန်းတီးရေးဝါဒ—ဂျပန်ပြည်မှာလို-စစ်ဘသာ ထွန်းမိုးရမယ်ဆိုတဲ့ စစ်ဘက်အာဏာရှင်စံနစ် သက်ဦးဆံပိုင် ရှင်ဘုရင် ပံ့စ်ဝါဒ—အဲဒီ ဝါဒမျိုး အငယ်စား ဖြစ်တဲ့-ပဒေသရာဇ် မြို့စား ရွာစားဝါဒ (Feudalism) အထောက်အသားခံနဲ့ ၁ားပြီး တိုင်းသူ ပြည်သား ဆန္ဒ အရမဟုတ်ဘဲ၊ တိုင်းသူပြည်သားတွေနှင့်ကင်းကွာပြီးမင်းမိဘ် ပေါက်တဲ့ အရာရှိတွေ ချယ်လှယ်တဲ့စံနစ် ဆိုးသမျှရှိနေရင် အများပြည်သူတို့ဆန္ဒနှင့်လုပ်ကိုင်ရတဲ့ဒီမိုကရေစီ ဝါဒခေတ်မစားနိုင်တဲ့ ဖက်ဆစ်ဝါဒ သင်တရိုးများတွေပေါ်လာနိုင်တယ်၊ ဒီဝါဒမျိုးတွေပေါ်လာရင် တိုင်းသူ ပြည်သားတွေဟာ လွတ်လပ်ရေးဆိုတာကို မရနိုင်တော့ဘူး၊ ဒါကြောင့်ကျွန်တော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင် လုပ်ရမယ်၊ အဲဒီ ဝါဒမျိုးအရသာ လွတ်လပ်တဲ့ဗမာနိုင်ငံထူထောင်နိုင်အောင်ကြိုးစားရမယ်၊ ဒါမျိုးမလုပ်နိုင်ရင် ကျွန်တော်တို့

ဗမာပြည်က လူတွေဟာလဲနစ်နာမယ်၊ ကျွန်တော်တို့ပြည်ကိုလဲ ကမ္ဘာက ကြည့်နေလို့ မရတဲ့တနေ့ဂျပန်နှင့် ဂျာမနီ ပိုင်းအရှုံးခံရသလို အရှုံး ခံရမယ် ဆိုဒါကို သတိချပ်ကြရမယ်၊ ဒီမို ကရေစီ ဝါဒသာ လွတ်လပ် ရေးနှင့် သင့်လျော်တယ်၊ ဒီဝါဒသာ ငြိမ်း ချမ်း ရေး ကို အား ပေး တယ်၊ အဲဒါကြောင့် ဒီဝါဒကိုသာ ကျွန်တော်တို့ ရည်ရွယ်ရမယ်၊ ဒါဖြင့် ဒီဝါဒဟာ ဘာလဲ ဆိုတာကိုလဲ ရှင်းပြချင် သေးတယ်၊

ကျွန်တော်တို့ အမြင်အရဆိုရင် တိုင်းပြည်ရဲ့ ခေါင်းဆောင်မှုဟာ လူတဦးထဲက ခေါင်းဆောင်မှုမျိုး မဟုတ်ဘဲနှင့် အဖွဲ့နှင့် ခေါင်းဆောင်မှုမျိုး ဖြစ်ရမယ်၊ အဖွဲ့ရဲ့ ဆန္ဒမဟုတ်ဘဲ ငါ့ဆန္ဒ ငါ့သဘောလုပ်တဲ့ ခေါင်းဆောင်မှုမျိုးမဟုတ်ဘဲ အဖွဲ့ရဲ့ ဆန္ဒယူပြီး အဖွဲ့ရဲ့ အုပ်ချုပ်မှု အောက်မှာနေတဲ့ ခေါင်းဆောင်မှုမျိုးဖြစ်ရမယ်၊ လူမျိုးရေးတရားဟာလဲ ငါ့လူမျိုး မှ ငါ့လူမျိုး၊ တခြား လူမျိုးတွေဟာ ငါ့လောက်မမြတ်၊ ငါ့လူမျိုးသာ ကမ္ဘာမှာ ကြီးစိုးရမယ် ဆိုတဲ့ ကျဉ်းမြောင်းသေးသိမ်တဲ့ လူမျိုးရေးတရား မဟုတ်ဘဲ ကိုယ့်လူမျိုးကိုယ်ချစ်ခင်သော်လဲ၊ တခြားလူမျိုးများကို မုန်းတီးခြင်း အားငယ်သေးခြင်းမဖြစ်ဘဲ ကမ္ဘာမှာတိုင်းပြည် အချင်းချင်း သင့်မြတ်စွာ တဦးနဲ့ တဦး ဖြစ်သွားစေအောင် ဆောင်ရွက်တဲ့ လူမျိုးရေးတရားမျိုးလဲ ဖြစ်ရမယ်၊ ဂျပန်ပြည်မှာလို စစ်ဘုရင်ဝါဒ လက်ဝါးကြီးအုပ်ပြီး တိုင်းပြည် လွှတ်တော်က

ဘာသာမှအစိုးမရတဲ့ စစ်အာဏာရှင်ဝါဒမျိုးမရှိရအောင်၊ စစ်ဘက်ကို တိုင်းပြည်ထွက်တော်က အုပ်စိုးနိုင်ခွင့် ရှိရမယ်၊ နောက်လွတ်လပ်စွာဟောပြောခွင့်၊စည်းရုံးခွင့်၊ အစည်းအဝေးခေါ်ခွင့်နှင့် ၊စီတန်းလမ်းလျှောက်ခွင့်၊လွတ်လပ်စွာသွားလာခွင့်၊ကိုးကွယ်လိုရာဘာသာ ကိုးကွယ်ခွင့်၊တရားနှင့် မညီသောအဖမ်းအဆီးအချုပ်အနှောင်မှ ကင်းလွတ်ခွင့်၊ ကိုယ်ရေးလွတ်လပ်ခွင့် ကိုယ့်အိမ်ကိုယ့်ယာနှင့် နေထိုင်ခြင်းကို မတရားသဖြင့် နှောက်ယှက်ခြင်းမှ ကင်းလွတ်ခွင့် လူတိုင်းပညာသင်ကြားနိုင်ခွင့်၊ အခမဲ့ ဆေးဝါးအကူအညီ ရရှိခွင့် မတရားသဖြင့် စီးပွားချုပ်ချယ်မှုများမှ လွတ်ကင်းချမ်းသာခွင့် အလုပ်သမား လယ်သမားများ၏အနည်းဆုံး အခွင့် အရေးများကို အစိုးရကစောင့်ရှောက် ပေးခြင်း၊ လူနည်းစုတိုင်းရင်းသားများ၏ အနည်းဆုံးအခွင့်အရေးများကို အစိုးရကစောင့်ရှောက်ပေးခြင်း၊ တိုင်းပြည်တွင် တိုင်းရင်းသား လူမျိုးတိုင်း ကိုယ့်ဘာသာ ကိုယ့်ဓလေ့ ကိုယ့်ယဉ်ကျေးမှုအတိုင်း ဆောင်ရွက်နိုင်ခွင့် အိုဘသနားစာ အထိ အနိုက်လျော်ကြေးရပိုင်ခွင့် အစရှိသည်တို့ကို အစိုးရကထားပြီး အိုမင်းမှုရင်း၊နာဖျားမှုရင်း၊ထိခိုက်နာကျင်မှုရင်း၊ အလုပ်လုပ်ချင်သော်လည်း၊အလုပ်မရနိုင်၍ဖြစ်ရင်း၊အသက်မွေးဝမ်းကြောင်းမပြုစွမ်းနိုင်သူများသည် အစိုးရ၏ အထောက်အပံ့ကို ရရှိခွင့် ဒီမိုကရေစီ အခွင့်အရေးမျိုး တွေလဲရှိရမယ်၊

အထက်ပါအချက်တွေဟာ ဒီမိုကရေစီဝါဒတွေရဲ့ အခြေခံတွေပဲလို့ ယူဆတယ်။ ဒီလိုအခြေခံတရားတွေကို ရည်ရွယ်ရင်းရှိတဲ့အဖွဲ့ အစည်းဟာလဲ ဒီတရားတွေနှင့် ညီတဲ့ အများဆန္ဒအရရွေးကောက်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ဆောင်ရွက်လုပ်ကိုင်ခြင်းစတဲ့ နည်းစံနစ်မျိုးသာသုံးရပေလိမ့်မယ်။

အဲဒီလိုအခြေခံအချက်များအရ၊ ကျွန်တော်တို့ ဖြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးကို တည်ထောင်ခဲ့တယ်၊ ဒီလို ရည်ရွယ်ချက်တွေရအောင်ဖြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးဟာ ဂျပန်လက်ထက် အတွင်းမှာတဲ၊ ၁၉၄၄ ခု ဩဂုတ်လကစပြီး ဖုံးရှိုးကွယ်ရှိုး လုပ်လာရပြီး ဗမာ့တပ်မတော်နှင့်ပျောက်ကြားတပ်များက၊ တပ်ဦးအနေဖြင့် ဂျပန်ဖက်ဆစ်များကို မဟာမိတ်များဘက်က—တိုက်ခိုက်ခဲ့ဒါကို အားလုံးအသိတဲ၊ အခုအခါ ဗမာ့တပ်မတော်နှင့်ပျောက်ကြား တပ် များ က သတ်ဖြတ်ခဲ့တဲ့ ဂျပန် ဦးရေဟာနှစ်သောင်းထက်နဲမှာမဟုတ်ဘူး။ ဒီလိုကျွန်တော်တို့ ဖြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးက ဦးစီးခေါင်းဆောင်ပြီး၊ ဗမာ့တပ်မတော်နှင့်ပျောက်ကြားတပ်များကတိုက်ခိုက်ခဲ့တာကို လဲ ကမ္ဘာ့တခုလုံးကအသိအမှတ်ပြုကုန်ကြပြီ၊ ဘိလပ်မှာရှိတဲ့ တကဲ့သတင်းစာ ကြီးတွေကရော၊ ဘိလက်ပါလီမန်ကရော၊ အိသင်မှာ ထုတ် ဝေ တဲ့ စကျာပြား—စကျာဖြူ စာ တမ်း တွေ မှာ ရော-ဒီ အဖွဲ့ ချုပ် ကြီး နှင့် ဗမာ့ တပ် မ တော်တို့ အ ကြောင်း ကို အရေး တယူ ပြော

ကြ—ဆိုကြထယ်၊ အမေရိကန်ပြည် သတင်းစာ တွေမှာ ရော-အိန္ဒိယပြည်တရုပ်ပြည်သတင်းစာတွေမှာရော-ဥရော ပတိုက်မှာရှိတဲ့ ပြင်သစ်နိုင်ငံအစရှိတဲ့—တိုင်းပြည်တွေမှာ ရော ကျွန်တော်တို့အဖွဲ့ချုပ်ကြီး ရဲ့ ကြိုးပမ်းမှုတွေကို ရေး သားလာရကုန်ပြီ၊ ဒါတောင်မြိုတိုအချော်တို့ဟာ ကျွန်တော်တို့ လုပ်သမျှကိုဖုံးနိုင်သမျှဖုံးထားသေးတယ်၊ အခုကျွန်တော် တို့တစ်မဘောင်ကတိုက်ခိုက်တာတွေဟာသတင်းစာတွေထဲ မှာပါသင့်သလောက်မပါဘူး၊ တချို့နေရာတွေမှာကျွန်တော် တို့ပါဝင်ပြီးတိုက်ပေမဲ့-ကျွန်တော်တို့မပါတဲ့တိုက်သလိုရှု ပန်ကျဆုံးသမျှတွေဟာ သူတို့ချည်းတိုက်လို့ကျဆုံးသလို သတင်းပေးတယ်၊ တချို့နေရာတွေမယ်ကျွန်တော်တို့ချည်း တိုက်ရတယ်၊ ဒါတွေကိုသတင်းရေးလဲမပေးဘူး ပေးပြန်ရင် လဲ တခြား ကပ်တွေတိုက်သလိုသတင်းပေးတယ်၊ ဒါသည် လိုသတင်းတွေ ထိမ်ထားတဲ့အထဲက က မ္ဘာကကျွန်တော် တို့လုပ်ငန်းတွေကို အသိအမှတ်မပြုဘဲမနေနိုင်အောင်–အခု ဖြစ်လဲ့တယ် ဒီလိုကမ္ဘာ့ ကာဗမာပြည်ကိုထင်ထင်ရှားရှားအ ထိအမှတ်ပြုလာခဲ့တာဟာ ဗမာပြည်ရဲ့ရာဇဝင်မှာ ဒီတ ကြိမ်ပဲတဲ့ရှိသေးတယ်၊

အခု ပေါ်ကြီးလဲပြီးသွားပြီ၊ တိုက်ခိုက်မှုတွေဟာလဲ မ ကြာခင်ပြီးဆုံးတော့မှာဘဲ၊ သို့သော်လဲ—ကျွန်တော်တို့ဗမာ ပြည်ရဲ့အရေးက မပြီးသေးဘူး—ကျွန်တော်တို့ ဗမာပြည် ရဲ့အရေးဟာ—ဗမာပြည်သူပြည်သားတွေ၊ခေါင်းဆောင်မှ

လူတွေ၊ ညီညွတ်စွာနှင့်လုပ်ဆောင်မယ်၊ လုပ်မယ်ဆိုရင်အေးအေးဆေးဆေးနှင့် ပြီးမြောက်နိုင်မယ်လို့ ကျွန်တော် ယုံကြည်တယ်၊ ကျွန်တော်ခေါင်းဆောင်နေတဲ့ တပ်မတော်ကလဲယုံကြည်တယ်၊ ဒါ့ကြောင့်တိုင်းပြည်မှာညီညွတ်ရေး သာအရေးအကြီးဆုံးလုပ်ငန်းဘဲ၊ ညီညွတ်ရေးဆိုပေမဲ့-တိုင်းပြည်လွတ်လပ်ရေးနှင့် ထူထောင်ရေးကို အလေးထားပြီးအခြေခံအချက်တွေအရဆောင်ရွက်တဲ့ညီညွတ်ရေးမျိုးကိုသာ ဆိုလိုပါတယ်၊ ရာထူးဂေစားရုံသာဖြစ်တဲ့ ညီညွတ်ရေးမျိုး၊ ရွေးကောက်ပွဲချိန်ပြီး ပြင်းဆင်တက်ရုံသော်တက်နိုင်အောင်ညီညွတ်ရေးမျိုးဆိုရင်တော့ဘယ်နည်းနှင့်မှဖြစ်မှာမဟုတ်ဘူး ကျွန်တော်တို့အတွက် ပြောရရင်-အရင်ပထမ လူကြီးများအစည်းအဝေးမှာပြောခဲ့သလို ကျွန်တော်တို့ဟာ တိုင်းပြည်ရဲ့ခေါင်းဆောင်မှုကိုရင်းရေးယူရာနဲ့ ဘုံကိုယ်ကျိုးများမှုရင်း၊ ကျွန်တော်တို့မှုပိုင်ရေးစွရှိလုပ်မထားဘူးဆိုဒါ တိတိလင်းလင်းသိစေချင်ပါတယ်၊ နေရာကျွန်တော်တို့ဆိုရင်-တပ်မတော်တရလုံးက ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး အတွင်းမှာတနိုင်ငံလုံးညီညွတ်စွာ လွတ်လပ်ရေးရအောင်လုပ်ဖို့ တာဝန်ပေးလိုက်တယ်၊ ဒီလိုတာဝန်ပေးလိုက်တာဟာ ဘာပြုလို့လဲဆိုရင်-တပ်မတော်သားတွေဟာဂျပန်လက်ထက်ကလဲ အမျိုးမျိုးဆင်းရဲခဲ့တယ်။ အခုဆိုရင်လဲ လခဘာပြားမှမရသေးဘဲနှင့် အဆင်းရဲအပင်ပန်းတွေ အမျိုးမျိုးခံပြီး-အသက်ကိုစွန့်၍တိုက်ခဲ့ကြတယ်၊ အဲဒီလိုတိုက်ခဲ့ပြီးတော့ ငါ

တို့တိုက်ကြီးနှပ်မှုနပ်ပါမလားလို့ တချို့များ တိုက်ရင်းခိုက်ရင်းကျဆုံးခါနီးမှာ စိတ်အလွန်စောပြီး ဗမာပြည်ကလူတွေ ညီညွတ်ပြီး လွတ်လပ်အောင်လုပ်ပါ ကျုပ်တို့တော့ လွတ်လပ်ရေးအတွက်ဆိုပြီး တိုက်လို့ သေတော့မယ်လို့ မှာကြားသွားကြသေးတယ်။ အဲဒါတွေကြားပြီး–တနေ့က ပဲခူးနှင့်ချိန်ကုန်မှာ တိုင်းတပ်မှူးတွေနှင့် ကျွန်တော်တို့ တပ်မတော်အရာရှိကြီးတွေ အစည်းအဝေးက တပ်မတော်တရလုံး လွတ်လပ်ရေးကိုနှင့်ပါတ်သက်ပြီး စိတ်ဓာတ်ဆင့်ဆင့်ဖြစ်နေကြဒါကို မဖြစ်ရလေအောင် တိုင်းပြည်က ညီညီညွတ်ညွတ်နဲ့ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးမှာလုပ်ကြပါဆိုဒါကျွန်တော်တို့ကျေညာခဲ့တယ်။ အခုကျွန်တော်ပြောနေတာဟာ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ဥက္ကဋ္ဌအနေနဲ့ကဲဖြစ်တယ်။ တပ်မတော် သေနာပတိအဖြစ်နဲ့လဲဖြစ်တယ်။ ကျွန်တော် ပြောခဲ့တဲ့ စကားတွေဟာ တပ်မတော်မှာရှိတဲ့ စစ်သားတွေက အစ စိတ်ထဲမှာ ရှိတဲ့စကားတွေတဲ့ဒါတွေကိုခင်ဗျားတို့ပိုပြီး အကောင်အထည်နှင့်ဖြစ်ချင်ရင် ခင်ဗျားတို့ကျုပ်တို့စစ်သားတွေရှိတဲ့နေရာကိုလိုက်ပြီး ကြည့်လို့ရှိရင် ပိုပြီသဘောပေါက် ထင်မြင်ကြမယ်။ ဒီစကားကိုကျွန်တော်အပိုပြောဒါမဟုတ်ဘူး။ တကယ်ခင်ဗျားတို့သိုက်ကြည့်ချင်တယ်ဆိုရင် ကျွန်တော်တို့ လိုက်ပို့မယ်။ စစ်သားတွေကို ခင်ဗျားတို့ကိုယ်တိုင်တွေ့ပြီး မေးကြည့်စေချင်တယ်။ အဲဒါကြောင့် ကျွန်တော် လေးလေး

နက်နက်ပြောချင်တာက ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကိုအခြေခံထားပြီး အထက်ပါသဘောတရားများ အချက်အလက်တွေအရ၊ ကျွန်တော်တို့ လုပ်ထားတဲ့ စည်းမျဉ်းဝါဒတွေကို ညှိနှိုင်းပြုပြင်ယူပြီး၊ခိုင်မြဲတောင့်တင်းတဲ့ အဖွဲ့ချုပ်ကြီးဖြစ်အောင် ဝင်ရောက်လုပ်ကိုင်ကြပါ၊ မကြာခင်လဲ ကျွန်တော်တို့ဟာ ပြည်လုံး ကျွတ် အစည်း အဝေး ကြီး ခေါ်တော့မယ်၊ အဲဒီပြည်လုံးကျွတ် အစည်းအဝေးခေါ်တဲ့အခါ၊ အဖွဲ့ချုပ်ကြီးရဲ့စည်းမျဉ်း ဝါဒတွေကို အတည်ပြုပြီး ရှေ့ဆက်လက်အလုပ်လုပ်ရပါမယ်၊ဒီကြားအတွင်းမှာလဲ မြို့လုံးကျွတ် အစည်းအဝေးကြီးကို ၁၉ ရက်နေ့မှာ ကျင်းပမယ်၊နောက်လဲနယ်တိုင်းနယ်တိုင်းမှာ ဒါမျိုးတွေ ကျင်းပြီး အဖွဲ့ချုပ်ကြီးကို ပြန်လည် ဖွဲ့စည်းရပါမယ်၊အခုနေထိလဲ ကျုပ်တို့ အဖွဲ့ချုပ်ကြီးဟာ နေ့စဉ်နှင့်အမျှဖမ်းဆီးထားတဲ့လူတွေကိစ္စ၊ စစ်ပြေး ဒုက္ခသည်တွေကိစ္စ၊ပက်စ်ဘိုက်ဖျက်ရေးကိစ္စ၊ ပြန်လည် ထူထောင်ရေးကိစ္စတွေမှာ အမြဲ သဘောမပျက်တဲ့ အလုပ်နဲ့ လုပ်နေကြတယ်၊ကျွန်တော်တို့ဟာ အသီးသီးလက်ငင်း အလုပ်တွေနှင့်အားလပ်တယ်ရယ်လို့ မရှိဘူး၊ကျွန်တော်ကိုယ်တိုင် ဆိုရင်လဲ တခါ ထွက်ရှာ သွားကြည့်နေရတယ်၊ မကြာခင်ကတဲပြန်ရောက်လာတယ်၊သို့ပေမဲ့ ကျုပ်တို့ ဘယ်လောက် ပင်ပင်ပန်းပန်း ခေါင်းဆောင်မှုကို ပေါ်ရှုံချည်းအရင်စားမယ် ဆိုတဲ့မှုပိုင်ထားချင်တဲ့ စိတ်အလျှဉ်းမရှိဘဲ၊ ‘ဒီအဖွဲ့ချုပ်ကြီး-ကြီး

ပွားတည်တန့်နိုင်အောင် အခုကြွလာတဲ့လူကြီးများက အစ
ပြုပြီး၊ တိုင်းပြည်ရဲ့ လက်ထဲကိုအပ်လိုက်ပါတယ်၊ အခုအဖွဲ့
ချုပ်ကြီးအတွင်းမှာ၊ ဗမာ့တပ်မတော် သူငယ်များ အစည်း
အရုံး၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့ အရေးတော်ပုံ အဖွဲ့-
မျိုးချစ်ပါတီ- ရခိုင် အမျိုးသား အစည်းအရုံး၊ ကရင်
အမျိုးသား အစည်းအရုံး အပြင် အခြား ပုဂ္ဂိုလ် များလဲ
ပါဝင်ပြီး ဖြစ်တယ်၊ ကျန်တဲ့ အဖွဲ့များ ပုဂ္ဂိုလ်များ
ကိုလဲ-ဒီအဖွဲ့ချုပ်ကြီးအတွင်း ဝင်ရောက်ရန်၊ ဖိတ်ခေါ်ထား
ပြီးပါတယ်၊ အဲဒီလိုဝင်ရောက် လာတဲ့ အဖွဲ့တွေ၊ ပုဂ္ဂိုလ်
တွေကို ယခုပြန်လည် ဖွဲ့စည်းမဲ့- ဗဟိုဦးစီး အဖွဲ့က
စဉ်းစားပြီးလက်ခံရပါလိမ့်မယ်၊ ဒီကိစ္စနှင့် ပတ်သက်ပြီး-
အဖွဲ့ချုပ်ထဲပါတဲ့ အဖွဲ့အချင်းချင်း ဆက်သွယ်ရမဲ့ စည်း
ကမ်းတွေကို လောလောဆယ်စည်းမျဉ်းတွေ- အဲဒါတွေ
ကို အထွေထွေအတွင်းရေးမှူးက ရှင်းလင်းပြောပြပါလိမ့်
မယ်၊

ထို့နောက် အထက်ပါကိစ္စနှင့် ပတ်သက်ပြီး ကျကျနန
ဆွေးနွေးပြီးနောက်၊ ကျွန်တော်တို့ဟာ- အခုစစ်ကြီးပြီးခါ
နှင့်ပတ်သက်ပြီး- လက်ငင်းလုပ်ငန်းများပေါ်လာပါတယ်၊
ဒီလုပ်ငန်းတွေထဲမှာ၊ စစ်အုပ်ချုပ်ရေး အမြန်ရုပ်စဲရေးတို့
နှင့် အမျိုးသားအစိုးရ- တည်ထောင်ရေးဖြစ်တယ်၊ အမျိုး
သားအစိုးရ တည်ထောင်ရေးဆိုဒါဟာ၊ ဘုရင်ခံပြောတဲ့
အမှုဆောင်အဖွဲ့မျိုးမဟုတ်ဘဲ၊ တိုင်းပြည်တပြည်လုံးပြည်

တွင်းပြည်ပကိစ္စအရပ်ရပ်တို့အာဏာပိုင်ပြီး တိုင်းရင်းသား
များသာပါတဲ့ အမျိုးသားအစိုးရကိုဆိုလိုပါတယ်၊ အဲဒီလို
အဖွဲ့-ဖွဲ့နိုင်မှသာ-နေခက်လာမှဲ့ တိုင်းပြုပြည်ပြုလွှတ်တော်
တို့- ဗြိတိသျှအစိုးရတို့နှင့် ချုပ်ဆိုရမဲ့ ၊စာချုပ်တွေဟာ-
စိစဉ့်လို့ ဖြစ်နိုင်မယ်ဒီလိုအမျိုးသားအစိုးရဆိုဒါမဖြစ်ဘဲနှင့်
ကျုင်တို့ဟာ ဒိုမီနီယံအုပ်ချုပ်ရေးတောင် ကောင်းကောင်း
နှင့်မြန်မြန်- ရချင်မှရမယ်၊ ဒါကြောင့် အခုဘုရင်ခံပြန်လာ
ရင်- ဖွဲ့မဲ့ အစိုးရအဖွဲ့နှင့် လွှတ်တော်ဟာ- အခရာဖြစ်နေ
တယ်၊ဒီအစိုးရနှင့် ဒီလွှတ်တော်ကလာမဲ့ ရွေးကောက်ပွဲ
ကိစ္စနှင့်ပတ်သက်ပြီး၊ တိုင်းပြုပြည်ပြု လွှတ်တော်က-ရွေး
ကောက်ပွဲမျိုးဖြစ်အောင်မလုပ်ဘဲ၊တော်အောင်ရော်အောင်
မလုပ်နိုင်ခဲ့အောင် အစိုးရကလဲ ကျွန်တော်တို့ သဘောကျ
အမျိုးသားအစိုးရဖြစ်ရမယ်၊လွှတ်တော်မှာလဲ- ကျွန်တော်
တို့သဘောကျလူတွေဖြစ်နိုင်ရမယ်ထို့အဲဒီလိုတညီတညွတ်
တည်းပြုလုပ်တို့လိုတယ်၊ ဒီလိုတညီတညွတ် စိခ တာကို
ဘုရင်ခံကလက်မခံရင်- ကျွန်တော်သဘော ပြောရရင်-
တဦးစီတဦးစီ ဘုရင်ခံကခေါ် ပြီး၊ ရာထူးပေးပေး၊ နေရာ
ပေးပေး၊ လက်မခံ စတမ်း လို့ ဆုံး ဖြတ် စေချင် တယ်၊
အား လုံး ဒီ မှာ တွေ့ ရောက် လာ တဲ့ လူ ကြီး တွေ ဟာ
ပညာရှင်တွေဘဲ ဘုရင်ခံ ပြောသွားတဲ့ စကားတွေဟာအ
လိမ္မာသုံးတဲ့ စကားတွေအများကြီး ပါတယ်ဆိုတာလဲသ
တိထားမိပါလိမ့်မယ်၊ခင်ဗျားတို့ကသဘောတူညီကြတယ်

ဆိုရှင်ကျူပ်တို့က လုံးဝလွတ်လပ်ရေးတောင် ခွင့်ပြုဘို့အ
ဆင်သင့်တဲ့၊ ဆိုတဲ့သဘောကို ဘုရင်ခံ ပြောသွားတယ်။
ဒါကြောင့် တိုင်းပြည်ညီညွတ်ရေးကို အဓိကထားတဲ့ပြည်
သူ့လွတ်လပ်ရေး အဖွဲ့ချုပ်မှာပါပြီး၊ ဒီကိစ္စအရပ်ရပ်တွေ
မှာ အညီတညွတ်တည်း လုပ်ကြရန် ထပ်လောင်း၍တိုက်
တွန်းလိုက်ပါတယ်။

နိဂုံးမချုပ်မီ-ထပ်မံတောင်ကိစ္စကို စီရင်ခံလိုပါတယ်။
အရကျွန်တော်တို့တပ်မတော်ကိုနှာ ည်သာရှိတဲ့ဗမာပြည်
တပ်မတော်ဆိုဒါဘဲ— သိမ်းသွင်း-မယ်လို့ သာမန်သာဆို
တယ်။အဲသလိုသိမ်းသွင်းမယ်ဆိုဒါဟာလဲ- ကျွန်တော်တို့
တပ်မတော်ကို မှုပြုပြီး၊ သိမ်းသွင်းမယ်ဆိုတဲ့ သဘောမ
ပေါ်သေးဘူး။ ပြီးတော့ကျွန်တော်တို့တပ်မတော်ကိုမှုပြု
ပြီး၊ ဗမာပြည်တပ်မတော် တည့်ဆောင်တောင် ပမ္မမသုံး
ရှင်းရှင်းလင်းလင်း သဘောတူရမဲ့ အချက်တွေရှိပါသေး
တယ်၊ဒီအချက်တွေနဲ့ပတ်သက်ပြီးအခုအထိပေါ်ပြောတဲ့
အနေမျိုးနှင့်တချို့အချက်တွေ ရှင်းလင်းပြီး တချို့အချက်
တွေ မရှင်းလင်းသေးဘူး၊ ဒါကြောင့် အရအဖွဲ့ချုပ်က—
တပ်မတော်နှင့်ပတ်သက်တဲ့ အဆိုကို ဆုံးဖြတ်ဘို့တင်ပြ
ထားပါတယ်။

အခုကမ္ဘာစစ်ကြီး အတွင်းမှာရော— အပြီးမှာရော—
ကမ္ဘာကြီးဟာ-အင်မတန်ပြောင်းလဲနေတယ်၊ ဗမာပြည်
မှာလဲပြောင်းလဲနေတယ်၊ ရှေးနည်းဟောင်းစံနစ် အယူမျိုးတွေ

နှင့်လုပ်လို့ ရမယ်လို့ထင်တဲ့ လူတွေဟာ၊ ကမ္ဘာကြီးမှာလဲ၊ ပပျောက်ကုန်ပြီ၊ ဗမာပြည်မှာလဲ ပပျောက်မှာဘဲ၊ ကမ္ဘာ ထံတိုင်းကြီးမှာရှိတဲ့ ဒီသင်္ခန်းစာတွေကို ကျွန်တော်တို့ဟာ အလေးဂရုပြုပြီး၊ တညီတညွတ်တည်း နိုင်ငံ၏လွတ်လပ်ရေး ကိုအမြန်ရအောင်ကြိုးစားကြပါ၊ အဲဒီလိုထိထိရောက်ရောက် လုပ်နိုင်အောင်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးအတွင်း သို့ဝင်ရောက်ကြပါ၊ ဒါကိုနောက်ဆုံးထပ်လောင်း၍ တိုက် တွန်းပါတယ်၊

---

## ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လွတ်လပ်သောဗမာပြည်။

ဖက်ဆစ် တိုက်ဖျက်ရေး-ပြည်သူ့လွတ်လပ်ရေး အဖွဲ့ ချုပ်က ကမ္ဘာစစ်ကြီးပြီးဆုံးခြင်းနှင့်ပတ်သက်၍ အောက် ပါအတိုင်းထုတ်ပြန်ကြေညာလိုက်ကြောင်း။

ကမ္ဘာစစ်ကြီးသည် ဆုံးခန်းတိုင်ခဲ့လေပြီ ဤစစ်ပွဲတွင် တိုင်းပြည်အသီးသီးမှ ပြည်သူပြည်သားတို့သည် ဖက်ဆစ်ကျွန် ဘဝမှ လွတ်လပ်ရေးအတွက်၊ တိုက်ခဲ့သော စစ်ပွဲဖြစ်၏၊ ဆိုဗီယက်ယူနီယံ၊ အမေရိကန်-အင်္ဂလန်-တရုတ်ပြည်တို့က ခေါင်းဆောင်၍တိုက်သောဤလွတ်လပ်ရေးစစ်ပွဲတွင် လွတ် လပ်ရေးသမား ဖြစ်သော ပြည်သူပြည်သား တို့က နိုင်ခဲ့ လေပြီ။

ဤစစ်ပွဲတွင် အနိုင်ရခဲ့သော ပြည်သူပြည်သားတို့

သည်၊ ယခုအခါ မိမိတို့ကံကြမ္မာကို မိမိတို့ဘာသာ ဖန်တီးနိုင်ခဲ့လေပြီ၊ မိမိတို့ကြိုက်နှစ်သက်သောအစိုးရ၊ မိမိတို့ကြိုက်နှစ်သက်သောစစ်တပ်၊ မိမိတို့ကြိုက်နှစ်သက်သော စီးပွားရေးစံနစ်တို့ကို တည်ထောင်နေကြလေပြီ၊

ဖက်ဆစ်တိုက်ဖျက်ရေး-ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်သည်။ ကမ္ဘာတွင်၊ ဖက်ဆစ်လူရိုင်းစံနစ် ဖွံ့ဖြိုးနေသမျှ ကမ္ဘာ့ငြိမ်းချမ်းရေးမရနိုင်ဟု စွဲမြဲယုံကြည်ချက်အရ၊ မဟာမိတ်နိုင်ငံပေါင်းစုဘက်မှနေ၍၊ စစ်ထဲပါဝင်ခဲ့ပေကြောင်း၊

ကမ္ဘာစစ်ကြီးဆုံးခန်းတိုင်ရောက်ခြင်းသည်၊ ကမ္ဘာသူကမ္ဘာ့သားတို့အား၊ မိမိတို့ကံကြမ္မာကို မိမိတို့ဘာသာဖန်တီးနိုင်ရန် လမ်းပွင့်လာသည်ဟု ယုံကြည်သည့် အတိုင်း၊ မဟာမိတ်နိုင်ငံပေါင်းစုအား ဤစစ်ပွဲတွင် အနိုင်ရပြီ. စစ်ကြီးအဆုံးသတ်လိုက်သည်ကို ဗမာပြည်သူပြည်သားတို့သည်၊ လှိုက်လှိုက်လှဲလှဲ ဝမ်းသာအားရပေကြောင်း၊

ဤစစ်ပွဲကြီးကို ခေါင်းဆောင်တိုက်ခိုက်ခဲ့ကြသော ဆိုဗီယက်ယူနီယံ-အမေရိကန်၊ အင်္ဂလန်၊ တရုတ်ပြည် စသည့်မဟာမိတ်နိုင်ငံမှ ပြည်သူပြည်သားများနှင့် စစ်သည်တော်တို့အား၊ ဗမာပြည်သူပြည်သားတို့က အထူးကျေးဇူးတင်ရမည်ဖြစ်ပေကြောင်း၊

ကမ္ဘာစစ်ကြီး ပြီးဆုံးသွားစေကာမူ၊ ကမ္ဘာ့ ခေါင်းဆောင်နိုင်ငံကြီးတို့သည်၊ ညီညီညွတ်ညွတ်နှင့်စစ်နောက်တ

ကြံမိမဖြစ်လေအောင်၊ ရှေ့သို့ဆက်လက်ဆောင်ရွက်သွားလိမ့်မည်ဟု ဤအဖွဲ့ချုပ်က ယုံကြည်ကြောင်း။

ဤစစ်ပွဲမှာ ၁၉၃၁-ခုနှစ်တွင်၊ တရုတ်ပြည်ကြီးအား၊ ဂျပန့်တို့ကျွန်တွင်းသွတ်သွင်းရန် ကြိုးပမ်းမှုမှအစပြု၍၊ စစ်မက်ဖြစ်ပွားလာခဲ့ရာ၊ တရုတ်ပြည်ကြီးသည်၊ လွတ်လပ်ပြီးသကာလ၊ တရုတ်ပြည်သူ ပြည်သားတို့ညီညီညွတ်ညွတ်နှင့် ပြည်သူပြည်သားကြိုက်စံနစ်တည်ထောင်ခြင်းဖြင့်၊ အဆုံးသတ်မှသာလျှင် ဤစစ်ပွဲသည် တိုက်ရကျိုးနပ်လိမ့်မည်ဖြစ်ကြောင်း၊ ဤကဲ့သို့အခြေအနေမျိုးရောက်ရှိစေရန်၊ ဆိုဗီယက်ယူနီယံ၊ အမေရိကန်—အင်္ဂလန် စသောနိုင်ငံကြီးတို့သည်၊ ရိုင်းဝန်းကြိုးပမ်းလိမ့်မည်ဟု ယုံကြည်ကြောင်း။

ဤစစ်ပွဲကာလအတောအတွင်း၊ စပိန်သမ္မတနိုင်ငံတွင် တရားဥပဒေအရ တည်ထောင်ထားသောအစိုးရကား၊ စစ်ဝါဒသမားတို့၊ တော်လှန်ပုန်ကန်ခါ၊ ဂျာမန်၊ အီတလီ၊ ဖက်စစ်တို့၏အကူအညီဖြင့်၊ ဖက်စစ်ကျွန်ဘဝအောက်သို့၊ စပိန်ပြည်ကိုသွတ်သွင်းခဲ့ရပေကြောင်း၊ ယခုအခါအဓိက ဖက်စစ်နိုင်ငံတို့သည် ကျဆုံးသွားစေကာမူ၊ စပိန်ပြည်တွင်ဖက်စစ်စံနစ်မှာ ကြွင်းကျန်လျက်ရှိနေသေးပေကြောင်း။

စပိန်ပြည်သူပြည်သားတို့သည်လည်း၊ ဖက်စစ်ကျွန်ဘဝရောက်ကတဲက ပျောက်ကြားစစ်ဝင်လာခဲ့ရာ မကြာမြင့်မီ ပြည်သူပြည်သားတို့အလိုကျအစိုးရပေါ်ပေါက်လိမ့်မည်ဟု ဤအဖွဲ့ချုပ်ကမြော်လင့်ကြောင်း။

စင်ပွဲကြီး ပြီးသွားသောအခါ၌၊ အိန္ဒိယပြည်မှာ မလွတ်လပ်သေးတဲ့ရှိသေး။ ... မြင့်မိ အိန္ဒိယပြည်သူပြည်သားတို့မှိ ... တိုင်းကျွ စိမ့်နှင်သေး နိုင်ငံဖြစ်လာလိမ့်မည်ဟု ယုံကြည်ကြောင်း။

အိန္ဒိယပြည်သူပြည်သားတို့သက်ထဲ တန်ခိုးအာဏာရရှိရေးမှာ၊ အိန္ဒိယပြည်သူပြည်သားတို့၏ ညီညွတ်မှုအပေါ်တွင် အခြေတည်သဖြင့်၊ အိန္ဒိယပြည်သူပြည်သားတို့သည်၊ ညီညီညွတ်ညွတ်နှင့်တိုင်းပြည်လွတ်လပ်ရေးကို ပြန်ဖြန့်လည်ရှာဖွေသောင်ရေးတို့ကို လုပ်မည်လိမ့်မည်ဟု မြွက်ဆင့်ကြောင်း။

ဗမာပြည်သူပြည်သားတို့ သည်လည်း၊ မိမိတို့ လွတ်လပ်ရေးအတွက်၊ အသက်နှင့်လဲ၍ ... တိုက်ရိုက်၍ တိုက်လာသူများဖြစ်ပေသည်၊ သို့ဖြစ်၍ ကမ္ဘာ့ခေါင်းဆောင်ကြီးများက ထပ်တလဲလဲ ကျေညာအပ်သည့်အတိုင်း၊ ဗမာပြည်သူပြည်သားတို့သည်၊ လွတ်လပ်ရေးနှင့် ထိုက်တန်သောပြည်သူပြည်သားများဖြစ်သည်ကို၊ ကမ္ဘာကအသိအမှတ်ပြုရတော့မည်သာဖြစ်ကြောင်း၊

ဗမာပြည်သည်၊ စစ်မြေပြင်ဖြစ်ခဲ့သဖြင့် ဗမာပြည်တပြည်လုံးပြာကျခဲ့ပေရာ ဗမာပြည်ကိုပြန်လည်ထူထောင်ရေး၊ ဗမာပြည်သူပြည်သားတို့အလိုကျ အစိုးရတည်ထောင်ရေး။ ကမ္ဘာ့အိမ်ထောင်ရကြီးတွင် လွတ်လပ်သော တိုင်းပြည်များနှင့် ရင်ဘောင်တန်းပါဝင်ရေးစသော ကိစ္စအရပ်ရပ်တို့

တွင်၊ လွတ်လပ်ရေးအတွက် တိုက်ခိုက်ခဲ့ကြသော တိုင်းပြည့် အသီးသီးတို့က ပိုင်းဝန်း ကူညီလိမ့်မည်ဟုယုံကြည်ကြောင်း၊

အထူးသဖြင့်၊ဗမာပြည်သူပြည်သားတို့သည်၊ကမ္ဘာကြီး၏လွတ်လပ်ရေးအတွက် ရှုပ်ရှုပ်ချချ တိုက်ခိုက်ခဲ့သူများ ဖြစ်ပေရာ၊ နိုင်ငံ အသီးသီးတို့က ကမ္ဘာငြိမ်းချမ်းရေးအတွက် ကျင်းပသော အစည်းအဝေးပွဲသို့ လွတ်လပ်သော တိုင်းပြည်တပြည်အဖြစ်နှင့် တက်ရောက်ရန်ကို ဗမာပြည်က အထူးလိုလားပေကြောင်း၊

ဗမာပြည်သူပြည်သားတို့အား၊မိမိတို့၏ကံကြမ္မာကို မိမိတို့ဖန်တီးနိုင်ရန်မှာ၊ဗမာနိုင်ငံအုပ်ချုပ်ရေးကိုတိုင်းပြုပြည်ပြုလွှတ်တော်ကြီးကရေးဆွဲရန်ဖြစ်ပေကြောင်း၊

ထိုတိုင်းပြုပြည်ပြုလွှတ်တော်ကြီးမခေါ်မီ မစည်းဝေးမီ ဂျပန်ဖက်ဆစ်အား တိုက်ခဲ့သူတိုင်းပြည်ဖြိန်လည်ထူထောင်ရေးကို အားထက်သရော လုပ်ကိုင်သည့် ဂိုဏ်းပေါင်းစုံ ကိုယ်စားလှယ်တို့ပါဝင်သော ယာယီအစိုးရ ဖွဲ့စည်းရန် အထူးလိုလားအပ်ပေကြောင်း၊

ဗမာပြည်သူပြည်သားတို့သည်၊မိမိတို့ကံကြမ္မာကို မိမိတို့လျှင်မြန်စွာဖန်တီးနိုင်ရေးအတွက်—

(က) ယခုအခါစစ်တိုက်ခိုက်မှုများလည်း မရှိတော့ပြီဖြစ်၍စစ်အုပ်ချုပ်ရေးကိုရုပ်စဲရန်၊

(ခ) ဗမာပြည်တွင်ကြွင်းကျန်နေသော ဂျပန်တပ်များ

ဗမာပြည်တွင် ချက်ခြင်း လက်နက်ချစေပြီး၊ ဗမာပြည်မှ ထွက်ခွါသွားစေရန် ချက်ခြင်းလိုလားအပ်ပေကြောင်း။

ဤလုပ်ငန်း၌မဟာမိတ်စစ်သည်တော်များသည်၊ ဗမာပြည်သူပြည်သားတို့အားအထူးကူညီလိမ့်မည်ဟုယုံကြည်ကြောင်း၊

အသုံးသတ်ဆိုရလျှင်- ဗမာပြည်သူပြည်သားတို့သည်၊ ဂျပန်ဖက်ဆစ်ဘို တိုက်ရာ၌ ညီညွတ်စွာ တိုက်ခိုက်ခဲ့ကြသည့်နည်းအတူ- ပြန်လည်ထူထောင်ရေး လွတ်လပ်သော ကဏ္ဍတွင် လွတ်လပ်သော ဗမာပြည်ပေါ်ပေါက်ရေးတို့တွင်၊ ဆက်လက်၍တိုင်းရင်းသားအသီးသီးတို့သည်၊ ညီညွတ်စွာလုပ်ကိုင်ဆောင်ရွက်သွားကြမည်ကို ကျေညာအပ်ပေကြောင်း။

သန်းထွန်း။ ၁၆-၈-၄၅။

**အထွေထွေအတွင်းရေးမှူး။**

ဖက်ဆစ်တိုက်ဖျက်ရေး– ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၊

ဗမာပြည်၊

---

ဗမာပြည်တပ်မတော်၊

၁၊ (က) ဗမာပြည်တွင်း၌ မဟာမိတ် တပ်ပေါင်းများနှင့်တွဲ၍ အောင်မြင်စွာရန်သူများကို တိုက်ခိုက်လျက် ရှိသော လက်ရှိမျိုးချစ်မြန်မာတပ်မတော်ကို ဖျက်သိမ်းစေ၍ ဗြိတိသျှ အစိုးရက ဖွဲ့စည်းထားသော ယခုအခါ အမည်မျှသာရှိသည့် မြန်မာပြည် စစ်တပ်တွင် ရပေါင်းကာ မြန်မာ

တပ်မတော်သစ်ဖွဲ့စည်းမည့်ဆိုပါက လုပ်ငန်း အစဉ်အလာ ထရေးနည်းလမ်းမှန်ကန် လိမ့်မည်မဟုတ်သောကြောင့်၊ ဤသို့ ဆောင်ရွက်လျှက်ရှိသောလုပ်ငန်းအဝဝကို အမြန်ဆုံးရပ်စဲလျှက် အမည်မှုသာမဟုတ်၊ လက်တွေ့၌ အကောင်အထည်နှင့်တည်ရှိပြီးဖြစ်သော မျိုးချစ်မြန်မာတပ်မတော်နှင့် တိုင်းရင်းပျောက်ကြားတပ်များကိုသာ မူတည်၍မြန်မာပြည်တပ်မတော်သစ်ကိုဖွဲ့စည်းပေးရန်၊

(ခ) ယခုသက်ရှိ ဗြိတိသျှ လက်အောက်တွင်အမှုထမ်းဆောင်လျှက်ရှိနေကြသော ဗမာတိုင်းရင်းသား စစ်မှုထမ်းများအား အထက်ပါဖွဲ့စည်းမည့် မြန်မာတပ်မတော် သစ်တွင်းသို့သိမ်းသွင်းဖွဲ့စည်းပေးရန်၊

(ဂ) ဖွဲ့စည်း တွင် မြန်မာတပ်ရင်း-တိုင်းရင်းသားအသီးသီးတပ်ရင်းအစရှိသည်ဖြင့် ဖွဲ့စည်း၍ ၎င်းတပ်များတွင်၎င်း၊ တပ်ရင်းအောက်တပ်ဖွဲ့များတွင်၎င်း၊ ဗမာတင်မျိုးတိုင်းရင်းသားတပ်မှူးများ ဗိုလ်များ အကြပ်များကိုခန့်ထားရန်၊

(ဃ) မြန်မာပြည်တပ်မတော်သစ်ဖွဲ့စည်းရာတွင် ဆေးစစ်ရေးကိစ္စ၊ ရာထူးအဆင့်အတန်းကိစ္စ၊စစ်ပညာသင်ကြားရေးကိစ္စ၊ ကာင်မတော်သားများလခ အခွင့်အရေးများကိစ္စ၊ စစ်တိုက်ပြီးသူများအားဆုချီးပေးရန်ကိစ္စ၊ မြန်မာပြည် တပ်မတော်အတွင်း ဗြိတိသျှ မြန်မာစစ်တပ်နှင့်မျိုးချစ်မြန်မာတပ်မတော် ဗိုလ်-အကြပ်များကို ခွဲဝေခန့်ထားရေး ကိစ္စအစရှိ

သော စီစဉ်မှု အရပ်ရပ်တို့ကို မျိုးချစ် မြန်မာတပ်မတော်မှ ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းမည့်မြန်မာပြည်တပ်မတော်မှ ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့ တရပ် ဖွဲ့စည်း ပြီး စီစဉ်ဆောင်ရွက်ရန်။

(င) အထက်ပါအချက်များ ကျေနပ်စွာမပြီးပြတ်သေးမီ ဗမာ့တပ်မတော်နှင့် ပျောက်ကြားတပ်များရှင်းသိမ်းရန်ကိစ္စ အဝဝတို့ကိုရပ်ဆိုင်းထားရန်၊ ရပ်ဆိုင်းထားသည့်အတွင်း မျိုးချစ်မြန်မာတပ်မတော်မှ ခေါင်းဆောင် ကိုယ်စားလှယ်များအား၊ ဗြိတိသျှအာဏာပိုင် အရာရှိများနှင့် သဘောတူ ညီချက်ရရန် တွေ့ဆုံဆွေးနွေးခွင့်ပေးရန်။

ခေါင်းဆောင်များ အစည်း ဝေးကြီးက လေးနက်စွာ ထောက်ခံကြောင်း။

(စ) မျိုးချစ်မြန်မာတပ်မတော်နှင့်တကွ၊ပျောက်ကြား တပ်တို့သည်၊ဒီမိုကရေစီဝါဒသက်ကိုင်ထားသော- မဟာ မိတ်တို့နှင့် ဗမာတတိုင်းတပြည်လုံးအတွက် အစွမ်းကုန် ကူညီဆောင်ရွက် တိုက်ခိုက်ခဲ့သည်ကို ဤအစည်းအဝေး က လေးနက်စွာကျေးဇူးတင်ကြောင်းမှတ်တမ်းတင်သည့် အပြင်၊ဖက်ဆစ်ဂျပန်ကိုဆုံးခန်းတိုင်အောင်- တိုက်ခိုက်ရန် ဆန္ဒပြင်းပြစွာရှိခဲ့သည့်အတွက် အထူး ဝမ်းမြောက် ကြောင်း။

သို့ရာတွင် ဗမာ့တပ်မတော်နှင့် ပျောက်ကြားတပ်တို့

သည့်၊မဟာမိတ်တို့ဘက်မှလိုအပ်သော အကူညီနှင့်ထိုက် သင့်သောဝါဒဖြန့်ချိမှုတို့ကိုမရသည့်အတွက် ဤအစည်းအ ဝေးကအထူးဝမ်းနည်းကြောင်း။

**တိုင်းပြုပြည်ပြုလွှတ်တော်သို့၊**

ဗမာပြည်သူပြည်သားတို့သည်၊ မိမိတို့၏ ကံကြမ္မာတို့ ဖန်တီးရေးအတွက်၊ အနှစ်နှစ်အလလ ကြိုးပမ်းခဲ့ပေသည်၊ ၁၉၃၉-ခုနှစ်တွင် အင်္ဂလိပ်နှင့် ဂျာမနီစစ်ဖြစ်သည့်အခါ မှစ၍၊ ဗမာပြည်လွတ်လပ်ရေး လုပ်ငန်းများ၊ ပိုမိုကျယ်ပြန့် လာခဲ့ပြီ၊တတိုင်းတပြည်လုံးလက်နက်ကိုင်၍ လွတ်လပ်ရေး အတွက် လုံးပမ်းသည့်အခြေပင် ဆိုက်ရောက်ခဲ့ကြောင်း၊ ကမ္ဘာတွင်အဆိုးဝါးဆုံးဖြစ်သောဖက်ဆစ်စံနစ်ကိုပင်၊ဗမာ ပြည်သူပြည်သားတို့သည်၊မဟာမိတ်နိုင်ငံ ပေါင်းစု၏ အ ကူအညီနှင့်လက်နက်ကိုင်၍ ဗမာပြည်မှ မောင်းနှင်ထုတ်ခဲ့ ကြောင်း၊

ထို့ကြောင့်၊ ဗမာပြည်သူ ပြည်သားတို့သည်၊ အတ္တ လံတိတ် စာချုပ်-တီတီရန် ကြေညာချက်- ရှောင်ထ်ဘား ကြေညာချက်—စသောကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ ထပ် ထလဲလဲကြေညာချက်များအရ လွတ်လပ်ရေးနှင့်ထိုက်တန် သောလူမျိုးဖြစ်သည်ကို ကမ္ဘာကအသိအမှတ် ပြုရတော့ မည်ဖြစ်ကြောင်း၊

ဗမာပြည်သူပြည်သားတို့က မိမိတို့၏ကံကြမ္မာကို မိမိ တို့ဘာသာ ဖန်တီးနိုင်ရန်အတွက် ဗမာပြည်အုပ်ချုပ်ရေးကို

ရေးဆွဲရန်မှာတိုင်းပြုပြည်ပြုလွှတ်တော်ကြီးကသာလျှင် ဖြစ်ကြောင်း။

လက်နက်စွဲကိုင် ထကြွခြင်းနှင့် တိုင်းပြု ပြည်ပြုလွှတ်တော်ကြီးအကြားတွင်၊ ယာယီအစိုးရပေါ်ပေါက်ရမည်မှာ ရာဇဝင် အစဉ်အလာဖြစ်သည့်အတိုင်းဖက်ဆစ်ကို တိုက်ခဲ့သူများ တိုင်းပြည် ပြန်လည်ထူထောင်ရေး လိုလားသူများသည်၊ ယာယီအစိုးရကိုအမြန်တည်ထောင်ရမည်ဖြစ်ကြောင်း၊

သို့အတွက် နိုင်ငံခေါင်းဆောင် အသီးသီးတို့သည်၊ အချင်းချင်း ညှိနှိုင်းပြီးသကာလ၊ယာယီ အစိုးရဖွဲ့စည်းရန်လိုလားအပ်ပေကြောင်း၊

ငှင်းယာယီအစိုးရအဖွဲ့သည်၊တိုင်းသူ ပြည်သားတို့၏ကိုယ်စားလည် ခေါင်းဆောင်များသာ ပါဝင်သော အမျိုးသားအစိုးရဖွဲ့ရန်လိုပေသည်၊ငှင်းဖြင်– ငှင်းယာယီအစိုးရသည် နိုင်ငံခြား ဆက်သွယ်ရေး၊ ဘဏ္ဍာရေး၊ စီးပွါးရေး၊ ကာကွယ်ရေး၊ ပြည်တွင်းရေး ပြန်လည်ထူထောင်ရေးစသောဌာနအသီးသီးတို့တွင်အာဏာကုန်ရရှိရန်လိုပေသည်၊

ငှင်းယာယီအစိုးရသည်၊ တိုင်းပြုပြည်ပြုလွှတ်တော်ကြီးကိုရည်မှန်းပြီးသကာလ–

(က) ရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်စရာရှိသည်တို့ကိုပြင်ဆင်ရန်၊

(ခ) ဗမာပြည့် အနာဂတ်အုပ်ချုပ်ရေးအတွက်၊ အုပ်ချုပ်ရေးစည်းမျဉ်းကိုပြင်ဆင်သွားရန်၊

(ဂ) ဗမာပြည်နှင့် အင်္ဂလန်ပြည် ချုပ်ဆိုရန် လိုအပ်သောစာချုပ်များကိုပြင်ဆင်ရန်၊

(ဃ) နိုင်ငံခြားတိုင်းပြည်များတွင် ဗမာပြည်၏ကိုယ်စားလှယ်များစေလွှတ်ရန် လိုအပ်သည့်တင်သျှင် စေလွှတ်ရန်၊

(င) ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဖရင့်တွင်၊ ဗမာပြည်မှ ကိုယ်စားလှယ်စေလွှတ်ရန် စသည်တို့ကိုဆောင်ရွက်ရပေမည်၊

၎င်းတို့အပြင်၊ သက်သာ ချောင်ချိရေး- ပြန်လည် ထူထောင်ရေး-စသော ခေါင်းစဉ်နှင့်ဆိုင်သော လောလောဆယ် လုပ်ငန်းများကိုလည်း၊ ၎င်းယာယီအစိုးရက ထိထိရောက်ရောက်ဆောင်ရွက်သွားရန်လိုပေသည်၊

ထို့မှတပါး ယာယီအစိုးရအဖွဲ့၏ လုပ်ငန်းများအောင်မြင်စေရန်- ပြည်သူအပေါင်းတို့ကလည်း ဝိုင်းဝန်းကူညီပြီး သကာလ—အမြဲတစေ-စေ့ဆော်နေရန်လည်း လိုအပ်သည် ဟူ၍အစည်းအဝေးကြီးကယုံကြည်ပေကြောင်း၊

အထက်ပါအဆိုတွင်ပါဝင်သော အချက်များ ဆောင်ရွက်နိုင်ရန်တိုးတက်ချွန်ထွင်ထားသော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏ ဦးစီးအဖွဲ့အား တာဝန်လွှဲရန်ဤအစည်းအဝေးကြီးက တာဝန်လွှဲကြောင်း၊

## ပြည်သူ့စည်းလုံးရေးဆုံးဖြတ်ချက်။

ဖက်ဆစ်တိုက်ဖျက်ရေး-ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးက အခြေခံ သဘောတရားအဖြစ် ဆုံးဖြတ်ထားသော ဝါဒစည်းမျဉ်းများအရ၊ ၎င်းအဖွဲ့ချုပ်ကြီးတွင် ဝင်ရောက်ခါ။ဗမာတပြည်လုံးရှိ တိုင်းရင်းသားအားလုံးညီညွတ်စွာဗမာပြည်လွတ်လပ်ရေးနှင့် ယှဉ်တောင်ရေးလှုပ်ငန်းအရပ်ရပ်ကို၊ အားထက်သရောဆောင်ရွက်ရန် ဤအစည်းအဝေးကြီးကဆုံးဖြတ်ကြောင်း။

"ခေါင်းဆောင်များ အစည်းအဝေးက တညီတညွတ်တည်း ဆုံးဖြတ်သော ဖက်ဆစ် တိုက်ဖျက်ရေး- ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၊"

### အဖွဲ့ချုပ်ဖွဲ့စည်းပုံ ဥပဒေ(ယာယီ)။

### အခန်း (၁)ဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းပုံ၊

ပုဒ်မ (၁) လက်ရှိအခါ ဗဟိုဦးစီးအဖွဲ့တွင် အောက်ပါအတိုင်းဖွဲ့စည်းရမည်၊

(က) နိုင်ငံရေးပါတီများမှကိုယ်စားလှယ် ၃ ဦးစီ၊

(ခ) နိုင်ငံ ခေါင်းဆောင်ဟု အသိအမှတ် ပြုထားသော တသီးပုဂ္ဂလပုဂ္ဂိုလ်ကြီးများ အများဆုံး ၁၀ ဦး၊

(ဂ) လူထုအစည်းအရုံးမှကိုယ်စားလှယ် ၃ ဦးစီ၊

(ဃ) လူမျိုးရေးဆိုင်ရာ အစည်း အရုံးများ ကိုယ်စားလှယ် ၃ ဦးစီ၊

ပုဒ်မ (၂) နောက်ထပ် ဝင်သော ပါတီများ အဖွဲ့များ

တို့ အသစ်ပြန်လည်ဖွဲ့ စည်းသော ဗဟိုဦးစီးအဖွဲ့က စည်းစားသွားရန်၊

အခက်း (၂) အဖွဲ့ချုပ်ရည်ရွယ်ချက်၊

(က) ဖက်ဆစ် ဝါဒ ကမ္ဘာလုံးတွင် လုံးဝ ကွယ်ပျောက်သည်အထိတိုက်ခိုက်ချေမှုန်းရန်၊

(ခ) အတ္တလန်တိတ် ကြေညာချက်၊တီဟာရန်ကြေညာချက်စသော ကြေညာချက်များအတိုင်း၊ ဗမာပြည်သူပြည်သားတို့သည်မိမိတို့၏ကံကြမ္မာကိုမိမိတို့ဖါသါဖန်တီးနိုင်ရန်၊

(ဂ) ဗမာပြည်ကြီးကို ပြည်သူတို့ဆန္ဒအတိုင်းပြန်လည်ထူထောင်ရန်၊

(ဃ) ဗမာပြည်ကို ဗမာပြည်ရှိတိုင်းရင်းသား လူမျိုးအသီးသီး တို့အားလုံးသဘောတူ လွတ်လပ်စွာ ဖွဲ့စည်းသော တိုင်းပြည်ကြီး ထူထောင်ရန်၊

ဤသို့ တည်ထောင်ရာ၌ ပါဝင်သော လူမျိုးအသီးသီးအား၊မိမိတို့ကံကြမ္မာကို မိမိတို့ဖါသါဖန်တီးနိုင်သော အခွင့်အရေးပေးထားရန်၊

အခက်း (၃) အဖွဲ့ချုပ်ဖွဲ့စည်းရာတွင် ထားသည့်အခြေခံတရားများ၊

၁၊ တဦးချင်းဖြင့် အာဏာရှင် လုပ်သည့် စံနစ် ကို မလိုလား၊

၂၊ လူမျိုးအချင်းချင်း မုန်းတီးရေးကိုမလိုလား၊အချင်းချင်း ညီရင်းအစ်ကို ချစ်ခင်မှုကို လိုလားသည်၊

၃၊ စစ်မက်လိုလားသောဝါဒ၊စစ်ဝါဒသမားက ဖွံ့ဖြိုးသောစံနစ်ကိုမလိုလား၊

၄၊ အရာရှိတို့ကအာဏာကို လက်ကိုင်ထားခါ၊ထင်ရာ စိုင်းသည့်စံနစ်ကိုမလိုလား၊

၅၊ သက်ဦးဆံပိုင် ရှင်ဘုရင် ထင်ရာမြင်ရာလုပ် အုပ်ချုပ်သည့်စံနစ်ကိုမလိုလားပေ၊

အဖွဲ့ချုပ်ဖွဲ့စည်းရာတွင် လိုလားရမည့်အချက်များ။

၁၊ တဦးချင်း ခေါင်းဆောင်သည့်ထက်ပိုင်းဝန်းစုရုံး၍ ခေါင်းဆောင်ခြင်းကိုလိုလားသည်၊

၂၊ ခေါင်းဆောင်သည့် ပုဂ္ဂိုလ်၊ ခေါင်းဆောင် သည့် အဖွဲ့အစည်းတို့ကိုလည်း၊ အများဆန္ဒဖြင့် ကြိုးကိုင် ထား ရန်လိုပေသည်၊

၃၊ ကမ္ဘာ့တိုင်းပြည်အသီးသီးတို့နှင့်ရင်းနှီးစွာ ဆက် ဆံမည့်လူမျိုးရေးတရား၊(ဝါ) ဝံသာနုတရားကို လက်ကိုင် ထားရမည်၊

၄၊ စစ်တပ် အဖွဲ့အစည်းများသည် တိုင်းပြည်အစိုးရ၏ လက်အောက်ခံဖြစ်ရမည်၊

၅၊ ပြည်သူအားလုံးတို့အား၊ ဒီမိုကရေစီ အခွင့်အရေး ပေးရမည်၊ လုပ်နည်းလုပ်ထုံးများသည်ဒီမိုကရေစီ အစဉ် အလာတို့နှင့်ဖြစ်စေရမည်၊

## အခန်း (၄) အဖွဲ့ချုပ် အတွင်းဝင် အဖွဲ့များအား အုပ်ချုပ်ရေး။

ပုဒ်မ ၁။ အဖွဲ့ချုပ်သို့ အစုလိုက် ဝင်သော အသင်းသားများသည်၊ အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်များကို တသွေမတိမ်းလိုက်နာရမည်၊

ပုဒ်မ ၂။ အဖွဲ့ချုပ်ဝင် အဖွဲ့ချင်း-အချင်း များခဲ့လျှင်၊ အဖွဲ့ချုပ်၏ဦးစီးအဖွဲ့က ဆုံးဖြတ်ပိုင်ခွင့်ရှိသည်၊

ပုဒ်မ ၃။ ပါတီ ကိစ္စများ၊ ပါတီအကျိုးများနှင့်နိုင်ငံ ကိစ္စများ၊ နိုင်ငံအကျိုးများ ထိပါးငြိတွယ် သလျှင်၊နိုင်ငံအကျိုး နိုင်ငံကိစ္စသာလျှင်အဓိကဖြစ်ရမည်။

ပုဒ်မ ၄။ အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်အရ၊ နိုင်ငံ၏ကိစ္စများကို ဆောင်ရွက်ရာ၌၊ အဖွဲ့ချုပ်၏ အမည်နှင့် ဆောင်ရွက်ရမည်၊

ပုဒ် ၅။ အဖွဲ့ချုပ်ဝင် အချင်းချင်း ပုဂ္ဂိုလ်စွဲ ပုတ်ခတ်ပြောဆိုခြင်းမရှိရ။

ပုဒ်မ ၆။ အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက် မချမီ၊ အဖွဲ့တခုက မိမိ၏ သဘောထားကို လက်ခံ လာအောင်ကြိုးစားနိုင်သည်၊ သို့ရာတွင်ဆုံးဖြတ်ချက်ချပြီးသည့်အခါ၊ ထိုအဖွဲ့၏သဘောထားမဟုတ်ဘဲ၊ အဖွဲ့ချုပ်၏ သဘောထားဖြစ်သဖြင့် ၎င်းဆုံးဖြတ်ချက်ကိုမဆန့်ကျင်ရ၊

## အခန်း (၅) နယ်များတွင် အဖွဲ့ခွဲများ ဖွဲ့စည်းရေး။

နယ်များတွင် ခရိုင်အဖွဲ့ခွဲမြို့နယ်အဖွဲ့ခွဲရွာအဖွဲ့ခွဲစသည် ဖြင့်အဖွဲ့ခွဲများကိုဖွဲ့စည်းရမည်၊

၎င်းအဖွဲ့ ခွဲများသည် ဗဟိုဦးစီးအဖွဲ့၏ နမူနာအတိုင်း အဖွဲ့အသီးသီးတို့၏ကိုယ်စားလှယ်များပါဝင်ရစေမည်၊

### ဗဟိုဦးစီးအဖွဲ့ဝင်များ။

၁။ ဗိုလ်ချုပ်အောင်ဆန်း၊ ၂။ ဗိုလ်လက်ျာ၊ ၃။ ဗိုလ်နေဝင်း ၄။ သခင် သန်းထွန်း။ ၅။ သခင်မြသွင်၊ ၆။ သခင်ဘဟိန်း၊ ၇။ ကိုထိန်းဖေ၊ ၈။ ကိုကျော်ငြိမ်း။ ၉။ ကိုဘဆွေ။ ၁၀။ သခင်ချစ်၊ ၁၁။ သခင်ဝထင်။ ၁၂။ ဦးဘချို၊ ၁၃။ ဦးချစ်မောင်၊ ၁၄၊ ဦးမြ(ဟင်္သာတ) ၁၅။ ဦးဘခိုန်း၊ ၁၆၊ ဦးအေး၊ ၁၇ ဦးအောင်ဇေယျ၊ ၁၈။ဦးတိုးမြ၊ {ကသာ} ၁၉။ ဦးကျော်ရင်၊ ၂၀။ ဦးဘဂျမ်း။ ၂၁။ စောဘဦးကြီး၊ ၂၂၊ ဦးဘခိုင်၊ ၂၃။သရာသာသုံ၊ ၂၄၊ ဦးဘဖေ၊ ၂၅။ ဦးထိန်းမောင်၊ ၂၆ ဦးပု၊ ၂၇၊ ဦးဆက်၊ ၂၈၊ ဦးမြ(ပျော်ဘွယ်)၊ ၂၉ ဦးဘစိန်း၊ ၃၀၊ ဦးတင်၊ ၃၁ သခင်လေးမောင်၊ ၃၂၊ သခင်ညို၊ ၃၃၊ မစ္စတာရာရှစ်၊ ၃၄ မစ္စတာရာမန်၊ ၃၅ ဦးကြင်မှိုင်၊ ၃၆၊ ဦးမျိုးဂျူး၊

## ပြည်သူ့အစည်းအဝေးကြီးတွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ မျိုးချစ်ဗမာ့ တပ်မတော်—စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်း။

ကနေ့မြို့လုံးကျွတ်အစည်းအဝေးခေါ်ရတဲ့အကြောင်းကတော့၊ ကျွန်တော်တို့ဗမာ့တပ်မတော် အပါအဝင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး အကြောင်းကို မြို့သူမြို့သားများနှင့် တိုင်းသူ ပြည်သားများအား ရှင်းလင်းပြောပြချင်လို့ပဲ ။ပဌမဆုံး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးနှင့်ပတ်သက်ပြီး ရှင်းလင်းချင်တဲ့ အချက်ကတော့၊ဒီအဖွဲ့ချုပ်ဟာ—သခင်အဖွဲ့လို့ အများထင်နေတဲ့ တို့ဗမာအစည်းအရုံးနှင့်လဲမတူဘူး၊ တို့ဗမာအစည်းအရုံးက တို့ဗမာအစည်းအရုံးသတ်သတ်၊အခုရင်တုန်းကတို့ဗမာအစည်းအရုံးထဲကျွန်တော်တို့ပါခဲ့ပါတယ်၊ အခုအကြောင်းကြောင်းတွေကြောင့် ကျွန်တော်တို့မပါတော့ဘူး၊

ဒုတိယ ကျွန်တော်ရှင်းပြချင်တဲ့ အကြောင်းကတော့ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးဟာ–ကွန်မြူနစ်ပါတီလဲမဟုတ်ဘူး၊ ကွန်မြူနစ်ပါတီကလူတွေဟာ ဒီအဖွဲ့ချုပ်ကြီးမှာ ဝင်လုပ်နေတာမှန်တယ်၊ ဒါပေမဲ့ သူတို့ပိုင်အဖွဲ့မဟုတ်ဘူး၊ဒီအဖွဲ့ချုပ်ကြီးကိုဂျပန်လက်ထက်မှာ ဂျပန်တွေက တိုင်းသူပြည်သါးတွေအပေါ်အမျိုးမျိုးစော်ကားအမျိုးမျိုးနှိပ်စက်ပြီး ဘာမှအခွင့်အသားမရှိတဲ့ လွတ်လပ်ရေးဘမ်းပြ

သွားရတ်နေ့တော့ ကျုပ်တို့ဘကကယ် လွတ်လပ်ရေးကို ရအောင်ထကယ်တိုက်ချင်တဲ့ လူတွေကိုပါတီမရွေးလူမျိုးမရွေးဘာသာမရွေးတတိုင်းတပြည်လုံးသွားစည်းပြီးလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နှင့် ၁၉၄၄ ခု၊ ဩဂုတ်လအစလောက်မှာတည်ထောင်လာခဲ့တယ်၊ အဲဒီလိုအဖွဲ့ချုပ်ကြီးမဖွဲ့ခင်ကတော့၊ ပိုတာရ-ဒီဘာရ ကျုပ်တို့က ကျုပ်တို့ချည်း၊ ကွန်မြူနစ်တွေက ကွန်မြူနစ်တွေချည်း၊ ပြည်သူ့ တော်လှန်ရေး အဖွဲ့က ပြည်သူ့တော်လှန်ရေးအဖွဲ့ချည်း သတ်သတ်ဆောင်ရွက်နေကြလို့ ကျုပ်ကစတင်ပြီးအကြံပေးတဲ့ အတိုင်း အားလုံးစည်းရုံးပြီး၊ ဂျပန်ကို တိုက်ကြရအောင်လို့ နှိုးဆော်လို့ဒီအဖွဲ့ချုပ်ကြီး ဖြစ်ပေါ်လာခဲ့တယ်၊ ဒီအဖွဲ့ချုပ်ကြီးကို ဘယ်လိုဖွဲ့စည်းရမယ်ဆို— ဘာရည်ရွယ်ချက်တွေနှင့် ဖွဲ့စည်း ရမယ်ဆိုတဲ့အချက်တွေကို ကျုပ်ကဘဲ စတင်စီမံပေးခဲ့တာဘဲ၊ အဲသလိုအဖွဲ့ချုပ်ကြီးကိုလုပ်တဲ့ အခါ ဘယ်အဖွဲ့ ဘယ်ပါတီရဲ့ မူပိုင် သဘောမျိုး အဖြစ်နှင့် ဖွဲ့ခဲ့တာမဟုတ်ဘူး၊ တတိုင်းတပြည်လုံးရဲ့ လွတ်လပ်ရေးကို အဓိကထားပြီး သွားစည်းဘို့အတွက် ဖွဲ့စည်းခဲ့တာဘဲ၊ သို့ပေမဲ့ တခုတော့ရှိတယ်၊ ကွန်မြူနစ်ဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ်အလုပ်လုပ်ရင်အလုပ်လုပ်တဲ့လူ တွင်ကျယ်မယ်ဆိုတာကိုတော့ အားလုံးနားလည်ဘို့လိုတယ်၊

ဒါဖြင့်ဒီအဖွဲ့ချုပ်ကြီးဟာ ဘာလုပ်ခဲ့သလဲ၊ အိန္ဒိယပြည် တရုပ်ပြည်မှာရှိတဲ့တချို့မျိုးချစ်လူငယ်တွေနဲ့ ကျွန်တော်

တို့အဆက်ရပြီး၊ မဟာမိတ်တွေနှင့် အဆက်ရနိုင် သမျှခု အောင်လုပ်တယ်၊ ပြီးတော့တာနိုင်ငံခြားအဆက်မှ မရရ ရရ–ဂျပန်ဖက်ဆစ်များကို အမြန့်ဆုံး တိုက်နိုင်အောင်စီမံ ဝိုင်းဖြင်းခဲ့တယ်၊ နောက်ဆုံးမတ်လ ၂၇ ရက်နေ့ကစပြီး တပြည်လုံးမှာ ကျုပ်တို့ထင်မတော်က ကြီးမှူးပြီး ဂျပန်ကို တော်လှန်ခဲ့တယ်။ ဆဲဒီအရင်က လဲ ရိုးပြည်မှာရှိတဲ့အရင် ၁၉၃၆–ခုကျောင်းသားသပိတ်တုန်းက သပိတ်မှောက်အ ဖွဲ့ချုပ်လူကြီးတဦးဖြစ်ခဲ့တဲ့ ကိုညိုထွန်းက– ကမာဘ လုပ်သို့ဦးပညာသီဟက ခေါင်းဆောင်ပြီး၊ ရခိုင်ပြည်အမျိုး သားများက မဟာမိတ်များ ပေးတဲ့လက်နက်များနဲ့ ဂျပန် ကိုပုန်ကန်ခဲ့ကြတယ်၊ ကျွန်တော်တို့ တိုင်းရင်းသားများဖြစ် တဲ့ကချင်တို့ချင်းတို့ကလဲ။ ဂျပန်ကိုတိုက်ခဲ့တယ်၊ ကရင်အ မျိုးသားများလဲ ဒီကိစ္စမှာ ဝိုင်းဖြင်းခဲ့တယ် နောက်ဆုံးသူ တို့ဟာ တောင်ငူနယ်မှာ အထူးသဖြင့်အောင်အောင်မြင်မြင် နှင့်ဂျပန်ကိုတိုက်ခိုက်ခဲ့ကြတယ်၊ ကျွန်တော်တို့တပ်မတော် မှာရှိတဲ့ကရင်တပ်ရင်းကလဲ မြစ်ဝ ကျွန်းပေါ်အနောက်ပိုင်း ကိုတာဝန်ယူတိုက်ခဲ့တယ်၊ နောက် အထက် ဗမာပြည်မဆွဲ လေးတပိုင်မှာ ကွယ်လွန်သွားတဲ့ ဗိုလ်မှူးကြီးဗထူးကြီး မှူးပြီး၊ ကျုပ်တို့တပ်မတော်က ဂျပန်ကို တိုက်ခိုက်ခဲ့တယ်၊ ဗိုလ်မှူးကြီးဗထူးတိုက်ပေးတဲ့အတွက် မန္တလေး တိုက်ပွဲ ဟာ လျင်မြန်စွာအောင်မြင်ရမယ်ဆိုတာကို ပဲတုန်းကဗမာ ပြည်တိုက်ခိုက်ရေးကို ကြီးမှူးအုပ်ချုပ်ရတဲ့ မဟာမိတ်တပ်

မတောင်အမှတ် ၁၄ တပ်မှူး လက်ဖတင်နင်ဂျင်နရယ်ဆာ ဝီလီယံ ဆလင်း ကိုယ်တိုင် ရေဒီယိုက ချီးကျူးပြောခဲ့တယ်။နောက်ကိုလဲ ဗိုလ်မှူးကြီးဗထူးဟာ မြို့တွေရွာတွေ အမြောက် အမြား သိမ်းပြီး ရှမ်းပြည်ဘက် တက်တိုက်ခဲ့တယ်။ဗိုလ်မှူးကြီးဗထူးကို မဟာမိတ်ဒီဗီဇံ တပ်မှူးတိုင်းလိုလိုသိကြတယ်။ ချီးကျူးတယ်။ ၄ နံပါတ် တပ်မကြီးမှူးဖြစ်တဲ့ လက်ဖတင်နင် ဂျင်နရယ် မက်ဇာဗီက။ ဗိုလ်မှူးကြီး ဗထူးရဲ့အကြောင်းကို (Despatches) လန်ဒန်ဂေဇက်(ဘိလင်အစိုးရဂေဇက်) ထဲမှာ ထဲ့ပြီး ကျေညာမယ်လို့ ပြောခဲ့တယ်။ နောက်-မိတ္ထီလာမှာရှိခဲ့တဲ့ တင်ရင်း(၅)ကားလဲ ဂျပန်ကိုတိုက်ခဲ့တယ်။ တပြည်လုံးမှာတော့ မတ်လ ၂၈ ရက်နေ့ကစပြီးတိုက်ခဲ့တယ်။အဲဒီလိုတိုက်ခဲ့တဲ့အခါ။ တောင်ငူဘက်မှာ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ခွဲနှင့် ကျုပ်တို့တပ်မတော်ကဗိုလ်အကြပ် ၃၀ လောက် ကြီးမှူးပြီး ပျောက်ကြားတပ်များ သီးခြားဖွဲ့ပြီးလဲ တိုက်ခဲ့တယ်။ ကျုပ်တို့တပ်မတော်နှင့်ပျောက်ကြားတပ်တွေတိုက်လိုက်တဲ့အတွက် ဂျပန်ပေါင်း နှစ်သောင်းထက်မနည်း ကျဆုံးခဲ့တယ်။ သုံ့ပန်းပေါင်း ၂ ရာ ၃ ရာခန့်ဘမ်းမိတယ်။ ဂျပန်သုံ့ပန်း ဒီလောက်ဘမ်းနိုင်တယ်ဆိုတာ တော်တော်ကိုထူးခြားတယ်။ တခြားလူမျိုးတွေနဲ့ စစ်တိုက်ရတဲ့အခါ သုံ့ပန်းရတို့လွယ်သလောက် ဂျပန်ကို သုံ့ပန်းရတို့ မလွယ်ဘူး၊ ဒီအချ[illegible] ကိုယ်တိုင်က

အသိအမှတ်ပြုကြတယ်။ နောက်-ကျွန်တော်တို့ တပ်တွေ သိမ်းတဲ့မြို့တွေ ရွာတွေ-တိုက်ပွဲတွေအကြောင်း အရုံအလင်ကိုတော့ နောက်မှစာအုပ်စာတမ်းကျကျနနထုတ်တဲ့အခါ-ခင်ဗျားတို့ သိကြမှာပဲ။ ထူးခြားတဲ့ အချို့အချက်တွေကို ဖေါ်ပြရရင်။ ဂျပန် လက်ဖတင်နှင် ဂျင်နရယ်တယောက်။ မေဂျာဂျင်နရယ်နှစ်ယောက်နှင့် အခြားအရေးကြီးတဲ့ ဂျပန် အရာရှိ အမြောက် အမြားကို သတ်ဖြတ်ခဲ့တယ်၊ တောင်ငူနယ်မှာ ပျောက်ကြားတပ်များက ကူညီတိုက်ခိုက်ခဲ့တဲ့ အတွက်၊ မဟာမိတ်တပ်များ ရန်ကုန်အရောက်မြန်ခဲ့တယ်ဆိုတာကိုလဲ မဟာမိတ်များကအသိအမှတ်ပြုခဲ့တယ်။ မှော်ဘီ လေယာဉ်ပျံကွင်းမှာ ဂျပန်လေယာဉ်ပျံ ၃ စင်းကိုဖျက်ဆီးခဲ့တယ်။ ဂျပန်တွေသိမ်းထားတဲ့ စပါးအမြောက်အမြား။ ပစ္စည်းအမြောက်အမြားတွေကို အပြေး မြန်တဲ့အတွက် မီးမရှို့နိုင်ဘဲ ထားပစ်ခဲ့ရတယ်။ အဲဒါတွေထဲက အမြောက်အမြားပစ္စည်းတွေကို စံနစ်ကျတဲ့နယ်သူနယ်သားတွေကိုဝေပေးနိုင်ခဲ့တယ်။ပေါင်းတည်ဘက်မှာ ချွေးတပ် ရှစ်ထောင်လောက်ကို ဂျပန်တွေဆီက ထွက်ပြေးသွားနိုင်အောင်လုပ်ခဲ့တယ်။ ရန်ကုန်မှာဆိုရင်လဲ ထောင်ကို ဖေါက်ဘမ်းထား တဲ့ ရဲဘော် တွေလွှတ်ပစ်လုပ်ခဲ့တယ်၊ ကျွန်တော်တို့ ထလိုက်တဲ့အတွက်ရန်ကုန်မြို့ကဂျပန်တွေ အမြေးမြန်ပြီး ဂျပန် အပျက်အဆီးနည်း သွား တယ်။ နောက်ဆုံး စစ်တောင်း မြစ်ဝှမ်း တ

လျှောက်မှာ ရွှတ်ရွှတ်ချွံချွံ တိုက်ခိုက်ခဲ့ကြတယ်။ ဒီလို ကျွန်တော်တို့ တိုက်ထားကို ဘိလပ်မှာရှိတဲ့ သတင်းစာကြီးတွေကရော-ဥရောပတိုက်- အမေရိကန်- အိန္ဒိယ-တရုပ်ပြည်မှာရှိတဲ့ သတင်းစာကြီးတွေကရော ချီးကျူးရေးသားရတယ်။အထူးသဖြင့် ဘိလပ်မှာရှိတဲ့ နာမည်အကြီးဆုံး လန်ဒန်တိုင်းသတင်းစာကြီးက ခေါင်းကြီးပိုင်းကနေပြီး ကျကျနန ရေးသားရတယ်။ အရင်တုန်းက ဗမာပြည်ရဲ့အကြောင်းကို ဒီသတင်းစာ ခေါင်းကြီးပိုင်းက သာမညလောက်ရေးသားဘူးရုံတဲ့ရှိတယ်။ ဒီတခါတဲ့ကျကျနန ကျွန်တော်တို့တပ်မတော်ကို ချီးကျူးရေးသားတယ်။ ဘိလပ်ပါလီမန်မှာရော သူတို့ထုတ်တဲ့စက္ကူပြာတို့-စက္ကူဖြူတို့မှာရော ကျုပ်တို့ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးနှင့် တပ်မတော်တို့အကြောင်းကို အရေးတယူ ပြောဆိုရေးသားရတယ်။ ဒါတောင် သူတို့ ကျုပ်တို့ တိုက်တာတွေအကုန်မပြောသေးဘူး။ ထိမ်နိုင်သလောက်ထိမ်ထားသေးတယ်။

ဒါဖြင့် ကျုပ်တို့ ဘာအမြတ်ရသလဲ ဆိုရင် မူလအစကျုပ်တို့ဂျပန်ကို ထချတုန်းက ဘာကတိမှ ဗြိတိသျှအစိုးရဆီကမရခဲ့ဘူး။ ဒါပေမဲ့ ကျုပ်တို့က ဘာဈေးမှမဆစ်ဘဲ မှန်တယ်ထင်တဲ့ဘက်က ထွက်တိုက်ခဲ့တယ်။ ထင်တဲ့အတိုင်းလဲ ဟုတ်တယ်ဆိုတာ အခုဖြစ်တဲ့ အဖြစ်အပျက်တွေကသက်သေခံနေတယ်။

ကမ္ဘာကြီး တရလုံး ဒီလိုကျုပ်တို့ ဂျပန်ကိုတိုက်တဲ့ အကြောင်းသိတော့ ကမ္ဘာမှာရှိတဲ့ မဟာမိတ်နိုင်ငံပေါင်း ရုံးအကြည့်ညို့လဲ မပျက်ရအောင်၊ ဘီလပ် တိုင်းသူပြည်သားတို့ကလဲ အပြစ်မတင်နိုင်အောင်၊ ပြီးတော့ဗမာပြည်ကိုလဲ လုပ်ချင်တိုင်းလုပ်လို့ မရဘူး ဆိုတာသိတော့။ ဗြိတိသျှအစိုးရက ခင်ဗျားတို့ချင်းသာ ညီညွတ်ပြီပြောကြ၊ လွတ်လပ်ရေးလိုချင်တောင်ပေးမယ်ဆိုတဲ့ စကားမျိုးပြောနေရပြီ။ အခု ကမ္ဘာကြီး အခြေအနေဟာ သိပ်ကောင်းနေတယ်။ ကမ္ဘာ ကြီးဟာ အများ ပြည်သူတို့ ဆန္ဒ အရ၊ တိုင်းပြည်တိုင်း တိုင်းပြည်တိုင်း ကိုယ့်အရေးကိုယ်ဆုံးဖြတ်နိုင်တဲ့ အခွင့်အရေးကို အရင်စစ်ကြီး ပြီးစကထက်ပိုခရီးရောက်ရောက်နှင့် အသိအမှတ်ပြုနေရတယ်။ လမကြာခင် ဆန်ဖရန် စစ်စကို ကွန်ဖရင့်မှာ ရုရှားက လက်အောက်ခံနိုင်ငံဟူသမျှ လုံးဝလွတ်လပ်ရေးပေးရမယ်။ မပေးနိုင်သေးတဲ့ တိုင်းပြည်တွေကို နိုင်ငံပေါင်းရုံးသမဂ္ဂအဖွဲ့တဖွဲ့ကအုပ်ချုပ်ရမယ် အစရှိသဖြင့်ပြောခဲ့တယ်။အင်္ဂလိပ် အမေရိကန်တို့က ဒီလောက်မလုပ်ပါနှင့်။ လုံးဝ ကိုယ်ပိုင်အုပ်ချုပ်ရေးလောက်ဘဲလုပ်ပေးပါလို့ လိုက်လျှောပြောရတယ်။ ဘာဘဲဖြစ်ဖြစ် အရင် ကမ္ဘာစစ်ပြီးတုန်းက နိုင်ငံပေါင်းချုပ်အသင်းတုန်းက ဒီစကားမျိုးမပါဘူး။ အခုပါလာရပြီ။ ဆန်ဖရန်စစ်စကို ကွန်ဖရင့်မှာ တရုပ်ပြည်က ကိုယ်စားလှယ်များက ဗမာပြည်ရဲ့ အရေးကို ထောက်ခံ

အားပေးစကား ပြောကြားတယ်လို့လဲ သိရတယ်။ အရင်နိုင်ငံ ပေါင်းချုပ် အသင်း ထက်၊ အခု နိုင်ငံ ပေါင်း ချုပ်အသင်းက လုံးဝ နိုင်မှာတယ် မဆိုနိုင်တော့ဘူး ပိုနိုင်မှာတယ် ဆိုတာ ကမ္ဘာ့သတင်းစာ ကြီးများကရေးကြပြောကြတယ်။အရင်က အမေရိကန်ပြည်ဟာ နိုင်ငံပေါင်းချုပ်အသင်းမှာမပါဘူး။ အခုပါတယ်။အရင်က ပဉ္စမရုရှားကိုဝိုင်းပယ် ထားတယ်၊ အခု မပယ်နိုင် တော့ဘဲ သူကလူ့စွာတဦး အကြီးအကျယ် ဖြစ်နေတယ်။ အရင်က နိုင်ငံပေါင်းချုပ် အသင်းကို ပြင်သစ်နှင့် အင်္ဂလိပ်က အုပ်စားမယ် ဆိုတဲ့ သဘော လုပ်ထားတယ်။အခုဘယ်သူမှအုပ်စားချင်ပေမဲ့ အုပ်မစားနိုင်အောင် အားချင်း မျှနေတယ်။ ရုရှကလဲ အားတောင့်တာဘဲ။ အမေရိကန်ကလဲတမျိုးတောင့်တာဘဲ။ အင်္ဂလိပ်နှင့် အမေရိကန်က ပေါင်းပြီး အုပ်စားမယ် စိတ်ကူးတောင် ရုရှနှင့် နိုင်ငံ ကလေးပေါင်းများစွာကပေါင်းပြီ ဖျက်လိုက်ရင် တဦးအပေါ်တဦးဖွမ်းဖိုးဘို့ အင်မတန်ခဲယဉ်းမယ်။ဘိလပ်မှာရှိတဲ့လူတွေဥရောပတိုက်မှာရှိတဲ့ လူတွေ- ကမ္ဘာမှာ ရှိတဲ့ လူတွေကလဲအားလုံးနိုးကြားပြီ ။ ရှေးက ညာစားကြတဲ့ လူတွေ အကုန်ဖြုတ်ချပစ်ပြီ ။ဥရောပတိုက်မှာဆိုရင်။ ပိုလန်ပြည်မှာ ပိုလန်ပြည်သူပြည်သားများအတွက်။ တကယ်လုပ်တဲ့ လူတွေဟာတွင်ကျယ်နေတယ်။အစတုန်းမယ်တော့ ဘိလပ်ကိုပြေးသွားတဲ့ ပိုလန်ပြည်သူပြည်သားတွေကို အုပ်စား

တဲ့ လူညာအစိုးရ (ပိုလန်ပြည်မှာ ဒီပြင်လူတွေက တိုက်နေတုန်းသူတို့ဘိလပ်မှာထိုင်နေပြီး- ညာနေကြတာဘဲ) အဲဒီလူညာအစိုးရကိုဖျက်ပြီး တကယ်လုပ်တဲ့လူတွေနဲ့ ပူးပေါင်းပြီး အစိုးရအဖွဲ့သစ်ဖွဲ့ရတယ်။ ဘဲလ်ဂျီယံမှာလူတွေဟာ ရှင်ဘုရင်ဆိုတဲ့ မျောက်ပြဆန်တောင်းတဲ့စံနစ်ကို မကြိုက်တော့ဘဲ၊ အရေးကျတော့ ရှင်ဘုရင်တွေက ဘာမှခေါင်းဆောင်ခေါင်းရွက်မလုပ်နိုင်တော့၊ ရှင်ဘုရင်စံနစ်ကိုဖြုတ်ကြလိမ့်မယ်လို့ ယူဆတယ်၊ ဂရိတ်ပြည်မှာအဲဒီအတိုင်းဘဲ။ ယူဂိုစလေပြည်မှာတော့ရချူပြုတ်မှာဘဲ။ အဲဒီမှာ မာရှယ်တီးတိုး ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက လူမျိုးပေါင်းစုံကို ခေါင်းဆောင်ပြီး ဂျာမန်တွေကို အင်မတန်အောင်အောင်မြင်မြင်တိုက်နိုင်တဲ့အတွက် ဒီပုဂ္ဂိုလ်ကြီးနှင့်အဖွဲ့တွေဘဲ တက်မှာဘဲ။ ပြင်သစ်မှာဆိုရင် လက်ဝဲဂိုဏ်းသားတွေ တက်နေကြပြီ။ မြူနီစီပါယ်ရွေးကောက်ပွဲတွေမှာဆိုရင် သူတို့ကအားများတယ်။ ဘိလပ်မှာတော့-ခင်ဗျားတို့ သိပြီးတဲ့ အတိုင်း လေးဘား ပါတီက တက်တယ်။အရင်တုန်းကတိုင်းပြည်အုပ်စားပြီး သူတို့ ဖျင်းလို့ဂျာမန်နာဇီဂိုဏ်းတို့-အီတလီ ဖက်ဆစ် ဂိုဏ်းတို့-အားကြီးသွားခဲ့တယ်။ နောက်ဆုံး သူတို့မွေးတဲ့ မျောက် သူတို့ကိုပြန်ခြောက်ခဲ့တယ်။ အဲဒီတော့တောင် ပဌမ ကောင်းကောင်းမတိုက်ဘူး။ ဒါကြောင့် ပဌမအကြီးအကျယ်ရှုံးခဲ့တယ်။ စစ်မရှောင်သင့်ဘဲရှောင်ခဲ့တယ်။ အဲဒီလိုညာစားခဲ့တဲ့

ကွန်ဆာဗေးတစ်ပါတီ ပြုတ်သွားပြီး- လေဘာပါတီဟာ အင်္ဂလိပ်ရာဇဝင်မှာ ဒီတကြိမ်ထဲ အပြတ်အသတ် ရွေးကောက်ပွဲနိုင်ဘူးတယ်။ အရင်တုန်းက နှစ်ခါ နိုင်ဘူးပါရဲ့။ ပြတ်ပြတ်သတ်သတ် မနိုင်လို့ ကောင်းကောင်း မလုပ်နိုင်ဘူး။ ကြာကြာမခံဘူး။ အခုတော့ အပြတ် အသတ် နိုင်တယ်။ ဒါထွင်မကဘူး ရှေ့ကို လေဘာပါတီက လူကြီးတွေ သိပ်မရှော်ရင်- တဘက်ထဲ တက်ဘို့ လမ်းဘဲ မြင်တယ်။ အလားအလာရှိတယ်။ အဲဒီလို ကမ္ဘာကြီးအခြေအနေက သိပ်ကောင်းတယ်။

ဗမာပြည်က အခြေအနေကတော့ ကျုပ်အခုနကပြောခဲ့သလိုဘဲ။ ကျုပ်တို့လုပ်ငန်းတွေဟာ ခြေရာလက်ရာ အကောင်အထည်နှင့် ရှိပြီးသားဘဲ။ ကျုပ်တို့ဟာ-ဘယ်သူ့မှပုတ်ခတ်ထားလဲမဟုတ်ဘူး။ ကိုယ်ရည်သွေး ပြောတာလဲမဟုတ်ဘူး။ ကျုပ်ပြောခဲ့တယ်။ ဒီဗမာပြည်မှာ တိုင်းပြည်အတွက် ကျုပ်တို့ထက်ပိုလုပ်တဲ့ လူ- အနစ်နာခံတဲ့ လူ-မရှိဘူးဆိုတာ ကျုပ် ပြောခဲ့တယ်။ ကျုပ်ဆိုလို့ရှိရင် ဂျပန်လက်ထက်မှာဖြစ်ဖြစ်-အခုဖြစ်ဖြစ်- ကျုပ်လိုချင်ရင် လိုချင်တဲ့ ရာထူးရဘို့ မခဲယဉ်းပါဘူး။ ဂျပန်တွေတုန်းက-မင်းတောင် ရှင်ဘုရင်ဖြစ်နိုင်သားဘဲ ဆိုတဲ့စကားမျိုး အပြောခံရတာဘဲ။ ဒါပေမဲ့ - ကျုပ်ဒီလိုရာထူးတွေကိုသာ ရည်ရွယ်ပြီး နိုင်ငံရေး လုပ်ချင်ရင် - အစကထဲ က ဒီလောက်ခဲယဉ်းပင်ပမ်းတဲ့ နိုင်ငံရေးမလုပ်ဘူးမှတ်ပါ။ အခု

ဒီလောက်ခဲယဉ်းပင်ပန်း ဘေးများတဲ့ အလုပ် (အရဟန်လို့သာအသက်ရှင်နေတာ။ မဟန်ရင်ကြွေသွားပြီ ကျုပ်ပြောတာ။ အဲဒီလိုဆိုရင် ခင်ဗျားတို့ ကျုပ်နာမည် တောင်ကောင်းကောင်း ပြောရဲမှာ မဟုတ်ဘူး။) ကို လုပ်တယ်ဆိုတာ တိုင်းပြည် လွတ်လပ်ရေး လိုချင်လို့ဘဲ။ ကျုပ်တွင်လား၊ ကျုပ် ခေါင်းဆောင်နေတဲ့ တပ်မတော်သားတွေကအစ ဒီလောက် အပင်ပန်းခံတိုက်နေတာ။ လခလဲတပြားမှမပေးသေးဘူး။အဝတ်အစားလဲချို့တဲ့တယ်။ ဆေးဝါးလဲကောင်းကောင်းမလုံလောက်ဘူး။ လက်နက်ခဲယမ်းမီးကျောက်လဲမပြည့်စုံဘူး။အနားဆိုလိုလဲမရဘူး။ မဟာမိတ်တွေဆီက အကူအညီဆိုတာလဲ ရသင့်သလောက်မရဘူး။ ဒီပြင်ဆိုရင်လဲ လူငယ်တွေလုပ်ရင် အထင်သေးချင်တဲ့ အချို့လူကြီးတွေရဲ့ မသိမသာ နှောင့်ယှက်မှု။ သိသိသာသာနှောင့်ယှက်မှုကိုလဲ ခံရသေးတယ်။ အသက်လဲစွန့်ရတယ်။ သေတဲ့လူတွေ သေကုန်ပြီ။လူဒဏ်မမှိတဲ့ လူတွေရှိကုန်ပြီ။ အဲဒီလောက် အပင်ပန်းခံပြီး ကျုပ်တို့ တတပ်လုံး တိုက်နေတာဟာ။ တနေ့က ကျုပ်တို့ တပ်ခေါင်းဆောင် တွေရဲ့ ကြေညာချက် အတိုင်း။ လူတစုထည်းကောင်းစားဘို့လဲ မဟုတ်ဘူး။ ကျုပ်တို့ ကိုယ်ရေးကိုယ်တာ ကောင်းစားမှု အတွက် လောက်သာလဲ မဟုတ်ဘူး။ ကျုပ်တို့တိုက်နေတာဟာ။ တိုင်းပြည်ရဲ့လွတ်လပ်ရေးနှင့်တိုင်းပြည်၏လူထုကြီး ကောင်းစားရေးကိုသာ ရည်ရွယ်

ပြီးတိုက်တယ်ဆိုတာကို တထစ်ချ သိစေချင်တယ်။အခု ကျုပ်တို့တိုင်းမျိုးတပ်မျိုးတချို့လဲ။စစ်မြေပြင်မှာ စစ်သားတွေစိတ်ထားကို ကျုပ်တို့ထက်ပိုရုံရုံသင်လင် ပြောပြလိမ့်မယ်။ ကျုပ်တို့တင်မတော်တရလုံးဟာ။အခုအခါ ကြိမ်မီးအုံးသလို ပူပန်နေတယ်။ စစ်တိုက်တော့ ဆဲဆဲ။ စစ်တိုက်လို့ ကျည်ဆံသင့်သေသဲ့ ဆဲဆဲမှာ။တို့တိုက်တာ လွတ်လပ်ရေးရမှရပါ့မလားဟော့။ကျုပ်တော့ဖြင့်သွားပြီ။ တိုင်းပြည်မှာ ကျန်ရစ်မဲ့ ခေါင်းဆောင်ဲ့ လူကြီးတွေကို ပြောလိုက်ပါ။ကျုပ်တို့တာဝန်ကျေပြီ။ ခင်ဗျားတို့တာဝန် ကျေအောင် လုပ်ပါ။ မလုပ်ရင်တော့ ကျုပ်တို့ဘဝ အဆက်ဆက်တိုင်းက ဘာလုပ်မယ်။ ငြာလုပ်မယ် အစရှိသဖြင့် မြည်တမ်းသွားတာတွေဟာ။ ကျန်ရစ်နေတဲ့ ရဲဘော်တွေနှင့် ကျုပ်တို့အားလုံး စိတ်ကို အင်မတန် ထိခိုက်အောင်ဖြစ်တယ်။ ဒါကြောင့် တနေ့က ပဲခူးနှင့်ရန်ကုန်မှာ လုပ်တဲ့ တိုင်းမှုတွေနှင့် ကျုပ်တို့ ရန်ကုန်စစ်ဌာနချုပ်မှာ ရှိတဲ့ အရာရှိကြီးတွေ အစည်းအဝေးက။ ကျုပ်ကို တိုင်းပြည်ညီညွတ်ရေးကို အလုပ်ထင်ရှားဖြစ်နေပြီ။ ကမ္ဘာသိတဲ့ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးကို ဗဟိုပြုပြီး။ ညီညွတ်ရေးရအောင် လုပ်ပါဆိုတဲ့ အတိုင်း။ ဒီအဖွဲ့ချုပ်မှာဲ အခု ကျုပ်ဥက္ကဋ္ဌဖြစ်တဲ့အတိုင်းအခုဒီအစည်းအဝေးခေါ်တာဘဲ။ အင်္ဂလိပ်ကလဲ အလိမ္မာစကားသုံးထားတယ်။ ခင်ဗျားတို့ကသာ ပြောကြ။ ( ပြောကြ ဆိုတာက

ညီညီညွတ်ညွတ် ပြောဘို့ဆိုဘို့လိုတာ) ခင်ဗျားတို့ လွတ်လပ်ရေး လိုချင်သပဆိုရင် ရစေ့မယ်လို့ ဆိုထားတယ်။ ဒါဟာ အလိမ္မာစကားဘဲ။ သူတို့တိုးချင်ရင် တိုးနိုင်ပြီး၊ ရော့ချင်ရင် ရော့နိုင်တဲ့ စကားဘဲ။ ဒါကြောင့် အခုဒီအစည်းအဝေးခေါ်ပြီး ဒီရန်ကုန်မြို့မှာရှိတဲ့တိုင်းသူပြည်သားတွေကအစပြုပြီး၊ တိုင်းပြည်တပြည်လုံးကို ဘယ်သူကမှ ယုံမှားသံသယ မရှိအောင် ကမ္ဘာကလဲသိ အလုပ်အားဖြင့် ထင်ရှားဖြစ်နေတဲ့ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို တညီတညွတ်ထဲ ဝင်ရောက်လုပ်ကိုင်ပြီး၊ ကျုပ်တို့ရဲ့ ပြင်းပြတဲ့ဆ ဖြစ်တဲ့ လွတ်လပ်ရေးနှင့် လူများရကောင်းစားရေးကို ဖြစ်မြောက်အောင် ကူညီလုပ်ပေးကြပါ လို့ တိုက်တွန်းတာပါဘဲ။

ဒီပြင်လဲ တိုင်းပြည်ကို လိမ်နေကြတဲ့ လူညာတွေ၊ အကျင့်ပျက်တွေ- သတ္တိကြောင်တွေဟာ၊ ကိုယ့်အစွမ်းကိုယ် အားမကိုးတဲ့ လူတွေက ကြည်ညိုတန် ကောင်းရဲ့ဆိုတဲ့ ပုဂ္ဂိုလ်တဦးဦးကို ဗန်းပြပြီး လာစေကာမူ၊ ဘယ်နည်းနဲ့မှ အားမပေးကြပါနဲ့။ ခင်ဗျားတို့လည်ပင်း ခင်ဗျားတို့ကြိုးတပ်ချင်ရင်ဖြင့် ကျုပ်ဘာမှ မပြောလိုတော့ဘူး။ သို့သော်လဲ ခင်ဗျားတို့ဒါမျိုးအလုပ်မခံချင်ရင်- ခင်ဗျားတို့အကျိုးဖြစ်စေချင်ရင်၊ ဒီလူညာတွေ- အကျင့်ပျက်တွေ- သတ္တိကြောင်တွေကိုရှောင်ရှားကြပါ။ တိုင်းပြည်လွတ်လပ်ပြီး- ခင်ဗျားတို့အကျိုးတွေကို ထင်ထင်ရှားရှား ဘယ်သူမှ

လက်တလုံးခြား မလိမ်နိုင်အောင် စီမံနိုင်မှ ခင်ဗျားတို့အကျိုးရှိနိုင်မှာဘဲ၊ ကျုပ် နောက်ဆုံး သတိ ပေးချင် တာက၊ တိုင်းပြည်မှာ လူကြီးဖြစ်ဖြစ် လူငယ်ဖြစ်ဖြစ် ဘယ်လိုလူမှ စိတ်မချပါနဲ့၊ မလိမ်နိုင်အောင်ကြိုးချည်ထားပါလို့ ပြောချင်တယ်၊

နိဂုံးမချုပ်မီ တပ်မတော် ကိစ္စကိုလဲ ပြောပြ ချင်ပါသေးတယ်၊ အခု ကျွန်တော်တို့ တပ်မတော်ကို နာမည်သာရှိတဲ့ ဗြိတိသျှအစိုးရရဲ့ မြန်မာပြည်တပ်မတော်ဆိုတာထဲ သိမ်းသွင်းမယ်လို့ သာမန် ဆိုထားတယ်။ ဒါ့ဒါကို ကျွန်တော်တို့ မရှင်းတဲ့ အချက်တွေ အများကြီး ရှိတယ်၊ ဒါကြောင့် ကျွန်တော်တို့ လိုသားချက်များအတိုင်း အဖွဲ့ချုပ်ကြီးက ဒီအစည်းအဝေးကြီးမှာ တပ်မတော်နှင့် ပတ်သက်ပြီး တောင်းဆိုချက်တွေ တင်ပြလိမ့်မယ်။ ဒီအတိုင်း-တိုင်းပြည်က ထောက်ခံမယ်ဆိုရင်။ ကျွန်တော်တို့ တပ်မတော်သားတွေဟာ- ကြံ့ကြံ့ခံပြီး ဝင်ရောက်လုပ်ကိုင်နိုင်ခဲ့ အခြေအနေကို ရနိုင်မယ်လို့ ယုံကြည်တယ်၊ ဒါပေမဲ့ မလွတ်လပ်တဲ့ ဗမာပြည်ရဲ့ တပ်မတော်ထဲမှာ တပ်မတော်မှာရှိတဲ့ လူ ၁၀၀ မှာ ၉၉ ယောက်ကဖြစ်နိုင်ရင် အမှု မထမ်းလိုကြဘူး ဆိုတာကိုလဲ လေးလေး နက်နက် ခင်ဗျားတို့သိစေချင်တယ်။ ဒါကြောင့် လွတ်လပ်တဲ့ တိုင်းပြည် အောက် တပ်မတော် အမြန် ပြန်ရောက် နိုင်အောင်။ ခင်ဗျားတို့က လွတ်လပ်ရေးကို အားအား ချမ်း

ချမ်း ရယူပေးနိုင်တဲ့ တိုင်းပြည်ညီညွတ်ရေးကို ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးမှာဝင်ရောက်ပြီး ရအောင်လုပ်ပေးကြပါလို့ နောက်ဆုံးမှာချင်တယ်။

---

## ၁၉–ရက်နေ့။ရန်ကုန်မြို့လုံး ညွတ်အစည်းအဝေးတွင် ဟောင်ပြခဲ့သော
## နိုင်ငံလုံးညီညွတ်ရေးဆိုးဖြတ်ချက်၊

ကမ္ဘာစစ်ကြီးကား ပြီးလေပြီ။ သို့ရာတွင် ဗမာ နိုင်ငံသူ နိုင်ငံသားများ၏အရေးကား မပြီးသေး၊ ဗမာနိုင်ငံ၏အရေးတရလုံးသည် ဖျိုးချက်မြန်မာတပ်မတော်နှင့် လွတ်လပ်ရေးလိုချင်သူများအားလုံး သက်စွန့်ကြိုးပမ်း ထမ်းဆောင်လာခဲ့ရသည်နှင့်အမျှ ထိရောက်စွာ အောင်မြင်ရန်အတွက် ဗမာနိုင်ငံ၏ခေါင်းဆောင်မည့်ပုဂ္ဂိုလ်များနှင့် တိုင်းသူပြည်သားအပေါင်းတို့သည်။ လူမျိုးမရွေး–ဘာသာမရွေး။တညီတညွတ်တည်း ဆက်လက် ဆောင်ရွက်ရန် အထူးလိုပေသည်။

ဖျိုးချက်မြန်မာတပ်မတော်သားအားလုံးသည်၎င်း။ဗမာနိုင်ငံလွတ်လပ်ရေးအတွက် စွန့်စွန့်စားစားဆောင်ရွက်ခဲ့သူအပေါင်းတို့သည်၎င်း။ဤမျှအပင်ပန်းခံ–အဆင်းရဲအနှစ်နာအသေအကြေခံကာ– ကြိုးပမ်း ဆောင်ရွက် ခဲ့သည်မှာ၊ လက်တဆုပ်မျှ ရှိသော လူတစု၏ ကောင်းစားမှုကို သာ၎င်း။ ကိုယ်ရေးကိုယ်တာ တိုးတက်မှုကိုသာ၎င်း။ ရည်

မှန်းလျက်ဆောင်ရွက် လုပ်ကိုင်ခဲ့ကြသည်မဟုတ်ဘဲ၊ ဗမာနိုင်ငံလူထုအပေါင်းလွတ်လပ်ရေးအတွက်ရည်ရွယ်လျက် လုပ်ကိုင် ခဲ့ကြသည့် အကြောင်းကို၊ ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် နိုင်ငံသူနိုင်ငံသား အပေါင်းတို့က- အထူးသတိပြုသင့်ကြပေသည်။

ထို့ကြောင့်၊ ဤအစည်းအဝေးကြီးက ဗမာနိုင်ငံ အတွင်းခေါင်းဆောင်မည့်ပုဂ္ဂိုလ်များနှင့် တိုင်းသူပြည်သား အပေါင်းတို့က စိတ်ဝမ်းကွဲပြားခြင်းအလျဉ်းမရှိဘဲ၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်အတွင်းသို့ ထိရောက်စွာ ဝင်ရောက် လုပ်ကိုင်ကာ၊ ဗမာနိုင်ငံလွတ်လပ်ရေးနှင့်ပြန်လည် ထူထောင်ရေး လုပ်ငန်းအရပ်ရပ်ကို တညီတညွတ်တည်း နှောင့်နှေး ဆိုင်းငံ့ခြင်း အလျဉ်းမရှိဘဲ ဆောင်ရွက်ကြရန် အစည်း အဝေးကြီးက လေးနက်စွာတိုက်တွန်းပါကြောင်း။

—၀—

## ပြည်သူ့ အစည်းအဝေးတွင် နိုင်ငံလုံးညီညွတ်ရေး အဆိုကိုထောက်ခံရာ၌၊ကရင်အမျိုးသားခေါင်းဆောင် သရာသာထိုး၏ပြောဆိုချက်။

နိုင်ငံလုံးညီညွတ်ရေးအရေးကို-ကျွန်တော်တို့ ကရင်အမျိုးသားများသည် နှေးနှင့်အမှု တောင်တ ခဲ့ပါကြောင်း၊ “ပေါင်းသင်းခဲ့လာ- အောင်း ... မှ လာဟု၍

မှတ်အပ်ကြောင်း” မဂ်လာ တရားတော်အရ၊ မေတ္တာကို အရင်းခံ ပဓာနထားပြီး တိုင်းရင်းသားအပေါင်း- ညီညီ ညွတ်ညွတ်စည်းစည်းလုံးလုံးရှိပြီး၊ ကြီးနိုင်-ငယ်ညှဉ်း သဘောသဘာဝမျိုးအလျှဉ်းမရှိဘဲ၊ ကြီးသောသူက-ငယ်သော သူကို ပြုအပ်သော နာယက ဝတ္တရားများအတိုင်း ပြုလုပ်ဆောင်ရွက်ရန် ပြည်သူ့ အစည်းအဝေးကြီးက နိုင်ငံလုံးသို့ တိုက်တွန်းပါကြောင်း။

ဗမာနိုင်ငံကားဖက်ဆစ်ဂျပန်ရေးမှ လွတ်မြောက်သွားပြီဖြစ်၍၊ ကျွန်ုပ်တို့၏ လွတ်လပ်ရေးကို-အဆင်ပြေစွာ နေသားတကျဖြစ်လည်ထူထောင်ရေး လုပ်ငန်း အရပ်ရပ်မှာ ကျွန်ုပ်တို့တာဝန်ဝတ္တရားများဖြစ်လာကြပါကြောင်း။ လွတ်လပ်ရေးအခွင့်အရေးကို ကျွန်ုပ်တို့ပြင်းပြစွာအလိုရှိခဲ့သလို လွတ်လပ်သော လူမျိုး၏ တာဝန် ဝတ္တရား များကိုလည်း ထမ်းဆောင်ဘို့ရန် ရှောင်ရှေး ဆိုင်းငံ့ ခြင်း အလျှဉ်းမရှိဘဲ၊ တညီတညွတ်တည်း ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။ အခွင့်အရေးနှင့်တာဝန်ဝတ္တရားသည်၊ အစဉ် နွှန်တွဲလျက်ရှိသည်ဖြစ်၍၊ လွတ်လပ်သော အခွင့်အရေး ရရှိသည်နှင့် လျော်ညီစွာ၊လွတ်လပ်သော တာဝန်ဝတ္တရားများကိုလည်း ထိရောက်စွာဝင်ရောက်လုပ်ကိုင်ရမည် ဖြစ်ပါကြောင်း။

ဤအခါနှင့်စပ်လျဉ်း၍ ထောက်ခံစကား ပြောကြားရာ၌၊ ကရင်အမျိုးသားများအတွက် အနည်းငယ်ပြောရမည့် ဆိုလျှင်၊ မျိုးချစ်မြန်မာတပ်မတော် အားလုံး တို့ကို သော်

ရင်း၊ ဗမာနိုင်ငံ လွတ်လပ်ရေး အတွက် အရာရာဘက်မှ ဆောင်ရွက်ခဲ့သူအပေါင်းတို့ကိုရင်း၊ စွန့်စားခဲ့ရပုံအဖြာဖြာ ကိုလည်း ကြားသိရပြီး ဖြစ်သည့်အတိုင်း၊ ကြိုးပမ်းစွန့်စား သော ပုဂ္ဂိုလ်အပေါင်းတို့ကို များစွာ နှစ်သက် ချီးကျူးပါ သည်။ ဖက်ဆစ်တိုက်ဖျက်ရေး မတည်တွင်မီက၊ ထောင် သောင်းမကဲ - ကရင် လက်နက်ကိုင် တပ်သားများ၊ မြန်မာ ပြည်အတွင်း၌ဖြစ်စေ၊ ရေမြေရပ်ခြား တိုင်းတပါးသို့တိုင်၊ အသက်ကို စွန့်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဤမျှ ကရင်အမျိုးသား များအပင်ပမ်းခံ အဆင်းရဲ အနစ်နာ အသေအကြေ ခံခါ ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ၊ လက်တဆုပ် မျှသော လူ တစု၏ ကောင်းစားမှု ကိုသာ ရည်မှန်း လျက် ဆောင် ရွက်လုပ်ကိုင်ကြသည်မဟုတ်ဘဲ၊ ဗမာနိုင်ငံလူထုအပေါင်း လွတ် လပ် ရေး နှင့်၊ ကရင်တို့၏ အခွင့် အရေး အတွက် ရည်စူးလျက် လုပ်ကိုင်ခဲ့ကြသည့်အကြောင်းကို၊ ခေါင်း ဆောင်မည့်ပုဂ္ဂိုလ်များနှင့် နိုင်ငံသူနိုင်ငံသား အပေါင်းတို့ က၊ အသူးသတိပြုသင့်ကြပေကြောင်း၊

လွန်ခဲ့သော ၂-နှစ်ကျော်လောက်က၊ ဂျပန်အစိုးရက ဗမာပြည်လွတ်လပ်ရေးပေးပါသော်လည်း ၎င်းလွတ်လပ် ရေးကို၊ မည်သူမျှ မရကြောင်း၊ ယခု ဗြိတိသျှအစိုးရပေး မည်ဖြစ်သော လွတ်လပ်ရေးသည်၊ ညီညွတ်ရေးအပေါ်၌ တည်တံ့သည် ဖြစ်သောကြောင့်၊ ဗမာပြည်ရှိ တိုင်းရင်း သားအားလုံးတို့သည်၊ လွန်ခဲ့သောအချိန်၌၊ တိုင်းရင်းသား

တဦးနှင့်တဦး အထင်သေး၊ရန်ငြိုက်ဒေါသ ဝမ်းနည်းဘွယ် ကောင်းသောအဖြစ်အပျက်များကို လုံးဝမေ့ပျောက်ပြီးသျှင် လုံးဝစည်းလုံးညီညွတ်ကြဘို့အချိန်ရောက်ပါပြီ။ လွတ်လပ် လပ်ရေးသည် ညီညွတ်ရေး အပေါ်၌ တည်တံ့သော ကြောင့်၊ဤအဆိုကို ကျွန်တော်က လေးနက်စွာထောက်ခံ ပါသည်။

## သံတော်ဆင့်စာအုပ်စဉ်

(၁၃၄၆ ခုနှစ်အတွက်စာအုပ်သစ်များ။)

၁ အလိမ္မာနိဒါန်း (မာစာ)
၂ အနုမြူဗုံးလုပ်နည်း။ (တာတွန်)
၃ ရှိုင်မင်းသား (ဦးစန်းမောင်)
၄ မြန်မာသံရုံးတွင်အမှု ထမ်းစဉ်က (သံရုံးအဖွဲ့ဝင်တဦး)
၅ ရေတပ်စစ်မြေပြင် (မစ္စထာနိုးဘောဒိး)
၆ လူငယ့်လောက {ဦးအောင်သိမ်း}
၇ မြန်မာအလုပ်သမား { ရင်း }

တအုပ်ပြီးတအုပ်ထုတ်ဝေသွားမည်။

မာဃ ၏

# သာသနာ့စီမံကိန်း။

(၁) ပေါ်ပြီး သာသနာဝင် စာအုပ်များ၌ မပါသေးသော အကြောင်းအရာသစ်များ၊ (၂) ထူးပသော ကားပေါ်ကျမ်းများ၊ (၃) လေးနက်သော အကြံဉာဏ်များ၊ (၄) ထူးခြား၍ အောင်မြင်နိုင်မည့် စီမံကိန်း များ ဖြင့် တန်ဆာဆင်ထားသည်။ စာအုပ် ၃ ကျပ်။

## သံတော်ဆင့်နှင့်မှ

သံတော်ဆင့် ၄၁ ၄၆၀